နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

# ငွေရတု

## အထိမ်းအမှတ်စာစောင်



သာသနာ- ၂၅၂၄-၂၅၄၉ ကောဇာ-၁၃၄၂-၁၃၆၇ ၁၉၈၀-၂၀၀၅

သုတေသနစာကြည့်တိုက်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
ကမ္ဘာအေး၊ ရန်ကုန်။





# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

# ငွေရတု

## အထိမ်းအမှတ်စာစောင်



သာသနာ-၂၅၂၄-၂၅၄၉ ကောဇာ-၁၃၄၂-၁၃၆၇ ၁၉၈၀-၂၀၀၅



ရွှေတိဂုံစေတီတော်မြတ်ကြီး



မန္တလေး မဟာမြတ်မုနိ ရုပ်ရှင်တော်မြတ်ကြီး

## နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ

(၁၉၈၀ မှ ၁၉၉၃ ထိ)



ပဲခူးမြို့မဆရာတော်ဘုရားကြီး ဘဒ္ဒန္တကုန္ဒာစာရ

အဘိဓဇမဟာရဋ္ဌဂုရု ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ

( ၁၉၉၄ မှ ၂၀၀၄ ထိ )



မြင်းခြံဆရာတော်ဘုရားကြီး ဘဒ္ဒန္တသောဘိတ

အဘိဓဇမဟာရဋ္ဌဂုရု ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက

# နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ
## ( ၂၀၀၇ မှ စ၍ -----)



မကွေးဆရာတော်ဘုရားကြီး ဘဒ္ဒန္တကုမာရ
အဘိဓဇမဟာရဋ္ဌဂုရု ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက

## နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်
## (၁၉၈၀ မှ ၁၉၉၃ ထိ)



မင်းကွန်းဆရာတော်ဘုရားကြီး ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက
အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက

## နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်
## (၁၉၉၃ မှ ၁၉၉၄ ထိ)



သန်လျင်မင်းကျောင်းဆရာတော်ဘုရားကြီး ဘဒ္ဒန္တဝဏ္ဏသိရီ
အဂ္ဂမဟာပဏ္ဍိတ

# နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်

## ( ၁၉၉၅ မှ ၂၀၀၄ ထိ )



မကွေးဆရာတော်ဘုရားကြီး ဘဒ္ဒန္တကုမာရ

အဘိဓဇမဟာရဋ္ဌဂုရု ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်

( ၂၀၀၇ မှ စ၍ ----)




ညောင်တုန်းဆရာတော်ဘုရားကြီး ဘဒ္ဒန္တဉာဏိဿရာဘိဝံသ

အဘိဓဇမဟာရဋ္ဌဂုရု

# ပြည်ထောင်စုမြန်မာနိုင်ငံတော်
## ပဥ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်(၄၇)ပါးဆရာတော်ကြီးများ( ၂၀၀၅ - ခုနှစ် )



# တိပိဋကဓရ တိပိဋကကောဝိဒ သာသနဒ္ဓဇအာဇာနည်များ ပေါ်ထွန်းခြင်း



ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ
စစ်ကိုင်းမြို့မင်းကွန်းဓမ္မနာဒကျောင်းတိုက်
တိပိဋကဓရ တိပိဋကကောဝိဒ(၁၉၅၃)
တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက(၁၉၅၃)
(၉ -၂ - ၉၃ ပျံလွန်ပါသည်။)




ဘဒ္ဒန္တနေမိန္ဒ
ပခုက္ကူမြို့ ၊ မဟာဝိသုတာရာမကျောင်းတိုက်
တိပိဋကဓရ တိပိဋကကောဝိဒ(၁၉၅၉)
တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက(၁၉၅၉)
(၂၇ -၅ - ၉၁ ပျံလွန်ပါသည်။)



ဘဒ္ဒန္တကောသလ္လ
ရန်ကင်းမြို့နယ် ၊ ပဉ္စနိကာယကျောင်းတိုက်
တိပိဋကဓရ တိပိဋကကောဝိဒ(၁၉၆၃)
တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက(၁၉၆၃)
(၁၆ -၁၁ - ၉၅ ပျံလွန်ပါသည်။)




ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရ
မရမ်းကုန်းမြို့နယ်၊ကမ္ဘာအေးတိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်
တိပိဋကဓရ တိပိဋကကောဝိဒ(၁၉၇၃)
တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက(၁၉၉၉)



ဘဒ္ဒန္တသီရိန္ဒာဘိဝံသ
ဗဟန်းမြို့နယ်၊မဟာဝိသုဒ္ဓါရုံတိုက်သစ်
တိပိဋကဓရ တိပိဋကကောဝိဒ(၁၉၈၄)
တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက(၁၉၉၉)



ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ
ဒဂုံမြို့သစ်အရှေ့ပိုင်း တိပိဋကမဟာဂန္ဓဝင်ကျောင်းတိုက်
တိပိဋကဓရ တိပိဋကကောဝိဒ(၁၉၉၅)
တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက(၂၀၀၁)



ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ
ဒဂုံမြို့သစ်တောင်ပိုင်း၊ပိဋကသုံးပုံနိကာယ်စာသင်တိုက်
တိပိဋကဓရ တိပိဋကကောဝိဒ(၁၉၉၉)
တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက(၂၀၀၅)



ဘဒ္ဒန္တဝံသပါလာလင်္ကာရ
စစ်ကိုင်းမြို့မိုးမိတ်ကုန်းမြေတိပိဋကနိကာယကျောင်းတိုက်
တိပိဋကဓရ တိပိဋကကောဝိဒ(၁၉၉၉)
တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက(၂၀၀၅)



ဘဒ္ဒန္တဂန္ဓမာလာလင်္ကာရ
စစ်ကိုင်းမြို့မိုးမိတ်ကုန်းမြေတိပိဋကနိကာယကျောင်းတိုက်
တိပိဋကဓရ တိပိဋကကောဝိဒ(၂၀၀၀)



ဘဒ္ဒန္တသုန္ဒရ
သင်္ဃန်းကျွန်းမြို့နယ်ဖွန်းလွှမ်းကုဝိပဿနာကျောင်းတိုက်
တိပိဋကဓရ တိပိဋကကောဝိဒ(၂၀၀၃)



ဘဒ္ဒန္တကုဏ္ဍပါလ
စစ်ကိုင်းမြို့မိုးမိတ်ကုန်းမြေတိပိဋကနိကာယကျောင်းတိုက်
တိပိဋကဓရ တိပိဋကကောဝိဒ(၂၀၀၃)



(၅၇)ကြိမ်မြောက်
တိပိဋကဓရ တိပိဋကကောဝိဒ
ချီးကျူးပူဇော်ပွဲကို ဆင္ဃသံဂါယနာ
မဟာပါသာဏ လိုဏ်ဂူတော်ကြီး၌
ကျင်းပပြုလုပ်နေပုံ



တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲတွ
ပိဋကသုံးပုံ
အာဂုံပြန်ဆိုတော်မူကြသော
သာသနာ့အာဇာနည်လောင်းလျာများ




တိပိဋကကောဝိဒ
ရွေးချယ်ရေးစာမေးပွဲတွင်
ပိဋကသုံးပုံ
သဘောရေးဖြေတော်မူကြသော
သာသနာ့အာဇာနည် လောင်းလျာများ

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့
ငွေရတုကာလ ပြည်တွင်းပြည်ပသာသနာပြုမှတ်တမ်းပုံရိပ်များ



၁၉၈၀-ပြည့်နှစ် ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး
အောင်မြင်ပြီးမြောက်ခြင်းအထိမ်းအမှတ် တည်ထားသည့် မဟာဝိဇယစေတီတော်မြတ်ကြီး



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဩဝါဒခံယူ၍
နီပေါနိုင်ငံ၊လုမ္ဗိနီဒေသ၌
မြန်မာနိုင်ငံမှ တည်ထားလှူဒါန်းသော
လောကမဏိစူဠာစေတီတော်




နိုင်ငံတော်သံဃာမဟာနာယကအဖွဲ့ ဩဝါဒခံယူ၍
ရန်ကုန်တိုင်းအောင်းစိန့်မြို့နယ်မင်းဓမ္မကုန်းတော်၌
တည်ထားသော
လောကချမ်းသာအဘယလာဘမုနိ
ရုပ်ပွားတော်မြတ်ကြီး



နိုင်ငံတော် သံဃာမဟာနာယကအဖွဲ့
ဩဝါဒခံယူ၍ အင်ဒိုနီးရှားနိုင်ငံ
ဂျာဗားကျွန်း၌
တည်ထားလှူဒါန်းသော
စေတီတော်



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဩဝါဒခံယူ၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ
ဗုဒ္ဓမြတ်စွယ်တော် မြန်မာနိုင်ငံသို့ ကြွရောက်အပူဇော်ခံခဲ့သည့် အထိမ်းအမှတ်
ဝရဒါဂ္ဂာဓာတုစေတိယ စွယ်တော်မြတ်စေတီတော်(ရန်ကုန်)



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဩဝါဒခံယူ၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ
ဗုဒ္ဓမြတ်စွယ်တော် မြန်မာနိုင်ငံသို့ ကြွရောက်အပူဇော်ခံခဲ့သည့် အထိမ်းအမှတ်
ဝရဒါဂ္ဂာဓာတုစေတိယ စွယ်တော်မြတ်စေတီတော်(မန္တလေး)



နိုင်ငံတော် သံဃာမဟာနာယကအဖွဲ့ ညွှန်ကြားမှုဖြင့် (သြဝါဒခံယူလျက်)
စွယ်တော်မြတ်စေတီတော်အနီး ဓမ္မပါလကုန်းမြေတွင် တည်ထောင်ဖွင့်လှစ်ထားသော
အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ကြီး



နိုင်ငံတော် သံဃာမဟာနာယကအဖွဲ့ သြဝါဒခံယူလျက် ပြည်ပသာသနာပြုသင်တန်းများ
ဖွင့်လှစ်ပို့ချလျက်ရှိသော မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး

၂၆၂၆၂





# နိုင်ငံတော် သံဃမဟာနာယကအဖွဲ့

# ၂၅-နှစ် ငွေရတုကာလ

# သာသနာ့တာဝန် ဆောင်ရွက်မှုမှတ်တမ်း

နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ကြီးကို ၁၃၄၂-ခုနှစ်၊ နယုန်လ (၁၉၈၀-ပြည့်နှစ်၊ မေလ)က စတင်ဖွဲ့စည်းခဲ့ပြီး ပထမအကြိမ်မှ ပဉ္စမအကြိမ်အထိ နှစ်ပေါင်း ၂၅-နှစ်တာကာလအတွင်း ပြည်ထောင်စု မြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၏ အမြင့်မားဆုံး သာသနာ့တာဝန်များကို စဉ်ဆက်မပြတ် ထမ်းဆောင်နိုင်ခဲ့ပါသည်။

ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့အစည်းကြီး ဖွဲ့စည်းရခြင်း၏ အဓိကရည်ရွယ်ချက်မှာ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဖြစ်ပါသည်။ သာသနာတော် သန့်ရှင်းစင်ကြယ်စေရေးအတွက် ဝိနိစ္ဆယဆိုင်ရာ ကိစ္စရပ်များ၊ သာသနာတော်တည်တံ့ခိုင်မြဲရေးအတွက် သာသနာရေးရာကိစ္စရပ်များနှင့် သာသနာတော် ထွန်းလင်းစည်ပင်ပြန့်ပွားရေးအတွက် ပရိယတ္တိပညာရေးဆိုင်ရာ ကိစ္စရပ်များစသည်တို့ကို နှစ်ပေါင်း ၂၅-နှစ်တာ ကာလအတွင်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးသည် ညီညွတ်မှုအခြေခံဖြင့် ဓမ္မဒိဋ္ဌာန်ကျစွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။

## ဝိနိစ္ဆယရေးရာ (သာသနာတော်သန့်ရှင်းရေး)

- နိုင်ငံတော် သီးခြားဝိနိစ္ဆယအဖွဲ့များ ဖွဲ့စည်းပေး၍ ပိဋကတ်တော်နှင့်အညီ အဆုံးအဖြတ်ပေးခဲ့သည့် ဓမ္မအဓမ္မဝိနိစ္ဆယမှုခင်း ( ၁၃ )ခု
- မြို့နယ်၊ ပြည်နယ်/တိုင်းအဆင့် သံဃဝိနိစ္ဆယနှင့် မပြီးပြတ်ဘဲ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဆုံးအဖြတ်ခံယူရန် တက်ရောက်လာသော ဝိဝါဒါဓိကရုဏ်းမှုခင်းများကို နိုင်ငံတော်ဝိနိစ္ဆယဖြင့် ဆုံးဖြတ်ပြီးစီးခဲ့သည့် မှုခင်းပေါင်း ( ၅၈၈ )ခု
- ပြည်နယ်/တိုင်းမှ ဝိနိစ္ဆယ မဆုံးဖြတ်နိုင်၍ လမ်းညွှန်မှု တောင်းခံလာသည့် မှုခင်းပေါင်း ( ၁၃၆၈ )ခု
- နိုင်ငံတော် သံဃမဟာနာယကအဖွဲ့မှ ကြီးမှူး၍ ဖွင့်လှစ်ပေးခဲ့သည့် ဝိနည်းဓိုရ်သင်တန်း ( ၂ )ကြိမ်
- ဝိနိစ္ဆယနှင့်ပတ်သက်၍ ထုတ်ဝေပြီး စာအုပ်စာတမ်းများ-ဝိနည်းဓိုရ်သင်တန်း၊ ဝိနိစ္ဆယလက်စွဲ၊ ဝိနည်းဓမ္မကံလုပ်ထုံးလုပ်နည်း၊ ကျောက်သင်္ဘောဝိနိစ္ဆယ၊လူသေလူဖြစ်ဝိနိစ္ဆယ၊ကြောင်ပန်းဝိနိစ္ဆယ၊ ကျောက်ပုံတောရ ဝိနိစ္ဆယ၊ ရေတာရှည်ဦးမာလာဝရ ဝိနိစ္ဆယ၊ ဓမ္မနီတိဝိနိစ္ဆယ၊ သီမာဝိနိစ္ဆယ၊ ဘိက္ခုနီဝိနိစ္ဆယ စသည်. . .

## သာသနာရေးရာ (သာသနာတော်တည်တံ့ရေး)

- နိုင်ငံတော်သံဃမဟာနာယကအဖွဲ့မှ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်သို့ ထုတ်ပြန်ခဲ့သော ညွှန်ကြားလွှာပေါင်း (၉၂)ခု၊
- ဘုရားစေတီအသစ်တည်ထားရန် ခွင့်ပြုခဲ့သည့် ဘုရားစေတီပေါင်း ( ၁၇၈ )ဆူ၊
- ဗဒ္ဓသိမ်အသစ် တည်ဆောက်ရန် ခွင့်ပြုခဲ့သော ဗဒ္ဓသိမ်ပေါင်း ( ၅၅၆ )ခု၊
- ၁၉၈၈-ပြည့်နှစ်တွင် ဘုန်းတော်ကြီးကျောင်းပေါင်း ( ၄၇၉၈၇ )နှင့် ရဟန်းသာမဏေ (၂၂၇၆၈၇) မှာ ၂၀၀၅-ခုနှစ်တွင် ဘုန်းတော်ကြီးပေါင်း (၅၈၃၉၉)၊ ရဟန်းသာမဏေပေါင်း (၄၈၄၈၅၄) တိုးတက်လာပါသည်၊
- ၁၉၈၈-ပြည့်နှစ်တွင် သာသနာ့နွယ်ဝင်သီလရှင်ကျောင်းပေါင်း (၂၇၀၀ )နှင့် သီလရှင်ဦးရေ ( ၁၆၅၅၂ )မှာ ၂၀၀၅-ခုနှစ်တွင် သီလရှင်ကျောင်းပေါင်း (၂၇၄၉)နှင့် သီလရှင်ပေါင်း ( ၃၄၃၆၅ ) တိုးတက်လာပါသည်၊

- အမြဲနေ ရဟန်းသာမဏေများ၊ သီလရှင်များအား သာသနာ့ဝင်မှတ်တမ်းစာအုပ်အစား ကိုင်ဆောင်ရာတွင် ပိုမိုအဆင်ပြေစေရန် သာသနာ့ဝင်ကဒ်ပြားဖြင့် ပြောင်းလဲကိုင်ဆောင်စေခဲ့ပါသည်၊
- သာသနာရေးရာနှင့်ပတ်သက်၍ ထုတ်ဝေဖြန့်ချိထားသော စာရွက်စာတမ်းများမှာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ညွှန်ကြားလွှာ၊ သံဃာ့အဖွဲ့အစည်း အခြေခံဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ၊ သံဃနာယကလက်စွဲ၊ ရဟန်းသာမဏေများလိုက်နာရန် စည်းကမ်း၊ သံဃာ့အဖွဲ့အစည်း ထက်အောက်ညှိနှိုင်းပွဲမှတ်တမ်း၊ ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးမှတ်တမ်း (ပထမအကြိမ်မှ ပဉ္စမအကြိမ်ထိ)

## ပညာရေးရာ (သာသနာတော်ပြန့်ပွားရေး)

- တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကို ၁၉၈၀-ပြည့်နှစ်နောက်ပိုင်း ဆက်လက်ကျင်းပခဲ့ရာ ၂၅-နှစ်တာ ကာလအတွင်း တိပိဋကဓရ (အာဂုံအောင်) ၈-ပါးနှင့် တိပိဋကကောဝိဒ (သဘောရေးဖြေ အောင်) ၇-ပါး ပေါ်ထွန်းခဲ့ပါသည်။
- နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်နှင့် မန္တလေး) ၂-ခုကို ၁၉၈၃-ခုနှစ်တွင် ဖွင့်လှစ်နိုင်ခဲ့ပါသည်။
- ပြည်နယ်/တိုင်း မြို့ကြီးများ၌ ၁၉၈၂-ခုနှစ်မှစ၍ ကျောင်းထိုင်ဘုန်းကြီးသင်တန်း ကျောင်း (၁၃)ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပါသည်။
- နိကာယ်ငါးရပ် ပါဠိတော်စာမေးပွဲကို အသစ်တည်ထွင်၍ ၁၉၉၂-ခုနှစ်တွင် စတင်ကျင်းပပြုလုပ်ပေးခဲ့ပါသည်။
- ကျောင်းသားကျောင်းသူ လူငယ်များ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုအခြေခံ ခိုင်မာစေရန် ဗုဒ္ဓဘာသာယဉ်ကျေးမှု စာမေးပွဲကို ၁၉၈၂-ခုနှစ်မှစ၍ ကျင်းပပြုလုပ်ပေးခဲ့ပါသည်။
- ဓမ္မာစရိယစာမေးပွဲကို စာဖြေဌာနများတိုးချဲ့၍ ပုံမှန်ကျင်းပပြုလုပ်ပေးခဲ့ပြီး၊ ပထမပြန်စာမေးပွဲကို ပုံမှန်ကျင်းပပြုလုပ်နေရာမှ ၁၉၉၉-ခုနှစ်တွင် ပြည်နယ်/တိုင်း အလိုက် ကျယ်ကျယ်ပြန့်ပြန့် ကျင်းပပြုလုပ်ပေးခဲ့ရာ စာဖြေသံဃာများမှာ ၂၀၀၅-ခုနှစ် စာရင်းအရ ပထမကြီးတန်း(၃၃၃၈)ပါး၊ ပထမလတ်တန်း(၇၀၁၆)ပါး၊ ပထမငယ်တန်း (၁၀၇၄၇)ပါးအထိ တိုးပွားလာပါသည်။
- ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများနှင့် သီလရှင်သင် (အမျိုးသမီး)ကျောင်းများတိုးပွားလာရာ ၂၀၀၅-ခုပညာသင်နှစ်အရ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းပေါင်း (၁၂၅၅)ကျောင်း၊ ကျောင်းသားဦးရေ(၁၇၅၀၉၅)၊ သီလရှင်သင် (အမျိုးသမီး) ကျောင်းပေါင်း (၂၂)ကျောင်း သင်တန်းသားဦးရေ(၂၈၉၄) တိုးပွားလာပါသည်။
- နယ်စပ်ဒေသနှင့် တောင်တန်းဒေသများ၌ ဗုဒ္ဓသာသနာတော်ပြန့်ပွားရေး သာသနာပြုဌာနများ ဖွင့်လှစ်ပေးခဲ့ရာ သာသနာပြုကျောင်းပေါင်း(၄၅၃)၊သာသနာပြုရဟန်းတော်(၅၂၉)ပါး၊ သီလရှင်(၄၁)ပါး၊ လူပုဂ္ဂိုလ်(၁၀၃၅)ဦး တိုးတက်လာပါသည်။

## အထွေထွေ

- နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ ခေါင်းဆောင်၍ ပြည်ပသာသနာပြု ခရီးစဉ်များ အခါအားလျော်စွာ ကြွရောက်၍ သာသနာပြုလျက်ရှိပါသည်။
- အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ကြီး မရမ်းကုန်းမြို့နယ်၊ စွယ်တော်မြတ်စေတီအနီး ဓမ္မပါလကုန်းမြေ၌ ၁၉၉၈ -ခုနှစ်တွင် စတင်တည်ထောင် ဖွင့်လှစ်ခဲ့ပြီး၊ ပြည်တွင်းပြည်ပသာသနာပြုသင်တန်းသား၊ သင်တန်းသူများ တက်ရောက်သင်ကြားစေ၍ သင်တန်းအောင်သူများအား ဒီပလိုမာဘွဲ့၊ ဝိဇ္ဇာဘွဲ့လက်မှတ်များပေးအပ်လျက်ရှိရာ ၂၀၀၄-ခုနှစ်အထိ ဒီပလိုမာဘွဲ့(၃၂၂)ဦး၊ ဝိဇ္ဇာဘွဲ့ (၁၁၇)ဦးရှိသွားပြီ ဖြစ်ပါသည်။
- မဟာသန္တိသုခဗုဒ္ဓသာသနာပြုကျောင်းတော်ကြီးကိုလည်း ၂၀၀၀-ပြည့်နှစ်တွင် ဖွင့်လှစ်ခဲ့ပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ကြီးကြပ်မှုဖြင့် ပြည်ပသာသနာပြုသင်တန်းများ သင်ကြား ပို့ချပေးလျက်ရှိပါသည်။
- ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးကို ၂၀၀၄-ခုနှစ်၊ ဒီဇင်ဘာလ ၉-၁၀-၁၁ ရက်နေ့များတွင် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ၊ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပပြုလုပ်ခဲ့ရာနိုင်ငံပေါင်း (၃၈)နိုင်ငံမှ ဗုဒ္ဓဘာသာ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ပြီး နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအပါအဝင် ပြည်တွင်းမှ သံဃာ(၆၀၀)ကျော် တက်ရောက်ခဲ့ပါသည်။




နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ငွေရတုအထိမ်းအမှတ်စာစောင် ဖြစ်မြောက်ရေး ကော်မတီဝင်များ

# မာတိကာ




| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော်ဘုရားကြီး၏ ဥယျောဇနကထာ | ၄ |
| ၂။ | သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၏ ဥယျောဇဉ် | ၁၂ |
| ၃။ | ငွေရတုသဘင်မော်ကွန်းတင် (တေးထပ်) (နေမျိုးနွယ်) | ၁၅ |
| ၄။ | ငွေရတုမှသည် ကမ္ဘာတည်သမျှ (တေးထပ်)(ရတနာစည်ဆရာတော် လှိုင်လင်) | ၁၆ |
| ၅။ | ဗဟိုသံဃာ့ဝန်ဆောင်အစည်းအဝေးဘွဲ့ ( ဝေဠုဝန် ဘဒ္ဒန္တဇောတိဿရ) | ၁၇ |
| ၆။ | မြန်မာအလှဆောင် ကျက်သရေ (တေးထပ်)(နန္ဒမူဆရာတော် စစ်ကိုင်း) | ၁၈ |
| ၇။ | မဟာဝိဇယစေတီတော်မြတ်ဘွဲ့ (သီရိပါရဂူ) | ၁၉ |
| ၈။ | ငါးထောင်ရှည်ကြာ သာသနာ နေလိုထွန်းပါစေ (ရတု)(အရှင်မာနိတ-ကျိုက္ကစံ) | ၂၀ |
| ၉။ | သံဃာ့အဖွဲ့အစည်းများ ပေါ်ပေါက်လာခြင်း (ဘဒ္ဒန္တကေသရ-သရက်) | ၂၂ |
| ၁၀။ | ရှေးသူတော်ကောင်းတို့၏ ဆုတောင်း (ဘဒ္ဒန္တဇာဂရာဘိဝံသ) | ၂၇ |
| ၁၁။ | မြင့်မြတ်စံပြုထိုက်သည့်အဖွဲ့အစည်း (ချမ်းသာကြီးဆရာတော်) | ၃၂ |
| ၁၂။ | သိရုံပြောပါမည် (ဘဒ္ဒန္တဝိမလာဘိဝံသ-ရွှေဘို) | ၃၈ |
| ၁၃။ | သာသနာ့ဗိသုကာကြီးများ (ရွှေမြိုင်ဆရာတော်) | ၅၀ |
| ၁၄။ | သဒ္ဓါပန်းလန်းဆန်းစေချင် (အရှင်ပဏ္ဍိတာဘိဝံသ) | ၅၆ |
| ၁၅။ | သဒ္ဓါပညာ (အရှင်တိလောကာဘိဝံသ-အင်းစိန်) | ၆၂ |
| ၁၆။ | သမဏာနုဿဒဿနမင်္ဂလာ (ဘဒ္ဒန္တဝိသုတ) | ၆၆ |
| ၁၇။ | တောင်းဆုမွန် (အရှင်ဝိစာရ- ပါဠိပါရဂူ) | ၆၈ |
| ၁၈။ | သာသနာတော်တည်တံ့ပြန့်ပွားရေး (ဘဒ္ဒန္တဝိလာသဂ္ဂ) | ၇၄ |
| ၁၉။ | တိမ်စင်သည့်လ (အရှင်ပညာဝံသ) | ၇၈ |
| ၂၀။ | အောင်မြင်သော သမိုင်းခရီးလမ်း (အရှင်အာဒိစ္စဝံသ- ဆားလင်းကြီး) | ၈၄ |
| ၂၁။ | နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (စစ်ကိုင်း-ကြည်ညွန့်) | ၈၈ |
| ၂၂။ | မင်္ဂလာငွေရတုတိုင်ခဲ့ပြီ (ရတု) မြေလတ်မင်းလွင် | ၉၇ |
| ၂၃။ | စွမ်းအားပေါင်းစု ငွေရတု (တိပိဋကဓရ ယောဆရာတော်) | ၉၈ |
| ၂၄။ | သမဂ္ဂါနံ့တပေါသုခေါ ( ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရ) | ၁၀၆ |
| ၂၅။ | စွမ်းနိုင်သူ (ဘဒ္ဒန္တဓါယာမိန္ဒာဘိဝံသ) | ၁၁၀ |
| ၂၆။ | အမှောင်နှင့်အလင်း (အရှင်သုန္ဒရ-တိပိဋကဓရ) | ၁၁၄ |






၂၇။ သာသနာရှည်ကြာစွာ တည်ရန် (ခိုင်ရွှေကြာ) ၁၂၀

၂၈။ နေမင်းပမာ သံဃမဟာနာယကာ (မော်ကျွန်းအရှင်ပဏ္ဍိတ) ၁၂၃

၂၉။ ငွေရတုသံဃမဟာနာယကအဖွဲ့ (မောင်အုံ၊ မဟာဝိဇ္ဇာ-ဘုံဘေ) ၁၂၅

၃၀။ ရွှေရတုသို့ချီ အမိဌာန်ညီ (ဦးသုရ-ကျော်လေးကျော်) ၁၄၃

၃၁။ စနစ်တကျ ကြီးကြပ်အုပ်ချုပ်ရေး (ဦးညွန့်မောင် ဓမ္မာစရိယ- B.A, R.L ) ၁၄၄

၃၂။ ဥပဇ္ဈာယ်မ္ဗကများ၏ အခန်းကဏ္ဍ (မခင်နွဲ့ဟန်ကြည်) ၁၅၀

၃၃။ ငွေရတုလွှန် ခေတ်သစ်မွန်ဝယ် (တေးထပ်) (အရှင်သုန္ဒရ တိပိဋကဓရ) ၁၅၉

၃၄။ သိက္ခာ (အရှင်ဉာဏဝံသ) ၁၆၀

၃၅။ အေးရိပ်ဆောင်ရာ (ကန့်ဘလူ ဖြူစင်ဝင်း) ၁၆၅

၃၆။ သာသနိကအဆောက်အအုံများ (တင်အောင်ထွန်း-သုတေသန) ၁၆၆

၃၇။ သာသနာပြုလုပ်ငန်းအစ မိဂဒါဝုန်က (သီတာဆွေ) ၁၇၆

၃၈။ အမွှေကို မမှုဖြင့်ထင်စွာပြခဲ့ကြသည့် (ဘိုကလေး- အရှင်ပဏ္ဍိတ) ၁၈၄

၃၉။ သာသနာရေးဆောင်ရွက်ချက်များ (ထွန်းနိုင်-သာသနာရေး) ၁၈၈

၄၀။ စနဲ့ဂုဏ်ရည် ငွေရတုချီ (ဦးသိန်းဦး) ၁၉၄

၄၁။ ဓမ္မစီနယအလင်းတန်းပေါ် ထွန်းလာခြင်း (မောင်ရဲသူ) ၂၀၂

၄၂။ တွေးမိလျှင်တရေးရေးမြင်မိပါသည် (ဦးအောင်မြင့်-ဓမ္မာစရိယ B.A) ၂၀၈


၄၃။ ငွေရတုမွန် (ဆရာညာမောင်ကြီး၊ မြစ်ငယ်) ၂၁၃

၄၄။ အုံမခန်းဖွယ်ရာ သံဃာ့အဖွဲ့ကြီး (စလင်းမောင်မျှားကြိုင်) ၂၁၄

၄၅။ အောင်မြင်မှု၏ အကျိုးကျေးဇူးများ (ဦးသိန်းအောင်-တရားဟောဆို) ၂၂၂

၄၆။ သုခလေးဖြာသာသနာ (မောင်လင်းယန်-သံတွဲ) ၂၂၉

၄၇။ ကြိုရာနေ့ ကျမ်းရာတာဝန် (အရှင်စန္ဒဝံသာဘိဝံသ) ၂၃၂






၄၈။ ပင်မထေရဝါဒမဏ္ဍိုင်ကြီး (စိတြ) ၂၃၈

၄၉။ ညီညွတ်ခြင်းသည် အင်အား (လှမြင့်-ရွှေတောင်) ၂၄၀

၅၀။ ကြည်နူးဝမ်းသာနေမည် (သင်းအောင်-မဟာဓမ္မာစရိယ) ၂၄၆

၅၁။ သာသနာပြုနိုင်ကြပါစေ (ခိုင်မြဝါ) ၂၄၈

၅၂။ သာသနာရောင်ထွန်းပြောင်ကြာခဲ့ပြီ (သန်းအောင်ရွှေ) ၂၅၄

၅၃။ စွမ်းအားလေးရပ် (တက္ကသိုလ်သျှင်သီရိ) ၂၅၉

၅၄။ သံဃာ့ အဖွဲ့အစည်းပေါ်လာခြင်းအကျိုးတရား (ကိုရွှေသောင်းဝင်း) ၂၆၄

၅၅။ ငွေရတု သံဃမဟာနာယကအဖွဲ့ (နောက်ဆက်တွဲ) ၂၆၇

၅၆။ ငွေရတုသဘင် (မောင်မောင်တင်အေး- ပခုက္ကူ) ၂၉၃

၅၇။ သမိုင်းတင် ငွေရတုပွဲ (ပုပ္ပါးဦးဝေလွင်) ၂၉၄

၅၈။ ဗေဿတမင်္ဂလာ အောင်ပြဿာ (ဦးသူရ - ကျော်လေးကျော်) ၂၉၆







မျက်နှာဖုံးဒီဇိုင်း - မောင်လုထွဏ်းအောင်

သရုပ်ဖော်ပန်းချီ - ကျော်ဖြူစံ၊ရွှေစိုးဟန်၊လုထွဏ်းအောင်

စာစီ - သာသနာရေးဦးစီးဌာန၊ကွန်ပျူတာ

စာမျက်နှာဖွဲ့စည်းမှု - မျိုးမင်းထွန်း။ A-Group

မျက်နှာဖုံးဖလင် - EAGLE

အတွင်းဖလင် - AZ

ပုံနှိပ်ထုတ်ဝေ -

သာသနာရေးဝန်ကြီးဌာန

သာသနာရေးဦးစီးဌာန

ညွှန်ကြားရေးမှူး ဦးညွှန့်မောင်

(မှတ်ပုံတင်အမှတ်-၀၂၄၀၅/၀၂၅၂၇)က

ပုံနှိပ်ထုတ်ဝေ၍

သာသနာရေးဦးစီးဌာနအတွက်

ဦးဆန်းထူးစိုး-ဆန်းသဇင်ပုံနှိပ်တိုက်(၀၄၆၃၈)၊အမှတ်(၁၉၈)၊၃၉-လမ်း(အလယ်)

ကျောက်တံတားမြို့နယ်က ပုံနှိပ်သည် ။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

(၂၅)နှစ်မြောက် ငွေရတုအထိမ်းအမှတ်အတွက်

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ

အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက

ဘဒ္ဒန္တကုမာရ မကွေးဆရာတော်ဘုရားကြီး၏

# ဩဝါဒကထာ

သာသနာရေးဦးစီးဌာနမှ ပေးပို့ဆက်ကပ်သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၂၅)နှစ် မြောက် ငွေရတုအထိမ်းအမှတ်စာစောင်အတွက် စာမူတောင်းခံလွှာကို (၄-၂-၂၀၀၅)နေ့တွင်ရရှိသည်။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကြောင်းကိုရေးလျှင် သာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးအကြောင်းကို ချန်လှပ်ထား၍ မဖြစ်နိုင်၊ ထို့ကြောင့် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးအကြောင်းကို ပြန်ပြောင်းစဉ်းစားမိသည်။

သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးကို ကောဇာသက္ကရာဇ် ၁၃၄၂-ခုနှစ်၊ နယုန်လဆန်း ၁၁၊ ၁၂၊ ၁၃၊ ၁၄-ရက်များတွင်ကျင်းပခဲ့ရာ ယခု ၁၃၆၇-ခုနှစ်၊ နယုန်လတွင် ၂၅-နှစ် တင်းတင်းပြည့်ခဲ့ပြီးဖြစ်သော်လည်း ထိုအစည်းအဝေးပွဲကြီးသို့ မိမိကိုယ်တိုင်တက်ရောက်ခဲ့ရသဖြင့် အစည်းအဝေးပွဲကြီး၌ တွေ့ကြုံခဲ့ရသည့် အကြောင်းအရာအချို့မှာ မနေ့တနေ့ကကဲ့သို့ပင် မြင်ယောင်နေမိပေသည်။

**ထိုအချိန်က သာသနာ့အခြေအနေ**

ထိုအချိန်က သာသနာတော်၏ အခြေအနေကို ကြည့်ရှုလေ့လာသုံးသပ်ရပါလျှင် သာသနာတော် ကြီး၏ ဂုဏ်သိက္ခာညှိုးနွမ်း နိမ့်ကျ-ဆုတ်ယုတ်သွားစေနိုင်သော ဟောပြောပြသမှု, ရေးသားထုတ်ဝေမှုများ ကို ပြုလုပ်နေကြသူများ, သာသနာတော်ကြီး

ပျက်စီးကွယ်ပျောက်သွားအောင် ကျင့်ကြံလုပ်ဆောင်နေသူများ ပေါ်ထွက်စပြုနေသည်ကို မျက်ဝါးထင်ထင်တွေ့မြင်နေကြရပေသေည်။ ထို့ပြင် အကွပ်မဲ့ကြမ်း ပရမ်းပတာဖြစ်နေသကဲ့သို့ သိက္ခာမတင်သိမ်မဝင်ဘဲ မိမိဘာသာသက်န်းဝတ်နေသော ရဟန်းတု၊ ရဟန်းယောင်များနှင့် ဝိနည်းသိက္ခာပုဒ်တော်ကို စောင့်ထိန်းလိုက်နာခြင်းမရှိဘဲ ဂန္ထဓုရ၊ ဝိပဿနာဓုရနှစ်ပါးကိုစွန့်ပယ်ပြီး ဂိဟိကမ္မဗုဒ္ဓပဋိကုဋ္ဌအမှုများကို အမြဲမပြတ်ပြုလုပ်နေသော အလဇ္ဇီဒုဿီလရဟန်းဆိုးများ ပေါ်ပေါက်နေသည်ကိုလည်း ကြားသိတွေ့မြင်နေကြရပေသည်။

ယင်းသို့သော သာသနပစ္စတ္ထိက-သာသနာ့ရန်သူ, သာသနာ့အညစ်အကြေး, သာသနာ့အန္တရာယ်တို့ကို မပယ်မရှားမတားဆီးမပိတ်ပင်ဘဲ လျစ်လျူရှုနေကြပါက ယင်းအန္တရာယ်များ တစ်စတစ်စကြီးထွားလာလျှင် သာသနာတော်ကြီး တိမ်းပါးပျက်စီးသွားနိုင်ပေသည်။

**ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီး**

ထို့ကြောင့် သုဓမ္မာ, ရွှေကျင်, ဒွါရစသော သံဃာ့ဂိုဏ်းကြီးများကို စနစ်ကျနသော သံဃာ့ အဖွဲ့အစည်းကြီးများအဖြစ်ဖွဲ့စည်း၍သံဃာတော်များအချင်းချင်း ကြပ်မတ်ကွပ်ကဲဆောင်ရွက်သွားနိုင်မှသာ သာသနာတော်ကြီး သန့်ရှင်းတည်တံ့ ပြန့်ပွါးနိုင်မည်ဖြစ်ရကား သာသနာရေးဝန်ကြီးဌာနက တာဝန်ယူ၍ သာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွါးရေး သံဃာ့ဝန်ဆောင် ဆရာတော် ၆၆-ပါးတို့ကို ပင့်ဆောင်ခဲ့လေသည်။

ယင်းသံဃာ့ဝန်ဆောင် ဆရာတော်-၆၆-ပါးတို့သည် အဖွဲ့ငယ် အသီးသီးဖွဲ့စည်းကြပြီးလျှင်-

(၁) ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးသို့ တက်ရောက်ရန် သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်ရွေးချယ်ရေးစည်းကမ်းများ, သံဃာ့ကိုယ်စားလှယ် အရေအတွက်နှင့် အရည်အချင်းသတ်မှတ်ခြင်း၊

(၂) ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့် ဖွဲ့စည်းရန် အခြေခံစည်းမျဉ်း ရေးဆွဲခြင်း၊

(၃) ဝိနည်းဓမ္မကံဆိုင်ရာ သံဃာ့အဓိကရုဏ်းများ ဖြေရှင်းဆုံးဖြတ်ရေးအတွက် နည်းလမ်းများရေးဆွဲသတ်မှတ်ခြင်း၊

(၄) သာသနာ့ဝင်မှတ်တမ်းရေးဆွဲခြင်း စသောလုပ်ငန်းများကို ပြည့်စုံအောင်ဆောင်ရွက်တော်မူကြပြီးလျှင် သာသနာ ၂၅၂၄- ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၄၂- ခုနှစ်၊ နယုန်လဆန်း ၁၁- ရက်မှ ၁၄- ရက် (ခရစ်နှစ် ၁၉၈၀- ခုနှစ်၊ မေလ ၂၄- ရက် မှ ၂၇- ရက်) အထိ ၄- ရက်တိုင်တိုင် ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ၊ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဂိုဏ်းပေါင်းစုံ ရဟန်းသံဃာတော်ပေါင်း တစ်သိန်းကျော်တို့က သမ္မုတိပေး၍ ရွေးချယ်ခဲ့သည့် သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်တော်ပေါင်း(၁၂၁၈) ပါးတို့ တက်ရောက်တော်မူကြကာ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွါးရေး ဂိုဏ်ပေါင်းစုံသံဃာ့စည်းဝေးပွဲကြီးကို ကျင်းပခဲ့လေသည်။

ယင်းအစည်းဝေးကြီးက

(၁) ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်းအခြေခံ စည်းမျဉ်း၊

(၂) ဝိနည်းဓမ္မကံအဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများ၊

(၃) ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် သံဃာတော်များ၏ သာသနာ့ဝင် မှတ်တမ်းများကို အတည်ပြုပြဋ္ဌာန်းခဲ့လေသည်၊

**နိုင်ငံတော်အဆင့်အဖွဲ့ကြီးသုံးဖွဲ့**

ယင်းအတည်ပြုပြဋ္ဌာန်းချက်များကို အကောင်အထည်ဖေါ်ဆောင်ရန်အတွက်

(က) နိုင်ငံတော်ဩဝါဒါစရိယအဖွဲ့၊

(ခ) နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊

(ဂ) နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့-

ဟူသော သံဃာ့အဖွဲ့အစည်းကြီး သုံးဖွဲ့တိုလည်း ဖွဲ့စည်းခဲ့လေသည်၊ ထိုချိန်မှစ၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီး ပေါ်ပေါက်လာလေသည်၊

**သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်**

နိုင်ငံတော်အဆင့် သံဃာ့အဖွဲ့အစည်းကြီးများ ပေါ်ပေါက်လာသည့်အခါ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က "ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်းလုပ်ထုံးလုပ်နည်း များ" မူကြမ်းကို ၁၃၄၂ခုနှစ် နယုန်လဆန်း ၁၃ရက် (၁၉၈၀ ပြည့်နှစ်၊ မေလ ၂၆-ရက်) တနင်္လာနေ့၌ကျင်းပသော ပထမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ပထမအစည်းဝေး၌ တင်သွင်း၍ အတည်ပြုချက်ရယူခဲ့လေသည်။

ထိုသံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်ကို ဝါတွင်းကာလ၌ပင်အပြီးအစီးဖွဲ့စည်း၍ သာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွားရေးကို ဓမ္မစက်, အာဏာစက်တွဲဖက်၍ ဆောင်ရွက်ခဲ့ကြသည်မှာ ယခု- ၁၃၆၇-ခုနှစ် နယုန်လတွင် ၂၅-နှစ်ပြည့်မြောက် ခဲ့လေပြီ။

**သာသနာတော်သန့်ရှင်းရေး အကျိုးရလဒ်**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးနှင့်တကွ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ဖွဲ့စည်း၍ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွါးရေးကို မဆောင်ရွက်နိုင်ခဲ့ပါလျှင် ယခုအချိန်အခါ၌ သာသနာတော် မြတ်ကြီး မည်သည့်အခြေအနေသို့ ဆိုက်ရောက် နေမည်ကိုမျှော်မှန်းသိရှိနိုင်ပါသည်။ မကြုံစဖူးထူးထူးကဲကဲ ဂိုဏ်းပေါင်းစုံ သံဃာ ညီညွတ်ရေးရရှိ၍ နိုင်ငံတော်သံဃမဟာနာကအဖွဲ့ကြီးနှင့်အတူ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့် ဖွဲ့စည်း၍ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို ဆောင်ရွက်နိုင်ခြင်း ကြောင့် သာသနာတော်ကြီး၏ ဂုဏ်သိက္ခာညှိုးနွမ်းနိမ့်ကျဆုတ်ယုတ်သွားစေနိုင်သည့် လူသေလူဖြစ်ဝါဒ, သမ္မာဒိဋ္ဌိသုတေသနဝါဒ, ရွှေအဘိဓမ္မာဝါဒ, ကမ္ဘာ့ဝိပဿနာဝါဒ, ကျောက်သဘော်ဝါဒ, မိုးညိုဝါဒစသော ဟောပြောပြသမှု, ရေးသားထုတ်ဝေမှု အဓမ္မဝါဒ များကို ဓမ္မစက်, အာဏာစက်ဖြင့် ပယ်ရှားနိုင်ခဲ့ပေသည်။ ရဟန်းတုရဟန်းယောင်များ, အလဇ္ဇီ ဒုဿီလ ရဟန်းဆိုးများကိုလည်း ဓမ္မစက်, အာဏာစက်တွဲဖက်၍ သုတ်သင်ရှင်းလင်းနိုင်ခဲ့လေသည်။

**သာသနာတော်တည်တံ့ရေး**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးသည် သာသနာတော်တည်တံ့ရေးအတွက် "သာသနဋ္ဌိတိယာ ပန ပရိယတ္တိယေဝ ပမာဏံ"ဟူသော အဋ္ဌကထာမိန့်မှာချက်နှင့်အညီ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ တည်ထောင်ဖွင့်လှစ်၍ ပရိယတ္တိသာသနာတော်ကို အားပေးချီးမြှောက်ထောက်ပံ့ခြင်း စသောသာသနာပြုလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိပေသည်။

**သာသနာတော်ပြန့်ပွားရေး**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးသည် သာသနာတော်ထွန်းကားပြန့်ပွားရေးအတွက် နယ်စပ်ဒေသ၊ တောင်တန်းဒေသစသော သာသနာတော်မထွန်းကားသေးသောဒေသများ၌ သာသနာပြုကျောင်းများ တည်ထောင်ဖွင့်လှစ်၍ သာသနာပြုစေခြင်း, အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်ကြီးကို တည်ထောင်ဖွင့်လှစ်၍ ပြည်ပသာသနာပြုလုပ်ငန်းတို့ကို ဆောင်ရွက်ခြင်းစသည်တို့ဖြင့် သာသနာတော်ထွန်းကားပြန့်ပွားရေးကိုလည်း တစိုက်မတ်မတ် ဆောင်ရွက်လျက်ရှိပေသည်။

**ငါးကြိမ်မျှသာ ဆောင်ရွက်နိုင်ခဲ့**

သာသနာ့သမိုင်းကို လေ့လာပါလျှင် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးကျင်းပ၍ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ဖွဲ့စည်းကာ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို ဆောင်ရွက်ခဲ့သည့် ၁၉၄၂-ခုနှစ်အထိ သာသနာတော် ၂၅၂၄-နှစ်အတွင်း မြို့စက်, အာဏာစက်တွဲဖက်၍ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို ဆောင်ရွက်ခဲ့သည်မှာ ငါးကြိမ်မျှသာ ထင်ထင်ရှားရှား တွေ့ရပေသည်။

**ပထမအကြိမ်**

ဘုရားရှင်ပရိနိဗ္ဗာန်စံတော်မူသည်မှလေးလမြောက်တွင်အရှင်မဟာကဿပထေရ်သည် အဇာတသတ်မင်း၏ အကူအညီဖြင့် သုဘဒ္ဒကဲ့သို့သောရဟန်းဆိုးများ

မဂဓတိုင်း ရာဇဂြိုဟ်ပြည်၌ ဝါဆိုဝါကပ်မနေကြစေရန်ဥ တ်ကမ္ဘဝါစာဖြင့်ပယ်ရှားတားမြစ်၍ မဂဓတိုင်းရာဇဂြိုဟ်မြို့တော် သတ္တပဏ္ဏိ လိုဏ်ဂူအနီး မဏ္ဍပ်ကြီး၌ ငါးရာသော ရဟန်းတို့ဖြင့် ပထမသံဂါယနာတင်တော်မူကာ ဓမ္မစက်, အာဏာစက် တွဲဖက်လျက် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားအောင် ဆောင်ရွက်တော်မူခဲ့လေသည်။

ဒုတိယအကြိမ်

သာသနာတော်နှစ် ၁၀၀-အရောက်တွင် ဝဇ္ဇီတိုင်းသား ရဟန်းများ၏ ပြောဆိုကြငြာသည့် အဓမ္မဝတ္ထု ၁၀-ပါးကို အကြောင်းပြု၍ အရှင်မဟာယသ အမှူးရှိသော ရဟန္တာခုနစ်ရာတို့သည် ကာလာသောကမင်း၏ အကူအညီဖြင့် ဝါလိကာရုံကျောင်းတိုက်၌ ဒုတိယသံဂါယနာတင်တော်မူကြ၍ ဝဇ္ဇီတိုင်းသား ရဟန်းများကို ပယ်ရှားနှင်ထုတ်လျက် ဓမ္မစက် အာဏာစက်တွဲဖက်ကာ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားအောင် ဆောင်ရွက်တော်မူခဲ့ကြလေသည်။

တတိယအကြိမ်

သာသနာတော် ၂၃၆-ခုနှစ်တွင် မဂဓတိုင်း ပါဋလိပုတ်မြို့တော် အသောကာရုံကျောင်းတိုက်၌ အရှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ်အမှူးရှိသော ရဟန္တာတစ်ထောင်တို့သည် သီရိဓမ္မာသောကမင်း၏ အကူအညီဖြင့် အန္တကဂိုဏ်းသားအစရှိသော ရဟန်းများ၏ အဓမ္မအယူဝါဒကိုပယ်ရှား၍ တိတ္ထိတို့ကို သာသနာတော်မှ နှင်ထုတ်ပြီးလျှင် တတိယသံဂါယနာတင်တော်မူကြ၍ ဓမ္မစက်, အာဏာစက်တွဲဖက်ကာ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားအောင် ဆောင်ရွက်တော်မူခဲ့ကြလေသည်။

စတုတ္ထအကြိမ်

သာသနာတော် ၁၇၀၇-၁၇၄၀-ခုနှစ်တွင် သီဟိုဠ်ကျွန်း ပုလတ္ထိမြို့၌ နန်းတက်သော ပရက္ကမဗာဟုမင်းလက်ထက်၌ ဒိမ္ဗုလာဂလအရှင်မဟာကဿပအမှူးပြုသော သာရတ္ထဒီပနီဋီကာကျမ်းပြု အရှင်သာရိပုတ္တရာအပါအဝင် မဟာထေရ်အရှင်မြတ်တို့သည် ပရက္ကမဗာဟုမင်း၏ အာဏာစက်အကူအညီဖြင့် အချင်းချင်းကွဲပြားနေသော

မဟာဝိဟာရဂိုဏ်းကြီး, အဘယဂိရိဂိုဏ်းကြီး, ဇေတဝနဂိုဏ်းကြီး သုံးဂိုဏ်းတို့ကို ညီညွတ်အောင်ပြု၍ အလဇ္ဇီရဟန်းများကိုစစ်ဆေး၍ လူဝတ်လဲစေခြင်း, သာမဏေဝတ်ဖြင့် နေနိုင်လောက်သူကို သာမဏေဝတ်ဖြင့်နေစေခြင်းဖြင့် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားအောင် ဆောင်ရွက်တော်မူခဲ့ကြလေသည်။

ပဥ္စမအကြိမ်

သက္ကရာဇ် ၄၁၉-ခုနှစ်တွင် စတင်ကြွရောက်တော်မူလာသော အရှင်အရဟံသည် အနော်ရထာမင်း၏ အာဏာစက်အကူအညီဖြင့် ပုဂံပြည်တွင် အဓမ္မဝါဒဟောကြားပြုမူနေကြသော အရည်းကြီးတို့ကို လူဝတ်လဲစေပြီးလျှင် ထေရဝါဒသာသနာတော် တည်စေတော်မူခဲ့လေသည်။ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားအောင် ဆောင်ရွက်တော်မူခဲ့လေသည်။

ဤသို့လျှင် မဇ္ဈိမဒေသ၌ ၃-ကြိမ်, သီဟိုဠ်ကျွန်း၌ ၁-ကြိမ်, မြန်မာပြည်၌ ၁-ကြိမ်အားဖြင့် ၅-ကြိမ်မျှသာ ဓမ္မစက်, အာဏာစက်တွဲဖက်က သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဆောင်ရွက်ခဲ့သည်ကို ထင်ထင်ရှားရှား တွေ့မြင်ရပေသည်။

ဆဋ္ဌအကြိမ်

သာသနာတော် ၂၅၄-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၄၂-ခုနှစ်၊ နယုန်လဆန်း ၁၁-ရက်မှ ၁၄-ရက်နေ့အထိ ၄-ရက်တိုင်တိုင် ပြည်ထောင်စု မြန်မာနိုင်ငံတော်၊ ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးကို ကျင်းပ၍ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းစသည်တို့ကို ပြဋ္ဌာန်းကာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့စသော သံဃာ့အဖွဲ့ အစည်းအဆင့်ဆင့်ဖွဲ့စည်း၍ ဓမ္မစက်, အာဏာစက်တွဲဖက်လျက် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို ဆောင်ရွက်သည့် ယခုအကြိမ်သည် ဆဋ္ဌအကြိမ်ပင် ဖြစ်ပေသည်။

ဤဆဋ္ဌအကြိမ်သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို ဆောင်ရွက်တော်မူလာသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့စသော သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၏

၂၅-နှစ်သက်တမ်းအတွင်း သာသနာပြုလုပ်ငန်းအရပ်ရပ်သည် ရာနှုန်းပြည့်မဟုတ်သော်ငြားလည်း ဖေါ်ပြခဲ့သည့်အတိုင်း သင့်လျော်သည့် ပမာဏအထိ အောင်မြင်ခဲ့သည်ကို တွေ့မြင်နိုင်ပေသည်။ ဤမျှလောက်အောင်မြင်ခြင်းသည်ပင် သာသနာတော်အတွက် အားတက်ဖွယ်, ဝမ်းမြောက်ဖွယ်ဖြစ်ပေသည်ဟု နှလုံးသွင်းရပေသည်။

ထို့ထက်တိုးတက်၍ ဆောင်ရွက်နိုင်ရန်ကား အထူးပင်လိုအပ်လျက်ရှိပေသည်။ ထိုလိုအပ်ချက်ကို ဆက်လက်ဆောင်ရွက်နိုင်ရန် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး အရှည်ခံ၍ တည်တံ့ရန်, အရှိန်အဝါ တိုးတက်ရန် အထူးလိုအပ်ပေသည်။ အဖွဲ့အစည်းတစ်ခု၏ တည်တံ့မှု, အရှိန်အဝါတိုးတက်မှုသည် အဖွဲ့ဝင် ပုဂ္ဂိုလ်များ၏ အရည်အချင်း, အရှိန်အဝါအပေါ်မှာ တည်ပေသည်။ အဖွဲ့ဝင်ပုဂ္ဂိုလ်များ အရည်အချင်း, အရှိန်အဝါရှိနေလျှင် ထိုပုဂ္ဂိုလ်များ၏ အဖွဲ့အစည်းလည်း အရှည်တည်တံ့၍ အရှိန်အဝါရှိနေမည်ပင် ဖြစ်ပေသည်။ အဖွဲ့ဝင်ပုဂ္ဂိုလ်များ အရည်အချင်း, အရှိန်အဝါမရှိလျှင် ထိုပုဂ္ဂိုလ်များ၏ အဖွဲ့အစည်းလည်း အရှည်မတည်တံ့ဘဲ အရှိန်အဝါကျဆင်းသွားမည်မှာ ဓမ္မတာသာဖြစ်ပေသည်။

ထို့ကြောင့် သာသနာတော်သန့်ရှင်းအောင်, သာသနာတော်တည်တံ့အောင် သာသနာတော် ပြန့်ပွားထွန်းကားအောင် တိုးတက်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များ မိမိတို့ကိုယ်တိုင် အရည်အချင်းပြည့်ဝ၍ အရှိန်အဝါရှိအောင် ကျင့်ဆောင်ပြုပြင်တော်မူကြလျက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး အရှည်ခံ၍ တည်တံ့အောင်, ရဟန်းရှင်လူ ပြည်သူ အားလုံးတို့က လေးစားကြည်ညိုမှီခိုအားထားရသည့် အရှိန်အဝါကြီးမားသောအဖွဲ့အစည်းကြီးဖြစ်အောင် ကြံဆောင်ကြိုးကုတ်အားထုတ်တော်မူကြပါဟု မေတ္တာပုဗ္ဗင်္ဂမပသာဒသဒ္ဓါစေတနာအပြည့်အဝဖြင့် တိုက်တွန်းလိုက်ရပါသတည်း။

ဘဒ္ဒန္တကုမာရ

ဥက္ကဋ္ဌ

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

## သာသနာရေးဝန်ကြီးဌာန

## ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်

## ၏

# ဥယျောဇဉ်

ပထမအကြိမ် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးကို ၁၉၈၀-ပြည့်နှစ်၊ မေလ- ၂၄ ရက်မှ ၂၇-ရက်အထိ ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသံဂါယနာမဟာပါသာဏလိုဏ်ဂူတော်ကြီး၌ အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ပါသည်။

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တစ်သိန်းကျော် ရဟန်းသံဃာတော်တို့၏ ဆန္ဒနှင့်အညီ သမ္မုတိပေးရွေးချယ်ဖွဲ့စည်းခဲ့သည့် သံဃာ့ဝန်ဆောင်ဆရာတော်များ၏ ကြီးမားတော်မူလှသော ဉာဏ်အမြော်အမြင်နှင့် နိုင်ငံတော်အစိုးရ၏ မတုန်လှုပ်သောသဒ္ဓါ ခိုင်မာသောဇွဲလုံ့လ ဝီရိယတို့ကြောင့် အောင်မြင်ပြီးမြောက်ခဲ့ခြင်း ဖြစ်ပါသည်။ ဗုဒ္ဓဘုရားရှင်၏ ဓမ္မဝိနယ တရားတော်တို့ကို စုပေါင်းရွတ်ဆိုမှု အကြောင်းရင်းမခံခဲ့သဖြင့် သံဂါယနာတင်အစည်းအဝေးကြီးဟူ၍ မခေါ်ဆိုနိုင်သော်ငြားလည်း သံဂါယနာတင်သံဃသန္နိပါတအစည်းအဝေးကြီး တစ်ခုနှင့်မခြား သာသနာတော်အတွက် အကျိုးများလှသည့် သာသနာဝင်သံဃာ့အစည်းအဝေးကြီးဟု သမိုင်းမှတ်တိုင် စိုက်ထူနိုင်ခဲ့ကြပါသည်။

ပထမအကြိမ် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး အောင်မြင်ခဲ့သည်နှင့်အမျှ ပြည်ထောင်စုမြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ပေါ်ပေါက်ခဲ့ပြီး သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၏ ဝိနိစ္ဆယရေး၊ သာသနာရေး၊ ပညာရေးကိစ္စရပ်များတွင် ဦးဆောင်မှုပေးလျက် သာသနာ့တာဝန်ကို အမြင့်မားဆုံး ထမ်းဆောင်တော်မူလျက်ရှိသည်မှာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးပင် ဖြစ်ပါသည်။ ၁၉၈၀-ပြည့်နှစ်၊ မေလတွင် ဖွဲ့စည်းခဲ့သော ပထမအကြိမ် နိုင်ငံတော်သံဃ

မဟာနာယကအဖွဲ့ မှသည် ယခု ၂၀၀၅-ခုနှစ်၊ ပဥ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့အထိ နှစ်ပေါင်း ၂၅-နှစ်ခရီးရှည်ကို ဖြတ်သန်းခဲ့ပြီးဖြစ်၍ လောကရေးရာ၊ ဓမ္မရေးရာတို့၌ အတွေ့အကြုံ ရင့်ကျက်လှပြီဖြစ်သော သံဃာ့အဖွဲ့အစည်းအကြီးလည်း ဖြစ်ပါသည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးသည် ၂၅-နှစ်ခရီးတာ သက်တမ်း (၅) ကြိမ်အတွင်း သာသနာတော်သန့်ရှင်းရေးအတွက် ရဟန်းတု ရဟန်းယောင်တို့ကို ဖယ်ရှားစေနိုင်ခဲ့ခြင်း၊ အဓိကရုဏ်း အငြင်းပွားမှုများကို ဝိနိစ္ဆယဆုံးဖြတ်၍ ပြေလည်အေးငြိမ်းစေခဲ့ခြင်း စသည့် ပုဂ္ဂိုလ်သန့်ရှင်းရေးကို လည်းကောင်း၊ လူသေလူဖြစ်ဝါဒ ဝိနိစ္ဆယအဆုံးအဖြတ်စသည်ကဲ့သို့ ဓမ္မသန့်ရှင်းရေးကိုလည်းကောင်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ နိုင်ငံတော်အစိုးရ၏ အာဏာစက် အကူအညီပံ့ပိုးမှုဖြင့် ဓမ္မစက်အရှိန်အဝါကို မြှင့်တင်၍ ထွန်းလင်းတင့်တယ်စေခဲ့ပါသည်။

သာသနာတော် တည်တံ့ရေးနှင့်ပတ်သက်၍ သံဃာ့အဖွဲ့အစည်းဆိုင်ရာကိစ္စရပ်များတွင် အခြေအနေနှင့် လိုက်လျောညီထွေ ဖြစ်အောင် ပြင်ဆင်ဖြည့်စွက် တည်ဆောက်နိုင်ခဲ့ခြင်း၊ ရဟန်းသံဃာတော်များ ဂန္ထဓုရ ဝိပဿနာဓုရနှစ်ပါးကို စောင့်ထိန်းလိုက်နာစေရေး ကြပ်မတ်ပေးနိုင်ခဲ့ခြင်း၊ နိုင်ငံတော်အစိုးရ၏ အမျိုး, ဘာသာ, သာသနာ ကြီးပွားတိုးတက်ရေးများကို လမ်းညွှန်သြဝါဒမိန့်ကြားပေးခဲ့ခြင်း စသည်တို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

သာသနာတော်ပြန့်ပွားရေးအတွက် ယခင်ရှိနှင့်ပြီး ပရိယတ္တိစာမေးပွဲများအပြင် နိကာယ်စာမေးပွဲ၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲများ အသစ်တီထွင်ကျင်းပပေးခြင်း၊ ပရိယတ္တိစာချ၊ စာသင်သံဃာတော်များ လွယ်ကူမှုရှိစေရန် ပါဠိပထမပြန်စာမေးပွဲများကို ပြည်နယ်/တိုင်း အလိုက် ကျယ်ပြန့်စွာ ကျင်းပပြုလုပ်ပေးခြင်း၊ ပြည်ပသာသနာပြုလုပ်ငန်း အထွတ်အထိပ်ရောက်ရှိစေရန် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်ကြီးကို ဖွင့်လှစ်တည်ထောင်ပေးခြင်း၊ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးကို မြန်မာနိုင်ငံ၌ ကျင်းပပြုလုပ်ပေးခြင်း စသည်တို့ကို နိုင်ငံတော်အစိုးရနှင့်ဆရာဒကာ လက်တွဲညီစွာဆောင်ရွက်နိုင်ခဲ့ပါသည်။

ဤသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်နိုင်ခဲ့ခြင်းသည် ၁၉၈၀-ပြည့်နှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ပေါ်ပေါက်လာခြင်းနှင့် ထိုသံဃာ့အဖွဲ့အစည်းကြီး ယိမ်းယိုင်မှုမရှိဘဲ ဂိုဏ်းပေါင်းစုံ သံဃာညီညွတ်တော်မူကြခြင်း၏ အကျိုးရလာဒ်ဖြစ်ပါသည်။ သံဃာ့ကိစ္စများကို သံဃာတော်များ ကိုယ်တိုင်ဆုံးဖြတ်ဆောင်ရွက်နိုင်ပြီး ညီညွတ်သော သံဃာ့အဖွဲ့အစည်းကြီး၏ ဖြန့်ကျက်မှုအောက်တွင် အတုအယောင်များမှေးမှိန်ကာ အစစ်အမှန်များထွန်းလင်း ပြန့်ပွားလျက်ငြိမ်းချမ်းမှု အကျိုးကျေးဇူးများကို ရရှိခံစားကြရခြင်းဖြစ်ပါသည်။

ဤသို့လျှင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးသည် အဆက်ဆက်သော သံဃာ့မထေရ်မြတ်ကြီးများ ရှေးရှုလျှောက်လှမ်းခဲ့သော လမ်းကြောင်းအတိုင်း သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးမဏ္ဍိုင်ကို စွဲကိုင်လျက် ကိုယ်စိတ်နှစ်ဖြာ ချမ်းမြေ့စွာဖြင့် သာသနာတော်သုံးရပ် အကျိုးပွားတိုး ထမ်းဆောင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး၏ ၂၅-နှစ်မြောက် အထိမ်းအမှတ်ငွေရတုကာလသမယမှသည် အနာဂတ်အဆက်ဆက် ရွှေရတု စိန်ရတု ပတ္တမြားရတု ကာလများသို့တိုင် သံဃမဟာနာယကဆရာတော်ကြီးများ၏ သံဃာ့ကျေးဇူးအစုံ အထူးထူးအဖုံဖုံတို့ကို အာရုံတွေးထင် ဤစာတမ်းဥယျောဇဉ်ဖြင့် ဦးတင်ကော်ရော် ပူဇော်အပ်ပါသတည်း။

# ငွေရတုသဘင် မော်ကွန်းတင်

နေမျိုးနွယ်

* ဂိုဏ်းပေါင်းစုံညီ ဤခါသမယ၌
ထေရ်ဆရာသမဏ သံဃမဟာ။
ညီညာကြွ၍ ဆန္ဒပါသည်၊
သံဃသဘာ ထေရ်ရှင်အများ။
ကာယ စိတ္တ ညီညွတ်ပါသည်၊
သည်ခေတ်အခါ အောင်ပွဲဆင်ခဲ့ဘုရား။

* သာသနာသန့်ရှင်း အရှည်ခံကြာအောင်
တည်တံ့စေရာ စိတ်မှာထား
မနသီ သန့်ဝေဖြာ သိက္ခာပွါးလို့
စိတ်သဒ္ဓါတရား ထက်သန်စွာ။

* သံဃနာယက ထေရ်မဟာအဖွဲ့၊
ညီညာတကယ့် ပေါ်ထွန်းပါလို့လာ၊

* သာသနာရေး ကိစ္စအဖြာဖြာကို၊
နိစ္စမကွာ ဖြေကာရှင်းလို့
ဒေသနာမယွင်း ဝိနယလမ်းမှန်စွာ၊
ပိဋက ကျမ်းဂန်အလာ။

* တစ်သုံးလေးနှစ် နှစ်သယမအခါမှာ
စနစ်ကျစွာ ဖွဲ့စည်းပါခဲ့လေး။

* နယုန်မာသ ဒွါဒ အခါမှာ
မဟာသမယ သဘာ အောင်ပွဲ ဆင်ခဲ့လေး။

* နှစ်ဆယ့်ငါးနှစ် ငွေရတုသဘာကို
ဇေယျတု မဟာ မော်ကွန်း တင်စို့လေး----။

# ငွေရတုမှသည် ကမ္ဘာတည်သမျှ

ရတနာစည်ဆရာတော်(လှိုင်လင်)

အောင်နိမိတ်တော် ထွန်းထက်ထွန်း
ရွှန်းထက်ရွှန်း ဝေဝေ၊
သွန်းထက်သွန်း အောင်သပြေငယ်
အခေါင်နေ မလွဲ။

အောင်အတိတ်နဲ့ အောင်ဟိတ်ဖေါ်တယ်
အောင်နိမိတ်တော် ထူးလှသည့်ပွဲ။

အောင်ဂုဏ်မြင့် အောင်ဖြိုးဝေ
အောင်မိုးတွေ ရွာသဲ၊
အောင်ဖြိုးဝေ သံမစဲပါဘု၊
ထန်ကဲတဲ့ အောင်ပုံ၊

နိုင်ငံတော် သံဃမဟာနာယက
စံပြ ထာဝရ ဖွဲ့စည်းမေရတုန်။

ငွေရတု သပြေနံ့ ဝေယျာတု အဟုန်ကို
မြေထုဝသုန် သုဉ်းကာပျက်သည်အထိ
မဆုံးသမ္ဘာထက် ဆက်ဆက်ဆောင်ယူ
လက်လက် အောင်ဇမ္ဗူ ။

ကပ္ပဋ္ဌိတိ လ တစ်ဆူလို
ဇယ သရဖူ အပွဲ့ကြီးပါ့ ဘုရား။

ကမ္ဘာတည်သမျှ မှချတည်မည်
ဇယာတ္တရ အလီလီ အောင်ပန်းတွေနဲ့ ဘုရား။

# ဗဟိုသံဃာ့ဝန်ဆောင် အစည်းအဝေးဘွဲ့

ဝေဠုဝန် ဘဒ္ဒန္တဇောတိဿရ

ဥတ္တရကုရုကျောင်း၌ ဂုရုပေါင်းစုံစွာ။
စုစုပေါင်း အကုန်လာ၊ ပုံပမာဆိုစို့။
မဟာဝုန် သေလာရဂုံမှာ
ဒေဝါစုံ ချဉ်းကပ်ရှာသို့။

မျိုးဇာတိသွင်ခြင်းရာ
ထင်လင်းစွာဖော်လို့။
မြင်ကွင်းမှာ လျှော်သမို့ရယ်ကြောင့်
ပျော်သကို့ တူညီ။
စည်းလုံးစွာ ဆွေးနွေးကြ
အေးအေးမြ ဌာနကိုယ်စီ။

ပြည်ထောင်စု မြန်မာပြည်၊
လျှံဝါခြည် ကွန့်မြူးလို့၊
ညွှန့်အဖူး ခက်လက်စည်ပင်
အဆက်ဆက်တီထွင်။
သာသနာ့လုပ်ငန်းခွင်
အဟုတ်ကျွမ်းကျင် ဆောင်ထမ်းပါကြလေး။

# မြန်မာအလှဆောင်ကြက်သရေ (၈၀)ပေါ်တေးထပ်

**နန္ဒမူဆရာတော်-စစ်ကိုင်း**

* ဂိုဏ်းပေါင်းစုံ ညီညာစု
ပြည်သာမှု အားစည်မြိုင်
ဤသာသနာပြု ပွားတည်ခိုင်မာ
တရားအဆီလှိုင်ဖြာ ပြန့်စေသား
ထေရ်ရှင်မြတ်တို့ အလှစိတ်ကြဲစည်
မွေမိဋ္ဌာန်ညီ ဖွဲ့စည်းတည်ထောင်ထား . . .

* ဆရာဒကာလက်တွဲ ပွားတိုးယှဉ်သဇ္ဈါ
အများကျိုးစဉ်မကွာ ဆောင်လျက်မနား
အမှားဆိုးကြဉ်ခွာ အမှောင်ဖျက်တားပါလို့
အရောင်လက်ကြွား ဂုဏ်သတင်းကြူ
အနဂ္ဃဂုဏ်ရည် စာစုဖေါ်ကာပါ
သာမုခေါ်စရာ့ အလှဟန်ညီမူ . . . .။

* (၂၅)နှစ်ပြည့် မော်ကွန်းထူပြီ
ဖေါ်ညွှန်းယူသည် ငွေရတုသဘင်ပါ
ဇေယျတုမင်္ဂလ ပါဝစနအရောင်လက်ဝေ
မြန်မာအလှ ဆောင်ကျက်သရေ . . . .။

* အသိပညာပွား နှလုံးလှသာစေ
အပြုံးငှမြာဝေ ဂုဏ်သတင်းကြိုင်စွလေး . . .

* ကမ္ဘာအေးကုန်းမြေ ဌာနတည်ကာ
ကာလရှည်ကြာ ဥဒါန်းဆောင်မြို့လေး . . .

* မြတ်သာသနာ့ရောင် မညှိုးပြောင်သည်
တန်ခိုးအခေါင် သာထက်သာလိမ့်လေး . . .

## သံဃာ့ဂိုဏ်းပေါင်းရဲ့ ညီညွတ်သော အထိမ်းအမှတ်ဖြင့် တည်ထားပူဇော်အပ်သော မဟာဝိဇယစေတီတော်မြတ်ဘွဲ့- မဟာလေးချိုးကြီး

သီရိပါရဂူ (သုဝဏ္ဏဘူမိ)

* တိဂုဏ်ရှင် အရှေ့တောင်ယွန်းဆီက
ပြည့်စုံလင် ဓလေ့ဆောင်ကာ ညွှန်းလိုက်ပါရဲ့
မိန့်ခွန်းတော် ရွှေစာထားသည်သို့
သေအချာ မြေပထဗျာတစ်လွှားမှာဖြင့်
ပရမေဘဂဝါ ဒေသနာတရားငဲ့ပြင်
ရုပ်ပွားတော် စေတီတန်ဆောင်းရယ်တို့
နေခြည်ဖြာ ရွှေရည်လောင်းသလိုပ
နောက်နှောင်းဝယ် ပေါ်လာထွန်းပေလိမ့်
ညွှန်းလာအတိတ်တွင်--- ခွန်းဗျာဒိတ်ဆင်။
* မြန်မာအနန္တိကာ၊ ဓမ္မရက္ခိတာ မည်သညာနှင့်
စည်ပင်သာ ကုန်းမြေမြင့်မှာလ
နှုန်းပရမေ ဘုန်းသရေတင့်တဲ့အောင်
နေချင့်ဖွယ် ဖန်စီရင်၍
အတိတ်ကလျှင် လမ်းမှန်မယွင်းပြီဘု
အရိပ်ရပင် ပန်းမာလ်အခင်းတွေနှင့်
သိပ်လှသည့်အသွင် စခန်းဟန်သွင်းသည့်ပြင်
ချဉ်းကပ်သူ ဗိုလ်လူမှန်သမျှတို့မှာ
သန္တာန်ဝယ် ရန်အသွယ်သွယ် ပ, ပြီးလျှင်
အမှန်တကယ် အန္တရာယ်မခ, ရအောင်
တွေးဆတည်ထွင်--- အေးမြကြည်လင်။
* ရောက်ငြားသာသနာ၊
ထောင့်ငါးရာ နှစ်ဆယ်လေး ငဲ့ပြင်
ချိန်ကောဇာ ရွှေချယ်စစ်ပါက
ထောင့်သုံးရာ လေးဆယ်နှစ်တွင်မှ
သာသနာရောင်ဝါသစ်စေဘို့
မြန်မာ့တိုင်းဗဟိုမှာ သံဃာ့ဂိုဏ်းထိုထို
ညီညာသည့်စနစ်ရယ်ကြောင့်၊
အထိမ်းအမှတ်မြန်မာ အငြိမ်းဓါတ်သာ
ဖြစ်စေ တော့ရယ်လို့၊
ပြည်ချစ်သူ ရာဇာသေနင်းတွေနှင့်
သည်အခါ မြန်မာခပင်းတို့က
ညီညာညာသဒ္ဓါသွင်းလို့ရယ်
ရှင်းသန့်သည့်စေတနာ
ကမ္ဘာထိဆင့်ပွါး--- မြန်မာတည့်ဝင့်ကြွား။
* အတိတေမနာ၊ နိပေါခေါ်ပြည်သာယာက
ကြည်သဒ္ဓါ ဓမ္မပဏ္ဏာသွင်းအပ်သည့်
နာဂစီဝရာပဋ္ဌ ပဋိမာ ဆင်းတု တော်ဖြပ်ရယ်နှင့်၊
ပဥ္စဓာတု ဝါဟနာ စေတီတစ်ရပ်ငဲ့ပြင်
လုမ္ဗိနီ အောင်မြေဓါတ်တို့ကို
ကမ္ဘာ့တန်ဆာ မြန်မာ့သာသနာမြတ်ဆီသို့
ရည်မှတ်ကာ ပူဇာယင်၍
လှူကာလျှင် တူပါဝင်ကြပြီးလျှင်
အမှားစင်ကွာ တရားစဉ်လာ မလပ်ရအောင်
ဘုရားသခင် ဘဂဝါ
ရဟန္တာအရှင်မဟာမြတ်တို့ရဲ့
ဓါတ်သားတော် မွေတော်အစစ်တွေနှင့်
တည်ရစ်ကာ ဌာပနာ၍၊
သည်သာသနာ သမ္မာရှိစေမယ့်၊
ပြည်မြန်မာကမ္ဘာသိစေတဲ့
မာရာဒိမဒ အပရာဇိတ ဘဂဝါဇိန---
ရွှေပြည်ကျော်သည့်
မဟာဝိဇယ, စေတီတော်မြတ်--- ဘုရား။

# ငါးထောင်ရှည်ကြာ သာသနာ

## ဖနေလိုထွန်းပါစေ

ရတုပိုဒ်စုံ

အရှင်မာနိတ(ကျိုက္ကစံ)

ထွန်းပပေစွာ၊ သာသနာ၏၊ အောင်ချာနက်သန်၊ ဘုမြေမှန်၍၊ အနန္တဇိ၊ မြတ်မုနိသည်၊ ပဋိသန္ဓိဝါ၊ ဆတိညာဖြင့်၊ ဝေဟာနဘဲ၊ ကောင်းကင်ပျံသား၊ လွှထံမြတ်စွာ၊ ရဟန္တာတို့၊ ငါးရာမြိုရံ၊ ကောင်းကင်ယံမှ၊ ရောင်လျှံဖြာသား၊ နတ်အများတို့၊ ဆန်းပြားထွတ်တတ်၊ ဖန်ဆင်းလတ်ရာ၊ ကျောင်းငါးရာဖြင့်၊ သုနာပရန်၊ တိုင်းရပ်ဌာန်ရှိ၊ ဝါဏိဇရွာ၊ မြတ်ဂါမာသို့၊ မဟာပုဏ္ဏ၊ ပင့်၍ကြွကာ၊ သာသနာတော်၊ စွာမသွေ၊ တည်ရှိစေ၏၊ တစ်တွေမှတ်ကြ၊ ဧညဝတီ၊ တိုင်းပုရီတွင်၊ သညီမှန်လှ၊ စန္ဒသူရိယာ၊ မင်းရာဇာ၏၊ သစ္စါရှေ့ရှု၊ တောင်းပန်မှုကြောင့်၊ မြတ်မုနိတွင်၊ ဘုရားရှင်သည်၊ မြတ်ရင်တော်ငွေ့၊ သွင်းစေ၍သာ၊ မဟာမုနိ၊ တုမရှိသည့်၊ ပဋိဗိမ္ဗော်၊ ဆင်းတုတော်ကို၊ ဖူးမြော်စေဟု၊ သွန်းစေပြုလျှက်၊ သုံးလူမြတ်စွာ၊ သာသနာသည်၊ ထိုအခါမှ၊ အစပြုကာ၊ ဧညဝတီ၊ ရခိုင်ပြည်၌၊ အရှည်စဉ်လာ၊ တည်ခဲ့စွာ၍၊ အမှောင်ကွာစင်၊ ရောင်ဝါလွင်၏၊ ထိုပြင်တစ်ဖြာ၊ ဥက္ကလာမှ၊ တပုဿနှင့်၊ တကွညီညာ၊ ဘလ္လိကာတို့၊ စွာဆောင်ယူ၊ ဆံမွှစ်ဆုဖြင့်၊ သုံးလူတို့နတ်၊ မြတ်ဘုရားအား၊ ရည်မှတ်ပူဇာ၊ ပြုသောခါမှ၊ အစပြုကာ၊ ဥက္ကလာဘုံ၊ ဒဂုံမည်တွင်၊ နယ်မြေပြင်၌၊ မြတ်ရှင်ဇိနာ၊ သာသနာလည်း၊ မှန်စွာထွန်းလင်း၊ ရောင်ဝါဝင်းသည့်၊ "သနင်း သာသနာ စစ်ဖွေးတည်း"၊

ရွှန်းမြဝေဆာ၊ ရောင်ထွန်းဖြာသား၊ ရွှေမေါ်ကြ၊ သုဝဏ္ဏဘုံ၊ သထုံမည်ချယ်၊ မွန်တို့နယ်တွင်၊ အရှင်သောဏ၊ ဥတ္တရတို့၊ ကြွ၍တစ်ခါ၊ ပိဋကသာယုတ်၊ မြေဘုတ်ဘီလူး၊ လူစားကြူးတို့၊ အထူးဝေးစွာ၊ ပြေးစေကာတည့်၊ ဗြဟ္မာဇာလ၊ ဟောမိန့်ပြလျှက်၊ ဗုဒ္ဓသာသနာ၊ သန့်ရှင်းစွာလျှင်၊ ရောင်ဝါမမှိန်၊ လင်းစေထိန်ခဲ့၊ အချိန်များစွာ၊ ကြာသောခါ၌၊ မဟာနာယက၊ ဝိုက်းမှထွက်လာ၊ ဝတ်ရုံလွှာမဲ့၊ ဝတ်ဆင်မြဲ၍၊ အလွဲကျင့်မှု၊ ရှင်မထီးတို့၊ သီးသီးမန္တန်၊ မန်းမှုတ်ပြန်မူ၊ အနန္တရိယ၊ ကံကြီးမှုပင်၊ လွှင့်ကင်းစင်၍၊ ကိုယ်လျှင်ပြုသမျှ၊ အပြစ်ပဟု၊ ဟောကြပြီးကာ၊ ဂါထာမန္တန်၊ ပြုလုပ်ဖန်၍၊ အသံမဆိုင်း၊ ရွတ်ဖတ်နိုင်း၏၊ မနိုင်းမဆာ၊ ညက်မွဲလှသည်၊ ရှင့အရှင်၊ မင်းဘုရင်မှ၊ အစပြုသား၊ ပြည်သူများတို့၊ ထိမ်းမြားမင်္ဂလာ၊ ပြုလုပ်ရာတွင်၊ ကညာစင်အား၊ အရင်ဦးစ၊ ရှေ့ဦးညတွင်၊ ရှင်မထီးတို့၊ ထံသို့ပို့ကာ၊ ခေါ်ရာအထူး၊ ပန်းဦးလွှတ်ရာစဉ်အလာကို၊ ယူကာမယွင်း၊ ကျင့်စေခြင်းသည်၊ " မရှင်းသာသနာ ညစ်ကြေးတည်း"၊

ညွှန်းပြပေစာ၊ ရာဇဝင်လာသည့်၊ မဟာယာန၊ ဂိုဏ်းမှဝင်ကာ၊ သာသနာတွင် ၊ ထင်ရာဟောပြော၊ ကျင့်သဘောဖြင့်၊ ရောနှောလာရာ၊ ညစ်နွမ်းလာ၍။ ရာဇာအနော်၊ ရထာခေါ် သည့်၊ မြင်မြော်သည်မင်း၊ သန့်အောင်ရှင်း၍၊ သက်ဆင်းလာရာ၊ တိုင်းမြန်မာတွင်၊ ရန်ခါတမူ၊ မိစ္ဆာလူမျိုး၊ လွှမ်းမိုးခဲ့ရာ၊ ချိန်အခါမှ၊ အစပြုကာ၊ ပတာပတော၊ ထွေရာဟောပြော၊ ကျင့်သဘောနှင့်၊ ရောနှောပါငို၊ ရှိခဲ့ပြန်ရာ၊ သင်္ဂါဆဋ္ဌ၊ တင်ကုန်ကြ၍၊ ဗုဒ္ဓမိန့်လတ်၊ ပိဋကတ်ကို၊ သတ်ရပ်မှန်စေ၊ သန့်ရှင်းစေ၏၊ သို့ပေပြငြား၊ နေအထားတွင်၊ လာဘ်များဘို့သာ၊ ရှေ့ရှုလာ၍၊ သဒ္ဒါမွဲခေါင်၊ ရဟန်းရောင်တို့၊ မြားမြောင်လှစွာ၊ နည်းနယာဖြင့်၊ သာသနာတွင်၊ မသန့်စင်အောင်၊ လုပ်ဆောင်ပြုမူ၊ ကျင့်မဖြူ၍၊ လေးဆူမိကရုဏ်း၊ ဖြေမဆုံးသာ၊ ရှိသောခါတွင်၊ မြန်မာစိုးရ သာသနာဆိုင်ရာ၊ ကြိုးကဲစွာတို့၊ ပညာကျော်ကြား၊ ဂုဏ်ကြီးမားသည့်၊ များပြားထေရ်ကျော်၊ ဆရာတော်တို့အား၊ လျှောက်ထားတိုင်ပင်၊ ညှိနှိုင်းပြင်၍၊ ဂုံလင်ပိုဏ်းပေါင်း၊ ထေရ်ရှင်ကောင်းတို့၊ သင့်ကြောင်းသင့်ရာ၊ သံဃာအဖွဲ့၊ ဖွဲ့စည်းခဲ့လာ၊ ယခုခါမူ၊ ငွေလွှာရတု၊ သဘင်ပြုခဲ့၊ ယခုဆင်ပြု၊ ငွေရတုမှ၊ ပဋ္ဌသဟဿာ၊ ငါးထောင်ကြာအောင်၊ သာသနာနေ၊ ထွန်းလင်းစေဟု၊ ရတုစီရင်း၊ ဆုပန်နှင်းသည်၊ " သန့်ရှင်းသာသနာ ဖြစ်ဝေးတည်း"။

၂၆၂၆၂
သုတေသနစာကြည့်တိုက်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
ကမ္ဘာအေး၊ ရန်ကုန်။

# ပြည်ထောင်စုမြန်မာနိုင်ငံတော် ခေတ်နှင့်အညီ စနစ်ကျသော သံဃာ့အဖွဲ့အစည်းများ ပေါ်ပေါက်လာခြင်း

ဘဒ္ဒန္တကောသလ-သရက်

### ၁၀၃-ခုနှစ်ဘုရားပွင့်

ကမ္ဘာဦးအစ မဟာသမ္မတ အသမ္ဘိန္န ခတ္တိယမျိုးမှ ဆင်းသက်၍ ကပိလဝတ်မင်းအဖြစ်သို့ ရောက်လာခဲ့သော သိဒ္ဓတ္ထမင်းသား ဘုရားအလောင်းတော်သည် မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့တွင် သမ္မာသမ္ဗုဒ္ဓအစစ် လောကသေဋ္ဌနင်း တရားမင်းအဖြစ်သို့ ရောက်တော်မူလာခဲ့ပေသည်။

### သာသနာတော်တည်ထောင်

ဂေါတမနွယ်ဖွား သဗ္ဗညုရှင်တော်မြတ်ဘုရားသည် မိမိကိုယ်တိုင် နိယတဗျာဒိတ်ပန်းကို ဆင်မြန်းတော်မူပြီးနောက် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကြာမျှ ကာလပတ်လုံး ပါရမီထိုထို မြတ်ကုသိုလ်အနန္တတို့ကို ဖြည့်ကျင့်ဆည်းပူးတော်မူပြီးမှ ရရှိတော်မူလာခဲ့သော သဗ္ဗညုတဉာဏ်တော်မြတ်ကြီးဖြင့် လူ, နတ်, ဗြဟ္မာ သတ္တဝါအများတို့၏ အစီးအပွားအလို့ငှါ ပရိယတ်, ပဋိပတ်, ပဋိဝေဓ သုံးထွေသော သာသနာတော်မြတ်ကြီးကို ဦးစီးခေါင်းဆောင် တည်ထောင်တော်မူခဲ့လေသည်။

### သံဃာ့အဖွဲ့အစည်းဖန်တီး

သုံးလောကစောထီး ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် မိမိဦးစီးခေါင်းဆောင် တည်ထောင်တော်မူလာခဲ့သော သာသနာတော်မြတ်ကြီးကို နှစ်ပေါင်းများစွာ ရှည်မြင့်ကြာအောင် လက်ဆင့်ကမ်းကာ ထမ်းဆောင်နိုင်ကြမည့် အရှင်ကောဏ္ဍည စသော ပုဂ္ဂိုလ်တို့ကို မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ ဝါဆိုလပြည့် စနေနေ့မှ စတင်၍ ရဟန်းအဖြစ် ခွင့်ပြုတော်မူလျက် သံဃာ့အဖွဲ့အစည်းကို ဖန်တီးတော်မူခဲ့ပေသည်။

### လက်ဆင့်ကမ်း ထမ်းဆောင်လာခဲ့ကြ

သံဃာ့ အဖွဲ့အစည်းဝင် ထေရ်မဟာရှင်မြတ်တို့သည် မိမိတို့ဆရာ မြတ်စွာဘုရား တည်ထောင်ထားခဲ့သော သာသနာတော်မြတ်ကြီးကို ယနေ့ (၁၃၄၁-ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၁)ရက်၊ ၁၉၈၀-ပြည့်နှစ်၊ ဖေဖော်ဝါရီလ (၁)ရက်၊ သောကြာနေ့)တိုင် နှစ်ပေါင်း၂၅၆၈-နှစ်ကြာအောင် ဆရာမှ တပည့်သို့ လက်ဆင့်ကမ်းကာ ထမ်းဆောင်လာခဲ့ကြလေသည်။

မှတ်ချက်။ ဘုရားရှင် သက်တော်ထင်ရှားရှိစဉ် (၄၅)နှစ်နှင့် ဘုရားရှင် ပရိနိဗ္ဗာန်စံပြီးနောက် ၂၅၂၃-နှစ်ကို ပေါင်းတွက်ထားသည်။

### အဆိုးလောကဓံနှင့် ရင်ဆိုင်ရ

ထိုမျှကြာအောင် ထမ်းဆောင်ခဲ့ကြရာတွင် မြန်မာနိုင်ငံ၌မူ ဘာသာအယူဝါဒ မတူမျှသော လူမျိုးခြား အစိုးရတို့၏ အုပ်ချုပ်မှုကို နှစ်ပေါင်း

များစွာခံခဲ့ရခြင်း, ကြောက်မက်ဖွယ်ကောင်းလှသော စစ်ဘေး စစ်ဒဏ်တို့ကို အကြိမ်ကြိမ်အဖန်ဖန် ခံခဲ့ရခြင်း စသော အဆိုး လောကဓံတရားနှင့် ရင်ဆိုင်ရဖန်များသောကြောင့် ပြည်ထောင်စုမြန်မာ နိုင်ငံသား သာသနာ့ဝန်ထမ်း ရဟန်းသာမဏေ အများတို့သည် တဖြည်းဖြည်း သာသနာစိတ်ဓာတ် လျော့ပါးလာခဲ့ကြရလေသည်။

အချို့ အချို့သော သာသနာ့ဝန်ထမ်း ရဟန်းသာမဏေများသည် သဗ္ဗညုမြတ်စွာဘုရား ဟောကြားဆုံးမတော်မူထားခဲ့သော ဝိနည်းတရား များကို ပြည့်စုံစွာ မကျင့်သုံးနိုင်ကြတော့ဘဲ ကုလ ဒူသန, အနေသန, မိစ္ဆာဇီဝ စသော အမှုတို့ကို ပြုလုပ်လာကြသဖြင့် သာသနာတော်ကို မှီခို၍ ကြည်ညိုလေးစား အားထားရင်းရှိခဲ့ကြသော ဗုဒ္ဓ ဘာသာဝင် သူတော်စင် ဒကာ၊ ဒကာမ အများ တို့၏ စေတနာ သဒ္ဓါတရားကို ထိန်းမထားနိုင် သော အခြေအနေသို့ ရောက်ရှိလာခဲ့ကြပေသည်။

## သမဏသညာ အားနည်းလာ

ဤမျှလောက် မကသေး စစ်ဘေးစစ်ဒဏ် အထိခံကြရသော အချို့ဒကာ ဒကာမများသည် မိမိတို့ မှီခိုအားထား ကိုးစားရာ ဆရာသမား ရဟန်းတော်များ၏ ကျောင်းသင်္ခမ်းအတွင်းသို့ ချင်းနင်းဝင်ရောက်ကာ အသီးသီးခိုအောင်းလာခဲ့ ကြရလေသည်။ လူဝတ်ကြောင်များနှင့် နီးနီး ကပ်ကပ် ဆက်ဆံနေထိုင်လာခဲ့ကြရသော အချို့ အချို့သော ရဟန်းတော်များသည် သမဏသညာ အားနည်းလာကြလျက် ယင်းတို့၏ ရင့်ကျက်ပြီး သော ဣန္ဒြေအသီးသီးတို့ အပျက်စီးကြီး ပျက်စီး လာခဲ့ကြရလေသည်။

## လူပြိန်းကြိုက် အဓမ္မဝါဒဟောကြား

အချို့ အချို့သော ရဟန်းတော်များသည် မိမိတို့စိတ်ကူးမိရာ မဟုတ်မမှန် လုပ်ကြံတီထွင် ထားသော လူပြိန်းကြိုက် အဓမ္မဝါဒများကို ဗုဒ္ဓဝါဒ အမည်တင်ကာ တွင်တွင်ကြီး ဟောကြားလာခဲ့ ကြလေသည်။

## သာသနာတော်နှင့်မထိုက်တန်သော အလုပ် ပြုလုပ်

အချို့ အချို့သော ရဟန်းတော်များသည် လည်း တန်ခိုးကြီးသော ဘုရားပရိဝုဏ်အနီး၌ နေထိုင်ကြပြီး ယင်းတို့ကိုယ်တိုင် ဘိုးတော်အမည်ကို ခံယူကြရုံမျှမက များစွာသော ဘိုးတော် ဘတော် အမည်ခံ မလျော်ကန်သော လူရုပ်တို့ကိုလည်းကောင်း၊ မယ်တော်ကြီး, မယ်တော်ငယ်, မင်းကြီး, မင်းကလေး, ကိုးမြို့ရှင်, နယ်ပိုင်ရှင် စသော အမျိုးမျိုးသော နတ်ရုပ်တို့ကိုလည်း ကောင်း ပြသလျက် သာသနာတော် နှင့် မထိုက်တန် သော အလုပ်တို့ကို သာသနာပြု အမည်တပ်ကာ ရဲဝံ့စွာ လုပ်ကိုင်လာကြလေသည်။

## အလိုဆန်းဖြင့် ရှင်ရဟန်းအသွင်ယူ

အချို့ အချို့သော လူပုဂ္ဂိုလ်တို့ကလည်း ပရိက္ခရာ သင်္ကန်း ငှါးရမ်းဝယ်ယူကြပြီး သိက္ခာ မတင် သိမ်မဝင်ဘဲ မိမိတို့အလိုဆန်းဖြင့် ရှင်ရဟန်းအသွင်ကို ယူကြလျက် မြို့ ရွာ၊ ရပ်ကွက်အတွင်း အိမ်ပေါက်စေ့ အောင် လှည့်လည်ကြ၍လည်း ကောင်း, ဘုရားဖူးသူ လူစည်ကားရာ ဘုရားစောင်း တန်း လှေခါးပေါ်မှာ အမြင်မတော်အောင်စောင့် မျှော်နေထိုင်ကြ၍ လည်းကောင်းတောင်းခံ စားသောက်လာခဲ့ကြလေ သည်။

# ပြည်ထောင်စုမြန်မာနိုင်ငံတော် ခေတ်နှင့်အညီ စနစ်ကျသော သံဃာ့အဖွဲ့အစည်းများ ပေါ်ပေါက်လာခြင်း

ဘဒ္ဒန္တကောသလ-သရက်

### ၁၀၃-ခုနှစ်ဘုရားပွင့်

ကမ္ဘာဦးအစ မဟာသမ္မတ အသမ္ဘိန္န ခတ္တိယမျိုးမှ ဆင်းသက်၍ ကပိလဝတ်မင်းအဖြစ်သို့ ရောက်လာခဲ့သော သိဒ္ဓတ္ထမင်းသား ဘုရားအလောင်းတော်သည် မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ ကဆုန် လပြည့် ဗုဒ္ဓဟူးနေ့တွင် သမ္မာသမ္ဗုဒ္ဓအစစ် လောကသေဋ္ဌနင်း တရားမင်းအဖြစ်သို့ ရောက်တော်မူလာခဲ့ပေသည်။

### သာသနာတော်တည်ထောင်

ဂေါတမနွယ်ဖွား သဗ္ဗညုရှင်တော်မြတ်ဘုရားသည် မိမိကိုယ်တိုင် နိယတဗျာဒိတ်ပန်းကို ဆင်မြန်းတော်မူပြီးနောက် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကြာမျှ ကာလပတ်လုံး ပါရမီထိုထို မြတ်ကုသိုလ်အနန္တတို့ကို ဖြည့်ကျင့်ဆည်းပူးတော်မူပြီးမှ ရရှိတော်မူလာခဲ့သော သဗ္ဗညုတရွှေဉာဏ်တော်မြတ်ကြီးဖြင့် လူ, နတ်, ဗြဟ္မာ သတ္တဝါအများတို့၏ အစီးအပွားအလို့ငှါ ပရိယတ်, ပဋိပတ်, ပဋိဝေဓ သုံးထွေသော သာသနာတော်မြတ်ကြီးကို ဦးစီးခေါင်းဆောင် တည်ထောင်တော်မူခဲ့လေသည်။

### သံဃာ့အဖွဲ့အစည်းဖန်တီး

သုံးလောကစောထီး ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် မိမိဦးစီးခေါင်းဆောင် တည်ထောင်တော်မူလာခဲ့သော သာသနာတော်မြတ်ကြီးကို နှစ်ပေါင်းများစွာ ရှည်မြင့်ကြာအောင် လက်ဆင့်ကမ်းကာ ထမ်းဆောင်နိုင်ကြမည့် အရှင်ကောဏ္ဍညစသော ပုဂ္ဂိုလ်တို့ကို မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ ဝါဆိုလပြည့် စနေနေ့မှ စတင်၍ ရဟန်းအဖြစ် ခွင့်ပြုတော်မူလျက် သံဃာ့အဖွဲ့အစည်းကို ဖန်တီးတော်မူခဲ့ပေသည်။

### လက်ဆင့်ကမ်း ထမ်းဆောင်လာခဲ့ကြ

သံဃာ့ အဖွဲ့အစည်းဝင် ထေရ်မဟာရှင်မြတ်တို့သည် မိမိတို့ဆရာ မြတ်စွာဘုရား တည်ထောင်ထားခဲ့သော သာသနာတော်မြတ်ကြီးကို ယနေ့ (၁၃၄၁-ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၁)ရက်၊ ၁၉၈၀-ပြည့်နှစ်၊ ဖေဖော်ဝါရီလ (၁)ရက်၊ သောကြာနေ့)တိုင် နှစ်ပေါင်း၂၅၆၈-နှစ်ကြာအောင် ဆရာမှ တပည့်သို့ လက်ဆင့်ကမ်းကာ ထမ်းဆောင်လာခဲ့ကြလေသည်။

မှတ်ချက်။ ဘုရားရှင် သက်တော်ထင်ရှားရှိစဉ် (၄၅)နှစ်နှင့် ဘုရားရှင် ပရိနိဗ္ဗာန်စံပြီးနောက် ၂၅၂၃-နှစ်ကို ပေါင်းတွက်ထားသည်။

### အဆိုးလောကစံနှင့် ရင်ဆိုင်ရ

ထိုမျှကြာအောင် ထမ်းဆောင်ခဲ့ကြရာတွင် မြန်မာနိုင်ငံ၌မူ ဘာသာအယူဝါဒ မတူမျှသော လူမျိုးခြား အစိုးရတို့၏ အုပ်ချုပ်မှုကို နှစ်ပေါင်း

များစွာခံခဲ့ရခြင်း, ကြောက်မက်ဖွယ်ကောင်းလှသော စစ်ဘေး စစ်ဒဏ်တို့ကို အကြိမ်ကြိမ်အဖန်ဖန် ခံခဲ့ရခြင်း စသော အဆိုး လောကဓံတရားနှင့် ရင်ဆိုင်ရဖန်များသောကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံသား သာသနာ့ဝန်ထမ်း ရဟန်းသာမဏေအများတို့သည် တဖြည်းဖြည်း သာသနာစိတ်ဓာတ် လျော့ပါးလာခဲ့ကြရလေသည်။

အချို့ အချို့သော သာသနာ့ဝန်ထမ်း ရဟန်းသာမဏေများသည် သဗ္ဗညုမြတ်စွာဘုရား ဟောကြားဆုံးမတော်မူထားခဲ့သော ဝိနည်းတရားများကို ပြည့်စုံစွာ မကျင့်သုံးနိုင်ကြတော့ဘဲ ကုလဒူသန, အနေသန, မိစ္ဆာဇီဝ စသော အမှုတို့ကို ပြုလုပ်လာကြသဖြင့် သာသနာတော်ကို မှီခို၍ ကြည်ညိုလေးစား အားထားရင်းရှိခဲ့ကြသော ဗုဒ္ဓဘာသာဝင် သူတော်စင် ဒကာ၊ ဒကာမ အများတို့၏ စေတနာ သဒ္ဓါတရားကို ထိန်းမထားနိုင်သော အခြေအနေသို့ ရောက်ရှိလာခဲ့ကြပေသည်။

## သမဏသညာ အားနည်းလာ

ဤမျှလောက် မကသေး၊ စစ်ဘေးစစ်ဒဏ် အထိခံကြရသော အချို့ဒကာ ဒကာမများသည် မိမိတို့ မှီခိုအားထား ကိုးစားရာ ဆရာသမား ရဟန်းတော်များ၏ ကျောင်းသခ်မ်းအတွင်းသို့ ချင်းနင်းဝင်ရောက်ကာ အသီးသီးခိုအောင်းလာခဲ့ကြရလေသည်။ လူဝတ်ကြောင်များနှင့် နီးနီးကပ်ကပ် ဆက်ဆံနေထိုင်လာခဲ့ကြရသော အချို့အချို့သော ရဟန်းတော်များသည် သမဏသညာ အားနည်းလာကြလျက် ယင်းတို့၏ ရင့်ကျက်ပြီးသော ဣန္ဒြေအသီးသီးတို့ အပျက်စီးကြီး ပျက်စီးလာခဲ့ကြရလေသည်။

## လူပြိန်းကြိုက် အဓမ္မဝါဒဟောကြား

အချို့ အချို့သော ရဟန်းတော်များသည် မိမိတို့စိတ်ကူးမိရာ မဟုတ်မမှန် လုပ်ကြံတီထွင်ထားသော လူပြိန်းကြိုက် အဓမ္မဝါဒများကို ဗုဒ္ဓဝါဒ အမည်တင်ကာ တွင်တွင်ကြီး ဟောကြားလာခဲ့ကြလေသည်။

## သာသနာတော်နှင့်မထိုက်တန်သော အလုပ် မြုလုပ်

အချို့ အချို့သော ရဟန်းတော်များသည် လည်း တန်ခိုးကြီးသော ဘုရားပရိဝုဏ်အနီး၌ နေထိုင်ကြပြီး ယင်းတို့ကိုယ်တိုင် ဘိုးတော်အမည်ကို ခံယူကြရုံမျှမက များစွာသော ဘိုးတော် ဘတော် အမည်ခံ မလျော်ကန်သော လူရုပ်တို့ကို လည်းကောင်း၊ မယ်တော်ကြီး, မယ်တော်ငယ်, မင်းကြီး, မင်းကလေး, ကိုးမြို့ရှင်, နယ်ပိုင်ရှင် စသော အမျိုးမျိုးသော နတ်ရုပ်တို့ကိုလည်း ကောင်း ပြသလျက် သာသနာတော်နှင့် မထိုက်တန် သော အလုပ်တို့ကို သာသနာပြု အမည်တပ်ကာ ရဲဝံ့စွာ လုပ်ကိုင်လာကြလေသည်။

## အလိုဆန်းဖြင့် ရှင်ရဟန်းအသွင်ယူ

အချို့ အချို့သော လူပုဂ္ဂိုလ်တို့ကလည်း ပရိက္ခရာ သင်္ကန်း ဝှါးရမ်းဝယ်ယူကြပြီး သိက္ခာ မတင် သိမ်မဝင်ဘဲ မိမိတို့အလိုဆန်းဖြင့် ရှင်ရဟန်းအသွင်ကို ယူကြလျက် မြို့ ရွာ၊ ရပ်ကွက်အတွင်း အိမ်ပေါက်စေ့အောင် လှည့်လည်ကြ၍လည်း ကောင်း, ဘုရားဖူးသူ လူစည်ကားရာ ဘုရားစောင်း တန်း လှေခါးပေါ်မှာ အမြင်မတော်အောင်စောင့် မျှော်နေထိုင်ကြ၍ လည်းကောင်းတောင်းခံ စားသောက်လာခဲ့ကြလေသည်။

### နိုင်ငံခေါင်းဆောင်များနှင့် သာသနာ့ဦးသျှောင်တို့ ဆွေးနွေးညှိနှိုင်း

ယင်းသို့ဖြင့် သာသနာနှစ် ၂၅၂၃၊ ကောဇာသက္ကရာဇ် ၁၃၄၁-ခုနှစ်သို့ ရောက်လာ သောအခါ ထိုဖော်ပြပြီး အခြေအနေအမျိုးမျိုးကို သိရှိပေးသော် မူကြသော ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခေါင်းဆောင် ပုဂ္ဂိုလ်ကြီးများနှင့် ပြည်နယ်၊ တိုင်း အသီးသီးရှိ သာသနာ့ဦးသျှောင် ဆရာကြီးများ အကြိမ်ကြိမ် တွေ့ဆုံတော် မူကြလျက် သာသနာတော်အရေး ဆွေးနွေး ညှိနှိုင်းတော် မူခဲ့ကြလေသည်။

### ဆရာဒကာ ပူးပေါင်းဆောင်ရွက်ရန် သဘောတူ

ဆွေးနွေးညှိနှိုင်းမှုများအရ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးကို ဦးတည်ချက်ထားလျက် ဆရာ ဒကာ ပူးပေါင်းဆောင်ရွက်ကြရန် သဘောတူခဲ့ကြသည်အားလျော်စွာ သာသနာနှစ် ၂၅၂၄-ခု၊ ကောဇာသက္ကရာဇ် ၁၃၄၂-ခုနှစ်၊ နယုန်လဆန်း (၁၁) (၁၂) (၁၃) ရက်၊ ခရစ်နှစ် ၁၉၈၀ ပြည့်နှစ်၊ မေလ (၂၄) (၂၅) (၂၆) ရက်နေ့များတွင် မြန်မာနိုင်ငံတစ်ဝန်းလုံးမှ သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ် ဆရာတော် (၁၂၁၈) ပါး တက်ရောက်သော ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးကို ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ၊ မဟာပါသာဏ လိုဏ်ဂူတော်ကြီး၌ ကျင်းပလျက် ပြည်ထောင်စု မြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်း အခြေခံ စည်းမျဉ်း ကိုပြဋ္ဌာန်းခဲ့ပေသည်။

### သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်း အတည်ပြု

ယင်းအခြေခံစည်းမျဉ်းနှင့်အညီ သံဃာ့အဖွဲ့အစည်းများကို ဖွဲ့စည်းဆောင်ရွက်နိုင်ကြစေရန် သာသနာနှစ် ၂၅၂၄-ခု၊ ကောဇာသက္ကရာဇ် ၁၃၄၂-ခုနှစ်၊ နယုန်လဆန်း(၁၃)ရက်၊ ခရစ်နှစ် ၁၉၈၀-ပြည့်နှစ်၊ မေလ(၂၆)ရက်၊ တနင်္လာနေ့တွင် ကျင်းပသည့် ပထမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၊ ပထမအစည်းအဝေးက ပြည်ထောင်စု မြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများကို ပြဋ္ဌာန်းခဲ့ပေသည်။

### လုပ်ထုံးလုပ်နည်းအရ ဆောင်ရွက်

အတည်ပြု ပြဋ္ဌာန်းခဲ့ပြီးသော အခြေခံစည်းမျဉ်းနှင့် သံဃာ့အဖွဲ့အစည်းလုပ်ထုံးလုပ်နည်းများအရ မြန်မာနိုင်ငံ တစ်ဝန်းလုံး၌ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တို့ကို ရွေးချယ်ဖွဲ့စည်းကြပြီး သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးဟူသော ဦးတည်ချက်ဖြင့် ဝိနိစ္ဆယရေးရာ, သာသနာရေးရာ, ပညာရေးရာတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြလေသည်။

### ပြဿနာတွေ့ရ၍ ပြင်ဆင်ရန်လိုအပ်

ယင်းကဲ့သို့ ဆောင်ရွက်ကြရာတွင် အချိန်အခါအရလည်းကောင်း၊ အခြေအနေအရ လည်းကောင်း တွေ့ကြုံခဲ့ကြရသော အချို့သောပြဿနာရပ်များကို ဖြေရှင်းရာ၌ ရှင်းလင်းတိကျသော အဖြေကို ရနိုင်ဖို့ရာ အခက်အခဲများစွာကို တွေ့ရှိကြရလေသည်။ ယင်းအခက်အခဲများကို ကျော်လွှားနိုင်ရန် ပြည်ထောင်စုမြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်းလုပ်ထုံးလုပ်နည်းများကို ပြန်လည်ပြင်ဆင် မွမ်းမံဖို့ရာ လိုအပ်နေပြီဖြစ်ကြောင်း သုံးသပ်မိခဲ့ ကြပေသည်။

### နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အား တာဝန်ပေးအပ်

ယင်းသို့ သုံးသပ်မိခဲ့ကြသည့်အလျောက်

၁၃၄၆-ခုနှစ်၊ နယုန်လဆန်း(၁၁)ရက်၊ (၉-၆-၈၄) စနေနေ့တွင် ကျင်းပသည့် ပထမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဥ္စမအစည်းအဝေးက ဒုတိယအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေး ကျင်းပသောအခါ အတည်ပြုပြဋ္ဌာန်းဖို့ရာ ပြင်ဆင်, မွမ်းမံသင့်သော အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ စသည်တို့ကို ပြင်ဆင်, မွမ်းမံထားနိုင်ရန် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အား တာဝန်ပေးအပ်ခဲ့လေသည်။

### မဟာနာယက(၇)ပါးအား တာဝန်ခွဲပေး

နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့က ပေးအပ်ခဲ့သော တာဝန်ကို ထမ်းဆောင်ရမည့် နိုင်ငံတော်သံဃမဟာနာကအဖွဲ့သည် ၁၃၄၆-ခုနှစ်၊ ဝါဆိုလဆန်း(၉)ရက်၊ ၁၉၈၄-ခုနှစ်၊ ဇူလိုင်လ(၆)ရက်၊ သောကြာနေ့တွင် ကျင်းပသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၄၅-ပါးစုံညီသတ္တရသမ အစည်းအဝေး၌ ပြင်ဆင်, မွမ်းမံသင့်သော အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်း စသည်တို့ကို ပြင်ဆင်, မွမ်းမံရန် နိုင်ငံတော် သံဃမဟာနာယက ဆရာတော်(၇)ပါးတို့အား တာဝန်ခွဲပေးခဲ့လေသည်။

### အဖွဲ့ငယ် ဖွဲ့စည်းဆောင်ရွက်

ဆရာတော်(၇)ပါးတို့သည် ၁၃၄၆-ခုနှစ်၊ ဝါဆိုလပြည့်ကျော်(၅)ရက်၊ ၁၉၈၄-ခုနှစ်၊ ဇူလိုင်လ(၁၇)ရက်၊ အင်္ဂါနေ့တွင် ဇမ္ဗူဒီပကျောင်းဆောင် အပေါ်ဆုံးထပ် အမှတ်(၅၃)အခန်းကို အဖွဲ့ရုံးခန်းအဖြစ် သတ်မှတ်ကြလျက် ထိုရုံးခန်း၌ပင် စည်းဝေးတော်မူကြပြီး အဖွဲ့အစည်းပုံစံဖြင့် လုပ်ဆောင်ကြရန် သဘောတူတော်မူကြသည့်အားလျော်စွာ ပြင်ဆင်, မွမ်းမံရေးအဖွဲ့ငယ် ကို ဖွဲ့စည်း၍ ဆောင်ရွက်တော်မူခဲ့ကြလေသည်။

### မူ(၈)ရပ် ချမှတ်ဆောင်ရွက်

အဖွဲ့ဝင်ဆရာတော်တို့သည် အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်း စသည်တို့ကို ပြင်ဆင်, မွမ်းမံရာတွင် အယူအဆတူညီ၍ ပြင်ဆင်မှု လွယ်ကူစေရန်အလို့ငှါ ဖော်ပြလတ္တံ့ပါ ပြင်ဆင်မွမ်းမံရေးမူ(၈)ရပ်ကို ချမှတ်ဆောင်ရွက်တော်မူကြသည်။

### ပြင်ဆင်, မွမ်းမံရေးမူများ

အဖွဲ့ငယ်၏ ပြင်ဆင်မွမ်းမံမှုသည်-

(၁) အချက်အလက်ပိုမိုပြည့်စုံစေရန်ဖြစ်သည်၊

(၂) စကားဝါကျ သိပ်သည်းကျစ်လျစ်စေရန် ဖြစ်သည်။

(၃) စကားလုံးအဓိပ္ပါယ် ပေါ်လွင်ထင်ရှားစေရန် ဖြစ်သည်။

(၄) စကားလုံးအသုံးအနှုန်း ခန့်ညားထယ်ဝါမှု ရှိစေရန်ဖြစ်သည်။

(၅) ရှေ့နောက် အသုံးအနှုန်း ဝေါဟာရ တူမျှစေရန်ဖြစ်သည်။

(၆) အခြေခံစည်းမျဉ်း, လုပ်ထုံးလုပ်နည်းများ, နာယကလက်စွဲ, ညွှန်ကြားလွှာစာအုပ်များ ပါဆိုင်ရာ စကားဝါကျ အချင်းချင်း အဓိပ္ပါယ် အယူအဆ တူမျှမှုရှိစေရန် ဖြစ် သည်။

(၇) ပထမအကြိမ် တာဝန်ကာလအတွင်း၌ သံဃာ့အဖွဲ့အစည်း အသီးသီးတို့ တွေ့ကြုံခဲ့ကြရသော ခက်ခဲသည့်ပြဿနာအဖြာဖြာ တို့ကို လွယ်ကူစွာ ဖြေရှင်းနိုင်စေရန် ဖြစ် သည်။

(၈) ဒုတိယအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး ကျင်းပရေးဆိုင်ရာ လုပ်ငန်း

စိမံချက်များနှင့် ဆန့်ကျင်မှု မရှိစေရန် ဖြစ် သည်။

### စက်တင်ပုံနှိပ်စေခဲ့

အဖွဲ့ဝင်ဆရာတော်တို့သည် ဖော်ပြပါ ပြင်ဆင်, မွမ်းမံရေးမှု (၈)ရပ် ချမှတ်ပြီး ဆက်လက်ဆောင်ရွက်တော်မူခဲ့ကြရာ ဤပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ (ပြင်ဆင်ဖြည့်စွက်ချက်မူကြမ်း)ကို ၁၃၄၆-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၈)ရက်၊ ၁၉၈၄-ခုနှစ်၊ အောက်တိုဘာလ (၃၁)ရက်၊ ဗုဒ္ဓဟူးနေ့တွင် စက်တင်ပုံနှိပ်စေခဲ့လေသည်။

### နိုင်ငံတော် သံဃမဟာနာယကအဖွဲ့နှင့် ဗဟိုသံဃာ့ဝန်ဆောင်အစည်းအဝေး ၂-ခုက အတည်ပြု

ယင်းပြင်ဆင်မွမ်းမံထားသော သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများကို ၁၃၄၆-ခုနှစ် ပြာသိုလပြည့်ကျော် (၃)ရက်၊ ၁၉၈၅-ခုနှစ်၊ ဇန်နဝါရီလ (၈)ရက်၊ အင်္ဂါနေ့တွင် ကျင်းပသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၅-ပါးစုံညီ အစည်းအဝေးသို့ လည်းကောင်း၊ ၁၃၄၆-ခုနှစ်၊ ပြာသိုလပြည့်ကျော် (၆)ရက်၊ ၁၉၈၅-ခုနှစ်၊ ဇန်နဝါရီလ (၁၁)ရက်၊ သောကြာနေ့တွင် ကျင်းပသော ပထမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပထမအထူးအစည်းအဝေးသို့ လည်းကောင်း တင်ပြ၍ လိုအပ်သလို ပြင်ဆင်မွမ်းမံမှု ထပ်မံပြုလုပ်ပြီးလျှင် ဒုတိယအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေးသို့ တင်သွင်းလျက် ဝေဖန်ဆွေးနွေးပြီး အတည်ပြုချက် ရယူရန် ဆုံးဖြတ်ခဲ့ကြသည်။


### နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့က ပြဋ္ဌာန်း

ယင်းသို့ အစည်းအဝေးကြီး ၂-ခုက လက်ခံ၍ လိုအပ်သလို ပြင်ဆင်မွမ်းမံမှု ထပ်မံပြုလုပ်ပြီးသော ဤသံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်း များ ပြင်ဆင်ဖြည့်စွက်ချက်ကို ၁၃၄၇-ခုနှစ်၊ နယုန်လဆန်း (၁)ရက်၊ ၁၉၈၅-ခုနှစ်၊ မေလ (၃၀) ကြာသပတေးနေ့တွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပသော ဒုတိယအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေးက ဝေဖန်ဆွေးနွေးပြီး အတည်ပြုပြဋ္ဌာန်းသည်။


ယင်းပြဋ္ဌာန်းချက်အရ သံဃသမ္မုတိရသံဃာ့ကိုယ်စားလှယ်ဆရာတော်များ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များ၊ နိုင်ငံတော်သံဃမဟာနာယကဆရာတော်များ၊ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်များ၊ ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကဆရာတော်များ၊ မြို့နယ်သံဃနာယကဆရာတော်များ၊ ပြည်နယ်/တိုင်းသံဃနာယကဆရာတော်များ၊ မြို့နယ်/ပြည်နယ်/တိုင်း ဝိနည်းဓိုရ်ဆရာတော်များ၊ နိုင်ငံတော် သံဃဝိနိစ္ဆယ/နိုင်ငံတော်ဝိနည်းဓိုရ်/နိုင်ငံတော်သီးခြားဝိနည်းဓိုရ်ဆရာတော်များ စသော သံဃာ့အဖွဲ့အစည်းဝင် ဆရာတော်များ ပေါ်ပေါက်လာကြပြီး သာသနာတော် သန့်ရှင်း, တည်တံ့, ပြန့်ပွား, ထွန်းကားရေးဟူသော အဓိက ဦးတည်ချက်ကြီးဖြင့် သာသနာရေးကိစ္စတို့ကို ဆောင်ရွက်တော်မူခဲ့ကြပါသည်။

❖❖❖❖❖

# နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ငွေရတုကာလ
# သံဃာ့အစည်းအဝေးများ မှတ်တမ်းပုံရိပ်လွှာ



ပထမအကြိမ် ဂိုဏ်းပေါင်းစုံ
သံဃာ့အစည်းအဝေးပွဲကြီး၌
ပဲခူးမြို့မဆရာတော်ဘုရားကြီး
သဘာပတိအဖြစ် ဆောင်ရွက်နေပုံ
(၁၉၈၀)



စစ်ကိုင်းမြို့၊ မင်းကွန်းဓမ္မနာဒကျောင်းတိုက်၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက
ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ဖတ်ကြားလျှောက်ထားနေပုံ (၁၉၈၀)



ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်း ရေးဆွဲရေးအဖွဲ့ငယ်(၁၉၈၀)



ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး ဝိနည်းဓမ္မကံလုပ်ထုံးလုပ်နည်း ရေးဆွဲရေးအဖွဲ့ငယ် (၁၉၈၀)



ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး သံဃာ့ဝန်ဆောင်အကြံပေးအဖွဲ့ ဆရာတော်များ(၁၉၈၀)



သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်ဆရာတော်၁၂၁၈ပါး တက်ရောက်တော်မူကြသည့်
ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး ကျင်းပနေပုံ(၁၉၈၀)



ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးသို့
တက်ရောက်တော်မူလာကြသော ဩဝါဒါစရိယဆရာတော်များ(၁၉၈၀)




ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးသို့
တက်ရောက်တော်မူလာကြသော ဩဝါဒါစရိယဆရာတော်များ(၁၉၈၀)




ပထမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်( ၃ )ပါးနှင့်
အကျိုးတော်ဆောင်ဆရာတော်( ၃ )ပါး (၁၉၈၀)



ပထမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ၊ ပဲခူးမြို့မဆရာတော်ဘုရားကြီး မှတ်တမ်းစာအုပ်၌
လက်မှတ်ရေးထိုးနေပုံ(၁၉၈၀)




ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး သာသနာ့သမိုင်းဝင်စာအုပ်ကြီး၌
မန္တလေးမြို့ တောင်သမန်တိုက် ပုသိမ်ဆရာတော်ကြီး လက်မှတ်ရေးထိုးနေပုံ(၁၉၈၀)




ပထမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဉ္စမအစည်းအဝေးသို့ တက်ရောက်တော်မူကြသော
နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ(၁၉၈၅)




ဒုတိယအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၄၇ - ပါး စုံညီ သတ္တမအစည်းအဝေး ကျင်းပနေပုံ(၁၉၈၇)



ဒုတိယအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တတိယအစည်းအဝေး၌ ပဲခူးမြို့မှ ဆရာတော်ဘုရားကြီး
သာရဏီယ ဩဝါဒကထာ မြွက်ကြားနေပုံ(၁၉၈၇)



ဒုတိယအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး၌ မန္တလေးမြို့ မဟာနန္ဒိသေနာရာမ ဆရာတော်ကြီး
ဩဝါဒကထာ မြွက်ကြားနေပုံ(၁၉၈၅)



ဒုတိယအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်( ၄၇ )ပါး (၁၉၈၅)

# ရှေးသူတော်ကောင်းတို့၏ ဆုတောင်း

ဘဒ္ဒန္တဇာဂရာဘိဝံသ

ရှေးရှေးသူတော်ကောင်းကြီးများက ကုသိုလ်တစ်ခုခုပြုပြီး ဆုမွန်ကောင်းတောင်းကြရာ ပုံစံတစ်ခုကို ပြရပါလျှင်-

၁။ ဤကုသိုလ်အရှိန်အဝါကြောင့် သတ္တဝါများသည် တရားမင်းမြတ်ဘုရား၏ လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ရွက်ဆောင်နိုင်သည့် မြတ်တရားကို သိနိုင် မြင်နိုင်ကြပါစေ။

၂။ စင်ကြယ်သန့်ရှင်း လွယ်ကူချမ်းသာသော အကျင့်မြတ်ဖြင့် တအုံ့နွေးနွေး ပူဆွေးညှိုးပိန် စိုးရိမ်ကင်းရာ စိတ်ပင်ပန်းခြင်း နွမ်းနယ်ခြင်းကင်းရာ မြတ်သော နိဗ္ဗာန်သို့ ရောက်ကြပါစေ။

၃။ သဒ္ဓမ္မခေါ် သူတော်ကောင်းတို့၏ တရား(ဝါ) သာသနာတော်မြတ် ကြာရှည်စွာ တည်တံ့ပါစေ။

၄။ သတ္တဝါအားလုံးတို့သည် သဒ္ဓမ္မခေါ် သူတော်ကောင်းတရားအပေါ် ရိုသေလေးစား အားထားကြပါစေ။

၅။ စိုက်ချိန်၊ ပျိုးချိန် ရွာသွန်းချိန်မှာ မိုးမှန်မှန် ရွာသွန်းပါစေ။

၆။ ရှေးမင်းများနည်းတူ သင်္ဂဟတရားလေးပါး မင်းကျင့်တရား (၁၀)ပါး လက်ကိုင်ထားကာ တိုင်းသားပြည်သူကို စိုးမိုးအုပ်ချုပ်စောင့်ရှောက်နိုင်ကြပါစေ ဆိုသည့် ဆုတောင်း ဖြစ်ပါသည်။

ဖော်ပြပါ ဆုတောင်းကို ယခုတိုင် ရဟန်းရှင်လူ သူတော်ကောင်းများ အဖန်ဖန် အထပ်ထပ် ဆုတောင်းနေကြပါသည်။

### သဒ္ဓမ္မခေါ် သာသနာတော်ဆိုတာ

အဆိုပါ ဆုတောင်းစကားမှာ ပါရှိသည့် “သဒ္ဓမ္မ”ဆိုသည်မှာ သူတော်ကောင်းတို့ တရားဖြစ်သည်။ ဝါ-သာသနာတော်ပါပဲ။ သာသနာဆိုသည်မှာ မြတ်ဘုရားရဲ့ အဆုံးအမတော် ဖြစ်သည်။

ယင်းသဒ္ဓမ္မ သာသနာတော်ကို စိတ်ဖြာကြည့်သော်-

(၁) မြတ်စွာဘုရား (၄၅)ဝါ ကာလပတ်လုံး ဟောကြားဆုံးမတော်မူခဲ့သည့် စကားတော်၊ တရားတော်၊ သုတ္တန်ဝိနည်း အဘိဓမ္မာ တရားတော်တွေကို ပရိယတ္တိ သဒ္ဓမ္မ- ပရိယတ္တိသာသနာဟု ခေါ်ပါသည်။

(၂) ယင်းပိဋကသုံးပုံမှာ ဟောပြညွှန်ကြားထားတော် မူခဲ့သည့် သီလကျင့်စဉ် ဓုတင်အကျင့် သမထဝိပဿနာ ကျင့်စဉ်များကို ပဋိပတ္တိ သဒ္ဓမ္မ၊ ပဋိပတ္တိ သာသနာဟု ခေါ်ပါသည်။ ပိဋကသုံးပုံကို ခြုံကြည့်မည်ဆိုပါက ဗောဓိပက္ခိယတရား (၃၇)ပါး၊ ယင်းကို ချုံပြောပါက မဂ္ဂင် (၈)ပါး၊ မဂ္ဂင် (၈)ပါးကို ထပ်ချုံး၍ ပြောပါက သိက္ခာ (၃)ပါး၊ သီလကျင့်စဉ်၊ သမာဓိကျင့်စဉ်၊ ပညာကျင့်စဉ်၊ သိက္ခာသုံးပါး ကျင့်

စဉ်တွေကိုပဋိပတ္တိသာသနာဟု ခေါ်ဆိုပါသည်။ အဆိုပါသဒ္ဓမ္မစာရင်းဝင် (၁. ၂)ပါ သာသနာနှစ်ရပ်က ပဋိဝေဓ သဒ္ဓမ္မခေါ် မဂ်ဖိုလ် နိဗ္ဗာန်ကို ရရှိဖို့အကြောင်း ကောင်းမြတ်သည့် သာသနာများ ဖြစ်ကြပါသည်။

(၃) ပရိယတ္တိ၊ ပဋိပတ္တိ သာသနာနှစ်ရပ်ကို အခြေခံမှ ရရှိလာနိုင်သည့် မဂ်ဖိုလ် နိဗ္ဗာန် လောကုတ္တရာတရား (၉)ပါးကို ပဋိဝေဓ သဒ္ဓမ္မ ပဋိဝေဓသာသနာခေါ်ပါသည်။

အဆိုပါ သုံးရပ်သော သဒ္ဓမ္မ၊ သုံးရပ်သော သာသနာကြာရှည်စွာ တည်တံ့ပါစေဟု ဆုတောင်းကြခြင်း ဖြစ်သည်။

သာသနာသုံးရပ်တွင် ပဋိပတ္တိသာသနာကျင့်စဉ်ကို ပရိယတ္တိ ပိဋကတ်စာပေက ပဲ့ကိုင်ပေးပါမှ ဖြောင့်မှန်သည်။

ပရိယတ္တိ ပိဋကတ်စာပေသည် ပဋိပတ္တိကျင့်စဉ်ဖြင့်အမွှန်းတင်ပေးပါမှ တောက်ပပါမည်။ ပရိယတ္တိသည် သာသနာတော်၏ ရေသောက်မြစ် ပဋိပတ္တိသည် သာသနာတော်၏ အနှစ်ဟု မိန့်တော်မူခဲ့ကြပါသည်။ ထို့ကြောင့် အမြစ်ရေလောင်း၊ အနှစ်သုံးစွဲဖို့ တိုက်တွန်းအပ်ပါသည်။

## ဓမ္မအန္တရာယ်

လွန်ခဲ့သော(၂၆) ရာစုက မြတ်ဘုရားပွင့်တော်မူ၍ သဒ္ဓမ္မခေါ် သာသနာတော်ဟုဆိုသော သူတော်ကောင်းတရားများကို ထုတ်ဖော်ဟောကြားဖြန့်ဝေလျက် အမြိုက်အရသာတိုက်ကျွေးတော်မူခဲ့ပါသည်။မြတ်ဘုရား အမြိုက်အရသာ တိုက်ကျွေးပြီး ပရိနိဗ္ဗာန်ဝင်စံတော်မူ၍ မြတ်ဘုရား၏ ခန္ဓာကိုယ်တော်ကြီး ရွှေစင် ရွှေခဲပမာ တည်နေစဉ် (၇)ရက်မျှအကြာပဲရှိသေးချိန် သုဘဒ်ရဟန်းဆိုသည့် သဒ္ဓမ္မခေါ် သာသနာတော်ရဲ့ အန္တရာယ် ပေါ်လာခဲ့ပါသည်။ ဘုရားရှင်ကိုယ်တော်တိုင် တည်ထားခဲ့တဲ့ သုတ္တန် ဝိနည်း အဘိဓမ္မာတရားတော် ဓမ္မစေတီတော်များကို တူးဖြိုပါတော့သည်။ အထူးသဖြင့် သာသနာတော်၏ အသက်သွေးကြော ဝိနည်းတရားတော်ကို ပစ်မှတ်ထား၍ ဖျက်ဆီးဖြိုခွင်းပါတော့သည်။ သာသနာတော်မှာ ပထမဦးဆုံး ဓမ္မအန္တရာယ် အဆိုပြုလာသူဖြစ်ပါသည်။

## ဓမ္မအန္တရာယ်

ယင်းသို့ သုဘဒ်ရဟန်းကြီး၏ ဓမ္မအန္တရာယ် အရေးဆိုလာသံ ဓမ္မအန္တရာယ် ဖြိုဖျက်ဟန်ကို သိရှိတော်မူသည့် တတိယ သာဝက အရှင်မဟာကဿပမထေရ်မြတ်ကြီးသည် ဦးခေါင်းပေါ် မိုးကြိုးပစ်ခံရသကဲ့သို့ သံဝေဂရတော်မူသည်။

ငါတို့မြတ်စွာဘုရား လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ဖြည့်ကျင့်ဆည်းပူးပြီးမှ တည်ထောင်လာခဲ့ရသည့် သာသနာတော်မြတ်ကြီး ဓမ္မန္တရာယ် ပေါ်လာပြီ။ အချိန်မနှောင်းမီ ဓမ္မ+ဝိနယ ခေါ် သဒ္ဓမ္မ၊ သဒ္ဓမ္မ ခေါ်သာသနာတော်ကို ဆက်လက်ထိန်းသိမ်းစောက်ရှောက်ကြရန် စဉ်းစားတိုင်ပင်ညှိနှိုင်းတော်မူခဲ့ကြပါသည်။

ဓမ္မ + ဝိနယခေါ် ပိဋကတ်သုံးပုံ သဒ္ဓမ္မသာသနာတော်ကို ဆက်လက် ထိန်းမထားနိုင်ဘဲ (၈၄၀၀၀) ပင်ပွား ပဒေသာပင်တွေပျောက်ကွယ်သွားပါက- မူလေနဋ္ဌေ ပိသာစ သဒိသာ ဘဝိဿာမ အမိအဖများ ပေးထားတဲ့ဆေးမြစ် ပျောက်သွားသည့် မြေဘုတ်ဘီလူးတို့လို ဖြစ်ကုန် လိမ့်မည်တဲ့။

မိဘများက သား မြေဘုတ်ဘီလူးငယ်အား အရာရာကိစ္စ ဆောင်ရွက်နိုင်ဖို့ ကိုယ်ရောင်ဖျောက်နိုင်ရန်ဆေးမြစ်လေး လက်ထဲထည့် ပေးထားပါ

လျက် ဆေးမြစ်ပျောက်သွားခဲ့ပါလျှင် ကိုယ်ရောင် မဖျောက်နိုင်တော့သဖြင့် မြေဘုတ်ဘီလူးကို ခွေးတွေက ကိုက်၊ လူတွေက ရိုက်နဲ့ ရပ်တည်ရာ မရသလို ဖြစ်ကြရလိမ့်မည်။ ဆေးမြစ်နဲ့တူသည့် ဓမ္မဝိနယခေါ် ပိဋကသုံးပုံ ကွယ်ပျောက်သွားလျှင် သီလ သမာဓိ ပညာ ကျင့်စဉ်တွေ ပျောက်ကွယ်သွားပါလိမ့်မည်။

ဓမ္မဝိနယခေါ် ပိဋက သုံးပုံကို ပေါင်းစုရွက်ကာ သင်္ဂါယနာတင်ပြီး ထိန်းသိမ်းစောင့်ရှောက်ကာ ဓမ္မန္တရာယ်ကာကွယ်ကြပါစို့ဟု အကြံပြု တိုက်တွန်းနှိုးဆော်ကာ ပထမဆုံး ဓမ္မန္တရာယ် ကာကွယ်ပွဲ ဓမ္မန္တရာယ်ရှုံ့ချပွဲ အောင်ပွဲခံခဲ့တဲ့အတွက် ယခု မျက်မြင် သာသနာတော်ကို ကိုးကွယ်တွေ့မြင်နေကြရပါသည်။

### သာသနာတော်သန့်ရှင်းရေး (၂)မျိုး

သာသနာတော်ဟု ခေါ်ဆိုရသည့် ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ၊ တစ်နည်း သီလ သိက္ခာ သမာဓိ သိက္ခာ၊ ပညာသိက္ခာ၊ တစ်နည်း သိက္ခာ သုံးပါးကို ဖော်ညွှန်းဟောကြားထားသည့် ပိဋက သုံးပုံ ဓမ္မလမ်းကြောင်းမှန်၏ ဆန့်ကျင်ဘက် ဓမ္မန္တရာယ်၊ ဝိနည်းလမ်းစဉ်ရဲ့ ဆန့်ကျင်ဘက် ဝိနယန္တရာယ်တွေ (၂၆) ရာစုအတွင်း တော်တော် အကြိမ်များများ ဖြစ်ပေါ်လာခဲ့ပါသည်။

ယင်းဓမ္မန္တရာယ်၊ ဝိနယန္တရာယ်တို့ကို ချေဖျက်၍ ဓမ္မလမ်းကြောင်း၊ ဝိနယလမ်းကြောင်း မတိမ်း စောင်းရအောင် ထိန်းကျောင်းသန့်ရှင်းကြခြင်းကို "ဓမ္မဝိနယ သာသနာတော်သန့်ရှင်း" ဟု ခေါ်ဆိုရ သည်။

အဆိုပါ တရားသဖြင့် ဆုံးမရာ ဓမ္မဝိနယသာသနာတော်သို့ ဝင်ရောက်ပြီး သဒ္ဓါ ဝီရိယ စသည်နည်းပါးသဖြင့် ဓမ္မဝိနယသာသနာတော်ကို ချမှတ် သည့်ထုံးတမ်းစဉ်လာနည်းဥပဒေတွေကို သွေဖီနေထိုင်ပြောဆိုကျင့်ကြံသည့်ရဟန်းတော်တို့ကို ရှင်း လင်းဝန်ချဆုံးမခြင်းကို " ပုဂ္ဂိုလ်ဆိုင်ရာ သာသနာ့ သန့်ရှင်းရေး" ဟုခေါ်ဆိုနိုင်ပါသည်။

ယင်းကဲ့သို့ ရှင်တော်ဘုရား ဟောကြားထားသည့် ဓမ္မဝိနယလမ်းစဉ်နှင့် မညီညွတ်သော ဓမ္မန္တရာယ်ကို ကာကွယ်ပြီး ဓမ္မဝိနယလမ်းစဉ်ကို ပီပီပြင်ပြင် သန့်ရှင်းအောင် ဆောင်ရွက်ခြင်း၊ ဓမ္မဝိနယလမ်းစဉ်နှင့်သွေဖီနေထိုင်ပြောဆိုရေးသားသူတွေကို သန့်စင်ခြင်း၊ (၂) မျိုးလုံးကို ခြုံ၍ " သာသနာတော်သန့်ရှင်းရေး" ဟုခေါ်ဆိုနိုင်ပါသည်။

### သင်္ဂါယနာနှင့် သာသနာတော်သန့်ရှင်းရေး

ပထမ၊ ဒုတိယ၊ စတုတ္ထ၊ပဉ္စမ၊ ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးတို့မှာ ရှင်တော်ဘုရား ဟောကြားချမှတ်ထားခဲ့သည့် ဓမ္မဝိနယလမ်းစဉ်နဲ့ မညီညွတ်သော အမှားအယွင်း ဓမ္မန္တရာယ်ကို ကာကွယ်ပြီး ဓမ္မဝိနယလမ်းစဉ်ကို ပီပြင်အောင် ဆောင်ရွက်တော်မူကြခြင်းဖြင့် သာသနာတော် သန့်ရှင်းရေးလုပ်ငန်းကို ဆောင်ရွက်တော်မူခဲ့ကြ ပါသည်။

### တတိယသင်္ဂါယနာတင်ပွဲနှင့် သာသနာတော် သန့်ရှင်းရေး

တတိယသင်္ဂါယနာတင်ပွဲ သာသနာသန့်ရှင်းရေးလုပ်ငန်းကြီးကား ဓမ္မဝိနယနှင့် ပုဂ္ဂိုလ်နှစ်မျိုးစလုံးကို သန့်စင်ခဲ့ရသဖြင့် ခဲရာခဲဆစ်ရှိလှပါသည်။

ဘုရားရှင် ပရိနိဗ္ဗာန်စံပြီးနောက် (၂၃၅) နှစ်မှာ ဆောင်ရွက်ခဲ့သည့် သာသနာတော်သန့်ရှင်း ရေး မအောင်မြင်ခဲ့ပါလျှင် ထေရဝါဒသာသနာ တော်မြတ်ကြီး ကမ္ဘာ့မြေပြင်မှာ ဆိတ်သုဉ်းကွယ် ပျောက်

သွားမည်မှာ သေချာပါသည်။ ထိုအချိန်ကား သံဃာ့ ဂိုဏ်းကြီး (၁၈) ဂိုဏ်း ကွဲခဲ့ ပြီး ထေရဝါဒဂိုဏ်းကြီး တစ်ခုတည်းသာ သစ်ပင်၏ ပင်စည်ကြီးကဲ့သို့ တည်ရှိခွင့်ရခဲ့သဖြင့် ယခု မြန်မာ နိုင်ငံမှာ ထေရဝါဒ သာသနာတော်ကြီးကို တွေ့မြင်ကိုးကွယ်နေကြရပါသည်။

## ပြည်ထောင်စုမြန်မာနိုင်ငံတော် ၁၉၈၀ပြည့်နှစ် သာသနာသန့်ရှင်းရေး

၁၉၈၀-ပြည့်နှစ်၊ ၁၃၄၂-ခု၊ နယုန်လတွင် မြန်မာနိုင်ငံမှာ စတင်ဆောင်ရွက်ခဲ့သည့် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးလုပ်ငန်းကြီး သည် အောင်ပွဲခံလျက် ယနေ့ (၂၅) နှစ် ငွေရတုသဘင် ကျင်းပ နိုင်ခဲ့ပါပြီ။ ၁၉၈၀ပြည့်နှစ်က စတင် အကောင်အထည်ဖော်ခဲ့သည့် သာသနာသန့်ရှင်းရေးလုပ်ငန်းသည် ဓမ္မဝိနယနှင့် ပုဂ္ဂိုလ်နှစ်မျိုးလုံးကို သန့်စင်ရခြင်းဖြစ်၍ မလွယ်ကူလှပါ။ သဒ္ဓါအားစသည် ချိနဲ၍ ဓမ္မဝိနယလမ်းစဉ်ကို သွေဖီနေထိုင် ရေးသား ပြောဆိုနေကြသော ရဟန်းများကို ဖယ်ရှားခြင်းဆို သည့် သာသနာ့သန့်ရှင်းရေးကိုသာ အများက သိကြမြင်ကြပါသည်။

ပုဂ္ဂိုလ်ကို သန့်စင်မှုဟာ ရဟန်းရှင်လူတို့ အသိများကြသော်လည်း ဓမ္မဝိနယအန္တရာယ်ကို သန့်စင်မှုက ပို၍ အရာရောက်ပါသည်။

၁၉၈၀ပြည့်နှစ် သာသနာတော်သန့်ရှင်းရေး ကာလသည် မိမိတို့ဘာသာ သာသနာ၏အဆို အမိန့်မှန်ကို နားလည်ခွင့်မရကြ၍ မလိမ်မိုးမလိမ်မာ နောက်လိုက်တပည့် အုပ်လိုက်ကျင်းလိုက်မွေးကာ ဆင်ကန်းတောတိုး မျက်စိကန်း တစ္ဆေမကြောက် လက်ရဲဇက်ရဲ ထူထောင်ထားကြသည့် အဓမ္မဝါဒ လမ်းစဉ် တရားတု တရားယောင် တရားမြောင်တို့သည် မြန်မာနိုင်ငံ ထေရဝါဒသာသနာတွင်းမှ အစီအရီပေါ် ထွန်းတောက်ပြောင် တန်ခိုးထနေချိန် ဖြစ်ခဲ့ပါသည်။

> "ထေရဝါဒဂိုဏ်းကြီး တစ်ခုတည်းသာ သစ်ပင်၏ ပင်စည်ကြီးကဲ့သို့ တည်ရှိခွင့်ရခဲ့သဖြင့် ယခု မြန်မာ နိုင်ငံမှာ ထေရဝါဒ သာသနာတော်ကြီးကို တွေ့မြင် ကိုးကွယ်နေကြရပါသည်။"

အဓမ္မဝါဒ (၁၀၀) ကျော်

သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဆောင်ရွက်ရာဝယ် မြင့်မိုရ်တောင်ကို မ, ရ သည် ထက်ခက်လှသော ဂိုဏ်းပေါင်းစုံ ညီညွတ်ရေးကို ရခြင်း၊ ဓမ္မစက်, အာဏာစက် ပူးပေါင်းအကောင် အထည်ဖော် ဆောင်ရွက်နိုင်ခြင်းတို့ကြောင့်-

- * လူသေ လူဖြစ်အဓမ္မဝါဒ (၂၁) ချက်
- * ကြောင်ပန်းအဓမ္မဝါဒ (၁၅) ချက်
- * ကျောက်ပုံတောရအဓမ္မဝါဒ (၂၆) ချက်
- * မိုးညိုအဓမ္မဝါဒ ( ၉) ချက်
- * ထွန်းတုံးလက်ကျန်အဓမ္မဝါဒ(၁၄) ချက်
- * ကျောက်သဘော်အဓမ္မဝါဒ (၁၅) ချက်
- * စမ်းကလေးအဓမ္မဝါဒ (၁၆) ချက်

တို့သည် အဓမ္မဝိနယခေါ် သာသနာတော်၏ ကြီးလေးသော အန္တရာယ်များဖြစ်ပါသည်။

ဆေးမြစ်နဲ့တူသည့် ဓမ္မ ဝိနယခေါ် ပိဋကသုံးပုံ
ကွယ်ပျောက်သွားလျှင် သီလ သမာဓိ ပညာ
ကျင့်စဉ်တွေ ပျောက်ကွယ် သွားပါလိမ့်မည်။


ဤမျှ များပြားသော အဓမ္မဝါဒ တစ်ရာကျော်နှင့် မှားယွင်းချက်တို့သည် ပြင်ဆင်ပြောဆိုခွင့်မရဘဲ အဓမ္မဝါဒ အသွင်ဖြင့်သာ ရှင်သန်နေခဲ့ပါမူ အနာဂတ် သာသနာအတွက် မတွေးဝံ့အောင် ကြောက်ရွံ့ထိတ်လန့်ဖွယ် ရင်မအေးဖွယ် များဖြစ်ကြရပါမည်။

မြန်မာနိုင်ငံမှာ ဂိုဏ်းကြီး (၉) ဂိုဏ်းရှိပြီး ရပ်ကွက်၊ မြို့နယ်၊ပြည်နယ်၊ တိုင်း၊ နိုင်ငံတော်အဆင့် ထိ သံဃာအဖွဲ့အစည်းတွေ ညီညွတ်စွာဖြင့် နိုင်ငံ တော်အစိုးရကပါ အာဏာစက် ကူညီခဲ့၍ မြန်မာ့ တိုင်းပျော် သာသနာတော်မြတ်ကြီး ချောက်ကမ်းပါး ကျလုနီးပါး အချိန်မှာ အချိန်မှီ ဓမ္မဝိနယအန္တရာယ် တွေ ကာကွယ်နိုင်ခဲ့၍ ဝမ်းမြောက်ရပါသည်။ ဆု
တောင်းပြည့်ခဲ့ရပါသည်။.

ကျားသေအသက်မသွင်းကြရန်

ယင်းသို့ ဓမ္မစက်သည် အာဏာစက် အကူအညီရ၍ ပြည်သူ့လွှတ်တော် ဥပဒေအရပ်ရပ်ဖြင့် ဓမ္မန္တရာယ်များစွာကို သန့်ရှင်းနိုင်ခဲ့သော်လည်း ဆရာစွဲ ဝါဒစွဲ ပြင်းထန်၊ စာပေမတတ် နောက်လိုက်တပည့်ကြီးငယ်တို့သည် မိမိတို့ အဓမ္မ ဝါဒတီထွင်သည့် ဆရာကြီးများကိုယ်တိုင်ပင် 'အဓမ္မ ဝါဒတွေပါ' ဟု စွန့်လွှတ်လက်မှတ်ရေးထိုးကြပြီး သော အဓမ္မဝါဒ လမ်းစဉ်တို့ကိုပင် ကိုင်စွဲလျက် တိတ်တိတ်ပုန်း အသုံးချနေကြသည်မှာ တစ်ဖန် မရှင်သန်နိုင်သော ကျားသေကို အသက်သွင်း သကဲ့သို့သာ ဖြစ်နေပါမည်။

အဆိုပါ အဓမ္မလမ်းစဉ်တရားတု တရားယောင် တရားမြောင်တို့ကို သတိပြုဝေးဝေးက ရှောင်ကြဉ်၍ ထေရဝါဒလမ်းစဉ်မှန် မိရိုးဖလာဝါဒတို့ကို နာယူလိုက်နာ ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ကြသဖြင့် ဗုဒ္ဓသာသနာတော်ကြီးနှင့် တွေ့ရကျိုးနပ်ကြပါစေဟု ဆန္ဒပြုရေးသားလိုက်ရပါသတည်း။



"အဖွဲ့အစည်းသည်-

(၁) ကိစ္စတစ်ရပ်ရပ်ကို ဆောင်ရွက်ရန် လူအများကဖြစ်စေ၊ အာဏာပိုင် အစိုးရကဖြစ်စေ၊ စုစည်းထားသောပုဂ္ဂိုလ်စု။

(၂) ကိစ္စတစ်ရပ်ကို အထူးဆောင်ရွက်ရာ တွင်လည်းကောင်း၊ တူညီသော ဦးတည်ချက်ရှိ သဖြင့်လည်းကောင်း၊ ပေါင်းစုနေသည့် လူစုဖြစ် သည်" ဟု မြန်မာအဘိဓာန် အကျဉ်းချုပ်တွင် ဖွင့်ဆိုထားသည်။

"သံဃောတိ ပုဂ္ဂလသမူဟော ဝုတ္တော- သံဃာဟူသည် ပုဂ္ဂိုလ်အပေါင်းကို ခေါ်၏" ဟု ဖွင့်ဆိုသောကြောင့် သံဃာသည်တစ်ပါးတည်း၊ တစ်ဦးတည်းကို ခေါ်သည်မဟုတ်။ အပေါင်းအစု၊ အဖွဲ့အစည်းဖြင့် နေသူများကို ခေါ်ဆိုသည်။

ယင်းသံဃာအဖွဲ့အစည်းသည် တူညီသော ဦးတည်ချက်ဖြင့် ပေါင်းစုသည့် အစုအဖွဲ့ဖြစ် ကြောင်းကို အရှင်မဟာကစ္စည်းက "သမဂ္ဂ ကမ္မ- သမုပဂစ္ဆတီတိ သံဃော- ညီညွတ်သော ကံ၊ တူညီသော အလုပ်သို့ ရှေးရှု ကပ်ရောက်တတ်၊ ဆောင်ရွက်တတ်သောကြောင့် သံဃာမည်၏" ဟု ဖွင့်ဆိုတော်မူသည်။

ညီညွတ်၊ တူမျှသောအလုပ်သို့ ရှေးရှုကပ် ရောက် ဆောင်ရွက်သောသံဃာသည် အဖွဲ့အစည်း ဖြင့် နေတတ်သော မြင့်မြတ်သော လူသားများပင် ဖြစ်သည်။ ယင်းမြင့်မြတ်သော လူသားဖြစ်သည့် သံဃာသည် လူ့အဖွဲ့အစည်းများနှင့်လည်း နီးနွယ် ဆက်စပ်နေသည်သာ ဖြစ်သည်။

လူသည်သမိုင်းအစဉ်အလာနှင့် တည် တည် တံ့တံ့စုစုစည်းစည်း နေထိုင်လာမိသောအခါ လူမျိုးစု၊ လူပေါင်းစု၊ လူ့အဖွဲ့အစည်းများ အလိုလို ဖြစ်ပေါ် လာစေ၏။လူမှန်လျှင် လူ့အဖွဲ့အစည်းနှင့်

# မြင့်မြတ်စံပြုထိုက်သည့် အဖွဲ့အစည်း

ချမ်းသာကြီးဆရာတော်



မကင်းရှင်းနိုင်၊ လူ့အဖွဲ့အစည်း၏ အဖွဲ့ဝင်အဖြစ် ပါဝင်နေရ၏။ ထို့ကြောင့် ကိုယ်နေချင်သလို နေထိုင်လို့ မရ၊ ကိုယ်လုပ်ချင်သလို လုပ်လို့မရ၊ ယင်းအဖွဲ့အစည်း၏ ကျရာတာဝန်ကို ထမ်းဆောင်ရသည်။ ထားရာ၊နေရာ၌ ရှိနေသည့် စည်းမျဉ်းကို လိုက်နာရသည်။

လူ့သမိုင်းဦးမှစ၍ မျက်မှောက်ခေတ်ထိ လူမျိုးအသီးသီးတို့သည် မိမိမျိုးရိုးအလိုက် လူ့အဖွဲ့အစည်းအသီးသီးကို ဖွဲ့စည်းနေထိုင်ကြကာ မိမိတို့စည်းမျဉ်းဥပဒေအတိုင်း လိုက်နာကြရသကဲ့သို့ မြင့်မြတ်သော လူသားများဖြစ်သည့် သံဃာတော်တို့သည်လည်း မိမိတို့၏အဖွဲ့အစည်း ဥပဒေစည်းမျဉ်းများအတိုင်း လိုက်နာနေထိုင် ကျင့်သုံးရသည်။

သံဃာ့အဖွဲ့အစည်းသည် မြတ်ဗုဒ္ဓညွှန်ပြဟောပြောသော ဓမ္မဝိနယနှင့်အညီ လိုက်နာနေထိုင်ဆောင်ရွက်ရသော အဖွဲ့အစည်းဖြစ်သည်။ ယင်းသံဃာ့အဖွဲ့အစည်းပေါ်ပေါက်လာခြင်းသည် လူသားအကျိုးပြုလုပ်ငန်းများကို အားကျိုးမာန်တက်ဆောင်ရွက်ရန်ဖြစ်သည်။ ယင်း အဖွဲ့အစည်း၏ စည်းမျဉ်းများကို ညွှန်ပြသူ မြတ်ဗုဒ္ဓသည်လည်း လူထုကောင်းစားရေးကို ဘဝတစ်လျှောက်လုံး နေ့မအား ညမနား တက်တက်ကြွကြွ ဆောင်ရွက်တော်မူခဲ့ကြသည်။

"ပြည်သူတို့၏ အကျိုးစီးပွားအတွက် အစည်းအဝေးပွဲများကို ညီညွတ်စွာ ကျင်းပ၍ သဘောတူဆောင်ရွက်မှသာ လူမှုကိစ္စများ အောင်မြင်နိုင်သည်" ဟူသော လိစ္ဆဝီမင်းများ၏ နိုင်ငံရေးအဖွဲ့အစည်းများအကြောင်းကို မြတ်ဗုဒ္ဓက လက်ခံ၍ သံဃာ့အဖွဲ့အစည်းအတွက် ဘိက္ခုအပရိဟာနိယ တရားများကို ဟောတော်မူခဲ့သည်။

ယင်းအနက် "ရဟန်းတို့သည် ရဟန်းဝါကြီး၍ အသက်ရှည်သော ထေရ်ကြီးရဟန်းတို့ကို ရိုသေ လေးစားမြတ်နိုးပူဇော်လျက် ၎င်းတို့၏စကားကို နာယူသင့်သည်။ အချင်းချင်း တိုင်ပင်ဆွေးနွေး ညှိနှိုင်းသင့်သည်။ အညီအညွတ်ဆောင် ရွက်သင့်သည်" ဟု ထင်မှတ်၍လုပ်နေသမျှ ရဟန်း တို့အား ကြီးပွားရန်သာရှိသည်။ ဆုတ်ယုတ်ရန်ကား မရှိ" ဟူသော အချက်သည် သံဃာ့အဖွဲ့အစည်း၏ အသက်သွေးကြောများပင် ဖြစ်သည်။ ( ဒီ၊၂-၆၆ )

ယင်း သံဃာ့အဖွဲ့အစည်းသည် ဆရာတပည့် ဆက်ဆံရေးအဖွဲ့အစည်းပင် ဖြစ်သည်။ ယင်း ဆရာတပည့် ဆက်ဆံရေးသည် အထက်လူနှင့် အောက်လူတို့၏ ဆက်ဆံမှုမျိုး မဟုတ်၊ သားအဖ ဆက်ဆံမှု၊ မိသားစု ဆက်ဆံမှုမျိုး ဖြစ်သည်။ "တပည့် သည် ဆရာအပေါ်၌ ဖခင်ဟု စိတ်ထား၍ ဆရာကလည်း တပည့်ကို သားဟု စိတ်ထားကာ ပြုရမည်" ဟူသော ဝိနယပိဋက၊ မဟာဝဂ္ဂ-လာ ဆရာတပည့် ကျင့်ဝတ်များကိုကြည့်က သိရှိနိုင်သည်။ (ဝိ၊ ၃၊ ၈၀-၉၅)

သမိုင်းတစ်လျှောက်တွင် ဒေသအသီးသီး၌ အဖွဲ့အစည်းအမျိုးမျိုးရှိကြသည်။ ယင်း၌ အဖွဲ့ဝင်ပုဂ္ဂိုလ်များလည်း အစားစားရှိကြသည်။ မည်သည့် အဖွဲ့ဝင်ပုဂ္ဂိုလ်မျိုးမဆို မိမိတို့ပါဝင်သော အဖွဲ့အစည်း၌ ကျရာအခန်းကဏ္ဍတွင် တာဝန်ကျေပွန်အောင် ထမ်းဆောင်ကြရသည်။ နာယက၊ ဥက္ကဋ္ဌမှသည် ရုံးစေ၊ ဒရဝမ်အထိ မိမိတို့၏ အဖွဲ့အစည်း တည်တံ့ပြန့်ပွားသန့်ရှင်းအောင် ဆောင်ရွက်ကြရသည်။

ဗုဒ္ဓ၏ သံဃာ့အဖွဲ့အစည်းတွင်လည်း မြတ်ဗုဒ္ဓမှစ၍ ကိုရင်၊ သာမဏေ၊ ကျောင်းသားအထိ ကျရာတာဝန်များကို ကျေပွန်အောင် တက်ညီလက်ညီ ဆောင်ရွက်ကြရသည်။ ယင်းသို့ ဆောင်

ရွက်ခဲ့ခြင်းကြောင့်ပင် ဗုဒ္ဓ၏ သံဃာ့အဖွဲ့အစည်းသည် ယနေ့ထိ တည်ရှိနေခြင်းဖြစ်၏။

ကမ္ဘာ့အဖွဲ့အစည်းများ၌ အဖွဲ့ဝင်များလိုက် နာရန် ချမှတ်ထားသော စည်းကမ်းဥပဒေများရှိကြသည်။ ယင်းကိုတာဝန်သိသိ ဆောင်ရွက်ကြသူများလည်းရှိ၏။ အဖွဲ့အစည်း တည်ထောင်သူ၏ အလိုဆန္ဒကို ဖြည့်ဆည်းကြသူများလည်းရှိကြသည်။

ဗုဒ္ဓ၏ သံဃာ့အဖွဲ့အစည်းတွင်လည်း အဖွဲ့ဝင်များ လိုက်နာကျင့်ဆောင်ရန် ချမှတ်ထားသော စည်းကမ်း ဥပဒေများ ရှိကြ၏။ ယင်းကို တာဝန် သိသိဆောင်ရွက်ကြသူများလည်းရှိကြ၏။ မြတ်ဗုဒ္ဓ ၏ဆန္ဒတော်ကို သိ၍ ယင်းဆန္ဒတော်ကို ပြည့် အောင်ဖြည့်ဆည်းကြသူများလည်း ရှိကြ၏။ ယင်း တို့အနက် အရှင်မဟာမောဂ္ဂလာန်၏ တာဝန်သိ၍ ဖြည့်ဆည်းပေးမှုကို ဖော်ပြပါမည်။

မြတ်ဗုဒ္ဓသည် သံဃာ့အဖွဲ့ဝင်များ လိုက်နာရန် စည်းကမ်းဥပဒေများ ပြဋ္ဌာန်းရာညွှန်ပြရာတွင် ဥပုသ်ပြုခြင်းသည်လည်း တစ်ခုအပါအဝင် ဖြစ်သည်။ ဥပုသ်ပြုနေစဉ် "အာပတ်ရှိသောရဟန်းသည် ပါတိမောက်ကို မနာရ၊ နာသောရဟန်း ဒုက္ကဋ်အာပတ်သင့်စေ" ဟု ချမှတ်ထား၏။ (ဝိ၊ ၄၊ ၄၂၄)

"သမုဒ္ဒရာသည် အသေကောင်ပုပ်နှင့် မဆက်ဆံ၊ သမုဒ္ဒရာ၌ အသေကောင်ပုပ်ရှိလျှင် ကမ်းသို့ ကပ်စေ၊ ကုန်းသို့ တင်စေသကဲ့သို့ ရဟန်းသံဃာသည် ယုတ်ညံ့သော, ရဟန်းယောင် ဆောင်ထားသော ဒုဿီလပုဂ္ဂိုလ်နှင့် မဆက်ဆံ၊ ၎င်းကို စည်းဝေး၍ နှင်ထုတ်၏။

ဥပုသ်ပြုရာ၌ဖြစ်စေ၊ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားအောင် ဆောင်ရွက်ရာ၌ ဖြစ်စေ သာသနာ့ဂုဏ်ရောင် ညှိုးနွမ်းစေသူများကို စည်းဝေး၍ ဆန္ဒယူကာ ညီညီညွတ်ညွတ်နှင်ထုတ်ရမည်ဟု သာသနာ့အံ့ဖွယ် ဟောရာ၌လည်း တိုက်တွန်းညွှန်ပြခဲ့သည်။ (ဝိ၊ ၄၊ ၄၂၈)

မြတ်ဗုဒ္ဓ သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်း၌ သီတင်းသုံးနေစဉ် ဥပုသ်နေ့တစ်နေ့ဝယ် ဥပုသ်ပြုရန် မြတ်ဗုဒ္ဓနှင့် ရဟန်းသံဃာတို့စုဝေးနေကြသည်။ ညဉ့်သုံးယံလွန်သော်လည်း ဥပုသ်မပြုသောကြောင့် အရှင်အာနန္ဒာက လျှောက်ထားရာ "ပရိသတ် မစင်ကြယ်" ဟု မြတ်ဗုဒ္ဓမိန့်တော်မူသည်။

အရှင်မဟာမောဂ္ဂလာန်သည် ရဟန်းသံဃာတို့၏စိတ်ကို မိမိ၏ ဉာဏ်ဒိဗ္ဗစိတ်ဖြင့် နှလုံးသွင်းကြည့်သည်။ "ယုတ်ညံ့သောအကျင့်ရှိ မစင်ကြယ်သည်ဖြစ်၍ ယုံမှားတွေးတောဖွယ် အကျင့်သည်လည်းရှိ၊ အပြစ်ဖုံးကွယ်, ရဟန်းမဟုတ်ဘဲ ရဟန်းဟုဝန်ခံ, အတွင်းပုပ်, ကိလေသာစိုစွတ်, သီလမရှိသော ဒုဿီလရဟန်း, သံဃာ့အလယ် ထိုင်နေသည်ကို တွေ့မြင်ရ၍ ၎င်းထံသွားကာ "ငါ့ရှင် - ထလော့ မြတ်စွာဘုရားက သင့်ကိုမြင်သည်၊ သင်သည် ရဟန်းကောင်းတို့နှင့်တကွ ပေါင်းသင်းခွင့်မရှိ" ဟု ပြောသည်။ သို့သော် ဒုဿီလရဟန်းသည် မထဘဲ ပေကပ်၍ ဆိတ်ဆိတ်ပင်ထိုင်နေသည်။

အရှင်မဟာမောဂ္ဂလာန်သည် နှစ်ခါသုံးခါ ထပ်ပြောသော်လည်း မထဘဲ နေသောကြောင့် လက်မောင်းမှ ကိုင်ကာ တံခါး အပြင်ဘက်သို့ ဆွဲထုတ်နှင်ချခဲ့သည်။ "ပရိသတ် စင်ကြယ်ပါပြီ" ဟုလျှောက်သောကြောင့် မြတ်ဗုဒ္ဓသည် "အံ့ဖွယ်ရှိစွမောဂ္ဂလာန်" ဟု မိန့်ကာ သာသနာတော်ကို သမုဒ္ဒရာနှင့်နှိုင်းယှဉ်ပြီး ဟောတော်မူ၍ ပါတိမောက်ပြတော်မူသည်။ (ဝိ၊ ၄၊ ၄၁၈,၄၂၄)

စပါးကောင်းကောင်းထွက်စေလိုသူသည် မိမိလယ်၌ စပါးပင်များနှင့်အတူ ကပ်ပေါက်နေ

သော ပေါင်းပင်, မြက်ပင်စသည့် စပါးမျှောပင်များကို သုတ်သင် ပစ်သကဲ့သို့ သံဃဖွဲ့အစည်းတွင် ရဟန်းကောင်း၊ ရဟန်းမြတ်များသာရှိနေစေလိုသော ရှင်ရဟန်းသည် ဒုဿီလ ရဟန်းများကို နှိမ်နင်း သုတ်သင်ကာ သံဃာ့အဖွဲ့အစည်းကို စင်ကြယ်သန့်ရှင်းသုတ်သင်အောင် စွမ်းဆောင်ကြရမည်ဖြစ်ကြောင်း အရှင်မဟာမောဂ္ဂလာန် က မီးမောင်းထိုးပြထားခဲ့သည်။

အရှင်မဟာယသထေရ်သည် အဓမ္မဝတ္ထုဆယ်ပါးကို တင်ပြကာ ကျင့်သုံးနေကြသော ဝဇ္ဇီရဟန်းများကို ဓမ္မဝိနယဝါဒီ ရဟန်းတော်များနှင့်အတူ ဓမ္မဝိနယနှင့်အညီ ဆုံးမဟောပြော၍ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားအောင် ဆောင်ရွက်တော်မူခဲ့သည်။ ဒုတိယသင်္ဂါယနာကိုလည်း ဦးဆောင်ကျင်းပပေးခဲ့သည်။

အရှင်မဟာ မောဂ္ဂလိပုတ္တတိဿထေရ်သည်လည်း အဓမ္မ, အဝိနယဝါဒငါးရာကို စိစစ်ခွဲခြား၍ ကထာဝတ္ထုဒေသနာကို ဟောပြောကာ တတိယသင်္ဂါယနာတင်ပြီး သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားအောင် စွမ်းဆောင်တော်မူခဲ့သည်။ အလဇ္ဇီ ဒုဿီလပုဂ္ဂိုလ်တို့ကိုလည်း သာသနာတော်မှ နှင်ထုတ်တော်မူခဲ့သည်။

မြန်မာနိုင်ငံတော် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ၌ ၁၉၈၀-ပြည့်နှစ် မေလတွင် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး ဖြစ်ပေါ်ခဲ့သည်။ ယင်းအစည်းအဝေးကြီးက ဝိနည်းဓမ္မကံ၊ အဓိကရဏ်းမှုခင်းများ ဖြေရှင်းရေးဆိုင်ရာ ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို ရေးဆွဲအတည်ပြုခဲ့သည်။

"ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းကိုဖြစ်စေ၊ အယူခံစောဒနာမှုခင်းကိုဖြစ်စေ, လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖွဲ့စည်းထားသည့် သံဃဝိနိစ္ဆယအဖွဲ့များနှင့် သီးခြားဝိနည်းဓိုရ်အဖွဲ့များကသာ ဝိနည်းတရားတော်နှင့်အညီ စစ်ဆေးဆုံးဖြတ်ရမည်" ဟူသော ဥပဒေသည် ပုဒ်မ (၃)တွင် ပါရှိသည်။ ယင်းသည် ပြည်သူ့လွှတ်တော်က ပြဋ္ဌာန်းခဲ့သော ဥပဒေဖြစ်သည်။ ဓမ္မစက်ဖြစ်သော ဥပဒေနှင့်အညီ ရေးဆွဲထားခြင်းဖြစ်သည်။

ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းကို ကိုယ်စားပြုသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီးသည် နိုင်ငံတော်အတွင်း ပေါ်ပေါက်ဖြစ်ပွားခဲ့သော ဝိဝါဒါဓိကရဏ်းများကို အရည်အချင်း ပြည့်စုံတော်မူကြသော နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်များထဲမှ သီးခြားဝိနည်းဓိုရ်ဆရာတော်များ ရွေးချယ်ဖွဲ့စည်းပြီး ငြိမ်းအေးအောင် ဆောင်ရွက်ခဲ့သည်။ ယင်းမှာ-

(၁) ကျောက်သဘော်ဝါဒ ဝိဝါဒါဓိကရဏ်း (၂၃-၂-၈၁)

(၂) လူသေလူဖြစ်ဝါဒ ဝိဝါဒါဓိကရဏ်း (၂၉-၁၀-၈၁)

(၃) ကြောင်ပန်းတောရဝါဒ ဝိဝါဒါဓိကရဏ်း (၂၆-၄-၈၂)

(၄) ကျောက်ပုံတောရဝါဒ ဝိဝါဒါဓိကရဏ်း (၇-၁၁-၈၂)

(၅) ရေတာရှည်မြို့နယ် ဆွာဦးမာလာဝရဝါဒ ဝိဝါဒါဓိကရဏ်း (၁-၄-၈၃)

(၆) မိုးညို (မြောက်ဥက္ကလာပ)ဝါဒ ဝိဝါဒါဓိကရဏ်း (၄-၇-၈၃)

မြတ်ဗုဒ္ဓ စာတုမမြို့၌ သီတင်းသုံးစဉ် အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန် အမှူးရှိသော ရဟန်းငါးရာတို့ မြတ်စွာဘုရားကိုဖူးမျှော်ရန် စာတုမမြို့သို့ ရောက်ရှိလာကြသည်။ ၎င်းတို့နှင့်

အာဝါသိကကျောင်းနေ ရဟန်းတို့ စကားပြောကြ၊ နှုတ်ဆက်ကြ၊ နေရာပြင်ကြ၊ သပိတ်သင်္ကန်း သိမ်းကြသော အသံတို့သည် ကျယ်လောင်ဆူညံ သွားကုန်၏။ ယင်းအသံများ မြတ်ဗုဒ္ဓ ကြားသောခါ "အာနန္ဒာ၊ ငါးစိမ်းသည် အသံကဲ့သို့ ကျယ်ကျယ်လောင်လောင် အသံပြုနေကြတာ ဘယ်သူတွေလဲ" ဟု အရှင်အာနန္ဒာအား မေးတော်မူ၏။

အရှင်အာနန္ဒာက အကြောင်းစုံ လျှောက်ထားသောအခါ "အာနန္ဒာ၊ ငါ့စကားဖြင့် မြတ်စွာဘုရားက အရှင်ဘုရားတို့ကိုခေါ်နေပါတယ်လို့ ပြောချေ" ဟု မြတ်ဗုဒ္ဓက မိန့်တော်မူ၏။

ရဟန်းတို့သည် မြတ်ဗုဒ္ဓထံစုပေါင်း လာကြကာ မြတ်စွာဘုရားကို ရှိသေစွာရှိခိုးထိုင်နေကြသည်။ မြတ်ဗုဒ္ဓမေးမှုကို မှန်ကန်စွာ ရိုရိုသေသေ ဖြေကြားလျှောက်ထားကြသည်။ "ရဟန်းတို့- ထွက်သွားကြ၊ သင်တို့ကို ငါနှင်တယ်, သင်တို့ ငါ့အနီးမနေကြနှင့်" ဟု မြတ်စွာဘုရားက ရဟန်းတို့ကို နှင်ထုတ်လိုက်သည်။ ရဟန်းတို့လည်း "မှန်လှပါဘုရား"ဟု လျှောက်ထား၍ မြတ်စွာဘုရားကို အရိုအသေ ပေးကာ သပိတ်သင်္ကန်းယူပြီး ထွက်ခွါသွားကြသည်။

"မြတ်စွာဘုရား-- ရဟန်းတို့ကို နှစ်သက်တော်မူပါဘုရား, ဆုံးမသြဝါဒပေးတော်မူပါဘုရား, ချီးမြှောက်တော်မူပါဘုရား၊ ရဟန်းသစ်များဖြစ်နေကြတဲ့အတွက် အရှင်ဘုရားကို ဖူးမြင်ခွင့်မရလျှင် ပျက်စီးသွားနိုင်ကြပါသည်ဘုရား၊ နုသေးတဲ့မျိုးစေ့ ရေမရတဲ့အခါ, မွေးစသာသာနွားငယ် မိခင်ကိုမမြင်ရတဲ့အခါ ပျက်စီးဖောက်ပြန်သွားကြသလို ရဟန်းသစ်များလည်း မြတ်စွာဘုရားကို မမြင် မဖူးမြော်ရလျှင် ပျက်စီးဖောက်ပြန် သွားနိုင်ပါတယ်။ ဒါကြောင့် ရဟန်းများကို နှစ်သက်တော်မူပါ၊ ဆုံးမတော်မူပါ၊ ချီးမြှောက်တော်မူပါဘုရား" ဟု စာတုမမြို့သားများနှင့် သဟမ္ပတိဗြဟ္မာမင်းက လျှောက်ထားကြသည်။

အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန်တို့သည် စာတုမမြို့သားများနှင့် သဟမ္ပတိဗြဟ္မာမင်းတို့လျှောက်ထားမှုကြောင့် မြတ်စွာဘုရား နှစ်ခြိုက်သဘောကျတော်မူကြောင်း သိသောအခါ "ငါ့ရှင်တို့ ထကြလော၊ သပိတ်သင်္ကန်းယူကြလော၊ မြတ်စွာဘုရားထံ သွားကြစို့"ဟု ရဟန်းတို့ကိုခေါ်ကာ မြတ်စွာဘုရားထံ သွားသည်။ ရဟန်းတို့သည် မြတ်စွာဘုရားထံ ပြန်လာကြသည်။ ရိုသေစွာ ရှိခိုးထိုင်နေကြသည်။

မြတ်စွာဘုရားက " သာရိပုတြာ--ငါဘုရားက ရဟန်းတို့ကို နှင်ထုတ်တဲ့အခါ သင့်စိတ်ထဲမှာ ဘယ်လို အကြံဖြစ်သလဲ" ဟု အရှင်သာရိပုတြာကို မေးတော်မူသည်။

"အရှင်မြတ်ဘုရား-- မြတ်စွာဘုရားဟာ ရဟန်းအပေါင်းကိုနှင်ထုတ်တော်မူပြီ။ ယခုအခါ မြတ်စွာဘုရားက ရဟန်းတို့အပေါ် ကြောင့်ကြမဲ့ပြုကာ ဒိဋ္ဌဓမ္မသုခဖြင့် နေလိုတယ်၊ နေလိမ့်မယ်၊ ငါလည်း ရဟန်းတို့အပေါ် ကြောင့်ကြမဲ့ပြုကာ ဒိဋ္ဌဓမ္မသုခနဲ့ နေမယ်လို့ တပည့်တော်စိတ်ထဲမှာ အကြံဖြစ်ပါတယ်ဘုရား" ဟု အရှင်သာရိပုတြာက လျှောက်ထားသည်။ "သာရိပုတြာ-- ဆိုင်းငံ့ဦး သာရိပုတြာ-- ရဟန်းတို့အပေါ် ကြောင့်ကြမဲ့ပြုကာ ဒိဋ္ဌဓမ္မသုခနဲ့နေထိုင်ခြင်းကို ဆိုင်းငံ့ဦး" ဟု မြတ်ဗုဒ္ဓက အရှင်သာရိပုတြာ၏ ကြံစည်လျှောက်ထားမှုကို တားမြစ်တော်မူသည်။

မြတ်ဗုဒ္ဓသည် အရှင်မဟာမောဂ္ဂလာန်ကိုလည်း မေးမြန်းတော်မူသည်။ အရှင်မဟာမောဂ္ဂလာန်က "မြတ်စွာဘုရားသည် ရဟန်းအပေါင်းကို နှင်ထုတ်တော်မူပြီ။ ယခုအခါ မြတ်စွာဘုရားက

ရဟန်းတို့အပေါ် ကြောင့်ကြမဲ့နေကာ ဒိဋ္ဌဓမ္မသုခကို ဝင်စားနေလိုတယ်။ ဖလသမာပတ် ချမ်းသာကို ဝင်းစာနေလိုတယ်။ ငါဟာ အရှင်သာရိပုတြာနှင့် အတူ ရဟန်းအပေါင်းကို ထိန်းသိမ်းစောင့်ရှောက်မယ်လို့ အကြံအစည် ဖြစ်မိပါတယ်ဘုရား" ဟု လျှောက်ထားသည်။

"ကောင်းလေစွ မောဂ္ဂလာန်-- ကောင်းလေစွ။ ငါနဲ့သင်တို့ဟာ ရဟန်းအပေါင်းကို ထိန်းသိမ်းစောင့်ရှောက်မယ်"ဟု အရှင်မဟာမောဂ္ဂလာန်ကို ကောင်းချီးပေးကာ သာဓုခေါ်တော်မူသည်။

(မ၊ ၂၊ ၁၁၉-၁၁၂)

## နိုင်ငံတော်သံဃ မဟာနာယက အဖွဲ့သည် မြတ်ဗုဒ္ဓ၏ ဆန္ဒတော်ကို ပြည့်ပြည့်ဝဝ ဖြည့်ဆည်းဆောင်ရွက်တော်မူသည်။

အရှင်မဟာမောဂ္ဂလာန်သည် မြတ်စွာဘုရား၏ ရဟန်းတို့ကို ထိန်းသိမ်းစောင့်ရှောက်စေလိုသော ဆန္ဒ၊ ရဟန်းတို့ကို ဦးဆောင်ကာ သံဃာ့အဖွဲ့အစည်းကို တင့်တယ်ကောင်းမြတ်သန့်ရှင်းစင်ကြယ်စေလိုသော ဆန္ဒများကို သိတော်မူ၍ ရဟန်းအပေါင်းကို ဦးဆောင်ကာ သံဃာ့အဖွဲ့အစည်းကို တင့်တယ်ကောင်းမြတ်သန့်ရှင်းစင်ကြယ်စေခဲ့သည်။ ရဟန်းတို့ကိုလည်း သနားစောင့်ရှောက်ထိန်းသိမ်းခဲ့သည်။

မြတ်ဗုဒ္ဓသည် သံဃာ့အဖွဲ့အစည်းနှင့် ရဟန်းတို့အပေါ် ကြောင့်ကြမဲ့နေမှုကို ရှုတ်ချတော်မူခဲ့သည်။ တာဝန်သိသိဖြင့် တာဝန်ရှိသူပမာ ဂရုတစိုက်ကြောင့်ကြစိုက်၍ ပြုစုစောင့်ရှောက်ထိန်းသိမ်းမှုကိုသာ လိုလားတော်မူသည်။ နှစ်ခြိုက်တော်မူသည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် မြတ်ဗုဒ္ဓ၏ ဆန္ဒတော်ကို ပြည့်ပြည့်ဝဝ ဖြည့်ဆည်းဆောင်ရွက်တော်မူသည်။ အဓမ္မဝါဒများကို နှိမ်နင်း၊ မှေးမှိန်ပပျောက်စေ၍ ဓမ္မဝါဒများ တောက်ပထိန်လင်းအောင် ချီးမြှောက်ပေးသည်။ အလဇ္ဇီဒုဿီလရဟန်းများကို ဖယ်ရှားပျောက်ကွယ်စေ၍ လဇ္ဇီသီလဝန္တရဟန်းတို့ကို မြှောက်စားသည်။ ကြီးပွားစေသည်။

မြတ်ဗုဒ္ဓ၏ သံဃာ့အဖွဲ့အစည်းကို ဦးဆောင်ကာ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားအောင် အားကြိုးမာန်တက်ထမ်းရွက်လျက် သာသနာ့ဂုဏ်ရောင် ထွန်းပြောင်တောက်ပစေပြီး မြန်မာ့ကြက်သရေကိုလည်း ထိန်၊ ဝေ၊ တောက်၊ ရွှန်း၊ လှပ၊ စေပါသည်။

ထို့ကြောင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် မြတ်ဗုဒ္ဓ၏ သံဃာ့အဖွဲ့အစည်းနှင့်အတူ မြင့်မြတ်၊ စံပြုထိုက်သည့် အဖွဲ့အစည်းအဖြစ် ကမ္ဘာ့အဖွဲ့အစည်းအလယ်ဝယ် တင့်တယ်၊ လှပနေမည်ဖြစ်ပါသည်။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးသည် မြတ်ဗုဒ္ဓသံဃာ့အဖွဲ့အစည်းနှင့်အတူ ငွေရတုမှသည် ရတုများစွာ သန့်ရှင်း၊တည်တံ့၊ ပြန့်ပွားနိုင်ပါစေ. . .။

# သံဃာဂိုဏ်းပေါင်းစုံ ကိုယ်တွေ့ကြုံ သိရုံပြောပါမည်

ဘဒ္ဒန္တဝိမလာဘိဝံသ(ရွှေဘို)

ရွေးချယ်ခြင်း

သာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး ဖြစ်မြောက်အောင်မြင်ရေးအတွက် ရွှေဘိုခရိုင်(၈)မြို့နယ်မှ မူလသံဃာ့ဝန်ဆောင် (၂)ပါးကို သာသနာ ၂၅၂၃-ခုနှစ်၊ ကောဇာ သက္ကရာဇ် ၁၃၄၁-ခုနှစ်၊ ပြာသိုလပြည့်ကျော် (၄)ရက်၊ ခရစ် ၁၉၈၀-ခု၊ ဇန္နဝါရီလ (၅)ရက် စနေနေ့ တွင် ရွှေဘိုမြို့၊ ရန်အောင်မင်္ဂလာကျောင်းတိုက်ရှိ ဓမ္မာရုံအတွင်း၌ တိုင်းကောင်စီဝင်လူကြီးများ၊ ရွှေဘိုခရိုင်အုပ်ချုပ်ရေးဆိုင်ရာ လူကြီးများ၊ တပ်မှူးကြီး များ၊ မြို့မိမြို့ဖ လူကြီးများရှေ့တွင် ရွေးချယ်တော်မူကြသည်။

ထိုရွေးချယ်ပွဲသို့ ရွှေဘိုမြို့နယ်မှတပါး ရွှေဘို ခရိုင်အတွင်းဝင်၊ ဝက်လက်၊ ကန့်ဘလူ၊ ခင်ဦး၊ မူးမြစ် အရှေ့ဘက်မြို့နယ်၊ ဒီပဲယင်း၊ ရေဦး၊ တန့်ဆည်၊ ကျွန်းလှ၊ မူးအနောက်ဘက်မြို့နယ်တို့မှ သံဃာ့ ဦးဆောင် ဆရာတော် (၅၀)ကျော်၊ ရွှေဘိုမြို့ပေါ်မှ ကျောင်းထိုင် ဆရာတော်များအဖွဲ့၊ အမှုဆောင် သံဃာ (၂၅)ပါး၊ ရွှေဘိုမြို့နယ်မှ သံဃာ့ဦးဆောင် ဆရာတော်များပါ သံဃာတော် (၈၀)ကျော်တို့ စုံညီစွာ တက်ရောက်တော်မူကြသည်။

ထိုရွေးချယ်ပွဲမှ ဂိုဏ်းပေါင်းစုံသံဃာ့၊ စည်းဝေး ပွဲကြီးသို့ ရွှေဘိုအခြေခံဒေသ (ခရိုင်) (၈) မြို့နယ်ရှိ သံဃာတော်များ ကိုယ်စား တက်ရောက်ရန်-

(၁) ဘဒ္ဒန္တဉာဏိန္ဒ၊ ဝေဠုဝန် (ပါဠိတက္ကသိုလ်) သက်တော် (၆၅) သိက္ခာတော် (၄၅)သုဓမ္မာဂိုဏ်း။

(၂)ဘဒ္ဒန္တဝိမလာဘိဝံသ၊ ပုခန်းကျောင်းတိုက် သက်တော် (၅၂)၊ သိက္ခာတော် (၃၂)၊ သုဓမ္မာဂိုဏ်း ရွှေဘိုကျောင်းတိုက် ဆရာတော်များ အဖွဲ့က အကျိုးတော်ဆောင် ဆရာတော် (၂)ပါး တို့ကို ရွေးချယ်တော်မူကြသည်။

ထိုရွေးချယ်ပွဲတွင် ရွှေဘိုခရိုင်၊ မူးမြစ် အနောက်ဘက်ရှိ ရေဦးမြို့နယ်နှင့် ဒီပဲယင်းမြို့နယ်မှ သံဃာ့ကိုယ်စားဆရာတော် နှစ်ပါးက ရွှေဘိုခရိုင် မူးမြစ်အနောက်ဘက်ရှိ (၄)မြို့နယ်ကိုယ်စား သံဃာ့ ဝန်ဆောင် တစ်ပါး ရွေးချယ်လိုကြောင်း တင်ပြ ဆွေးနွေးကြသော်လည်း ရွှေဘိုမြို့ ဓမ္မသုခတိုက် သက်တော် (၈၅) နှစ်ရှိ မြို့နယ် သံဃနာယက သံဃာ့ဦးဆောင်ဆရာတော်၏က ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး ဖြစ်မြောက်အောင်မြင် ပြီးသောအခါ ဆောင်ရွက်ရမည့် သာသနာရေးကိစ္စ များကို အချိုးကျခွဲဝေ ဆောင်ရွက်ရန်ရှိကြောင်း၊ ယခု မူလသံဃာ့ဝန်ဆောင် ရွေးချယ်ရာတွင် ရွှေဘို (၈) မြို့နယ်များမှ နှစ်ပါးသာ ရွေးချယ်ရမည် ဖြစ်သဖြင့် ခွဲဝေရန် မလွယ်ကူကြောင်း၊ သို့ဖြစ်၍ ရွှေဘို မြို့နယ်မှ ဆရာတော်ဦးဉာဏိန္ဒနှင့် ဦးဝိမလာဘိဝံသ ဆရာတော် နှစ်ပါးကို ရွေးချယ်တော်မူကြပါဟု မိန့်ကြားတော်မူသဖြင့် သဘောပေါက် ပြေလည် တော်မူကြပြီး ဖော်ပြခဲ့သော ဆရာတော် နှစ်ပါး ကိုပင် သာဓုသုံးကြိမ်ခေါ်ကြလျက် ရွေးချယ်တော် မူကြသည်။

## သံဃာ့အစည်းအဝေးအပျက် ပျောက်ပျားခြင်း

ထိုသို့ ရွေးချယ်ခြင်းမပြုမီ ၁၃၄၁-ခုနှစ်၊ နတ်တော်လ(၇၉-ခု၊ ၁၂-လ) အတွင်းက ပြည်ထဲရေး နှင့် သာသနာရေးဝန်ကြီး ဗိုလ်မှူးချုပ် စိန်လွင်သည် ရွှေဘိုမြို့သို့ လာရောက်၍ ဓမ္မသုခ ဆရာတော်ကြီး အား ဤသို့ လျှောက်ထားလေသည်။

"မြန်မာနိုင်ငံ သံဃာ့ဂိုဏ်းကြီး အတွင်း၌ တပည့် ရဟန်းသာမဏေများကို ဆုံးမခြင်း၊ အုပ်ထိန်းခြင်း၊ ဝိနည်း ဓမ္မကံ အဓိကရဏ်းများကို ဆုံးဖြတ်ခြင်းစသော သာသနာရေးဆိုင်ရာ အမှုကိစ္စများကို ဆောင်ရွက်ရာတွင် အခက်ခဲများ ကြုံနေရကြောင်းကို ဆရာတော်ကြီး များထံမှ မေတ္တာရပ်ခံစာများနှင့် သာသနာရေးဝန်ကြီးရုံးမှ လက်ခံရရှိနေသော စာများအရ သိရှိရပါကြောင်း၊ ထို့ပြင် သိက္ခာမတင် သိမ်မဝင်ဘဲ မိမိဘာသာ သင်္ကန်းဝတ်နေသော ရဟန်းတု ရဟန်းယောင်များ ပေါ်ပေါက်လျက်ရှိကြောင်းကိုလည်း တိုင်ကြားစာ များအရ သိရှိရပါကြောင်း။

ထိုဖြစ်ရပ်များသည် သဗ္ဗညုဘုရားရှင်၏ သာသနာတော်ကို ညှိုးနွမ်းစေမည့်ဖြစ်ရပ်များဖြစ်၍ ယင်းဖြစ်ရပ်များကို ဖယ်ရှားကာ သာသနာတော် သန့်ရှင်း တည်တံ့ပြန့်ပွားအောင် ဆောင်ရွက်ရေးမှာ ဆရာတော်သံဃာတော် အရှင်မြတ်တို့၏ အဓိကတာဝန်ကြီးဖြစ်၍ သံဃာ့ကိစ္စကို သံဃာကသာ ဆောင်ရွက်သင့် ပါသည်။ သံဃာတော်များက ဆောင်ရွက်ရာတွင် တပည့်တော်တို့ ဒါယကာများဘက်ကလည်း သင့်လျော်သော ကူညီထောက်ပံ့မှုများ ပြုလုပ်ပါမည် ဘုရား။

### ပွဲကျပေမဲ့ဝမ်းသာကြည်နူးခြင်း

ထိုသို့လျှောက်ထားသွားကြောင်း သိရှိရသဖြင့် ထိုအချိန်က ဤစာရေးသူ အရှင်သည် သံဃာအစည်းအဝေးပွဲကြီးဖြစ်မြောက် အောင်မြင်သွားပြီဟု ကြားသိရုံမျှ မဟုတ်ဘဲ ဖြစ်မြောက် အောင်မြင်ရန် ကိုယ်တိုင်ပါဝင် ဆောင်ရွက်လိုသော စိတ်ထား တဖွားဖွားဖြစ်ပေါ်ခဲ့ပါသည်။

၁၃၁၈-ခုနှစ်၊ နယုန်လပြည့် အချိန်က သာသနာနှစ် ၂၅၀၀ပြည့်၊ ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီး ပြီးဆုံးသွားသည်ကို သိရုံသာ သိလိုက်ရသည်။ မိမိ၏ ပရိယတ္တိ ပြည့်စုံရေး အားထုတ်နေရဆဲဖြစ်၍ ကိုယ်တိုင် မပါဝင်ခဲ့ရပါ။

၁၃၂၅-ခုနှစ်တွင် မြို့မျက်နှာဖုံး ဆရာတော် များ ဖြစ်တော်မူကြသော ဖော်ပြပါ ဓမ္မသုခဆရာတော် ဘဒ္ဒန္တဝိသုတ၊ ကျောက္ကာတိုက် ဆရာတော် ဘဒ္ဒန္တ-ကေသရ၊ ဝေဠုဝန်တိုက် ဆရာတော် ဘဒ္ဒန္တသောမ အစရှိသော ဆရာတော်ကြီးများက ရွှေဘိုမြို့ ကျောင်းထိုင် ဆရာတော်များ အဖွဲ့၏ အကျိုးတော်-ဆောင်အဖြစ် ချီးမြှင့်တင်မြှောက်မှုကြောင့် ကျောင်းထိုင် ဆရာတော်များ အဖွဲ့၏ အကျိုးတော်ဆောင် ဖြစ်ချိန်မှစ၍ မြို့တွင်း နယ်တွင်း သာသနာရေး ကိစ္စများကို ဆောင်ရွက်လာရမှ အာဏာစက် အကူအညီ ရရှိရန် အထူးလိုအပ်ကြောင်း သဘော ပေါက်လာပါသည်။

ရန်ကုန်ရောက်ရှိခြင်း၊ အစည်းအဝေး စတင်ခြင်း၊ အဖွဲ့အစည်းများဖွဲ့စည်းခြင်း

၁၃၄၁-ခုနှစ်၊ တပို့တွဲလဆန်း (၁၅)ရက် (၃၁. ၁. ၈၀) နေ့တွင် ရန်ကုန်၊ ကမ္ဘာအေးကုန်းမြေ

ဇမ္ဗူဒီပကျောင်းဆောင်သို့ ချမ်းသာစွာ ရောက်ရှိပါသည်။ အခြားအခြေခံ ဒေသအသီးသီးမှ သံဃာ့ဝန်ဆောင် ဆရာတော် နှစ်ပါးသည် ဇမ္ဗူဒီပကျောင်းဆောင်၊ အလယ်ထပ် အနောက်ပိုင်း တောင်ဘက်မျက်နှာ အခန်း(၃၅)တွင် နေရာရရှိ သီတင်းသုံးရပါသည်။

ထိုနောက် ညနေပိုင်းတွင် ဝေယျာဝစ္စ ပုဂ္ဂိုလ် များက ဝန်ဆောင်ဆရာတော်များအား သာသနာ ရေးဝန်ကြီး၏ လျှောက်လွှာနှင့်အတူ ဆရာတော် များ လုပ်ငန်း ဆောင်ရွက်သည့်အခါ အထောက်အကူ ပြုရန် သာသနာရေးဝန်ကြီးဌာနက စုဆောင်း ထားသော စာရွက်စာတမ်း (၁၆) မျိုးနှင့် ပိဋကတ် ကျမ်းစာများကို ဆက်ကပ်ပါသည်-

၁၃၄၁-ခုနှစ်၊ တပို့တွဲလပြည့်ကျော်(၁)ရက် သောကြာနေ့ (၁. ၂. ၈၀)တွင် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး ဖြစ်မြောက် အောင်မြင်ရေး သံဃာ့ဝန်ဆောင် ဆရာတော် အစည်းအဝေး စတင်ကျင်းပပါတော့သည်။

**ထို အစည်းအဝေးမှ အဖွဲ့**

(က) သံဃာ့ဝန်ဆောင် အစည်အဝေးကြီး တွင် ကြီးကြပ်ကွပ်ကဲတော်မူကြရန် ဆရာတော် (၆)ပါး

(ခ) ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး ဖြစ်မြောက် အောင်မြင်ရေး သံဃာ့ဝန်ဆောင်အဖွဲ့၏ ဥက္ကဋ္ဌဆရာတော်(၁)ပါး၊ ဒုတိယ ဥက္ကဋ္ဌ ဆရာတော် (၂) ပါး၊ အကျိုးတော်ဆောင် ဆရာတော် (၁)ပါး၊ တွဲဖက် အကျိုးတော်ဆောင် ဆရာတော် (၂) ပါး။

(ဂ) အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများသာ ဖြစ်သော သံဃာ့ဝန်ဆောင်ဩဝါဒါစရိယအဖွဲ့ ဆရာတော်ကြီး (၆)ပါး။

(ဃ) တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ရ ဆရာတော် (၃)ပါးသာ ပါဝင်သော သံဃာ့ဝန်ဆောင် အကြံပေး အဖွဲ့များကို ရွေးချယ် တင်မြောက် ဖွဲ့စည်းကြပါသည်။

ထိုမှတစ်ပါး သံဃာ့ဝန်ဆောင် ဆရာတော်များသည် ပထမအစည်းအဝေး၌သံဃာ့ ဝန်ဆောင် အဖွဲ့၏ အဓိက လုပ်ငန်းစဉ်များကို သတ်မှတ်တော်မူကြပြီး သတ်မှတ်ချက်အတိုင်း ဖော်ပြလတ္တံ့ပါ အဖွဲ့အစည်းများကို ဖွဲ့စည်းတော် မူကြပါသည်။

၁။ သံဃာ့ဝန်ဆောင် ဆရာတော် (၇)ပါး ပါဝင်သော သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ် ရွေးချယ်ရေးနည်းလမ်း စာတမ်းပြုစုရေး အဖွဲ့ငယ်၊

၂။ သံဃာ့ဝန်ဆောင် ဆရာတော် အပါး (၂၀) ပါဝင်သော ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် သံဃာ့ အဖွဲ့အစည်း အဆင့်ဆင့် ဖွဲ့စည်းရန် အခြေခံ စည်းမျဉ်း ရေးဆွဲရေးအဖွဲ့ငယ်၊

၃။ သံဃာ့ဝန်ဆောင် ဆရာတော် အပါး (၂၀)ပါဝင်သော ဝိနည်း ဓမ္မကံဆိုင်ရာ သံဃာ့ အဓိကရုဏ်းများ ဖြေရှင်း ဆုံးဖြတ် ရေး နည်းလမ်းများရေးဆွဲရေးအဖွဲ့ငယ်၊

၄။ သံဃာ့ဝန်ဆောင် ဆရာတော် (၇) ပါး ပါဝင်သော သာသနာဝင် လက်မှတ် စီစဉ်ရေးဆွဲရေး အဖွဲ့ငယ်များကို ဖွဲ့စည်း တော်မူကြပါသည်။

**ဤအရှင်၏ ပါဝင်ဆောင်ရွက်ချက်**

ဖော်ပြခဲ့သောအဖွဲ့ငယ် (၄)မျိုးတို့တွင် ဤ အရှင်သည်အခြေခံစည်းမျဉ်း ရေးဆွဲရေး အဖွဲ့ ငယ်တွင် ပါဝင်ခဲ့သည်။ ယင်းအဖွဲ့ငယ်၌ အဖွဲ့ဝင် ဝန်ဆောင်အပါး(၂၀)ပါဝင်သည်။ ရွှေကျင်ဂိုဏ်းမှ (၂)ပါး၊ မဟာဒွါရဂိုဏ်းမှ (၁)ပါးနှင့် ကျန်(၁၇)ပါးမှာ သုဓမ္မာဂိုဏ်းမှချည်းဖြစ်သည်။

ဆရာတော်ဦးဝိမလ၊ ရွှေဟင်္သာတောရတိုက် ညောင်တုန်းမြို့၊ သက်တော် (၇၆)၊ သိက္ခာ (၅၆) ညောင်တုန်း အခြေခံဒေသ ရွှေကျင်ဂိုဏ်းသည် အဖွဲ့ငယ်ခေါင်းဆောင်ဖြစ်၍၊ ဆရာတော်ဦးဝဏ္ဏသိရိ မင်းကျောင်းစာသင်တိုက်၊ သန်လျင်မြို့၊ သက်တော် (၅၉)၊ သိက္ခာ (၄၀)၊ သန်လျင်အခြေခံဒေသ၊ သုဓမ္မာ ဂိုဏ်းသည်အဖွဲ့၏ အကျိုးတော်ဆောင် ဖြစ်သည်။ အဖွဲ့ငယ် ၄-ဖွဲ့တို့သည် ဇမ္ဗူဒီပ ကျောင်းဆောင် မြေညီထပ်တွင် သတ်မှတ်ပေးထားသည့် နေရာ အသီးသီး၌ စားပွဲကုလားထိုင်နှင့်ရေးပြစရာ ဘောပါ အပြည့်အစုံကို ဥပဋ္ဌာကဒကာများက ကြိုတင်စီစဉ် ပေးထားသည်။

သတ်မှတ်ထားသည့် အချိန်ဇယားအတိုင်း ရုံးထိုင်၍ သက်ဆိုင်ရာ လုပ်ငန်းတို့ကို ပြောဆို ရေးသား ဆောင်ရွက်တော်မူကြသည်။ အခြေခံ စည်းမျဉ်းရေးဆွဲရေးအဖွဲ့တွင် အကြံပေး ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ (တိပိဋကရေဓမ္မဘဏ္ဍာဂါရိက) လည်း ပါဝင်သည်။

အဖွဲ့ဝင် ဆရာတော်များသည် ကြိုတင် ကပ်လှူထားသော ပိဋကတ်စာအုပ်များမှ အပ ကျန်လုပ်ငန်း အထောက်အကူပြု စာရွက် စာတမ်း (၁၆)မျိုးကို ကိုယ်စီ ဆောင်ယူခဲ့ကြသည်။

လုပ်ငန်းစလျှင်စချင်း အချို့ ဆရာတော်များ သည် ကြိုတင်စိတ်ကူးလာခဲ့သည့် အတိုင်း ပြည် ထောင်စုမြန်မာနိုင်ငံ၊ သံဃာ့လွှတ်တော် ဖွဲ့စည်းပုံကို ဘောဖြင့် ရေးဆွဲ၍ ဆွေးနွေးတော်မူကြသည်။ အမျိုးမျိုး အဖုံဖုံ ဝေဖန် ဆွေးနွေးကြသဖြင့် နေ့စဉ် နေ့တိုင်း ဆူညံသော အသံပေါ်ထွက်လျက်ရှိလေသည်။

အောက်ခြေမှစ၍ လွှတ်တော် ရောက်သည်

အထိ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့် ဖွဲ့ကြရာ မည်သည့် ဆရာတော်မျှ ကျေနပ်လောက်အောင် ဖွဲ့မပြနိုင်ပါ။ ဆရာတော်ဦးဝိစိတ္တသည်ကား မည်သည့် စကားကိုမျှ မိန့်ကြားခြင်းမရှိ၊ တစ်ပါး ကပြောလျှင် ပြောသည့် ဆရာတော်ကို ကြည့်လိုက်၊ ဟိုတစ်ပါးက ပြောပြန်လျှင် လှမ်းကြည့်လိုက်ဖြင့်သာ ကန့်သတ်ချိန် ကုန်ဆုံးစေလေသည်။

အထူးအားဖြင့် ဆရာတော် ဦးသောဘိတ သည် အသံတော် စူးစူးဖြင့် ကျယ်ကျယ် လောင် လောင် မိန့်တော်မူတတ်သည်။ ဆရာတော် ဦးဝဏ္ဏ- သိရီက တစ်ချက်တစ်ချက် ပြန်လှန် ငြင်းခုံတတ် သည်။ တစ်ရက်တစ်ချိန်မက ဖြစ်လာသောအခါ ဆရာတော် ဦးသောဘိတသည် လှမ်းလှမ်းကြည့် သော ဆရာတော်ဦးဝိစိတ္တအား အရှင်ဘုရားက ဘာမှအမိန့်မရှိပါနှင့် ပြောစရာရှိတာကို တပည့်တော် ပြောပါမည်ဟု လျှောက်ထားသည်ကို မြင်ကြားလိုက် ရသည်။

ဆရာတော်ဦးဝိစိတ္တကပြောလို့ ဦးဝဏ္ဏသိရီ က မျက်မှောက်ကြုံတ်အမူအရာနှင့် ပြန်ငြင်းလိုက် လျှင် တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဂုဏ်ကို ထိခိုက် မည်ကို စိုးရိမ်တော်မူ၍ ငါကသာ အငြင်းခံမည်၊ သည်းခံမည်ဟု သဘောထား၍ (ဆရာတော် ဦးသောဘိတ) လျှောက်ထားသည်ဟု ထိုအချိန်က ဤအရှင် သဘောပေါက်မိသည်။

သို့ဖြင့်ပင် သံဃာ့လွှတ်တော် ဖွဲ့စည်းပုံ မပီ- မပြင်ဖြစ်နေ၍ မသိမသာ ထားခဲ့ကြပြီး တစ်နည်း တစ်ဖုံ ဗုဒ္ဓသာသနာတော်လုံးဆိုင်ရာ ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံဥပဒေမူကြမ်း (မှော်ဘီမူ) ကို အပိုဒ် -၁ မှစ၍ ဖတ်ကြားဆွေးနွေးကြရာ တစ်ပါး တစ်ပေါက်ဖြင့် သတ်မှတ်ချိန်မလောက် အချိန် ကုန်ပျောက်ခဲ့လေသည်။

ဤသို့ဖြင့် ထိုမှော်ဘီ-မူကြမ်း၌ ပါဝင်သော အပုဒ် ၅၀/၅၁ကို အစဉ်ရောက်လာ၍ ဆွေးနွေး ရန်ရှိလာသောအခါ ရုံးပိတ်ရက်ကြုံသဖြင့် ဆွေးနွေး ခြင်း မပြုရသေးပါ။ နောက်နေ့တွင် အလုပ်ပြန်ဝင် ကြမည်ဖြစ်၍ ရုံးပိတ်ရက်ညနေပိုင်း တွင် ဤအရှင် က ဆရာတော် ဦးဝဏ္ဏသိရီအား "အရှင်ဘုရား မနက်ဖန်တွင် အပိုဒ် ၅၀ / ၅၁ ကို ဆွေးနွေးရန် မစီစဉ်ပါနှင့် ဆိုးဆိုးဝါးဝါး ငြင်းပွားကြပါလိမ်မည်ဟု" ကြိုတင် လျှောက်ထားပါသော်လည်း နောက်နေ့တွင် ၎င်းအပိုဒ်ကိုပင် မူတည်ဖတ်ပြ၍ ဆွေးနွေးကြလေလျှင် အဖွဲ့ဝင်ဆရာတော်တို့၏ သက်ဆိုင်ရာ သံဃာ့ဂိုဏ်း ကိုပင် ထိခိုက်ပြောဆိုသည့်အထိ ကျယ်လောင်သော အသံထွက်ပေါ်လာပါတော့သည်။

ထိုအပိုဒ်တွင် သီးခြားဂိုဏ်းများသည် အစဉ် အလာအရ မိမိတို့ဂိုဏ်းစည်းကမ်းနှင့်အညီ နေနိုင် ခွင့်ရှိသည်ဟု ဆိုထားသဖြင့် သီးခြားဂိုဏ်းဝင် ဆရာတော်များက ယခုရေးဆွဲနေကြသော အဖွဲ့ငယ် ၄-ဖွဲ့တို့ ရေးဆွဲအပ်သော စည်းမျဉ်းနည်းလမ်း စာတမ်းများသည် မိမိတို့နှင့် မသက်ဆိုင်ဟု ယူဆ မိန့်ဆိုကြသောကြောင့် ဆရာတော် ဦးသောဘိတက

"တစ်ဆူတည်းသော ဘုရားရှင် ပညတ်ထားအပ်သော သိက္ခာပုဒ်များကို တပည့် သံဃာ့မှန်သမျှ လိုက်နာကျင့်သုံး ကြရသည်သာ ဖြစ်၍ သီးခြားဂိုဏ်းဆိုသည် မရှိထိုက်" စသည်ကို ကျယ်လောင်စွာ မိန့်ဆိုလိုက်သောအခါ အချိန်လည်း ကျရောက်ပြီးဖြစ်၍ ရပ်ဆိုင်းလိုက်ကြလေသည်။

နောက်နေ့မှာလည်း အဆိုပါ အပိုဒ်ကိုပင် ဆက်လက်၍ ဆွေးနွေးကြပြန်ရာ ယခင်နေ့ကလိုပင် အဖွဲ့ဝင် ဆရာတော်များ ငြင်းခုံ ဆူညံမှုကြောင့် အုတ်နံရံ အမြင့်တစ်ဝက်ကျော် သုံးထပ်သားကာထားသော တစ်ဖက်ခန်းရှိ အဖွဲ့ဝင် ဆရာတော်များက စကားပြော၍ မရအောင် ဒီအဖွဲ့ဆရာတော်တွေ ဆူညံလှသည်ဟု ငြီးငြူကြပြီး အခြားတစ်နေရာ ရွှေ့သွားကြကြောင်းသိလိုက်ရသည်။

ဤအရှင်တို့ အဖွဲ့ဝင်ဆရာတော်များ စကား ကျယ်ကျယ်ပြောနေကြစဉ် ဤအရှင်က ရုတ်တရက် အကြံပေါ်လာပြီး လျှောက်ထားသည်မှာ-

ဆရာတော်များဘုရား. . . တပည့်တော် လျှောက်ထား လိုပါသည်။ (ခပ်ကျယ်ကျယ်အသံဖြင့်) အားလုံးနားစွင့်တော်မူကြသည်။ "ယခု တပည့်တော်များ ဤဌာနသို့ ကြွလာတော်မူကြခြင်းသည် ဒီမော်ဘီမူကို ဝေဖန်ဆွေးနွေးဖို့ မဟုတ်ပါဘုရား၊ ဒီမော်ဘီမူနှင့်တကွ ဆက်ကပ်ထားသော စာရွက်စာတမ်းများသည် တပည့်တော်များ ရေးဆွဲရမည့် စည်းကမ်းနည်းလမ်း(၄)မျိုးတို့၏ အထောက်အကူ အဖြစ်

> ဆရာကော်ဦးဝိစိတ္တသည်ကား မည်သည့်စကားကိုမျှ မိန့်ကြားခြင်းမရှိ ၊ တစ်ပါးကပြောလျှင် ပြောသည့်ဆရာတော်ကို ကြည့်လိုက်၊ ဟိုတစ်ပါးကပြောပြန်လျှင် လှမ်းကြည့်လိုက်ဖြင့်သာ ......

အသုံးပြုလိုလျှင် ပြုရုံသာ ဖြစ်ပါသည်။ ဒါကြောင့် မော်ဘီကိစ္စကို ရပ်နားတော် မူကြပါဘုရား။"

"ဒါဖြင့်လျှင် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းထဲမှာ သံဃာအဆင့်ဆင့် ဖွဲ့စည်းပုံကို ဘယ်လိုထည့်သွင်းမှာလဲ၊" (ဦးဝဏ္ဏသိရီမေး)

"ဒါကလွယ်ပါတယ် ဘုရား။ ယခု မြန်မာနိုင်ငံ တစ်ဝန်းလုံးမှာ ကျေးရွာ၊ ရပ်ကွက်၊ မြို့နယ်၊ တိုင်း/ ပြည်နယ်၊ ဗဟိုအဆင့်ဆင့် ဖွဲ့စည်းပုံရှိပါတယ်ဘုရား။ အဲဒီလူအဖွဲ့အစည်းကို မြောင်ပြီး ဖွဲ့စည်းပုံ ရေးမည် ဆိုလျှင် သင့်လျော်

ပါလိမ့်မည် ဘုရား။" (ဤအရှင် လျှောက်ထား) ကြားလိုက်ချင်းပင် ဦးဝဏ္ဏသိရီသည် သူ၏ ကျောဘက်ရှိ လူတစ်ရပ် ကျော်မြင့်သော ဘောကြီးကို လက်ဖြင့် ဘုန်းဘုန်းဘုန်း မည်အောင် ပုတ်လိုက်ပြီး-

"ဟေ့---- ဥပဥက္ကဋ္ဌကပြည်ထောင်စုဖွဲ့စည်းပုံ စာအုပ်သွားရှာချေဟု မျက်နှာတော် ညိုကြုတ်ကြုတ်ဖြင့် အမိန့်ထုတ်လိုက်ရာ ဘေးတွင် ခပ်ကုတ်ကုတ် ရှိနေသော ဥပဥက္ကဋ္ဌ မောင်ဉာဏ်ရည် (ကချင် ပြည်နယ်မှ၊ သာသနာရေးအရာရှိ)သည် အမိန့်ရှိအပ် သော စာအုပ်ရှာတော့မည် ဟန်ဖြင့် မသိမသာ လှည့်ကြည့် လှည့်ကြည့်ဖြင့် ထွက်ခွာသွားရှာသည်။ ထိုအချိန်တွင် ဆွေးနွေးပွဲ ရပ်လိုက်ကြပါသည်။

**သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းမူကြမ်း ထွက်ပေါ်လာ**

ဥပဥက္ကဋ္ဌ မောင်ဉာဏ်ရည်သည် ပြည် ထောင်စု မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံစည်း မျဉ်းစာအုပ်ကို ရှာ၍ရသည်၊ မရသည်၊ ဦးဝဏ္ဏသိရီ ထံ လာရောက်ပို့သည် မပို့သည်ကို ယနေ့ ဤအချိန် ထိ စာရေးသူမသိရတော့ပါ။ သို့သော် နောက် ၃ ရက်၊ ၄-ရက်လောက်တွင် ယခုနိုင်ငံတော် အေးချမ်းသာ ယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အကြံပေးပုဂ္ဂိုလ်၊ ထိုအချိန်က ညွှန်ကြားရေးမှူးဖြစ်ခဲ့သူ ဦးအုံမောင်၏ ဥပဥက္ကဋ္ဌ (အကူအညီဖြင့်) ပြည်ထောင်စုမြန်မာ နိုင်ငံတော် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း မူကြမ်း ထွက်ပေါ်လာပါတော့သည်။

**ဆက်လက်၍ ပြောရဦးမည်**

ရွှေဘို အခြေခံဒေသမှ ဝန်ဆောင်ဆရာ တော် -၂ပါးသည် ၁၃၄၁-ခု၊ တပေါင်းလဆန်း (၁၁)ရက်၊ (၂၅. ၂. ၈၀) ရွှေဘို အခြေခံဒေသသို့ ကြွရောက်၍ ၁၃၄၁၊ နှောင်းတန်ခူးလဆန်း (၈)ရက် (၂၃-၃-၈၀)အတွင်း ရွှေဘို(၈)မြို့နယ်ကောင်စီ အသီးသီးသို့ ရှင်းလင်းပွဲပြုမည့်ရက် အချိန်နှင့် မြို့နယ်အတွင်းရှိ ရဟန်းတော်များအား အချိန်မီ ပင့်ဆောင်ထားရန် ကြိုတင် စာပို့ထားပါသည်။ ရှင်းလင်းပွဲမပြုမီ တစ်ရက်ကြိုတင်၍ သံဃာ့အဖွဲ့ အစည်း အဆင့်ဆင့် ဖွဲ့စည်းပုံ သရုပ်ပြပုံကြီးကိုပါ ကိုင်ဆောင်ပြီး ကြွရောက်ရှင်းလင်းကြပါသည်။

၁၃၄၁-ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၉)ရက် (၈. ၄. ၈၀)မှ ၁၃၄၂-ခု၊ ကဆုန်လပြည့်နေ့ (၂၈. ၄. ၈၀)အတွင်း ယခင်နည်းအတိုင်း စီစဉ်၍ ဒုတိယအကြိမ် ရှင်းလင်းပွဲများ ပြုလုပ်ကြပါသည်။ ရှင်းလင်းပွဲ ပြုလုပ်ရာ မြို့နယ်များသို့ ဝန်ဆောင် ဆရာတော်များ ကြွရာတွင် သက်ဆိုင်ရာမှ လုံခြုံရေး အတွက် ရဲသုံးယောက် ပေးထားကြပါသည်။

**ရှင်းလင်းပွဲ အတွေ့အကြုံ**

ရွှေဘိုမြို့နယ် ညောင်ပင်သာ ကျေးရွာမှ စာရေးသူနှင့် ဆရာ ဒကာအဖြစ် ရင်းနှီးသူ ဒါယကာတစ်ဦးက "အရှင်ဘုရား သတိထား သွား နော်၊ ကိုယ်တော်တွေထဲက တစ်ချို့ ကိုယ်တော်များ ဟာ ကာယ ဝစီ ကြမ်းတမ်းကြပါသည်"ဟု လျှောက်ထား သဖြင့် ဒါယကာကြီး ကိုယ့်သာသနာတော်အတွက်

ဆောင်ရွက်တော်မူကြသည်ဟု မြင်သိကြလျှင် ကြမ်းတမ်းကြမည် မဟုတ်ပါဟု ပြောလိုက်ရပါသည်။

ဒီပဲယင်းမြို့နယ်၊ ရှင်းလင်းပွဲပြုရန် ညဥ့်အရောက်သွားကြပြီးတည်းခိုရာ ပါတီခန်းမသို့ ဆပ်ပျာကြင်းဆရာတော် ဦးဆောင်သော သံဃာ(၆) ပါးတို့ ကြွလာ၍ ဆပ်ပျာကြင်း ဆရာတော်က ကိုယ်တော်တို့ သာသနာဝင်လက်မှတ်ရဖို့က ဟိုရုံးတမော့မော့၊ ဒီရုံးတမော့မော့ လုပ်ယူရမှာလားဟု မေးရာ အရှင်ဘုရားကျောင်း အရှင်ဘုရားထိုင်နေရာသို့ အရောက်လာပို့ပါလိမ့်မည်ဟု လျှောက်ထားသဖြင့် ပြေလည် ကျေနပ်သွားတော်မူကြသည်။ နောက်နေ့ မြို့ဦးကျောင်းအတွင်း၌ ရှင်းလင်းပွဲပြုလုပ်နေစဉ် သက်တော်ကြီး၊ ဝါတော်ကြီး လေးစားထိုက်သော ဆရာတော်ကြီးက "ကွာ- သာသနာဝင်လက်မှတ် ဆိုတာက လိုသေးလို့လား ရဟန်းရက်ချုပ်ရှိပြီးသားပဲ"ဟု အမိန့်ရှိသဖြင့် "ကောင်းပါပြီ ဘုရား" ဟုလျှောက် ထားပြီး အသင့်ပါလာသော စာရွက်ပေါ်တွင် ဤအရှင်က-

" ရဟန်းရက်ချုပ်ရှိပြီးဖြစ်၍ သာသနာဝင်လက်မှတ်မလိုပါ" ဟု ရေးပြီးဖတ်ပြကာ ဆရာတော် "ကျေနပ်ပါသလား"(မေး) "ကျေနပ်ပါတယ်" (ဖြေ) "ဒါဖြင့် စာတစ်ကြောင်းအောက်မှာ ဆရာတော် လက်မှတ်ထိုးပါ"ဟု လျှောက်ထားသဖြင့် ထိုဆရာတော်က လက်မှတ်ထိုးပေးပါသည်။

ထိုသို့ လွယ်လွယ်ကူကူ ပြုမိလိုက်ခြင်းမှာ ရန်ကုန်မှ အခြေခံဒေသအသီးသီးသို့ ရှင်းလင်းကြွတော်မူခါနီးတွင် သာသနာရေး ဝန်ကြီးက သာသနာဝင်လက်မှတ်ကို ထိုင်နေရင်း ရအောင် လုပ်ပေးမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးချင်ပါသည်ဟု လာခဲ့လျှင် လက်ခံ ဆွေးနွေးတော် မမူကြပါနှင့်။ တပည့်တော်များက အတွေ့အကြုံရှိပါသည်။ လက်ခံဆွေးနွေးနေလျှင် သုံးရက်နဲ့မပြီးပါ၊ စာရွက်လွတ်ကို ထုတ်ပေးပြီး ရော့ အရှင်ဘုရား သဘော ကျသလို အကြံပြုပါဟု လျှောက်ထားပြီး ပေးလိုက်ပါဟု ကြိုတင်မှာကြား လျှောက်ထားချက်ကြောင့် လွယ်လွယ်ကူကူ ပြုမိလိုက်ခြင်းဖြစ်သည်။

ကန့်ဘလူမြို့တွင် ရှင်းလင်းပွဲကျင်းပ၍ ပထမ ပိုင်းအပြီး ခေတ္တနားနေကြစဉ် စတီးသံရောင်ဒုတ် ကောက်ကြီးကိုင် ကိုယ်တော် ခပ်ကြီးကြီး ဦးဆောင် သော သံဃာ ၅-ပါးတို့က ဝင်ရောက်ထိုင်လိုက်ကြ ပြီး " တပည့်တော်တို့နယ်မှာ သီလပျက်စီးနေတဲ့ သက်န်းဝတ်ရှိနေပါတယ်၊ အဲဒါကို ဘယ်လို လုပ်ရ မှာလဲ" (မေး)

"ယခုဂိုဏ်းပေါင်းစုံ သံဃာ့ အစည်းအဝေးပွဲကြီးဖြစ်မြောက်အောင်မြင်ရေး လာရောက် ရှင်းလင်းနေတာဟာ အဲဒီလို ကိစ္စမျိုးတွေကစပြီး သာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွားရေး အတွက် ဖြစ်ပါတယ်၊ ဂိုဏ်းပေါင်းစုံ သံဃာ့ အစည်းအဝေး ပြီးမြောက် အောင်မြင်ပြီးတဲ့အခါ ဝိနည်း ဓမ္မကံ အဓိကရုဏ်းများ ဖြေရှင်း ဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ စာအုပ်အဖြစ်နဲ့ ထွက်ပေါ်လာပါလိမ့်မယ်၊ အဲဒီအခါ အရှင်ဘုရားတို့က စောဒက

ပြုလုပ်စွဲဆိုဘို့ လိုပါတယ်၊ ရှင်းသွားပါလိမ့်မည်" (ဖြေ)

ပါတီအစည်းအဝေးခန်းတွင်

အခြေခံဒေသ ရှင်းလင်းပွဲသို့ မသွားရမီ တစ်ချိန်က ဟုထင်သည်။ အပရဂေါယာန ကျောင်းဆောင်ကြီး အနောက်ဖက်ရှိ ထိုအချိန်က ပါတီအစည်းအဝေးခန်းမ ဖြစ်ခဲ့ဖူးရာ အဆောက်အအုံအတွင်းတွင် ဝန်ဆောင်ဆရာတော်များနှင့် သာသနာရေးဝန်ကြီးအမှုးပြုသော ဥပတ္ထမ္ဘကဒကာတို့ ရှင်းလင်းပြောဆိုကြရာ နေ့လယ်ပိုင်းအချိန်တွင် သာသနာရေးဝန်ကြီးက နံနက်ပိုင်းက အစည်းအဝေးခန်းမအထွက်မှာ သူတို့လုပ်တာက ကြိုးနီစနစ်ပါကွာဟု ပြောသွားသော ဆရာတော်ကြွတော်မူပါ-တပည့်တော် မဟုတ်တာလုပ်လျှင် တပည့်တော်မျက်နှာကို ခြေဖြင့် ကန်တော်မူပါ၊ တပည့်တော် လုပ်ဆောင်ချက်တွေကို လူကြီးများ သိပါသည်။ ဤအချိန်အထိ အမှားမပါပါ၊ အရေးယူရန် ကြုံလာလျှင် တစ်လလောက် အချိန်ယူလေ့လာစုံစမ်းပြီးမှ ဆောင်ရွက်ခြင်းဖြစ်ပါသည်ဟု လျှောက်ထားသည်။

သတိရ ပေါ်လာပြန်၍ ရေးရဦးတော့မည် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ မူကြမ်းကို ထပ်မံစိစစ် ဆွေးနွေးကြရာအချိန် ဇမ္ဗူဒီပကျောင်းဆောင် အထက်ထပ် အရှေ့ပိုင်း အစည်းဝေးခန်းတွင် ဝန်ဆောင် အဖွဲ့ဆရာတော်များ အားလုံး ကျသင့်ရာ နေရာယူ သီတင်းသုံးနေကြစဉ် ယခင်နေ့က ဝန်ကြီးမပါ သံဃာတော်များသာ

> ကိုယ့်သာသနာတော်အတွက်
> ဆောင်ရွက်တော်မူကြသည်ဟု
> မြင်သိကြလျှင် ကြမ်းတမ်းကြမည်
> မဟုတ်ပါဟု


စည်းဝေးကြသဖြင့် မပြတ်စဲခဲ့ သော အဆိုပြုချက်ကို ပြည်မြို့ကံတွင်း ရွှေပေါ်ကျွန်းကျောင်း ဆရာတော် ဦးဓမ္မာဘိဝံရ (မူလဒွါရ)သည် စာရေးသူ၏ အနီးနေရာမှ ထ၍ အဆိုတင်သွင်းပါတော့သည်။

"ဆရာတော်များဘုရား. . . ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အခြေခံမူ ၄-ချက်တွင် အပိုဒ် (၃)သတ်မှတ်ထားသော ဂိုဏ်းများအတွင်း ဖြစ်ပွားသော ဝိနည်းဓမ္မကံအဓိကရုဏ်းမှုခင်းများကို မိမိတို့ဂိုဏ်းဆိုင်ရာ ဝိနည်းဓိုရ်များဖြင့် စစ်ဆေး ဆုံးဖြတ်နိုင်ခွင့် ရှိသည်ဟူသော အပိုဒ်ကို ထည့်သွင်းခြင်းပြုတော်မမူကြရန် အဆိုတင်သွင်းပါသည်။တပည့်တော်များ သီးခြားဂိုဏ်းများမှာ အနုဝိဇ္ဇက ပုဂ္ဂိုလ် ခန့်ထားပြီးဖြစ်လို့ပါ"ဟု လျှောက်ထားလေရာ ဘယ်အချိန်က

ရောက်နေသည်ကို မသိရ၊ စည်းဝေးခန်း အရှေ့မြောက်ထောင့် နေရာက ဝန်ကြီးသည် အသံသြ မောင်းမောင်း ခပ်ကျယ်ကျယ်ဖြင့်-

" ဒီမှာကိုယ်တော် ကိုယ်တော်တို့ သီးခြားဂိုဏ်းက သတ်မှတ်ထားတဲ့ အနုဝိဇ္ဇကပုဂ္ဂိုလ်ဖြင့် စစ်ဆေးလို့အမှုပြီးဆုံးသွားလျှင်ကောင်းပါတယ်၊ မပြီးဆုံးဘူးဆိုလျှင် ဒီလုပ်ထုံးလုပ်နည်းအရ ရွေးချယ်ထားတဲ့ ဝိနည်းမိုရ်ရုံနဲ့ဆုံးဖြတ်မှသာ အာဏာစက်အကူအညီရနိုင်ပါတယ်။ သို့မဟုတ်က မရနိုင်ပါ။ ကိုယ်တော်တို့အား အခွင့်အရေး ပေးထားတာပါ။ နောက်ကျမှ ထည့်လိုပါသည် ဆိုလျှင်(၇)သိန်း အကုန်ခံမှရမည်" ဟုလျှောက်ထား လိုက်သဖြင့် သီးခြားဂိုဏ်းဝင်များ သဘောပေါက်နား လည်ပြီး ဖေါ်ပြပါအပိုဒ်ကို ထည့်သွင်းရန် သဘော တူကြပါလေသည်။

ဤသို့လျှင် မူလဝန်ဆောင် ရွေးချယ်ရန် လျှောက်ထားရာတွင် ရွေးချယ်ခံယူမည့် ဆရာတော်သည် ကျရာတာဝန်ကို ထမ်းဆောင်နိုင်ရမည်ဟူသော စည်းကမ်းနှင့် အညီ ရွေးချယ်မှုကို ခံယူခဲ့ကြသော သာသနာတော်သန့်ရှင်း တည်တံ့ ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ သံဃာ့ အစည်းအဝေးကြီး ဖြစ်မြောက်အောင်မြင်ရေး၊ ဝန်ဆောင် ဆရာတော်များသည် မူလကပင် စိတ်အားထက် သန်စွာ ပါဝင်ဆောင်ရွက်တော်မူကြသည်နှင့် အညီအဖွဲ့ငယ်အတွင်း အကြိမ်ကြိမ် ဆွေးနွေး ညှိနှိုင်းခြင်း (၆၆)ပါးစုံညီ အကြိမ်ကြိမ် ဆွေးနွေး ညှိနှိုင်းခြင်း သက်ဆိုင်ရာအခြေခံဒေသ (ခရိုင်) အသီးသီးသို့ အကြိမ်ကြိမ်ကြွရောက် ရှင်းလင်းခြင်း၊ သမ္မုတိရသံဃာ့ ကိုယ်စားလှယ် ရွေးချယ်တင်မြောက်ခြင်းတို့ကို အားတက်ရွှင်လန်း ထမ်းဆောင်တော်မူကြသဖြင့် ၁၃၄၂-ခုနှစ်၊ နယုန်လဆန်း (၁၂) (၁၃) (၁၄)ရက်(၁၉၈၀ပြည့်နှစ် မေလ ၂၅၊ ၂၆၊ ၂၇)တို့၌ ကမ္ဘာအေး မဟာပါသာဏလိုဏ်ဂူတော်အတွင်း၌ သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ် (၁၂၁၈)ပါးတို့ဖြင့် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးကို အဖက်ဖက်မှ ပြည့်စုံအောင် စီစဉ်ကျင်းပကြလျက် ဖော်ပြခဲ့ပြီးသော သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် အဓိကအချက်ဖြစ်သော-



(၁) သမ္မုတိရ သံဃာ့ကိုယ်စားလှယ် ရွေးချယ်ရေးစည်းကမ်း၊

(၂) ပြည်ထောင်စု မြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း၊

(၃) ဝိနည်း၊ ဓမ္မကံ အဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊

(၄) သာသနာ့ဝင်လက်မှတ်ဆိုင်ရာ စည်းကမ်းတို့နှင့်အတူ စနစ်သစ်ပညာရေးစီမံကိန်း၊ ကျောင်းတိုက်တာနှင့် စေတီတော်ဝတ္တကမြေအတွင်းမှ အိမ်ထောင်သားမွေးတို့ကို ဖယ်ရှားရေးစသော သာသနာတော် သန့်ရှင်းရေးတည်တံ့ရေး၊ ပြန့်ပွား ရေးကိစ္စအဝဝတို့ကို ပြည်နယ်/တိုင်းအလိုက် ဂိုဏ်းအလိုက် တင်ပြ ဆွေးနွေး ထောက်ခံမှုတို့ကြောင့် ဖော်ပြခဲ့သော အဓိကအချက်များ စီမံကိန်းများကို အတည်ပြုကြကာ သာသနာ ၂၅၀၀ ကျော်ခေတ်တွင် မဖြစ်မကြုံခဲ့ဖူးသော ပြည်တောင်စုမြန်မာနိုင်ငံတော် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး ဖြစ်မြောက် အောင်မြင်ခဲ့လေပြီတကား။

ယခု ၂၅-နှစ်ပြည့် ငွေရတုသဘင်စီစဉ်ကျင်းပချိန် ၁၃၆၇-ခုနှစ်တွင် ယခင်ဆိုခဲ့သော ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး ဖြစ်မြောက်အောင်မြင်ရေး မူလဝန်ဆောင် (၆၆)ပါးအနက် (၄၉)ပါးတို့ကား ထင်ရှားမရှိကြတော့ပြီ၊ ကျန်ရှိသော မူလဝန်ဆောင် (၁၇)ပါးတို့သည် နိုင်ငံတော်သြဝါဒါစရိယ(၁၀)ပါး၊ နိုင်တော်ဗဟို သံဃာ့ဝန်ဆောင် (၄)ပါး၊ နိုင်ငံတော်သံဃမဟာနာယက(၂)ပါး၊ မထင်မရှား (၁)ပါးအားဖြင့် သက်တော်ထင်ရှားရှိကြကာ ဗုဒ္ဓသာသနာတော်မြတ်အတွင်း၌ မိမိတို့ စွမ်းပကားကို ဖြန့်လွှားလျက်ရှိကြပေသတည်း။

အဟော အနတ္တာ ဝတ သင်္ခါရာ။

သာသနဿ စ လောကဿ၊ ဝုဍ္ဎိ ဘဝတု သဗ္ဗဒါ။

သာသနမ္ပိ စ လောကဉ္စ၊ ဒေဝါ ရက္ခန္တု သဗ္ဗဒါ။

❖❖❖❖❖

အနုဝိဇ္ဇကပုဂ္ဂိုလ်ဖြင့်

စစ်ဆေးလို့

အမှုပြီးဆုံးသွားလျှင်

ကောင်းပါတယ်၊

"ဆရာတော်ဘုရား-- မြဂုဏ်ရည်ကျောင်းက ကျောင်းသားလေးနှစ်ယောက် ပင့်စာ လာပို့သွားတယ်ဘုရား" လက်ခံထားလိုက်သော ကိုရင်ကြီးက စာကြည့်နေသော ဆရာတော်ကို အသံပြုလျှောက်ထားရင်း ပင့်စာလာကပ်နေခြင်းဖြစ်သည်၊

"ဟေ--ဟုတ်လား၊ ဘာကိစ္စ ပင့်စာလဲကွဲ့"

"မြဂုဏ်ရည်ကျောင်းက ဦးပဉ္စင်းလေး ဦးကုမာရရဲ့ ဘွဲ့ရဂုဏ်ပြုပူဇော်ပွဲ ပင့်စာပါဘုရား"

ကိုရင်ကြီးထံမှ စာကိုယူပြီး ဘုန်းကြီးဦးတေဇိန္ဒ သေချာစွာဖတ်ကြည့်နေသည်၊

ညောင်ပင်လှရွာမြဂုဏ်ရည်ကျောင်းမှ မြို့တက်စာသင်နေသော ဦးပဉ္စင်းလေး ဦးကုမာရ၊ သာသနတက္ကသိုလ ဓမ္မာစရိယ (B.A Buddhism) ဘွဲ့ရ၍ ကျောင်း ထိုင်ဆရာတော် ဦးစန္ဒောဘာသနှင့် ဦးကုမာရ၏ မိဘဆွေမျိုးသားချင်း၊ ရပ်ရွာဒကာ, ဒကာမများက စုပေါင်း၍ ဂုဏ်ပြုပူဇော်ပွဲ ကျင်းပကြမည်ဖြစ်သည်၊

ကျောင်းထိုင်ဆရာတော် ဦးစန္ဒောဘာသ ဦးဆောင်ပြီး ကျင်းပပေးမည့် ဦးကုမာရ၏ ဂုဏ်ပြုပူဇော်ပွဲ ပင့်လျှောက်စာလေးကို ကြည့်ပြီး ဘုန်းကြီးဦးတေဇိန္ဒ၏ စိတ်အစဉ်ဝယ် အတိတ်က အခြင်းအရာများကို ပြန်လည် မြင်ယောင်လာမိသည်၊

--------

# အောင်မြင်မှုကိုထုဆစ်ပေးသော သာသနာ့ဗိသုကာကြီးများ

ရွှေမြိုင်ဆရာပေါက် (မကွေး)



ဘုန်းကြီး ဦးတေဇိန္ဒ ကျောင်းထိုင်သော သရက်ကန်ရွာနှင့် ညောင်ပင်လှရွာသည် သုံးမိုင်ခန့် ဝေးသည်။ အဆင့်အတန်း သိပ်မနိမ့်ကျပေ။ ဘာသာတရားကိုလည်း အလွန်ကိုင်းရှိုင်းကြသည်။ ရွာဦးတွင် မြဂုဏ်ရည်ကျောင်း တစ်ကျောင်းသာ ရှိသည်။ ဆရာတော် ဦးပရမ လက်ထက်တွင် တပည့်ရဟန်းသုံးပါး ထွန်းကားခဲ့ရာ တစ်ပါးမှာ လူထွက်သွားခဲ့သည်။

ကျန်နှစ်ပါးအနက် ဦးစန္ဒောဘာသမှာ ဓမ္မာစရိယအောင်မြင်ပြီး ရပ်ရွာဘုန်းကြီး ကျန်းမာရေး မကောင်း၍ ပြန်ခေါ်သဖြင့် ရွာပြန်နေခဲ့ရသည်။ ဦးကုမာရကတော့ ဦးစန္ဒောဘာသနောက်မှ မြို့ကို စာသင်ရောက်၍ ယခုမှ ပထမကြီးတန်းသာရှိသေးသည်။ ဦးစန္ဒောဘာသ ရွာပြန်ရောက်ပြီး (၃)နှစ်အကြာတွင် ဆရာတော် ဦးပရမ ပျံလွန်တော်မူသည်။ တပည့်နှစ်ပါးအနက် တစ်ပါးကိုမျှ စာချုပ်စာတမ်းဖြင့် ကျောင်းအပ်နှံခဲ့ခြင်း မရှိပေ။

ဈာပနပွဲပြီးသော် ကျောင်းထိုင်ပြဿနာ စတက်တော့သည်။ ဦးစန္ဒောဘာသ၏ ဒကာ, ဒကာမ အသိုင်းအဝိုင်းက ဦးစန္ဒောဘာသကို ကျောင်းထိုင်တင်မြှောက်ချင်ကြသည်။ ဦးကုမာရ၏ ဒကာ, ဒကာမ အသိုင်းအဝိုင်းကလည်း ကိုယ့်ဦးပဥ္စင်းကိုပင် ကျောင်းထိုင် ဖြစ်စေချင်ကြသည်။ ဒကာ, ဒကာမများသာ ဆန္ဒကွဲပြားသည်မဟုတ်၊ ဦးပဥ္စင်းနှစ်ပါးကလည်း-

"တပည့်တော်က အကြီးလည်းဖြစ်တယ်။ ဘုန်းကြီးကိုလည်း နှစ်ရှည်လများ ပြုစုစောင့်ရှောက်ခဲ့ရတယ်။ ဒါကြောင့် တပည့်တော် ရသင့်ပါတယ်။"

ဆရာဘုန်းကြီး ပျံလွန်တော်မမူမီ နှစ်လခန့်အလိုမှ ပြန်ရောက်လာခဲ့သော ဦးကုမာရကလည်း

"တပည့်တော်က ဘုန်းကြီးရဲ့ တူတော်တယ်။ ဒါကြောင့် တပည့်တော်သာ ရသင့်ပါတယ်"စသဖြင့် အချင်းချင်း ပဋိပက္ခဖြစ်ပြီး ကျောင်းလုကြတော့သည်။ နောက်ဆုံး ဆွမ်းအတူ မဘုဉ်းပေးသည် အထိပင် ဖြစ်လာသည်။

ဘုန်းကြီးအချင်းချင်း မညီညွတ်တော့ ဒကာ, ဒကာမတွေမှာလည်း အလှူအတန်းကို မပြုဝံ့ဖြစ်နေကြသည်။ ဘယ်ဘုန်းကြီး လှူရမည်မသိ၊ ဟိုဘုန်းကြီးလှူလျှင် ဒီဘုန်းကြီးက ဟိုဘက်အသိုင်းအဝိုင်း ဟု သတ်မှတ်ခံရမည်။ ဒီဘုန်းကြီးလှူလျှင် ဟိုဘုန်း ကြီးက ဟိုဘက်အသင်းအပင်းဟု သတ်မှတ်ခံရ မည်။ ဤသို့ အမျိုးမျိုး အဖုံဖုံတွေးပြီး ရပ်ရွာ ဒကာ, ဒကာမတွေမှာ ကုသိုလ်ရေး ဆုတ်ယုတ်ကုန်ကြ သည်။ ရွာလည်း နှစ်ခြမ်းကွဲပုံစံမျိုး ဖြစ်လာတော့ သည်။

"အမှိုက်ကစ ပြာသာဒ် မီးလောင်"ဆိုသကဲ့သို့ ဆွေမျိုးသားချင်း ဒကာ, ဒကာမ အသိုင်းအဝိုင်းက ပါလာတော့ ပိုမိုကျယ်ပြန့်လာသည်။ အမှုကိစ္စတစ်ခုကို လေ့လာကြည့်လျှင် သက်ဆိုင်သူကာယကံရှင်များ သာမကဘဲ ဘေးပယောဂများပါလာပြီး ကြီးကျယ်သည်ထက် ကြီးကျယ်သွားတတ်သည်ကို တွေ့ရသည်။

သူတို့အမှုမှာ ရပ်ကျေးမှ မြို့နယ်၊ မြို့နယ်မှသည် တိုင်း၊ တိုင်းမှသည် နိုင်ငံတော်အဆင့်သို့ပင် ရောက်ရှိသွားခဲ့သည်။ နိုင်ငံတော် သံဃမဟာနာယက ဝိနိစ္ဆယအဖွဲ့မှ-

* ဦးစန္ဒောဘာသသည် အကြီးလည်း ဖြစ်၊ ပျံလွန်တော်မူသော ဆရာတော်အား နှစ်ရှည်လများ ပြုစုစောင့်ရှောက်ခဲ့သူလည်းဖြစ်၊ ကျောင်းထိုင် အင်္ဂါရပ်များနှင့်လည်း ညီညွတ်သောကြောင့် မြဂုဏ်ရည်ကျောင်း၏ ပဓာနနာယကဆရာတော်အဖြစ် သီတင်းသုံးနေထိုင်ရန်၊

ဦးကုမာရသည် အသက်အရွယ် ငယ်ရွယ်သူဖြစ်၍ ခန်းနေအဖြစ် နေလိုကနေ၊ မနေလိုက ပရိယတ္တိစာပေများ ဆက်လက် သင်ယူနေရန်ဟု ဆုံးဖြတ်သည်။

ဤဆုံးဖြတ်ချက်ကို မြို့နယ်သံဃနာယကအဖွဲ့က အကောင်အထည်ဖော် ဆောင်ရွက်ရေး တိုင်းသံဃနာယကအဖွဲ့သို့ ညွှန်ကြားရန် ဟု ဆုံးဖြတ်ခဲ့သည်။

ယင်းဆုံးဖြတ်ချက်ကို မြို့နယ်သံဃနာယကအဖွဲ့က အကောင်အထည်ဖော် အစည်းအဝေးခေါ်ယူကျင်းပသောအခါ ဦးကုမာရနှင့် ဒကာ, ဒကာမများဘက်က မကျေမနပ်ဖြစ်၍ အောင်မြင်မှု မရရှိဘဲ အစည်းအဝေးကို ရုပ်သိမ်းခဲ့ရသည်။

မြို့နယ်သံဃနာယကအဖွဲ့က အကောင်အထည်ဖော် ဆောင်ရွက်မှု မအောင်မြင်ကြောင်း တိုင်းသံဃနာယကအဖွဲ့သို့ တင်ပြခဲ့ရာ တိုင်းမှ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီးက ခေါ်ယူညှိနှိုင်းပေးလျှင် အောင်မြင်မှု ရရှိနိုင်ကြောင်း အကြံပြု တင်ပြခဲ့သည်။ သို့နှင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က ဦးစန္ဒောဘာသ၊ ဦးကုမာရနှင့် နှစ်ဖက်အပေါင်းပါ ဒကာ, ဒကာမများကို ခေါ်ယူညှိနှိုင်းပေးခဲ့သည်။

ထိုစဉ်က မိမိသည် ကျေးရွာ သံဃနာယကဥက္ကဋ္ဌဖြစ်၍ ညှိနှိုင်းရာသို့ လိုက်ပါခဲ့ရသည်။ ညှိနှိုင်းစည်းဝေးပွဲတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့မှ ဒုတိယဥက္ကဋ္ဌဆရာတော်ကြီး မိန့်ကြားသော ဩဝါဒစကားများကိုလည်း ပြန်ကြားယောင်မိသည်။

"ဩဝါဒပေးရမယ်ဆိုတော့ ဩဝါဒပေးရတဲ့ ပွဲတွေက အမျိုးမျိုးရှိခဲ့ရာ ယခုပွဲက ညှိနှိုင်းပွဲဖြစ်တယ်။ ညှိရတယ်ဆိုကတည်းက မညီလို့ ညှိရတာ၊ အရှင်ဘုရားတို့ အချင်းချင်း ညီညွတ်မှု မရှိတာကို

## အဝိဝါဒ ခေမတော၊ ငြင်းခုံခြင်း မရှိ၊ ညီညီညွတ်ညွတ်ဖြစ်ကြလျှင် လောကသိသရာ နှစ်ဖြာအေးငြိမ်းကြောင်း ဖြစ်တယ်။



ညီအောင် ညှိပေးရလျှင် ပုံမှန်အနေအထားရောက် အောင် ရှည်ထွက်တာကို ဖြတ်ပစ်၊ တိုနေတာကို ဆွဲဆန့်၊ ဒီလိုမှသာ ညီသွားမှာဖြစ်တယ်။ ဒါကြောင့် လျှော့တန်တာလျှော့၊ ပေါ့တန်တာပေါ့၊ တစ်ပါး အပေါ်တစ်ပါး သည်းခံခွင့်လွှတ်ကြပြီး စိတ်ကောင်း စေတနာကောင်း ထားရှိကာ ညီညွတ်ကြပါ။ အရှင် ဘုရားတို့ဟာ တစ်ရပ်တစ်ရွာ တစ်ကျောင်းတည်း က ဆရာတူတပည့်တွေ ဖြစ်ကြတယ်။ ရပ်ရွာမှာ ဘာသာရေးခေါင်းဆောင်ဖြစ်တဲ့ အရှင်ဘုရားတို့ ကမှ အချင်းချင်း ပဋိပက္ခဖြစ်နေရင် အရှင်ဘုရား တို့ရဲ့ ဦးဆောင်လမ်းညွှန်မှုအောက်ကနေ ကုသိုလ် ကောင်းမှုပြုလုပ်ပြီး သံသရာရိက္ခာ စုနေကြရတဲ့ ဒကာ, ဒကာမတွေဟာ ကုသိုလ်တရားတွေ မတိုး ပွားဘဲ အကုသိုလ်တရားတွေသာ တိုးပွားနေကြ တော့မှာ။ မြတ်စွာဘုရားက "ဝိဝါဒံ ဘယတော ဒိသွာ၊ အဝိဝါဒဥ္စ ခေမတော" လို့ ဟောတော်မူပါ တယ်။ ဝိဝါဒံ ဘယတော ဒိသွာ- တစ်ဖက်နှင့် တစ် ဖက် မညီမညွတ် ငြင်းခုံနေခြင်းသည် ဘေးတွေ့ နေခြင်းပင်ဖြစ်တယ်။ အဝိဝါဒဥ္စ ခေမတော- ငြင်းခုံ ခြင်း မရှိ၊ ညီညီညွတ်ညွတ် ဖြစ်ကြလျှင် လောက သံသရာနှစ်ဖြာ အေးငြိမ်းကြောင်းဖြစ်တယ်။ ညီညွတ်မှုမရှိဘဲ ငြင်းခုံနေကြမယ်ဆိုရင် သာသနာ တော်ရဲ့ ဂုဏ်ကြက်သရေလည်း ထိခိုက်၊ ပစ္စုပ္ပန် သံသရာနှစ်ဖြာသော ဘေးနှင့်လည်း ရင်ဆိုင်တွေ့ နေရမှာ ဖြစ်တယ်၊ အရှင်ဘုရားတို့ တစ်ပါးအပေါ် တစ်ပါးက သည်းခံခွင့်လွှတ်ကြပြီး တိုင်တိုင်ပင်ပင် ညီညီညွတ်ညွတ်နဲ့ ကိုယ့်ရပ် ကိုယ့်ရွာကို သာသနာ ပြုသွားကြမယ်ဆိုရင် မိမိတို့ ကိုယ်တိုင်လည်း ကိုယ်စိတ်နှစ်ပါး ဆင်းရဲခြင်းမှ လွတ်ကင်းမယ်၊ ရပ်ရွာဒကာ, ဒကာမတွေမှာလည်း ကုသိုလ် ကောင်းမှုတွေ ပြုလုပ်ခွင့် ရရှိကြပြီး ကုသိုလ် တရား တွေ တိုးပွားကြမယ်။"

မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန် ကျောင်းမှာ သီတင်းသုံးနေတော်မူစဉ် အခါက ကောလိယနဲ့ ကပိလဝတ် နှစ်ပြည်ထောင်ရှိ ဆွေ တော်မျိုးတော်များ ဖြစ်ကြတဲ့ သာကီဝင်မင်းအပေါင်း တို့ဟာ ရောဟိဏီမြစ်ရေကို အကြောင်းပြုကာ စိတ် ဝမ်းကွဲပြားပြီး တစ်ဖက်နဲ့ တစ်ဖက် စစ်မက်ဖြစ်ပွား မယ့် အခြေအနေကို မြင်တော်မူတယ်။ ဒါနဲ့ အခင်း ဖြစ်ပွားတဲ့နေရာကို တန်ခိုးတော်နဲ့ ကြွတော်မူကာ နှစ်ဖက်စစ်သည်တို့ရဲ့ အလယ် ကောင်းကင်ယံက နေ ပြိုးပြိုးပြက်ပြက် ရောင်ခြည်တော်များ လွှတ် တော်မူပြီး "မင်းမြတ်တို့- အချင်းချင်း ခိုက်ရန်ဖြစ်ပွား ၍ စိတ်ဝမ်းကွဲပြားနေကြမည်ဆိုလျှင် ဘေးပတ်ဝန်း ကျင် ရန်သူများ ဝင်ရောက်ပြီး ရေယှက်ဖျက်ဆီး ကာ အန္တရာယ်ကျရောက်ဖို့ ဖြစ်လိမ့်မယ်။ အချင်း ချင်း ညီညီညွတ်ညွတ် စည်းစည်းလုံးလုံးနဲ့ နေသင့် ကြတယ်"လို့ ရုက္ခဓမ္မဇာတ်နဲ့ ခိုက်ရန်ဖြစ်ပွားခြင်း ကြောင့် အကျိုးမဲ့ပုံကို ဖော်ပြတဲ့ ဖန္ဒနဇာတ်တော် တို့ကို ထောက်ပြပြီး ဆုံးမဩဝါဒပေးတော်မူခဲ့တယ်။

မြတ်စွာဘုရားရဲ့ အဆုံးအမ ဩဝါဒကို နာကြားရတဲ့ သာကီဝင်မင်း အပေါင်းတို့ဟာ တိုက် ခိုက်ရန် ယူလာကြတဲ့ လက်နက်တွေကို ချပြီး အားလုံး ညီညီညွတ်ညွတ် ဖြစ်သွားခဲ့ကြတယ်။ ညီညွတ် သင့်မြတ်သွားကြလို့ ပစ္စက္ခ ကိုယ်စိတ် နှစ်ဖြာ ချမ်းသာရုံမကဘဲ နောက်ဆုံး တရားထူး ရတဲ့အထိ အကျိုးထူးတွေကို ရရှိသွား ကြတယ်။

စည်းလုံးညီညွတ်ခြင်းရဲ့ အကျိုးနဲ့ဒေါသ, အာဃာတတရားဆိုးများကြောင့် ခိုက်ရန်ဖြစ်ပွား ညီညွတ်မှု ပျက်ပြားခြင်းရဲ့ အပြစ်တွေကို သိရှိကြပြီး

ဦးစန္ဒောဘာသ၊ ဦးကုမာရနဲ့ နောက်ပါ သူ့ဘက် ကိုယ့်ဘက် ဒကာ, ဒကာမအပေါင်းတို့ဟာလည်း ညီညီညွတ်ညွတ်နဲ့ နေထိုင်ပြီး ကုသိုလ်တရားများ တိုးပွားအောင် အားထုတ်နေနိုင်ကြပါစေ-လို့ အဖွဲ့ ရဲ့ကိုယ်စား ဘုန်းကြီး တိုက်တွန်းဩဝါဒစကား ပြော ကြားပါတယ်"။

"သာဓု--သာဓု--သာဓုပါဘုရား"

နိုင်ငံတော် သံဃမဟာနာယကက အလှည့် ကျ အဖွဲ့မှ ဒုတိယဥက္ကဋ္ဌ ဆရာတော်ကြီး၏ ဩဝါဒ အဆုံးတွင် ဦးစန္ဒောဘာသ၊ ဦးကုမာရနှင့် နောက်ပါ ဒကာ, ဒကာမများထံမှ တိုင်ပင်ထားသည့်အလား သာဓုခေါ်သံများ ပြိုင်တူပင် ထွက်ပေါ်လာသည်။ သူတို့၏ သာဓုခေါ်သံသည် တည်ငြိမ်ခြင်း၊ ငြိမ်း အေးခြင်း၊ စည်းလုံးခြင်းဟူသော အဓိပ္ပာယ်ကို ဆောင်လျက်ရှိပေသည်။

ညှိနှိုင်းဆုံးမ ဩဝါဒပေးအပြီးတွင် နိုင်ငံတော် သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်၊ ဩဝါဒပေး တော်မူသည့် စည်းလုံးညီညွတ်ခြင်း၏ အကျိုးနှင့် စည်းလုံးညီညွတ်မှု ပျက်ပြားခြင်း၏ အပြစ်တို့ကို သိရှိပြီး တပည့်တော်တို့ စည်းလုံး ညီညွတ်စွာ နေထိုင်သွားကြပါမည်- ဟု နှစ်ဖက်ပုဂ္ဂိုလ်များက ဝန်ခံကတိပြု လက်မှတ်များလည်း ထိုးခဲ့ကြသည်။

ကျောင်းထိုင်နေရာလုမှု ပြဿနာပြီးဆုံးပြီး ဦးကုမာရသည် မြဂုဏ်ရည်ကျောင်းတွင် နှစ်လမျှ နေကာ ပရိယတ္တိစာပေများ ဆက်လက်ဆည်းပူးရန် မန္တလေးမြို့သို့ ပြန်ကြွသွားလေသည်။ မန္တလေးသို့ ရောက်ပြီး နောက်နှစ်တွင် ပထမကြီးတန်း အောင် မြင်၍ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်သို့ ဆက်လက် တက်ရောက်သည်။ ယခုဆိုလျှင် ဦးကုမာရဘဝတွင် အထင်ကရ အောင်မြင်မှုအဖြစ် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်မှ သာသန တက္ကသီလ ဓမ္မာစရိယ (B.A.Buddhism) ဘွဲ့ပင် ရရှိခဲ့ သည်။ သူ့အောင်မြင်မှုကို ဂုဏ်ပြုသည့် အနေဖြင့် ကျောင်းထိုင်ဆရာတော် ဦးစန္ဒောဘာသ နှင့် ရပ်ရွာ ဒကာ, ဒကာမများက လှိုက်လှဲစွာ ဂုဏ်ပြုပူဇော်ပွဲ ကျင်းပကြမည် ဖြစ်သည်။ သူတို့၏ စည်းလုံးညီညွတ်မှု အတိမ်အနက်ကို ဤဂုဏ်ပြု ပူဇော်ပွဲက လှစ်ဟပြနေသကဲ့သို့ ရှိပေသည်။

ဦးစန္ဒောဘာသ၊ ဦးကုမာရနှင့် ရပ်ရွာ ဒကာ, ဒကာမများ၏ စည်းလုံးညီညွတ်မှုကို မြင်ယောင် မိရင်း တစ်ချိန်က သူတို့၏ ကျောင်းထိုင်နေရာလုမှု ပြဿနာကို ပြီးပြေငြိမ်းအေးအောင် ဆုံးဖြတ်၊ ခေါ်ယူညှိနှိုင်းပေးခဲ့သော နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ ဆရာတော်ကြီးများကိုလည်း တစ် ဆက်တည်း ပြန်လည်သတိရလာမိသည်။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့တွင် ဆရာတော် (၄၇)ပါးရှိပြီး ရန်ကုန်မြို့၊ ကမ္ဘာအေး



ကုန်းမြေတွင် လေးလတစ်ကြိမ် အလှည့်ကျ ရုံးထိုင်ကာ ဝိနိစ္ဆယရေး၊ သာသနာရေး၊ ပညာရေးဆိုင်ရာ လုပ်ငန်းကိစ္စများကို စီမံဆောင်ရွက်တော်မူကြသည်။ မြန်မာနိုင်ငံတွင် သံဃာ့ဂိုဏ်းကြီး (၉)ဂိုဏ်းရှိရာ ဂိုဏ်းပေါင်းစုံမှ စာတတ်ပေကျော် အဓိပတိ ဆရာတော်ကြီးများကို ရွေးချယ်တင်မြှောက်ထားသည့် သံဃာ့အဖွဲ့အစည်းကြီးလည်း ဖြစ်သည်။ ဤနိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီးကို သာသနာနှစ် (၂၅၂၄) ကောဇာသက္ကရာဇ် (၁၃၄၂)ခုနှစ်၊ နယုန်လတွင် စတင်ဖွဲ့စည်း တည်ထောင်ခဲ့သည်-ဟု သိရသည်။

ယခုနှစ် (၁၃၆၇၊ နယုန်လ)ဆိုလျှင် ဤသံဃာ့အဖွဲ့အစည်းကြီး တည်ထောင်ခဲ့သည်မှာ (၂၅)နှစ်ပြည့်ပြီဖြစ်၍ "ငွေရတု" သို့ တိုင်ခဲ့ပေပြီ။ စတင်ဖွဲ့စည်းသည်မှ ငွေရတုသို့ လျှောက်လှမ်းခဲ့သည့် လမ်းခရီးတစ်လျှောက်တွင် ပြဿနာအထွေထွေကို မြတ်ဗုဒ္ဓ၏ ဝိနည်းတရားတော်နှင့်အညီ လုပ်ထုံးလုပ်နည်းများ ဘောင်အတွင်းမှ စီရင်ခဲ့သည်။ ဆုံးဖြတ်ခဲ့သည်. ထိုအထဲတွင် ဦးစန္ဒောဘာသနှင့် ဦးကုမာရတို့၏ မြဂုဏ်ရည်ကျောင်း




ကျောင်းထိုင် နေရာလုမှု ပြဿနာလည်းပါဝင်ခဲ့သည်။ သာသနာရေးရာ၊ ပညာရေးရာ ကိစ္စရပ်များစွာကိုလည်း စီမံဆောင်ရွက်နိုင်ခဲ့သည်။ ပြည်တွင်းနှင့်ပတ်သက်သော သာသနာတော်ဆိုင်ရာ လုပ်ငန်းကိစ္စသာမက ကမ္ဘာ့အရပ်ရပ်ရှိ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့်ပါ ဆက်စပ်ပြီး လုပ်ကိုင်ဆောင်ရွက်ရသည်။ မကြာသေးမီကပင် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးကို အိမ်ရှင်နိုင်ငံအဖြစ်လက်ခံပြီး ဦးဆောင်ကျင်းပနိုင်ခဲ့သည်။ ထို့ကြောင့် မြန်မာနိုင်ငံရှိ သံဃာထု၊ အစိုးရမင်းများနှင့် ပြည်သူပြည်သားများ၏ အားကိုးအားထားပြုရာ သံဃာ့အဖွဲ့အစည်းကြီး ဖြစ်ပေသည်။

သုံးလောကထွဋ်ထား သဗ္ဗညုမြတ်စွာဘုရားသည် လောကသတ္တဝါတို့၏ အကျိုးစီးပွါးအလို့ငှာ ပွင့်ထွန်းတော်မူလာသကဲ့သို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးသည်လည်း မြန်မာနိုင်ငံသံဃာထု၊ အစိုးရမင်းများနှင့် ပြည်သူပြည်သားများ၏ အကျိုးစီးပွါးအလို့ငှာ ပေါ်ပေါက်လာခဲ့ခြင်းပင်ဖြစ်သည်။ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်ကို ကိုယ်စားပြုသော နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ကြီး ငွေရတုမှသည် ရတုများစွာကို ဖြတ်ကျော်တည်တံ့နိုင်ပါစေ- ဟု ဆန္ဒပြုနေမိသည်။

ဒေါင် --- ဒေါင် --- ဒေါင် --- ဒေါင် ---

ဘုန်းကြီး ဦးတေဇိန္ဒ၏ စိတ်အစဉ်ဝယ် မြင်ယောင်လာသော အတိတ်က ပုံရိပ်တို့သည် မည်မျှအချိန်ကြာသွားသည်မသိ။ နံနက်(၁၁)နာရီထိုး၍ ဆွမ်းစားဆောင်မှ ကိုရင်များ၏ ဆွမ်းဘုဉ်းပေး ပင့်လျှောက်သည့် သံချောင်းခေါက်သံ ကြားလိုက်ရမှ ပြတ်တောက်သွားပါတော့သတည်း။

❖❖❖❖❖



# သုံးပွင့်ဆိုင်သဒ္ဓါပန်း လန်းဆန်းစေချင်


## အရှင်ပဏ္ဍိတာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ)

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်


နိုင်ငံတော်သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်ကို ကောဇာသက္ကရာဇ် ၁၃၄၂–ခုနှစ်၊ နယုန်လ၊ ခရစ်နှစ် ၁၉၈၀–ခုနှစ်၊ မေလတွင် စတင်ဖွဲ့စည်းခဲ့ပါသည်။ သို့ဖြစ်၍ ၁၃၆၇–ခုနှစ်၊ နယုန်လ၊ ၂၀၀၅–ခုနှစ်၊ ဇွန်လတွင် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် စတင်ဖွဲ့စည်းခဲ့သည်မှာ ၂၅–နှစ် တင်းတင်းပြည့်ခဲ့ပြီ ဖြစ်ပါသည်။

သံဃာ့အဖွဲ့အစည်း အဆင့်ဆင့် တည်ထောင်ဖွဲ့စည်းခြင်း၏ ရည်ရွယ်ချက်မှာ ဗုဒ္ဓမြတ်စွာ တည်ထောင်တော်မူခဲ့သော သာသနာတော်မြတ် သန့်ရှင်းစင်ကြယ်ရေး၊ အရှည်ခံ၍ တည်တံ့ ထွန်းကား

ပြန့်ပွားရေးပင်ဖြစ်သည်။ ယင်းရည်ရွယ်ချက်များ သန့်ရှင်းပြည့်စုံရေးအတွက် သံဃာ့အဖွဲ့အစည်း မှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၏ သဒ္ဓါပန်း၊ ထေရ်ငယ်၊ ဝါငယ် ရဟန်းငယ်များနှင့် ရှင်သာမဏေများ၏ သဒ္ဓါပန်း၊ ဒကာ, ဒကာမများ၏ သဒ္ဓါပန်း၊ သုံးပွင့်ဆိုင် သဒ္ဓါပန်း လန်းဆန်းဖို့ လိုပေသည်။ သုံးပွင့်ဆိုင် ယုံကြည်ချက်ထက်မြက်ဖို့ လိုပေသည်။

ယုံကြည်ချက်သဒ္ဓါတရားသည် လူ့အဖွဲ့အစည်းဖြစ်စေ၊ သံဃာ့အဖွဲ့အစည်းဖြစ်စေ လန်းဆန်းဖို့၊ ထက်မြက်ဖို့ အားကောင်းဖို့ လိုပေသည်။ သဒ္ဓါတရားထက်ထက်သန်သန် ယုံကြည်ချက် အပြည့်အဝဖြင့် ဆောင်ရွက်ကြပါလျှင် မည်သည့်ကိစ္စမဆို မအောင်မြင်ဘဲ မတိုးတက်ဘဲ မပြီးစီးဘဲ မရှိနိုင်ပေ။ ဧကန်မုချ အောင်မြင်တိုးတက်ပြီးစီးရမည်သာ ဖြစ်ပေသည်။


**သဒ္ဓါ=ဟူသည်....** သာမညအားဖြင့် ယုံကြည်ချက်ပင်တည်း၊ ဗုဒ္ဓတရားတော်အရမူ ဘုရားကို ယုံကြည်မှု၊ တရားကို ယုံကြည်မှု၊ သံဃာကို ယုံကြည်မှု၊ ကံနှင့်ကံ၏အကျိုးကို ယုံကြည်မှုကို သဒ္ဓါဟု ဆိုလိုသည်။

ယင်းသဒ္ဓါတရား သဒ္ဓါစေတသိက်ကို ဗုဒ္ဓရှင်တော်မြတ်သည်။ နည်းအမျိုးမျိုး, ဥပမာ အမျိုးမျိုး ပြ၍ ဟောကြားတော်မူခဲ့သည်။ ပဋ္ဌာန်း ဒေသနာတော်တွင် "သဒ္ဓံ ဥပနိဿာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိံ ဥပ္ပါဒေတိ=သဒ္ဓါကို အကြောင်းပြု၍ ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဥပုသ်သီလ ကုသိုလ်၊ ဈာန် ကုသိုလ်၊ ဝိပဿနာကုသိုလ်၊ မဂ်ကုသိုလ်၊ အဘိညာဉ် ကုသိုလ်၊ သမာပတ် ကုသိုလ် ဖြစ်၏" ဟု မိန့်တော်မူ၏။ ထို့ကြောင့်ပင် သဒ္ဓါ တရားသည် အလုံးစုံသော ကုသိုလ်တရားတို့ ၏ အခြေခံမူလ ပဓာန ဖြစ်ပေသည်။ (ပဋ္ဌာန၊၁။၁၄၅။ သုတ္တနိ၊ ၄၊ ၁။၁၃၀။)

**သဒ္ဓါ ၄-မျိုး။** ။ သဒ္ဓါသည် အာဂမသဒ္ဓါ၊ အဓိဂမသဒ္ဓါ၊ ပသာဒသဒ္ဓါ၊ ဩကပ္ပနသဒ္ဓါဟု ၄-မျိုးရှိသည်။ ထိုတွင် အရဟတ္တမဂ် ဉာဏ်, သဗ္ဗညုတဉာဏ်၏ ဖြစ်ပေါ်လာကြောင်းဖြစ်သော သဒ္ဓါ၊ သဗ္ဗညုတ ဘုရားအလောင်းတော်တို့၏ သန္တာန်၌ဖြစ်သော သဒ္ဓါသည် အာဂမ သဒ္ဓါ မည်၏။ သစ္စာလေးပါးကို ထိုးထွင်း သိမြင်ခြင်း ကြောင့် ဖြစ်ပေါ်လာသောသဒ္ဓါ၊ အရိယာပုဂ္ဂိုလ်တို့၏ သန္တာန်၌ဖြစ်သော သဒ္ဓါသည် အဓိဂမ သဒ္ဓါ မည်၏။ ဘုရား, တရား, သံဃာ ရတနာသုံးပါးအပေါ်၌ ကြည်ညိုမှု သဒ္ဓါသည် ပသာဒသဒ္ဓါမည်၏။ ဘုရား,တရား, သံဃာ ရတနာသုံးပါး၌ သက်ဝင်ယုံကြည်မှု သဒ္ဓါသည် ဩကပ္ပန သဒ္ဓါ မည်၏။ (ဒီ၊ဋ္ဌ၊၂၊၁၁၉)

**မိတ်ဆွေကောင်းပမာ မြတ်သဒ္ဓါ။**
သဒ္ဓါဒုတိယာ ပုရိသဿ ဟောတိ။ (သံ၊၁။၂၄)

သဒ္ဓါ၊ သဒ္ဓါတရားသည်။ ပုရိသဿ၊ ယောက်ျား မိန်းမ,မဟူ ခပ်သိမ်းသောသူ၏။ ဒုတိယာ၊ မိတ်ဆွေ ကောင်းသည်။ ဟောတိ၊ ဖြစ်၏။ **သဒ္ဓါ တရားသည် မိတ်ဆွေကောင်း နှင့်တူ၏။** လောက၌ မိတ်ဆွေကောင်းကို အမှီပြု၍ ကောင်းကျိုးအမျိုးမျိုး, ချမ်းသာအဖုံဖုံပြီး ပြည့်စုံသကဲ့သို့ ထို့အတူ သဒ္ဓါ တရားကို အမှီပြု၍ ဒါန,သီလစသော ကုသိုလ် ကောင်းမှုပြုကြ သဖြင့် ပစ္စုပ္ပန်ကောင်းကျိုးအမျိုးမျိုး, တမလွန် ကောင်းကျိုး အဖုံဖုံကို ပြီးပြည့်စုံနိုင်သည်။ ထို့ကြောင့် သဒ္ဓါတရားသည် မိတ်ဆွေကောင်းနှင့် တူ၏ ဟု ဘုရားရှင်မိန့်တော်မူသည်။



**သဒ္ဓါဟာ အရင်းအနှီးဥစ္စာ**


**သဒ္ဓီဓ ဝိတ္တံ ပုရိသဿ သေဋ္ဌံ**။(သံ၊၁၊၃၉။) သဒ္ဓါ၊ သဒ္ဓါတရားသည်။ ပုရိသဿ၊ ယောက်ျား, မိန်းမ မဟူ ခပ်သိမ်းသောသူ၏။ သေဋ္ဌံ၊ အမြတ်ဆုံး ဖြစ်သော။ ဝိတ္တံ၊ အရင်းအနှီးဥစ္စာပေတည်း။ သဒ္ဓါတရားသည် **အရင်းအနှီးဥစ္စာနှင့်တူ၏။** လောက၌ ကုန်သန်း ရောင်းဝယ်မှုပြုသူ, စက်ရုံ အလုပ်ရုံ တည်ထောင်၍ စီးပွားရှာသူသည် မိမိက ထိုအလုပ်၌ မည်မျှပင် ကျွမ်းကျင်သည်ဖြစ်စေ၊ ရောင်းဝယ်ဖောက်ကားဖို့ရာ ဈေးကွက်ကလဲ မည်မျှပင် ကျယ်ပြန့်သည်ဖြစ်စေ၊ အရင်းအနှီး ဥစ္စာမရှိက ဥစ္စာတိုးပွား အကျိုးများအောင် မလုပ်နိုင် သကဲ့သို့ ထို့အတူပင် သဒ္ဓါတရား အခြေခံ ရှိမှသာလျှင် ဒါန, သီလစသော ကုသိုလ် ကောင်းမှုပြု နိုင်သဖြင့် လူချမ်းသာ၊ နတ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာ ဟူသော ချမ်းသာအမျိုးမျိုးကို ရရှိခံစားနိုင်ပေသည်။ ထို့ကြောင့် သဒ္ဓါသည် အရင်းအနှီးဥစ္စာနှင့်တူ၏ – ဟူ၍လည်း ဘုရားရှင်မိန့်တော်မူသည်။

**သဒ္ဓါမျိုးစေ့**။ ။ သဒ္ဓါ ဗီဇံ တပေါ ဝုဋ္ဌိ။ (သံ၊ ၁။ ၁၇၅။) သဒ္ဓါ၊ သဒ္ဓါတရားသည်။ ဗီဇံ၊ မျိုးစေ့တည်း။ (ဝါ) မျိုးစေ့နှင့်တူ၏။ တပေါ၊ အကျင့်သီလသည်။ ဝုဋ္ဌိ၊ မိုးရေတည်း။ (ဝါ) မိုးရေ နှင့်တူ၏။ သဒ္ဓါရားသည် မျိုးစေ့နှင့် တူ၏။လောက ၌ ကောက်ပဲသီးနှံရရှိအောင် လုပ်ကိုင်သော တောင်သူ ဦးကြီးသည် လုပ်ကိုင်မှု ဘယ်လောက်ပဲ ကောင်းကောင်း၊ မိုးကလဲ ဘယ်လောက်ပဲမှန်မှန်၊ မိမိကလဲ လယ်ယာ

လုပ်ကိုင်မှု ဘယ်လောက်ပဲ ကျွမ်းကျင်ကျွမ်းကျင် မျိုးစေ့မရှိက အပင်မစိုက် နိုင်ပေ၊ မျိုးစေ့ရှိမှသာ အပင်စိုက်ပျိုး၍ ကောက်ပဲ သီးနှံ အမျိုးမျိုး ရရှိနိုင်ပေသည်။ ထို့အတူပင် မိမိတို့ သန္တာန်တွင် အခြေခံ သဒ္ဓါတရားဖြစ်ပွားမှ သာလျှင် ဒါနစသော ကုသိုလ်ကောင်းမှုပြုသဖြင့် စည်းစိမ်ချမ်းသာအမျိုးမျိုးကို ရရှိခံစားနိုင်ပေသည်။ ထို့ကြောင့် သဒ္ဓါတရားသည် မျိုးစေ့နှင့်တူ၏ ဟုလည်း ဘုရားရှင် မိန့်တော်မူသည်။

**သဒ္ဓါပတ္တမြား။** ။ သဒ္ဓါသည် မိမိနှင့်ယှဉ်ဖက် သမ္ပယုတ်တရားတို့ကို ကြည်လင်စေခြင်း သဘောလက္ခဏာရှိ၏။ နောက်ကျသော ရေကို ကြည် လင်စေတတ်သော စကြာမင်း၏ ပတ္တမြားရတနာနှင့်တူ၏။ စကြာမင်း၏ ပတ္တမြားရတနာသည် နောက်ကျသောရေ၌ ထည့်လိုက်သည်ရှိသော် မှော်ညှိနှစသော ရေ၏ အညစ်အကြေးတို့သည် အနယ်ထိုင်၍ ရေသည် ကြည်လင်လာသကဲ့သို့ ပုဂ္ဂိုလ်သတ္တဝါတို့သန္တာန်၌ သဒ္ဓါတရားဖြစ်ပွားသည်ရှိသော် ကိလေသာနီဝရဏစသော စိတ်အညစ်အကြေးတို့သည် ပျောက်ကင်းဆုတ် နစ်၍ စိတ်သည် ကြည်လင်လာ၏။ ကြည်လင်သော သဒ္ဓါစိတ်ဖြင့် ဒါနစသော ကုသိုလ်အမျိုးမျိုး ပြုလုပ်ကြ၍ ကောင်းကျိုးအမျိုးမျိုးရရှိနိုင်၏။

**သဒ္ဓါဗိုလ်ချုပ်။** ။ သဒ္ဓါသည် သဒ္ဒေယျဝတ္ထုတို့၌ ကောင်းစွာပြေးဝင်ခြင်း၊ သဘောလက္ခဏာရှိ၏။ ရဲရင့်သော စစ်ဗိုလ်ချုပ်ကြီးနှင့်တူ၏။ ရဲရင့်သောစစ်ဗိုလ်ချုပ်ကြီးသည် ဖမ်းစားတတ်သော မိကျောင်း, မကန်း စသည်တို့မှ ကြောက်သဖြင့် မကူးဝံ့ဘဲ မြစ်၏ကမ်းနှစ်ဘက်၌ ရပ်တည်နေကြသော လူအပေါင်းကို ''ငါ့နောက်က လိုက်ခဲ့ကြ၊ မကြောက်ကြနှင့်''ဟု ပြောဆိုလျက် ထက်မြက်လှစွာသော သံလျက်ကို စွဲကိုင်ကာ လာကုန်လာကုန်သော မိကျောင်း, မကန်းတို့ကို သုတ်သင်ရှင်းလင်း၍ လူအပေါင်းကို ဘေးကင်းရာ ကမ်းတစ်ဘက်သို့ ရောက်အောင် ပို့ဆောင်နိုင်သကဲ့သို့၊ ထို့အတူပင် သဒ္ဓါတရားသည် ဒါန, သီလ, ဘာဝနာစသော ကုသိုလ်ကောင်းမှုပြုသူတို့၏ ရှေ့သွားခေါင်းဆောင်ဖြစ်၏။ (အဘိ၊ ဋ္ဌ၊ ၁။ ၁၆၂။)



သဒ္ဓါတရားရှိသူတို့ ရအပ်သော အကျိုး ၅-မျိုး။ ။ သဒ္ဓါတရားရှိသူတို့ ရအပ်သော အကျိုး အာနိသင်တို့သည် ဤငါးမျိုးတို့တည်း။ အဘယ် ငါးမျိုးတို့နည်းဟူမူ......

(၁) သူတော်ကောင်းတို့သည် မေတ္တာပေးထေသော အားဖြင့် စောင့်ရှောက်ချီးမြှောက်ခံရခြင်း။

(၂) သူတော်ကောင်းတို့ မိမိထံမှောက် ကြွ ရောက်လာခြင်း။

(၃) သူတော်ကောင်းတို့အား လှူဒါန်းပူဇော် ရခြင်း၊

(၄) သူတော်ကောင်းတို့ထံမှ တရားစကား နာယူမှတ်သားရခြင်း၊

(၅) တမလွန်ဘဝ၌ နတ်ပြည်သို့ ရောက်ရ ခြင်းတို့တည်း။

ညီညာသော မြေအပြင်၌ ပေါက်ရောက် သော ပညောင်ပင်ကြီးသည် ငှက်အပေါင်းတို့၏ ခိုကိုးရာ ဖြစ်သကဲ့သို့ ထို့အတူပင် သဒ္ဓါတရားရှိသူ သည် လူအပေါင်းတို့၏ မှီခိုအားထားရာဖြစ်၏။ ဟိမဝန္တာတောင်မင်းကို အမှီပြု၍ အင်ကြင်းပင်ကြီး သည် အကိုင်း,အခက်, အရွက်တို့ဖြင့်လည်းကောင်း၊ အခွံ, အပွေးတို့ဖြင့်လည်းကောင်း၊ အကာ, အနှစ်တို့ ဖြင့်လည်းကောင်း ကြီးပွားကုန်သကဲ့သို့ ထို့အတူ သဒ္ဓါတရားရှိသူ အိမ်ရှင်ယောက်ျားကို အမှီပြု၍ အိမ်နေသူ ဇနီးမယား, သမီး, သားစသော လူ အပေါင်းသည် သဒ္ဓါ, သီလ, ပညာတရားတို့ဖြင့် တိုးပွားကြသည်။ (အံ၊၁။ ၁၅၀။ အံ၊၂။၃၆။)

> "သဒ္ဓါတရားနှင့်ပြည့်စုံသူသည် သူတော်ကောင်းတို့နှင့် ပေါင်းသင်း ဆက်ဆံရခြင်း၊ သူတော်ကောင်းတို့ထံမှ တရားစကားမှတ်သားနာယူရခြင်း၊ နှလုံးသွင်းကောင်းခြင်း၊ တရားနှင့်လျော်စွာ ကျင့်ခြင်းတို့ကို လွယ်ကူချမ်းသာစွာ ဖြစ်နိုင်သောကြောင့် စည်းစိမ်းချမ်းသာတို့ အလိုလို လက်ရောက် ပြီးမြောက်ပြည့်စုံသည်။"

သဒ္ဓါတရားနှင့်ပြည့်စုံသူသည် သူတော်ကောင်းတို့နှင့် ပေါင်းသင်းဆက်ဆံရခြင်း၊ သူတော်ကောင်းတို့ထံမှ တရားစကားမှတ်သားနာယူရခြင်း၊ နှလုံးသွင်းကောင်းခြင်း၊ တရားနှင့်လျော်စွာ ကျင့်ခြင်းတို့ကို လွယ်ကူချမ်းသာစွာ ဖြစ်နိုင်သောကြောင့် စည်းစိမ်းချမ်းသာတို့ အလိုလို လက်ရောက်ပြီးမြောက်ပြည့်စုံသည်။ (ထေရ၊ ၄၊၁။၆၉။)

သဒ္ဓါဂုဏ်။ ။ သဒ္ဓါဂုဏ်သည် လောကီ, လောကုတ္တရာကောင်းကျိုးချမ်းသာကို ဆောင်၏။ သဒ္ဓါတရားအဦးထား၍ ကျင့်ကြံသူတို့ သည် ဇာတိ, ဇရာအစရှိသော ဝဋ်ဒုက္ခကို ပယ်ဖျောက်နိုင်၏၊ ဂုဏ်မဲ့ခြင်းကို ငြိမ်းပျောက်စေ၏၊ သတိသမ္ဗောဇ္ဈင်အစရှိသော ဗောဇ္ဈင် ရတနာကိုရခြင်း၏အကြောင်း ဖြစ်၏။ သဒ္ဓါ တရားတည်းဟူသော ဥစ္စာသည် အနုဂါမိကဖြစ်သော သူတစ်ပါးတို့နှင့် မဆက်ဆံသော စည်းစိမ်ကိုလည်း ရနိုင်၏။ ရွှေငွေစသော လောကီဥစ္စာကိုလည်း ရနိုင်၏။ (သံ၊၄၊၁။ ၃၀၀။ ဤတိဝုတ်၊၄။၂၄၅)

ဤသို့လျှင် သဒ္ဓါတရားသည် ဗုဒ္ဓမြတ်စွာ တည်ထောင်တော်မူခဲ့သော သာသနာတော်မြတ်၏ သန့်ရှင်းစင်ကြယ်ရေး၊ အရှည်ခံ၍ တည်တံ့ရေး၊ ပွန်းကားပြန့်ပွားရေး၏ အခြေခံ ပဓာန ဖြစ်သည်။ ထို့ကြောင့် ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၏ သဒ္ဓါပန်း၊ ထေရ်ငယ်၊ ဝါငယ် ရဟန်းငယ်များနှင့် ရှင်သာမဏေများ၏ သဒ္ဓါပန်း၊ ဒကာ, ဒကာမများ၏ သဒ္ဓါပန်း၊ သုံးပွင့်ဆိုင် သဒ္ဓါပန်း လန်းဆန်းစေချင်ပါသည်။ သုံးပွင့်ဆိုင် ယုံကြည်ချက် ထက်မြက်စေချင်ပါသည်။ သုံးပွင့်ဆိုင် သဒ္ဓါမျိုး စိုက်ပျိုးစေချင်ပါသည်။ သုံးပွင့်ဆိုင် သဒ္ဓါမိုး သွန်းဖြိုးစေချင်ပါသည်။ သုံးပွင့်ဆိုင် ဥစ္စာနစ် ကျစ်လစ်ခိုင်မာစေချင်ပါသည်။

❖❖❖❖❖



# သဒ္ဓါ ပညာ

အရှင်တိလောကာဘိဝံသ(အင်းစိန်)



အရာဝတ္ထု ၂-ခု အသုံးပြုရသည့် အရာမှန်သမျှ တစ်ခုနှင့်တစ်ခုညီမျှဖို့ ဟန်ချက်ညီဖို့ လိုအပ်သည်၊ ခြေထောက် ၂-ချောင်း၊ ဝဲနှင့်ယာ၊ လင်နှင့်မယား၊ လျှာနှင့်သွား၊ အမည်းနှင့်အဖြူ၊ အမှောင်နှင့်အလင်း၊ အသွားနှင့်အပြန်၊ အပေးနှင့်အယူ၊ အဝင်နှင့်အထွက်၊ အရောင်းနှင့်အဝယ်၊ ထုတ်လုပ်မှုနှင့် စားသုံးမှု၊ အထက်နှင့်အောက်၊ အသိနှင့်အကျင့်၊ ဝိဇ္ဇာနှင့်စရဏ၊ ဝီရိယနှင့်သမာဓိ၊ သဒ္ဓါနှင့်ပညာစသည် မည်သည့်အရာတွင်မဆို တစ်ခုနှင့်တစ်ခုညီမျှမှ လွယ်ကူသည့်ရလဒ်၊ ပြည့်စုံသည့်အကျိုး ရနိုင်ပေမည်၊ တစ်ခုနှင့်တစ်ခု မညီမျှလျှင် လွယ်ကူ၊ ပြည့်စုံသည့် အကျိုးမရနိုင်။

ဖော်ပြပါ စုံတွဲ အမျိုးမျိုးရှိသည့်အနက် ခြေထောက် ၂-ချောင်းမှာပင် အတို အရှည်၊ အနေး အမြန်၊ အကြီး အသေး စသည် မညီမျှလျှင် ရပ်တည်မှု၊ ခရီးရောက်မှု၊ တွေ့မြင်ရမှု စသည့် အခက်အခဲများစွာ ရင်ဆိုင်ရပေမည်၊ အခြားသော သက်မဲ့စုံတွဲ သက်ရှိစုံတွဲ မည်သည့် စုံတွဲမှာ မဆို မညီမျှလျှင် အစွန်းရောက်လျှင် ထိုက်တန်သည့် ဆိုးကျိုး ရင်ဆိုင်ရမည်၊ ညီမျှလျှင် ထိုက်တန်သည့် ကောင်းကျိုးခံစားရမည်။

ဤအရာ၌ သဒ္ဓါ ပညာ စုံတွဲကိုသာ ညွှန်ပြလိုပါသည်။

သဒ္ဓါကဲ၍ ပညာနည်းလျှင်-

ဆင်ခြင်တုံတရား လက်ကိုင်မထားဘဲ တွေ့သမျှ ကြည်ညိုမိတတ်သည်၊ အတုအယောင်ဖြစ်သော ဘိုးတော်၊ မယ်တော်၊ ဆရာ၊ ရဟန်း၊ သူတော်စင် စသော မကြည်ညိုသင့်သည်များကို ကြည်ညိုမိခြင်းကြောင့် သမီးဆုံးရှုံးခြင်း၊ မယားဆုံးရှုံးခြင်း၊ လင်ဆုံးရှုံးခြင်း၊ ပစ္စည်းဆုံးရှုံးခြင်း၊ အရှက်တစ်ကွဲ အကျိုးနည်းဖြစ်ခြင်း၊ ပူဆွေး သောက ရောက်ရခြင်း စသော ဆိုးကျိုးများနှင့် ရင်ဆိုင်ကြရသည်။

ရဟန်းခံရာ၌ပင် ရဟန်းလောင်း၏ အရည်အသွေး မပြည့်ဝမှုကြောင့် သာသနာတော်၌ညှိုးဖျင်းသော ရဟန်း၊ လုံ့လဝီရိယ မရှိသော ရဟန်း၊ ဆိုးသွမ်းသော ရဟန်း၊ သာသနာဖျက် ရဟန်း စသည် ပေါ်များခဲ့ရသည်။ အဆိပ်ပင် ရေလောင်း သကဲ့သို့ဖြစ်ရသည်၊ ဘုရားတည်ကျောင်းဆောက် စသည် မည်သည့် ကုသိုလ်မျိုး၌ မဆို အရည်မျှော်၍ ပြုလုပ်မှ ကုသိုလ်လည်းရမည်၊ အကျိုးလည်းများမည်၊ အလှူဒါနအရာ၌-

၁။ ကုသိုလ်ရရုံ လှူသော အလှူဒါန၊

၂။ ကုသိုလ်လည်းရ အကျိုးလည်းများသော အလှူဒါန ဟူ၍ ၂-မျိုးခွဲခြားသင့်သည်။

အလဇ္ဇီ၊ ဒုဿီလကိုပင် အလှူခံအမှတ်ဖြင့် လှူလျှင် ကုသိုလ်တော့ ရနိုင်ပါသည်။ သို့သော် တအားပုံလှူခြင်းကြောင့် သာသနာအတွက် အကျိုး မများနိုင်ပါ၊ မကောင်းမှုလုပ်ဖို့အားပေးသလိုပင် ဖြစ်တတ်ပါသည်။ မီးလောင်ရာ လေပင့်ဆိုသလို အလဇ္ဇီ၊ ဒုဿီလများ လာဘ်လာဘ ပေါများလျှင် မိမိအတွက်ရော သာသနာအတွက်ပါ ပို၍ပင် အန္တရာယ်ကြီးပါသည်။

ငှက်ပျော၊ ဝါး၊ ကျူပင်တို့၏ အသီးသည် မိမိအပင်ကိုပင် ပြန်၍ သတ်သကဲ့သို့ လည်းကောင်း၊ အဿတိုရ် မြင်းမ၏ ကိုယ်ဝန်သည် မိခင်ကိုပင် သတ်သကဲ့သို့ လည်းကောင်း၊ ညံ့ဖျင်းသော ယောကျ်ား၏ လာဘ, သက္ကာရ, သိလောကသည် မိမိကိုယ်ကိုပင် ပြန်သတ်တတ်သည် ဟု-ဝိ-၄-၃၄၆၊ သံ-၁-၁၅၆၊ ၄၃၆၊ အံ-၁- ၃၈၅၊ နေတ္တိ- ၁၀၉၊ တို့၌ ဒေဝဒတ်ကို အကြောင်းပြု၍ မြတ်စွာဘုရား ဟောထားသည်။

" သဒ္ဓါလွန်တော့ တဏှာကျွန် ဖြစ်ရသည်" ဟူသော စကားပုံများသည်လည်း ပညာနည်း၍

သဒ္ဓါကဲသူများကို ရည်ညွှန်းခြင်း ဖြစ်သည်၊ ဤသာဓကများအရ သဒ္ဓါကဲ၍ ပညာနည်းလျှင် အကျိုးမဲ့ ဖြစ်တတ်ပါသည်။ သဒ္ဓါတရား အားကောင်းသည့် သာသနာပြုလိုသူများ သတိထားရမည့်အရာဖြစ်သည်၊ သာသနာပြုလိုပါလျက် သာသနာဖျက်ရာ ရောက်နေတတ်သည်။

သဒ္ဓါနည်း၍ ပညာကဲလျှင် ကောက်ကျစ်စဉ်းလဲတတ်သည်၊ ဆေးကြောင့်ဖြစ်သော ရောဂါသည် ကုသလို့မရ သကဲ့သို့ ဖြစ်တတ်သည်။

ဒါနကြောင့် သံသရာရှည်သည်
စိတ်ထားတတ်လျှင် မြတ်သည်
လှူစရာမလို ရိပ်သာသွား တရားထိုင်နေစရာ မလို
အကုသိုလ် မဖြစ်အောင်နေလျှင် ပြီးတာပဲ
စိတ်ကိုစိတ်အတိုင်းထား၊ လုံ့လမှု ဒုက္ခ စသည်ဖြင့်

ပြောတတ်သူများသည် သဒ္ဓါနည်း၍ ပညာကဲသူများဖြစ်ကြသည်၊ သဒ္ဓါနည်း၍ ပညာကဲသူသည် သဒ္ဓါနည်းခြင်းကြောင့် သူများအပြစ်ကိုသာ ရှုမြင်နေတတ်သည်၊ ကြည်ညိုစရာ မတွေ့တတ်၊ အရာရာမှာ သင့်တင့်အောင် မရှုမြင်တတ်၊ ဖြည့်မကြည့်တတ်။

လူမိုက်၏ အတတ်ပညာသည်-
လူမိုက်အား အကျိုးမဲ့ရန် အတွက်သာ ဖြစ်၏၊
ကုသိုလ်အဖို့အစုကို ဖျက်ဆီးတတ်၏၊
ပညာဦးထိပ်ကို ပြတ်၍ ကျစေတတ်၏။

ဟူသော ဓမ္မပဒ ဂါထာ- ၇၂ စကားသည်လည်း သဒ္ဓါနည်း၍ ပညာကဲသူကို ရည်ညွှန်းခြင်းဖြစ် သည်။

“ အကျင့်မကောင်းသူများအပေါ် အပြစ်မြင်တော့ အကျင့်မကောင်းသူများ တွေ့မြင်တိုင်း အကျင့်ကောင်းသူများကို ပို၍ကြည်ညိုခွင့် ရရှိခဲ့သည်၊ အကျင့်မကောင်းသူများလည်း အကျင့်ကောင်းသူများကို ကြည်ညိုစေဖို့ အကြောင်းတစ်မျိုး ဖြစ်ပါသည်၊ ”

သဒ္ဓါပညာ ညီမျှလျှင် ကား အရာရာကို သင့်တင့်အောင် ရှုမြင်တတ်သည်၊ သူတစ်ပါး၏ လိုအပ်ချက်ကို ဖြည့်စွက်၍ ရှုမြင်သည်၊ တွေးခေါ်တတ်သည်၊ စဉ်းစားတတ်သည်၊ သူတစ်ပါးက ကိုယ့်ကို လာဆဲသည်ကိုပင်-

သူ့ခမျာ မခံနိုင်လွန်းလို့ စိတ်ဆိုးလွန်းလို့ဆဲတာဖြစ်မည်၊ သူ့ဘက်ကအလွန်မဟုတ်၊ ငါ့ဘက်ကသာ လွန်တာဖြစ်မည်။ ငါ ဝဋ်ကြွေးရှိလို့ အဆဲခံရသည်၊ ငါ၏ အပြစ်ဝဋ်ကြွေးကျေပါစေ၊ ပြုသူ အသစ်၊ ဖြစ်သူ အဟောင်းဆိုသကဲ့သို့ အကုသိုလ် ဝဋ်ကြွေးအဟောင်းပေါ်မှာ အကုသိုလ် အသစ် ထပ်မဖြစ်အောင် ငါထိန်းသိမ်းမည်စသည်ဖြင့် ဖြည့်စွက် တွေးခေါ်ရှုမြင်သည် အရှုံးမပေါ်သည့်အပြင် အမြတ်ပင် ထွက်ပေါ် နိုင်သည်။

**သာသနာပြုလိုသော ဒါယကာတစ်ယောက်နှင့် ဆရာတော်ကြီးတစ်ပါး**

ရှေးအခါက သာသနာအတွက် ကောင်းစေလိုသော ဒါယကာတစ်ယောက်သည် ဆရာတော်ကြီးတစ်ပါးအား လျှောက်ထားဖူးလေသည်၊ ဆရာတော်ဘုရား၊ သာသနာတော်၌ အကျင့်သိက္ခာနှင့် ပြည့်စုံသည့် ရဟန်းသာမဏေများသာ ရှိစေချင်သည်၊ အကျင့်သိက္ခာမကောင်းသည့် ရဟန်းသာမဏေများ သာသနာတော်မှာ မရှိလျှင် ကောင်းမှာဘဲဟု လျှောက်ထားလေသည်၊ အဲဒီလို လျှောက်ထားတော့ ဆရာတော်ကြီးက- ဒါယကာ သစ်ပင်တစ်ပင်မှာ အကာနှင့်အနှစ်ဘယ်ဟာက လိုရင်း ဖြစ်သနည်းဟု မေးရာ- အနှစ်က လိုရင်းပါဘုရားဟု ဖြေသည်၊ အဲဒီလိုအနှစ်ကလိုရင်းဖြစ်၍ လိုရင်း မဟုတ်သောအကာများကို ဖယ်ပစ်လိုက်ရင် မကောင်းဘူးလားဟု ဆရာတော်ကြီးကမေးရာ ဒါယကာက- အကာက လိုရင်း မဟုတ်သော်လည်း အနှစ်အတွက် အကာအကွယ်ဖြစ်စေရန် အကာလည်း လိုအပ်ပါသည်၊ အကာမရှိလျှင် အနှစ်ပျက်စီးသွားနိုင်သည်ဟု လျှောက်ထားရာ ဆရာတော်ကြီးက- ဒါယကာ၊ အကာနှင့်တူသော အကျင့်မကောင်းသည့် ပုဂ္ဂိုလ်များကြောင့်ပင် ပို၍ ဂုဏ်တက်ရပါသည်၊ လိုရင်း မဟုတ်သော်လည်း အကာလိုအပ်ပါသည်ဟု ဆရာတော်ကြီးက မိန့်တော်မူမှသာ သာသနာအတွက် ကောင်းစေလိုသော ဒါယကာလည်း သဘောပေါက်သွားသည်၊ အကျင့်မကောင်းသူများအပေါ် အပြစ်မြင်တော့၊ အကျင့်မကောင်းသူများ တွေ့မြင်တိုင်း အကျင့်ကောင်းသူများကို ပို၍ ကြည်ညိုခွင့်ရရှိခဲ့သည်၊ အကျင့် မကောင်းသူများလည်း အကျင့်ကောင်းသူများကို ကြည်ညိုစေဖို့ အကြောင်းတစ်မျိုး ဖြစ်ပါသည်၊ ဆရာတော်ကြီး၏ သဒ္ဓါပညာ ညီညာမျှအောင် ရှုမြင်နိုင်မှုကား အံ့ဩ လောက်ပါပေသည်။

စာရှုသူများလည်း အရာခပ်သိမ်း၌ သဒ္ဓါပညာ ညီမျှအောင် လက်ကိုင်ထား၍ ရှုမြင် ကြပါဟု တိုက်တွန်းရင်း ဤဆောင်းပါးကို အဆုံးသတ်အပ်ပါသတည်း။

❖❖❖❖❖

# ၂၅-နှစ်မြောက် သမဏာနုဥဒ္ဒေသနမင်္ဂလာ အခါတော်နေ့

ဘဒ္ဒန္တဝိသုတ(မ-ဟ-န)

ယနေ့သည် ၁၃၆၇-ခုနှစ်၊ နယုန်လဆန်း (၁၂) ရက်နေ့ ဖြစ်ပါသည်၊ (သို့မဟုတ်)၂၅-နှစ် မြောက် သမဏာနုဥဒ္ဒေသနမင်္ဂလာအခါတော်နေ့ ဖြစ်ပါသည်။

မှန်ပါသည်၊ လွန်ခဲ့သော ၂၅-နှစ် (၁၃၄၂-ခုနှစ်၊ နယုန်လဆန်း ၁၂-ရက်နေ့က) ဤ ကမ္ဘာအေး ကုန်းမြေ မဟာပါသာဏ လိုဏ်ဂူ တော်ကြီးတွင် မြန်မာတစ်ပြည်လုံးမှ ဂိုဏ်းပေါင်းစုံ သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ် သံဃာတော် တစ်ထောင်ကျော် တို့ စုရုံးပြီး သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွား ရေးအတွက် စည်းဝေးခဲ့ကြသည်၊ ဆွေးနွေးတိုင်ပင်ခဲ့ ကြသည်၊ သံဃာ့အဖွဲ့ အစည်း အခြေခံစည်းမျဉ်းများ လုပ်ထုံးလုပ်နည်းများကို ရေးဆွဲ အတည်ပြုခဲ့ကြ ပါသည်၊ သံဃ သမ္မုတိရ သံဃာ့ကိုယ်စားလှယ် များအပြင် ပဏ္ဍာ သမဏ သံဃာတော်များ၊ လေ့လာ တော်မူကြသော သံဃာတော်များ၊ လာရောက် ဖူးမြော်ကြသော ဒါယကာ, ဒါယိကာမများ၊ နိုင်ငံတော် အစိုးရအဖွဲ့ အကြီးအကဲ များ၊ ဌာနဆိုင်ရာ အသီးသီးမှ ဝန်ထမ်းများအားလုံး စုရုံး ရောက်ရှိလာကြကာ ရွှင်တပြုံးပြုံး ဖြစ်နေခဲ့ကြပါ သည်၊ ဂိုဏ်းပေါင်းစုံ သံဃာတော်များ စည်းလုံး ညီညွတ်ကြပြီး သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး အတွက် ဆောင်ရွက်တော်မူကြသည့် သံဃာတော်များကို ဖူးမြင်ကြရ သည်မှာ အားမရနိုင် ဖြစ်နေကြပါသည်၊ ထိုနေ့မှာ သမဏာနုဥဒ္ဒေသန မင်္ဂလာနှင့် ပြည့်စုံနေကြပေတော့သည်၊ မဟာ ပါသာဏလိုဏ်ဂူတော်ကြီးမှာ မကြာမီအစည်းအဝေး ပွဲကြီး စတင်ကျင်းပသော အခါ နိုင်ငံတော်အကြီး-အကဲများက သာသနာတော် ရေးရာများကို လျှောက်ထားရာတွင် "ယခုလို မြန်မာတစ်နိုင်ငံလုံးမှ ကြွရောက်တော် မူလာကြသည့် ဂိုဏ်းပေါင်းစုံ ဆရာတော် သံဃာတော်များကို တစ်စုတစ်ဝေးတည်း ဖူးမြင်ကြရသည့်အတွက် သမဏာနုဥဒ္ဒေသန မင်္ဂလာ ဖြစ်ရပါကြောင်း" စသည်ဖြင့် လျှောက်ထားခဲ့ပါသည်၊

ထိုအစည်းအဝေးပွဲကြီး၏ နောက်ဆုံးနေ့ ဖြစ်သော နယုန်လပြည့်နေ့တွင်ကား ဆွမ်းဆန်စိမ်း လောင်းလှူပွဲတော်ကြီးကို ကျင်းပပြုလုပ်ခဲ့ကြပါသည်၊ ရန်ကုန်တစ်မြို့လုံးရှိ စေတနာရှင် ဒါယကာ ဒါယိ ကာမများမှာ လှူဒါန်း၍ အားမရ နိုင်လောက် အောင် ဝမ်းမြောက်ကြည်နူးဖြစ်ခဲ့ကြရပါသည်၊ ထိုနေ့ ထိုရက်ကို နတ် သိကြားများကပင် ဂုဏ်ပြု မှတ်တမ်း တင်လေရော့သလား၊ မိုးကြီးသည်းထန်စွာ ရွာသွန်းခဲ့ လေသည်၊ မိုးထဲရေထဲတွင် ကျင်းပ နေသည့် ဆွမ်းဆန်စိမ်း လောင်းလှူပွဲတော်ကြီး၌ အောင်ပွဲခံ ကြွရောက်နေကြသည့် ရဟန်း သံဃာတော်များကို

ထိုအချိန်မှစ၍

``သမဏာနုဥဒသာသန''

မင်္ဂလာဖြစ်ခဲ့ကြရသည်မှာ

ယနေ့ ၂၅-နှစ်ပြည့်ပြီးဖြစ်၍

ယနေ့သည်ကား ၂၅-နှစ်မြောက်

သမဏာနုဥဒသာသနမင်္ဂလာ

အခါတော်နေ့ကြီး''ဖြစ်၍ ငွေရတုသဘင်

ဆင်ယင်ကျင်းပသော နေ့ထူးနေ့မြတ်ပင်

ဖြစ်ပါတော့သည်။

အကြိမ်ကြိမ် ဖူးမြင်ခဲ့ကြရသည့်အတွက် " သမဏာနုဥဒသာသနမင်္ဂလာ" အကြိမ်ကြိမ် ဖြစ်ခဲ့ကြရပါသည်။ ထိုနေ့ ထိုရက်ကို ကြုံခဲ့ကြရသည့် ရဟန်းရှင်လူပြည်သူအပေါင်းတို့မှာ မကြုံစဖူးထူးကဲလှသည့် ထိုမင်္ဂလာအခါတော်နေ့ကို မေ့မရနိုင်ဖွယ်ဖြစ်ခဲ့ကြရပေသည်။ ထိုနေ့ထိုရက် ထိုအချိန်မှစ၍ "သမဏာ-နုဥဒသာသန" မင်္ဂလာဖြစ် ခဲ့ကြရသည်မှာ ယနေ့ ၂၅-နှစ်ပြည့်ပြီးဖြစ်၍ ယနေ့ သည်ကား ၂၅-နှစ်မြောက်-သမဏာနုဥဒသာသနမင်္ဂလာ အခါတော်နေ့ကြီး"ဖြစ်၍ ငွေရတုသဘင် ဆင်ယင်ကျင်းပသော နေ့ထူးနေ့မြတ်ပင် ဖြစ်ပါတော့သည်။

ထိုနေ့ထိုရက် ထိုအချိန်မှစ၍ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်သည်လည်း အရှိန်အဟုန်မပျက် သာသနာတော်ဆိုင်ရာ ကိစ္စအဝဝကို ဆောင်ရွက်နိုင်ကြသည်ဖြစ်၍ မြန်မာနိုင်ငံတော်တွင် ဗုဒ္ဓသာသနာတော်မြတ်ကြီးသည် နေအရောင်၊ လအရောင် ထွန်းလင်းပြောင်လျက် ရှိပေတော့သည်။ ကမ္ဘာတစ်လွှားသို့လည်း သာသနာပြု ရဟန်းတော်များကို စေလွှတ်လျက် အောင်မြင်စွာ သာသနာပြုခဲ့ပြီဖြစ်သည်။ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်များ၊ အပြည်ပြည် ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်နှင့် မဟာသန္တိသုခ ဗုဒ္ဓသာသနာပြု သင်တန်းကျောင်းတော်ကြီးတို့ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိနေပါပြီ။ ဤသည်တို့မှာ သံဃာ့အဖွဲ့အစည်း ဖွဲ့စည်းဆောင်ရွက်ခဲ့သည့် ၂၅-နှစ်အတွင်း သမဏာနုဥဒသာသနမင်္ဂလာ နှင့်အတူဖြစ်ပေါ်ခဲ့သော အကျိုးရလဒ်များ ပင်ဖြစ်ပါတော့သည်။

**အာသိသ**

ဤသမဏာနုဥဒသာသနမင်္ဂလာအခါတော်နေ့ကြီးသည် ၂၅-နှစ်မြောက် ငွေရတုသဘင်မှသည် နှစ် ၅၀-မြောက် ရွှေရတုသဘင်သို့ဆီ အရှိန်အဟုန်မပျက် ဆက်လက်တက်လှမ်း စေလိုပါသည်။ အရှိန်အဟုန်မပျက် ဆက်လက် တက်လှမ်း နိုင်ပါစေဟုလည်း အာသိသ ပတ္ထနာပြုပါသည်။

ဘဒ္ဒန္တဝိသုတ(မ·ဟ·န)

# သာသနာတည်ကြောင်း ဆောင်းဆုမွန်

## အရှင်ဝိစာရ-ပါဠိပါရဂူ

(၁)

ဗုဒ္ဓဘာသာဝင်တိုင်း ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီး အရှည်ခံ၍ တည်တံ့စေလိုကြသည်။ ထိုထက် ကမ္ဘာတစ်လွှား အထိ ပြန့်ပွားစေလိုကြသည်။

တည်တံ့ဖို့က ပထမ၊ ပြန့်ပွားဖို့က ဒုတိယ ဖြစ်ပါသည်။ တည်တံ့မှ ပြန့်ပွားနိုင်ပါမည်။ သို့ဖြစ်၍ ဗုဒ္ဓမြတ်စွာသာသနာတော်မြတ်ကြီး ပျက်စီးပျောက်ကွယ်မသွားဘဲ တည်တံ့ခိုင်မြဲပါစေကြောင်းဆုတောင်းကြသည်။ စိတ်ပါဝင်စားကြသည်။ စိတ်ထက်သန်ကြသည်။ စိတ်ဝင်တစား ထက်ထက်သန်သန်ဖြင့် သာသနာတော်မြတ်ကြီး တည်တံ့စေရန် အာရုံပြုဆုတောင်းခြင်းပင်ဖြစ်ပါသည်။

(၂)

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ဗုဒ္ဓဘာသာအထွန်းကားဆုံးနိုင်ငံ ဖြစ်သည်ဟု အားလုံးက လက်ခံလေးစားကြသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး ဗုဒ္ဓမြတ်စွာ သာသနာတော်တည်တံ့ရေးကို အလေးထားကာ အားထုတ် ဆောင်ရွက်ကြပါသည်။

အထူးသဖြင့် လွန်ခဲ့သော ၁၇-နှစ်၊ သက္ကရာဇ် အနေဖြင့်ဆိုလျှင် ၁၃၄၉- ခုနှစ် နောက်ပိုင်းအချိန်မှစပြီး ဗုဒ္ဓဘာသာနှင့်စပ်သွယ်သော ဘုရားပွဲ, တရားပွဲ, သံဃာပွဲများ ကျင်းပပြုလုပ်သော

အခါ၌ အခမ်းအနားရုပ်သိမ်းလျှင် " ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု " ဟူသော သာသနာတည်တံ့ကြောင်း ဆုတောင်းပတ္ထနာ ပါဠိစကားကို သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းသောအစဉ် အလာ ရှိခဲ့ပါသည်။ သာသနာနှင့်စပ်သွယ်သောပွဲ ဖြစ်၍ သာသနာရေးဦးစီးဌာန တာဝန်ရှိပုဂ္ဂိုလ်များက သာသနာတော်နှင့်လျော်ကန်အောင် စီစဉ်ကြဟန် တူပါသည်။ မည်သို့ပင်ဖြစ်စေ သာသနာတည်တံ့ ရေး မျှော်တွေးတောင်းတ ဆုတောင်းကြသဖြင့် ကောင်းမြတ်သော ဆောင်ရွက်ချက်ဖြစ်ကြောင်း နှစ်ထောင်းအားရ ကြိုဆိုရမည်သာဖြစ်ပါသည်။

(၃)

အချို့ချို့ ပုဂ္ဂိုလ်တို့က " ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" ဆိုတဲ့ပါဠိကို ဘုရားရှင် တိုက်ရိုက်ဟော သလား?

ဘယ်ပါဠိတော်မှာ ပါသလဲ?

ဘယ်ကျမ်းမှာလာသလဲ?

စာထဲမှာ မပါတာတွေ လုပ်နေကြတယ် စသည် ဖြင့် မလိုလားသည့်အနေအထား အပြစ်တင် စကား ပြောကြားကြပါသည်။ " ဗုဒ္ဓ သာသနံ စိရံ တိဋ္ဌတု" ဟု တသွေမတိမ်း ဘုရားရှင်ဟောကြားထားသော ပါဠိစကားကတော့မရှိပါ။ သဘောအားဖြင့် ဟော ကြားထားသော ပါဠိစကားရှိသည်မှာတော့ အမှန် ပါ။ အရှင်မဟာဗုဒ္ဓဃောသ အဋ္ဌကထာဆရာ ရေး သားသော ပဉ္စကရဏအဋ္ဌကထာ (အဘိ၊ ဌ၊ ၃။ ၄၉၈) နိဂုံး၌ " စိရံ တိဋ္ဌတု သဒ္ဓမ္မော" ဟူသော သာသနာတည်တံ့ကြောင်း ဆုတောင်းစကားထင် ရှားရှိပါ၏။ သဘောသွားအတူပင် ဖြစ်ပါသည်။ သဒ္ဓမ္မော-သူတော်ကောင်းတရားဆိုတာနှင့် "ဗုဒ္ဓ သာသနံ- မြတ်စွာဘုရား၏အဆုံးအမသာသနာ" ဆိုသည်မှာ အတူပင်ဖြစ်ပါသည်။ သူများနှင့်မတူ ဆန်းကျင်ဖက် အဆန်းထွင်လုပ်လိုသူအချို့တို့က ဒါကမှ ကျမ်းဂန်တိုက်ရိုက်လာတာကွဆိုတဲ့ သဘော မျိုးဖြင့် " စိရံ တိဋ္ဌတု သဒ္ဓမ္မော" ဟူသော သာသနာ တည်ကြောင်း ဆုတောင်းဝါကျကို ရွတ်ဆို၍ အခမ်း အနား ရုပ်သိမ်းရန်စီမံတတ်ကြ၏။

ထိုအခါ "စိရံ တိဋ္ဌတု သဒ္ဓမ္မော" စသော ဂါ ထာကို နှုတ်တက်ရနေကြသော ပရိသတ်က " စိရံ တိဋ္ဌတု သဒ္ဓမ္မော" မှာပင် မရပ်တော့ဘဲ "ဓမ္မေဟောန္တု သဂါရဝါ" စသော နောက်ဂါထာပါဒတို့ကိုပါ ဆက် လက်၍ ရွတ်ဆိုကြသဖြင့် အခက်တွေ့ရသည်လည်း ရှိခဲ့ဖူး၏။

(၄)

ဘုရားရှင်ကိုယ်တော်တိုင် ဟောကြားမှ လိုက် နာရမည်မဟုတ်ပါ၊ ဘုရားရှင်ကိုယ်တော်တိုင် မဟောကြားဘဲ အရှင်သာရိပုတ္တရာ၊ အရှင်မဟာ ကစ္စည်းစသော ရဟန္တာအရှင်မြတ်ကြီးများ ဟော ကြားခဲ့သော စူဠနိဒ္ဒေသ, မဟာနိဒ္ဒေသ, ပဋိသမ္ဘိဒါ မဂ်, နေတ္တိစသော ကျမ်းများထင်ရှားရှိကြ၏။ ထို ကျမ်းကြီးများကို မြတ်စွာဘုရားက ကောင်းပေစွ၊ ကောင်းပါတယ် သာဓု သာဓု ခေါ်လိုက်သည်နှင့်

တစ်ပြိုင်နက် ဘုရားဟောများပင် ဖြစ်သွားကြပါသည်။ ထိုရဟန္တာကြီးများ ဟောကြားခဲ့သော ကျမ်းများကို လည်း လိုက်နာကျင့်သုံးကြရပါသည်။ လိုက်နာကျင့် သုံးကြရန် မြတ်စွာဘုရားက မိန့်ကြားတိုက်တွန်း တော်မူပါသည်။

(၅)

မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ် ထို ထိုသာဝက နတ်ပြဟ္မာတို့ လျှောက်ထားဟောကြား ထားသော တရားဒေသနာတော်များကို မြတ်စွာ ဘုရားက သာဓုခေါ်လျှင် ဗုဒ္ဓဘာသိတ ဘုရားဟော အဖြစ်သို့ ရောက်ရှိသွားခဲ့ပါသည်။ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူပြီးနောက် ကာလ၌ ထိုထိုအဋ္ဌ ကထာ, ဋီကာ, အနုဋီကာ, မဓုဋီကာ, ဝိဘာဝနီ, ပကာသနီ, ဒီပနီစသော ထေရဝါဒ ဆရာ အဆက် ဆက် မိန့်မြွက်ရေးသားခဲ့ကြသော ကျမ်းများ, အဆို အမိန့်များနှင့် ပတ်သက်၍ ဘုရားရှင်ကိုယ်တော်တိုင် သာဓုမခေါ်နိုင်သဖြင့် ဘုရားဟောကဲ့သို့ မှတ်ယူ သင့်၊ မမှတ်ယူသင့်၊ လိုက်နာသင့်၊ မလိုက်နာသင့် စဉ်းစားစရာရှိပါသည်။ မြတ်စွာဘုရားက မိမိ ပရိနိဗ္ဗာန်စံတော်မူပြီးနောက် ထိုကဲ့သို့သော ပြဿနာ များ ပေါ်ပေါက်မည်ကို ကြိုတင်သိတော်မူသဖြင့် မဟာပဒေသ ၄-ပါး-ညွှန်ကြားချက်ကြီး ၄-ချက် မိန့် မြွက်ဟောကြားတော်မူခဲ့ပါသည်။

(၁) ရဟန်းတစ်ပါးက တပည့်တော်သည် မြတ်စွာ ဘုရားအထံတော်မှ ဓမ္မက-ဒီဟာ၊ ဝိနယကဒီဟာ၊ သတ္ထုသာသနာကဒီဟာလို့ ကြားနာ မှတ်သားဘူး ပါသည်။

ဤသို့ ပြောကြားလာလျှင် ထိုရဟန်း၏ စကားကို မနှစ်သက်၊ လက်မခံနှင့်ဦး၊ မတားလည်း မတားမြစ်နှင့်ဦး၊ ထိုရဟန်းပြောသော ဘုရားဟော ဆိုသည့် စကားဝါကျ၏ ပုဒ်ဗျည်းအက္ခရာတို့ကို သေချာစွာ သင်ယူပြီး သုတ္တ, ဝိနယ၌ ချသွင်းကြည့် ရမည်။ ချသွင်းကြည့်လို့ "သုတ္တ, ဝိနယ"၌ မသက်ဝင် ဘူးဆိုလျှင် ဘုရားဟောမဟုတ်ဟု ဆုံးဖြတ်မှတ်ယူ ရမည်။ "သုတ္တ, ဝိနယ"၌ သက်ဝင်လျှင် ဘုရားဟော ဟုတ်သည်ဟု ဆုံးဖြတ်မှတ်ယူရမည်။

(၂) ရဟန်းတစ်ပါးက ဤမည်သော ကျောင်း တိုက်၌ မထေရ်ရော နာယက ပါမောက္ခပါ သံဃာ အားလုံးထံမှ တပည့်တော်သည် ဓမ္မက-ဒီဟာ စသည်ဖြင့် ကြားနာမှတ်သားဖူးပါသည်ဟု ပြော ဆိုလျှင် ရုတ်တရက် မနှစ်သက်၊ လက်မခံနှင့်ဦး၊ တားလည်းမတားမြစ်နှင့်ဦး၊ ဘုရားဟော "သုတ္တ, ဝိနယ"၌ ချသွင်းကြည့်ရမည်။ မသက်ဝင်လျှင် ဘုရားဟော မဟုတ်ဟုမှတ်၊ သက်ဝင်လျှင် ဘုရား ဟော ဟုတ်သည်ဟု မှတ်ရမည်။

(၃) ရဟန်းတစ်ပါးက တပည့်တော်သည် ဤမည် သော ကျောင်းတိုက်၌ ဗဟုသုတ, အာဂတာဂမ, ဓမ္မဓရ, ဝိနယဓရ, မာတိကာဓရ, ဝဏ်ထူးဝိသေသရှိ သော ထေရ်ရဟန်းတို့ထံမှ ဓမ္မက ဒီဟာစသည်ဖြင့် ကြားနာမှတ်သားဖူးပါသည်ဟု ဖြေဆိုလာလျှင် ထိုရဟန်းစကားကို ရုတ်တရက် လက်မခံနှင့်ဦး၊ မတားမြစ်နှင့်ဦး၊ ဘုရားဟော "သုတ္တ,ဝိနယ"၌

ချသွင်းကြည့်ရမည်။ မသက်ဝင်လျှင် ဘုရားဟော မဟုတ်ဟု မှတ်၊ မလိုက်နာ မကျင့်သုံးကြနှင့်၊ စွန့်ပစ်ကြ။ "သုတ္တ,ဝိနယ" ၌ သက်ဝင်လျှင် ဘုရားဟောဟု မှတ်၊ လိုက်နာကျင့်သုံးကြရမည်။

(၄) ရဟန်းတစ်ပါးက တပည့်တော်သည် ဤမည်သော ကျောင်းတိုက်၌ ဗဟုသုတ, အာဂတာဂမ, ဓမ္မဓရ, ဝိနယဓရ, မာတိကာဓရ, ဂုဏ်ထူးဝိသေသရှိသော ထေရ်ရဟန်းတို့ထံမှ ဓမ္မက ဒီဟာစသည်ဖြင့် ကြားနာမှတ်သားဖူးပါသည်ဟု ဖြေဆိုလာလျှင် ထိုရဟန်းစကားကို ရုတ်တရက် လက်မခံနှင့်ဦး၊ မတားမြစ်နှင့်ဦး၊ ဘုရားဟော "သုတ္တ,ဝိနယ"၌ ချသွင်းကြည့်ရမည်။ မသက်ဝင်လျှင် ဘုရားဟော မဟုတ်ဟု မှတ်၊ မလိုက်နာ မကျင့်သုံးကြနှင့်၊ စွန့်ပစ်ကြ။ "သုတ္တ,ဝိနယ" ၌ သက်ဝင်လျှင် ဘုရားဟောဟု မှတ်၊ လိုက်နာကျင့်သုံးကြရမည်။ ဤကား မဟာပဒေသ ၄-ပါးဖြစ်ပါသည်။

ဤမဟာပဒေသ ၄-ပါးကို ကြည့်လျှင် ဘုရားဟောဟု ပြောသော်လည်း ဘုရားဟော "သုတ္တ, ဝိနယ" နှင့် မညီညွတ် မသက်ဝင်လျှင် မလိုက်နာ မကျင့်သုံးသင့်ပေ။ ဘုရားဟော မဟုတ်သော်လည်း ဘုရားဟော "သုတ္တ,ဝိနယ"နှင့် ညီညွတ်သက်ဝင်လျှင် လိုက်နာကျင့်သုံးသင့်ပေသည်။ ကျင့်သုံးရပေမည်။

(၆)

သို့ဖြစ်လျှင် သာသနာရေးပွဲ အခမ်းအနားများ၌ အခမ်းအနားရုပ်သိမ်းရာတွင် ရွတ်ဆိုသော "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" ဟူသော စကားဝါကျသည် ဘုရားဟော "သုတ္တ,ဝိနယ" နှင့်ညီညွတ်သက်ဝင်ပါသလောဟု မေးစရာရှိ၏၊ မေးသင့်ပါသည်။ မေးမြန်းစီစစ်မှ အမှန်ရမည် ဖြစ်ပါသည်။ "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" ဟူသော အခမ်းအနားသိမ်းဝါကျသည် ဘုရားဟော "သုတ္တ,ဝိနယ"နှင့် ညီညွတ်သက်ဝင်သည်ဟု တိုတိုကျဉ်းကျဉ်း ရှင်းလင်းဖြေဆိုရပေမည်။ တစ်ဖန် အဘယ်ဘုရားဟော "သုတ္တ, ဝိနယ"နှင့် ညီညွတ်သက်ဝင်ပါသနည်းဟု ထပ်ဆင့်မေးစရာရှိပေသည်။ ရှင်းလင်းဖြေဆိုပါမည်။

မြတ်စွာဘုရားသည် မာတုဂါမ အမျိုးသမီးတွေကို မြတ်စွာဘုရား၏ သာသနာ၌ ဘိက္ခုနီမအဖြစ် ခွင့်ပြုတော်မူပြီးစအချိန်က အရှင်အာနန္ဒာကို မိန့်တော်မူခဲ့ပါသည်။

(၁) သစေ အာနန္ဒ နာလဘိဿ မာတုဂါမော တထာဂတပ္ပဝေဒိတေ ဓမ္မဝိနယေ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇ္ဇံ -

အာနန္ဒာ- အမျိုးသမီးများသည် မြတ်စွာဘုရား၏ ဓမ္မဝိနယခေါ် သာသနာတော်၌ ရဟန်းမအဖြစ်ကို အကယ်၍ မရခဲ့ငြားအံ့၊ မရခဲ့ လျှင်--

(၂) စိရဋ္ဌိတိကံ အာနန္ဒ ဗြဟ္မစရိယံ အဘဝိဿ-

အာနန္ဒာ- ဗြဟ္မစရိယခေါ် မြတ်သော အကျင့်ဟုဆိုအပ်သော သာသနာတော်သည် အရှည်ခံ၍ တည်တံ့ရာ၏။

ဝဿ သဟဿံ သဒ္ဓမ္မော တိဋ္ဌေယျ- သဒ္ဓမ္မ ခေါ် သူတော်ကောင်းတရားဟု ဆိုအပ်သော သာသနာတော်သည် နှစ်ပေါင်းတစ်ထောင်တည်တံ့ ရာ၏။

(၃) ယတော စ ခေါ အာနန္ဒ မာတုဂါမော တထာဂတပ္ပဝေဒိတေ ဓမ္မဝိနယေ အာဂါရသ္မာ အနဂါရိယံ ပဗ္ဗဇိတော -

အာနန္ဒာ- ယခုမူကား အမျိုးသမီးများသည် မြတ်စွာဘုရား၏ "ဓမ္မဝိနယ" ခေါ် သာသနာတော်၌ ရဟန်းမအဖြစ်သို့ ရောက်ခဲ့ပြီး။

(၄) န ဒါနိ အာနန္ဒ ဗြဟ္မစရိယံ စိရဋ္ဌိတိကံ ဘဝိဿတိ-

အာနန္ဒာ- အမျိုးသမီးများ မြတ်စွာဘုရား၏ သာသနာတော်၌ ဘိက္ခုနီ ပဗ္ဗဇ္ဇ ဖြစ်ကြရာ ယခု အခါ၌ ဗြဟ္မစရိယခေါ် မြတ်သော အကျင့်ဟု ဆိုအပ်သော သာသနာတော်သည် အရှည်ခံ၍ တည်တံ့သည် မဖြစ်လတ္တံ့။

ပဉ္စေဝ ဒါနိ အာနန္ဒ ဝဿသတာနိ သဒ္ဓမ္မော ဌဿတိ-

အာနန္ဒာ- အမျိုးသမီးများ မြတ်စွာဘုရား၏ သာသနာတော်၌ ဘိက္ခုနီမ ပဗ္ဗဇ္ဇအဖြစ်သို့ ရောက်ခဲ့ကြသောကြောင့် သဒ္ဓမ္မခေါ် သူတော်ကောင်းတရားဟုဆိုအပ်သော သာသနာတော် နှစ်ပေါင်း (၅၀၀) ငါးရာသာ တည်လတ္တံ့။ (ဝိနည်းစူဠဝါ ပါဠိတော်၊ ၃၆၅) ဤသို့ မိန့်တော်မူပါသည်။ ဤစကားများသည် သာသနာတော် တည်တံ့ခြင်း မတည်တံ့ခြင်းနှင့်စပ်၍ ဟောတော်မူသော စကားများဖြစ်ပါသည်။ ဤ၌ သာသနာတော်ကို ရည်ရွယ်၍ "ဓမ္မဝိနယ, ဗြဟ္မစရိယ, သဒ္ဓမ္မ" ဟု ဟောတော်မူပါသည်။

ပမုဋ္ဌမှိစ သုတ္တန္တေ၊ အဘိဓမ္မေစ တာဝဒေ။
ဝိနယေ အဝိနဋ္ဌမှိ ပုန တိဋ္ဌတိ သာသနံ။
(ဝိ ၃။ ၁၃၇)

ဟူသော ဝိနည်းမဟာဝဂ္ဂပါဠိတော်၌ သာသနာကို သာသနဟုပင် တိုက်ရိုက်ဟောတော်မူပါသည်။

အဓိပ္ပါယ်မှာ- သုတ္တန်နှင့် အဘိဓမ္မာကွယ်သော်လည်း ဝိနည်းမကွယ်သေးလျှင် သာသနာတော် နောက်ထပ်တစ်ဖန် တည်နိုင်သည်ဟူ၍ပင် ဖြစ်ပါသည်။

တဖန် "အာရဗ္ဘထ နိက္ခမထ၊ ယုဉ္ဇထ ဗုဒ္ဓသာသနေ" (သံ၊ ၁။ ၁၅၈။ နေတ္တိ၊ ၃၅) စသော ပါဠိတော်တို့၌ သာသနာတော်ကို ဗုဒ္ဓသာသနဟု တိုက်ရိုက်ဟောတော်မူပါသည်။

ဖော်ပြပြီးသော ပါဠိတော်များ၌လာသော သာသနာဝေါဟာရနှင့် စပ်၍ သဂါထာဝဂ္ဂသံယုတ်ပါဠိတော်၌လာသော "ဗုဒ္ဓသာသနေ"ကို "ဗုဒ္ဓသာသနံ"ဟူ၍လည်းကောင်း၊ စူဠဝါပါဠိတော်၌ လာသော "စိရဋ္ဌိတိကံ" ဟူသော စကားဝယ် "စိရ"ကို "စိရံ"ဟူ၍ လည်းကောင်း၊ "ဋ္ဌိတိကံ"ဟူသော ကိတ်ပုဒ်, မှ ဌာ-ဓါတ်ကို ယူ၍"တိဋ္ဌတု" ဟူ၍ လည်းကောင်း၊ ထိုထက် စူဠဝါပါဠိတော်လာ "တိဋ္ဌေယျ၊

''စိရံ''၌ စ-လုံးကို
''ဏ္ဍ''သရဖြင့် ''စိရံ''ဟု
ဆိုရမည့်အစား
''ဤ'' သရလုံးကြီးတင် ဆန်ခတ်ဖြင့်
''စီရံ''ဟု မှားယွင်းစွာ ဆိုကြ၏။
''စီရံ''ဆိုမှ အမှန်ကျ၏။
အမှားမပါအောင်ဆိုဖို့လည်း
အရေးကြီး၏။

ဌသတိ"တို့ကို ပဉ္စမီဝိဘတ်ဖြင့် ပြောင်းလဲ၍ "တိဋ္ဌတု"ဟူ၍လည်းကောင်း၊ ဝိနည်းမဟာဝါ ပါဠိတော်လာ "တိဋ္ဌတိ"ကို "တိဋ္ဌတု"ဟူ၍ လည်းကောင်း စီစဉ်လိုက်လျှင် "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" ဟူသော ပါဠိအစဉ် ဖြစ်ပေါ်လာပါသည်။ သို့ဖြစ်၍ "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" ဟူသော ဗုဒ္ဓဘာသာ သာသနာပွဲများ၌ အခမ်းအနားရုပ်သိမ်းသော မင်္ဂလာစကားဝါကျသည် ဘုရားဟော ပါဠိတော်တို့၌ သက်ဝင်သော စကား၊ တစ်နေရာ တစ်ပုဒ်စီ, နှစ်ပုဒ်စီအားဖြင့် ပါဠိတော်တို့၌ တိုက်ရိုက်လာသော စကားဖြစ်၍ ယုံယုံကြည်ကြည်လေးလေးနက်နက် သုံးစွဲသင့်သည်ဟု တင်ပြလိုက်ရပါသည်။

(၈)

အချို့ သူများဆောင်ရွက်ပြုလုပ်သည်ကို သေသေချာချာ မမှတ်မသား နားစွံနားဖျားဖြင့် နားထောင်ပြီး "စိရံ"ကို "စီရံ" ဟု ဆိုတတ်ကြ၏။ "စိရံ"၌ စ-လုံးကို "ဏ္ဍ"သရဖြင့် "စိရံ"ဟု ဆိုရမည့်အစား ဤ-သရလုံးကြီးတင် ဆန်ခတ်ဖြင့် "စီရံ" ဟု မှားယွင်းစွာ ဆိုကြ၏။ "စိရံ" ဆိုမှ အမှန်ကျ၏။ အမှားမပါအောင်ဆိုဖို့လည်း အရေးကြီး၏။ သတိထားရပေမည်။ အဘယ့်ကြောင့်နည်း အမှားကြာလျှင် အမှန်ဖြစ်တတ်သောကြောင့် ဖြစ်ပါသည်။

မြတ်စွာဘုရား၏ သာသနာတော်မြတ်ကြီး တည်တံ့ဖို့ အရေးကြီး လှပေသည်။ သို့ဖြစ်၍ သာသနာတော်တည်တံ့အောင် ဆုတောင်းဖို့ လိုပေသည်။ ဆုတောင်းရုံမျှမက လက်တွေ့ကျကျ ဆောင်ရွက်ကြဖို့ လိုပေသည်။

မြတ်စွာဘုရား၏ သာသနာတော်မြတ်ကြီး နှစ်ပေါင်းငါးထောင်မက ကြာအောင် တည်ပါစေသတည်း---။ သာသနာတော်တည်သည်နှင့်အမျှ ဂိုဏ်းပေါင်းစုံ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ကြီးသည်လည်း တည်တံ့ပါစေသတည်းဟု ဆန္ဒပြုဆုတောင်းလိုက်ရပါသည်။

အရှင်ဝိစာရ-ပါဠိပါရဂူ

# သာသနာတည်တံ့ပြန့်ပွားရေး

## ဘဒ္ဒန္တဝိလာသဂ္ဂ

ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန်စံလွန်တော်မူပြီး နောက်ကာလတွင် အရှင်ဘုရား၏ သာသနာတော်သည် အဘယ်အကြောင်း၊ အဘယ်အထောက်အပံ့ဖြင့် တည်တံ့နိုင်ပါသနည်း အရှင်ဘုရား။

ချစ်သား ကိမိလ- ငါဘုရား ပရိနိဗ္ဗာန်စံလွန်ပြီး နောက်ကာလတွင် ရဟန်း၊ ရဟန်းမိန်းမ ဒါယကာ၊ ဒါယိကာမတို့ သည်-

(က) မြတ်စွာဘုရားရှင်တွင် လေးစား ရိုသေလျက် နေထိုင်ကုန်ငြားအံ့။

(ခ) တရားတော်တွင် လေးစားရိုသေလျက် နေထိုင်ကုန်ငြားအံ့။

(ဂ) သံဃာတော်၌ လေးစားရိုသေလျက် နေထိုင်ကုန်ငြားအံ့။

(ဃ) သီလသိက္ခာ၌ လေးစားရိုသေလျက် နေထိုင်ကုန်ငြားအံ့။

(င) တစ်ပါးနှင့်တစ်ပါး အချင်းချင်း ပေါင်း သင်း ဆက်ဆံရေး၌ လေးစားရိုသေ လျက် နေထိုင်ကုန်ငြားအံ့။

ဤသို့ တရားငါးပါး၌ လေးစားရိုသေလျက် နေထိုင်ကြကုန်သည်ရှိသော် ငါဘုရား သာသနာ

တော်သည် ကြာမြင့်စွာ သန့်ရှင်းတည်တံ့ပြန့်ပွား နိုင်ပေသည်။

(အင်္ဂုတ္တရပါဠိတော်-ပဥ္စကနိပါတ ကိမိလသုတ်-၂၀၁)

ကောင်းမှုအလို၊ ကုသိုလ်မရှိ၊ သိရီမင်္ဂလာ၊ ကောင်းကြွန်စာနှင့်၊ ကြမ္မာမဲ့ငြား၊ ထိုသူအားကို၊ လူသာမက၊ သိကြားမလည်း၊ မရနိုင်ရာ၊ သတ္တဝါတို့၊ ကံသာဖ,မိ၊ ကံမရှိက၊ ဉာဏ်ရှိတိုင်းမွဲ၊ ကြံတိုင်းလွဲ၏။

မဃဒေဝလင်္ကာ (၂၅၀)

ကံဟူသည်--- အလုပ်ဟု အဓိပ္ပါယ်ရ၍ ရှေးကအလုပ်၊ ယခုအလုပ်ဟု ဆိုရပါမည်၊ အခက် အခဲ တစ်စုံတစ်ရာ ကြုံတွေ့ရသည့် အချိန်တွင်ဖြစ် စေ၊ (သို့မဟုတ်) လိုအင်ဆန္ဒ တစ်စုံတစ်ခု ပေါ် ပေါက်လာစဉ်အခါတွင်ဖြစ်စေ၊ မြန်မာလူမျိုးတို့ သည် ကြုံရာ ဆုံရာ နီးရာ ယုံကြည် မြတ်နိုးအားကိုး ရာ နတ်တို့ကို ပူဇော်ပသ၍ဖြစ်စေ၊ စိတ်တွင်းမှ တမ်းတ၍ ဖြစ်စေ၊ နှုတ်မှ ရွရွဖွင့်ဟ၍ဖြစ်စေ၊ ဤဤထိုထို နတ်ပုဂ္ဂိုလ်တို့ထံ ကယ်တင်စောင်မ ပါရန် တောင်းပန်တိုလျှိုး တတ်ကြပေသည်။

အကယ်၍သာ တောင်းခံလာတိုင်း ကယ် တင်စောင်မနေပါလျှင် ထိုနတ်တို့သည်လည်း လူတို့ ၏ လိုအင်ဆန္ဒ ဟူသမျှကို လိုက်လံဖန်ဆင်း ကယ် တင် ဆောင်ကျဉ်း ပေးနေရခြင်း လုပ်ငန်းကို ဆောင်ရွက်ပေးနေရုံမျှနှင့်ပင် အချိန်ကုန်လျက် နတ် စည်းစိမ်ကိုပင် ကောင်းစွာ ခံစားနိုင်ရှာတော့မည် မဟုတ်ပေ။

လိုအင်ဆန္ဒကိုလည်း နတ်တို့က ဂရုတစိုက် လိုက်လံမ, စ ကူညီနေမည်ဆိုပါက ဘုရားရှင်သည် ကံတရား၏ ခံစားမှု အကျိုးတရားများကို ဟော ကြားခဲ့လိမ့်မည် မဟုတ်တန်ရာ။

သို့ရာတွင် ကံဟူသော (အလုပ်) တရားက လည်း ပြည့်စုံလျက် အချိန်အခါ အခွင့်အလမ်း အားနှင့်လျော်စွာ နတ်တို့က ကူညီမ,စ တတ်ကြ သည်မှာ အမှန်ပင်ဖြစ်ပါသည်။

ထို့ကြောင့် ကံရင်းမသန်၊ နတ်မဖန်ဘူး၊ ဧကန်မှန်ဘိ၊ ချမ်းသာဘိလော့၊ ကံရှိသူသာ၊ သမုဒ္ဒရာ လယ်ချက်၊ သင်္ဘောပျက်လည်း၊ အသက် မသေ၊ ရေမှာမမွန်း၊ သောင်ကျွန်းလျှော်ကြီး၊ ကပ်နီး ရှေးရှု ဆယ်ယူအမှန်၊ နတ်တို့ဖန်၍၊ ရပ်ဌာန်စောင်ပို့ လိုရာသို့လျှင်၊ မချို့ရောက်ကာ၊ ရချမ်းသာ၏ဟု မဃဒေဝလင်္ကာ (၂၃)၌ ဖွဲ့ဆိုထားလေသည်။

ဤသို့လျှင် ဇွဲ, လုံ့လ, ဝီရိယ ရှိစွာဖြင့် သမုဒ္ဒရာထဲ၌ လက်ပစ်ကူးနေသော မဟာဇနက မင်းသားကို မဏိမေခလာ နတ်သမီး ကယ်တင်ခဲ့ ဖူးသည်။ ထိုစဉ် ကုန်သည်အပေါင်းအဖော်တို့က ငိုကြွေးမည်တမ်းကာ မိမိတို့ ကိုးကွယ်ရာ နတ်ဒေဝါ တို့ကို တိုင်တည်၍ ကူညီကယ်တင်စောင်မရန် တောင်းပန်ပါသော်လည်း အချည်းအနှီးဖြစ်ခဲ့ဖူးပါ သည်။

သို့ရာတွင် ကံတစ်ခုတည်းကိုချည်းလည်း

မယုံစား မကိုးစားထိုက်၊ ဇွဲ, လုံ့လ, ဝီရိယရှိနေလျှင် ယုန်နှင့်လိပ် ပုံပြင်ပမာ အရာရာကို အောင်ပန်း ဆွတ်ခူး နိုင်သည်။

စိတ်ရှည်သည်းခံ၊ ဇွဲအားသန်၊ ပြုရန် သာသနာ-ဟု ရှေးက ဆရာတော်ကြီးများ ဆုံးမ သည်ကို နာခံပြီး တပည့်ရဟန်းများနှင့် သာမဏေ ကိုရင် ကျောင်းသားများအပေါ် စိတ်ရှည်ရှည် ထားပြီး မိမိတတ်သမျှ သင်ပြပြီး ပညာဒါန အလှူပြုခြင်း၊ စားမှု ဝတ်မှု နေထိုင်မှု စသည့် အရာရာ သည်းခံခြင်း၊ ဇွဲသန်သန်ဖြင့် သာသနာ ပြုရန်လိုပါသည်။ အကျင့်သိက္ခာ၌ လေးစားရိုသေ လျက် အရင်းခံ ပရိယတ္တိစာပေများ သင်ကြားမှသာ လျှင် အကျင့်သိက္ခာ ရှိမည်ဖြစ်သည်။ မြတ်စွာဘုရား နှင့် တရားတော်၊ သံဃာတော်များအပေါ် ရိုသေ လေးစားလျက် တစ်ပါးနှင့်တစ်ပါး အချင်းချင်း လေးစား ရိုသေစွာ နေထိုင်ပါက ညီညွတ်စွာ ပေါင်းသင်း ဆက်ဆံရေးစသော အကျိုးများ ရရှိမည် ဖြစ်ပါ သည်။

ယခုကား ဆရာတော် သံဃာတော်များသည် သီလ, သမာဓိ, ပညာ သိက္ခာသုံးရပ် ပဋိပတ်ကို စင်ကြယ်ဖို့ ဖြူစင်ဖို့ ဓမ္မဝိနယ နယ်ပယ်ကနေပြီး ဓမ္မစက်အကူအညီ၊ ဒကာ ဒကာမများကလည်း ပစ္စည်း ၄-ပါး ပစ္စယ အကူအညီ၊ ယခုအခါ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီကလည်း အာဏာစက်အကူအညီတို့ ကြောင့် ဒကာဘက် ဆရာတော်များဘက် ဓမ္မစက် အာဏာစက် အပြန်ပြန် အလှန်လှန် ရကြ၍ ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဓ တည်းဟူသော သဒ္ဓမ္မ သုံးဖြာ သာသနာ သုံးရပ်ကို အရဟတ္တဖိုလ်ပေါက် ပြီးမြောက်အောင် ချီးမြှောက် တော်မူနိုင်ကြလိမ့် မည်ဟု မြတ်စွာဘုရား၏ ဣတိ ဝုတ်ပါဠိတော်မှာ ဟောကြားအပ်သော တရားနှင့် အညီ အောက်ပါ ဂါထာကို အနည်းငယ်ပြင်၍ နိဂုံး ချုပ်အပ်ပါသည်။

သာဂါရာ အနဂါရာစ၊
ဥဘော အညောညနိဿိတာ။
အာရာဓယန္တု သဒ္ဓမ္မံ၊
ယောဂက္ခေမံ အနုတ္တရံ။

သာဂါရာစ၊ အိမ်ရာတည်ထောင် လူဘောင် နေသူ ဒါယကာ ဟူသမျှတို့သည် လည်းကောင်း။ အနဂါရာစ၊ အိမ်ရာမထောင် ရဟန်းဘောင်နေသူ ဟူသမျှတို့သည် လည်းကောင်း။ ဥဘော၊ ဆရာ ဒကာ နှစ်ဦးသားတို့သည်။ အညောညနိဿိတာ၊ ပစ္စယအမှီ, အာဏာအမှီ, ဓမ္မအမှီ, အချင်းချင်း အမှီသဟဲ ရှိကြကုန်သည်ဖြစ်၍၊ ဝါ၊ ရရှိကြကုန် လျက်။ အနုတ္တရံ၊ အတုမရှိမြတ်သော၊ ယောဂက္ခေမံ၊ ယောဂငြိမ်းရာ ကုန်ကြောင်း မှန်သော ကာမယောဂ,

ကံရင်းမသန်၊ နတ်မပန်ဘူး၊ ကေန်မှန်ဘိ၊ ချမ်းသာဘိလော့၊
ကံရှိသူသာ၊ သမုဒ္ဒရာလယ်ချက်၊ သဘော်ပျက်လည်း၊
အသက်မသေ၊ ရေမှာပမွန်း၊ သောင်ကျွန်းလှေကြီး၊
ကပ်နီးရေးရှ၊ ဆယ်ယူအမှန်၊ နတ်တို့ပန်၍၊ ရပ်ဌာန်စောင်ပို့၊
လိုရာသို့လျှင်၊ မချို့ရောက်ကာ၊ ရချမ်းသာ၏။



ဘဝယောဂ, ဒိဋ္ဌိယောဂ, အဝိဇ္ဇာ ယောဂ, အကုသိုလ်ငြိမ်းရာ ကုန်ရာကုန် ကြောင်း မှန်သော။ သဒ္ဓမ္မံ၊ ပရိယတ္တိ သဒ္ဓမ္မ, ပဋိပတ္တိ သဒ္ဓမ္မ, ပဋိဝေဓသဒ္ဓမ္မ တည်းဟူသော သဒ္ဓမ္မသုံးဖြာ သာသနာတော်သုံးရပ်ကို။ အာရာဓယန္တု၊ ပြီးမြောက်အောင် တစေ ချီးမြောက်တော် မူနိုင်ကြပါစေ ကုန်သတည်း။

❖❖❖❖❖

# ဝါဝင်သည့်လ

ဘဒ္ဒန္တပညာဝံသ

"သာသနာ"ဟူသော စကားသည် ကြားရသူ "ကဏ္ဏသုခ"ဖြစ်၍ သုတိမင်္ဂလာနှင့် ပြည့်စုံသည့် အပြင် သတ္တဝါအများတို့အား အလွန်ကျေးဇူးများ၍ တန်ဖိုး မဖြတ်နိုင်သော (ဗုဒ္ဓအဆုံးအမ၏တည်ရာ) အဖွဲ့အစည်းတစ်ခု၏ ဝေါဟာရပင်ဖြစ်ပါသည်။

ထိုသာသနာတော်မြတ်ကိုတည်ထောင်သော ဘုရားရှင်ပွင့်ထွန်းပေါ်ပေါက်တော်မူလာခြင်း ကြောင့် အကျိုးကျေးဇူးများပုံကို "ဗုဒ္ဓစန္ဒေ အနုပ္ပန္နေ" စသည်ဖြင့် ပရိဝါပါဠိတော်လာ စကားမြတ်နှင့်အညီ နေမင်း လမင်းတို့၏ အရောင် အလင်းသည် သတ္တဝါ အပေါင်းတို့အား ကျေးဇူးများသည်ထက် ဘုရားရှင် တည်းဟူသော နေမင်း လမင်းကြီး၏ အရောင် အဝါ ထွန်းပြောင်ခြင်းသည် သတ္တဝါတို့၏ ပစ္စုပ္ပန် သံသရာ နှစ်ဖြာပွားတိုး အကျိုးများစေကြောင်း သိရှိ ရပါသည်။

သို့ဖြစ်၍ ထိုသာသနာတော်မြတ်ကြီး အရှည် သဖြင့် တည်တံ့ဖို့လိုအပ်ပေသည်။ ဤအသိအမြင် ဖြင့် အဇာတသတ် စသော မင်းကောင်းမင်းမြတ်များ၊ အနာထပိဏ်စသော သူဌေးသူကြွယ်များ၊ ကုန်သွယ် လယ်လုပ်များပါမကျန် သာသနာ့ဒါယကာများနှင့် အရှင်မဟာကဿပစသည့် သာသနာ့ဝန်ဆောင် မဟာထေရ်များ စုပေါင်းညီညာစွာ "အညောည နိဿိတာ" ဆရာနှင့်ဒကာ ကျွန်းကိုင်းမှီ၊ ကိုင်း ကျွန်းမှီသည့်အနေဖြင့် မိမိတို့အပေါ် ကျရောက် လာသော သာသနာ့ပန်ကို အားသွန်ခွန်စိုက် ကျေပွန် အောင် ထမ်းဆောင်လာခဲ့ကြသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံ ဗုဒ္ဓသာသနာတော် မြတ်သည် မဟာထေရ်အဆက်ဆက် လက်ဆင့် ကမ်း သယ်ဆောင်လာခဲ့ကြသော "ထေရဝါဒ ဗုဒ္ဓ သာသနာတော်မြတ်"ပင်ဖြစ်ပေသည်။ စင်စစ် ထေရ-ဝါဒဗုဒ္ဓသာသနာတော်မြတ်ဆိုသည်မှာ မြန်မာနိုင်ငံ မှ အစပျိုးခဲ့ခြင်း မဟုတ်ပါ။ မြတ်စွာဘုရား ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးသည့်ကာလမှစ၍ အိန္ဒိယနိုင်ငံမှ အရှင်မဟာကဿပ အမှူးရှိသော မဟာထေရ် အဆက်ဆက်တို့ သယ်ဆောင် လာခဲ့ကြသည့် သာသနာတော်မြတ်ပင်ဖြစ်ပါသည်။

မြန်မာနိုင်ငံတော်၌ မြတ်ဗုဒ္ဓသာသနာ အစ ပျိုးခဲ့သည်မှာ ရှင်အရဟံနှင့် အနော်ရထာမင်းတို့ က သာသနာတော်၏ အညစ်အကြေးဖြစ်သော အရည်းကြီး ရဟန်းတို့ကို နှိပ်ကွပ် နှိမ်နင်း၍ သာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွားစေရန် ဆောင်ရွက်ခဲ့ကြသောကြောင့် သာသနာအစစ်၊ သာသနာမှန်သည် မြန်မာ့မြေပုံ ဇယားကွက်၌ အမြစ် တွယ်လာခဲ့ပေသည်။ ထိုမှတစ်ဖန် မမ္မစေတီ မင်း၊ စဉ့်ကူးမင်းလက်ထက် တို့၌လည်း သာသနာ့ ဝန်ဆောင် မဟာထေရ်တို့သည် မင်းနှင့်တွဲဖက်၍ အလဇ္ဇီရဟန်းဆိုး ရဟန်းယုတ်တို့၏ ဘေးအန္တရာယ် အသွယ်သွယ်တို့ကို တွန်းလှန်ကာကွယ်ခဲ့ကြပါသည်။

ဤသို့နှင့်နှင့် သာသနာတော်ကြီး သန့်ရှင်း စင်ကြယ်အောင် မဟာထေရ်တို့ အစဉ်အဆက် ဆောင်ရွက်ကြရာ၌ မင်းကို အမှီပြု၍ဆောင်ရွက် ခဲ့ကြသလို ယခုမျက်မှောက် ခေတ်ကာလ၌လည်း သာသနာ့ဝန်ဆောင် မဟာထေရ်တို့သည် (၁၉၈၀) ပြည့်နှစ်မှစ၍ မြန်မာနိုင်ငံတော်အစိုးရကို အမှီပြု လျက် သာသနာ့အညစ်အကြေးတို့ကို သန့်ရှင်းရန် အတွက် ဂိုဏ်းပေါင်းစုံ သံဃာ့ကိုယ်စားလှယ် ဆရာ-တော်ကြီးများက သံဃာ့အဖွဲ့အစည်း အခြေခံ စည်း မျဉ်းကို ရေးဆွဲကြလျက် ခေတ်စနစ်နှင့်အညီ သံဃာ့ ကိုယ်စားလှယ် သာသနာ့ဝန်ဆောင် ဆရာတော်များ က သာသနာတော် အကျိုးကို ဆောင်ရွက်လာခဲ့ကြ သည်မှာ (၂၅) နှစ်ခရီးသို့ပင် ချဉ်းနင်းဝင်ရောက် လာခဲ့ပါသည်။

စင်စစ် မြန်မာနိုင်ငံတော်၌ သံဃာ့ဖွဲ့စည်းပုံ အဆင့်ဆင့်ကို ဖွဲ့စည်းလျက် ကြီးကြပ်အုပ်ချုပ်ရခြင်း ၏ အခြေခံ ရည်ရွယ်ချက်များမှာ -----

၁။ မြတ်ဗုဒ္ဓ သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားထွန်းကားစေရန်၊

၂။ ရဟန်းသံဃာတော်များ ဝိနည်းတရားတော်နှင့်အညီကျင့်ကြံသီတင်းသုံး နေထိုင်နိုင်ရေးအတွက် သံဃာအချင်းချင်း ကြီးကြပ်ထိန်းသိမ်းသွားနိုင်ရန်၊

၃။ ပရိယတ္တိသာသနာတော် တိုးတက်စည်ပင်ပြန့်ပွားရန် အတွက် ကူညီထောက်ပံ့၍ ပိဋကတ်တော်နှင့် မညီသော ရေးသားခြင်း၊ ဟောပြော ခြင်း၊ ပြုလုပ်ခြင်းများကို တားဆီး ကာကွယ်ရန်၊

၄။ ပရိယတ္တိနှင့် လျော်ညီသော ပဋိပတ္တိသာသနာတော်ကို တိုးတက် စည်ပင်ပြန့်ပွားစေရန်၊

၅။ ရဟန်း သံဃာတော်များသည် ဂန္ထဓုရနှင့်ဝိပဿနာဓုရ နှစ်ပါးကိုသော်လည်းကောင်း၊ အနည်းဆုံး တစ်ပါးကိုသော် လည်းကောင်း ဆောင်ရွက်စေရန်၊

၆။ သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်ရာ၌ သံဃာ့ဂိုဏ်းများသည် ကြီးသည် ငယ်သည်မဟူ စည်းလုံးညီညွတ်မှုကို ရှေ့ရှုဆောင်ရွက်ကြရန်၊

ဤအချက်များသည် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့် ဖွဲ့စည်းလျက် ဆောင်ရွက်ရခြင်း၏ မျှော်မှန်းချက် အကျိုးတရားများပင်ဖြစ်ပါသည်။

ထို့ကြောင့် ရဟန်းသံဃာတော်များ ဝိနည်းကျင့်ဝတ်တရားတော်များနှင့်အညီ နေထိုင်သွားလာနိုင်ရေး၊ ဂန္ထဓုရ, ဝိပဿနာဓုရ နှစ်ပါးတို့ဖြင့် နေထိုင်နိုင်ရေး၊ ပိဋကတ်တော်နှင့်ညီသော ပဋိပတ္တိသာသနာတော် ထွန်းကားလာနိုင်ရေး၊ ပိဋကတ်တော်နှင့် မညီသော ရေးသားမှု၊ ဟောပြောမှု၊ ပြုလုပ်မှုများ ပပျောက်လာနိုင်ရေး၊ ဒုသီလစသော အညစ်အကြေးတို့မှ စင်ကြယ်ရေး စသော အကျိုးတရား (အသီးအပွင့်)များကို ယနေ့မြန်မာနိုင်ငံ ထေရဝါဒဗုဒ္ဓသာသနာ့မြေပုံဇယား၌ ထင်ရှားစွာ တွေ့မြင်နေရပြီဖြစ်သည်။

အမှန်မှာ- သာသနာတော် သန့်ရှင်းရေးပြု လုပ်ခြင်းသည် စင်ကြယ်သော ရွှေစင်ရွှေသားကို အလိုရှိသော ရွှေပန်းထိမ်သည်သည် ရွှေကို ညစ်နွမ်းစေတတ်သော (ငွေ-သံ-ကြေး-သလွဲ-ခဲပုပ်) ဤငါးမျိုးသော ရွှေ၏အညစ်အကြေးတို့ကို သန့်ရှင်းအောင်ပြုလုပ်မှသာ ရွှေစင်ရွှေသားကို ရရှိနိုင်သလို သာသနာတော်၏ ဂုဏ်သိက္ခာကို မှေးမှိန်ညစ်နွမ်းစေတတ်သော (ဘုရားရှင်၏အဆုံးအမ) သာသနာ-တော်နှင့်ဆန့်ကျင်ဖက် အမှုကိစ္စမှန်သမျှတို့ကို ဇိုးစဉ်းမျှအကြွင်းအကျန်မရှိရအောင် ဖယ်ရှားထုတ်ပစ်ရမည်ဖြစ်ပါသည်။ သို့ဖြစ်ရာယခုအခါမြန်မာနိုင်ငံတော်၌-

၁။ ဖြစ်ပေါ်လာသော ဝိနည်းဓမ္မကံဆိုင်ရာ အဓိကရုဏ်း မှုခင်းများကို ဓမ္မဝိနယနှင့်အညီ ငြိမ်းအေးမှုရအောင် ဆောင်ရွက်နိုင်ခြင်း၊

၂။ သာသနာတော်ကို အန္တရာယ် ဖြစ်နိုင် သည့် ပြုကျင့်မှု၊ ရေးသားမှုတို့ကို ထိရောက်စွာ ဟန့်တားနိုင်ခြင်း၊

၃။ သိက္ခာမတင် သိမ်မဝင်မူ၍ မိမိဘာသာ သင်္ကန်းဝတ်နေကြသည့် ရဟန်းတု ရဟန်းယောင်များနှင့်ကျင့်ဝတ်ကို စောင့်ထိန်းလိုက်နာခြင်း မရှိဘဲ ဂန္ထဓုရ ဝိပဿနာဓုရ နှစ်ပါးကို ဂီဟိ-ဓမ္မ၊ ဗုဒ္ဓပဋိကုဋ္ဌအမှုများကို အမြဲမပြတ် ပြု လုပ်နေကြသော အလဇ္ဇီ ဒုဿီလ ရဟန်းဆိုး များကို ဖယ်ရှားနိုင်ခြင်း ဟူသော အကျိုးရလဒ် များကို ရရှိနေကြပြီ ဖြစ်ပါသည်။

ထင်ရှားအောင်ဆိုရသော် မြန်မာနိုင်ငံ တစ်နံ တစ်လျား၌ အနည်းငယ်မျှသော ပုဂ္ဂိုလ်တို့၏သန္တာန် ၌ စွဲထင်နေသည့် ရှင်ဥက္ကဋ္ဌဝါဒ၊ ကျောက်သဘော ဝါဒမျိုးလို ဝိဝါဒါဓိကရုဏ်းမှုခင်းမျိုးကို ဖြိုခွဲချေဖျက် နိုင်ခြင်းသည် သံဃာ့အဖွဲ့အစည်းမှ ထွက်ပေါ်လာ သော အသီးအပွင့်ဖြစ်သလို နိုင်ငံတော်ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီး နှင့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒတက္ကသိုလ်ကြီး ငွားငွားစွင့်စွင့် ပွင့်လာခြင်း သည်လည်း သာသနာတော် အတွက် တန်ဖိုးမဖြတ် နိုင်သော အနဂ္ဃရတနာသိုက်ပင် ဖြစ်ပါသည်။

အမှန်မှာမြန်မာနိုင်ငံတော်အတွင်း၌မှီတင်းနေထိုင်ကြသော ရဟန်းတော်များသည်သံဂါယနာခြောက်တန်တင်အပ်ပြီးသောထေရဝါဒပိဋကတ်-တော်များကို လက်ခံကျင့်သုံးလျက် နေထိုင်ကြသည့် သုဓမ္မာဂိုဏ်း၊ ရွှေကျင်ဂိုဏ်း၊ ဒွါရဂိုဏ်း စသော (၉) ဂိုဏ်း၌ အကျုံးဝင်သည့် ထေရဝါဒဂိုဏ်းသားချည်းသာ ဖြစ်ပါသည်။ စာပေပရိယတ္တိအားဖြင့်လည်းကောင်း၊ ဆရာစဉ်ဆက် (၉)ဂိုဏ်းမှ ဆင်းသက်လာပုံအားဖြင့်လည်းကောင်း၊ အကျင့်သိက္ခာ အယူသီလအားဖြင့်လည်းကောင်း တူညီကြပါသည်။

သို့သော် တိုင်းတစ်ပါးလက်အောက်ကျခဲ့ပြီးနောက် လွန်ခဲ့သော နှစ်ပေါင်းတစ်ရာခန့်က အာဏာစက်ဖြင့် ထောက်ပံ့မှုကို မရခဲ့သဖြင့် ဂိုဏ်းအမျိုးမျိုး ဝါဒအမျိုးမျိုး ကွဲပြားလာခဲ့ကြပါသည်။ ထိုသို့ ကွဲပြားကြသည့်အားလျော်စွာ သံဃာအချင်းချင်း သံဃရာဇာဆရာတော်များ၏ ဆုံးမသြဝါဒများသည် တစ်စတစ်စ လျော့ရဲ ဖြစ်လာခဲ့ပါသည်။ ထိုအခါ ပြန့်နှံ့သက်ရောက်ခြင်း အလျဉ်းမရှိတော့ချေ။ အုပ်ချုပ်သူလူတန်းစားတို့သည်လည်း သာသနာရေး အလေးမပေးဘဲ လျစ်လျူရှုလာခဲ့ကြပါသည်။ ထိုသို့ ကစဉ့်ကလျားဖြစ်ပေါ်နေသောအခါ "သာသနပစ္စတ္ထိက" သာသနာတော်၏ ဘေးအန္တရာယ်များ မင်းမူလာကြပါသည်။

မြန်မာနိုင်ငံတော်၌ ရှေးရှေးယခင်အခါ က သံဃာအချင်းချင်း ကြီးကြပ်အုပ်ချုပ်ရေး စနစ်ကို သာသနာပိုင်၊ ဂိုဏ်းချုပ်၊ ဂိုဏ်းအုပ်၊ ဂိုဏ်းထောက် စသည်ဖြင့် သူ့ခေတ် သူ့စနစ် နှင့်အညီ ကျင့်သုံးဆောင်ရွက်ခဲ့ကြသော်လည်းယနေ့မျက်မှောက်ခေတ်မှာ

ရဟန်း ရှင် လူ ပြည်သူအများတို့သည်သဒ္ဓါတရား အားနည်းလာ ကြသည့်အတွက် သာသနာတော် သန့်ရှင်း တည်တံ့ဖို့ရန် နည်းသစ် လမ်းသစ် စနစ်သစ် လိုအပ်နေသည်ကို မဟာထေရ်များနှင့် အာဏာ ပိုင်များ မျက်ဝါးထင်ထင် သိမြင်လာကြပါသည်။

ဤနေရာ၌ ပါရာဇိကဏ်ပါဠိတော်လာ ဘုရားရှင်အား အရှင်သာရိပုတ္တရာက လျှောက်ထားသဖြင့် ဘုရားရှင်ဖြေကြားချက်များကို အနည်းငယ် တင်ပြလိုပါသည်။

မြတ်စွာဘုရားရှင်က. . . အို. . ချစ်သား သာရိပုတ္တရာ ဝိပဿီ၊ သိခီ၊ ဝေဿဘူ ဤသုံးဆူသော ဘုရားရှင်တို့၏ သာသနာတော်သည် တပည့်သာဝကတို့အား တရားကို အကျယ်မဟောသဖြင့်လည်းကောင်း၊ ဟောသောသုတ်များသည်လည်း အနည်းငယ်မျှသာဖြစ်သောကြောင့်လည်းကောင်း၊ သိက္ခာပုဒ်စည်းမျဉ်းများ မရှိသောကြောင့်လည်းကောင်း၊ ပါတိမောက်ကိုလည်း မပြသောကြောင့်လည်းကောင်း သာသနာတော် အရှည်အခန့် မတည်တံ့ဘဲ ပျက်ကွယ်ခဲ့ရလေသည်။

အို. . . ချစ်သား. . သာရိပုတ္တရာဘုရားရှင် ပရိနိဗ္ဗာန် ဝင်စံပြီးနောက် "လေပွေလေရိုင်း တိုက်ခတ်လာချိန်မှာ ပျဉ်ချပ်ပေါ်တွင် ကြိုးဖြင့်မသီဘဲ တင်ထားသော ပန်းများကဲ့သို့ တရားတော်များ ဖရိဖရဲ ပြိုကွဲစေခြင်း၊ ဖျောက်ဖျက်၍ ပျောက်ကွယ်ကြခြင်း"ဟူသော အကြောင်းတို့ကြောင့် ဝိပဿီ၊ သိခီ၊ ဝေဿဘူ ဤသုံးဆူသော ဘုရားရှင်တို့၏ သာသနာတော်သည် အရှည်အခံ့မတည်တံ့ဘဲ ပျက်ကွယ်ခဲ့ရလေသည်။

အို. . . ချစ်သား သာရိပုတ္တရာ ကကုသန်၊ ကောဏာ၊ ကဿပ၊ ဤသုံးဆူသော ဘုရားရှင် တို့၏ သာသနာတော်သည် တပည့် သာဝက တို့အား တရားတော်ကို အကျယ်ဟောသောကြောင့်လည်းကောင်း၊ ဟောသောသုတ်များသည်လည်း များပြားသောကြောင့်လည်းကောင်း၊ သိက္ခာပုဒ် စည်းမျဉ်းလည်းထားသောကြောင့်လည်းကောင်း၊ ပါတိမောက်ကိုလည်းပြသောကြောင့်လည်းကောင်း သာသနာတော်သည် အရှည်ခံ့၍ တည်တံ့ပါသည်။


အို. . . ချစ်သားသာရိပုတ္တရာ - ဘုရားရှင် ပရိနိဗ္ဗာန် ဝင်စံပြီးနောက် "လေပွေလေရိုင်း တိုက်ခတ်လာချိန်မှာ ပျဉ်ချပ်ပေါ်တွင် ကြိုးဖြင့် သီ၍ တင်ထားသော ပန်းများကဲ့သို့ တရားတော်များ ဝိနည်း စည်းကမ်းများကို ဖရိုဖရဲ မပြိုကွဲစေဘဲ ထိန်းသိမ်းကြခြင်း"ဟူသော အကြောင်းတို့ကြောင့် ကကုသန်၊ ကောဏာ၊ ကဿပ ဤသုံးဆူသော ဘုရားရှင်တို့၏ သာသနာတော်သည် အရှည်အခံ့ တည်တံ့ခဲ့ကြလေသည်။

ဤသို့ဘုရားရှင် မိန့်ကြားတော်မူပြီးနောက် အရှင်သာရိပုတ္တရာသည် လက်ကတော့ထိုး၍ ရိုသေလေးစားစွာ ဘုရားရှင်အား ရှိခိုးလျက် "ဧတဿ ဘဂဝတော ကာလော" "လာခြင်းကောင်းတော်မူသော အို မြတ်စွာဘုရား၊ သာသနာတော် အရှည်

ခဲ့၍ တည်တံ့ကြောင်း ဇြဝစည်းကမ်းကောင်းများ ချမှတ်ချိန်တန်ပါပြီဘုရား" စသည်ဖြင့် လျှောက်ထားခဲ့လေသည်။

ဤသို့လျှင် ဘုရားရှင်နှင့်အရှင်သာရိပုတ္တရာတို့ သာသနာ့ရေးရေး အလေးပေးပြီး မျှော်တွေးကြလျက် မေး ဖြေ ကြသလို၊ မြန်မာနိုင်ငံတော်အစိုးရ ဌာနအသီးသီးနှင့် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက စေတနာသန့်သန့်ဖြင့် အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ကြီးများ၊ အဂ္ဂမဟာပဏ္ဍိတနှင့် တိပိဋကဓရ ဆရာတော်ကြီးများ၊ သံဃာ့ဝန်ဆောင်ဆရာတော်ကြီးများထံ ချဉ်းကပ်ပြီး သာသနာတော်တည်တံ့ပြန့်ပွားရေးအတွက် သံဃာ့အဖွဲ့အစည်း ဖွဲ့စည်းလျက် အခြေခံစည်းမျဉ်းများ လိုအပ်ပါကြောင်း လျှောက်ထားကြလေသည်။

ထိုအခါ ဆရာတော်ကြီးများက အာဏာပိုင်များနှင့် တိုင်ပင်လျက် သာသနာ့အညစ်အကြေးအန္တရာယ် ဘေးဟူသမျှမှ ကာကွယ်ရန် အဆင်သင့်ဆောင်ရွက်ပြီးနောက် "သံဃာ့ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းများ"ကို ရေးဆွဲကာ အကြိမ်ကြိမ် ညှိနှိုင်းတိုင်ပင်ပြီး ပြုလုပ်ထားသော မူစနစ်အားလျော်စွာယနေ့ သာသနာတော်အကျိုးကိုဆောင်ရွက်နေကြသည့် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ ပြည်နယ်/တိုင်း နာယကဆရာတော်များ၊ မြို့နယ်၊ ရပ်ကွက်သံဃနာယကဆရာတော်များ၏ ဓမ္မစွမ်းအား၊ နိုင်ငံတော်အာဏာပိုင် အဖွဲ့အစည်းအဆင့်ဆင့်၏အာဏာစွမ်းအား၊ ဤဓမ္မစက်၊ အာဏာစက်တို့ကြောင့် "မြုနှင်း၊ မိုးတိမ်၊ သူရိန်၊ မီးခိုး" ဟူသော အညစ်အကြေးမှ ကင်းလွတ်သော စန္ဒာလပြည့်ဝန်းကြီးပမာ မြတ်ဗုဒ္ဓ၏ သာသနာတော်သည်လည်း မြန်မာ့မြေပုံဇယားကွက်၌ သာမက ကမ္ဘာတစ်ဝန်းလုံး၌ ကြက်သရေ မင်္ဂလာရှိစွာဖြင့် ထွန်းလင်း တောက်ပလျက်ပါတကား။



# အောင်မြင်သော သမိုင်းခရီးလမ်း

## အရှင်အာဒိစ္စဝံသ(ဆားလင်းကြီး)

ရဟန်းတို့၊ တစ်ဦးတည်းသော ပုဂ္ဂိုလ်သည် လောက၌ ဖြစ်ပေါ်လာသည်ရှိသော် လူအများတို့၏ အစီးအပွားဖြစ်ခြင်းငှာ၊ လူအများတို့၏ ချမ်းသာ ခြင်းငှာ၊ သတ္တလောကကို အစဉ်သနားခြင်းငှာ၊ နတ်လူတို့၏ အကျိုးဖြစ်ခြင်းငှာ၊ အစီးအပွားဖြစ် ခြင်းငှာ၊ ချမ်းသာခြင်းငှာဖြစ်၏။ တစ်ဦးတည်း သော ပုဂ္ဂိုလ်သည် အဘယ်သူနည်းဟူမူ-

ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားတည်း။

(အင်္ဂုတ္တရမြန်မာပြန်၊ ဧကပုဂ္ဂလဝဂ်)

ဗုဒ္ဓ ရှင်တော်မြတ် ပွင့်ထွန်းတော်မမူခဲ့လျှင် တစ်လောကလုံးသည် အလင်းရောင် မရှိ အမိုက်အတိသာ ဖြစ်လာမည်၊ ဗုဒ္ဓရှင်တော်မြတ် ဟောကြားတော်မူအပ်သော ဓမ္မတည်းဟူသော အလင်းရောင် ရရှိသောကြောင့်သာ လူရောနတ်ပါ ချမ်းသာသုခကို ရရှိကြသည်၊ ချမ်းသာကို ပေးဆောင်နိုင်သော အရာကား ဓမ္မသာဖြစ်သည်။ ဓမ္မကင်း၍ ချမ်းသာကို မရနိုင်ပေ။ ဓမ္မနှင့်ကင်းလျှင် ဘဝသည် ဒုက္ခ ပင်လယ်ထဲတွင် တဝဲလည်လည် နစ်မြုပ်၍ နေပေမည်။

မြတ်ဗုဒ္ဓသည် သတ္တဝါအများ ဘဝလွတ်မြောက်ရေး အတွက် နိယျာနိက သာသနာတော်မြတ် ကို တည်ထောင်တော်မူခဲ့သည်။ သို့သော် လူသားတို့သည် ဓမ္မနှင့်ဘဝများစွာ ကင်းကွာလာခဲ့ရာ ဓမ္မကို အကောင်းမမြင်၊ အဓမ္မကိုသာ အကောင်း ထင်နေကြသည်၊ လောကလူသားတို့ အကျိုးတရား ဖြစ်ထွန်းရေးအတွက် မွန်မြတ်ကြီးမားသော မဟာကရုဏာတော်ဖြင့် တည်ထောင်ခဲ့သော သာသနာတော်မြတ်ကိုပင် ဖျက်ဆီးနှောင့်ယှက်သူ များ ပေါ်လာတတ်သည်၊

မြတ်ဗုဒ္ဓရှင်တော်မြတ် ပရိနိဗ္ဗာန်စံလွန်၍ တေဇောစာတ် မလောင်ကျွမ်းမီကပင် သာသနာဖျက်မည့်သူ ပေါ်လာခဲ့သည်၊ သူကား သုဘဒ္ဒခေါ် တောထွက်ရဟန်းကြီး ဖြစ်သည်၊

မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန်စံဝင်၍ (၇)ရက်သာ ရှိသေးသည်။ အရှင်မဟာကဿပသည် ပါဝါပြည်မှ ရဟန်းတော်ငါးရာ ခြံရံလျက် ကြွလာတော်မူသည်။ နွေရာသီနေ၏ အပူရှိန်ကပြင်းလွန်း၍ သစ်ပင်ရင်း နားနေချိန်တွင် တက္ကတွန်း တစ်ယောက်အထံမှ မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန်စံဝင်ကြောင်း သတင်းကို ကြားကြရသည်။ ထိုသတင်းကို ကြားရသောအခါ ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ်၊ ရဟန်းများသည် ဆောက်တည်ရာမရ ငိုကြွေးကြလေသည်၊ အတူပါလာသော သုဘဒ္ဒ ရဟန်းကြီးသည်-

"ငါ့ ရှင်တို့--- မငိုကြွေးကြလင့်၊ ငိုကြွေးဘို့ မသင့်၊ ငါတို့သည် ရဟန်းဂေါတမလက်မှ လွတ်မြောက်ခဲ့ရပေပြီ (လွတ်လပ်ရေးရခဲ့လေပြီ)၊ ရဟန်းဂေါတမသည် ငါတို့အား ချုပ်ချယ်သည်"

စသည်ဖြင့် ပြောဆိုခဲ့သည်။ အရှင်မဟာကဿပ သည် သာသနာဖျက်မည့် သုဘဒ္ဒအသံကို ကြားရသဖြင့် ပထမသံဂါယနာတင်ကို ဆင်ယင် ကျင်းပခဲ့သည်။ ဤသံဂါယနာတင်ကို ဆင်ယင် ကျင်းပခဲ့၍ နှစ်(၁၀၀)နီးပါး သာသနာတော် သန့်ရှင်းတည်တံ့ခဲ့သည်။ နှစ်(၁၀၀)မပြည့်မီပင် ဝဇ္ဇီတိုင်းသား ရဟန်းများ၏ အဓမ္မဝတ္ထု (၁၀)ပါး ကျင့်သုံးမှု ပေါ်လာသည်။ ဝိနည်းမဟုတ်သည်ကို ဝိနည်းအဖြစ် ကျင့်သုံးကြသည်။ ထို့ကြောင့်ပင် သာသနာနှစ်(၁၀၀)ပြည့်နှစ်တွင် ဒုတိယသံဂါယနာ တင်တော်မူခဲ့ကြသည်။ လောက၌ အကောင်းဆုံး ဟု သတ်မှတ်ထားသော ပစ္စည်းများသည် ရှိရိုးသေသေ သုံးစွဲ၍ ပြုပြင်ပေးသူရှိမှသာ အကောင်း ဘဝ၌ ရပ်တည်နိုင်သည်။ ပြုပြင်စောင့်ရှောက်သူ မဲ့လာ သောအခါ ပျက်စီးရလေသည်။

သာသနာတော်သည် ဓမ္မအစစ် ဓမ္မ သက်သက် ဖြစ်သည်။ လောကသည် ဓမ္မနှင့်ဆန့် ကျင်ဘက်ဖြစ်ရာ ဓမ္မအပေါ် ဆန့်ကျင်မှုများ၊ တိုက်ခိုက်မှုများ ပေါ်ပေါက်လာသည်မှာ လောက သဘာဝသာဖြစ်သည်။ တတိယသံဂါယနာတင် ရခြင်းသည်လည်း တိတ္ထိတို့ သာသနာတော်သို့ ဝင်ရောက်လာရာ မသန့်ရှင်းသော သာသနာတော် ကို သန့်ရှင်းစင်ကြယ်တည်တံ့ရန် ဖြစ်သည်။

စတုတ္ထ သံဂါယနာ၊ ပဉ္စမသံဂါယနာ၊ ဆဋ္ဌ သံဂါယနာ တင်ခြင်းတို့မှာ သာသနာတော်၏ ပဓာန ဖြစ်သော ပိဋကတ်စာပေ အရှည်ခံ တည်တံ့သန့်ရှင်းရေး ဖြစ်သည်။ မြန်မာနိုင်ငံ၌ လွတ်လပ်ရေးရပြီး ဆဋ္ဌသံဂါယနာတင် ဓမ္မသဘင် ကို ဆင်ယင်ကျင်းပနိုင်ခဲ့သော်လည်း ပြည်တွင်း စစ်ကြောင့် သာသနာတော်သန့်ရှင်းရေးမှာ မှေးမှိန် လာသည်။

တစ်ဘဝတွက်တာ စားဝတ်နေရေးအ တွက် သိက္ခာမတင် သိမ်မဝင်ဘဲ သာသနာ့အရေ ခြုံ အယောင်ဆောင်သူများရှိလာသည်၊ သာသနာ တော်၏ မသန့်ရှင်းသော အခြေအနေကို ဆရာ တော် သံဃာတော်များ သိမြင်တော်မူကြသော် လည်း ဓမ္မစက်သက်သက်ဖြင့် ဆောင်ရွက်၍ မဖြစ် နိုင်သော်လည်း ဓမ္မစက်သက်သက်ဖြင့် ဆောင် ရွက်၍ မဖြစ်နိုင်ပေ၊ သာသနာတော် သန့်ရှင်းရေးကို ဆောင်ရွက်ရာ၌ အာဏာစက် အကူအညီရမှသာ အောင်မြင်အောင် ဆောင်ရွက်နိုင်သည်၊ ပထမသံ ဂါယနာ ဒုတိယသံဂါယနာ တတိယသံဂါယနာတင် သမိုင်းတို့ကို ကြည့်လျှင် ဓမ္မစက် အာဏာစက် (၂) ပါးစုံညီမှသာ အောင်မြင်နိုင်ကြောင်းထင်ရှားလှ သည်။

သာသနာ့ဦးသျှောင် ဆရာတော်ကြီးများ သည် သာသနာတော်သန့်ရှင်းရေးအတွက် နိုင်ငံ တော်အစိုးရ၏အာဏာစက်အကူအညီရမှသာ အောင်မြင်နိုင်ကြောင်းသိမြင်တော်မူကြသည်။ ထို အခြေအနေကို စောင့်မျှော်နေချိန်တွင် -

ထိုအချိန်က ပြည်ထဲရေးနှင့်သာသနာရေး ဝန်ကြီးသည် နိုင်ငံတော် အတွင်းရှိ သာသနာ့ ဦးသျှောင်ဆရာတော်ကြီးများထံ သွားရောက်၍ သာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွားရန်အတွက် နိုင်ငံတော်အစိုးရက အာဏာစက်ဖြင့် ကူညီ ဆောင်ရွက်ရန် ရှင်းလင်းလျှောက်ထားသည်။

သာသနာ့ဦးသျှောင် ဆရာတော်ကြီးများက သာသနာတော်သန့်ရှင်း တည်တံ့ ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ အစည်းအဝေးပွဲကြီး ကျင်းပနိုင်ရေးအတွက် ဂိုဏ်းပေါင်းစုံမှ သံဃာ့ကိုယ်စားလှယ် (၆၆) ပါး ကို ရွေးချယ်၍ ပေးတော်မူကြသည်။ သံဃာ့အစည်းအဝေးပွဲကြီး ဖြစ်မြောက်ရေးအတွက် ဆရာတော် (၆၆) ပါးသည် သံဃာ့အစည်းအဝေးပွဲကြီး ဖြစ်မြောက်ရေးအတွက်-

၁။ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း၊

၂။ ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းများ၊ ဖြေရှင်းရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊

၃။ ရဟန်း,သံဃာတော်များ သာသနာဝင် မှတ်တမ်း မှုကြမ်းများကို ရေးဆွဲ၍ မြို့နယ်များသို့ဆင်း၍ ရှင်းလင်းတင်ပြကြသည်။ သံဃာတော်များ၏ ဆန္ဒကို ရယူတော်မူကြသည်။

သံဃာတော်များ၏ဆန္ဒကို ရရှိသောအခါ သမ္မုတိရ သံဃာ့ကိုယ်စားလှယ်ဆရာတော်များကို ရွေးချယ်ပင့်ဖိတ်၍ ရန်ကုန်မြို့၊ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ၊ ဆဋ္ဌသံဂါယနာမဟာပါသာဏလိုဏ်ဂူတော်ကြီးအတွင်း၌ သာသနာတော်နှစ် (၂၅၄၂) ကောဇာသက္ကရာဇ် (၁၃၄၂) ခုနှစ်၊ နယုန်လဆန်း (၁၁) ရက် (ခရစ်နှစ် ၁၉၈၀ခု၊ မေလ ၂၄ ) နေ့မှစ၍ နယုန်လဆန်း (၁၄) ရက် နေ့အထိ (၂၇-၅-၈၀) (၄) ရက်တိုင်တိုင် အောင်မြင်စွာ ကျင်းပတော်မူခဲ့ကြသည်။ ကောဇာသက္ကရာဇ် (၁၃၄၂) နယုန်လဆန်း (၁၂) ရက် (၁၉၈၀၊ မေလ ၂၅) ရက်နေ့တွင် " သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်း" ကို ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးက အတည်ပြု ပြဋ္ဌာန်းတော်မူကြသည်။ သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်းကို အတည်ပြုပြဋ္ဌာန်းပြီးသောအခါ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့်အညီ-

၁။ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့

၂။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့

၃။ နိုင်ငံတော်ဩဝါဒါစရိယအဖွဲ့

၄။ ပြည်နယ်/တိုင်းသံဃနာယကအဖွဲ့

၅။ မြို့နယ်သံဃနာယကအဖွဲ့

၆။ ရပ်ကွက်/ကျေးရွာအုပ်စု သံဃနာယကအဖွဲ့များကို တစ်နိုင်ငံလုံး ဖွဲ့စည်းတော်မူခဲ့ကြသည်။ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းတွင် ဂိုဏ်းကြီး (၉)ဂိုဏ်းကို အတည်ပြုထားရာ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ကြီး၏အောက်တွင် ဂိုဏ်းကြီး (၉) ဂိုဏ်းမှ သံဃာတော်များ ဂိုဏ်းအလိုက် သံဃာ့အဖွဲ့အစည်းများ ဖွဲ့စည်းလျက် သာသနာတော်သန့်ရှင်း,တည်တံ့,ပြန့်ပွားရေးကိစ္စများကို တညီတညွတ်တည်း ဆောင်ရွက်လျက် ရှိသည်။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီးကို မြန်မာ သက္ကရာဇ် (၁၃၄၂) ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ရာ (၁၃၆၇) ခုနှစ်၊ နယုန်လတွင် (၂၅) နှစ်ပြည့်ခဲ့လေပြီ။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကို ပဌမအကြိမ်အထိ ဖွဲ့စည်း၍ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး ကိစ္စများကို ကြီးမားသောလုံ့လ၊ ဝီရိယ၊ သတိ ပညာ ဦးစီး၍ ဆောင်ရွက်တော်မူခဲ့ကြသည်။ ဆုံးဖြတ်ရန် ခဲယဉ်းလှသော ဓမ္မ၊ အဓမ္မဝါဒ ဝိနိစ္ဆယများကို ဓမ္မစက် အာဏာစက်

တို့ဖြင့် ပြီးပြတ် ငြိမ်းအေးအောင် ရွက်ဆောင်နိုင်ခဲ့သည်၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က အဖွဲ့၏(၂၅) နှစ်ခရီး ကား သာသနာတော်အတွက် အောင်မြင်သောသမိုင်းခရီးကို လျှောက်လှမ်းခဲ့ခြင်းပင်ဖြစ်ပါသည်၊ သာသနာ့သမိုင်းကို အထွတ်အထိပ်သို့ ရောက်အောင် မော်ကွန်းတင်လိုက်ခြင်းပင်ဖြစ်ပါသည်။

သို့သော် ဤသမိုင်းခရီးကား အပြီးမသတ်သေးချေ။ သာသနာတော်တည်ရှိသမျှ ဆက်၍ လျှောက်ရပေဦးမည်၊ ဤသမိုင်းခရီးကိုလျှောက်ရာ၌-

"ဤဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးကိုနိုင်ငံတော်အစိုးရ၏ လိုလားတောင့်တအားပေးကူညီမှုဖြင့် နိုင်ငံတော်တစ်ဝန်းလုံးရှိ သံဃာတော်အရှင်သူမြတ်များ၏ ဆန္ဒနှင့်အညီ ကျင်းပခြင်းဖြစ်ပါသည်ဘုရား။

ယင်းသို့ကျင်းပပြုလုပ်သည့်အခါ ယနေ့က စ၍ နယုန်လဆန်း(၁၄) ရက်အထိ ၄- ရက် တာကာလပတ်လုံး ကျင်းပရန် စီစဉ်ထားပါ သည်ဘုရား။

ဤဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေး ကြီးက သာသနာတော်အခွန့်ရှည်စွာ တည်တံ့ ထွန်းလင်းတောက်ပရန်ဟူသော ရည်သန်ချက် ဖြင့် သာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွါး ရေးအတွက် မည်သို့မည်ပုံ ဆောင်ရွက်ရမည် ကို တိုင်ပင်ညှိနှိုင်း ဆွေးနွေးဆုံးဖြတ်ရမည် ဖြစ်ပါသည်ဘုရား၊ ယင်းကဲ့သို့တိုင်ပင် ညှိနှိုင်း ဆွေးနွေး ဆောင်ရွက်ကြရာဝယ် အဓိကအကျဆုံးဖြစ်သည့် သာသနာ့ဝန်ထမ်း ရဟန်းသံဃာ တော်များ၏ အပေါ်၌ ဆောင်ရွက်ရမည့်ကြီးမားသော တာဝန်ကျရောက်လျှက် ရှိနေပါသည်ဘုရား။

အထူးသဖြင့် ဤကိစ္စကို ဆောင်ရွက်တော်မူကြရာ၌ ဟိုဂိုဏ်းဒီဂိုဏ်း ဂိုဏ်းဂဏစွဲ မထား ကြဘဲ ဘုရားရှင် သာသနာတော် အတွက်ကို သာ ဦးတည်တဲ့စိတ် အပြည့်အဝ လက်ကိုင် ထားပြီး တော့ ဆောင်ရွက်တော်မူရန် လွန်စွာ လိုအပ်လှပါသည်ဘုရား။"

၁၃၄၂-ခုနှစ်၊ နယုန်လဆန်း ၁၁-ရက် (၂၄-၅-၈၀)နေ့ ပထမနေ့ သာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွါးရေး ဂိုဏ်းပေါင်းစုံသံဃာ့အစည်း အဝေးကြီး၌ ဥက္ကဋ္ဌပဲခူးမြို့မဆရာတော်ဘုရားကြီး၏ အဖွင့်ဩဝါဒကထာမှ ကောက်နုတ်ချက်ဖြစ်သည်။

သာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွါးရေးကို ဆောင်ရွက်ရာ၌ လမ်းညွှန်ဩဝါဒဟု ဆိုထိုက်လှပါသည်။

ဤလမ်းညွှန် ဩဝါဒနှင့်အညီ လိုက်နာဆောင်ရွက်သွားပါက သံဃာ့ အဖွဲ့အစည်း အဆင့်ဆင့်နှင့် နိုင်ငံတော်သံဃနာယကအဖွဲ့သည် (၂၅)နှစ် ငွေရတုခရီးကို သာမက မြတ်ဗုဒ္ဓ၏ သာသနာတော် သမိုင်းခရီးကို အောင်မြင်စွာ လျှောက်လှမ်းနိုင်မည်ဖြစ်ပါသည်၊ အောင်မြင်စွာ လျှောက်လှမ်းခြင်းဖြင့် သာသနာ့သမိုင်းကို မြင့်တင်နိုင်ပါစေဟု ဝဏ်ပြုဆုတောင်းအပ်ပါသတည်း။

❖❖❖❖❖

# သာသနာတော်အကျိုးကို
# အစဉ်တစိုက် ဆောင်ရွက်တော်မူခဲ့ကြသည့်
# နိုင်ငံတော် သံဃမဟာနာယကအဖွဲ့

## စစ်ကိုင်းကြည်ညွန့်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကို ၁၃၄၂-ခုနှစ်၊ နယုန် လဆန်း (၁၃)ရက်၊ တနင်္လာနေ့တွင် တည်ထောင်ဖွဲ့စည်းခဲ့ပြီးနောက် သာသနာတော်အကျိုးကို အစဉ်တစိုက် ဆောင်ရွက်တော်မူခဲ့ကြရာ ၁၃၆၇-ခုနှစ်၊ နယုန် လဆန်း (၁၃)ရက်နေ့တွင် (၂၅)နှစ်မြောက် အခါသမယဖြစ်၍ ငွေရတုသဘင် အခမ်းအနားကို ခမ်းနားထည်ဝါစွာ ကျင်းပပြုလုပ်တော့မည်ဖြစ်သည်။ (၂၅)နှစ်ဆိုသော အချိန်သည် အတန်ငယ်ကြာခဲ့ပြီဖြစ်သည်။ သဘာဝတရားအရ အပြောင်းအလဲများ ရှိမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ သမိုင်းကြောင်းကို အကျဉ်းချုံး တင်ပြလိုပါသည်။

မြန်မာနိုင်ငံ၌ လွတ်လပ်ရေးရပြီးသည့်နောက်ပိုင်းတွင် ရဟန်းသံဃာတော်များနှင့် စပ်လျဉ်းသည့် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများကို ဝိနည်းဒေသနာတော်များဖြင့်သာ စစ်ဆေးစီရင်ဆုံးဖြတ်နိုင်စေရန် ရည်သန်၍ ၁၃၁၁-ခုနှစ်တွင် ဝိနိစ္ဆယဌာန အက်ဥပဒေကို ပြဋ္ဌာန်းခဲ့ကြသည်။ သို့ရာတွင် ယင်းအက်ဥပဒေအရ လက်တွေ့ဆောင်ရွက်ရာတွင် အကြောင်းအမျိုးမျိုးကြောင့် ရဟန်းသံဃာတော်များ မကျေမနပ်ဖြစ်လာကြသဖြင့် ဝိနိစ္ဆယဌာန အက်ဥပဒေကို ၁၃၁၁-ခုနှစ်၊ ဝိနိစ္ဆယဌာန နှင့် ဝိနိစ္ဆယခုံ အက်ဥပဒေအဖြစ် ပြင်ဆင်ပြောင်းလဲခဲ့သည်။ သို့ရာတွင် ယင်းခုံအက်ဥပဒေသည်လည်း သံဃာတော်အချင်းချင်း အငြင်းပွားမှုကို ဖြန်ဖြေစီရင် ဆုံးဖြတ်ရာ၌ လည်းကောင်း၊ ရဟန်း သံဃာတော်များအချင်းချင်း ဝိနည်း သိက္ခာပုဒ်တော်များနှင့်အညီ ကျင့်ကြံသီတင်းသုံးခြင်း ရှိ၊ မရှိ ကြပ်မတ်ရာ၌ လည်းကောင်း၊ ထိရောက်အောင်မြင်မှု မရှိကြောင်းကို လည်းကောင်း သိရသဖြင့် နိုင်ငံတော် အစိုးရက ၁၉၆၅-ခုနှစ်တွင် ရုပ်သိမ်းခဲ့သည်။

၁၃၂၆ - ခုနှစ်၊ တပေါင်းလပြည့်နေ့မှ တပေါင်းလပြည့်ကျော် (၂)ရက်နေ့အထိ (၃)ရက်တိုင်တိုင် မှော်ဘီမြို့၊ စိုက်ပျိုးရေး ဥယျာဉ်၌ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးကို ကျင်းပခဲ့သည်။ ထိုအစည်းအဝေးကြီးတွင် (၁) သံဃာတော်များ အဆင့်ဆင့်ဖွဲ့စည်းခြင်း၊ (၂) ဝိနိစ္ဆယ၊ (၃) သာသနာ့ဝင် လက်မှတ်တို့နှင့် ပတ်သက်သော သာသနာ့လုံးဆိုင်ရာ သံဃာ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ (မူကြမ်း) ကို ရေးဆွဲခဲ့သည်။ သို့ရာတွင် ထိုအခြေခံဥပဒေ မူကြမ်းကို မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဆရာတော်၊ သံဃာတော်များ အားလုံးက တညီတညွတ်တည်း ဆုံးဖြတ်၍ ဓမ္မစက်ဖြင့် ပြဋ္ဌာန်းပေးနိုင်ခြင်း မရှိခဲ့ပါ။ ထို့ကြောင့် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနက ဝိနည်းဓမ္မကံမှုခင်းများကို နည်း(၄)သွယ်ဖြင့် ဆောင်ရွက်ကြရန် ယာယီ အစီစဉ်တစ်ရပ်ကို ချမှတ်ခဲ့ပါသည်။

၁၉၇၉-ခုနှစ်တွင် ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာန ၊ သာသနာရေး ဦးစီးဌာနမှ ကျွမ်းကျင်သော ပုဂ္ဂိုလ်များက ဝိနည်းဓမ္မကံမှုခင်းများကို ဖြေရှင်းဆုံးဖြတ်နိုင်ရန်အတွက် ဆရာတော်ကြီး များ၏ ဩဝါဒကို ခံယူပြီး ဝိနိစ္ဆယဥပဒေ (မူကြမ်း)ကို ရေးဆွဲပြီး အစိုးရအဖွဲ့သို့ တင်ပြခဲ့ပါသည်။ အစိုးရအဖွဲ့က (၁) သံဃာတော်များ ဝိနည်းတရားတော်နှင့်အညီ ကျင့်ကြံသီတင်းသုံးနိုင်ရေး၊ (၂) သံဃာတော်အချင်းချင်း အငြင်းပွားမှုများကို ဖြေရှင်း ဆုံးဖြတ်ရန်အတွက် သံဃာတော်များက ရွေးချယ်တင်မြှောက်သော သံဃာများပါဝင်သည့် ခုံအဖွဲ့များ ဖွဲ့စည်းပြီး ဖြန်ဖြေစီရင်ဆုံးဖြတ်ရေးတို့ကို ဆောင်ရွက်ရန်၊ ထိုသို့ ဆောင်ရွက်ရာတွင် သံဃာတော်များ၏ ဆန္ဒမပါဘဲ နိုင်ငံတော်က ဆောင်ရွက်သည့် အခြေအနေမျိုး မဖြစ်သင့်ကြောင်း၊ သံဃာ့ကိစ္စကို သံဃာတော်များ ဆောင်ရွက်သင့်ကြောင်း လမ်းညွှန်ခဲ့ပါသည်။ ထို့ကြောင့် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနက မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ ဂိုဏ်းပေါင်းစုံမှ ရဟန်းသံဃာတော်များ ပါဝင်သော သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးကို ၁၃၄၂-ခုနှစ်၊ နယုန်လဆန်း (၁၂)ရက် (၁၉၈၀-ပြည့်နှစ်၊ မေလ ၂၅-ရက်) တနင်္ဂနွေနေ့မှ စတင်၍ (၃)ရက်တိုင်တိုင် ရန်ကုန်မြို့၊ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ၊ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပရန် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနက ၁၉၇၉-ခုနှစ်၊ စက်တင်ဘာလ (၂၂)ရက် နေ့မှ စတင်၍ ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။

ထိုအချိန်က ကောက်ယူရရှိသော စာရင်းများအရ ပြည်ထောင်စုမြန်မာနိုင်ငံတွင် သံဃာဂိုဏ်းပေါင်း (၉)ဂိုဏ်း၊ ကျောင်းပေါင်း ၄၃၆၇၇-ကျောင်း၊ (ရှင်သာမဏေမပါ) ရဟန်းတော်ပေါင်း ၁၀၉၀၃၂-ပါး ရှိပါသည်။

သံဃာ့ကိစ္စ သံဃာတော်များကသာ ဆောင်ရွက်ရမည်ဆိုသော မူအရ ဂိုဏ်းပေါင်းစုံ သံဃာအစည်းအဝေးကြီးကို ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှု လုပ်ငန်းများကို ဆောင်ရွက်ရန်၊ သံဃာ့ဝန်ဆောင်ဆရာတော် (၆၆)ပါးကို အခြေခံဒေသအလိုက်၊ ဂိုဏ်းအလိုက်၊ သံဃသမ္မုတိပေး၍ သံဃာ့ဆန္ဒဖြင့် ရွေးချယ်ပေးတော်မူကြပါရန်၊ ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာနက အဖွဲ့များခွဲပြီး တစ်နိုင်ငံလုံး လိုက်လံလျှောက်ထားခဲ့ပါသည်။ ထိုသို့ လျှောက်ထားချက်အရ ရွှေကျင်နိကာယမှ ဆရာတော်(၅)ပါး၊ မူလဒွါရဂိုဏ်းမှ ဆရာတော် (၁)ပါး၊ မဟာဒွါရဂိုဏ်းမှ ဆရာတော် (၂)ပါး၊ ဧရာဝတီတိုင်းမှ ဆရာတော် (၅)ပါး၊ ရှမ်းပြည်နယ်မှ ဆရာတော် (၆)ပါး၊ ရန်ကုန်တိုင်းမှ ဆရာတော် (၈)ပါး၊ ရခိုင်ပြည်နယ်မှ ဆရာတော် (၃)ပါး၊ မွန်ပြည်နယ်မှ ဆရာတော် (၂)ပါး၊ မန္တလေးတိုင်းမှ ဆရာတော် (၈)ပါး၊ မကွေးတိုင်းမှ ဆရာတော် (၆)ပါး၊ ပဲခူးတိုင်းမှ ဆရာတော် (၄)ပါး၊ တနင်္သာရီတိုင်းမှ ဆရာတော် (၂)ပါး၊ စစ်ကိုင်းတိုင်းမှ ဆရာတော် (၈)ပါး၊ ချင်းပြည်နယ်မှ ဆရာတော် (၁)ပါး၊ ကရင်ပြည်နယ်မှ ဆရာတော် (၂)ပါး၊ ကယားပြည်နယ်မှ ဆရာတော်(၁)ပါး၊ ကချင်ပြည်နယ်မှ ဆရာတော် (၂)ပါးတို့ ဖြစ်ပါသည်။

ရွေးချယ်ခြင်းခံရသော သံဃာ့ဝန်ဆောင်ဆရာတော် (၆၆)ပါးတို့သည် ကမ္ဘာအေးကုန်းမြေ ဇမ္ဗူဒီပကျောင်းဆောင်သို့ ၁၃၄၁-ခုနှစ်၊ တပို့တွဲလဆန်း (၁၃)ရက်၊ (၁၉၈၀-ပြည့်နှစ်၊ မတ်လ ၂၉-ရက်)နေ့မှ ၁၃၄၁-ခုနှစ်၊ တပို့တွဲလဆန်း (၁၅)ရက် (၁၉၈၀-ပြည့်နှစ်၊ မတ်လ ၃၁-ရက်)နေ့အတွင်း ကြွရောက်တော်မူခဲ့ကြပါသည်။

ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာနဝန်ကြီးက ၁၃၄၂-ခုနှစ်၊ နယုန်လဆန်း (၁၂)ရက်နှင့် (၁၄)ရက်နေ့များတွင် ကျင်းပမည့် ဂိုဏ်းပေါင်းစုံအစည်းအဝေးပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သံဃာ့ဝန်ဆောင် ဆရာတော်များက စီစဉ်ဆောင်ရွက်တော်မူကြရန်နှင့် ယင်းအစည်းအဝေးပွဲကြီး၌ အတည်ပြုချက်ရယူရန် အောက်ဖော်ပြပါ လုပ်ငန်း(၄)ရပ်နှင့်စပ်လျဉ်းပြီး စာတမ်းများ ရေးသားပြုစုတော်မူကြပါရန် လျှောက်ထားခဲ့ပါသည်။

(၁) သံဃာတော်များ ဝိနည်းတရားတော်နှင့်အညီ ကျင့်ကြံသီတင်းသုံး နေထိုင်နိုင်ရန်အတွက် သံဃာတော်များ အချင်းချင်း ကြပ်မတ်သွားနိုင်မည့် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့် ပေါ်ပေါက်လာရေးအတွက် အခြေခံ စည်းမျဉ်းကို ရေးဆွဲရန်။

(၂) ဝိနည်းမှုကဲဆိုင်ရာ သံဃာ့အဓိကရဏ်းများ ဖြေရှင်းဆုံးဖြတ်ရေးအတွက် နည်းလမ်းများ ရေးဆွဲသတ်မှတ်ရန်။

(၃) သိက္ခာမတင်၊ သိမ်မဝင်ဘဲ၊ မိမိဘာသာ သင်္ကန်းဝတ်နေကြသော ရဟန်းတု ရဟန်းယောင်များ ပျောက်ကွယ်ရေးအတွက် သာသနာဝင်လက်မှတ်ခေါ် "ရဟန်းဖြစ်ရက်ချုပ်"ကို စီစဉ်ရေးဆွဲ၍ ရဟန်းသံဃာတော်တိုင်း ကိုင်ဆောင်ရန်။

(၄) အစည်းအဝေးကြီးမှ ပေါ်ပေါက်လာမည့် သာသနာတော်ဆိုင်ရာ အခြေခံ လိုအပ်ချက်များကို ဆောင်ရွက်ရန်။

ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာနဝန်ကြီးကလည်း သံဃာ့ဝန်ဆောင်ဆရာတော်များ၊

သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးကိစ္စများကို စိတ်ချမ်းမြေ့စွာ သီတင်းသုံး နေထိုင်၍ ဆောင်ရွက်နိုင်ကြရန်အတွက် ဥပထမ္ဘက အဖွဲ့(၉) ဖွဲ့ ဖွဲ့စည်းပြီး ကူညီဆောင်ရွက်စေခဲ့ပါသည်။ သံဃာ့ဝန်ဆောင် ဆရာတော်များက အဖွဲ့၏ဥက္ကဋ္ဌအဖြစ် ပဲခူးမြို့မစာသင်တိုက်၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဣန္ဒာစာရ၊ ဒုတိယဥက္ကဋ္ဌများအဖြစ် ဖျာပုံတိုက်သစ်ကျောင်းတိုက် နာယကဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဓမ္မစက္ကနှင့် ရွှေကျင်ဂိုဏ်း၊ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ-ဇာနေယျဗုဒ္ဓိ၊ အကျိုးတော်ဆောင်အဖြစ် မန္တလေးမြို့၊ အနောက်ပြင် တောင်သမန်တိုက်၊ ပုသိမ်ကျောင်းဆရာတော် ဘဒ္ဒန္တရေဝတ၊ တွဲဖက်အကျိုးတော်ဆောင်များအဖြစ် ရန်ကုန်ကျောင်းကြီးတိုက် ဘုံပျံကျောင်းဆရာတော် ဘဒ္ဒန္တပညာသာမိနှင့် မဟာဒွါရဂိုဏ်း၊ ဟင်္သာတမြို့ လယ်တီကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တခမာဝုဓ တို့ကို သံဃာ့ဆန္ဒနှင့်အညီ ရွေးချယ်တင်မြှောက်ခဲ့ကြသည်။ သံဃာ့ဝန်ဆောင်ဆရာတော်များအား အကြံပေးနိုင်ရန်အတွက် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် (၃)ပါး ပါဝင်သော အကြံပေးအဖွဲ့ကိုလည်း ဖွဲ့စည်းခဲ့ပါသည်။ သံဃာ့ဝန်ဆောင်ဆရာတော်များသည် အဖွဲ့ငယ်များဖွဲ့၍ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းကို လည်းကောင်း၊ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို လည်းကောင်း၊ သာသနာဝင်မှတ်တမ်းကိုလည်းကောင်း၊ ရေးဆွဲခဲ့ကြသည်။ ထိုသို့ ရေးဆွဲရာတွင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ရဟန်းရှင်လူများထံမှ ပေးပို့ကြသော အကြံဉာဏ်များကို ဖတ်ရှုလေ့လာသုံးသပ်၍ ဆောင်ရွက်ခဲ့ကြပါသည်။ ထို့ပြင် သံဃာ့ဝန်ဆောင်ဆရာတော်များသည် မိမိတို့ရေးဆွဲသော စာတမ်းမူကြမ်း များကို မိမိတို့ ဆိုင်ရာ အခြေခံဒေသများသို့ ကြွရောက်ပြီး ရှင်းလင်းတင်ပြ လျှောက်ထားခဲ့ကြ သည်။ အကြံပြုချက်များ ဖြည့်စွက်ချက်များကို လည်း ထပ်မံရယူခဲ့ပါသည်။

သံဃာဂိုဏ်း (၉)ဂိုဏ်းနက် သံဃာ့ဝန်ဆောင်အဖွဲ့၌ မပါဝင်သော သံဃာဂိုဏ်း(၅)ဂိုဏ်းရှိနေရာ ဝေဠုဝန်ဂိုဏ်းမှ (၃)ပါး၊ ငှက်တွင်းဂိုဏ်းမှ (၁)ပါး၊ အနောက်ချောင်းဒွါရဂိုဏ်းမှ (၁)ပါး၊ မဟာရင်ဂိုဏ်းမှ (၁)ပါး၊ ဂဏဝိမုတ်ကူးတို့ဂိုဏ်းမှ (၁)ပါး တို့ကိုလည်း သာသနာရေးဦးစီးဌာနသို့ ပင့်ဆောင်၍ သံဃာ့ဝန်ဆောင်အဖွဲ့က ပြုစုထားသော စာရွက်စာတမ်းများကို ဆက်ကပ်ပြီး မိမိတို့ ဂိုဏ်းအလိုက် သံဃာတော်များကို ရှင်းလင်းပေးပါရန် လျှောက်ထားခဲ့ပါသည်။

သံဃာ့ဝန်ဆောင် ဆရာတော်များက ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးကို အောင်မြင်စွာ ကျင်းပနိုင်ရန်အတွက်၊ (၁) ဦးဆောင်အဖွဲ့၊ (၂) ကိုယ်စားလှယ်စိစစ်ရေးအဖွဲ့၊ (၃) ညှိနှိုင်းဆော်ဩရေးအဖွဲ့၊ (၄) အစီအစဉ်နှင့် မှတ်တမ်းများရေးဆွဲပြုစုရေးအဖွဲ့၊ (၅) အဆိုစိစစ်ရေးအဖွဲ့ တို့ကိုဖွဲ့စည်းခဲ့ကြပါသည်။

သံဃာ့ဝန်ဆောင် အဖွဲ့၏ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး ဆရာတော်များ၏ လက်မှတ်ဖြင့် မြန်မာပြည်တစ်ဝန်းလုံးမှ သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ် (၁၂၃၅)ပါးတို့အား ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီးတွင် ကျင်းပရမည့် "သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး အစည်းအဝေးကြီးကို တက်ရောက်နိုင်ရန်အတွက် ၁၃၄၂-ခုနှစ်၊ နယုန်လဆန်း (၉)ရက် (၁၉၈၀-ပြည့်နှစ်၊ မေလ ၂၂-ရက်) တွင် ကမ္ဘာအေးကုန်းမြေ ပဗ္ဗဝိဒေဟကျောင်းဆောင်၊ အပရဂေါယာနကျောင်းဆောင်၊ ဥတ္တရကုရုကျောင်း

ဆောင်သို့ အရောက်ကြွရောက်တော်မူကြရန် ပင့်လျှောက်ခဲ့ပါသည်။

သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်များ အစုံအညီ ကြွရောက်တော်မူလာကြပြီးနောက် ပထမအကြိမ် "သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ အစည်းအဝေးပွဲကြီးကို သာသနာတော်နှစ် ၂၅၂၄-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၄၂-ခုနှစ်၊ နယုန်လဆန်း (၁၁)ရက် (၁၉၈၀-ပြည့်နှစ်၊ မေလ ၂၄-ရက်)နေ့တွင် ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီး၌ စတင်ကျင်းပခဲ့ပါသည်။ တက်ရောက်ခွင့်ရှိသော သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ် (၁၂၃၅)တို့အနက် (၁၂၂၆ ) ပါးတို့ တက်ရောက်ခဲ့ကြသည်။ အစည်းအဝေးကြီးတွင် အဘိဓဇမဟာရဋ္ဌဂုရု စစ်ကိုင်းရွှေဟသ်ာ ဆရာတော် ဘုရားကြီးက ဩဝါဒမြွက်ကြားရာတွင် မြန်မာနိုင်ငံတော် တစ်ဝန်းလုံးရှိ၊ တစ်သိန်း ကျော်သော သံဃာတော်မြတ်တို့၏ ကိုယ်စား၊ သမ္မုတိရ ကြွရောက်တော်မူလာကြကုန်သော ဒေသဆိုင်ရာ ဦးဆောင်ရှေ့သွား လမ်းညွှန်ဖြစ်တော်မူကြကုန်သော ဆရာတော်များ သည် သာသနာတော်ကို သန့်ရှင်းတောက်ပစေလျက် ပြန့်ပွားစည်ပင်အောင်၊ အရှင်ဘုရားတို့က နည်းလမ်းညွှန်ပြတော်မူနိုင်ကြပါစေသတည်းဟု ပတ္ထနာပြုလိုက်ပါသည်ဟု ဩဝါဒ မြွက်ကြားခဲ့ပါ သည်။

အစည်းအဝေးကြီး၏ ဥက္ကဋ္ဌ ပဲခူးမြို့မဆရာတော်ကြီးက ယနေ့အချိန်အခါသည် တပည့်တော်များ၏ သာသနာ့သမိုင်း၌ နိုင်ငံတော်လွတ်လပ်ရေး ရသည့်အချိန်မှ စပြီးတော့ ဤကာလအတွင်းမှာ မကြုံစဘူး ထူးကဲလှသည့် သာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွားရေး ဟူသော ရည်ရွယ်ချက်ဖြင့် စည်းလုံးညီညွတ်စွာ ကာယစိတ္တသာမဂ္ဂီအပြည့်အဝ ထား၍ သမ္မုတိရ သံဃာ့ကိုယ်စားလှယ်ဂိုဏ်း ပေါင်းစုံဆရာတော်များ ဝမ်းပန်းတသာ ကြွရောက်တော်မူလာကြသည့်အတွက် ဝမ်းမြောက်၍ မဆုံး ကြည်ညို၍မဆုံး ဖြစ်ရသည်ကို ဦးစွာရှေးဖျား သာရဏီယကထာစကား လျှောက်ထားပြီးနောက် ဤဂိုဏ်းပေါင်းစုံ အစည်းအဝေးကြီးသည် နိုင်ငံတော် တစ်ဝန်းလုံးရှိ သံဃာတော်အရှင်မြတ်များ၏ ဆန္ဒနှင့်အညီ ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း၊ သာသနာတော် အဓွန့်ရှည်စွာတည်တံ့၊ ထွန်းလင်း တောက်ပ ရန်ဟူသော ရည်ရွယ်ချက်ဖြင့် သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေး အတွက် မည်သို့ မည်ပုံ ဆောင်ရွက်ရမည်ကို ညှိနှိုင်းဆွေးနွေးဆုံးဖြတ်ရမည် ဖြစ်ပါကြောင်း မြွက်ကြားခဲ့သည်။

ထိုနေ့ နေ့လယ် (၁) နာရီတွင် သံလျင်အခြေခံဒေသမှ ဆရာတော်ဘဒ္ဒန္တဝဏ္ဏသိရီက "ပြည်ထောင်စုမြန်မာနိုင်ငံတော်သံဃာ့အဖွဲ့အစည်းအခြေခံ စည်းမျဉ်းကို တင်သွင်းပါသည်။ ထိုသို့ တင်သွင်းရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း၌ သီတင်းသုံးနေထိုင်တော်မူကြသော သံဃာတော်များသည် သင်္ဂါယနာခြောက်တန်တင်အပ်ပြီးသော ထေရဝါဒပိဋကတ်တော်များကို လက်ခံကျင့်သုံးကြသည့် ထေရဝါဒ ပိဋကတ်တော်များကို လက်ခံကျင့်သုံး ကြသည့်၊ ထေရဝါဒ ဂိုဏ်းဝင်ချည်းသာ ဖြစ်ကြကြောင်း၊ ရဟန်း သံဃာတော်အားလုံးသည် သဗ္ဗညု ဘုရားရှင်၏ ရွှေရင်တော်နှစ်သားတော်စစ် များဖြစ်ကြ၍ ပင်ကိုယ်သဘာအားဖြင့် အယူသီလ တူမျှကြပြီး ဖြစ်ပါကြောင်း၊ သို့သော် ပင်ကိုယ်သဘာဝအားဖြင့် အစစအရာရာ ညီညွတ်ပြီးသော ရဟန်းသံဃာတော်များသည် လွန်ခဲ့သော နှစ်ပေါင်း တစ်ရာခန့်ကစပြီး အာဏာစက်ဖြင့် ထောက်ပံ့မှုကို မရရှိခဲ့သောကြောင့်

ဂိုဏ်းအမျိုးမျိုး ကွဲပြားခဲ့ရပါကြောင်း၊ ဂိုဏ်းအမျိုးမျိုး ကွဲပြားသည့်အားလျော်စွာ သံဃာအချင်းချင်း ကြီးကြပ်အုပ်ထိန်းမှုစံနစ်သည် လည်း တစတစ လျော့နည်းလာခဲ့ပါကြောင်း၊ သံဃာ့မဟာထေရ်ကြီးများ၏ ဆုံးမဩဝါဒမှ ကင်းလွတ်နေသော ရဟန်းသံဃာတော်များ ပေါ်ပေါက်လာခဲ့ပါကြောင်း၊ ထိုရဟန်းသံဃာများသည် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးခါစ (၇) ရက်မြောက်သော နေ့မှာပင် "ကိုယ်ထင်ရာ ကိုယ်လုပ်ခွင့် ရပြီ" ဟုကြွေးကြော်သော သုဘဒ္ဒအမည်ရှိ တောထွက်ရဟန်းကြီး ကဲ့သို့ " ငါ့ကျောင်း ငါထိုင် ဘယ်သူဆိုင်လဲ" ဟူသော အကျင့်မျိုးကို ကျင့်သုံးလာကြရုံမျှမက "ကိုယ့်ဟာကိုယ်ဝတ် ဘယ်သူမျှမချွတ်နိုင်" ဟူသော ရဟန်းမျိုးလည်း ပေါ်ပေါက်လျက်ရှိပါကြောင်း၊ ထိုကဲ့သို့ ကျင့်သုံးနေသော ရဟန်းအချို့ကို ဖယ်ရှားရန်နှင့် သံဃာတော် မှန်သော်လည်း အဆုံးအမ ကွာ၍ ဝိနည်းတရားတော်နှင့် ညီညွတ်အောင် မနေသော ရဟန်းများကို ဝိနည်းတော်နှင့်အညီ ကျင့်ကြံသီတင်းသုံး နေထိုင်စေရန်အတွက် သံဃာ အချင်းချင်း ကြီးကြပ်အုပ်ထိန်းသည့် စနစ်တစ်ခု ပေါ်ပေါက်ရန် လိုအပ်လျက်ရှိပါကြောင်း၊ ယခင်မြန်မာနိုင်ငံတော် သမိုင်းတလျှောက်၌ သံဃာတော်များသည် နိုင်ငံတော် အုပ်ချုပ်သူများနှင့် လိုက်လျောညီထွေရှိသော သံဃာအချင်းချင်း ကြီးကြပ် အုပ်ထိန်းမှုစနစ်ကို သာသနာပိုင် ဂိုဏ်းချုပ်ဂိုဏ်း အုပ်ဂိုဏ်းထောက် ဟူ၍ခေတ်နှင့် စနစ်နှင့် ကိုက်ညီအောင် ကျင့်သုံး ဆောင်ရွက်ခဲ့ကြပါကြောင်း၊ ယခုလည်း မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ သံဃာတော်များ၏ ဆန္ဒဖြင့် ရွေးချယ်တင်မြှောက်အပ်သော သံဃာ့ဝန်ဆောင်အဖွဲ့က မြန်မာနိုင်ငံ အုပ်ချုပ်မှုနှင့် လိုက်လျောညီထွေရှိသော သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်ဖြင့် ကြီးကြပ်အုပ်ချုပ်သော စနစ်ကို ရေးဆွဲခဲ့ပါကြောင်းဖြင့် ရှင်းလင်းလျှောက်ထားခဲ့ကြပါသည်။

ထို့နောက် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (မူကြမ်း) ကို၊ မန္တလေး အခြေခံဒေသမှ ဆရာတော် ဘဒ္ဒန္တကုမာရာဘိဝံသက လျှောက်ထား တင်သွင်း ပါသည်။

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော် သံဃာတော်များ၏ သာသနာဝင်မှတ်တမ်းနှင့် ပတ်သက်၍ မန္တလေး အခြေခံဒေသမှ ဘဒ္ဒန္တဉာဏာဘိဝံသက တင်သွင်းလျှောက်ထားပါသည်။ ပြည်ထောင်စု မြန်မာနိုင်ငံတော်သံဃာ့အဖွဲ့အစည်း အခြေခံစည်း မျဉ်းကို သံဃသမ္မုတိရ သံဃာ့ ကိုယ်စားလှယ်များက ထောက်ခံဆွေးနွေး ခဲ့ကြပါသည်။

သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး (ပထမအကြိမ်) ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးဒုတိယနေ့ အစည်းအဝေးကို ၁၃၄၂-ခုနှစ်၊ နယုန်လဆန်း (၁၂) ရက် (၁၉၈၀ ပြည့်နှစ် မေလ ၂၅-ရက်) တနင်္ဂနွေ နေ့တွင် ဆက်လက်ကျင်းပခဲ့သည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော် သံဃာ့အဖွဲ့ အခြေခံစည်းမျဉ်းကို သံဃာ့ကိုယ်စားလှယ်များက ဆက်လက်ထောက်ခံဆွေးနွေးခဲ့ကြပါသည်။ ဂိုဏ်းအသီးသီးမှ ဆရာတော် (၈) ပါး၊ ပြည်နယ်တိုင်း အသီးသီးမှ ဆရာတော် (၁၄) ပါး တို့ကအသီးသီး ထောက်ခံဆွေးနွေးကြပြီးနောက် သံဃာတော်များက သာဓု သုံးကြိမ် ခေါ်ဆိုပြီး အတည် ပြုခဲ့ကြပါသည်။

ထို့နောက် အတည်ပြုခဲ့ပြီးသော"မြန်မာနိုင်ငံတော်သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းအရ အစည်းအဝေးကြီးက နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဝင်ဆရာတော် အပါး(၂၉၉)ကို အစည်းအဝေး ဖြစ်မြောက်ရေးသံဃာ့ဝန်ဆောင် အဖွဲ့က

ဆုံးဖြတ်ခဲ့သည့်အတိုင်း ဂိုဏ်းအလိုက် ပြည်နယ်နှင့် တိုင်းအလိုက်ရွေးချယ်တင်မြှောက်ခဲ့ကြ ပါသည်။

သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး (ပထမအကြိမ်) ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီး တတိယနေ့အစည်းအဝေးကို ၁၃၄၂-ခုနှစ်၊ နယုန်လဆန်း (၁၃)ရက် (၁၉၈၀-ပြည့်နှစ်၊ မေလ ၂၆-ရက်) တနင်္လာနေ့တွင် ဆက်လက်ကျင်းပခဲ့ပါသည်။ သံဃာတော် (၁၂၁၈)ပါးတွင် တက်ရောက်ခဲ့ကြပါသည်။ အစည်းအဝေးကြီးတွင် အဂ္ဂမဟာပဏ္ဍိတ ရွှေကျင်ဂိုဏ်း ဥပဥက္ကဋ္ဌ၊ မန္တလေး မဟာဝိသုဒ္ဓါရုံတိုက်၊ ပိုက်ကျိုးဆရာတော်က ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်၍ ဓမ္မာနု ဓမ္မ မဟာဒွါရဂိုဏ်း ဂဏ ရက္ခိတ၊ ဘဒ္ဒန္တခေမာဝုဓ အခမ်းအနားမှူးအဖြစ်ဆောင်ရွက်တော်မူခဲ့ကြသည်။ ဂိုဏ်းအလိုက်၊ ပြည်နယ်အလိုက်၊ တိုင်းအလိုက် ရွေးချယ်တင်မြှောက်ခဲ့သော ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဝင်ဆရာတော်များ၏ စာရင်းကို အတည်ပြုခဲ့ကြသည်။ ထို့နောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များ အစည်းအဝေးကျင်းပရန် ရှိနေ၍ သာသနာ တော် တည်တံ့ပြန့်ပွားရေး (တတိယနေ့) ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီး ပြီးဆုံးကြောင်း အခမ်းအနားမှူးဆရာတော်က ကြေငြာခဲ့သည်။

ထို့နောက် နံနက်(၉)နာရီတွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေးကို ကျင်းပခဲ့သည်။ စစ်ကိုင်းမြို့ အဘိဓဇမဟာရဋ္ဌဂုရု ရွှေဟင်္သာ ဆရာတော် ဘုရားကြီးက သဘာပတိ အဖြစ် ဆောင်ရွက်ခဲ့သည်။ ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဝင်ဆရာတော် (၂၉၉)ပါး တက်ရောက်ခဲ့သည်။ သဘာပတိဆရာတော်ကြီးက ယနေ့ယခု အစည်းအဝေးကြီးကို ကြွရောက်တော်မူလာကြသော ဆရာတော်အရှင်သူမြတ်တို့သည် ဇကာတင်လက်ရွေးစင်ဆိုသကဲ့သို့ အဆင့်ဆင့်ရွေးချယ်တင်မြှောက်အပ်သော ဆရာတော်များ ဖြစ်ကြပါကြောင်း၊ သာသနာတော်သန့်ရှင်းတည်တံ့ စည်ပင်ရေးတို့ကို လက်တွေ့ ဆောင်ရွက်ကြမည် ဖြစ်ပါသည်။ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဝင်ဆရာတော်များသည် အရှင်မဟာကဿပ သာသနာပြုအရှင်မြတ်ကြီးတို့ကဲ့သို့ သာသနာတော်သမိုင်း၌ အချိန်အခါအားလျော်စွာ ကဏ္ဍတစ်ခုအနေဖြင့် စင်ကြယ်သန့်ရှင်းသော သာသနာတော်ကို အဓွန့်ရှည်စွာ တည်ရှိအောင် ကိုယ်ကျိုးစီးပွားနှင့်တကွ ပင်ပန်းနွမ်းနယ်မှုကို လစ်လျူရှုတော်မူကြ၍ သာသနာတော်အကျိုးကို ဆောင်ရွက်တော်မူကြပါရန် လေးလေးစားစား တိုက်တွန်းပါကြောင်းဖြင့် ဩဝါဒကထာ မြွက်ကြားသွားသည်။

ထို့နောက် နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌအဖြစ်၊ ပဲခူးမြို့မ စာသင်တိုက်၊ ဆရာတော် ဘဒ္ဒန္တကုန္ဒာစာရ (အဂ္ဂမဟာပဏ္ဍိတ)၊ ဒုတိယ ဥက္ကဋ္ဌများအဖြစ် ညောင်တုန်း ရွှေဟင်္သာတောရတိုက်ဆရာတော် ဘဒ္ဒန္တဝိမလ (အဂ္ဂမဟာပဏ္ဍိတ) ရွှေကျင်ဂိုဏ်းနှင့် မန္တလေး တောင်သမန်တိုက် ပုသိမ်ကျောင်းဆရာတော် ဘဒ္ဒန္တရေဝတ၊ အကျိုးတော်ဆောင်ဆရာတော်အဖြစ် ဘဒ္ဒန္တဝိစိတ္တ-သာရာဘိဝံသ (တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ) မင်းကွန်း ဓမ္မနာဒကျောင်းတိုက်၊ တွဲဖက်အကျိုးတော်ဆောင်ဆရာတော်များအဖြစ် ဘဒ္ဒန္တခေမာဝုဓ လယ်တီကျောင်းတိုက်၊ ဟင်္သာတ ဓမ္မာနု ဓမ္မမဟာဒွါရနိကာယနှင့် ဘဒ္ဒန္တဝဏ္ဏသိရီ မင်းကျောင်းပထမပြန်စာသင်တိုက် သန်လျင်တို့ကိုရွေးချယ်တင်မြှောက်ကြပါသည်။ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းအရ ရွေးချယ်တင်မြှောက်ခဲ့ကြသည့် ဥက္ကဋ္ဌဆရာတော်(၁)ပါး၊ ဒုတိယဥက္ကဋ္ဌ ဆရာတော် (၂)ပါး၊ အကျိုးတော်ဆောင်

ဆရာတော် (၁)ပါး၊ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် (၂)ပါးတို့သည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ဥက္ကဋ္ဌဆရာတော်၊ ဒုတိယဥက္ကဋ္ဌ ဆရာတော် အကျိုးတော်ဆောင် ဆရာတော်၊ တွဲဖက် အကျိုးတော်ဆောင် ဆရာတော်များလည်း ဖြစ်ကြပါသည်။ ထို့နောက် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော် (၂၇)ပါးတို့ကို ဆက်လက်ရွေးချယ် တင်မြှောက်ခဲ့ကြပါသည်။


ယင်းဆရာတော်များမှာ ဘဒ္ဒန္တသဟမ္မတိ၊ ပြဟ္မနိမ္မိတာရုံကျောင်း၊ ရန်ကုန် (မူလဒွါရ) ဘဒ္ဒန္တကုမုဒ- ဓမ္မစကြာကျောင်းတိုက် (ကြံ့ခင်း)၊ (ဝေဠုဝန်)၊ ဘဒ္ဒန္တအာနန္ဒပဏ္ဍိတ- ဝိသုဒ္ဓါရုံ ဗာရာဏ သီတိုက် (ပြည်မြို့) ရွှေကျင်၊ ဘဒ္ဒန္တဇဝန မြို့မကျောင်း (ကချင်)၊ ဘဒ္ဒန္တစန္ဒောဘာသ- ဖားကျ ကျောင်း (ကရင်)၊ ဘဒ္ဒန္တညာဏိန္ဒ- ဝေဠုဝန်ကျောင်း (ရွှေဘို)၊ ဘဒ္ဒန္တပညာဝံသ- သထုံဝံသကျောင်း (မုံရွာ)၊ ဘဒ္ဒန္တအာစိဏ္ဏာဘိဝံသ- ရွှေဂူကျောင်း (တနင်္သာရီ)၊ ဘဒ္ဒန္တဥတ္တရာဘိဇ- တိုက်ကျောင်း (ကြို့ပင်ကောက်)၊ ဘဒ္ဒန္တ တေဇောဘာသာဘိဝံသ၊ သဒ္ဓမ္မဇောတိကာရုံကျောင်း (ပေါင်းတည်)၊ ဘဒ္ဒန္တကုမာရာဘိဝံသ၊ မဟာဓမ္မိကာရာမကျောင်းတိုက်(မကွေး)၊ ဘဒ္ဒန္တဝေပုလ္လသာမိ၊ ရွှေပေါက်ပင်ကျောင်း (ပခုက္ကူ)၊ ဘဒ္ဒန္တကိတ္တိ- မဟာဝိသုတာရာမတိုက် (စလင်း)၊ ဘဒ္ဒန္တဉာဏာဘိဝံသ- မိုးကောင်းကျောင်းတိုက်၊ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ- မစိုးရိမ်တိုက်သစ် (မန္တလေး)၊ ဘဒ္ဒန္တကောသလ္လ- ဆင်ကျုံးတောရကျောင်း (ရမည်းသင်း)၊ ဘဒ္ဒန္တသောဘိတ- ကိုးဆောင်တိုက် (မြင်းခြံ)၊ ဘဒ္ဒန္တရဝိန္ဒ- ကဒုံစီးကျောင်း (ပေါင်မြို့)၊ ဘဒ္ဒန္တဝါယာမ-အရှေ့ကုံကော်ကျောင်း (မော်လမြိုင်)၊ ဘဒ္ဒန္တ နရသီဟ- ဘုရားကြီးကျောင်း (စစ်တွေ)၊ ဘဒ္ဒန္တဉာဏဝံသ- ပြည်ဇောတိကာရုံကျောင်း (တိုက်ကြီး)၊ ဘဒ္ဒန္တအာဒိစ္စ- ခြောက် ထပ်ကြီးတိုက် (ရန်ကုန်)၊ ဘဒ္ဒန္တ ဩဘာသာဘိဝံသ- ဖျာပုံတိုက်သစ် (ရန်ကုန်)၊ ဘဒ္ဒန္တဝိလာသာဘိဝံသ- ရွှေကူစာသင်တိုက် (ညောင်ရွှေ)၊ ဘဒ္ဒန္တဓမ္မာနန္ဒ- ရွှေကျောင်း (မိုးမိတ်)၊ ဘဒ္ဒန္တတိက္ခ- ဓမ္မာလင်္ကာရပိုးစားတောကျောင်း (ဟင်္သာတ)၊ ဘဒ္ဒန္တဓမ္မစက္ကတိုက်သစ်ကျောင်း (ဖျာပုံ)တို့ ဖြစ်သည်။ စုစုပေါင်း (၃၃)ပါး ဖြစ်ပါ သည်။

ထိုနေ့နံနက် (၁၁)နာရီ မိနစ် (၄၀) အတွင်း ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ ဇမ္ဗူဒီပကျောင်းဆောင် အစည်းအဝေးခန်းမတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ပထမအကြိမ် အစည်းအဝေးကို ကျင်းပခဲ့ပါသည်။ သဘာပတိအဖြစ် ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တကုန္ဒာစာရက ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဘဒ္ဒန္တဝဏ္ဏသိရီက ဆောင်ရွက်ပါသည်။ အဖွဲ့ဝင် ဆရာတော်ကြီးများ (၈၁)ပါး ပါဝင်သော နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ အဖွဲ့ကိုလည်း ဖွဲ့စည်းခဲ့ပါသည်။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ သည် နိုင်ငံတော်ဗဟိုသံဃာ့ဝန် ဆောင်အဖွဲ့၏ နေ့စဉ်လုပ်ငန်းများကို အချိန်ပြည့်တာဝန် ထမ်းဆောင်နိုင်ရန် ဇမ္ဗူဒီပကျောင်းဆောင်တွင် (၁၁) ပါးစီ ပါဝင်သော အဖွဲ့(၃)ဖွဲ့ ခွဲပြီး (၄)လစီ သီတင်းသုံးနေထိုင်ကြရန်။ အဖွဲ့ (၃)ဖွဲ့ကို ခွဲရာတွင် ပထမအဖွဲ့ကို ဥက္ကဋ္ဌနှင့် အကျိုးတော်ဆောင် ဆရာတော်တို့က ဦးဆောင်ရန်လည်းကောင်း၊ ဒုတိယအဖွဲ့ခွဲကို ဒုတိယဥက္ကဋ္ဌ ဆရာတော်နှင့် အကျိုးတော်ဆောင် ဆရာတော် တစ်ပါးတို့က ဦးဆောင်၍ လည်းကောင်း၊ တတိယအဖွဲ့ကို ကျန်ဒုတိယဥက္ကဋ္ဌ ဆရာတော်နှင့် ကျန်တွဲဘက် အကျိုးတော်ဆောင် ဆရာတော်တို့က ဦးဆောင်၍ လည်းကောင်း၊ အဖွဲ့အလိုက် ဆောင် ရွက်ချက်များကို (၄) လလျှင် တစ်ကြိမ်၊ (၃၃)ပါး စုံညီအစည်းအဝေးသို့ တင်ပြပြီး အတည်ပြု

ချက် ရယူရန် ဆောင်ရွက်တော်မူ ခဲ့ကြပါသည်။


ဤသို့ဖြင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် ဆောင်ရွက်တော်မူခဲ့ကြသည်မှာ ၁၃၆၇-ခုနှစ်၊ နယုန်လဆန်း (၁၃) ရက်နေ့တွင် (၂၅) နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ (၂၅)နှစ်ဆိုသော အချိန်ကာလအတွင်း ဆရာတော်ကြီးအတော်များများမှာလည်း သက်တော်ကြီးရင့်၍ ပျံလွန်တော်မူခဲ့ကြပြီး များပြားလှစွာသော သာသနာ့တာဝန်များကို ကျေပွန်စွာ ထမ်းဆောင် နိုင်ကြရန်အတွက် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ကို (၄၇)ပါးသို့ တိုးချဲ့ဖွဲ့စည်းခဲ့သည်။ ၁၃၆၆-ခုနှစ်၊ တပေါင်းလဆန်း (၁၃) ရက်၊ အင်္ဂါနေ့က သီရိမင်္ဂလာ ကမ္ဘာအေး ကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာ၊ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပခဲ့သော ပဉ္စမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဉ္စမအစည်းအဝေး၊ ဒုတိယနေ့တွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့နှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌနေရာအတွက် မကွေးတိုင်း၊ မကွေးမြို့ မဟာ ဝိသုတာရာမတိုက်မှ လက်ရှိ နိုင်ငံတော်ဗဟိုသံဃာ့ ဝန်ဆောင်အဖွဲ့နှင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် သက်တော် (၈၂)နှစ်၊ သိက္ခာတော် (၆၃)ဝါ ရှိ အဘိဓဇမဟာ ရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ ဘဒ္ဒန္တကုမာရ ဆရာတော်ကြီးကိုလည်းကောင်း၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့နှင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ အကျိုးတော်ဆောင်ဆရာတော်အဖြစ် ဧရာဝတီတိုင်း ညောင်တုန်းမြို့ ပုဏ္ဏမာရာမဈေးကျောင်းတိုက် ဦးစီးပဓာနနာယက လက်ရှိ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့နှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ တွဲဖက်အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ သက်တော် (၈၃) နှစ်၊ သိက္ခာတော် (၆၃) ဝါရှိ ဆရာတော်ဘဒ္ဒန္တဩဘာသာဘိဝံသကို လည်းကောင်း နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့နှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ တွဲဖက်အကျိုးတော်ဆောင်ဆရာတော်အဖြစ် မန္တလေးတိုင်း၊ တပ်ကုန်းမြို့၊ ရွာဦးစန္ဒာရုံစာသင်တိုက် ဦးစီးပဓာနာ နာယက လက်ရှိ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့နှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အဂ္ဂမဟာ-ပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ သက်တော် (၇၈)နှစ်၊ သိက္ခာတော် (၅၈)ဝါရှိ ဆရာတော်ဘဒ္ဒန္တစန္ဒသိရီကို လည်းကောင်း နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၏ ဆန္ဒနှင့်အညီ ရွေးကောက်တင်မြှောက်ခဲ့ကြပါသည်။ သာသနာတော် တည်သ၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တည်မြဲနေမည်ဖြစ်ပါသည်။

စစ်ကိုင်းကြည်ညွန့်





ဒုတိယအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး၌ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့
ဥက္ကဋ္ဌ ဆရာတော်ဘုရားကြီး ဩဝါဒကထာ မြွက်ကြားနေပုံ (၁၉၈၅)



ဒုတိယအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး၌ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့
အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ အစီရင်ခံစာ ဖတ်ကြားတင်သွင်းနေပုံ (၁၉၈၅)




ဒုတိယအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီးသို့ တက်ရောက်တော်မူကြသော သံဃသမ္မုတိရ ကိုယ်စားလှယ် ဆရာတော်များ (၁၉၈၅)




ဒုတိယအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီးသို့ တက်ရောက်တော်မူကြသော သံဃသမ္မုတိရ ကိုယ်စားလှယ် ဆရာတော်များ (၁၉၈၅)





တတိယအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇-ပါး စုံညီအစည်းအဝေးသို့
တက်ရောက်တော်မူကြသော ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ ဆရာတော်များ ( ၁၉၉၂ )




တတိယအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တတိယအစည်းအဝေးသို့ တက်ရောက်တော်မူကြသော
နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်များ ( ၁၉၉၂ )




တတိယအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တတိယအစည်းအဝေး
မဟာပါသာဏ လိုဏ်ဂူတော်ကြီး၌ ကျင်းပပြုလုပ်နေပုံ ( ၁၉၉၂ )




တတိယအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တတိယအကြိမ်အစည်းအဝေးသို့ တက်ရောက်တော်မူကြသော
နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ ( ၁၉၉၂ )



တတိယအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တတိယအစည်းအဝေး၌
ဟသ်ာတမြို့၊ လယ်တီကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တခေမာစာရ လက်မှတ်ရေးထိုးနေပုံ ( ၁၉၉၂ )




တတိယအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဌမအစည်းအဝေးသို့ တက်ရောက်တော်မူကြသော
နိုင်ငံတော်ဗဟိုဝန်ဆောင် ဆရာတော်ကြီးများ ( ၁၉၉၄ )




စတုတ္ထအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒွါဒသမ အစည်းအဝေး၌ ဥက္ကဋ္ဌ မြင်းခြံဆရာတော်ဘုရားကြီး သြဝါဒကထာ မြွက်ကြားနေပုံ ( ၁၉၉၈ )




စတုတ္ထအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒွါဒသမ အစည်းအဝေး ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပပြုလုပ်နေပုံ ( ၁၉၉၈ )



စတုတ္ထအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေး
မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ကျင်းပနေပုံ ( ၁၉၉၆ )




စတုတ္ထအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေးသို့ တက်ရောက်တော်မူကြသော
နိုင်ငံတော်ဗဟိုဝန်ဆောင် ဆရာတော်များ ( ၁၉၉၆ )

# စွမ်းအားပေါင်းစု ငွေရတု

တိပိဋကဓရ ၊ ယောဆရာတော်



(က) "အား"

* ဖျက်အား တက်အား၊ များပြားကဲလွန်၊ ချွန်ထက် ပြန်၊ အမှန်လူခေါ်ရ။
* ဖျက်အားကိုဖယ်၊ တက်အားကြွယ်၊ တကယ် လူဖြစ်ကြ။
* အဆိုးကိုနိုင်၊ အကောင်းပိုင်ဖို့၊ ကြံ့ခိုင် ထူးခြား၊ မြတ်တရား၊ စွမ်းအားပြည့်စုံရ။
* သတိဉာဏ်ကား၊ တစ်ယောက် "အား"၊ ထူးခြား ကြံ့ခိုင်ရ။
* သတိဉာဏ်ကိုင်၊ ကိုယ့်ကိုနိုင်၊ ကြံ့ခိုင် "အား" ပြည့်ဝ။
* ခန္တီမေတ္တာ၊ ဤ (၂)ဖြာကား၊ စုပေါင်း "အား"၊ အများညီညွတ်ရ။
* ခန္တီခိုင်မာ၊ ကောင်းကွက်ရှာ၍၊ မေတ္တာကို ကိုင်၊ သူ့ကိုနိုင်၊ ကြံ့ခိုင် အေးချမ်းရ။
* တစ်ယောက်စီကောင်း၊ စု၍ပေါင်း၊ အကောင်း ပြည့်ကြွယ်ဝ။
* သတိ "အား"သွင်း၊ တရားမင်း၊ သန့်ရှင်း တည်တံ့ ပြန့်ပွားရ။

ဖျက်အားတက်အား (၂)မျိုးလုံး များပြား လွန် ကဲသောကြောင့် လူဟုခေါ်ရသည်၊ လောဘ ဒေါသ မောဟစသော အဆိုးတရားများ သည် လူ့ ဖျက်အား ဖြစ်၍ သဒ္ဓါ မေတ္တာ ပညာ စသော အကောင်းတရားများသည် လူ့ တက်အား ဖြစ်သည်။ ပုထုဇဉ်လူသားသန္တာန်၌ အား (၂)မျိုး ပြိုင်နေကြ၍ လက်ဦးရာ "အား"က အနိုင်ယူသွား သည်၊ သတိအမြဲထားနိုင်မှ တက်အားက လက်ဦး နိုင်သည်။

လူ့ဖျက်အားသည် အခြားသတ္တဝါများ၏ ဖျက်အားထက်ပို၍ ချွန်ထက်သည်၊ လောကဦ ကြောက်စရာအကောင်းဆုံးမှာ ဖျက်အားများပြားလှ သည့် လူသားသာတည်း။ လူ့တက်အားလည်း အခြားသတ္တဝါများ၏ တက်အားထက်ပို၍ ထက်မြက် စူးရှလှသဖြင့် တက်အားများပြားလှသည့် လူသာ လောကဦ ချစ်စရာ အားကိုးစရာ အကောင်း ဆုံးဖြစ်သည်။

ဖျက်အားကို ဖယ်ရှား၍ တက်အား ကြွယ်ဝ ပြည့်စုံမှ လူအစစ်ဖြစ်နိုင်ခွင့်ရှိသည်။ တရား ကို အဓိကအားဖြင့် လူ့စွမ်းရည် အင်အားဖြင့်သာ တိုင်းတာသတ်မှတ်ကြည့်ရသည်။ တက်အား၏ ကြံ့ခိုင်မှုကို ဖျက်အားဖြင့် စမ်းသပ်ရသည်။ ဖျက်အား စမ်းသပ်မှုကို ကြံ့ကြံ့ခံနိုင်မှ တက်အား တိုးတက်လာကြောင်း သိနိုင်သည်။ မြတ်ဗုဒ္ဓ၏ တက်အားကို သက်သေအဖြစ် ရှုမြင်သုံးသပ် နိုင်သည်။

အဆိုးကိုနိုင်၍ အကောင်းပိုင်ရန် လူ့ တက်အားဟူသောတရားကိုရအောင် ယူရသည်။ "အား"၏စွမ်းရည်မှာ အဆိုးအားလုံးကို လွှမ်းမိုး အနိုင်ယူခြင်း, အကောင်းအားလုံးကို အပိုင် ရယူခြင်း ပင်တည်း။ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့၏ သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေး ဟူသော ဦးတည်ချက် ၃-ရပ်တွင် သန့်ရှင်းရေးသည် အဆိုးကိုနိုင်ဖို့ဖြစ်၍ တည်တံ့ပြန့်ပွားရေးသည် အကောင်းကိုပိုင်ဖို့ဖြစ်သည်။ အဆိုးကို နိုင်ခြင်း သည် ကန်အားဖြစ်၍ အကောင်းကိုအပိုင် ယူခြင်းသည် တွန်းတက်အားဖြစ်သည်။ ကန်အား ရှင်းအားသန်မှ တွန်းအား တက်အားမှန်မည်။

တရားတက်အားသည် ဆင်းရဲအပူ အရှုပ်မျိုး အညစ်အနွံရာယ် မကောင်းကျိုးမျိုးစုံကို လျှော့နည်း အောင် ကင်းလွတ်ကုန်ဆုံးအောင် အနိုင်ယူနိုင် ရသည်။ ချမ်းသာတန်ခိုး ကောင်းကျိုးမျိုးစုံ အောင်မြင် တိုးတက်မှုမျိုးစုံကို ရအောင် တိုးတက် မြင့်မား များပြားအောင် စွမ်းဆောင်နိုင်ရသည်။ ''အား'' ပါအောင် သတိဉာဏ်ဖြင့်''အား''သွင်းထားမှ အားကိုး ရမည်ဖြစ်သည်။ တရား "အား"အကုန်လုံး ကို သတိဉာဏ်က ချုပ်ကိုင်ထားသည်။ တရား "အား"မရှိသောလူသည် လောကအနိုင်ကျင့်သမျှ ခံနေရမည်။ ကိုယ့်အရှိကို ကိုယ်မနိုင်တော့ဘဲ အရှိ အောက်၌ ပြားပြားဝပ်မွန်းကြပ် ပူလောင် နေရမည် ဖြစ်သည်။

လောကနှင့်ဒုက္ခကို အနိုင်ယူဖို့သာ တရား ပေါ်လာခြင်းဖြစ်သည်။ သတိဉာဏ်သည် လောက နှင့်ဒုက္ခအပေါ် ဩဇာအငြောင်းဆုံး တရားပေ တည်း။ လူ့"အား"သည် တစ်ကိုယ်ရေ တစ်ယောက် "အား", စုပေါင်း"အား"ဟု (၂)မျိုး ရှိသည်၊ သတိနှင့် ဉာဏ်ပညာသည် တစ်ကိုယ်ရေ တစ်ယောက် "အား"ဖြစ်၍ ခန္တီနှင့်မေတ္တာသည် စုပေါင်း "အား" ဖြစ်သည်။ တစ်ဦးတစ်ယောက်စီ၏ "အား"ကောင်းမှ စုပေါင်း"အား" ဖော်ထုတ်၍ ဖြစ်နိုင်သည်။ (၂)- ယောက်ပေါင်းမိလျှင် "အား" (၂)ဆတက်လာမည်။ မြောက်မြားစွာ ပေါင်းမိလျှင် ပို၍ "အား"တိုးပွား များပြားလာမည်။

တစ်ကိုယ်ရေ "အား"မရှိဘဲ စုပေါင်းလိုက် လျှင် အားပျက်သွားတတ်သည်၊ (၂)ထပ် (၃)ထပ် မြင့်သည့် အုတ်တိုက်ကြီး တည်ဆောက်လိုလျှင် ဘိလပ်မြေ အုတ်, သဲ, ကျောက်, သံ, သစ်သား စသည် တစ်ခုချင်း ကောင်းမွန်စစ်မှန်မှ ထည်ဝါ ခိုင်ခံ့လှပအောင် စုပေါင်းတည်ဆောက်နိုင် သကဲ့သို့ သတိဉာဏ်တစ်ကိုယ်ရေ "အား"ကောင်းမှ စုပေါင်း "အား"တည်ဆောက်နိုင်မည်ဖြစ်သည်။

အရှိအားလုံးကို "အား"အဖြစ် ပြောင်းလဲ အနိုင်ယူရန် အချိန်-အာရုံ-စိတ်ကို ထိန်းသိမ်း အသုံးချပေးနိုင်သည့် သတိ "အား"ကို အထူး လိုအပ်သည်။ သတိမရှိလျှင် အားပျက်၍ သတိရှိမှ အားတက်သည်၊ တရားအားလုံးကို ချုပ်ကိုင်လွှမ်းမိုး နိုင်သောကြောင့် သတိကို တရားအားလုံး၏ "မင်း" ဟုခေါ်ဆိုထိုက်သည်။ သတိကောင်းမှ အကောင်း အားလုံးတိကျ၍ ပြည့်ဝနိုင်သည်။ သတိအထိန်း ကောင်း၍ တိကျပြည့်ဝစွာ ရလာသော ကောင်းမှု အားလုံးကိုလည်း အရာရာလွှမ်းမိုးနိုင်သောကြောင့် တရားမင်းဟုပင် ခေါ်လျှင်ဖြစ်နိုင်သည်။

သတိကောင်းလျှင် သမာဓိတက်၍ ဉာဏ် ထက်သည်၊ သတိ ပိုက်ဆံအိတ် ကောင်းလျှင် ဉာဏ် ပိုက်ဆံများများ ပိုင်မည်။ "အား" အစစ် ရလိုလျှင်-

(၁) သတိသမာဓိဖြင့် အသိဉာဏ် ထူထောင် ရမည်၊ အလုပ်တိုင်းအေးဆေး တည်ငြိမ် စူးစိုက်စွာ လုပ်တတ်ရမည်၊

(၂) အသိဉာဏ်ဖြင့် အရှိကို အနိုင်ယူရမည်၊ အရှိကို အရှိအတိုင်း ကြည့်ရှု သုံးသပ် ဆင်ခြင် ဆုံးဖြတ်တတ်ရမည်။ တရား "အား"ကို ယူရာ၌ အားဖို့မလို၊ သိဖို့ လိုသည်၊ အရှိကို အသိကနိုင်နေဖို့လည်း

လိုသည်။

(၃) အရှိကုန်သွားလျှင် အသိဉာဏ်ဖြင့် အစားထိုး၍ အားဖြည့်တတ်ရမည်၊ အရှိတစ်ခုခု ကုန်သွားတိုင်း မိမိကိုအာမခံ တာဝန်ယူမည့်"အား" တစ်ခုခု ကျန်နေခဲ့ရမည်။ ဤသည်ပင်လျှင် အလုပ် မဂ္ဂင်လူ့ကျင့်စဉ် ဖြစ်သည်။ သတိဉာဏ်ကောင်း မှ ကိုယ့်ကိုနိုင်၍ (ကိုယ့်အရှိကိုနိုင်၍) ကြံ့ခိုင်ပြီး တစ်ကိုယ်ရေ တစ်ယောက် "အား" ပြည့်ဝမည် ဖြစ်သည်။

"အား"ပါသော တရားသည်-

(က) မည်သူမျှ မပေးနိုင်သည့် အံ့ဖွယ် ကောင်းကျိုးကို ပေးစွမ်းနိုင်သည်။

အများကြည့်ရှု၊ ပေါင်းစုကူညီ၊
အာဇာနည် စွမ်း၊ အံ့မခန်း၊
ထူးဆန်းအောင်မြင်ရ။
ဖျက်အားကိုဖယ်၊
တက်အားကြွယ်ငြား၊
စွမ်းအားပေါင်းစု၊ ငွေရတု၊
ကောင်းမှုတိုး၍ ဝမ်းသာကြ။

(ခ) မည်သူမျှ ဖြေရှင်း မပေးနိုင်သည့် အခက်အခဲ အားလုံးနှင့် မည်သူမျှ တားဆီးမပေးနိုင်သည့် ဘေးရန်အပူ အားလုံးကို ဖြေရှင်းတားဆီးဖယ်ရှား ပေးနိုင်သည်။ ခံနိုင်မှု စွမ်းအား, ရင့်ကျက်မှုစွမ်းအားကို ထူးခြားစွာ ပေးနိုင်သည်။ အားလုံးကို အနိုင်ယူ လွှမ်းမိုးလိုလျှင် အားလုံးကိုနိုင်သည့် သတိကို အမြဲကိုင်ထား ရုံသာတည်း။

အမြဲ "အား"ရှိနေရန် သတိမြဲနေဖို့လိုသည်။ ကိလေသာကို နိုင်မှ တရား"အား"ဟုခေါ်သည်။ ကိလေသာသည် သတိနှင့်တွဲ၍ မဖြစ်၊ သတိကိုင်သလောက် ကိလေသာကိုနိုင်၍ အံ့ဖွယ်ထူးခြားလူ့စွမ်းအားကို အဆက်မပြတ်ရနေမည်၊ သတိရှိလျှင် အလုပ်ဖြစ်သည်၊ အလုပ်ဖြစ်လျှင် "အား"ပါသည်၊ သတိရှိမှ အလုပ်တိုင်း "အား"ပြည့် မည်ဖြစ်သည်။ သတိသည် စိတ်ရှုပ်လျှင် ရှင်းသွားအောင်, စိတ်ပူလျှင် ငြိမ်းအေးသွားအောင်, စိတ်ညစ်လျှင် သန့်စင်သွားအောင်, စိတ်ဆင်းရဲလျှင် ချမ်းသာသွားအောင် ခလုတ်ပြောင်း၍ နှိပ်ပေးနိုင်သည်။ တရားမင်း ဖြစ်သောကြောင့်လည်း အဆိုး အားလုံးကို အကုန်နိုင်သည်။

အလုပ်တိုင်း"အား"ပါအောင် သတိအသုံးချနည်းကား -

(၁) အလုပ် လုပ်လိုလျှင် အလုပ်မဖြစ် မချင်း အာရုံကို ပုံပေါ်အောင် ဖော်ယူ ရမည်။

(၂) အာရုံနှင့် စွပ်စွပ်မိအောင် ချပ်ချပ်

ရပ်ရပ်ကပ်ပေးရမည်။

(၃) ကန့်သတ်ချိန် မပြည့်မချင်း အာရုံ မပျောက်အောင် ထိန်းထားရမည်။

(၄) အလုပ်တစ်ခု လုပ်နေစဉ် အခြား အာရုံ မဝင်ရအောင် ကန့်ထားနိုင်ရမည်။

(၅) အလုပ်တစ်ခု လုပ်နေစဉ် အစ, အလယ်, အဆုံး အကုန်သိနေအောင် အသိချင်းစပ်ထားရမည်။

(၆) ပြုလုပ်နေဆဲ အလုပ်အားလုံး အရေးကြီးသည်ဟု သဘောထား ရမည်။ သို့ရာတွင် တစ်ချိန်၌ အလုပ်တစ်ခု သာ အရေးကြီးရမည်။

စွမ်းအားရှင်ပုဂ္ဂိုလ်သည်-

(၁) ပစ္စုပ္ပန်ဘဝ၌ တွေ့သမျှ အာရုံနှင့် အဆင်ပြေအောင်, တစ်ယောက်တည်း နေရလျှင်လည်း စုပေါင်း အားဖြင့် တည်ငြိမ် ရင့်ကျက် အေးချမ်းစွာ နေတတ်ရမည်။

(၂) မိမိ၏ ကိုယ်အား ဉာဏ်အား ပစ္စည်း အားဖြင့် အများအတွက် အလှူဆင်ပေး နိုင်ရမည်။ ကောင်းကျိုးပြု ဘဝမှတ်-တိုင်စိုက်ထူနိုင်ရမည်။ နာမည်ကောင်း ကျန်နေခဲ့ရမည်။

(၃) ဘဝကူး စိတ်အေးရအောင်, သံသရာ နောင်ရေးအတွက်ပါ စိတ်ချရအောင်, ဘဝ လွတ်မြောက်ရေးထိ သေချာ အောင်, ကြိုတင် ပြင်ဆင် ဖြည့်ကျင့် ထားရမည်။

ဤ (၃)ချက်ပိုင်လျှင် လူဖြစ်ကျိုးလည်းနပ်, သာသနာနှင့်တွေ့ရကျိုးလည်း နပ်၍ တစ်ကိုယ်ရေ "အား"ပါနေပြီဖြစ်သည်။

**(ခ) စုပေါင်း "အား"**

* လောကမျက်မြင်၊ ပျားနှင့်ယင်၊ နှိုင်းယှဉ် ကြည့်နိုင်ကြ။
* အသိခြားနား၊ ယင်နှင့်ပျား၊ စွမ်းအား မတူကြ။
* ယင်ကောင်ပမာ၊ ရှုပ်ထွေးစွာ၊ ကောင်းတာ မစုက။
* ခုရောနောင်ပါ၊ ပူလောင်ကာ၊ ချမ်းသာ ဆုံးရှုံးရ။
* ပျားကောင်ပမာ၊ ဖြောင့်မှန်စွာ၊ ကောင်းတာ စုထားမှ။
* ခုရော နောင်ပါ၊ အေးမြကာ၊ ချမ်းသာ ရနိုင်ကြ။
* (၁) တိကျ လေးနက်၊ ခံယူချက်၊ မြင့်တက် တူညီရ။
* (၂) စည်းကမ်းသစွာ၊ စောင့်ထိန်းကာ၊ ဖြောင့်စွာ ကြိုးစားရ။
* (၃) ကိုယ်ကျိုးစွန့်ခွာ၊ ပေးကမ်းကာ၊ နစ်နာ ခံတတ်မှ။
* (၄) အသိမှန်ကန်၊ ပညာဉာဏ်ဖြင့်၊ နှိုင်းချင့် တိုင်းတာ၊ ဆုံးဖြတ်ကာ၊ ကောင်းစွာသိမြင်ရ။
* နောက်နည်းတစ်တန်၊ သည်းခံသနား၊ ဝမ်းမြောက်ငြား၊ ပွားများမေတ္တာ ဖြူတတ်ရ။
* (၄)မျိုးရှိလျှင်၊ စွမ်းအားရှင်၊ အောင်မြင် တိုးတက်ရ။
* အများပေါင်းစု၊ ဤ၄-ခု၊ ရှေးရှုညီညွတ်မှ။
* လုပ်သမျှမှာ၊ အောင်မြင်ကာ၊ ဝမ်းသာရွှင်လန်း အားတက်ရ။

စုပေါင်း"အား"ကို ခန္တီ့မေတ္တာအခြေခံဖြင့်

တည်ဆောက်ရသည်။ သည်းခံခွင့်လွှတ် အနစ်နာခံမှုအားနည်းလျှင် မေတ္တာ "အား"ကို ဖော်ထုတ်ဖို့ မလွယ်၊ ဥပေက္ခာ အားနည်းလျှင်လည်း မေတ္တာ မစင်ကြယ်တတ်၊ ဆွေမျိုး၊ မိတ်ဆွေ၊ တစိမ်း၊ မည်သူနှင့်ပင်အတူ နေရ နေရ ခန္တီ၊ ဥပေက္ခာ မွမ်းထုံသည့် မေတ္တာဖြင့် လွှမ်းခြုံထားနိုင်မှ စုပေါင်း"အား"ကို ရနိုင်မည်။ သတိဉာဏ်ဦးဆောင် မှုလည်း စုပေါင်း "အား" စေ့စပ်သေချာမည်ဖြစ်သည်။

အများနှင့်စုပေါင်းနေလျှင် ယင်ကောင်ကဲ့သို့ မညစ်ညမ်း၊ မရှုပ်ထွေးစေရ၊ ပျားကောင်ကဲ့သို့ ဖွဲ့စည်းပုံစနစ်ဖြင့် ဖြောင့်မှန် သန့်ရှင်းစွာ ပေါင်းစုတတ်ရမည်။ ဖွဲ့စည်းပုံစနစ် (၄)ချက် ရှိသည်-

(၁) အမျိုးဘာသာ သာသနာ အတွက် ခံယူဦးတည်ချက် ရှိရမည်၊ အမျိုးကို နည်းမှန် လမ်းမှန် ချစ်တတ်ရ မည်၊ နာမည်ကောင်းကို ထိန်းထားနိုင်ရမည်။

(၂) စည်းကမ်း ရှိရမည်၊ စည်းစနစ်ကောင်းရမည်၊ အချင်းချင်း သစ္စာရှိရမည်။

(၃) ခွဲဝေအသုံးချ အနစ်နာခံ စွန့်လွှတ်နိုင်ရမည်၊ မိသားစုစိတ်ဓာတ် ရှိရမည်။ အများအကျိုးကို လိုလားတတ်ရမည်။

(၄) စဉ်းစားနှိုင်းချိန် သုံးသပ် ဆုံးဖြတ်နိုင်သော စူးရှထက်မြက် လေးနက်သည့် ဉာဏ်ပညာရှိရမည်။

တစ်နည်းအားဖြင့်-

(၁) သည်းခံ ခွင့်လွှတ် အနစ်နာခံ သဘော ထားကြီးတတ်ရမည်။

(၂) သနားကြင်နာ ကိုယ်ချင်းစာတတ်ရမည်။ စာနာ ထောက်ထားတတ်ရမည်။

(၃) သူတစ်ပါး ကြီးပွား တိုးတက် အောင်မြင်လျှင် ဝမ်းမြောက်ဝမ်းသာရှိတတ်ရမည်။

(၄) အများ အကျိုးကို လိုလားသည့် မေတ္တာထားတတ်ရမည်။

စုပေါင်း"အား"ကို ဤ (၄)ချက်ဖြင့် ဖွဲ့စည်းဖော်ထုတ်ရသည်။ နှစ်ယောက်တည်းမှ အစ မြောက်မြားလှစွာသော အရေအတွက် အထိ ဤစနစ်အတိုင်း ဖွဲ့စည်းပေါင်းစုနေတတ်ကြလျှင် အမြဲ ကြီးပွားတိုးတက် အောင်မြင်နေမည်သာ ဖြစ်သည်။ ဘဝအနှစ်ဖြစ်သော ကောင်းမှုတရားစွမ်း "အား" များလည်း အစဉ် တိုးပွားနေမည်သာတည်း။

မိမိ၏ ပစ္စည်းများနှင့်လည်း သတိဉာဏ်ဦးဆောင်သောမေတ္တာဖြင့်ပင် ဖွဲ့စည်းထားရမည်။ ပစ္စည်းကို မေတ္တာပို့လွှတ်ခြင်း မဟုတ်သော်လည်း ပစ္စည်းကို လက်ခံယူကြမည့် ပုဂ္ဂိုလ်များအပေါ် မေတ္တာလွှမ်းခြုံ၍ ကျန်နေခဲ့အောင် ပစ္စည်းဖြန့်ဝေတတ်ရမည်။ ကိုယ့်အတွက် သုံးစားလျှင် သက်ရှည်ကျန်းမာဖို့၊ ခွန်အားတိုးဖို့၊ ဉာဏ်ပညာတိုးဖို့၊ ခန္ဓာကို အသုံးချဖို့ ရည်ရွယ်တတ်ရမည်။ မိမိ၏ ကိုယ်အား ဉာဏ်အားဖြင့် အများချမ်းသာအောင် ကူညီဖို့ ဦးတည်ချက်ထားတတ်လျှင် လူနှင့်ပစ္စည်းဖွဲ့စည်းပုံ

နည်းလမ်း မှန်သွားသည်။

ထိုမှတစ်ပါး-

(၁) ကျေးဇူးရှင်
(၂) အတူနေ မိသားစု
(၃) ဆွေမျိုးမိတ်ဆွေ
(၄) အလှူခံပုဂ္ဂိုလ်

ဟူသော ပုဂ္ဂိုလ်လေးမျိုး တို့အား ပေးကမ်းရသည့် အခါတိုင်း မေတ္တာလွှမ်းခြုံ၍သာပေးတတ်ရမည်၊ ပေး၍ ကုန်သွားတိုင်း မိမိ၌ ဒါန, သီလ, သမာဓိ, ဝိပဿနာ, "အား"များသာ ကျန်နေခဲ့ကြရမည် ဖြစ်သည်။

မေတ္တာကောင်း၍ စိတ်ငြိမ်သက်ငြိမ်းချမ်းလျှင် စိတ်ထဲ၌ အလုံးအကြိတ်အခဲများ ကင်းနေသဖြင့် ဝိပဿနာရှု၍ လွယ်ကူသွားမည်။ ဝိပဿနာဟူသည် ရုပ်နာမ်ခန္ဓာ၏အမှတ်အသား (၃)ခုကို မှတ်သားရှုပွားနေရခြင်းဖြစ်သည်။ လူတစ်ယောက်ယောက်ကို အမှတ်အသား တစ်ခုခုဖြင့် မှတ်သားထားသကဲ့သို့ ရုပ်နာမ်ခန္ဓာ ကိုယ်ကိုလည်း မခိုင်မြဲမှု, ဆင်းရဲအောင် ညှဉ်းဆဲမှု, အလိုမလိုက်မှုဟူသော အမှတ်အသား (၃)ခုဖြင့် မှတ်မှတ်ရရ မှတ်သားနေခြင်းပင်ဖြစ်သည်။ တကယ်လက်တွေ့သိသွားလျှင် အစွဲအရှုပ်အပူများကင်း၍ အနေရှင်းသွားမည်။

(၈)အများစုပေါင်း, အကောင်းစုံညီ,အာဇာနည်

* (၁) မိစ္ဆာဘေးရန်၊ တွန်းလှန်ဖယ်ရှား၊ ကင်းစင်သွားဖို့၊ စွမ်းအားခိုင်တည်၊ ပေါင်းစုံညီ၊ ဇာနည်အစွမ်းပြ။
* (၂) စည်းကမ်း မေတ္တာ၊ ပညာ ဝတ်စုံ၊ စွမ်းအားထုံ၊ လုံခြုံတင်းကြပ် ဝတ်ဆင်ရ။
* (၃)အသိအကျင့်၊ ဘက်စုံမြင့်ကာ၊ စိတ်ပါဝင်စား၊ စွမ်းအား တိုးတက်၊ ဉာဏ်ထက် မြက်၊ လက်နက်ကောင်းကို ကိုင်ဆောင်ရ။
* (၄) သဒ္ဓါဖွေးဖြူ မေတ္တာကူ၍၊ ပေးလှူ တတ်ပါ၊ ဝေယျာဝစ္စ၊ ဆောင်ရွက်ကြသည့်၊ တက်ကြွနိုးကြား၊ ယာဉ်ရထား၊ စီးသွား မှီခိုရ။
* အများကြည့်ရှု၊ ပေါင်းစုကူညီ၊ အာဇာနည် စွမ်း၊ အုံ့မခန်း၊ ထူးဆန်းအောင်မြင်ရ။
* ဖျက်အားကိုဖယ်၊ တက်အားကြွယ်ငြား၊ စွမ်းအားပေါင်းစု၊ ငွေရတု၊ ကောင်းမှုတိုး၍ ဝမ်းသာကြ။

(၁) နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဟူသည် သာသနာ့ဆန့်ကျင်ဘက် မိစ္ဆာရန်စွယ် အန္တရာယ်တို့ကို ကာကွယ်ဖို့, သာသနာ့ အညစ်အကြေး ကင်းစေဖို့, စွမ်းအားမြှင့်တင်ကာ ပေါင်းစုံကြိုးစားနေရသဖြင့် တကယ့်အာဇာနည် သူရဲကောင်းအလုပ်ကို လုပ်နေရသည့် တကယ့် အာဇာနည် အဖွဲ့ဖြစ်သည်။

(၂) နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဟူသော အာဇာနည်သူရဲကောင်းသည် စည်းကမ်း, မေတ္တာ, ပညာဟူသော ချပ်ဝတ်တန်ဆာအစုံကို ချပ်ချပ်ရပ်ရပ် တင်းကြပ်သေချာစွာ ဝတ်ဆင်ထားသည်။ စည်းကမ်းဖြင့် အလှဆင်၍ မေတ္တာဖြင့် အရိပ်ပေးကာ ပညာဖြင့် စွမ်းရည်ခွန်အားဖြည့်တင်း မြှင့်တင်နေသည်။ အချိန်ရှိသမျှ အရည်အချင်း စွမ်းရည်ပြည့်ဝ တိုးတက်ရေးအတွက်သာ ဦးတည်

ကြိုးစားနေသည်။


(၃) နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဟူသော အာဇာနည် သူရဲကောင်းသည် စာပေလည်း ကျွမ်းကျင်, စိတ်ပါဝင်စား၍ ဝါသနာလည်းရှိ, မေတ္တာ စေတနာလည်း ပြည့်ဝသည့် အရည်အချင်းပြည့် ဉာဏ်ရည်ချွန် အဖွဲ့ဝင် ဆရာတော်များဟူသော လက်နက်ကောင်းကိုလည်း ကိုင်ဆောင်ထားသည်၊ အရည်အချင်းကို ဦးစားပေး ဖွဲ့စည်းထားသည်။


(၄) နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ ဟူသော အာဇာနည်သူရဲကောင်းသည် သဒ္ဓါ ဖွေးဖြူ မေတ္တာကူပြီး ပေးလှူတတ်သည့် နိုင်ငံတော် အစိုးရ နှင့်တကွ အလှူရှင်ပြည်သူများ, ဝေယျာဝစ္စ ကိစ္စကြီးငယ် အသွယ်သွယ်ကို မညည်းမညူ စိတ်ထားဖြူဖြူ အနီးကပ်ကူညီ ဆောင်ရွက်ပေးနေကြသည့် စေတနာရှင်များဟူသော ယာဉ်ရထားကောင်းကိုလည်း မှီခိုစီးနင်းခွင့် ရထားသည်။

ဝတ်စုံကို ချပ်ချပ်ရပ်ရပ်ဝတ်၍ လက်နက်ကောင်းကို ကိုင်စွဲကာ ယာဉ်ရထားကောင်းကို စီးခွင့်ရသည့် သူရဲကောင်းသည် တိုက်ပွဲတိုင်း ဧကန် အောင်မြင်ရသကဲ့သို့ စည်းကမ်းစနစ်ကလည်း ကောင်း, အဖွဲ့ဝင်များကလည်း တကယ်အရည်အချင်းရှိ ပစ္စည်း (၄)ဖြာနှင့် ဝေယျာဝစ္စ ဆောင်ရွက်ပေးသူလည်း ပြည့်စုံနေသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဟူသော အာဇာနည် သူရဲကောင်းသည် အံ့ဩစရာကောင်းလောက်အောင် သာသနာအတွက် အားထားရလောက်အောင်, အောင်မြင်တိုးတက်နေရပါသည်။ "ငွေရတု" ဟူသည် အဆက်မပြတ် အလုပ်လုပ် နေသည့် ဂုဏ်ယူအားတက်ဖွယ် သဘောကို ဆောင်နေပါ သည်။ အရည်အသွေးပါသည့်အရေအတွက်ကို ပြပါသည်။

သို့ဖြစ်၍ တစ်ကိုယ်ရေ "အား" ရှိ၍ စုပေါင်း "အား" ပြည့်ဝကာ အာဇာနည်အစွမ်းဖြင့် သာသနာ သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် ရဲဝံ့စွန့်စား ပြတ်သားစွာ ညီညာပေါင်းစု ဆောင်ရွက်နိုင်ခဲ့သဖြင့် အရည်အသွေးနှင့်အတူ အရေအတွက် တိုးပွားလာခဲ့သည့် (၂၅)နှစ်ပြည့်မြောက်လာပြီဖြစ်သော သာသနာ့ဦးသျှောင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးကို ဤ "စွမ်းအားပေါင်းစု ငွေရတု" ဆောင်းပါးဖြင့် မြတ်နိုးကော်ရော်လေးစားစွာ ပူဇော်အပ်ပါသတည်း။

❖❖❖❖❖





# သမဂ္ဂါနံ တပေါ သုခေါ

## ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရ

သုခေါ ဗုဒ္ဓါနမုပ္ပါဒေါ၊ သုခါ သဒ္ဓမ္မဒေသနာ။
သုခါ သံဃဿ သာမဂ္ဂီ သမဂ္ဂါနံ တပေါ သုခေါ။

ဤဒေသနာတော်သည် သဗ္ဗညုတ ဉာဏ်တော် သခင် ဘုရားရှင် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်း တော်ကြီး၌ သီတင်းသုံးတော်မူစဉ် ရဟန်းတော် ငါးရာတို့ စုဝေးရာ ဇရပ်၌ ထိုင်ကြလျက် ပြောကြား အပ်သော ချမ်းသာနှင့်စပ်သော စကားကို အကြောင်း ပြု၍ ရဟန်းတို့---သင်တို့ ပြောကြား အပ်သော ချမ်းသာအားလုံးသည် ဝဋ်ဆင်းရဲ၌ အကျုံးဝင်သည် သာ ဟု မိန့်ကြားကာ ဟောကြား တော်မူအပ်သော ဒေသနာတော်ဖြစ်ပေသည်။

ဤဒေသနာတော်၏ဆိုလိုရင်းအကျဉ်းချုပ် မှာ---

၁။ သဗ္ဗညုတဉာဏ်တော်သခင် ဘုရားရှင်တို့၏ ပွင့်တော်မူခြင်း ချမ်းသာ,

၂။ သူတော်ကောင်းတရားကို ဟောကြားခြင်း, ဟောကြားသဖြင့် နာယူရခြင်း ချမ်းသာ,

၃။ သံဃာတော် အရှင်မြတ် အပေါင်း၏ သဘောဆန္ဒ တူမျှစွာညီညွတ်ခြင်း ချမ်းသာ,

၄။ ညီညွတ်သော သံဃာတို့၏ ညီညွတ်စွာကျင့် ကြံကြိုးကုတ်အားထုတ်ခြင်း ချမ်းသာ ဟု ချမ်းသာ လေးမျိုးရှိကြောင်းကို ဟောကြားတော်မူသည်။


### ဘုရားပွင့်တော်မူခြင်း ချမ်းသာ

ဘုရားရှင်သည် ဒါန, သီလစသော ပါရမီတော်ဆယ်ပါး, စွန့်ခြင်းကြီးငါးပါး, စရိယသုံးပါးဟူသော ဘုရားဖြစ်ကြောင်း ကျင့်စဉ်ကောင်းတို့ကို ကမ္ဘာပေါင်း လေးအသင်္ချေနှင့်တစ်သိန်းဟူသော အလွန်ကြာမြင့်စွာသော ကာလပတ်လုံး, အကြားအလပ်မရှိ အဆက်မပြတ် ဖြည့်ဆည်းတော်မူခြင်း, လေးလေးနက်နက် ဖြည့်ဆည်းတော်မူခြင်း, အကြွင်းအကျန်မရှိအောင် ဖြည့်ဆည်းတော်မူခြင်းတို့ကြောင့် မဟာသက္ကရာဇ် တစ်ရာသုံးခုနှစ် ကဆုန်လပြည့်နေ့၌ တစ်လောကလုံးတွင် အမြတ်ဆုံးဖြစ်တော်မူသော သဗ္ဗညုတဉာဏ်တော်သခင် ဘုရားရှင်အဖြစ်သို့ ရောက်တော်မူခဲ့ပါသည်။ ပွင့်ပေါ်ကြသော သဗ္ဗညုတဉာဏ်တော်သခင် ဘုရားရှင်တို့သည် များစွာသော သတ္တဝါအပေါင်းကို ရာဂ, ဒေါသ, မောဟ စသော ခရီးခဲတို့မှ လွန်မြောက်စေတော်မူကြပါသည်။ ရာဂ, ဒေါသ, မောဟစသော တရားဆိုးများသည် သတ္တဝါများကို အကျိုးယုတ်အောင်ပြုနိုင်သော တရားဆိုးများဖြစ်ကြ၍ ထိုတရားဆိုးများ၏ နယ်ပယ်မှ လွတ်မြောက်လိုသော ပုဂ္ဂိုလ်များသည် လွတ်မြောက်ရန် မိမိတို့အလိုအလျောက် မစွမ်းဆောင်နိုင်ကြပါ၊ သဗ္ဗညုတဉာဏ်တော်သခင် ဘုရားရှင်တို့၏ ပွင့်တော်မူခြင်းကြောင့်သာ များစွာသောသတ္တဝါတို့သည် အလွန်ဆိုးယုတ်သော ရာဂ,ဒေါသ,မောဟ စသော ခရီးခဲတို့မှ လွန်မြောက်နိုင်ကြပါသည်၊ ထို့ကြောင့် သဗ္ဗညုတဉာဏ်တော်သခင် ဘုရားရှင်တို့၏ ပွင့်တော်မူခြင်းသည် သတ္တဝါ အပေါင်းတို့၏ ချမ်းသာကြောင်း ဖြစ်သည်မှာ သိသာထင်ရှားလှ ပေသည်။

### သဒ္ဓမ္မဒေသနာ

သဗ္ဗညုတဉာဏ်တော်သခင် ဘုရားရှင်တို့သည် ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် သမာပတ်ချမ်းသာများဖြင့်သာ သီတင်းသုံးတော်မူကြမည်ဆိုလျှင် သတ္တဝါတို့အား အကျိုးများသင့်သလောက် များကြမည်မဟုတ်ပါ၊ သဗ္ဗညုတ ဉာဏ်တော်သခင်ဘုရားရှင်တို့သည် ဘုရားရှင် အဖြစ်သို့ ရောက်တော်မူပြီးနောက် တရားဒေသနာ များကို မနေမနားဟောကြားတော်မူကြသဖြင့် ပဋိသန္ဓေနေရခြင်းသဘော, အိုခြင်းသဘော, နာခြင်းသဘော,

သေခြင်းသဘော ရှိကြသော သတ္တဝါတို့သည် ပဋိသန္ဓေနေရခြင်းဆင်းရဲ, အိုခြင်းဆင်းရဲ, နာခြင်းဆင်းရဲ, သေခြင်းဆင်းရဲတို့မှ လွတ်မြောက်ကြရပါသည်။ ပဋိသန္ဓေနေရခြင်း၏ ဆင်းရဲပုံကို အမိဝမ်းတွင်း၌ ကိန်းအောင်းနေရစဉ် အခြေအနေကို ပြန်ပြောင်းဆင်ခြင်လျှင် မည်မျှလောက် ဆိုးရွားမည်ကို သိမြင်နိုင်ပါသည်၊ အိုခြင်းဆင်းရဲ, နာခြင်းဆင်းရဲ, သေခြင်းဆင်းရဲတို့ကား နေ့စဉ်ကြုံတွေ့ သိမြင်နေကြရ၍ ကြီးကျယ်ဆိုးရွားလှကြောင်း သိသာလှပေသည်။ ဤကဲ့သို့ ကြီးကျယ်ဆိုးရွားလှသော ပဋိသန္ဓေနေရခြင်းသဘော, အိုခြင်းသဘော, နာခြင်းသဘော, သေခြင်းသဘောရှိသော သတ္တဝါတို့၏ ပဋိသန္ဓေနေရခြင်း, အိုရခြင်း, နာရခြင်း, သေရခြင်းဟူသော အလွန်ကြီးကျယ်ဆိုးယုတ်လှသော ဒုက္ခတို့မှ လွတ်မြောက်ရခြင်းသည် သူတော်ကောင်းတရားတော်ကို ဟောကြားမှု နာယူမှုကြောင့် ဖြစ်ရပေသည်၊ ထို့ကြောင့် သူတော်ကောင်းတရားတော်ကို ဟောကြားခြင်း၊ နာယူခြင်းသည်လည်း ချမ်းသာတစ်ပါးဟု ဘုရားရှင် ဟောကြားတော်မူပါသည်။



ကြည်သာစွာ မနေနိုင်ကြဘဲ ကိုယ်ဆင်းရဲ, စိတ်ဆင်းရဲဖြစ်ကြရမည်မှာ သေချာလှပါသည်။ ထို့ကြောင့် ညီညွတ်ရေးသည် အရေးကြီးလှသဖြင့် သံဃာတော်အပေါင်း၏ ညီညွတ်ခြင်းသည် ကောင်းမြတ်သော ချမ်းသာတစ်ပါးဟု ဘုရားရှင်ဟောကြားတော်မူပါသည်။

## သာမဂ္ဂီချမ်းသာ

သံဃာတော်အရှင်မြတ်အပေါင်း၏ စိတ်တူကိုယ်မျှ ညီညွတ်မှုကို ရနေခြင်းသည် သံဃာတော်အားလုံး ရွှင်လန်းကြည်သာစွာ နေထိုင်နိုင်ကြရသဖြင့် ချမ်းသာရ၏၊ မညီညွတ်ခဲ့လျှင် ဒေါသ, ဒေါမနဿစသောတရားဆိုးများ နှိပ်စက်၍ စိတ်လက်

## သမဂ္ဂါနံ တပေါ သုခေါ

စိတ်တူကိုယ်မျှ ညီညွတ်ကြသော ရဟန်းသံဃာတော်အရှင်မြတ်တို့၏ ဘုရားစကားတော် ပိဋကသုံးပုံကို သင်ကြားမှု, ဓုတင်ကမ္မဋ္ဌာန်းဆောက်တည်မှု, သမထ ဝိပဿနာ, ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းမှု ပြုခြင်းသည် သာသနာတော်

အရှည်တည်တံ့ ကြောင်း၊ ဝဋ်ဆင်းရဲမှ လွတ်မြောက်ကြောင်းဖြစ်၍ ကောင်းမြတ်လှ သော ချမ်းသာပင်ဖြစ်ပေသည်။

ဤဒေသနာတော်လာ ချမ်းသာလေးဖြာတွင် ဘုရားပွင့်တော်မူခြင်းချမ်းသာနှင့် သူတော်ကောင်း တရားတော် ဟောကြားခြင်းချမ်းသာ နှစ်မျိုးကို ဘုရားရှင်ကိုယ်တော်တိုင် ပါရမီတော်များကို ကမ္ဘာ ပေါင်း လေးအသင်္ချေနှင့်တစ်သိန်းတိုင်တိုင် ဖြည့် တော်မူပြီး၍လည်းကောင်း၊ ဘုရားဖြစ်တော်မူပြီး နောက် လေးဆယ့်ငါးဝါတိုင်တိုင် မနေမနား တရား တော်များကို ဟောကြားတော်မူခြင်း ဖြင့်လည်း ကောင်း အပြည့်အဝရရှိနေအောင် ဆောင်ရွက်ပေး တော်မူခဲ့သဖြင့် အမြဲမပြတ် ရရှိခံစားနိုင်ကြပေသည်။ ဤချမ်းသာနှစ်မျိုးအတွက် မိမိတို့တတွေ ကြိုးစားဖို့ မလိုပြီ။

သာမဂ္ဂီချမ်းသာနှင့် သမဂ္ဂါနံ တပေါ သုခေါ ချမ်းသာနှစ်မျိုးကား ဘုရားရှင်၏ တပည့်သား သာဝက ဖြစ်ကြသော မိမိတို့တတွေ အမြဲမပြတ် သတိကပ်၍ ကြိုးစားဖြည့်ကျင့်နေရမည့် ချမ်းသာများဖြစ်ပေသည်၊ ဤကဲ့သို့ ညီညွတ်ခြင်း ချမ်းသာ, ညီညီညွတ်ညွတ် ကျင့်ကြံ ကြိုးစားခြင်း ချမ်းသာ နှစ်ပါးကို အပြည့်အဝ ရရှိစေဖို့, အမြဲမပြတ် ကြိုးစားနေဖို့ လိုအပ်သည်ဟု သိမြင်တော်မူကြသော ဆရာတော်ဘုရားကြီးတို့ သည် သံဃာတော်ညီညွတ်ရေး ပိုမို၍ အားကောင်း စေရန် ရည်သန်ချက်ဖြင့် သံဃာ့အစည်းအဝေးကြီး များ အကြိမ်များစွာ ကျင်းပ၍ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့် ဖွဲ့စည်းကာ သံဃာအားလုံး၏ အရေး ကိစ္စများကို ညီညီညွတ်ညွတ် စုပေါင်းဖြေရှင်းနိုင်ရန် ရည်သန်ချက်များဖြင့် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ကြီးကို ဖွဲ့စည်းတည်ထောင်ကာ သံဃာတော် များ၏ အရေးကိစ္စများကို ညီညွတ်စွာ ဆောင်ရွက် လာခဲ့ကြသည်မှာ နှစ်ဆယ့်ငါးနှစ်ပြည့်မြောက်၍ ငွေရတု မင်္ဂလာအချိန်အခါသို့ ရောက်ခဲ့ပေပြီ။ နှစ်ဆယ့်ငါးနှစ်အတွင်း နိုင်ငံတော် သံဃမဟာ နာယက အဖွဲ့ကြီး၏ ဦးဆောင်မှုဖြင့် သံဃာ-တော် အရှင်မြတ်များ၏ ညီညွတ်ခြင်း ချမ်းသာ, ညီညွတ်သော ရှင် ရဟန်းတို့၏ ကျင့်ကြံအား ထုတ်ခြင်း ချမ်းသာဟူ သော ချမ်းသာနှစ်ပါး ကို ရှေးကထက် ပိုမို၍ ရရှိ ခံစားခဲ့ကြရသည် ကို အားလုံးပင် သိမြင်ကြပေသည်။

သံဃာညီညွတ်ခြင်းချမ်းသာ, ညီညီညွတ်ညွတ် ကျင့်ကြံကြိုးကုတ် အားထုတ်ခြင်း ချမ်းသာ နှစ်ပါး ရရှိနေဖို့ အမြဲမပြတ် သတိကပ်၍ ကြိုးစားနေဖို့ လိုအပ်သဖြင့် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ ကြီး ရေရှည်တည်တံ့၍ ညီညီညွတ်ညွတ် သံဃာတော် အရှင်မြတ်များ၏ အရေးကိစ္စများကို ဆောင်ရွက် နိုင်ပြီး သကာလ ရွှေရတုကာလ, စိန်ရတု ကာလမျှ သာမက နှစ်ပေါင်း ရာထောင်အထိ တည်ပြီးလျှင် ချမ်းသာလေးပါး စုံညီစွာ ရရှိနေဖို့အတွက် ဆောင် ရွက်နိုင်ပါစေကြောင်း ဆုတောင်းပတ္ထနာ ပြုအပ်ပါ သတည်း။

❖❖❖❖❖

# ရွှမ်းနိုင်ယူ

## ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ

(တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ကို ထေရဝါဒ ဂိုဏ်းပေါင်းစုံသံဃာတော်များပါဝင်စေလျက် ဖွဲ့စည်းခဲ့သည်မှာ (၂၅) နှစ်မြောက်ငွေရတုသို့ ရောက်ရှိလာခဲ့ပေပြီ။

ငွေရတုခရီးအတွင်း၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် "ဒုမ္မင်္ကူနံ ပုဂ္ဂလာနံ နိဂ္ဂဟာယ၊ ပေသလာနံ ဘိက္ခူနံ ဖာသုဝိဟာရာယ" ဟူသော ဘုရားရှင်မိန့်ကြားတော်မူချက်များနှင့်အညီ အလဇ္ဇီ ဝိတဏ္ဍာဝါဒီ ပုဂ္ဂိုလ်များကို ခေါင်းမထောင်နိုင်အောင် နှိမ်နင်းနိုင်ခဲ့ပါသည်။ နိကာယ်စာမေးပွဲများကို တိုးချဲ့၍ ကျင်းပကာ ပရိယတ္တိသာသနာတော်နှင့် ဘွဲ့တံဆိပ်တော်များ တိုးချဲ့ဆက်ကပ်ကာ ပရိယတ္တိ ပဋိပတ္တိ သာသနာတော်အား ချီးမြှောက် ပူဇော်နိုင်ခဲ့ပါသည်။

သီလချစ်ခင်သည့် သံဃာတော်အရှင်သူမြတ်များကို ချမ်းချမ်းသာသာ သီတင်းသုံးနိုင်ရအောင် လုပ်ဆောင်နိုင်ခဲ့ပါသည်။ ယင်းသို့ဆောင်ရွက်ခြင်းမှာလည်း ရှေး မင်းကောင်းမင်းမြတ်များသည် "အရှင်ဘုရားတို့ဘက်မှ ဓမ္မစက်ဖြင့် ဖြစ်ပါစေ၊ တပည့်တော်တို့ဘက်မှ အာဏာစက်ဖြင့် ဖြစ်ပါစေမည်" ဟုလျှောက်ထား၍ အာဏာစက်ဖြင့် အထောက်အပံ့ပေးကြသကဲ့သို့ နိုင်ငံတော်အစိုးရတို့ကလည်း ဆရာတော်ကြီးများ ဆောင်ရွက်သည့် ဓမ္မစက်အပိုင်းကို အာဏာစက်ဖြင့် အထောက်အပံ့ အကူအညီပေးခဲ့ကြသောကြောင့် ဆောင်ရွက်နိုင်ခြင်းဖြစ်ပါသည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်များကလည်း ဓမ္မစက်ကိုဖြစ်စေရာ၌ စွမ်းရည်ပြည့်ဝသောကြောင့်ဖြစ်ပါသည်။ စွမ်းဆောင်နိုင်ခြင်းကို ပါဠိလို "သက္က"ဟုဆိုရပါသည်။ ၎င်း "သက္က" ပုဒ်ကို အဋ္ဌကထာများ၌ ဤကဲ့သို့ ဖွင့်ဆိုထားသည်ကို တွေ့ရှိနိုင်ပါသည်။

"ဘိက္ခု ဒုတိယစတုတ္ထပဓာနိယင်္ဂသမန္နာဂတေန ကာယေန စ ဇီဝိတေန စ အနပေက္ခော ဟုတွာ သစ္စပဋိဝေဓာယ ပဋိပဇ္ဇိတုံ သက္ကော အဿ"

(ခု-၄-၂၀၄)

၎င်းအဖွင့်ကို နားလည်ရန် မဇ္ဈိမပဏ္ဏာသပါဠိတော် ဗောဓိရာဇကုမာရသုတ်၌ ဟောကြားထား သော တရားအားထုတ်သူဖြစ်ကြောင်း အင်္ဂါ (ပဓာနိယင်္ဂ) ငါးပါးကို ရှေးဦးစွာ သိရှိထားရပါမည်။

၎င်းငါးမျိုးမှာ-

၁။ ရတနာသုံးဖြာ၌ လည်းကောင်း၊ အလုပ်လုပ်ဆောင်ရာ၌ အကျိုးတရားဖြစ်ပေါ်လာ မည်ဟူသော ကံ-ကံ၏ အကျိုး၌ လည်းကောင်း ယုံကြည် ချက်ရှိခြင်း။

၂။ ကျန်းမာရေးကောင်းခြင်း။

၃။ ကောက်ကျစ်စဉ်းလဲ လှည့်ဖြားခြင်း မရှိ ဖြောင့်မတ်ခြင်း။

၄။ မကောင်းသည့် တရားဆိုးများကို ပယ်ရှားနိုင်ရန် ကောင်းသည့်တရားများနှင့် ပြည့်စုံရန် မပျင်းမရိ ကြိုးစားအားထုတ်မှုရှိခြင်း။

၅။ အဖြစ်တရား၊ အပျက်တရားများကို ရှုမြင်နိုင်သည့် ဉာဏ်ပညာရှိခြင်းတို့ ဖြစ်ပါသည်။

ယုံကြည်ကျန်းမာ၊ ဖြောင့်မတ်ကာ၊ လွန်စွာအားထုတ်တောင်း၊ ရုပ်နာမ်နှစ်ပြင်၊ ငါးအင်္ဂါရကြောင်း။

ပဓာနိယင်္ဂငါးမျိုးတို့ကို သိရှိပြီးနောက် စွမ်းနိုင်သူ၏ အဓိပ္ပါယ်ကိုသိရှိနိုင်ပါပြီ။ စွမ်းနိုင်သူဆိုသည်မှာ ၎င်းပဓာနိယင်္ဂါငါးမျိုးတို့တွင် ဒုတိယအင်္ဂါဖြစ်သည့် ကျန်းမာရေးကောင်းခြင်း နှင့် လည်းကောင်း၊ စတုတ္ထအင်္ဂါဖြစ်သည့် မပျင်းမရိကြိုးစားခြင်းနှင့် လည်းကောင်း ပြည့်စုံ၍ ကိုယ်နှင့်အသက် မငဲ့ကွက်ဘဲ သစ္စာတရားတို့ကို ထိုးထွင်းသိရှိရေးအတွက် ကျင့်ကြံနိုင်သူဟု အဋ္ဌကထာဆရာတော် ဖွင့်ဆိုခြင်းဖြစ် ပါသည်။

တထာ ကသိဏပရိကမ္မဝတ္တသမာဒါနာဒီသု အတ္တနော ပတ္တစီဝရပဋိသင်္ခရဏာဒီသုစ။

ယာနိ တာနိ သဗြဟ္မစာရီနံ ဥစ္စာဝစာနိ ကိံ ကရဏီယာနဝိ၊ တေသု အညေသုစ ဇဝရူပေသု သက္ကော အသာ ဒက္ခော အနလသော သမတ္တော။ (ခု-၅၊ နာ-၂ဝ၄)

တစ်နည်းအားဖြင့်ဆိုသော် ကသိုဏ်းပရိကံစီမံခြင်း၊ အားထုတ်ခြင်း၌လည်းကောင်း၊ ဝတ်ဆောက်တည်ခြင်း စသည်၌လည်းကောင်း၊ မိမိ၏ သပိတ်သက်န်းစီမံချုပ်လုပ်ခြင်းစသည်၌လည်းကောင်း၊ သီတင်းသုံးဘော် သံဃာတော်အားလုံး စုပေါင်း၍ ပြုလုပ်ရမည့် ကိစ္စကြီးငယ်များ၌ လည်းကောင်း ကျွမ်းကျင်သူ မပျင်းမရိသူသည် စွမ်းနိုင်သူဖြစ်သည်ဟု အဋ္ဌကထာ ဆရာတော် ထပ်မံဖွင့်ဆိုပါသည်။

နိုင်ငံတော် သံဃမဟာနာယက ဆရာတော်များသည် အဋ္ဌကထာဆရာတော် မိန့်ဆိုထားသည့် စွမ်းနိုင်သူ ဖြစ်ဖို့ရန် အချက်များနှင့် ညီညွတ်ပြည့်စုံနေပါသည်။ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်များကို တစ်နိုင်ငံလုံးရှိ သံဃာတော်များက ဖြစ်ပေါ်လာသည့် ကိစ္စ ကြီးငယ်များကို အဂတိတရား ကင်းကင်း ရှင်းရှင်းဖြင့် ဓမ္မဝိနယနှင့် ညီညွတ်စွာ ဆောင်ရွက်နိုင် စွမ်းရှိကြသော ဆရာတော်များ ဖြစ်ပါပေသည်ဟု အပြည့်အဝ ယုံကြည်ကိုးစားကြ၍ နိုင်ငံတော်သံဃ မဟာနာယက ဆရာတော်များအဖြစ် တင်မြှောက် လိုက်ကြခြင်း ဖြစ်ပါသည်။

နိုင်ငံတော် သံဃမဟာနာယ အဖွဲ့အစည်း တည်ထောင်ပြီးနောက် ကျောက်သဘော်ဝါဒ၊ လူသေလူဖြစ်ဝါဒ၊ ကျောက်ပုံတောရဝါဒ၊ မိုးညိုဝါဒ စသည့် အဓမ္မဝါဒဆိုးများ ကင်းရှင်းသွားသဖြင့် ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီးသည် ဆီးနှင်း၊ မြူတိမ်၊ မီးခိုး၊ ရာဟုသူရိန်ဟူသော ညစ်နွမ်းကြောင်းလေးမျိုး မှ ကင်းရှင်းသော နေဝန်း လဝန်းကဲ့သို့ ထွန်းလင်း နေပြီ ဖြစ်ပါသည်။ တစ်နိုင်ငံလုံးရှိ သံဃာတော်များ ၏ ယုံကြည်ကိုးစားချက် အတိုင်း စွမ်းဆောင်ရည် ပြည့်ဝစွာဖြင့် ဆောင်ရွက်လိုကြခြင်းလည်း ဖြစ်ပါသည်။

ထိုကဲ့သို့ အဓမ္မဝါဒီများကို နှိမ်နင်း၍ ဓမ္မဝါဒီများကို ချီးမြှောက်ကာ သာသနာ့ကိစ္စများကို ဆောင်ရွက်တော်မူနေကြလျှင် ကဿပမြတ်စွာဘုရားရှင်၏ သာသနာနောက်ပိုင်းကာလကဲ့သို့ ဖြစ်နိုင်လိမ့်မည် မဟုတ်ပါ။ ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ် ကြီးသည် အနှစ်ငါးထောင်မက ကြာအောင် တည် ရှိနေမည်မှာ မလွဲဧကန် ဖြစ်ပါသည်။

ဘုရားရှင်သည် နေလတို့၏ ညစ်နွမ်းကြောင်း လေးမျိုးကို ဟောကြားသကဲ့သို့ ရဟန်းတော်တို့၏ ညစ်နွမ်းကြောင်းလေးမျိုးကိုလည်း ဟောကြား ထားသည်ကိုတွေ့ရပါသည်။

ရဟန်းတော်တို့၏ ညစ်နွမ်းကြောင်းလေးမျိုး-

၁။ အရက်သေစာမူး ယစ်ဆေးဝါး စားသောက် သုံးဆောင်ခြင်း။

၂။ မေထုန်မှီဝဲခြင်း။

၃။ ဝိနည်းနှင့် မညီသော ရွှေငွေကို ခံယူ သာယာခြင်း။

၄။ ဘုရားမကြိုက်သည့် ကုလဒူသန အနေသန-- စသော မိစ္ဆာဇီဝဖြင့် အသက် မွေးခြင်းတို့ ဖြစ်ပါသည်။

၄င်းညစ်နွမ်းကြောင်းလေးမျိုးကိုလည်း ရှောင်

ရှားကြရန် ညွှန်ကြားချက်များ ထုတ်ပြန်၍ ဗုဒ္ဓမြတ်စွာ သာသနာတော်ကို အညစ်အကြေးကင်းအောင် စောင့်ရှောက်လျက်ရှိနေကြသဖြင့် အနာဂတ်သာသနာတော် အတွက် အားတက်စရာများဖြစ်ပါသည်။

ရဟန်းတော်တို့ကြီးပွားကြောင်း တရား (၇) မျိုးကို ဟောကြားသည့်အနက် ပထမ (၇) မျိုးမှာ-

၁။ ရဟန်းတော်တို့သည် မပြတ်မပြတ်စည်းဝေးခြင်း၊

၂။ ညီညီညွတ်ညွတ်စည်းဝေးခြင်း၊ စည်းဝေးပြီးနောက် ညီညီညွတ်ညွတ်နေရာမှ ထ ခြင်း။

၃။ ဗုဒ္ဓမြတ်စွာ မပညတ်သည်ကို အသစ်ပညတ် ခြင်း

ဗုဒ္ဓမြတ်စွာ ပညတ်ပြီးသည်ကို မချိုးဖျက်ခြင်း။

ဗုဒ္ဓမြတ်စွာ ပညတ်ပြီးသော သိက္ခာပုဒ်တို့၌ ဆောက်တည်ကျင့်သုံးခြင်း။

၄။ သံဃာတော်များ၏ ရှေ့သွားဦးစီး ခေါင်းဆောင် မထေရ်ကြီးများကို ရိုသေလေးစား မြတ်နိုးပူဇော်ခြင်း၊ မဟာထေရ် ကြီးတို့၏ စကားကို နာယူခြင်း။

၅။ ဖြစ်ပေါ်လာသည့် တဏှာဆိုး၏ အလိုသို့ မလိုက်ခြင်း။

၆။ တောကျောင်းတို့၌ သီတင်းသုံးရန် ငဲ့ကွက်မှုရှိခြင်း။

၇။ မကြွလာကြသေးသော သီလချစ်ခင် သီတင်းသုံးဘော် သံဃာတော်အရှင်သူမြတ်တို့ ကြွရောက်လာချင်အောင်, ကြွရောက်လာပြီး သီတင်းသုံးဘော်သံဃာတော် အရှင်သူမြတ်တို့ ချမ်းချမ်းသာသာ သီတင်းသုံးနေရအောင်, သတိဆောင် နေခြင်းတို့ဖြစ်ပါသည်။

နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများသည် ဘုရားရှင်မိန့်ကြားထားသော ကြီးပွားကြောင်းတရား ခုနစ်မျိုးတို့နှင့် ပြည့်စုံအောင် ကိုယ်တိုင်လည်း စွမ်းနိုင်သမျှ ကျင့်သုံးကြ၍ သံဃာတော်များအားလည်း လိုက်နာကျင့်သုံးကြရန် ညွှန်ကြားတော်မူ လျက်ရှိကြပါသည်။

ထို့ကြောင့်လည်း မိမိတို့မြန်မာနိုင်ငံ၌ ထွန်းကားနေသော ဗုဒ္ဓသာသနာတော်သည် အခြားနိုင်ငံများ၌ ရှိသော ဗုဒ္ဓသာသနာတော်နှင့် မတူဘဲ စည်းကမ်းပြည့်ဝ၍ စာပေကျွမ်းကျင်သော ပရိယတ်စာပေနှင့်အညီ ကျင့်သုံးအားထုတ်သော ဗုဒ္ဓသာသနာတော်ကြီးဖြစ်ပါသည်။ ဆက်လက်၍ မိမိတို့၏ မြတ်ဗုဒ္ဓသာသနာကို ဆရာဒကာ ညီညွတ်စွာဖြင့် လက်တွဲဆောင်ရွက်ထိန်းသိမ်းသွားကြလျှင် ကမ္ဘာကလေးစားကြည်ညိုရသော မြန်မာ့ဗုဒ္ဓသာသနာတော်ကြီး ထာဝရဖြစ်နေမည်ဖြစ်ပါသည်။ ထိုကဲ့သို့ ဖြစ်အောင် ကြိုးစားကြပါစို့။


❖❖❖❖❖



# အမှောင်ခွင်း၍ အလင်းဆောင်သူများ

## အမှောင်နှင့်အလင်း

### အရှင်သုန္ဒရ(တိပိဋကဓရ)



လကွယ်နေ့ ညဥ့်နက်သန်းခေါင် အမှောင် ယင်းအမှောင် တို့ထက် အလွန်မှောင်မိုက်သော အမှောင်တို့ကားကံ,ကံ၏အကျိုးကို မယုံကြည်သော 'ကမ္မသမ္မောဟ' အမှောင်၊ ရုပ်နာမ်ဓမ္မကို မသိမြင်သော 'ဓမ္မသမ္မောဟ' အမှောင်၊ ရုပ်နာမ်တို့၏ အကြောင်းကို မသိမြင်သော 'ပစ္စယ သမ္မောဟ' အမှောင်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟူသော လက္ခဏာရေး သုံးပါးကို မသိမြင်သော 'နိဗ္ဗာန သမ္မောဟ' အမှောင်–ဟူ၍ ငါးမျိုး ရှိသည်။

ထိုအမှောင်တို့ကို ဖျက်ဆီးနိုင်သော အလင်းရောင်များကား ကံ, ကံ၏ အကျိုးကိုလက်ခံယုံကြည်သော ကမ္မဿကတာဉာဏ်အလင်းရောင်၊ ရုပ်နာမ်ဓမ္မကို သိမြင်သော ဓမ္မဝဝတ္ထာနဉာဏ်အလင်းရောင်၊ ရုပ်နာမ်တို့၏ အကြောင်းကို သိမြင်သော ပစ္စယပရိဂ္ဂဟဉာဏ် အလင်းရောင်၊ အနိစ္စ, ဒုက္ခ, အနတ္တ ဟူသောလက္ခဏာသုံးကို သိမြင်သော လက္ခဏာပဋိဝေဓဉာဏ် အလင်းရောင်၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို သိမြင်သော နိဗ္ဗာနပဋိဝေဓဉာဏ် အလင်းရောင် ဟူ၍ငါးမျိုး ရှိသည်။

မြတ်စွာဘုရားသည် သာမန်လူသားတို့ မပြုနိုင်, မကြံစီနိုင်သော ဒါန, သီလ, နေက္ခမ္မ စသော ပါရမီတော် ဆယ်ပါးကို လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း တိုင်အောင် အပင်ပန်းခံကာ ဖြည့်ဆည်းပူးတော်မူ၍ အပရာဇိတပလ္လင်ဗွေထက်မှာ မောဟဦးစီးသော အမိုက်ငါးသင်းကို မှုန့်မှုန့်ညက် အောင် ဖြိုဖျက်တော်မူပြီး ဉာဏ်ဦးစီးသော အလင်းငါးပါးကို ထင်ရှားစွာ တွေ့မြင်တော်မူခဲ့လေသည်။

အန္ဓီဘူတော အယံ လောကော --၍ သတ္တဝါတို့ သည် အကန်းသဖွယ်ဖြစ်၍ ဖြစ်၏။ မောဟအမှောင် ဖုံးလွှမ်းနေကြသော သတ္တဝါတို့သည် ကောင်းမှု သုစရိက်တို့ကို ရှောင်ခွာလျက် မကောင်းမှု ဒုစရိက်တရားတို့ဖြင့် ပြုမှား, ပြောမှား, အကြံမှားနေတတ်ကြသည်၊ တစ် ချို့မှာ- ကိုယ်မှားမှန်းသိပါလျက် အမှားကို ဝန်မခံချင်သဖြင့် သူတစ်ပါးတို့အား အနတ္တဝါဒနှင့် ပတ်သက်၍ ပြောဟောနေပါသော်လည်း ကိုယ်သာလျှင် အမှန် ဟူ၍ အမှားကိုပင် အမှန်ထင်နေလျက် အမြင်လွဲ နေတတ်ကြပြန်သည်။ စင်စစ်အားဖြင့် တရားမသိ၍ မောဟအမှောင် အဖိခံနေရသော ဘဝကား ကြောက်လန့်ဖွယ်ရာသာဖြစ်တော့၏။

တစ်ချို့မှာ မောဟအမှောင်တိုက်၌ လောင်တိုက်သွင်းခံနေရသည်ကို မသိမဟုတ် သိကြသည်။ သူတို့သည် ထိုအမှောင်အတွင်းက လွတ်ကင်းလိုကြသည်၊ အလင်းရောင်ကို မျှော်လင့်တောင့်တကြသည်။ ထိုသူတို့ တောင့်တနေကြသော အလင်းရောင်ကား ဗုဒ္ဓနှင့် ဗုဒ္ဓ၏ဓမ္မသာ ဖြစ်တော့သည်။

ဗုဒ္ဓသည် မောဟအမှောင် ထွန်းကားနေသော လောက၌ ကိုယ်တိုင်ရရှိထားသော ဓမ္မဖြင့် အမိုက်မှောင်ကို ပယ်ဖျောက်၍ ဉာဏ်အလင်းသို့ရောက်အောင် ပို့ဆောင်ပေးတော်မူလေသည်။ နွေ၏ နေပူလေပူအတိုက်ခံရသဖြင့် ပင်ပန်း မောဟိုက်နေသူတို့အတွက် တောထဲတောင်ထဲ လျှိုမြောင်ထဲဝယ် အရိပ်အာဝါသကောင်းများဖြင့် စီရရီခြံရံလျက် တသွင်သွင် စီးဆင်းနေသော စမ်းချောင်းကို မြင်လိုက်ရရုံဖြင့်ပင် စိတ်ကြည်လင် လန်းဆန်းသွားနိုင်သည်၊ ကြည်သာချိုမြ သန့်ရှင်းလှသည့် အေးမြသောရေကို သောက်လိုက်ရပါမူကား နတ်ရေစင်ကို သောက်လိုက်ရသည့်ပမာ အတိုင်းထက်အလွန် စိတ်ကြည်နူးသွားသည်မှာ မြေကြီးလက်ခတ်မလွဲပါပေ။

ထိုနည်းတူစွာ မောဟအမှောင်ထု ဖုံးလွှမ်းခံနေရသဖြင့် စမ်းတဝါးဝါး သံသရာခရီးသွားသတ္တဝါများသည်လည်း ဗုဒ္ဓကိုဖူးမြင်ရပြီး ဗုဒ္ဓဟောကြားသော ဓမ္မကို ကြားနာလိုက်ရပါလျှင် အနုသယ အနေဖြင့် ကိန်းဝပ်နေသော ကိလေသာအမှောင်ဓာတ်များ ကင်းရှင်းသွားပြီး ဉာဏ်အလင်းဓာတ်များ ရရှိသွားကြသည်၊ ဆင်းရဲမှုများကို ကျော်လွှားပြီး ချမ်းသာခြင်း စင်စစ် အမှန်သို့ ရောက်ရှိသွားကြသည်။

ဤသို့ ဖြစ်စေချင်သည်မှာလည်း အန္ဓီဘူတသ္မိံ လောက သ္မိံ၊ အာဟဉ္ဆံ အမတဒုန္ဒုဘိံ--- အကန်းအတိသာ ဖြစ်နေသော လောက၌ အမြိုက်စည်ကြီးကို တီးခတ်အံ့-ဟူသော ဘုရားရှင် ၏ ဆန္ဒတော်ပင်တည်။ ထိုဆန္ဒတော် အတိုင်းပင် ပိဋကတ် (၃)ပုံ အဖုံဖုံသော ဓမ္မက္ခန္ဓာအမြိုက်စည်ကြီးကို ယွန်းဆော် တီးခတ် ဟောမြွက် တော်မူခဲ့သည်။ နိဗ္ဗာန်အလင်းဓာတ်ကို ထွန်းလင်းစေတော်မူခဲ့သည်။

## "အဖျက်သဘောနှင့် အပြုသဘော"

ဘုရားရှင် ပရိနိဗ္ဗာန်စံ တော်မူပြီး၍ ရက်ပိုင်းမျှသာ ရှိသေးသော အချိန်တွင် ဘုရားရှင်၏ တပည့်ကြီးတို့တွင် တစ်ပါး အပါအဝင် ဖြစ်သော အရှင် မဟာကဿပမထေရ်သည် တပည့်ရဟန်းများနှင့်အတူ ပါဝါပြည်မှ ကုသိနာရုံသို့ ရှေ့ရှုကြွလာသည်၊ ထိုလမ်းခရီး၌ပင် ဘုရားရှင် ပရိနိဗ္ဗာန်စံတော် မူကြောင်း သတင်းကို ကြားသိရသော အခါ ရာဂမကင်းသေးသော ရဟန်းတို့သည် မြေမှာလူးကာ, လိမ့်ကာဖြင့် ငိုကြွေးကြသည်၊ ရာဂကင်းပြီးသော ရဟန်းတို့သည်ကား သင်္ခါရတရားတို့သည် အမြဲမရှိလေကုန်-ဟူ၍ ဆင်ခြင်တော်မူကြလျက် ဓမ္မသံဝေဂယူတော်မူကြလေသည်။

ဘုရားရှင်အပေါ်၌ ရန်ငြိုးဖွဲ့ကာ အလိုဆိုးနှိပ်စက်နေသူ တောထွက် ရဟန်းကြီး ဖြစ်သူ သုဘဒ္ဒကား "ငါ့ရှင်တို့ မငိုကြွေး ကြကုန်လင့်၊ ယခုအခါ ငါတို့ သည် ရဟန်းကြီး ဂေါတမ လက်မှ လွတ်မြောက်ကြကုန်ပြီ၊ ရဟန်း ဂေါတမသည် ငါတို့ကို ဟိုဟာ မလုပ်ရ၊ ဒီဟာမလုပ်ရ- စသည်ဖြင့် ချုပ်ချယ်ခဲ့သည်၊ ယခု ငါတို့ပြုလိုရာကို ပြုကြကုန်အံ့၊ မပြုလိုရာကို မပြုကြကုန်အံ့" ဟူ၍ သာသနာတော်၏ အန္တရာယ် ဖြစ်စေနိုင်သည့် စကားကို ရင့်ရင့်သီးသီး ပြောဆိုခဲ့သည်။

အရှင်မဟာကဿပ - မထေရ်သည် သုဘဒ္ဒရဟန်းကြီး၏ ရင့်သီးလွန်းသော စကားကို ကြားလိုက်ရသောအခါ များစွာ စိတ်မကောင်း ဖြစ်ရလေသည်၊ သာသနာတော်၏ ဆူပြောင့်ကို ချက်ချင်းပင် ရှင်းပစ်လိုသည်၊ သို့သော်လည်း "မြတ်စွာဘုရား၏ ရုပ်ကလာပ်တော်မှ မီးသဂြိုဟ်မှု မပြုလုပ်ရသေးမီ သူ၏ တပည့် ရဟန်းတို့သည် ငြင်းခုန်ခိုက်ရန် ဖြစ်ကြကုန်ပြီ" ဟု လူတို့၏ ကဲ့ရဲ့စရာ ဖြစ်မည်ကိုလည်း စိုးရိမ်တော်မူရလေသည်။

ထို့နောက် "ငါကဲ့သို့သော ရဟန်းရှိပါလျှက် သုဘဒ္ဒ ရဟန်း၏ ယုတ်မာသော သဘော

ထားသည် မကြီးထွားစေသင့်၊ သူယုတ်မာတရား မထွန်း ကားမီ၊ သူတော်ကောင်းတရား မပျက်စီးမီ၊ သုဘဒ္ဒကဲ့သို့သော ရဟန်းဆိုး ရဟန်းညစ်များ အင်အားမများမီ၊ အကျင့်သိက္ခာ ဖြူစင်ကြသော ရဟန်းကောင်းများ အင်အားမနည်းမီ ဓမ္မနှင့် ဝိနယကို သံဂါယနာတင်အံ့- ဟူ၍ ဆုံးဖြတ်ချက် ချထားတော် မူလိုက်သည်။ ဆုံးဖြတ်ချသည့် အတိုင်းပင် ပိဋကတ် (၃)ပုံ ဓမ္မ, ဝိနယ အလုံးစုံ သင်္ဂါယနာ တင်ကာ သာသနာလင်းဓာတ်ကို တောက်ပစေတော်မူခဲ့လေသည်။

## "အကွပ်မဲ့ကြမ်း ပရမ်းပတာ"

"ဝိပတ္တိခေတ်သမယ၊
ညစ်နိုင်မှလူတော်။
ရိုးပြန်က အမိုက်ခေါ်သည်၊
လော်လီလျှင်ထင်ရှား"

စသည်ဖြင့် ရှေးပညာရှင်တို့စပ်ဆိုခဲ့သည်နှင့်အညီ သူတစ်ပါးတို့ အပေါ် ညစ်ပတ်နိုင်မှ, ဗိုလ်ကျ စိုးမိုးနိုင်မှ, နိုင်ထက် စီးနင်းပြု တတ်မှ, လိမ်တတ်ညာတတ်မှ လူတော်-ဟူ၍ငင်၊ ရိုးရိုးကျင့်, မြင့်မြင့်ကြံ၊ အမှန်လုပ်၍ အဟုတ်ပြောသူများကို လူမိုက်-ဟူ၍ငင်း ပြောင်း ပြန်ထင်မြင်လျက် လောကီလူသားတို့ ပြောဆို သုံးနှုန်းနေကြသည်။

သဒ္ဓါအား, ပညာအား, ဝီရိယအား စသည်တို့ အဖက်ဖက်မှ အားနည်းလာကြသဖြင့် လည်း ပတ်ဝန်းကျင်ကို ဂရုမ စိုက်၊ ကဲ့ရဲ့ပြစ်တင်ခံရမည်ကိုလည်းမကြောက်၊ မိမိစိတ်က "ဒါ ကောင်းတယ်" ဟု စဉ်းစားမိလိုက်သည်နှင့်တစ်ပြိုင်နက် အကျင့်သိက္ခာများကို မျက်ကွယ် ပြုကာ ထင်မိထင်ရာ ပြုတတ်ကြ ပြန်သည်။ ထို့ကြောင့်ပင် ပညာ ရှင်တို့က ဆရာမိဘ စသော အကြီးအကဲတို့၏ အဆုံးအမကို ကောင်းစွာ မရရှိသူတို့မှာ "အကွပ်မဲ့ကြမ်း ပရမ်းပတာ" ဖြစ်တတ်ပုံကို----

"မင်းမရှိသည့်၊ အကြင် ပြည်ကား၊ မတည် နိုင်စွမ်း၊ ကွပ်မဲ့ကြမ်းသို့၊ ပရမ်းပတာ"

"ထိန်းမဲ့ချည်ခင်၊ အရှင်မဲ့ကျွန်၊ ဖျားစွန် နော်နဲ့၊ ကွပ်မဲ့ဝါး ကြမ်း၊ ပရမ်းပတာ၊ မဖွယ်ရာသို့" စသည်ဖြင့် စပ်ဆိုခဲ့ကြလေသည်။

ထိုစကားနှင့် စပ်၍ အကြောင်းအရာ အနည်းငယ်ကို ထည့်သွင်းဖော်ပြရပါလျှင်---ဗုဒ္ဓ ပရိနိဗ္ဗာန်စံဝင်တော်မူပြီးသည့်နောက် နှစ် (၁၀၀) ရောက်သောအခါ ဝေသာလီပြည် ဝဇ္ဇီတိုင်းသားတို့သည် ဗုဒ္ဓပညတ် ချမှတ်တော်မူခဲ့သော ကျင့်ဝတ် သိက္ခာတို့ကို မျက်ကွယ်ပြုကာ မအပ်စပ်သော ဓမ္မဝတ္ထုများကို ပရမ်းပတာပြုကာ တီထွင်လာကြသည်၊ အဓမ္မဝါဒ ထွန်းကားရေး တွန်းအား ပေးခဲ့ကြသည်။ ဒုတိယ သံဂါယနာနှင့် စင်ပြိုင်ကာ မဟာသံဃိက ဂိုဏ်းကြီးကို တည်ထောင်လာကြသည်။

တဖန် ဗုဒ္ဓပရိနိဗ္ဗာန် စံပြီး နှစ် (၂၀၀) အတွင်းဝယ် ထေရဝါဒနှင့် မဟာသံဃိကတို့မှ ဂိုဏ်းပေါင်း (၁၈) ဂိုဏ်းအထိ ကွဲပြားလာခဲ့သည်။ ထေရဝါဒသည် နိဗ္ဗာန်အလင်းရောင် ဆောင်ကြဉ်း

ပေးသော်လည်း မဟာသံဃိက ဂိုဏ်းမှတစ်ဆင့် ကွဲပြားလာသော ဂိုဏ်းများသည်ကား ပရမ်းပတာ သာသနာ ပျက်ကြောင်း နည်းပေါင်း များစွာဖြင့် အမှောင်ကမ္ဘာကြီး ဖြစ်အောင် ဖန်တီးလာကြသည်။

မြန်မာနိုင်ငံ ပုဂံခေတ်တွင်လည်း အရည်းကြီး ရဟန်းတို့သည် ပရမ်းပတာပြုမူလျှက် ထင်မိထင်ရာ ဟောပြောနေထိုင်ကြသဖြင့် သူတော်ကောင်းတရား အလင်းခေတ်များ ကွယ်ပျောက်၍ မသူတော်တရား အမှောင်ခေတ်များ လွှမ်းမိုးခဲ့လေသည်။ ထို့ကြောင့် သာသနာတော်ကြီးသည် ပရမ်းပတာဖြစ်ခဲ့ ရပြန် ပေသည်။ အကွပ်မရှိသော ကြမ်းသည် ဖရိုဖရဲ မသေမသပ် ဖြစ်နေသကဲ့သို့ အထိန်းအကွပ် မရှိ သောလူ၊ (သို့မ ဟုတ်) အဖွဲ့ အစည်းတို့ ပရမ်းပတာ ဖြစ်တတ်သည်မှာ သဘာဝ ပါပေတည်း။

## "သန့်ရှင်း၊ တည်တံ့၊ ပြန့်ပွားအောင်"

ထိုခေတ်အဆက်ဆက် ဖြစ်ပျက်ခဲ့ရသော သာသနာ့အန္တရာယ် အသွယ်သွယ် အဝဝတို့ကို သာသနာ့ ထိပ်ခေါင်တင် မထေရ်ကြီးများက သာသနာ့ဒါယကာများနှင့် ညှိနှိုင်းကာ သာသနာ တော် သန့်ရှင်း, တည်တံ့, ပြန့်ပွားရေးကို ရှေ့ရှု လျှက် သံဂါယနာအဆင့်ဆင့် တင်တော်မူခဲ့ကြ လေသည်။

အာဏာစက်, ဓမ္မစက် ကို လိုအပ်သလို အသုံးပြုပြီး သာသနာသန့်ရှင်းရေးလုပ်ငန်း များ ဆောင်ရွက်ခြင်း၊ ဝိနိစ္ဆယ ရေးရာများ ချမှတ်ခြင်း၊ စသည်တို့ကို ပြုလုပ်တော်မူခဲ့ကြသည်။ "တာဝန် ကိုယ်စီ ရှိကြသည်" ဟူ သည်နှင့်အညီ အမိဘာသာ, အမိသာသနာ သန့်ရှင်း, တည်တံ့, ပြန့်ပွားရေး ဆရာဒကာ လက်တွဲညီစွာဖြင့် ဆောင်ရွက် ကြဖို့ အထူးပင် လိုအပ်လှပေသည်။


ရုပ်ပိုင်းဆိုင်ရာ ပစ္စည်း ဝတ္ထုများ တိုးတက် သည်ထက် တိုးတက်လာသော ခေတ်ဝယ် အဓမ္မ ရာဂ, ဝိသမလောဘ, မိစ္ဆာ ဓမ္မ-ဟူသော တရားဆိုး များ သူ့သူငါငါ သတ္တဝါတို့၏ သန္တာန် အတွင်း၌ ကိန်းဝပ်လာသော အခါ တရားဥပဒေနှင့် ညီမညီ၊ ဘုရားဥပဒေနှင့် လျော်ကန်မှု ရှိ၊ မရှိ မစဉ်းစားနိုင် တော့ဘဲ အမှားကိုပင် အမှန်ထင်လျှက် အမြင် လွဲမှားတတ်ကြလေသည်၊ ထိုအခါ ဖြစ်ပေါ်တည် ရှိနေသင့်သော သူတော်ကောင်းတရားများ ကွယ် ပျောက်ကာ ဆိုးကျိုးပေးသော မသူတော်တရားများ သတ္တဝါတို့၏ သန္တာန်၌ ပေါ်လွင်ထင်ရှားလာ လေတော့သည်။ ထိုသို့ အမှားကိုပင် အမှန်ထင် နေကြသဖြင့်လည်း အမှားကို အမှားမှန်းမသိ၊ သိသော်လည်း ပြင်ဆင်ခြင်းမပြုဘဲ နေကြပါလျှင် သူ့သူငါငါ သတ္တဝါတို့၏ သန္တာန်၌ အမှောင် ခေတ်များ တိုးပွားသည်ထက် တိုးပွားလာပြီး၊ အလင်းခေတ်ခေါ်သည့် ပညတ်တရားများ တိုးပွား ခြင်းကင်းကာ ဆုတ်ယုတ်သည်ထက် ဆုတ် ယုတ် လာပေလိမ့်မည်။ ပညာ ဆုတ်ယုတ်ခြင်းကား အဆိုး ဆုံး ဆုတ်ယုတ်ခြင်းပင်တည်း။

ထိုအရေးတို့ကို မြင်တော်မူကြသဖြင့်

လည်းကောင်း၊ သိက္ခာပုဒ် ပညတ်ရကျိုးတို့တွင် ပါဝင်သည့် အပ္ပသန္နာနံ ပသာ ဒါယ၊ ပသန္နာနံ ဘိယျောဘာဝါယ-မကြည်ညိုသေးသူတို့ကို ကြည်ညိုစေခြင်း၊ ကြည်ညိုပြီးသူတို့ကို အတိုင်း အထက် အလွန် ကြည်ညိုစေခြင်း၊ သဒ္ဓမ္မဋ္ဌိတိယာ-သဒ္ဓမ္မ သုံးဖြာ သာသနာတော်ကို တည်တံ့စေခြင်းငှာ ကျင့်ဝတ် သိက္ခာပုဒ်တို့ကို ပညတ်တော်မူ၏-ဟူသော ဘုရားရှင်၏ အမိန့်တော်ကို အောက်မေ့တော် မူကြသဖြင့် လည်းကောင်း၊ ပဲခူးမြို့ မြို့မ ဆရာတော်ဘုရားကြီး၊ တိပိဋကဓရ မင်းကွန်း ဆရာတော်ဘုရားကြီး အမှူးပြုသော သာသနာ့ထိပ်ခေါင်တင် ဆရာတော်ကြီးများက သာသနာတော် သန့်ရှင်း၊ တည့်တံ့၊ ပြန့်ပွားရေး မူများ ချမှတ်ကာ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် သံဃ မဟာနာယက အဖွဲ့ကြီးကို တည်ထောင်ဖွဲ့စည်း ခဲ့သည်။

အဖွဲ့အစည်း စတင် တည်ထောင်ပြီး၊ သာသနာတော် အတွင်းသားတို့၏ အမှောင်သဖွယ် ဖြစ်စေနိုင်သည့် ဝိဝါဒါ ဓိကရဏ်း၊ အာပတ္တာဓိကရဏ်း စသော အမှုကြီးငယ်မှန်သမျှတို့ကို ညှိနှိုင်းတိုင်ပင်ခြင်း၊ အကြံပေး ခြင်း၊ အကြံဉာဏ်ရယူခြင်း၊ ဆွေး နွေးဆုံးဖြတ်ခြင်း စသည်တို့ကို ပြုလုပ်တော်မူကြလျှက် အလင်းသို့ ပို့ဆောင်ပေးတော်မူကြသည်။ နယ်စပ်ဒေသ ဗုဒ္ဓ ဘာသာဝင် မဖြစ်သေးသူများကို ဗုဒ္ဓဘာသာဝင်ဖြစ်အောင် ပြုလုပ်ပေးခြင်းအားဖြင့်လည်း အမှောင်မှ အလင်းသို့ ပို့ဆောင်ပေးတော်မူကြသည်၊ ထိုကဲ့သို့ သာသနာတော်ကြီးကို စည်ပင်သည်ထက် စည်ပင်အောင် ထိန်းသိမ်းစောင့်ရှောက်တော်မူ လာကြသည်မှာ ငွေရတုနှစ်သို့ပင် ရောက်ရှိလာလေပြီ၊ မွန်မြတ်သော အပြုအမူ, ခိုင်မာ သော စိတ်ဓာတ်, သန့်စင်သော နှလုံး, နှစ်လိုဖွယ်အပြုံးတို့ဖြင့် ဆောင်ရွက်လာခဲ့ကြသော အမှောင်ခွင်း၍ အလင်းကို ဆောင်ကြသူ သာသနာ့ထိပ် ခေါင်တင် မထေရ်ကြီးတို့၏ သာသနာတော် သန့်ရှင်း, တည်တံ့, ပြန့်ပွားရေး သာသနာပြု အဖွဲ့အစည်းကြီးသည် ငွေရတု မှသည် ရတုအဆက်ဆက် ဖြတ်သန်းလျှက် အမှောင်ခွင်း၍ အလင်းဆောင်ကာ သာသနာ နှစ်ငါးထောင် တည်တံ့နိုင်ပါစေကြောင်း ဆန္ဒပြု, ဆုမွန်ကောင်း တောင်းလျှက် ဤဆောင်းပါးကို နိဂုံးကမွတ် အဆုံးသတ်အပ်ပါသတည်း။

အရှင်သုန္ဒရ(တိပိဋကဓရ)



# သာသနာရှည်ကြာစွာတည်ရန်

## ခိုင်ရွှေကြာ

ဗုဒ္ဓမြတ်စွာသည် ဆွေတော်မျိုးတော်တို့ကို ချီးမြှောက်ရန် ကပိလဝတ်မြို့တော်သို့ ရောက်စအခါ၌ သံဃာတော်နှစ်သောင်း တို့နှင့်အတူ ကပိလဝတ်မြို့တွင်းသို့ သပိတ်ပိုက် ဆွမ်းခံကြွတော်မူသည်။

ခမည်းတော် သုဒ္ဓေါဒနမင်းကြီးက ဤသို့ လျှောက်ထားပါသည်။ "ဘုန်းတော်ကြီးလှသော မြတ်စွာဘုရား. . . . . . အရှင်ဘုရားသည် အဘယ်ကြောင့် ခမည်းတော်အား အရှက်ရစေရန် ပြုတော်မူပါသနည်း၊ ဤမျှများပြားသော ရဟန်းတော်များအား တပည့်တော် ဆွမ်းမကျွေးနိုင်ဟု မှတ်ထင်ခြင်းကြောင့် အိမ်ပေါက်စေ့လျှောက်၍ တောင်းခံနေပါသလား"

"ခမည်းတော်မင်းကြီး. . . ဤကဲ့သို့ အိမ်စဉ် လျှောက်၍ ဆွမ်းခံခြင်းသည် ရှေးအစဉ်အဆက်မှ ဆင်းသက်လာသော ငါတို့၏ ဗုဒ္ဓဝင်အကျင့်မြတ် တစ်ပါးဖြစ်ပေ၏"

"အရှင်မြတ်ဘုရား. . . မဟာသမ္မတမင်းမှ ဆင်းသက်လာသော တပည့်တော်တို့၏ သာကီဝင်မင်းမျိုး၌ ဤကဲ့သို့ အိမ်ပေါက်စေ့လျှောက်၍ ဆွမ်းခံစားသူ တစ်ဦးမျှ မရှိခဲ့ပါ"

"ခမည်းတော်မင်းကြီး. . . သင်မင်းကြီးတို့၏ အနွယ်သည် သာကီဝင်အနွယ်ဖြစ်ပေ၏၊ ငါ၏ အနွယ်မဟုတ်တော့ချေ။ ငါ၏အနွယ်သည် ရှေးရှေးသော ဘုရားရှင်တို့၏ အနွယ်တော်ဖြစ်၍ ဤဗုဒ္ဓဝင်အနွယ်တော်ဖြစ်သည်။ ရှေးရှေးသော ဘုရားရှင်တို့သည်လည်း အိမ်စဉ်အတိုင်း ဆွမ်းခံမြဲဖြစ်ကြ၍ ငါဘုရားလည်း ရှေးဘုရားရှင်တို့ အစဉ်အလာအတိုင်း ဆွမ်းခံကြွတော်မူရချေသည်"

ဗုဒ္ဓမြတ်စွာသည် ခမည်းတော်မင်းကြီးအား ယင်းသို့ မိန့်ကြားပြီး လမ်းပေါ် ရပ်တော်မူလျက်သာလျှင် အောက်ပါဂါထာကို ဟောကြားတော်မူပါသည်။

ဥတ္တိဋ္ဌေ နပ္ပမဇ္ဇေယျ၊ ဓမ္မံ သုစရိတံ စရေ။
ဓမ္မစာရီ သုခံ သေတိ၊ အသ္မိံ လောကေ ပရမှိ စ။

ဥတ္တိဋ္ဌေ၊ ဆွမ်းခံကျင့်ဝတ်၌၊ နပ္ပမဇ္ဇေယျ၊ မမေ့မလျော့ရာ။ သုစရိတံ၊ ကောင်းစွာ ကျင့်အပ်သော၊ ဓမ္မံ အကျင့်တရားကို၊ စရေ၊ ကျင့်ရာ၏။ ဓမ္မစာရီ၊ တရားကိုကျင့်သောသူသည်၊ အသ္မိံ လောကေစ၊ ဤ ပစ္စုပ္ပန်လောက၌လည်းကောင်း၊ ပရမှိစ၊ တမလွန် လောက၌လည်းကောင်း၊ သုခံ၊ ချမ်းသာစွာ၊ သေတိ၊ နေရ၏။

"ဆွမ်းခံကျင့်ဝတ်၊ မချွတ်ဖို့ရာ၊ ဘုရားမှာခဲ့၊
ကောင်းသောအကျင့်၊ ဖြည့်ကျင့် သဘော၊
ဘုရားဟော၏၊ ပစ္စုပ်တမလွန်၊ ကိုးနှစ်တန်ရ
ဓမ္မကျင့်သူ၊ ချမ်းသာဟူ၏" ဟူသော

လေးနက် မွန်မြတ်သော တရားဂါထာတစ်ပုဒ်ကို ဟောမြွက် တော်မူရာ "သုဒ္ဓေါဒန" မင်းကြီးသည် ကြည်လင် သန့်စင်သော ဉာဏ်အမြင်ရရှိ၍ သောတာပတ္တိဖိုလ် သို့ ဆိုက်ရောက် သွားပါသည်။

လေးကျွန်းလုံးကို အစိုးရသောစကြာမင်းကြီး ဖြစ်ရတာထက် မြတ်သော သောတာပန် အရိယာ ဖြစ်သွားပါသည်။

တစ်ပါဒလျှင် ရှစ်လုံး၊ လေးပါဒ သုံးဆယ့်နှစ်လုံးဖြင့် ဟုတ်မှန် စစ်မှန်သော တရားသဘော၏ တန်ဖိုးကို သိရှိဖို့ ရဟန်းရှင်လူတိုင်း လိုအပ်ပါသည်။

မြန်မာနိုင်ငံတော်၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ချုပ်ကြီး၏ စည်းမျဉ်းဥပဒေ ညွှန်ကြားချက်အတိုင်း တစ်နိုင်ငံလုံးရှိ စာသင်တိုက်ကြီးများသည် ပရိယတ္တိစာပေများကို စာချ, စာသင်ရဟန်း သာမဏေများ ပို့ချသင်ကြားပြီး သာသနာပြုလျက် ရှိနေကြပါသည်။

တစ်နိုင်ငံလုံး၌ရှိကြသော သာသနာ့ရိပ်သာများသည် ဆရာစဉ်ဆက်လာသော နည်းနာနယများဖြင့် တရားရှုမှတ်ပွားများအားထုတ်ကာ ပဋိပတ္တိ သာသနာ့တာဝန်ကို အားထုတ်လျက် ရှိနေကြပါသည်။

ဦးစီးနာယကဆရာတော်ကြီးများ၊ သီလရှင် ဆရာကြီးများအနေဖြင့် ဘုရားရှင်၏ သာသနာ ကြာရှည်စွာ တည်ရန် မွန်မြတ်သော ရည်ရွယ်ချက်များဖြင့် ပရိယတ္တိသာသနာ့တာဝန် ပဋိပတ္တိသာသနာ့တာဝန်ကို စေတနာသန့်သန့်ဖြင့် အားထုတ်လျက် ရှိနေကြပါသည်။

**" ငါ့တွက် မြားမြောက်၊ ချမ်းသာရောက်ဖို့၊ ခုလောက်ကြိုးကုတ်၊ အားမထုတ် ဘူး၊ ဗုဒ္ဓမြတ်စွာ၊ သာသနာ၏၊ ရောင်ဝါနေဝန်း၊ ထိန်ထိန်လွှန်းဖို့၊ စွန့်စွန့်စားစား၊ ငါကြိုးစားသည်၊ စိတ်ထား ငါ့မှာ အမြဲတည်း"**

ဤသို့အဓိဋ္ဌာန်၍ကျောင်းပိုင် နာယက ဆရာ-တော်များ၊ စာချဆရာတော်များ၊ စာသင်သား ရဟန်း, သာမဏေများ, သီလရှင်ဆရာလေးများ "မြတ်ဗုဒ္ဓသာသနာ ကြာရှည်စွာတည်တံ့ပြန့်ပွားရေးအတွက်"တက်ညီလက်ညီအားထုတ်ကြစေချင်သည်။

လိုချင်တတ်သော လောဘသည် ဆိုး၏၊ လိုချင်စရာမြင်လျှင် တွေ့လျှင် လိုချင်၏။ စိတ်ဆိုးတတ်သော ဒေါသသည် ဆိုး၏၊ စိတ်ဆိုးစရာတွေ့လျှင် ကြုံလျှင် စိတ်ဆိုးတတ်၏၊ တွေဝေတတ်သောမောဟသည် ဆိုး၏၊ တွေဝေမိန်းမော စရာတွေ့လျှင် ကြုံလျှင် တွေဝေမိန်းမောတတ်၏။ သတ္တဝါတိုင်းကို ဘဝတိုင်းလိုက်ပြီး နှိပ်စက်နေသော တရားဆိုးသုံးပါးဖြစ်ပါသည်။ ဤတရားဆိုးသုံးပါးဝင်ရောက်လာလျှင် လူစစ်လူမှန်မဟုတ်တော့ချေ။ သူတော်ကောင်းမဖြစ်နိုင်ချေ။ အားတော့နာပါ၏၊ လူယုတ်မာဖြစ်သွားပါတော့၏။

စာချဆရာတော်များ၊ စာသင်သားများ၊ စာချ နေစဉ်အတွင်း စာသင်နေစဉ်အတွင်း ဆိုခဲ့ပြီးသော လောဘ၊ ဒေါသ၊ မောဟ တရားဆိုးများ တဒင်္ဂ ချုပ် ငြိမ်းကွယ်ပျောက်နေပါသဖြင့် ထိုကဲ့သို့သော တရား ဆိုးများ မိမိတို့သန္တာန်တွင် တဒင်္ဂပျောက်ကွယ်နေ သော အချိန်ကာလများ

သည်ပင်လျှင်တန်ဖိုးရှိလှ သောအချိန်ကာလများ ဖြစ်နေပါသည်။

သာသနာကြာရှည်စွာ တည်တံ့ခိုင်မြဲရန် စာပေကို သင်ကြားနေသော သံဃာများနှင့် သီလရှင် ဆရာလေးများကို သာသနာပြု ဗုဒ္ဓဘာသာဝင် ဒါယကာ ဒါယိကာမများက စေတနာဖြူစင်စွာထား ၍ ပစ္စည်းလေးဖြာ လှူဒါန်းကြပါရန် နှိုးဆော်တိုက် တွန်းလိုက်ရပါသည်။

ပထမသင်္ဂါယနာ၊ ၁၊ ဒီဃနိကာယ်ကို အရှင် အာနန္ဒာနှင့်တပည့်များ၊ ၂၊ မဇ္ဈိမနိကာယ်ကို အရှင် သာရိပုတ္တရာနှင့်တပည့်များ၊ ၃၊ သံယုတ္တနိကာယ်ကို အရှင်မဟာကဿပနှင့် တပည့်များ၊ ၄၊ အင်္ဂုတ္တရ နိကာယ်ကို အရှင်အနုရုဒ္ဓါနှင့်တပည့်များ၊ ၅၊ ခုဒ္ဒက နိကာယ်တွင် ပါဝင်သော ဝိနည်း ပိဋကတ်ကို အရှင် ဥပါလိနှင့် တပည့်များအား အသီးသီးချပို့သင်ကြားပြီး တာဝန်ပေးအပ်နှံခဲ့ပါသည်။

ပဥ္စမသင်္ဂါယနာ၊ ၁၊ ဒီဃနိကာယ်ကို ရာဇ-ဂုရုဘွဲ့တံဆိပ်တော်ရ ညောင်ကန်ဆရာတော်၊ ၂၊ မဇ္ဈိမနိကာယ်ကို ရာဇဂုရုဘွဲ့တံဆိပ်တော်ရ သာသနာ ပိုင်ဆရာတော် ဦးဥေယျ၊ ၃၊ သံယုတ္တနိကာယ်ကို ရာဇဂုရုဘွဲ့တံဆိပ်တော်ရ ခင်မကန်ဆရာတော်၊ ၄၊ အင်္ဂုတ္တရနိကာယ်ကို ရာဇဂုရုဘွဲ့တံဆိပ်တော်ရ ဗားကရာဆရာတော်၊ ၅၊ ခုဒ္ဒက နိကာယ်များကို ဆရာတော်ကြီး ၁၅-ပါးတို့က တာဝန်ယူ သုတ်သင် ပြင်ဆင်ပို့ချခဲ့ကြပါသည်။

လိုချင်တတ်သော လောဘသည် ဆိုး၏၊

လိုချင်စရာမြင်လျှင် တွေ့လျှင် လိုချင်၏။

စိတ်ဆိုးတတ် သော ဒေါသသည် ဆိုး၏၊


စိတ်ဆိုးစရာတွေ့လျှင်ကြုံလျှင်စိတ်ဆိုးတတ်၏၊

တွေဝေတတ်သောမောဟ သည် ဆိုး၏၊

တွေဝေမိန်းမော စရာတွေ့လျှင် ကြုံလျှင်


တွေဝေမိန်းမောတတ်၏

- မြတ်စွာဘုရား၊ ကိုယ်စားကွဲ့ထားခဲ့ရာ၊
  ဒီ၊ မဇ်၊ သံ၊ အင်္ဂုတ္တ၊ ခုဒ္ဒကအဖြာဖြာ။
- ဘုရားမြတ်သာသနာ၊ တည်ရာဖို့စိတ်ထား၊
  များရှင်လူ အသိကြွယ်မည့်၊ နိကာယ်
  စာသဘင် ပွဲကို၊ ဆင်နွဲစို့လား။
- ဘုရားမြတ်သာသနာ၊ ရှည်ကြာဖို့အရေး၊
  ဆရာဒကာ၊ လက်တွဲကာ ညီညာမှ၊
  တိုးတက်မယ်လေး။ ။





နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ ဖွင့်လှစ်စအချိန် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ
ပဲခူးမြို့မဆရာတော်ဘုရားကြီး ခေါင်းဆောင်သော ငါးနိုင်ငံ ပရိယတ္တိပညာသင်ကြားမှုလေ့လာရေး
မြန်မာကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံသံဃာတော်များနှင့် တွေ့ဆုံဆွေးနွေးစဉ် (၁၉၉၀)




အမေရိကန်နိုင်ငံနယူးယောက်မြို့ ၊ ကမ္ဘာ့ကုလသမဂ္ဂ အဆောက်အအုံ၌ ကျင်းပပြုလုပ်သည့်
၂၀၀၀-ပြည့်ကမ္ဘာ့ဘာသာပေါင်းစုံ ငြိမ်းချမ်းရေးညီလာခံတွင်
မြန်မာနိုင်ငံနိုင်ငံတော် သံဃမဟာနာယကအဖွဲ့သဝဏ်လွှာကို မကွေးဆရာတော်ဘဒ္ဒန္တကုမာရ ဖတ်ကြားနေစဉ်(၂၀၀၀)



ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ ဖွင့်ပွဲအခမ်းအနား စင်မြင့်ပေါ်သို့ နိုင်ငံတော် သံဃမဟာနာယက
ဆရာတော်ကြီးများနှင့်ပြည်ပဆရာတော်များ ကြွရောက်တော်မူကြစဉ်(၂၀၀၄)




ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီး ညီလာခံကြီး ဖွင့်ပွဲအခမ်းအနားအပြီးတွင် နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများနှင့်
ပြည်တွင်း၊ပြည်ပဆရာတော်များ၊နိုင်ငံခေါင်းဆောင်များ၊ဗုဒ္ဓဘာသာခေါင်းဆောင်များ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးစဉ်
( ၂၀၀၄ )



ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးသို့ တက်ရောက်တော်မူကြသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့
အကျိုးတော်ဆောင်ဆရာတော်၊ဒုတိယဥက္ကဋ္ဌဆရာတော်၊တွဲဖက်အကျိုးတော်ဆောင်ဆရာတော်နှင့်
သီတဂူဆရာတော်တို့အား အခမ်းအနားစင်မြင့်၌ ဖူးတွေ့ရစဉ် (၂၀၀၄)




ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးသို့ တက်ရောက်တော်မူကြသော
နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များနှင့်စာသင်တိုက်ပဓာနနာယကဆရာတော်များ (၂၀၀၄)



ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးသို့ တက်ရောက်တော်မူကြသော
ပြည်တွင်းပြည်ပဆရာတော်များအား ညီလာခံစင်မြင့်၌ ဖူးတွေ့ရစဉ်(၂၀၀၄)



နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် နိုင်ငံအကြီးအကဲများ
ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး ကျင်းပပြုလုပ်ရာ ဆဋ္ဌသံဂါယနာ မဟာပါသာဏလိုဏ်ဂူတော်ကြီးသို့ ကြွရောက်လာစဉ်




နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံစင်မြင့်၌ ပြည်တွင်းပြည်ပ သဘာပတိဆရာတော်ကြီးများအား
ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ ကပ်လှူစဉ်(၂၀၀၄)



ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးသို့ တက်ရောက်လာသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ ဖြိုးရေးကောင်စီဝင်
ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်တို့အား
ပြည်ပနိုင်ငံခေါင်းဆောင်များနှင့် အတူတွေ့ရစဉ်(၂၀၀၄)



ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး အောင်မြင်ခြင်းအထိမ်းအမှတ် မော်ကွန်းကမ္ပည်းရေတုပိုဒ်စုံကို
သာသနာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင် ဖတ်ကြားနေစဉ်(၂၀၀၄)



ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီး ကျင်းပပြုလုပ်ရာ မဟာပါသာဏလိုဏ်ဂူတော်ကြီး
အာရာမ်အတွင်း၌ ညီလာခံအထိမ်းအမှတ် ဗောဓိပင်များ စိုက်ပျိုးနေစဉ်(၂၀၀၄)

# နေမင်းပမာ သံဃမဟာနာယကာ
# (တေးထပ်)

မော်ကျွန်း အရှင်ပဏ္ဍိတ

* ယုဂန္ဓိုရ်တောင်ဗွေထက်ဆီက
ထောင်နေစက် ထွက်လာ
မှောင်ချေဖျက် စက္ကဝါဠ်
ရှက်ဖြာဖြာ ရောင်လင်း။ ။

* မြန်ပြည်တွင်း သာသနာ
ယခင်ခါ လင်းထိန်မှုကင်း
သံသံဃ နာယကာ
မဟာပါ ထပ်သွင်း
နေပမာ ပုံတူလင်းလို့
သူဖြေရှင်း နည်းစုံ
ဝိဝါဒါ မိကရုဏ်းကိုဖြင့်
မမွှထုံး ပြခဲ့ဖုံဖုံ။ ။

* ညစ်မျိုးကင်း လမင်းပုံလို
သာသနာ့ဘုံ သန့်သန့်ရှင်းသည်မို့
ပျံ့ပျံ့သင်း ရန့်ထုံသည်
သံဃာ့ဂုဏ်ရည်။ ။

* မြတ်ဘုရား သာသနာသည်
ကမ္ဘာတည် ရှည်အုံးလေလိမ့်လေး။ ။

သဗ္ဗညုဘုရားရှင် တည်ထောင်တော်မူခဲ့သော ဗုဒ္ဓသာသနာတော်မြတ်ကြီးသည် ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓ သာသနာ ဟူ၍ သာသနာတော်သုံးရပ်ရှိရာ "သာသနဿ ဋ္ဌိတိယာ ပရိယတ္တိယေဝ ပမာဏံ" ဗုဒ္ဓသာသနာတော် အရှည်တည်တံ့ခိုင်ခံ့ခြင်း၏ အကြောင်းရင်းသည် ပရိယတ္တိသာသနာတော်သာလျှင် ဖြစ်သည် ဟူ၍ အဋ္ဌကထာ ဆရာမြတ်တို့ မိန့်မှာတော်မူခဲ့ကြသည်။

ပရိယတ္တိစာပေ သန့်ရှင်းတည်တံ့မှသာလျှင် ပဋိပတ္တိနှင့် ပဋိဝေဓ အသီးအပွင့်များ ပေါ်ထွန်းနိုင်ပေမည်။ ပရိယတ္တိသာသနာတော်မှာလည်း နိကာယ်ငါးရပ်၊ ပိဋကသုံးပုံကျမ်းစာအုပ်အားဖြင့် ပါဠိတော်အုပ်ရေ (၄၀)၊ အဋ္ဌကထာ (၅၂)အုပ်။ ဋီကာ (၂၈)အုပ်၊ အထွေထွေကျမ်းစာအုပ် (၂၀၀)ကျော်ဟူ၍ရှိရာ ဤစာပေပရိယတ္တိကို ထွန်းထွန်းပေါက်ပေါက် သင်ယူကျက်မှတ် သိရှိနားလည် ထိန်းသိမ်းထားနိုင်ရန်အတွက် ရဟန်း၊ သာမဏေ သံဃာတော် များရှိရန် လိုအပ်ပေသည်။

သံဃာတော်များသည် စားဝတ်နေရေးအတွက် ပူပန်ကြောင့်ကျစရာမလိုဘဲ ပရိယတ္တိ သင်ယူရေး၊ သင်ကြားပို့ချရေး လုပ်ငန်းစဉ် တစ်ခုတည်းကိုသာ တစိုက်မတ်မတ် ဆောင်ရွက်ကြိုးပမ်းအားထုတ်နေမှသာလျှင် ဤပရိယတ္တိစာပေများကို



ပေါက်ပေါက်ရောက်ရောက် တတ်မြောက်နိုင်ကြမည်ဖြစ်ပေသည်။ လူဝတ်ကြောင်များမှာမူ စားဝတ်နေရေးအတွက် လုံးပမ်းနေရသဖြင့် ဤတာဝန်ကို ကျေပွန်အောင် ထမ်းဆောင်နိုင်ကြမည်မဟုတ်ပေ။

ပရိယတ္တိ သာသနာတော် သန့်ရှင်းစင်ကြယ်စေရန် သင်္ဂါယနာ (၆)ကြိမ် တင်တော်မူခဲ့ကြသည်။ ပရိယတ္တိသာသနာ့တာဝန်နှင့် ပဋိပတ္တိသာသနာ့တာဝန်များကို လက်တွေ့ ထမ်းဆောင်တော်မူကြသော သာသနာ့ဝန်ထမ်း ရဟန်းသာမဏေများသည်လည်း သီလသိက္ခာစင်ကြယ်ရန် လိုအပ်ပေသည်။ ဝိနည်းသိက္ခာပုဒ်တော်များကို လုံခြုံစွာ စောင့်ထိန်းခြင်း (ပါတိမောက္ခ သံဝရသီလ) စက္ခုန္ဒြေစသောဣန္ဒြေကို လုံခြုံစွာ စောင့်ထိန်းခြင်း (ဣန္ဒြိယသံဝရသီလ) ပစ္စည်းလေးပါးကို ပစ္စဝေက္ခဏာ ဆင်ခြင်၍ သုံးဆောင်ခြင်း (ပစ္စယ သန္နိဿိတသီလ)၊ အသက်မွေးမှု စင်ကြယ်ခြင်း (အာဇီဝပါရိသုဒ္ဓိသီလ)ဟူ၍ သီလ(၄)မျိုးကို စင်ကြယ်အောင် ကျင့်သုံးစောင့်ထိန်းဖို့ လိုအပ်ပေသည်။

သာသနာ့ဝန်ထမ်း ရဟန်းတော်များ သီလစင်ကြယ်စေရန် မြတ်စွာဘုရားရှင် လက်ထက်

# ၂၅နှစ်မြောက် ငွေရတု

## သံဃမဟာနာယကအဖွဲ့

## မောင်အုံ(မဟာဝိဇ္ဇာ ၊ ဘုံဘော)



တော်ကလည်း ဆိုဆုံးမခက်သော ရဟန်းဆိုးများကို မြတ်စွာဘုရားရှင်ကိုယ်တော်တိုင် နှိပ်ကွပ်ဆုံးမတော်မူခဲ့ရသည်။ ရှင်ဒေဝဒတ်ကို ပကာသနီယကံပြုစေ၍ သာသနာမှအပ ပြုခဲ့ရသည်။ သုနက္ခတ္တရဟန်းနှင့် အရိဋ္ဌရဟန်းတို့ကို နှိပ်ကွပ်တော်မူခဲ့ရသည်။ ကီဋာဂိရိဇနပုဒ်နေ အဿဇိ၊ ပုနဗ္ဗသုက ဦးဆောင်သော ရဟန်းဆိုးများကို ယင်းတို့ထက် အင်အားများသော သံဃာထုနှင့်အတူတကွ ရှင်သာရိပုတ္တရာကိုယ်တော်တိုင် ဦးဆောင်၍ နှိမ်နင်းတော် မူခဲ့ရသည်။

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် အရှင်မဟာကဿပ ရဟန္တာမထေရ်မြတ်ကြီး ဦးဆောင်၍ သာသနာတော်သန့်ရှင်းစင် ကြယ်ရေးကို ဆောင်ရွက်တော်မူခဲ့သည်။ ထိုသို့ ဆောင်ရွက်ရာ၌ အဇာတသတ်မင်းကြီး၏ အာဏာစက်အကူအညီကို ရယူတော်မူခဲ့သည်။ အဇာတသတ်မင်းမြတ်၏ လျှောက်ထားပုံမှာ- "တုမှာကံ ဓမ္မစက္ကံ၊ အာဏာစက္ကံ မယှံ ဘာရော၊ ဝိဿတ္ထာ ဟောထ" "တရားတော်ဓမ္မစက် အရှည်တည်တံ့ လည်ပတ်စေရန် အရှင်မြတ်တို့၏ တာဝန်ဖြစ်ပါသည်ဘုရား၊ ယင်းဓမ္မစက် လည်ပတ်မှုကို နှောင့်ယှက်မည့် အနှောင့်အယှက်၊ အဟန့်အတား အားလုံးကို တားဆီး နှိမ်နင်း ဟန့်တားရန်ကိစ္စမှာ တပည့်တော်၏တာဝန်သာဖြစ်ပါသည်ဘုရား၊ မတွန့်မဆုတ်၊ ရဲရဲဝံ့ဝံ့၊ လွတ်လွတ်လပ်လပ် ဆောင်ရွက်တော်မူကြပါဘုရား" ဟူ၍ လျှောက်ထားခဲ့သည်။

အဇာတသတ်မင်းမြတ်၏ အာဏာစက်အရှိန်အဝါ ထက်မြက်မှုကြောင့် ပထမသင်္ဂါယနာတင်ပွဲ၌ အနှောင့်အယှက်၊ အဖျက်အဆီး၊ အဟန့်အတား ပြုလုပ်မည့် ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်တစ်စုံတစ်ဦး တစ်ယောက်မျှ မပေါ်ပေါက်ခဲ့ချေ။ ပထမသင်္ဂါယနာတင်ပြီးနောက် ထုလ္လတိဿာအမည်ရှိသော ဘိက္ခုနီမသည် လည်းကောင်း၊ ထုလ္လနန္ဒာ အမည်ရှိ ဘိက္ခုနီမသည်လည်းကောင်း အရှင်မဟာကဿပ မထေရ်ကြီးအား ပြစ်တင်ကဲ့ရဲ့သော စကားကို ပြောဆိုမိသဖြင့် (စရ ပိရေ ဝိနဿ) ပိရေ- ဟယ် အယုတ်တမာမ၊ စရ- ဤသာသနာမှ ထွက်သွားလော့၊ ဝိနဿ- ပျက်စီး လေလော့၊ နှုတ်တော်မြွက်ပြီး ကြိမ်းမောင်းရုံမျှပင် ယင်းဘိက္ခုနီမတို့သည် သင်္ကန်းနှင့်ထိတိုင်း ယားယံလာ၍ သင်္ကန်းချွတ် လူဝတ်လဲသွားရလေသည်။

(ကဿပသံယုတ်၊ ဥပဿယသုတ် နှင့် စီဝရသုတ်၊ နိဒါနဝဂ္ဂသံယုတ်၊ စာ-၄၁၂၊ ၄၁၇)

ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရားရှင်၏ သာသနာတော်အား လှူဒါန်းပူဇော်မှုများသည် အတိုင်းမသိ၊ အလျှံပယ် များပြားလှပေသည်။ ယင်းသို့ လှူဒါန်းပူဇော်သော ပစ္စည်းလေးပါးကို ရယူခံစားလိုမှုကြောင့် သဒ္ဓါတရားမရှိပါဘဲလျက် သာသနာ့ဘောင်သို့ ဝင်ရောက်လာသော ပုဂ္ဂိုလ်အများအပြားပေါ်ထွန်းလာခဲ့သည်။ ယင်းကဲ့သို့ သဒ္ဓါတရားမရှိသော ပုဂ္ဂိုလ်များသည် ပါတိမောက္ခသံဝရ သီလကို မစောင့်ထိန်းဘဲ ဝိကာလ ဘောဇန သိက္ခာပုဒ်၊ သုရာပါနသိက္ခာပုဒ်၊ ရဟောနိသဇ္ဇ သိက္ခာပုဒ်၊ ကယဝိက္ကယ သိက္ခာပုဒ်တို့ကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်ကျူးလွန်မှု ပြုလာခဲ့ကြသည်။ ဓာတ်ရိုက်၊ ဓာတ်ဆင်၊ ဗေဒင်ယာယီယတြာ၊ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်၊ ဝိဇ္ဇာခိုရ်ပုဂ္ဂိုလ်၊ ဘိုးတော်အဖြစ် ဝါကြွား ပလွှားဆောင်ရွက်ကြသည်။ မိမိတို့ ထင်ရာမြင်ရာ

အယူဝါဒများကို ဘုရားဟောတရားတော်အဖြစ် ဟောပြောကြလေတော့သည်။

ထိုအခါ ဗုဒ္ဓသာသနာတော်၌ သာသနာ့ဝန်ထမ်း ရဟန်းသံဃာအရေအတွက် အားဖြင့် အဆမတန် များပြားလာ၍ ရဟန်းစစ် ရဟန်းမှန်များအနေအထိုင်ကြပ်တည်းကျဉ်းမြောင်းလာလေတော့သည်။ ထိုအချိန်အခါမျိုး၌ သာသနာပြုမင်းကောင်း မင်းမြတ်တို့သည် သံဃာ့မထေရ်ဆရာတော်ကြီးများ၏ ဩဝါဒနှင့် လမ်းညွှန်မှုကိုခံယူပြီး သာသနာတော်၏ အညစ်အကြေး အလေးအမွှား တို့ကို သုတ်သင်ခဲ့ကြသည်။

သီရိဓမ္မာသောကမင်းကြီးသည် ရှင်မဟာမောဂ္ဂလိပုတ္တ တိဿ ရဟန္တာမထေရ်ကြီး၏ ဩဝါဒတော်ကို ခံယူ၍ ရဟန်းတု၊ ရဟန်းယောင်ခြောက်သောင်းကျော်တို့ကို အဝတ်ဖြူလဲစေ၍ သာသနာတော် သန့်ရှင်းအောင် ဆောင်ရွက်တော်မူခဲ့သည်။

သီရိလင်္ကာနိုင်ငံ၌ ပရက္ကမဗာဟု မင်းတရားကြီးသည် ရှင်အနုရုဒ္ဓါ၊ ရှင်သာရိပုတ္တရာ၊ ရှင်သုမင်္ဂလသာမိစသော သံဃာ့မထေရ်ကြီးများ၏ ဦးဆောင်မှုကို ခံယူ၍ သာသနာတော်၏ အညစ်အကြေးများကို သုတ်သင်တော်မူခဲ့သည်။

ပုဂံပြည်၌ အနိရုဒ္ဓဒေဝ အမည်ရှိသော အနော်ရထာမင်းမြတ်သည် ရဟန္တာရှင်အရဟံမထေရ်၏ဩဝါဒကိုခံယူ၍ အရည်းကြီးရဟန်းဆိုးများကို လူဝတ်လဲစေပြီး စစ်မှန်သော ထေရဝါဒဗုဒ္ဓသာ သနာတော်ကို သထုံပြည်မှ ပင့်ဆောင်၍ ပုဂံပြည်၌ ထေရဝါဒဗုဒ္ဓ သာသနာတော် အခွန့်ရှည်ကြာ တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်တော်မူခဲ့သည်။ မြန်မာနိုင်ငံတွင် အဆက်ဆက်သော သာသနာပြု မင်းကောင်း မင်းမြတ်တို့သည် သာသနာတော်အား ချီးမြှောက် ထောက်ပံ့ခြင်း သာသနာတော်၏ ဘေးရန်နှင့်အညစ်အကြေးတို့ကို သုတ်သင်တော်မူခြင်းဖြင့် သာသနာတော် သန့်ရှင်းစင်ကြယ်စေရန် ဆောင်ရွက်တော်မူခဲ့ကြသည်။

ကိုလိုနီခေတ် မြန်မာနိုင်ငံတွင် အာဏာစက်အကူအညီ မရသော်လည်း လယ်တီဆရာတော်၊ မာန်လည်ဆရာတော်စသော ဆရာတော်ကြီးများက မိမိတို့၏ သီလ၊ သမာဓိ၊ ပညာ တန်ခိုး ရှိန်စော် အာနုဘော်ဖြင့် လွှမ်းမိုး၍ သာသနာတော်ကို သန့်ရှင်းစင်ကြယ်အောင် ထိန်းသိမ်းစောင့်ရှောက်တော်မူခဲ့ကြသည်။

ဒုတိယကမ္ဘာစစ်အတွင်း၌ လည်းကောင်း၊ စစ်ပြီးကာလ လွတ်လပ်ရေးခေတ် ပြည်တွင်းဆူပူသောင်းကျန်းမှုကာလ၌လည်းကောင်း၊ ဒါယကာ၊ ဒါယိကာမများသည် စစ်ဘေး စစ်ဒဏ် တိမ်းရှောင်ခိုလှုံရန် ကျောင်း ကန် ဘုရားများအတွင်းသို့ ဝင်ရောက်နေထိုင်ကြသည်။ ထိုအခါ ရဟန်းတော်များမှာ (ဂိဟိသံသဋ္ဌ) လူများနှင့် အနီးကပ်ရောနှောဆက်ဆံရခြင်းကြောင့် သီလသိက္ခာလုံခြုံအောင် ထိန်းသိမ်းရန် အခက်အခဲ တွေ့ကြုံရလေသည်။

ပါတိမောက္ခ သံဝရ သီလ၊ ဣန္ဒြိယ သံဝရ သီလ၊ အာဇီဝပါရိသုဒ္ဓိ သီလများကို လုံခြုံအောင် စောင့်ထိန်းရန် ခက်ခဲလာလေတော့သည်။ ဒါယကာ၊ ဒါယိကာမများအနေဖြင့်လည်း အရောဝင် အရိုသေတန် ဆိုသလို ဖြစ်လာလေတော့သည်။ နှစ်ဦး နှစ်ဖက် ချို့ယွင်းချက် အပြစ်အနာအဆာများ ဖြစ်ပေါ်လာလေတော့သည်။ ဒါယကာ၊ ဒါယိကာမများသည် နေရေးထိုင်ရေး၊ သွားရေးလာရေး လွယ်ကူမှုကြောင့် ကျောင်းကန်ဘုရား

များအတွင်းမှ ထွက်ခွာမသွားလိုကြတော့ပေ။

ထို့ပြင် ရာဇဝတ်မှု၊ နိုင်ငံရေးမှုပုန်ကန်မှု ကျူးလွန်သော ပုဂ္ဂိုလ်များသည်လည်း သာသနာတော်၏ အရိပ်ကိုခိုလှုံ၍ ရှင်ယောင်ရဟန်းယောင် ဆောင်ခဲ့ကြသည်။ သိက္ခာမတင်၊ သိမ်မဝင်ဘဲ မိမိအလိုအလျောက် သင်္ကန်းဝတ်ပြီး ရှင်ယောင်ရဟန်းယောင်ဆောင်ကာ အလှူခံပြီး သားကျွေးမှု မယားကျွေးမှု ဆောင်ရွက်လာကြတော့သည်။ ပိုင်ဆိုင်ရန် အငြင်း ပွားမှု ဝိဝါဒါဓိကရုဏ်း နှင့် ဓမ္မ အဓမ္မ ဝိဝါဒါဓိ ကရုဏ်းများသည် အကြမ်းဖက်မှုများဖြစ်ပွားသည်အထိ ခက်ထန်ကြမ်းတမ်း လာလေတော့သည်။

ဤအခြေအနေကို တွေ့ကြုံနေကြရ၍ သာသနာတော် သန့်ရှင်းစင်ကြယ်စေလိုသော စိတ်ဆန္ဒသည် ဆရာတော် သံဃာတော်ကြီးများ၏ သန္တာန်၌ တိုးပွား ဖြစ်ပေါ်လာလျက်ရှိပေသည်။ ထိုကဲ့သို့ အလိုဆန္ဒတော် ဖြစ်နေသည့်အခိုက်၌ နိုင်ငံတော်အစိုးရ၊ သာသနာရေးဝန်ကြီးဌာန၏ လျှောက်ထားတောင်းပန်မှုကြောင့် ဂိုဏ်းပေါင်းစုံ သံဃာ့စည်းအဝေးပွဲကြီး ဖြစ်မြောက်ရေး (၆၆) ပါး သံဃာ့ဝန်ဆောင်အဖွဲ့ကို ရွေးချယ်တော်မူကြသည်။ (၆၆) ပါး သံဃာ့ဝန်ဆောင်အဖွဲ့၌ သုဓမ္မာဂိုဏ်းမှ (၅၈) ပါး၊ မဟာဒွါရဂိုဏ်းမှ (၂) ပါး၊ မူလဒွါရဂိုဏ်း မှ (၁) ပါး၊ ရွှေကျင်ဂိုဏ်းမှ (၅) ပါး ပါဝင်ကြပါသည်။

(၆၆- ပါးစာရင်း နောက်ဆက်တွဲ"က")

ဤစာရေးသူသည် (၆၆) ပါး သံဃာ့ဝန်ဆောင်အဖွဲ့သို့ တင်ပြနိုင်ရန်အတွက် ရဟန်းစာရင်းကို မြို့နယ်အလိုက်၊ ကျောင်းတိုက်အမည်၊ ရဟန်းတော်တစ်ပါးစီ၏ ဘွဲ့အမည်တို့ကို ဖော်ပြလျက် တစ်လအတွင်း ရဟန်း (တစ်သိန်း) ကျော်စာရင်းကို ဝန်ကြီးအမိန့်အရ ပြုစုတင်ပြခဲ့ရသည်။ လက်နှိပ်စက် (၁၁)လုံးကို ဝန်ထမ်း (၃၃) ယောက် နံက်ဆိုင်း၊ ညနေဆိုင်း၊ ညဆိုင်း ဟူ၍ တစ်ဆိုင်းလျှင် (၈) နာရီ စီခွဲပြီး ဖယောင်းစက္ကူပေါ်၌ သံဃာစာရင်းရိုက်နှိပ်ခြင်းကို ကိုယ်တိုင်တာဝန်ခံ ပရုဖတ်ခဲ့ရာ နေ့မအား၊ ညမနား တာဝန်ထမ်းဆောင်ခဲ့ပါသည်။

တစ်ဖန် (၆၆)ပါးသော သံဃာ့ဝန်ဆောင် ဆရာတော်များသည် အောက်ပါအတိုင်း အဖွဲ့ငယ် (၄) ဖွဲ့ခွဲခြား ဖွဲ့စည်းဆောင်ရွက်ခဲ့ကြသည်-

(က) သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ် ရွေးချယ်ရေးနည်းလမ်း စည်းကမ်းပြုစု ရေးဆွဲ ရေးအဖွဲ့ငယ်၊

(ခ) သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ဖွဲ့စည်းရန် အခြေခံစည်းမျဉ်းရေးဆွဲ ရေးအဖွဲ့ငယ်၊

(ဂ) ဝိနည်းဓမ္မကံဆိုင်ရာသံဃာ့အဓိကရုဏ်းများ ဖြေရှင်းဆုံးဖြတ်ရေး နည်းလမ်းများ ရေးဆွဲရေးအဖွဲ့ငယ်၊

(ခ) သာသနာဝင်လက်မှတ် စိစစ်ရေးအဖွဲ့ငယ် (၄-ဖွဲ့ စာရင်းနောက်ဆက်တွဲ'က'-၁မှ၄)။

ယင်းအဖွဲ့ငယ်များသည် နေ့စဉ်နံက် (၈) နာရီ (သို့မဟုတ်) နေ့လယ် (၁) နာရီတွင် အစည်းအဝေးထိုင်၍ စည်းမျဉ်းစည်းကမ်း မူကြမ်းများ ရေးဆွဲခြင်း၊ ဝေဖန်ဆွေးနွေးခြင်း၊ ပြင်ဆင်ခြင်း၊ အတည်ပြုပြဋ္ဌာန်းခြင်း၊ ဆုံးဖြတ်ချက်များချမှတ်ခြင်း ပြုတော်မူကြသည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို နေ့မကူးစေဘဲ ရေးသားပြုစု အချောကိုင်၍ နောက်တစ်နေ့အစည်းအဝေးပွဲသို့ အချိန်မီ တင်ပြရသည်မှာ စာရေးသူ၏ တာဝန်ပင်ဖြစ်ပါသည်။ ထို့ပြင် အဆိုပါ အဖွဲ့ငယ်များ၏ ဆုံးဖြတ်ချက်များကို

သံဃာ့ဝန်ဆောင် (၆၆) ပါး စုံညီ အစည်းအဝေးသို့ ပြန်လည်တင်ပြပြီး ဝေဖန်ဆွေးနွေးခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ အတည်ပြုခြင်းများ ပြုလုပ်၍ အစည်းအဝေးမှတ်တမ်းများကို တစ်ရက်တည်းဖြင့် အပြီး ရေးသားပြီး အဖွဲ့ဝင် ဆရာတော်ကြီးများဖတ်ရှုနိုင်ရန် အချိန်မီ တင်ပြရသည်။

လုပ်ငန်းအစီစဉ်မှာလည်း ပြက္ခဒိန်၊ နေ့စွဲ၊ ရက်စွဲ၊ သတ်မှတ်ပြီးဖြစ်နေ၍ သတ်မှတ်သည့်ရက်အတိုင်း ပြီးမြောက်အောင် ဝေဖန်ဆွေးနွေးချက်များ၊ အတည်ပြုချက်များ၊ ဆုံးဖြတ်ချက်မှတ်တမ်းများကို အတည်ပြုချက်များရယူ၍ ပုံနှိပ်စာမူ ဖြစ်မြောက်အောင် ဆောင်ရွက်ရာမှာ လည်း ဤစာရေးသူပင် ဖြစ်ပါသည်။ (၆၆) ပါး သံဃာ့ဝန်ဆောင် ဆရာတော်ကြီးများသည် မိမိတို့တာဝန်ကျရာ မြို့နယ်အသီးသီးသို့ အထက်တွင် ဖော်ပြထားသော စာတန်း (ပထမမူကြမ်း) စာအုပ် (၄)မျိုးကို ယူဆောင်၍ သက်ဆိုင်ရာမြို့၌ မြို့နယ်လုံးကျွတ် သံဃာ့အစည်းအဝေးပွဲများ ခေါ်ယူပြီး (ပထမမူကြမ်း) စာတန်းများကို ဝေငှပြီး ရှင်းလင်းဖတ်ကြားလျှောက်ထားမှုပြုကြရပါသည်။ ယင်းမြို့နယ်သံဃာတော်များထံမှ ဝေဖန်ချက်များ၊ အကြံပြုချက်များ၊ ပြင်ဆင်ချက်များကို နာယူမှတ်သားခဲ့၍ ဇမ္ဗူဒီပကျောင်းဆောင်သို့ ပြန်လည်ကြွရောက်တော်မူကြပြီးလျှင် အဆိုပါ အကြံပြုချက်များ ဝေဖန်ချက်များကို (၆၆) ပါး သံဃာ့ဝန်ဆောင်အဖွဲ့စုံညီ အစည်းအဝေးသို့ ပြန်လည် တင်ပြပြီး လက်ခံသင့်သည်ကို လက်ခံ၍ ပြုပြင် ပြင်ဆင်သင့်သည်ကို ပြင်ဆင်ခြင်းများပြုလုပ်တော်မူကြပါသည်။

အဖွဲ့ငယ် အလိုက် အစည်းအဝေးသို့ တင်ပြပြီးနောက်(၆၆)ပါးစုံညီ အစည်းအဝေး၏ အတည်ပြုချက်ရယူ၍ (ဒုတိယအကြိမ်မူ ကြမ်း) စာတန်း (၄) မျိုးကို ထပ်မံ ပြုစုအတည်ပြုပြီး ပုံနှိပ်ခဲ့ပါသည်။

စာရေးသူမှာ အဖွဲ့ငယ်များ အစည်းအဝေးမှတ်တမ်း အချိန်မီ နေ့ချင်းပြီး ထုတ်ဝေနိုင်ရေးနှင့် (၆၆) ပါး စုံညီ အစည်းအဝေးမှတ်တမ်း အချိန်မီ ထုတ်ဝေနိုင်ရေး၊ ယင်းအတည်ပြုပြီး (မူကြမ်း) (၄) မျိုးကို တစ်မျိုးလျှင်အုပ်ရေ (၆၀၀၀၀) ခန့်ပုံနှိပ်ရိုက်ထုတ်ရာ၌ ပရုအချောဖတ်ခြင်း တာဝန်ကို ထမ်းဆောင်ခဲ့ရပါသည်။ ရံဖန်ရံခါပုံနှိပ်ပြီး စာဖောင်အချို့မှာ (၆၆) ပါး ဝန်ဆောင်အဖွဲ့၏ နောက်ထပ်ပြင်ဆင်ချက်ကြောင့် ပထမရိုက်နှိပ်ပြီး စာဖောင် (၆၀၀၀၀) ကို မီးရှို့ဖျက်ဆီးခဲ့ရသည်များလည်းရှိပါသည်။ ဖော်ပြပါ စာတမ်း (၄) မျိုးကို (၆) လအတွင်း ပြုစုရာ၌ ဖယောင်းရွက်ရေ တစ်သောင်းကျော်နှင့် စစ်တောင်းစက္ကူ တန် (၃၀၀) ကျော် အသုံးပြုခဲ့ရပါသည်။ လက်ရေးမူစာကြမ်း ရေးသားခြင်း၊ ယင်းကိုလက်နှိပ်စက်တင်ခြင်း၊ လက်နှိပ်စက်စာကြမ်းကို ဖယောင်းစာချောဖြစ်အောင် ပြုလုပ်ခြင်း၊ စာရွက်အတွဲမမှားအောင် စစ်ဆေး၍ တွဲချုပ်ခြင်း၊ ဆရာတော် ကြီးများထံ အချိန်မီ စာတန်းများ ဆက်ကပ်ခြင်းတို့ကို စာရေးသူတာဝန်ခံ ဆောင်ရွက်ခဲ့ရပါသည်။

သာသနာရေးဝန်ကြီးဌာန ဝန်ကြီးသည် ရံခါ နံနက်ပိုင်း၊ နေ့ခင်းပိုင်းများ၌ ဆရာတော်ကြီးများနှင့် တွေ့ဆုံဆွေးနွေး၍ များသောအားဖြင့် ညပိုင်းတွင် နေ့စဉ်လိုလို လာရောက်ဆွေးနွေးလျှောက်ထားလေ့ရှိသည်။ ဆရာတော်ဦးဉာဏာဘိဝံသ၊ ဆရာတော်ဦးဝဏ္ဏသိရီ၊ ဆရာတော်ဦးတေဇောဘာသ၊ ဆရာတော်ဦးသိရိန္ဒာဘိဝံသ၊

ဆရာတော် ဦးဝေပုလ္လ စသော ဆရာတော်များနှင့် ညနေ (၆) နာရီမှ ည (၉) နာရီအထိ ဖော်ပြပါ စာတမ်း (၄) မျိုးဖြစ်မြောက်ရေးအတွက် အခြေအတင် ဆွေးနွေး လေ့ရှိသည်။ စာရေးသူနှင့်ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြည်ညွှန့်တို့သည် ဆွေးနွေးချက်များ ကို ရေးမှတ်ထားပြီး ည (၉) နာရီအချိန်တွင် ဝန်ကြီး ပြန်သွားသောအခါ စာရေးသူနှင့် ဦးကြည်ညွှန့်တို့ မှတ်မိသမျှ ညှိနှိုင်းပြီးလက်ရေးမူစာကြမ်းပြုစုကြရသည်။ ည(၁၂) နာရီခန့်တွင် စာကြမ်းပြီးစီး၍ ညွှန်ကြားရေးမှူးချုပ်ဦးကြည်ညွှန့် အိမ်ပြန်သွားခဲ့ပါသည်။ စာရေးသူသည် နောက်တစ်နေ့ အစည်းအဝေးတင်ပြနိုင်ရန် လက်ရေးမူစာကြမ်းကို လက်နှိပ်စက်မူကြမ်းအဖြစ် ရိုက်နှိပ်စေပြီး ယင်းလက်နှိပ်စက်မူစာကြမ်း ကို အချောကိုင်ပြီး ဖယောင်းပေါ်၌ စာချောရိုက်နှိပ်စေသည်။ ညနာရီပြန် (၂) ချက်ခန့်တွင် ဖယောင်းစာမူချောပြီးစီး၍ အကျိုးတောင်ဆောင် ပုသိမ်ဆရာတော် ဦးရေဝတ အိပ်ပျော်နေသည်ကို နှိုးပြီးလက်မှတ်ထိုးပေးရန် လျှောက်ထားရသည်။ ဆရာတော်ကြီးသည် အိပ်မှုန်စုံမွှားဖြင့် စာတစ်လုံးမှ ဖတ်မကြည့်ဘဲ စာရေးသူအပေါ် ယုံကြည်မှုဖြင့် လက်မှတ်ရေးထိုးပေးလိုက်သည်။

ထို့နောက် ရုံးအဖွဲ့မှူးအဖြစ် ဆောင်ရွက်သော သာသနာရေး ဦးစီးအရာရှိ ဦးတင်အောင်ထံသို့ စာမူကို အပ်နှံပြီး အိမ်သို့ ပြန်ခဲ့သည်။ ဦးတင်အောင်နှင့် အဖွဲ့သားများသည် ဖယောင်းစာမူကို စာရွက် (၂၀၀) ကျော်ရအောင် (ဂက်စတင်နာ) လှည့်ခြင်း၊ စာရွက်များတွဲခြင်း ကို သေချာစေစပ်စွာ ညလုံးပေါက် လုပ်ဆောင်ခဲ့သည်။ ထိုသို့ လုပ်ဆောင်သော်လည်း စာရေးသူသည် စိတ်မချသဖြင့် နံနက် (၅) နာရီခွဲတွင် အိပ်ရာမှထပြီး ဇမ္ဗူ ဒီပကျောင်းဆောင်သို့ အရောက်သွားပြီး စာမူများကို သေချာစွာ ထပ်မံ စိစစ် ဖတ်ရှုခဲ့ပါသည်။

ဤနည်းအားဖြင့် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး ပြုလုပ်ချိန်အထိ (၆)လခန့် နေ့စဉ်နေ့တိုင်း ည (၂) နာရီ လောက်မှ အိမ်ပြန်ခဲ့ရသည်။ နံနက် (၅) နာရီတွင် အိပ်ရာမှထ၍ လုပ်ငန်းခွင်ဝင်ခဲ့ရခြင်း ကြောင့် စာရေးသူ၏ကလေးငယ်များသည် (၆) လခန့် ဖခင်၏မျက်နှာကိုမမြင်ဘူးကြချေ။ စာရေးသူသည် တစ်နေကုန် တစ်နေခန်း ထိုင်နေရမှုကြောင့် အိမ်ပြန်ရောက်လျှင် ချက်ချင်း မအိပ်နိုင်သေးဘဲ ပေါင်ကြားများ ပူလောင်နေသည်ကို အေးသွား အောင် ရေဖျန်းခြင်း၊ ယပ်ခတ်ခြင်း ပြုပြီးမှ အိပ်နိုင်ပါ သည်။ ယခင်က နံနက်စောစော ပိုင်းတွင် လိုဏ်ဂူတော်ပတ် လမ်းလျှောက်ခြင်း၊ တန်းဘားဆွဲခြင်း၊ ဒိုက်ထိုးခြင်းစသော ကျန်းမာရေး လေ့ကျင့်ခန်းများ ပြုလုပ်လေ့ရှိခဲ့သော်လည်း ဤသံဃာ့အဖွဲ့ အစည်းဆိုင်ရာ လုပ်ငန်းများ ပေါ်ပေါက်လာသည့်အချိန်မှစ၍ ယင်းကျန်းမာရေး လေ့ကျင့်ခန်းများ မပြုလုပ်နိုင်တော့ဘဲ စွန့်လွှတ် ထားလိုက်ရသည်။ လက်ရေးမူဖြင့် ရေးခဲ့ရသော စာမူကြမ်းများနှင့် လက်နှိပ်စက်စာမူကြမ်း များကို ပြင်ဆင်ဖြည့်စွက်သည့် စာရွက်စာတမ်းများကို စုပုံထားခဲ့ရာ ၄-ပေခန့် မြင့်လာခဲ့ပါသည်။

သံဃာ့ဝန်ဆောင် (၆၆) ပါးတို့၏လုပ်ငန်းစဉ်မှာ ၁-၂-၈၀ နေ့မှ ၂၄-၂-၈၀ နေ့အထိ ပထမမူကြမ်း စာတမ်း (၄) မျိုးပြုစု၍ ပုံနှိပ်စာချောမူ ပြုလုပ်တော်မူကြသည်။ ၂၅-၂-၈၀ နေ့မှ ၂၃-၃-၈၀ နေ့အထိ မြို့နယ်အလိုက် ရှင်းလင်းပွဲများပြုလုပ်၍

အကြံပြုချက်များ ရယူတော်မူကြသည်။ ၂၆-၃-၈၀ နေ့မှ ၅-၄-၈၀ အထိ ဒုတိယမူကြမ်း စာတမ်းများ ပြုစုတော်မူကြသည်။ ၈-၄-၈၀ မှ ၂၈-၄-၈၀ အထိ မြို့နယ်အလိုက် ဒုတိယအကြိမ် ရှင်းလင်းပွဲများပြု လုပ်၍ အကြံပြုချက်များ ရယူခဲ့ပါသည်။

၁-၅-၈၀ နေ့မှ ၂၅-၅-၈၀ နေ့အထိ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးသို့တင်သွင်းရန် စာတမ်း (၄) မျိုးအပြီးသတ်ပြုစုတော်မူကြသည်။ ၂၉-၃-၈၀ နေ့မှ ၁၇-၄-၈၀ နေအထိ မြို့နယ် အသီးသီးသို့ သံဃာ့ဝန်ဆောင်ဆရာတော်များကိုယ်တိုင် ဆင်း၍ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီးသို့ တက်ရောက်ခွင့်ရှိသော သံဃသမ္မုတိရသံဃာ့ကိုယ်စားလှယ်ကြီးကြပ်ရွေးချယ်ခြင်းနှင့် စာရင်းပြုစုခြင်းတို့ကို ဆောင်ရွက်တော်မူကြသည်။

ဂိုဏ်းပေါင်းစုံသံဃာ့ အစည်းအဝေးပွဲကြီးကို နယုန်လဆန်း ၁၁၊ ၁၂၊ ၁၃၊ ၁၄ နေ့များ၊ ၁၉၈၀ပြည့်နှစ်၊ မေလ ၂၄၊ ၂၅၊ ၂၆၊ ၂၇ နေ့များတွင် ကျင်းပရန် သတ်မှတ်ပြီး သံဃာ့ကိုယ်စားလှယ်ဆရာတော်များကို မေလ ၂၁၊ ၂၂ နေ့များအရောက် ပင့်ဆောင်ခဲ့ပါသည်။ ယင်းသို့ အစည်းအဝေးပွဲကြီးကျင်းပရာ၌ စနစ်တကျ ဖြစ်စေရန် ကြီးကြပ်နိုင်ရေးအတွက် ဆရာတော်ကြီးများသည်-

(က) ဦးဆောင်ဆရာတော်များအဖွဲ့
(ခ) ကိုယ်စားလှယ်စိစစ်ရေးအဖွဲ့
(ဂ) ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့
(ဃ) အစီအစဉ်ရေးဆွဲရေးနှင့် မှတ်တမ်းပြုစုရေးအဖွဲ့
(င) အဆိုလွှာစိစစ်ရေးအဖွဲ့ တို့ကို ဖွဲ့စည်း၍ တာဝန်အသီးသီး ခွဲဝေဆောင်ရွက်တော်မူကြသည်။ ဒါယကာများဘက်မှလည်း -

(က) ကြိုဆိုရေးအဖွဲ့ငယ်
(ခ) ကျန်းမာရေးအဖွဲ့ငယ်
(ဂ) ဆောက်လုပ်ရေးနှင့် မွမ်းမံပြင်ဆင်ရေးအဖွဲ့ငယ်
(ဃ) အခမ်းအနားပြင်ဆင်ရေးအဖွဲ့ငယ်
(င) ဘဏ္ဍာရေးနှင့်အလှူခံရေးအဖွဲ့ငယ်
(စ) ကြိုဆို/သယ်ယူပို့ဆောင်ရေးအဖွဲ့ငယ်
(ဆ) ဆွမ်းကွမ်းချက်ပြုတ်ရေးအဖွဲ့ငယ်
(ဇ) သတင်းနှင့် ပြန်ကြားရေးအဖွဲ့ငယ်

တို့ကို ဖွဲ့စည်းထားရှိပါသည်။

### ပထမနေ့အစည်းအဝေး

မဟာပါသာဏလိုဏ်ဂူတော်အတွင်း၌ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးကျင်းပရာ ပထမနေ့တွင် သံဃာ့အဖွဲ့အစည်းအခြေခံ စည်းမျဉ်း (မူကြမ်း) နှင့် ဝိနည်းဓမ္မကံလုပ်ထုံးလုပ်နည်း များ (မူကြမ်း)၊ သာသနာ့ဝင်မှတ် တမ်း (မူကြမ်း) တို့ကို ဖတ်ကြားတင်သွင်းသည်။ ယင်းစာတမ်းများကို သီးခြားဂိုဏ်းများက ပထမနေ့တွင် ဝေဖန်ဆွေးနွေး ကြသည်။

### ဒုတိယနေ့အစည်းအဝေး

ဒုတိယနေ့၌ သီးခြားဂိုဏ်းနှင့် ပြည်နယ်တိုင်းများမှ ဆက်လက်ဝေဖန်ဆွေးနွေးကြပါသည်။ ယင်းဝေဖန်ချက်များကို သံဃာ့ဝန်ဆောင်အဖွဲ့က ပြန်ကြားလျှောက်ထား၍ သံဃာ့ အဖွဲ့အစည်းအခြေခံ စည်းမျဉ်းကို ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးက အတည်ပြုတော်မူကြသည်။

ဒုတိယနေ့၊ ညနေပိုင်းမှာပင် ယင်းအခြေခံစည်းမျဉ်းနှင့်အညီ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်

အဖွဲ့ဝင်များရွေးချယ်နိုင်ရန် အခြေခံဒေသအလိုက်လည်းကောင်း၊ ဂိုဏ်းအလိုက်လည်းကောင်း ညှိနှိုင်းတော်မူကြသည်။

## တတိယနေ့အစည်းအဝေး

တတိယနေ့ နံနက်(၈) နာရီတွင် ပြည်နယ်/တိုင်းအလိုက်၊ ဂိုဏ်းအလိုက် ညှိနှိုင်းရွေးချယ်ထားသော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် (၂၉၉)ပါးစာရင်းကို ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးသို့တင်သွင်းပြီး အတည်ပြုပေးတော်မူကြသည်။

ယင်းတတိယနေ့နံနက် (၉) နာရီတွင် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး ခေတ္တရပ်နား၍ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အဖွဲ့ ပထမအကြိမ် အစည်းအဝေးကို ကျင်းပသည်။ ယင်းနိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အစည်းအဝေး၌ ပဲခူးမြို့မ ဆရာတော် ဘုရားကြီးကို ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ



များအဖြစ် ညောင်တုန်း ရွှေဟင်္သာတောရ ဆရာတော်ဘဒ္ဒန္တဝိမလ၊မန္တလေး တောင်သမန်တိုက် ပုသိမ်ဆရာတော် ဘဒ္ဒန္တရေဝတ တို့ကိုလည်းကောင်း၊ အကျိုးတော်ဆောင် ဆရာတော်အဖြစ် မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီးကိုလည်းကောင်း၊ တွဲဖက်အကျိုးတော်ဆောင် ဆရာတော်များအဖြစ် ဟင်္သာတလယ်တီကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တခေမာထုဓ နှင့်သန်လျင်မင်းကျောင်းဆရာတော် ဘဒ္ဒန္တဝဏ္ဏသိရီတို့ကိုလည်းကောင်း တင်မြှောက်တော်မူ ကြသည်။

ယင်းဥက္ကဋ္ဌများနှင့် အကျိုးတော်ဆောင် ဆရာတော်များသည် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၏ ဥက္ကဋ္ဌ နှင့်အကျိုးတော်ဆောင်များ ဖြစ်ကြသည့်အပြင် နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့၏ဥက္ကဋ္ဌနှင့် အကျိုးတော်ဆောင် ဆရာတော်များလည်း ဖြစ်ကြသည်။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၃၃) ပါးသတ်မှတ်ထားသဖြင့် ကျန်သောအဖွဲ့ဝင် (၂၇)ပါး ဘွဲ့အမည်စာရင်းကို တင်သွင်းပြီး နိုင်ငံတော် သံဃမဟာနာယက ဆရာတော်များအဖြစ် အတည်ပြုဖွဲ့စည်းတော်မူကြသည်။

(မဟန- ၃၃ ပါးစာရင်းနောက်ဆက်တွဲ"ခ")

ယင်းတတိယနေ့ နံနက် (၁၁) နာရီ (၄၀) မိနစ် အချိန်တွင် ဇမ္ဗူဒီပကျောင်းဆောင် အစည်းအဝေးခန်းမ၌ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ ပထမအကြိမ်အစည်းအဝေးကို ကျင်းပ၍ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီး (၈၁) ပါးကို ရွေးချယ်လျာထားခြင်း၊ မဟာနာယက (၁၁) ပါး စီ သုံးဖွဲ့ခွဲ၍ (၄) လတစ်ကြိမ် အလှည့်ကျ ရုံးထိုင်ရန် သတ်မှတ်ခြင်း တို့ကို ဆုံးဖြတ်တော်မူကြသည်။

ယင်း တတိယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံ

တော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အစည်းအဝေး ကို မဟာပါသာဏလိုဏ်ဂူတော်ကြီးအတွင်း၌ ကျင်းပနိုင်၍ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများစာရင်းကို အတည်ပြုခြင်း၊ သံဃာ့အဖွဲ့ အစည်းလုပ်ထုံးလုပ်နည်းများကို အတည်ပြုခြင်း၊ သီလရှင်များ၏သာသနာနွယ်ဝင်မှတ်တမ်းကို အတည်ပြု ခြင်းများဆောင်ရွက်တော်မူကြသည်။

### စတုတ္ထနေ့အစည်းအဝေး

နယုန်လဆန်း (၁၄) ရက် (၂၇-၅-၈၀) နေ့ စတုတ္ထနေ့တွင်မဟာပါသာဏလိုဏ်ဂူတော်ကြီး အတွင်း၌ ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီး ကျင်းပရာ ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းများ တင်သွင်း အတည်ပြုခြင်း၊ သံဃာတော်များ၏ သာသနာဝင်မှတ်တမ်းကို အတည်ပြုခြင်း၊ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးနှင့်စပ်လျဉ်း၍

(က) ပရိယတ္တိစာမေးပွဲများ ပြုပြင်ကျင်းပသွားရန်၊

(ခ) ဘုရားပုံတော်၊ စေတီပုံတော်များကို ပြက္ခဒိန်နှင့် စာအုပ်မျက်နှာဖုံး စသည် ပြုလုပ်သုံးစွဲခြင်းမပြုရန်၊

(ဂ) ရဟန်းတော်များနေထိုင်ရာ ကျောင်းတိုက်အတွင်းမှ အမြဲနေလူပုဂ္ဂိုလ်များ ကို ဖယ်ရှားပေးရန်၊

(ဃ) ရဟန်းတု၊ ရဟန်းယောင်များဖယ်ရှား ပေးရန်

ဟူသော သမိုင်းတွင် မော်ကွန်းတင်ရမည့် ဆုံးဖြတ်ချက်ကြီး (၄) ရပ်ကိုချ မှတ်နိုင်ခဲ့ပါ သည်။

ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီး မစနိုင်မီ သံဃာ့ဝန်ဆောင်အဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်တစ်ပါးဖြစ်တော်မူသော အဘိဇဓမဟာရဋ္ဌဂုရု၊ ပြည်မြို့ပွင့်လှသိမ်ကုန်းဆရာတော်ဘဒ္ဒန္တတိက္ခ ပျံလွန်တော်မူခဲ့၍ ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းများရေးဆွဲရေးအဖွဲ့ငယ်ဥက္ကဋ္ဌ တောင်ဘီလူးချောင်ဆရာတော်ဘဒ္ဒန္တပုညာဘိနန္ဒတို့ပျံလွန်တော်မူခဲ့ပါသည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၃၃) ပါးဖြင့် ဖွဲ့စည်းဆောင်ရွက်စဉ်က တတိယအဖွဲ့ခွဲ ၌ အဖွဲ့ဝင်ဆရာတော်ဟင်္သာတမြို့ ဘဒ္ဒန္တတိက္ခဓမ္မာနန္ဒသည် ၁၉၈၀-ခုနှစ်၊ဝါမဆိုမီ ပျံ လွန်တော်မူခဲ့၍ ယင်းနေရာ၌ ညောင်တုန်းမြို့၊ ပုဏ္ဏမာရာမဈေးကျောင်းဆရာတော် ဘဒ္ဒန္တဩဘာသာဘိဝံသကို အစားထိုးရွေးချယ်တင်မြှောက်တော်မူခဲ့ကြသည်။



**မဟာနာယက (၄၅)ပါး**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကို အဖွဲ့ခွဲ (၃) ဖွဲ့ခွဲခြား၍ ဆောင်ရွက်ခဲ့ရာတွင် တစ်ဖွဲ့လျှင် ဥက္ကဋ္ဌနှင့် အကျိုးတော်ဆောင်ဆရာတော် (၁) ပါးစီသာပါရှိသဖြင့် ဥက္ကဋ္ဌဆရာတော်မကျန်းမာခြင်း၊ ခရီးလွန်ခြင်းအကြောင်းတစ်ခုခုဖြစ်လာသောအခါ အဖွဲ့ခွဲအစည်းအဝေး သဘာပတိအဖြစ် ဆောင်ရွက်နိုင်မည့် ပုဂ္ဂိုလ်မရှိသောကြောင့် ပုံမှန်အစည်းအဝေးပြုလုပ်ရန် အခက်အခဲ တွေ့ရှိရပေသည်။ ယင်းအခက်အခဲကို ပြေလည်စေရန်အတွက် တစ်နှစ်ပြည့်မြောက်သော ၁၉၈၁-ခုနှစ်၊ ဇွန်လ ဒုတိယအကြိမ် ဗဟိုသံဃာ့ဝန်ဆောင်အစည်းအဝေး၌ သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းကို ပြင်ဆင်ဖြည့်စွက်၍ (၃၃) ပါးအစား (၄၅) ပါးတိုးချဲ့ဖွဲ့စည်းတော်မူကြသည်။ ထို့ကြောင့် ဒုတိယဥက္ကဋ္ဌ (၅) ပါး၊ တွဲဖက်အကျိုးတော်ဆောင် (၅) ပါးဖြစ်လာ၍ အဖွဲ့ခွဲတစ်ခုလျှင် အဖွဲ့ဝင် (၄) ပါးစီ ထပ်မံဖြည့်စွက်ဖွဲ့စည်းတော်မူကြသည်။

ပထမအဖွဲ့ခွဲ၌ ပဲခူးမြို့မဆရာတော်ကြီး နှင့် မင်းကွန်းတိပိဋကဓရဆရာတော်တို့ပါဝင်၍ ဒုတိယဥက္ကဋ္ဌအဖြစ် မြင်းခြံဆရာတော်၊ တွဲဖက်အကျိုးဆောင်အဖြစ် ပေါင်းတည် ဘဒ္ဒန္တတေဇောဘာသာဘိဝံသတို့ပါဝင်ကြသည်။ ဒုတိယအဖွဲ့ခွဲ၌ ညောင်တုန်းရွှေဟသ်ာ တောရဆရာတော် ဘဒ္ဒန္တဝိမလနှင့် ဟရာဏသီ ဆရာတော် ဘဒ္ဒန္တအာနန္ဒပဏ္ဍိတတို့က ဒုတိယဥက္ကဋ္ဌ အဖြစ်ဆောင်ရွက်ကြ၍ တွဲဖက်အကျိုးတော် ဆောင်အဖြစ် ဘဒ္ဒန္တခမာဝုဓနှင့် သထုံဝံသဆရာ တော်ဘဒ္ဒန္တပညာဝံသတို့ ဆောင်ရွက်တော်မူကြသည်။ တတိယအဖွဲ့ခွဲ၌ ပုသိမ်ဆရာတော်ဘဒ္ဒန္တရေဝတ နှင့် ဖျာပုံကျောင်း ဆရာတော် ဘဒ္ဒန္တသြဘာသာဘိဝံသတို့က ဒုတိယဥက္ကဋ္ဌအဖြစ်ဆောင်ရွက်တော်မူကြ၍ တွဲဖက်အကျိုးတော်ဆောင်များအဖြစ် ဘဒ္ဒန္တဝဏ္ဏသိရီနှင့်ဘဒ္ဒန္တဉာဏာဘိဝံသတို့က ဆောင်ရွက်တော်မူကြသည်။

ယင်းကဲ့သို့မဟာနာ ယကဆရာတော် (၃၃) ပါးမှ (၄၅) ပါးအဖြစ် တိုးချဲ့ဖွဲ့စည်းရာ၌ ပထမအဖွဲ့ခွဲတွင် တောင်ငူ မြစည်းခုံ ဦးတိက္ခသာရ၊ မိတ္ထီလာ သာသနဝေပုလ္လကျောင်း ဦးကေလာသာဘိဝံသ၊ မုဒုံနှီးပဒေါကျောင်း ဦးဂုဏ၊ လားရှိုး မြို့လယ်ကျောင်း ဘဒ္ဒန္တ ကဝိန္ဒာစာရတို့ကို ဖြည့်စွက်ခဲ့သည်။ ဒုတိယအဖွဲ့ခွဲ၌ မန္တလေးဘုရားကြီးတိုက် အမရပူရ ဦးဥက္ကံသာဘိဝံသ၊ သရက်အောင်မင်္ဂလာ ဦးကေသရ၊ ဝန်းသို မန်ကျည်းကုန်းကျောင်း ဦးအာစာရ၊ ညောင်ရွှေ ကန်ကြီးပရိယတ္တိကျောင်း ဦးဝိမလာဘိဝံသ (ရွှေကျင်) တို့ကို ဖြည့်စွက်ခဲ့သည်။ တတိယအဖွဲ့ခွဲ၌ ပုသိမ်ရေကြည်မင်္ဂလာ ဦးက္ခေန္ဓာဘာသ၊ ဟသ်ာတရတနာ့ဗိမာန်ကျောင်း ဦးလာဘသာမိ၊ တွံတေးညောင်ဝိုင်းကျောင်း ဦးနန္ဒဝံသ၊ စစ်ကိုင်းလေးကျွန်းမြေအုဋ်ကျောင်း ဦးသာဂရတို့ကို ဖြည့်စွက်ခဲ့သည်။

(မဟာနာယက ၄၅-ပါး စာရင်းနောက်ဆက်တွဲ'ဂ')

**ဒုတိယအကြိမ်မဟာနာယကအဖွဲ့**

(၅) နှစ်သက်တမ်းပြည့်၍ ၁၉၈၅-ခုနှစ်၊ ဇွန်လတွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အစည်းအဝေးနှင့် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီး ကျင်းပသောအခါ သံဃာ့အဖွဲ့အစည်းလုပ်ထုံးလုပ်နည်းများကိုပြင်ဆင်၍ ဒုတိယအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကို (၄၇) ပါးအဖြစ် တိုးချဲ့ဖွဲ့စည်းလိုက်ပါသည်။ အကြောင်းမှာ ပဲခူးမြို့မ

ဆရာတော်ဘုရားကြီးသည် သက်တော်ရွယ်တော် ကြီးရင့်မှုကြောင့်လည်းကောင်း၊ မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးမှာ နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်ကြီးဖြစ်မြောက်ရေးလုပ်ငန်းများဆောင် ရွက်နေရမှုကြောင့်လည်းကောင်း၊ အထူးအားဖြင့် ဥက္ကဋ္ဌဆရာတော်ဘုရားကြီးနှင့်အကျိုးတော်ဆောင် ဆရာတော်တို့မှာ (၁၅) ပါး အဖွဲ့ခွဲ၌ ပါဝင်၍ အစည်း အဝေးထိုင်ခဲ့ပါကယင်းဆရာတော်ကြီးများပါဝင်သော အစည်းအဝေးဆုံးဖြတ်ချက်ကို ထပ်မံပြင်ဆင်ရန်မသင့် လျော်သောကြောင့်လည်းကောင်း၊ (၁၅) ပါး အဖွဲ့ခွဲ အစည်းအဝေးများ ဆုံးဖြတ်ချက်များကို ဥက္ကဋ္ဌ ဆရာတော်နှင့် အကျိုးတော်ဆောင်ဆရာတော် တို့ဦးစီးသော (၄၇) ပါးစုံညီ အစည်းအဝေးက ပြင်ဆင် ဖြည့်စွက်မှုပြုခြင်းသည် ပိုမိုသင့်လျော်သောကြောင့်လည်း ကောင်း ဖြစ်ပါသည်။ ယင်းဆရာတော်ကြီး (၂)ပါးသည် အပတ်စဉ် အဖွဲ့ခွဲအစည်းအဝေးများ၌ တက်ရောက်ရန် မလိုတော့ဘဲ (၄၇) ပါးစုံညီ (၄) လတစ်ကြိမ်ကျင်းပ သည့်အခါမှသာလျှင် အစည်းအဝေးတက်ရောက်ရန် သတ်မှတ်တော်မူကြပြီး အဖွဲ့ခွဲ (၃) ဖွဲ့၌ ဒုတိယဥက္ကဋ္ဌ (၂) ပါးစီ၊ တွဲဖက်အကျိုးတော်ဆောင် (၂) ပါးစီ စုစု ပေါင်း ဒုတိယဥက္ကဋ္ဌ (၆) ပါး၊ တွဲဖက်အကျိုးတောင် ဆောင်ဆရာတော် (၆) ပါး ဖြစ်အောင်တိုးချဲ့ ပြုပြင် ဖွဲ့စည်း၍ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး လုပ်ငန်းများကို ဆောင်ရွက်တော်မူကြသည်။

၁၉၈၅-ခုနှစ်တွင် (၄၇) ပါးအဖြစ်တိုးချဲ့ဖွဲ့စည်း ရာ၌ ဥက္ကဋ္ဌဆရာတော်နှင့် အကျိုးတော်ဆောင်ဆရာ တော်တို့သည် အဖွဲ့ခွဲများနှင့် မသက်ဆိုင်တော့သဖြင့် ပထမအဖွဲ့ခွဲ၌ (၂) နေရာလစ်လပ်ခဲ့ပါသည်။ ဥက္ကဋ္ဌ ဆရာတော်ကြီး နေရာတွင် ပဲခူးခရိုင်၊ ညောင်လေးပင်၊ ပြွန်တန်ဆာမြို့မှ ဆရာတော်ဘဒ္ဒန္တဇာနုတ္တရကို အစားထိုးရွေးချယ်တင်မြောက်ခဲ့ပါသည်။ အကျိုးတော် ဆောင်ဆရာတော်ကြီးနေရာ၌ တမူးမြို့မှ ဆရာတော် ဦးပညိန္ဒကို အစားထိုး ရွေးချယ် တင်မြောက်ခဲ့ပါသည်။ အမှန်စင်စစ် အကျိုးတော် ဆောင်ဆရာတော်ကြီးနေရာ တွင် စစ်ကိုင်းခရိုင်မှ အစား ထိုးရွေးချယ်တင်မြောက်ရန် ဖြစ်သည်။ ၁၉၈၁-ခုနှစ်၊ မဟာနာယက (၄၅) ပါးတိုးချဲ့ဖွဲ့စည်းစဉ်က ခန္တီးခရိုင် မော်လိုက်ခရိုင်တို့မှ တင်မြောက်ရန်ဖြစ်သော်လည်း ယင်းခရိုင်များ၌ သံဃာအရေအတွက် နည်းပါးခြင်းကြောင့် စစ်ကိုင်း ခရိုင်မှ စစ်ကိုင်းတောင်ရိုး လေးကျွန်းမြေအုဌ်ကျောင်း ဆရာတော် ဘဒ္ဒန္တသာဂရကို ရွေးချယ် တင်မြောက်ခဲ့ သဖြင့် ယခုတစ်ဖန် အကျိုးတော်ဆောင် ဆရာတော် နေရာ၌ အစားထိုး ရွေးချယ်ရန် ပေါ်လာသောအခါ စစ်ကိုင်းခရိုင်မှ ရွေးရန်မလိုတော့ဘဲ ခန္တီးခရိုင်၊ တမူးမြို့ မှ အစားထိုး ရွေးချယ်တင်မြောက်ခွင့် ပေးခဲ့ရခြင်း ဖြစ်ပေသည်။

ပထမအဖွဲ့ခွဲမှ ဥက္ကဋ္ဌဆရာတော်နှင့် အကျိုးတော်ဆောင်ဆရာတော်တို့ကို သီးခြားအဆင့်မြှင့် သတ်မှတ်လိုက်သဖြင့် ပထမအဖွဲ့ခွဲ၌ ဒုတိယဥက္ကဋ္ဌ တစ်ပါးနှင့် တွဲဖက်အကျိုးဆောင်တစ်ပါးကို ထပ်မံ ဖြည့်စွက် ပေးလိုက်ရလေသည်။ ဒုတိယဥက္ကဋ္ဌ ဆရာ တော်မှာ ခြောက်ထပ်ကြီးဆရာတော် ဦးအာဒိစ္စရံသီ ဖြစ်၍ တွဲဖက် အကျိုးတော်ဆောင် ဆရာတော်မှာ မိတ္ထီလာဆရာတော် ဦးကေလာသာဘိဝံသ ဖြစ်လာ သည်။ ဒုတိယအကြိမ် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ သက်တမ်း၌ ပထမအဖွဲ့ခွဲတွင် စစ်တွေ ဦးနရသီဟဆရာတော်အစား လရောင်ဝင်းဆရာတော် ဦးကဝိန္ဒကို အစားထိုးခဲ့သည်။ မိုးမိတ်ဆရာတော် ဦးဓမ္မာနန္ဒအစား မိုင်းနောင်ဆရာတော် ဦးပဏ္ဍိတကို အစားထိုးရွေးချယ်တင်မြောက်ခဲ့ကြသည်။

ဒုတိယအဖွဲ့ခွဲ၌ မော်လမြိုင်အရှေ့ကုံကော် ဆရာတော် ဦးဝါယမအစား ရွှေပရိယတ္တိကျောင်း ဆရာတော် ဦးကုမာရာဘိဝံသအားလည်းကောင်း၊ ကဒုံစီး ဆရာတော် ဦးရဝိန္ဒ အစား သထုံဦးဇောတိကကို လည်းကောင်း၊ ရွှေကိုဝေဠုဝန် ဦးဉာဏိန္ဒအစား ရွှေကိုပုခန်းဆရာတော် ဦးဝိမလာဘိဝံသကိုလည်းကောင်း၊ ဘုရားကြီးတိုက် အမရပူရ ဦးဥက္ကံသာဘိဝံသအစား နယားဆရာတော် ဦးမေဓိယာဘိဝံသကို လည်းကောင်း အစားထိုး ရွေးချယ်တင်မြှောက်ခဲ့ကြသည်။ ရွှေကျင်ဂိုဏ်းမှလည်း ညောင်တုန်း ရွှေဟင်္သာတောရ ဆရာတော် ဦးဝိမလ နှင့် ဗာရာဏသီဆရာတော် ဦးအာနန္ဒပဏ္ဍိတတို့၏ နေရာ၌ ဝါဆိုဆရာတော် ဦးအဂ္ဂိယနှင့် ဗဟန်း ဝိသုဒ္ဓါရုံမှ ဦးကောဏ္ဍညတို့ကို အစားထိုးရွေးချယ် တင်မြှောက်ခဲ့ကြ သည်။ ယင်း ဒုတိယအဖွဲ့ခွဲ၌ ဆရာတော်ဦးခမာဝစနှင့် ဗန်းမော်ရွှေကူ ဦးဇဝနတို့သည် ဒုတိယဥက္ကဋ္ဌများ ဖြစ်လာကြ၍ ညောင်ရွှေ ဆရာတော်ဦးဝိမလာဘိဝံသ နှင့် သထုံဝံသဆရာတော် ဦးပညာဝံသတို့သည် တွဲဖက် အကျိုးတော်ဆောင် ဆရာတော်များ ဖြစ်လာကြသည်။

တတိယအဖွဲ့ခွဲ၌ ပုသိမ်ဆရာတော် ဦးရေဝတ အစား ရွှေသင်း ဦးဝိစာရာဘိဝံသက အဖွဲ့ဝင် ဖြစ်လာ ခဲ့သည်။ ဖျာပုံ ဦးသြဘာသာဘိဝံသအစား ကမာရွတ် ပျော်ဘွယ်ကျောင်းမှ ဦးဥဇ္ဇောတာဘိဝံသ အဖွဲ့ဝင် ဖြစ်လာသည်။ ရမည်းသင်း ဆင်ကျုံးဆရာတော်အစား တပ်ကုန်း ဦးသုမန အဖွဲ့ဝင်ဖြစ်လာသည်။ ဖျာပုံ ဦးဓမ္မစက္က အစား ဖျာပုံ ဦးအရိယဝံသ အဖွဲ့ဝင် ဖြစ်လာသည်။ တတိယအဖွဲ့ခွဲ၌ ဦးဥတ္တရာဘိဇနှင့် ဦးဉာဏာဘိဝံသ တို့သည် ဒုတိယဥက္ကဋ္ဌများ ဖြစ်လာ ကြ၍ တွဲဖက်အကျိုးတော်ဆောင် ဆရာတော်များမှာ ဦးဝဏ္ဏသိရီ နှင့် ဦးလာဘသာမိ တို့ဖြစ်ကြသည်။ (ဒုတိယအကြိမ် မဟာနာယက ၄၇-ပါး စာရင်း နောက်ဆက်တွဲ 'ဃ')

**တတိယအကြိမ် မဟာနာယကအဖွဲ့**

ဒုတိယအကြိမ် သံဃာ့အဖွဲ့ အစည်း၏ သက်တမ်းမှာ ၁၉၉၀-ပြည့်နှစ်တွင် ကုန်ဆုံးသည်။ ၁၉၉၀-မှ ၁၉၉၅-ခုနှစ်အထိ တတိယအကြိမ်သံဃာ့ အစည်းအဝေးသက်တမ်း၌ နိုင်ငံတော်သံဃမဟာ နာယကဆရာတော်များ အပြောင်းအလဲများစွာ ဖြစ်ခဲ့သည်။ ၁၉၉၀-ပြည့်နှစ် ရွေးချယ်တင်မြှောက်ပွဲ ပထမအဖွဲ့ခွဲမှ ခြောက်ထပ်ကြီးဆရာတော် ဦးအာဒိစ္စ ရံသီ ပျံလွန်၍ အောင်မြေဘုံစံ ဆရာတော် ဦးပညိန္ဒာ ဘိဝံသကို အဖွဲ့ဝင်အဖြစ် ရွေးချယ်ခဲ့သည်။ ဓမ္မိကာ ရာမ ဦးကုမာရာဘိဝံသအစား မဟာဝိသုတာရာမ မကွေး ဦးကုမာရကို ရွေးချယ်၍ တွဲဖက်အကျိုး တော်ဆောင် ဆရာတော် တင်မြှောက်ခဲ့ပါသည်။ ရွှေ ပေါက်ပင်ဆရာတော် ဦးဝေပုလ္လ နေရာ၌ ပခုက္ကူ အလယ်တိုက် ဦးကုသလ ရွေးချယ်ခံရ၍ ယင်း ဆရာတော် ပျံလွန်တော်မူသောအခါ အလယ်တိုက် မှပင် ဆရာတော် ဦးသူရိယကို အစားထိုးရွေးချယ် တင်မြှောက်ခဲ့သည်။ ရှမ်းပြည်နယ်မှ မိုင်းနောင် ဦးပဏ္ဍိတ အစား ပင်လုံဦးသောဘိတ ကို အစားထိုး ရွေးချယ် တင်မြှောက်ခဲ့သည်။ စစ်တွေ လရောင်ဝင်း ဦးကဝိန္ဒ အစား စစ်တွေမြို့မကျောင်းဆရာတော် ဦးခန္တီကို ရွေးချယ်ခဲ့သည်။

ထို့ကြောင့် မဟာနာယက ပထမအဖွဲ့ခွဲ၌ မြင်းခြံ ဆရာတော်နှင့်စလင်းဦးကိတ္တိတို့က ဒုတိယ ဥက္ကဋ္ဌများ ဖြစ်၍ မိတ္ထီလာဦးစန္ဒိမာနှင့် မကွေး ဦးကုမာရတို့က တွဲဖက်အကျိုးတော်ဆောင်များ ဖြစ်ကြသည်။

မဟာနာယကဒုတိယအဖွဲ့ခွဲ၌ ဦးခမာဝစ နှင့် ဦးသုပညိန္ဒာဘိဝံသတို့က ဒုတိယဥက္ကဋ္ဌများ

ဖြစ်ကြ၍ သထုံဝံသဆရာတော်နှင့် ရွှေဦးကုမာရာဘိဝံသတို့က တွဲဖက်အကျိုးတော်ဆောင်များ ဖြစ်ကြသည်။ ၁၉၉၂-ခုနှစ်၊ ရွှေဦးကုမာရ ပျံလွန်တော်မူရာ သရက်ဆရာတော် ဦးကေသရက တွဲဖက်အကျိုးတော်ဆောင် ဖြစ်လာခဲ့ပြီး ရွှေဦးကုမာရာဘိဝံသ၏ အဖွဲ့ဝင် တစ်နေရာအတွက် မော်လမြိုင် စိန်မမဆရာတော်ဦးသူရိယာဘိဝံသကို ရွေးချယ်ခဲ့သည်၊ သထုံဝိဇ္ဇာဘာဂီ ဦးဇောတိက အစား ပေါင်မြို့ ဦးကုသလ ကိုရွေးချယ်ခဲ့သည်။ ရွှေကူ ဦးဇဝနအစား မြစ်ကြီးနားဦးသီလဝံသကို ရွေးချယ်ခဲ့သည်၊ မူလဒွါရဂိုဏ်းမှ ဦးသဟမ္ပတိ အစား ဦးသုစိတ္တက အားရွေးချယ်ခဲ့ကြသည်။ ရွှေကျင်ဂိုဏ်းမှ ဦးတိလောကနှင့် ဦးစန္ဒိမာဘိဝံသတို့ကို အဖွဲ့ဝင်အဖြစ် တင်မြှောက်ခဲ့ကြသည်။

တတိယအဖွဲ့ခွဲ၌ ဖျာပုံဦးအရိယ နေရာ၌ မော်ကျွန်းဆရာတော် ဦးကုသလသာမိကို ရွေးချယ်၍ ဒုတိတဥက္ကဋ္ဌဖြစ်လာသည်။ အနားယူသွားသော ဒုတိယဥက္ကဋ္ဌ ဦးဥတ္တရာဘိဓဇ၏ အဖွဲ့ဝင်နေရာ၌ ကြို့ပင်ကောက်ဆရာတော် ဦးနရိန္ဒာစာရ အဖွဲ့ဝင်ဖြစ်လာသည်။ တွံတေး၊ ညောင်ဝိုင်းကျောင်းဆရာတော် ဦးနန္ဒဝံသ အနားယူသွားရာ၌ ပဥ္စနိကာယ ဆရာတော် တိပိဋကရေဦးကောသလ္လကို ရွေးချယ်ခဲ့ကြသည်။ တစ်ဖန်ကမာရွတ်ပျော်ဘွယ်ကျောင်း ဆရာတော် ဦးဥဒ္ဓောတာဘိဝံသ ပျံလွန်ရာ၌ နာဂလိုဏ်ဂူ ကလေးဝတောရဆရာတော် ကိုရွေးချယ်ကြသည်။ တပ်ကုန်းဦးသုမန နေရာ၌ ပျော်ဘွယ်မြို့ ရေလယ်ကျောင်း ဆရာတော် ဦးကောဝိဒကို ရွေးချယ်ကြသည်။ ဝေဠုဝန်ဂိုဏ်းမှ ဆရာတော် ဦးကုမုဒ နေရာ၌ ညောင်တုန်း ဦးပညာဒီပ၊ ထို့နောက် စမ်းချောင်းဝေဠုဝန် ဦးသုန္ဒရကို ရွေးချယ်သည်။

၁၉၉၃-ခုနှစ်တွင် ပဲခူးမြို့မဆရာတော်ပျံလွန်တော်မူသွားသောအခါ မြင်းခြံဆရာတော်သည် ၁၉၉၄-ခုနှစ်၊ မတ်လတွင် ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခြင်းခံရသည်။ မြင်းခြံဆရာတော်၏ဒုတိယဥက္ကဋ္ဌ နေရာ၌ အောင်မြေဘုံစံဆရာတော်က ဒုတိယဥက္ကဋ္ဌ ဖြစ်လာသည်။ ၁၉၉၂-ခုနှစ်၊ ဒီဇင်ဘာလတွင် မင်းကွန်း တိပိဋကရေဆရာတော်ပျံလွန်တော်မူခဲ့၍ သန်လျင်မင်းကျောင်းဆရာတော် ဦးဝဏ္ဏသိရီ အကျိုးတော်ဆောင်ဖြစ်လာသည်။ ဦးဝဏ္ဏသိရီ၏ တွဲဖက်အကျိုးတော်ဆောင်နေရာ၌ ညောင်တုန်း ဦးဩဘာသာဘိဝံသက တွဲဖက်အကျိုးတော်ဆောင် ဖြစ်လာသည်။ ထို့အပြင် ဦးဝဏ္ဏသိရီ အခြေခံဒေသမှ မဟာနာယက ဆရာတော်တစ်ပါး တင်မြှောက်ရမည်ဖြစ်၍ တွံတေး ဆရာတော် ဦးဥေယျအဖွဲ့ဝင်အဖြစ် အစားထိုး တင်မြှောက်ခံရသည်။

၁၉၉၂-ခုနှစ်တွင် တွဲဖက်အကျိုးတော်ဆောင်ဆရာတော် ဦးတေဇောဘာသာဘိဝံသ အနားယူသွားသောအခါ မိတ္ထီလာဆရာတော် ဦးစန္ဒိမာကို တွဲဖက်အကျိုးတော်ဆောင်တင်မြှောက်သည်။ ပေါင်းတည် ဦးတေဇောဘာသဘိဝံသ၏ အဖွဲ့ဝင်နေရာ၌ ပြည်ဇောတိကာရုံ ဦးကုဏ္ဍလဇောတိကို ရွေးချယ်တော်မူကြသည်။ အကျိုးတော်ဆောင်ဆရာတော် ဦးဝဏ္ဏသိရီသည် ၁၉၉၄-ခုနှစ်၊ မေလတွင်ပျံလွန်တော်မူ၍ ၁၉၉၅-ခုနှစ်၊ မတ်လ အစည်းအဝေးတွင် မကွေးဆရာတော်ကြီးအား အကျိုးတော်ဆောင်အဖြစ် တင်မြှောက်ကြသည်။ မကွေးဆရာတော်၏ တွဲဖက်အကျိုးတော်ဆောင်နေရာ၌ ပြင်ဦးလွင်မှ ဦးပညာသီဟကို တွဲဖက်အကျိုးတော်ဆောင်အဖြစ် တင်မြှောက်ကြသည်။ ပြင်ဦးလွင် ဦးပညာသီဟသည် မြင်းခြံဆရာတော်ကို ဥက္ကဋ္ဌ

အဖြစ်တင်မြှောက်ရာ၌ မဟာနာယကအဖွဲ့ဝင် တစ်နေရာကို၊ မြင်းခြံခရိုင်မှ အစားထိုးရွေးချယ် တင်မြှောက်ရမည်ဖြစ်သော်လည်း ပြင်ဦးလွင်ခရိုင်နှင့် ကျောက်ဆည်ခရိုင် ၂-ခရိုင်ပေါင်း ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် (၈) ပါးရှိပါလျက် မဟာနာယက တစ်နေရာမျှမပေးဘဲထားခြင်းသည် မသင့်လျော်ပါကြောင်း ဆွေးနွေးတင်ပြချက်များအရ လောလောဆယ်လစ်လပ်နေသော မြင်းခြံခရိုင်နေရာကို ပြင်ဦးလွင်၊ ကျောက်ဆည် ၂-ခရိုင်သို့ ခေတ္တချေးငှားထားရန်ညှိနှိုင်းပြီး ပြင်ဦးလွင် ဦးပညာသီဟကို မြင်းခြံဆရာတော်ကြီးနေရာ၌ မဟာနာယကအဖွဲ့ဝင် အဖြစ်တင်မြှောက်ခဲ့ကြခြင်း ဖြစ်ပေသည်။ (တတိယအကြိမ် မဟာနာယက ၄၇-ပါး စာရင်း နောက်ဆက်တွဲ"င")

**စတုတ္ထအကြိမ်မဟာနာယကအဖွဲ့**

၁၉၉၅-ခုနှစ်၊ စတုတ္ထအကြိမ်ရွေးချယ်တင်မြှောက်ပွဲ၌ မန္တလေးခရိုင်မှ မဟာနာယက (၄) နေရာယူထားသည်ကို တစ်နေရာ ပြန်လည်လျော့ပေါ့၍ ပြင်ဦးလွင်နှင့်ကျောက်ဆည်ခရိုင်သို့ မဟာနာယက တစ်နေရာပေးလိုက်သည်။ ပြင်ဦးလွင်ဆရာတော် ဦးပညာသီဟသည် တရားဝင်ရရှိထားသော ပြင်ဦးလွင်ခရိုင်၊ ကျောက်ဆည်ခရိုင် မဟာနာယကတစ်နေရာကိုပြောင်းရွှေ့ယူလိုက်သည်။ ထို့ကြောင့် မြင်းခြံခရိုင် တစ်နေရာအတွက်ဇေယျာလင်္ကာရဆရာတော် ဘဒ္ဒန္တကိတ္တိကို တင်မြှောက်ကြသည်။

၁၉၉၅-ခုနှစ်၊ စတုတ္ထအကြိမ်သံဃာ့အဖွဲ့အစည်းရွေးချယ်တင်မြှောက်နိုင်ရန် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး ကျင်းပခဲ့ပါသည်။ ဤအစည်းအဝေးကြီး၌ နိုင်ငံတော်သံဃမဟာနာ ယက အဖြစ်ရွေးချယ်ခံခွင့်ကို အများဆုံး (၂) ကြိမ်သာ သတ်မှတ်ပေးရန် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဝင်များက အဆိုပြုတင်ပြလာကြသည်။

နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော်ကြီးများက ရွေးချယ်ခံခွင့် (၂) ကြိမ်သတ်မှတ်ခြင်းကို သဘောတူညီကြသော်လည်း အကြိမ်ကိုစတင်ရေတွက်ရာ၌ ယခုရောက်ဆဲ စတုတ္ထအကြိမ်ကို စတင်ရေတွက်လိုကြသည်။ အချို့သော ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များက ၁၉၈၀-ပြည့်နှစ်၊ ပထမအကြိမ်မှစ၍ ရေတွက်လိုကြသည်။ အချို့သော ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များက လက်ရှိ ရောက်ဆဲ စတုတ္ထအကြိမ်ကို ဒုတိယအကြိမ် အဖြစ်သတ်မှတ်လိုကြသည်။ ယင်းကဲ့သို့ အယူအဆများ ကွဲပြားနေခဲ့ကြသည်။

၂၅%လျော့နည်း

ထိုအချိန်တွင် သာသနာရေးဝန်ကြီးဌာန၊ ဝန်ကြီးက ဖေါ်ပြပါမူကို ရေးဆွဲတင်ပြ၍ သဘောတူအ တည်ပြုချက်ရယူခဲ့ပါသည်။ ယခုလက်ရှိ ဆောင်ရွက် နေသည့်ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးကို ၅-နှစ်တစ်ကြိမ် ပုံမှန်အစည်းအဝေး ခေါ်ယူခြင်း မပြုတော့ဘဲ သာသနာတော်အတွက် အရေးကြီးကိစ္စ ပေါ်ပေါက်လာမှသာလျှင် ဂိုဏ်းပေါင်းစုံသံဃာ့ အစည်းအဝေးပွဲကြီးခေါ်ယူရန်၊

သံဃာ့အဖွဲ့အစည်းသက်တမ်းကို (၆) နှစ်ပြည့်သည့်အချိန်မှစ၍ (၃) နှစ်တစ်ကြိမ် သံဃနာယကအဖွဲ့ဝင် ဆရာတော် အချင်းချင်း သံဃာ့ဆန္ဒကို (၄) ပုံ (၁) ပုံလျော့ပေး၍ သံဃာ့ဆန္ဒအနည်းဆုံး ရရှိသောဆရာတော်မှစ၍ (၄) ပုံ (၁) ပုံ (သို့မဟုတ်) ၂၅%နုတ်ထွက်ပေးရန်၊

အကယ်၍ ယင်း (၃) နှစ်သက်တမ်းအတွင်း၌ ပျံလွန်တော်မူ၍သော်လည်းကောင်း၊ မကျန်းမာသဖြင့်အနားယူ၍သော်လည်းကောင်း၊ မိမိ၏စိတ်ဆန္ဒအလျောက်အနားယူလျှင်သော်လည်းကောင်း၊ ၂၅%(သို့မဟုတ်) (၄) ပုံ (၁) ပုံလျော့ပြီး ဖြစ်နေပါက လျှို့ဝှက်ဆန္ဒခံယူခြင်းမပြုတော့ဘဲ လစ်လပ်သော နေရာများ၌ အစားထိုး ရွေးချယ်တင်မြှောက်ကြရန်၊

ဤနည်းအားဖြင့် (၃) နှစ်တစ်ကြိမ် (၃) ကြိမ်ဆောင်ရွက်ပြီးပါက စတုတ္ထအကြိမ်တွင် ကျန်သော (၄)ပုံ (၁) ပုံအဖွဲ့ဝင်ဆရာတော်များသည် မိမိအလိုအလျောက်နုတ်ထွက်ပြီးဖြစ်ရန်၊

ဤသို့လျှင် သံဃမဟာနာယကအဖွဲ့အတွင်း၌ သက်တမ်းအားဖြင့် တစ်ပါးလျှင် (၁၂) နှစ်သက်တမ်းစီ အုပ်စု (၄)စု ဖြစ်သွား၍ ပထမအုပ်စုသည် နောက် (၁၂) နှစ်ပြည့်သောအခါ အလိုအလျောက် နုတ်ထွက်ပြီး ဖြစ်ပေမည်။

ထို့ကြောင့် ၂၀၀၁-ခုနှစ်တွင် ပဥ္စမအကြိမ် သံဃာ့အဖွဲ့အစည်းသက်တမ်းအစ၌ ဤစနစ်ကို စတင်ကျင့်သုံးခဲ့ရာ ၂၀၀၄-ခုနှစ်တွင် ဒုတိယအကြိမ် ကျင့်သုံးခဲ့ပေသည်။ ၂၀၀၇- ခုနှစ်တွင် ဤစနစ်အတိုင်း ဆောင်ရွက်ပြီးပါက နောက်စတုတ္ထအကြိမ် (၃) နှစ်တွင် လျှို့ဝှက်ဆန္ဒခံယူရန်မလိုတော့ဘဲ အလိုအလျောက် အလှည့်ကျ သက်တမ်းများ အသီးသီး ကုန်ဆုံးသွားကြမည်ဖြစ်ပေသည်။

ဤနည်းအားဖြင့် ဆောင်ရွက်ရာ၌ သံဃနာယကအဖွဲ့အစည်းများအတွင်း၌ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အကျိုးတော်ဆောင်၊ တွဲဖက်အကျိုးတော်ဆောင် အစားထိုးတင်မြှောက်ခြင်းကို သက်ဆိုင်ရာသံဃနာယကအဖွဲ့ဝင်များ၏ဆန္ဒဖြင့်သာ ရွေးချယ်တင်မြှောက်ပြီး နောက် လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်စေရန်အတွက် သက်ဆိုင်ရာသံဃာ့ဝန်ဆောင်အဖွဲ့အစည်းအဝေးသို့ တင်ပြအတည်ပြုချက် ရယူရမည်ဖြစ်ပါသည်။ သံဃာ့ဝန်ဆောင် အဖွဲ့ဝင်ဆရာတော်များသည် ယင်းတင်မြှောက်ထားသည့် ဥက္ကဋ္ဌ၊ အကျိုးတော်ဆောင် စသည်ကို မနှစ်သက်ပါက လျှို့ဝှက်ဆန္ဒမဲခံယူရန် တောင်းဆိုခွင့် ရှိပါသည်။ လျှို့ဝှက်ဆန္ဒမဲအများစုရရှိပါက ယင်းဆရာတော်မှာ ယင်းနေရာအတွက် အတည် ဖြစ်ပါသည်။ အကယ်၍ ဆန္ဒမဲအများစုမရရှိပါက အခြားဆရာတော်တစ်ပါး ဘွဲ့အမည်ကို သံဃနာယကအဖွဲ့က ပင် ရွေးချယ်၍ အမည်စာရင်း တင်သွင်းပြီး ဝန်ဆောင်အဖွဲ့အစည်းအဝေးသို့ ပြောင်မဲစနစ် (သို့မဟုတ်) လျှို့ဝှက်ဆန္ဒမဲစနစ်တို့ကိုကျင့်သုံးရယူနိုင်ခွင့်ရှိပါသည်။ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အကျိုးတော်ဆောင်၊ တွဲဖက်အကျိုးတော်ဆောင် နေရာများ၌ အစားထိုးရွေးချယ်တင်မြှောက်ခြင်းကို လက်ရှိသံဃနာယကဆရာတော်များကသာလျှင် ရွေးချယ်အမည်စာရင်းတင်သွင်းရမည်ဖြစ်ပါသည်။

သာမန်အဖွဲ့ဝင်လစ်လပ်၍ အစားထိုး ရွေးချယ်ရာ၌ မူသက်ဆိုင်ရာအခြေခံဒေသ (သို့မဟုတ်) မြို့နယ်/ ရပ်ကွက် အလိုက် သက်ဆိုင်ရာဝန်ဆောင်များ အချင်းချင်း ညှိနှိုင်း၍ ဘွဲ့အမည်စာရင်း တင်သွင်းရမည်ဖြစ်ပါသည်။ ဥပမာအားဖြင့် ပဲခူးခရိုင်မှ မဟာနာယကဆရာတော်တစ်နေရာ လစ်လပ်သည်ဆိုပါက ပဲခူးခရိုင်အတွင်းရှိ ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များ၏ ဆန္ဒအရ ညှိနှိုင်းတင်မြှောက်ရမည် ဖြစ်ပါသည်။ အလားတူပင် တိုင်းနာယက၊ မြို့နယ်နာယက၊ လစ်လပ်ပါကလည်း

သက်ဆိုင်ရာမြို့နယ်/တိုင်း ဝန်ဆောင်များနှင့် သက်ဆိုင်ရာ ရပ်ကွက်/မြို့နယ်မှ ဝန်ဆောင်များ ညှိနှိုင်း၍ ဘွဲ့အမည်တင်သွင်းရန် ဖြစ်ပါသည်။ ဗဟိုသံဃာ့ဝန်ဆောင်တစ်ပါး လစ်လပ်ပါကလည်း သက်ဆိုင်ရာ သမ္မုတိရသံဃာ့ကိုယ်စားလှယ် (၅) ပါးစုဝေးညှိနှိုင်း၍ ဘွဲ့အမည်စာရင်းတင် သွင်းရန် ဖြစ်ပါသည်။ သမ္မုတိရ သံဃာ့ကိုယ်စားလှယ် တစ်ပါး လစ်လပ်သွားပါကလည်း သက်ဆိုင်ရာ ကျောင်းတိုက်၊ သက်ဆိုင်ရာရပ်ကွက်၊ သက်ဆိုင်ရာ သံဃာတော်များ စုဝေးညှိနှိုင်းတင်မြှောက်ရန်ဖြစ်ပါသည်။

ဤတင်မြှောက်နည်းမှာ ယခင်က (၅) နှစ်သက်တမ်းပြည့်၍ သက်တမ်းကုန်ဆုံးသွားသော ဝန်ဆောင်များ၊ နာယကများအားလုံးတို့၏နေရာ၌ အသစ်တစ်ဖန်ပြန်လည်ရွေး ချယ်ရခြင်းနှင့်လုံးဝ မတူတော့ပါ။ ဤသံဃာ့အဖွဲ့အစည်းကြီး၏ အရှည်တည်တံ့ခိုင်မြဲစေရန် ဒါယကာများ၊ အာဏာပိုင်အဖွဲ့အစည်းများ၏အကူအညီကို မရယူဘဲ မိမိဘာသာ ရပ်တည်နိုင်ရန် ရည်ရွယ်၍ ဤစနစ်ကိုစတင်ကျင့်သုံးခြင်းဖြစ်ပါသည်။

ယခင်ကမူ ဝိနည်းမိုရ်ရွေးချယ်နိုင်ရန်အတွက် မြို့နယ်လုံးကျွတ် သံဃာ ၇၅%တက်ရောက်မှသာ ရွေးချယ်ပွဲ ထမြောက်အောင်မြင်နိုင်သည်။ သမ္မုတိရသံဃာ့ကိုယ်စားလှယ်ရွေးချယ်ရာ၌လည်း မြို့နယ်လုံးကျွတ်သံဃာ့အစည်းအဝေးသို့ တင်ပြဆောင်ရွက်ကြရသည်။ ထို့နောက် မြို့နယ်ဝန်ဆောင်အသစ်များ၊ တိုင်းဝန်ဆောင်အသစ်များ အစည်းအဝေးပွဲများကျင်းပ၍ သံဃနာယကအဖွဲ့အဆင့်ဆင့်တို့ကိုရွေးချယ်တင်မြှောက်ကြရသည်။ ယင်းဆောင်ရွက်ပုံ ဆောင်ရွက်နည်းမှာ နိုင်ငံတော်အစိုးရ၏အင်တိုက်အားတိုက်ကူညီဆောင်ရွက်ပေးမှုရရှိမှသာ အထမြောက် အောင်မြင်မည်နိုင်ဖြစ်ပါသည်။

ယခုပြင်ဆင်ထားသည့် နည်းလမ်းအရဆိုပါမူ မိမိတို့ သံဃာ့အဖွဲ့အစည်းအတွင်း၌သာလျှင် သက်ဆိုင်ရာ သံဃနာယက ဆရာတော်များ အချင်းချင်း ညှိနှိုင်း၍ အလှည့်ကျ အနားယူခြင်း၊ အစားထိုးရွေးချယ်တင်မြှောက်ခြင်းတို့ကို ဆောင်ရွက်နိုင်သဖြင့် (ပလိဗောဓ) လွန်စွာ လျော့နည်းသွားလေ သည်။

စတုတ္ထအကြိမ် သံဃာ့အဖွဲ့အစည်းသက်တမ်း၌ မြင်းခြံဆရာတော်ကြီးသည် မဟာနာယကအဖွဲ့၏ ဥက္ကဋ္ဌဆရာတော်ဖြစ်၍ မကွေးဆရာတော် သည် အကျိုးတော်ဆောင်ဆရာတော်ဖြစ်လာသည်။ ပထမအဖွဲ့ခွဲ ၌ စလင်းဦးကိတ္တိနှင့်အောင်မြေဘုံဆရာတော်တို့သည် ဒုတိယဥက္ကဋ္ဌများဖြစ်ကြ၍ မိတ္ထီလာဦးစန္ဒိမာနှင့်ပြင်ဦးလွင်ဦးပညာသီဟတို့သည် တွဲဖက်အကျိုးတော်ဆောင်များဖြစ်ကြသည်။ စလင်းဦးကိတ္တိ ပျံလွန်တော်မူသောအခါ တောင်ငူဦးတိက္ခသာရ က ဒုတိယဥက္ကဋ္ဌ အဖြစ်ဆောင်ရွက်တော်မူသည်။ စလင်းဦးကိတ္တိနေရာ၌ ဆင်ဖြူကျွန်းဦးကဝိဇ အဖွဲ့ဝင်အဖြစ် ရွေးချယ်ခံရသည်။ ပြင်ဦးလွင်ဦးပညာသီဟ ပျံလွန်တော်မူသောအခါ ပြည်ဦးကုဏ္ဍလဇောတိက တွဲဖက်အကျိုးတော်ဆောင်အဖြစ်ဆောင်ရွက်သည်။ ဦးပညာသီဟ၏ နေရာ၌ မိုးကုတ်ဆရာတော် ဦးသုနန္ဒ ကို အဖွဲ့ဝင်အဖြစ် အစားထိုးရွေးချယ်သည်။ ပထမအဖွဲ့ခွဲ၌ ရွှေတောင်ဦးစန္ဒောဘာသ အစား ပန်းလှိုင်ဆရာတော် ဦးသာသနရွေးချယ်ခံရသည်။ ပခုက္ကူအလယ်တိုက် ဦးသူရိယအစား ဦးဝိစာရ ရွေးချယ်ခံရသည်။ တိုက်ကြီး ဦးဉာဏာဘိဝံသနေရာ၌ လှည်းကူးဦးသိရိန္ဒာဘိဝံသကို ရွေးချယ်သည်။

ဒုတိယအဖွဲ့ခွဲ ၌ ဆရာတော်ဦးခမာဝုဓ နှင့် မော်လမြိုင်စိန်မမဆရာတော်ဦးသူရိယာဘိဝံသ တို့က ဒုတိယဥက္ကဋ္ဌဆရာတော်များအဖြစ် ဆောင်ရွက်ကြသည်။ သထုံဝံသဆရာတော် ဦးပညာဝံသ နေရာတွင် မုံရွာဇောတိကာရုံဆရာတော် ဦးဂါရဝ ရွေးချယ်ခံရသည်။ တွဲဖက်အကျိုးတော်ဆောင် ဆရာတော်များအဖြစ် သရက်ဆရာတော် ဦးကေသရ နှင့်ဝိသုဒ္ဓါရုံ ဦးကောဏ္ဍညတို့က ဆောင်ရွက်တော်မူကြ၍ ရွှေကျင်ဂိုဏ်းမှ ဦးအာဒိစ္စဝံသနှင့် ဦးအဂ္ဂညာနာဘိဝံသတို့ အဖွဲ့ဝင် အဖြစ် ဆောင်ရွက်တော်မူခဲ့ကြသည်။ ၁၉၉၆-ခုနှစ်တွင် ဦးကောဏ္ဍည ပျံလွန်တော်မူသည့်အခါ ဦးအဂ္ဂညာနာဘိဝံသ တွဲဖက်အကျိုးတော်ဆောင်အဖြစ် ဆောင်ရွက်တော်မူသည်။ အဖွဲ့ဝင် ပေါင်မြို့ ဦးကုသလ အစား သထုံ အောင်မြေရွှေဘုံ ဦးခန္တီစာရ ရွေးချယ်ခံရသည်။

တတိယအဖွဲ့ခွဲ ၌ မန္တလေးမိုးကောင်း တိုက်၊ ဝါးတန်းစာချကျောင်း ဦးဉာဏာဘိဝံသနှင့် မဟာဝတ္ထုကံဆရာတော် ဦးကုသလသာမိတို့က ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တော်မူကြ၍ ညောင်တုန်းဦးဩသမာဘိဝံသက တွဲဖက်အကျိုးတော်ဆောင်အဖြစ် ဆောင်ရွက်တော်မူသည်။ မော်ကျွန်းဆရာတော် ပျံလွန်တော်မူသောအခါ မန္တလေး မစိုးရိမ်တိုက်သစ် ဆရာတော် ဦးသီရိန္ဒာဘိဝံသက ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက် တော်မူကြသည်။ ထို့နောက် ဝါးတန်းစာချကျောင်း ဆရာတော်ဦးဉာဏာဘိဝံသ ပျံလွန်တော်မူရာ ထားဝယ်ဆရာတော် ဦးအာစိဏ္ဏာဘိဝံသက ဒုတိယ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တော်မူကြသည်။

တတိယအဖွဲ့ခွဲ၌ ပျော်ဘွယ်ဦးကောဝိဒ နေရာတွင် တပ်ကုန်းဦးစန္ဒာသီရိ ရွေးချယ်ခံရသည်။

ဤသံဃာ့အဖွဲ့အစည်းကြီး၏ အရှည် တည်တံ့ခိုင်မြဲစေရန် ဒါယကာများ၊ အာဏာပိုင်အဖွဲ့ အစည်းများ၏ အကူအညီကို မရယူဘဲ မိမိဘာသာ ရပ်တည်နိုင်ရန် ရည်ရွယ်၍ ဤစနစ်ကိုစတင်ကျင့်သုံးခြင်းဖြစ်ပါသည်။



ပဥ္စနိကာယဆရာတော် ဦးကောသလ္လနေရာတွင် ငွေကြာရုံဆရာတော်ဦးရေဝတ ရွေးချယ်ခံရသည်။ ပုသိမ်ရေကြည် မင်္ဂလာ ဦးဣန္ဒောဘာသနေရာတွင် ပုသိမ်နိဂြောဓါရုံဆရာတော် ရွေးချယ်ခံရသည်။ (စတုတ္ထအကြိမ် မဟာနာယကစာရင်းနောက်ဆက်တွဲ"စ")

၂၀၀၁-ခုနှစ်တွင် သံဃာ့အဖွဲ့အစည်း စတုတ္ထအကြိမ်သက်တမ်း ပြီးဆုံးပြီးဖြစ်၍ ပဥ္စမအကြိမ် သက်တမ်းအစ၌ သံဃနာယကအဖွဲ့များသည် လုပ်ထုံးလုပ်နည်းများနှင့်အညီ ၂၅-ရာခိုင်နှုန်း လျှော့ရာ၌ နိုင်ငံတော် သံဃမဟာနာယကဆရာတော် ၄၇-ပါး ရှိသည့်အနက် သီးခြားဂိုဏ်းများမှ မဟာနာယကဆရာတော် ၆-ပါးကို နုတ်ပယ်လိုက်လျှင် သုဓမ္မာဂိုဏ်းဆိုင်ရာ သံဃနာယက (၄၁) ပါး ရှိသည်၊ ယင်းမှ (၄)ပုံ (၁)ပုံ (သို့မဟုတ်) ၂၅-ရာခိုင်နှုန်း လျှော့ချရမည်ဆိုပါက (၁၀)ပါး အလှည့်ကျ နုတ်ထွက်ပေးရမည် ဖြစ်ပါသည်။ အလိုအလျောက် အနားယူခြင်းနှင့် ပျံလွန်တော်မူသည့် ဆရာတော် (၁၁)ပါးရှိသဖြင့် ပထမအကြိမ် ၂၅-ရာခိုင်နှုန်း လျှော့ချအနားယူမည့် အစီအစဉ်မှာ အခက်အခဲမရှိ အောင်မြင်ခဲ့ပါသည်။ (ပဥ္စမအကြိမ် ပထမ ၃-နှစ် မဟာနာယကစာရင်း နောက်ဆက်တွဲ"ဆ")

အလားတူပင် ၂၀၀၄-ခုနှစ်၊ မတ်လတွင်လည်း (၄)ပုံ (၁)ပုံ (သို့မဟုတ်) ၂၅-ရာခိုင်နှုန်း လျှော့ချရာ၌ အလိုအလျောက် အနားယူပြီးဆရာတော်များနှင့် ပျံလွန်တော်မူသည့်ဆရာတော် (၉)ပါး ရှိသည့်အပြင် ဥက္ကဋ္ဌဆရာတော်ကြီးအား ချွင်းချက်ပြုထားသဖြင့် ဒုတိယအကြိမ် ၂၅-ရာခိုင်နှုန်း လျှော့ပေါ့ခြင်း အစီအစဉ်တို့သည် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။ လာမည့် ၂၀၀၇-ခုနှစ်တွင်လည်း တတိယအကြိမ် ၂၅-ရာခိုင်နှုန်း လျှော့ပေါ့ခြင်း အစီအစဉ်ကို ဆောင်ရွက်ရမည်ဖြစ်ရာ လျှို့ဝှက်မဲဆန္ဒခံယူရန်မလိုဘဲ မိမိတို့ဆန္ဒအလျောက် အနားယူတော်မူကြမည်ဖြစ်ပါက တစ်စုံတစ်ရာ အခက်အခဲမရှိ အောင်မြင်ပြီးမြောက်သွားမည် ဖြစ်ပေသည်။ (ပဥ္စမအကြိမ် ဒုတိယ ၃-နှစ်မဟာနာယက ၄၇-ပါးစာရင်းနောက်ဆက်တွဲ"ဇ")

သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို ဆောင်ရွက်ရာ၌ တစ်ဦးခြင်း၊ တစ်ဂိုဏ်း၊ တစ်ဖွဲ့ချင်း ဆောင်ရွက်ခြင်းထက် တစ်စည်းတစ်လုံးတည်း ညီညွတ်သော တစ်ခုတည်းသော သံဃာ့အဖွဲ့အစည်းဖြင့် ဆောင်ရွက်ခြင်းသည် အတိုင်းမသိ လွန်စွာ သာသနာတော်အကျိုးစီးပွားပြီးမြောက်အောင်မြင်နိုင်သည်ကို သံဃာ့အဖွဲ့အစည်း အဆင့်ဆင့် သက်တမ်း ၂၅-နှစ်တာ ကာလ ဆောင်ရွက်ချက်များ အောင်မြင်ပြီးမြောက်ခဲ့သော အခြေအနေနှင့် ဤသံဃာ့အဖွဲ့အစည်း မပေါ်မီက တည်ရှိနေခဲ့သော သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးအခြေအနေ နှစ်ရပ်ကို နှိုင်းယှဉ်သုံးသပ်ကြည့်ရှုပါက မည်မျှအဆင့်မြင့်ကွာခြားသွားသည်ကို အထူးဖော်ပြရန်မလိုတော့ပါ။

ထို့ကြောင့် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် မပြိုကွဲအောင်၊ မပျက်စီးအောင် အဓွန့်ရှည်ကြာ တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်လှပေသည်။

မှတ်ချက်။ ။(ထိုစဉ်က သံဃာ့အဖွဲ့အစည်း စာရင်းဇယားများကို ဤစာအုပ်နောက်ပိုင်း စာမျက်နှာ၂၆၇၌ နောက်ဆက်တွဲဖော်ပြထားပါသည်)


❖❖❖❖❖



ပဉ္စမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၄၇-ပါးစုံညီ သတ္တမအစည်းအဝေးကို
ဝိဇယမင်္ဂလာဓမ္မသဘင်ခန်းမ၌ ကျင်းပနေပုံ ( ၂၀၀၂ )




ပဉ္စမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တတိယအစည်းအဝေး၌
မကွေးဆရာတော်ဘုရားကြီး သဘာပတိအဖြစ် ဆောင်ရွက်တော်မူပုံ ( ၂၀၀၂ )



ပဉ္စမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဉ္စမအစည်းအဝေးပွဲကြီး၌
သဘာပတိဉက္ကဋ္ဌမကွေးဆရာတော်ဘုရားကြီး ဆောင်ရွက်တော်မူပုံ(၂၀၀၅)




ပဉ္စမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဉ္စမအစည်းအဝေးပွဲကြီး၌
နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများနှင့်နိုင်ငံတော် ဗဟိုသံဃဝန်ဆောင်ဆရာတော်များ(၂၀၀၅)



ပဉ္စမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဉ္စမအစည်းအဝေးသို့
တက်ရောက်တော်မူကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်များ(၂၀၀၅)



ပဉ္စမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဉ္စမအစည်းအဝေးပွဲကြီး ဒုတိယနေ့
မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပနေပုံ(၂၀၀၅)



ပဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဌမအစည်းအဝေး ဒုတိယနေ့၌
ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်၍
မဟာဝိဇယစေတီတော်နှင့်ပတ်သက်၍ လျှောက်ထားနေပုံ(၂၀၀၅)



ပဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဌမအစည်းအဝေးသို့
ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် သာသနာရေးဝန်ကြီးဌာန
ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို တက်ရောက်ကြည့်ရှုစဉ်(၂၀၀၅)

# ရွှေရတုသို့ဆီ အဓိဋ္ဌာန်ညီ
# [ပုလဲသွယ် ၈၀-ပေါ်တေးထပ်]

ဦးသူရ (ကျော်လေးကျော်)

* နိုင်ငံတော် — ထေရ်ရှင် စံပြ သဒ္ဓါလှ၊
မမ္မပနာသ မြိုက်နန်းပလ္လင်။
သံဃနာယက — မကိုင်ပြန်း ဆင်သည်၊
သမိုက်ကြငှာန်းယဉ် ရွှေဘနက်မှန်း။
အဖွဲ့အစည်း — မြင့်မြတ် အမှောင်ခွင်း သာသနာ ၊
အရောင်လင်းဘာသာ သန့်ရှင်းတည်ပြန့်လွှမ်း။ ။

* နှစ်ဆယ့်ငါးနှစ်ပြည့် — ဇေယျတု မင်္ဂလာ၊
သပြေနုဆင်ရာ သိင်္ဂီနန်း။
ငွေရတုသဘင်မဟာ — စိန်ရတီ ပြွမ်းပြီမို့၊
ထိန်ကြည်လျှမ်း အလင်္ကာ။
မင်္ဂလာ — ကြက်သရေ အခါခါဆက်ပါလို့၊
သာသနာအတွက် အားစွက်ဆောင်ရွက်လာ။ ။

* အောင်ပွဲ — ပေါ်ထွန်း ဖေါ်ညွှန်းဆင်ရာ၊
မော်ကွန်းမင်္ဂလာ မယိမ်းမလပ်စေဖို့။
အထိမ်းအမှတ် — ကသိုဏ်းရဂုံ တင့်စွာ၊
သမိုင်းဂုဏ်မြင့် မဟာ။
စာစောင် — မှတ်တမ်း သတိတရခြေလာ၊
ဇိနဒေသနာ တည်တံ့စေဖျာ့လေး။ ။
ရွှေရတုကျော်လွှမ်း — အောင်မှုစုံညီ၊
အောင်ဆုထုံရည် မော်ကွန်းတင်ဖျာ့လေး။ ။
တည်တံ့ပါစေ — ဟု အဓိဋ္ဌာန်ခြွေရည်၊
နိဗ္ဗာန်ရွှေပြည် အရောက်လှမ်းညီဖျာ့လေး။ ။

# သံဃာတော်အချင်းချင်း စနစ်တကျ ကြီးကြပ်အုပ်ချုပ်ရေး

## ဦးညွှန့်မောင်(ဓမ္မာစရိယ - BA.RL)

သံဃာတော်အချင်းချင်း ကြီးကြပ်အုပ်ချုပ်ရေးသည် မြန်မာမင်းများ လက်ထက်က စနစ်တကျ ရှိခဲ့ပါသည်၊ မြန်မာဘုရင်တစ်ပါး နန်းတက် လာပြီဆိုလျှင် မိမိတို့ကြည်ညိုရင်း စွဲရှိသော သံဃာများထဲမှ အရည်အချင်းပြည့်ဝသော ဆရာတော်တစ်ပါးကို ရွေးချယ်၍ သာသနာပိုင်တင်မြှောက်ကြပါသည်၊ သာသနာပိုင်ဆရာတော်သည် သုဓမ္မာဆရာတော်ကြီးများ၏ အကူအညီကိုရယူ၍ သာသနာတော်ဆိုင်ရာ ကိစ္စများကို တစ်ပြည်လုံးပျံ့နှံ့အောင် စီမံအုပ်ချုပ်တော်မူပါသည်၊ အနယ်နယ် အရပ်ရပ်၌ ဂိုဏ်းချုပ်၊ ဂိုဏ်းအုပ်၊ ဂိုဏ်းထောက်များ ခန့်အပ်သည်၊ အခါအားလျော်စွာ အမိန့်ပြန်တမ်းများ ထုတ်ပြန်ပေးသည်၊ ဘုရင်မင်းမြတ်ကလည်း ဓမ္မစက်ကို အကူအညီအပြည့်အဝပေးသည်၊ မဟာဒါန်ဝန်များ ခန့်အပ်တာဝန်ပေးထားသည်၊ ဤသို့ မြန်မာ ဘုရင်များလက်ထက် သံဃာတော်အချင်းချင်း စနစ်တကျ စီမံ အုပ်ချုပ် ဆောင်ရွက်နိုင်ခဲ့သည်၊ တိုင်းသူပြည်သား တို့သည်စိတ်နှလုံး ချမ်းမြေ့စွာဖြင့် သာသနာ တော်ကို ကြည်ညို ကိုးကွယ်နိုင်ကြသည်၊

ကိုလိုနီခေတ်ရောက်လာသောအခါ အစိုးရ ထံမှ အာဏာစက် အကူအညီ မရရှိတော့ပေ။ သာသနာပိုင် ဆရာတော်က အရှိန်မပျက် အုပ်ချုပ်နေသည်ကို သံဃာတော်များ၊ပြည်သူများက အသိစိတ်ဓါတ်ဖြင့် အစဉ်အလာမပျက် လက်ခံကျင့်သုံးခဲ့ကြသောကြောင့် ဣန္ဒြေမပျက် ဆက်လက် အုပ်ချုပ်နိုင်သည်ဟု ဆိုနိုင်သည်။ သာသနာပိုင် အဆက်ပြတ်သွားသောအခါ အုပ်ချုပ်မှု အားလျော့သွားသည်ဟု ဆိုနိုင်ပါသည်။ သို့ရာတွင် အစဉ်အလာကောင်းခဲ့သော ဘုန်းတော်ကြီးကျောင်းများ အရှိန်အဝါ ဩဇာအာဏာမှာ ပြည်သူလူထုထံ သက်ရောက်မှုရှိနေသေးသည်။

လွတ်လပ်ရေးခေတ်ရောက်လာသော အခါ အာဏာစက်ပံ့ပိုးမှုများ ပြန်လည်ရရှိခဲ့သည်။ ဝိဝါဒါဓိကရုဏ်းမှုခင်းများ၊ အနုဝါဒါဓိကရုဏ်းမှုခင်းများ ဖြေရှင်း ဆုံးဖြတ်နိုင်ရန်အတွက် လွှတ်တော်တွင် ဝိနိစ္ဆယဌာန အက်ဥပဒေကို ပြဋ္ဌာန်းပေးခဲ့သည်။ ဝိနိစ္ဆယဌာနရုံးများ အဆင့်ဆင့် ဖွဲ့စည်း၍ သံဃာ့ မှုခင်းကို ဖြေရှင်း ဆောင်ရွက်နိုင်ခဲ့သည်။ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့် ဖွဲ့စည်းဆောင်ရွက်နိုင်ခြင်းကိုမူ မတွေ့ရပေ၊ ပဝါရဏာဂိုဏ်းများအလိုက် မိမိတို့ ဂိုဏ်းတွင် ထေရ်ကြီးဝါကြီးတို့၏ ဩဝါဒကို နာခံကျင့်သုံး၍ ဝိနည်းတရားတော်နှင့်အညီ နေထိုင်သီတင်းသုံးတော်မူကြသည်သာ ဖြစ်သည်။

နောက်ပိုင်းတွင် ရဟန်းပျိုအဖွဲ့၊ ရဟန်းငယ်အဖွဲ့၊ ကျောင်းထိုင်ဆရာတော်များအဖွဲ့ စသည်ဖြင့် အဖွဲ့အသီးသီး ဖွဲ့စည်းပေါ်ထွက် လာခဲ့သည်။ သို့ရာတွင် သာသနာတော်အတွက် တစ်ခုတည်း သောသံဃာ့အဖွဲ့အစည်းကား ဖြစ်မလာခဲ့ပေ။

၁၉၆၅-ခုနှစ်၊ တော်လှန်ရေးကောင်စီ လက်ထက်တွင် တစ်ခုတည်းသော သံဃာ့အဖွဲ့အစည်းကြီး ပေါ်ပေါက်လာရန်ကြိုးပမ်းခဲ့သည်။ မှော်ဘီမြို့ စိုက်ပျိုးရေးဥယျာဉ်တွင် မြန်မာပြည် အရပ်ရပ်မှ သံဃာတော်များ သုံးရက်တိုင်တိုင် အစည်းအဝေး ပြုလုပ်နိုင်ခဲ့သည်။ နိုင်ငံတော် အစိုးရ၏ အကူအညီလည်းရရှိခဲ့သည်။ သို့ရာတွင် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း စသည် ပြဋ္ဌာန်း ပေးနိုင်ခဲ့ခြင်း မရှိဘဲ ပြီးဆုံးခဲ့ရသည်။

သံဃာ့ အစည်းအဝေးကြီး အောင်မြင်လိမ့်မည်ဟု နိုင်ငံတော် အစိုးရက ယုံကြည်ခဲ့ဟန် ရှိပါသည်။ အဘယ်ကြောင့်ဆိုသော် သံဃာ့အစည်းအဝေးကြီးအောင်မြင်လျှင် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း၊ လုပ်ထုံး လုပ်နည်းများနှင့် လိုက်လျောညီထွေဖြစ်မည့် ဥပဒေများ ပြဋ္ဌာန်းပေးရန် ရည်သန်၍ ယခင်ကပြဋ္ဌာန်းထားသော ဝိနိစ္ဆယဌာန အက်ဥပဒေ စသည့် အားနည်းချက်ရှိသော ဥပဒေများကို ရုပ်သိမ်းလိုက်သောကြောင့်ပင် ဖြစ်သည်။

## ၁၉၆၅–ခုနှစ် ၁၉၈၀– ပြည့်နှစ် ကြားကာလ အခြေအနေ

၁၉၆၅-ခုနှစ် ၁၉၈၀-ပြည့်အကြား ၁၅-နှစ်တာကာလတွင် ဝိနိစ္ဆယဌာန အက်ဥပဒေ ရုပ်သိမ်းပြီး ဖြစ်သဖြင့် ဝိနိစ္ဆယခုံရုံး အဆင့်ဆင့်လည်း မရှိတော့ပေ။ ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းများ ဖြေရှင်းရာတွင် အခက်အခဲရှိလာပါသည်။

ပြည်နယ်၊ တိုင်းသာသနာရေးမှူးရုံးများတွင် အမှုတွဲများ စုပုံလာပါသည်။ ထိုအခက်အခဲကို ဖြေရှင်းနိုင်ရန်အတွက် နည်းလမ်း လေးသွယ်ဖြင့် ဖြေရှင်းပေးရန် ညွှန်ကြားခဲ့သည်။ နည်းလမ်းလေးသွယ်၏ သဘောမှာ နှစ်ဖက်အမှုသည်များ စောဒက၊ စုဒိတက သဘောတူ ရွေးချယ်သည့် ပုဂ္ဂိုလ်များပါဝင်သော သံဃဝိနိစ္ဆယခုံရုံးဖွဲ့စည်း၍ စစ်ဆေးဆုံးဖြတ်ရန်ဖြစ်ပါသည်။ နှစ်ဖက်အမှုသည်များ သဘောတူသော ဝိနည်းခိုရ်ရရန် မလွယ်ပါ၊ နိုင်ချေမရှိသည့်ဘက်မှ သဘောမတူကြောင်း ကန့်ကွက်ထားလျှင် ခုံရုံးမဖွဲ့နိုင်တော့ပါ။ ထို့ကြောင့် ပြည်နယ်/တိုင်းသာသနာရေးမှူးရုံးများတွင် အမှုဟောင်းများ လျော့မသွားဘဲ အမှုသစ်သာတိုးလာလေ့ရှိသည်။ အချို့သော ကျောင်းပိုင်ဆိုင် လိုမှုများမှာ နှစ်ရှည်လများ ချိတ်ပိတ်ထားရသဖြင့် အဆောက်အအုံများပျက်စီးဆုံးရှုံးမှုရှိလာပါသည်။ မြင်ရသူများ စိတ်မချမ်းသာဖွယ် ဖြစ်ပါသည်။

မိမိသည် ၁၉၆၈-တွင် စစ်ကိုင်းတိုင်းရုံးသို့ ရောက်ရှိပါသည်။ ၁၉၆၈-နှင့်၁၉၈၀-ပြည့်အကြား ပြီးပြတ်သွားသော အမှုဟု မတွေ့ခဲ့ရပါ။ ဤသို့ဖြစ်ရသည်မှာ ညီညွတ်သော သံဃာ့ အဖွဲ့အစည်း မရှိခြင်း၊ အခြေခံစည်းမျဉ်းနှင့် လုပ်ထုံး လုပ်နည်းများ မရှိခြင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အာဏာစက်ဖြင့် ကူညီ ပံ့ပိုးပေးရန် အခက်အခဲရှိနေခြင်းတို့ကြောင့်ပင် ဖြစ်ပါသည်။

ထိုအပြင် ၁၉၆၅-ခုနှစ်နှင့် ၁၉၈၀-ပြည့်နှစ်အကြား ၁၅-နှစ်တာကာလတွင် အဓမ္မဝါဒများလည်း အလျှိုအလျှို ပေါ်ပေါက်လာကြပါသည်။ စာတတ်အကျော်ဆရာတော်ကြီးများ အနေဖြင့် အဓမ္မဝါဒကို အဓမ္မဝါဒမှန်းသိလျက်နှင့် ဖြေရှင်းရန် နည်းလမ်းမရှိသဖြင့် ဥပေက္ခာပြုတော်မူ ကြရပါသည်။ စစ်ကိုင်းတိုင်းတွင် ကျောက်သဘော်ဝါဒ ကျယ်ပြန့်လာပါသည်။ ကျောက်သဘော်တရားပွဲများ စဉ်ဆက်မပြတ်ဆိုသလို ကျင်းပ လာကြပါသည်။ တရားနည်းလမ်းတကျဖြေရှင်း ပေးနိုင်ခြင်း မရှိသည့်အခါ မန္တလေးမြို့မှ ရဟန်းငယ်များ ဖြေရှင်းသည့် နည်းမှာလည်း အကြမ်းဖက်သော နည်းလမ်းဖြစ်သဖြင့် ဆရာတော်ကြီးများက အားပေးနိုင်ခြင်းမရှိပါ၊ ဥပဒေနှင့် ငြိစွန်းနေသဖြင့် မလိုလားအပ်သော နောက်ဆက်တွဲများ ပေါ်ပေါက်ခဲ့ရပါသည်။

၁၉၇၉-ခုနှစ် ရောက်သောအခါ ရောင်ခြည်များ သန်းလာပါသည်။ အစိုးရနှင့်တကွ ရဟန်းရှင်လူပြည်သူများ၊ သာသနာရေးဆိုင်ရာကို ဖြေရှင်းပေးနေရသော သာသနာရေးမှူးများ အနေဖြင့် ညီညွတ်သော တစ်ခုတည်းသော သံဃာ့အဖွဲ့အစည်းကြီး

ပေါ်ပေါက်လာရေးကို မျှော်လင့်နေချိန်တွင် ရောင်ခြည်သန်းလာသဖြင့် ရွှင်လန်းတက်ကြွ အားရကျေနပ်နေကြပါသည်။

သာသနာရေး ဦးစီးဌာနရုံးချုပ်က ညွှန်ကြားချက်များ ဝင်လာပါသည်။ ၆၆-ပါး ဝန်ဆောင်ရွေးချယ်ပေးရေးအတွက် အခြေခံဒေသ အလိုက်သံဃာ့ဦးသျှောင် ဆရာတော်ကြီးများအား လျှောက်ထားရွေးချယ်ရန် အစီအစဉ်ဖြစ်ပါသည်။ စစ်ကိုင်းအခြေခံဒေသတွင် ဝန်ကြီးကိုယ်တိုင် လာရောက်လျှောက်ထားသည်။ တောတောင်ဘီလူး ဆရာတော်နှင့် တိပိဋကဓရ မင်းကွန်းဆရာတော် (၂)ပါးကို ရွေးချယ်ခဲ့သည်။ သို့ရာတွင် ဝန်ကြီးပြန်သွားပြီးနောက် သံဃာ့အစည်းအဝေး မရပ်စဲမီ မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးက မိမိအား ရွေးမည့်အစား ကျောက်ထီးတန္တအလေးပြုအပ်သော အနန္တသူရိယဆရာတော်ကြီးအား ရွေးချယ်ပါရန်နှင့် ဆရာတော်၏နောက်မှ မိမိလိုက်ပါ ဆောင်ရွက်မည်သာဖြစ်ကြောင်း လျှောက်ထားသဖြင့် မငြင်းသာတော့ဘဲ အနန္တသူရိယချောင် ဆရာတော်သည် ၆၆ -ပါး ဝန်ဆောင်ဖြစ်လာသည်ကို မှတ်မိနေပါသေးသည်။

၆၆-ပါးသံဃာ့ဝန်ဆောင်အဖွဲ့၏ အစီအစဉ်ဖြင့် ပြည်နယ်/တိုင်းများတွင် ရှင်းလင်းပွဲ ပြုလုပ်ခြင်း၊ သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ် ရွေးချယ်ခြင်းလုပ်ငန်းများ အဆက်မပြတ် ဆောင်ရွက်ကြရပါသည်။ ရွေးချယ်ပြီးသော သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ် ▪ ၁၂၀၀ ကျော် ပါဝင်သော ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးကို ၁၉၈၀-ပြည့်နှစ်တွင် အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။ ယင်းအစည်းအဝေးကြီးက သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ ဝိနည်းဓမ္မကံအဓိကရုဏ်း မှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေး ဆိုင်ရာလုပ်ထုံး လုပ်နည်းနှင့် သာသနာဝင် မှတ်တမ်းကိုင်ဆောင်ရေးကို ချမှတ်ပြဋ္ဌာန်းသည်။

ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးမှ ဩဝါဒါစရိယ ဆရာတော်များအဖွဲ့၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့နှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဖွဲ့များကို ဖွဲ့စည်းပေးနိုင်ခဲ့သည်။ ယင်းနိုင်ငံတော်အဆင့် အဖွဲ့သုံးဖွဲ့ကိုဖွဲ့စည်းပြီးနောက်၊ တိုင်းသံဃနာယကအဖွဲ့၊ မြို့နယ်သံဃနာယကအဖွဲ့၊ ရပ်/ကျေး သံဃနာယကအဖွဲ့များကိုလည်း ထပ်ဆင့် ဖွဲ့စည်းနိုင်ခဲ့ပါသည်။ ဝိနည်းဓိုရ်ဆရာတော်များကိုလည်း ရွေးချယ်နိုင်ခဲ့ပါသည်။ ထိုအခါ သံဃာတော် အချင်းချင်း စနစ်တကျ အုပ်ချုပ်နိုင်ပြီဖြစ်ပါသည်။ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့အနေဖြင့် ပြည်နယ်/တိုင်း သံဃ နာယက အဖွဲ့များ၊ မြို့နယ်သံဃနာယကအဖွဲ့များ လုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် ညွှန်ကြားလွှာများ ထုတ်ပြန်ညွှန်ကြားပေးသဖြင့် လုပ်ငန်းချောမောစွာ လုပ်နိုင်ကြသည်။ သံဃာ့အဖွဲ့အစည်း စက်ယန္တရားကြီး လည်ပတ်သွားပြီဖြစ်ပါသည်။ ဓမ္မစကြာပင် ဖြစ်ပေသည်။

ရဟန်းရှင်လူ ပြည်သူတို့ စိတ်ပျက်ခဲ့ရသည့် အဓမ္မဝါဒများကို ဓမ္မနည်းလမ်းကျကျ ဖြေရှင်းပေး နိုင်ပြီဖြစ်ပါသည်။ ကျောက်သင်္ဘောဝါဒ၊ ရှင်ဥက္ကဋ္ဌ၏ လူသေလူဖြစ်ဝါဒ စသော ဝါဒများကို နိုင်ငံတော် ဝိနည်းဓိုရ် ဆရာတော်ကြီးများ ပါဝင်သော သီးခြား သံဃဝိနိစ္ဆယအဖွဲ့များက တရားနည်းလမ်းတကျ စစ်ဆေး သုံးသပ် ဆုံးဖြတ် ပေးခဲ့ကြသည်မှာ အားလုံး အသိပင် ဖြစ်ပါသည်။

## အာဏာစက်

နိုင်ငံတော်အစိုးရက ဓမ္မစက်ကို အာဏာစက် ဖြင့် ကူလိုသောဆန္ဒ မူလကပင် ရှိနေပြီးဖြစ်ပါသည်။ ၁၉၆၅-ခုနှစ်၊ မှော်ဘီအစည်းအဝေးကြီး မအောင် မြင်သဖြင့်သာ အာဏာစက်ဖြင့် မကူညီရခြင်းဖြစ် ပါသည်။ ယခု ဂိုဏ်းပေါင်းစုံ အစည်းအဝေးကြီး အောင်မြင်ပြီး အာဏာစက်ဖြင့် ကူညီရန် အချိန် ရောက်ပြီဖြစ်ပါသည်။ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်း အဝေးကြီးက ပြဋ္ဌာန်းလိုက်သော ဝိနည်းဓမ္မကံ အဓိ- ကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းဖြင့် စစ်ဆေးဆုံးဖြတ်သော ဝိနိစ္ဆယ ဆုံးဖြတ်ချက်သည် ဓမ္မစက်ပင်ဖြစ်သည်။ ယင်းဓမ္မ စက်ကို အာဏာစက်ဖြင့် ကူညီနိုင်ရန်အတွက် နိုင်ငံတော်အစိုးရက ဝိနည်းဓမ္မကံအဓိကရုဏ်းမှုခင်း များ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ ဥပဒေဟူ၍ ၁၉၈၀- ပြည့်နှစ်မှာပင် ပြဋ္ဌာန်းပေးခဲ့သည်။ ဤနေရာတွင် ဥပဒေရှုထောင့်မှကြည့်ပါက ဥပဒေ က နောက် လုပ်ထုံးလုပ်နည်းက ရှေ့ကဖြစ်နေသည်ကို တွေ့ရ မည်ဖြစ်သည်။ ဤသည်ပင် ဝိသေသလက္ခဏာဟု မှတ်ယူသင့်ပေသည်။

## အကောင်အထည်ဖော်မှု

ဝိနိစ္ဆယဆုံးဖြတ်ချက်ကို အကောင်အထည် ဖော်ရာတွင် ၁၃၁၁-ခုနှစ် ဝိနိစ္ဆယအက်ဥပဒေနှင့် မတူပေ။ ဝိနိစ္ဆယဌာနအက်ဥပဒေအရ ဝိနိစ္ဆယ ဆုံး ဖြတ်ချက်ကို အကောင်အထည်ဖော်လိုလျှင် တရား ရုံးတွင် ဇာရီမှုဖွင့်၍ ဆောင်ရွက်ရသည်။ ယခု ဝိနည်း ဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေး ဆိုင်ရာ ဥပဒေအရ လူတရားရုံးတွင် ဇာရီမှုပြုလုပ်ရန် မလိုဘဲ အကောင်အထည်ဖော် ဆောင်ရွက်နိုင် သည်။ ဤသည်မှာ အာဏာစက်အပြည့် ပေးသည့် သဘောပင်ဖြစ်သည်။

ယခင် ဝိနိစ္ဆယအက်ဥပဒေအရ အဆင့်မြင့် သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်ကို တရားလွှတ်- တော်သို့ အယူခံခွင့်ပြုထားသော်လည်း ယခု ဝိနည်း ဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေး ဆိုင်ရာ လုပ်ထုံး လုပ်နည်းအရ အမြင့်ဆုံး သံဃ ဝိနိစ္ဆယရုံး၏ ဆုံးဖြတ်ချက်ကို ဗဟိုတရားရုံးသို့ အယူခံ ဝင်ခွင့်မရှိတော့ပေ။ ဤသည်မှာ ဓမ္မစက်အပြည့်အဝ ရှိကြောင်း ပေါ်လွင်နေပေသည်။

## ဓိမ်အုပ်ချုပ်မှုဗဟိုမဏ္ဍိုင်


နိုင်ငံတော် သံဃမဟာနာယက အဖွဲ့သည်

သံဃာ့ အဖွဲ့အစည်းအဆင့်ဆင့်တွင် အမြင့်ဆုံး အဖွဲ့ကြီးပင်ဖြစ်သည်။ အောက်အဆင့် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၏ ဆောင်ရွက်ချက်များ မှားယွင်းနေပါက တည့်မတ်ပေးနိုင်သည်။ အောက်အဖွဲ့အစည်းများ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားလွှာများနှင့်အညီ ဆောင်ရွက်နိုင်ရန်အတွက် ကြပ်မတ်ဆောင်ရွက်ပေးရပေသည်။ ထို့ကြောင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီး မယိမ်းမယိုင် တည့်မတ်ခိုင်ကြည်ရန် လိုအပ်လှသည်။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌသည် မိမိအဖွဲ့ဝင်များအား လေးလပတ် အစည်းအဝေး၊ နှစ်ပတ်လည်အစည်းအဝေးများတွင် ဩဝါဒပေး၍ မတိမ်းမစောင်းအောင် ထိန်းကျောင်းလာသည်ကို တွေ့ရမည်ဖြစ်ပါသည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် မူလက ၃၃-ပါးအဖွဲ့ဖြစ်သည်။ ထို့နောက် ၄၅-ပါး အဖွဲ့များဖြစ်လာခဲ့သည်။ ယခုလက်ရှိမှာ ၄၇-ပါး အဖွဲ့ပင်ဖြစ်သည်။ ၂၅-နှစ်တာကာလအတွင်း သက်တော်ရှည်ဥက္ကဋ္ဌဆရာတော်ကြီးနှစ်ပါး ပျံလွန်တော်မူ၍ သုံးဆက်မြောက်ဥက္ကဋ္ဌဖြစ်တော်မူသည့် မကွေးဆရာတော်က ဦးဆောင်လျက်ရှိပေသည်။

လ,မသာသည့်ညများတွင် လသာညကို မျှော်မှန်းတောင့်တ၍ လရောင်၏ ကျေးဇူးကို အထူးသိသကဲ့သို့ သံဃာ့အဖွဲ့အစည်းကို တောင့်တပါလျက် သံဃာ့အဖွဲ့အစည်းမရှိခဲ့သော ၁၉၆၅-ခုနှစ်၊ ၁၉၈၀ ပြည့်နှစ်အကြားကာလသည် လ, မသာသော အခါပင် ဖြစ်သည်။ ယခုမူ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်နှင့်အတူ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့တည်းဟူသော လမင်းကြီးသာလျက်ရှိပေသည်။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီး၏ ကျေးဇူးကိုသိသူတိုင်းက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့တည်းဟူသော လမင်းအမြဲသာပါစေဟု ဆုမွန်ကောင်း တောင်းနေကြ မည်သာဖြစ်ပါသည်။

မိမိသည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ လမင်းကြီး ပေါ်လုပေါ်ခင်ကာလမှစ၍ သာသနာရေးတာဝန် ထမ်းဆောင်ခွင့်ရခဲ့ရာ ယနေ့ဆိုလျှင် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ရုံးမှာ တာဝန်ထမ်းဆောင်ရသည် ဖြစ်၍ လသာခိုက်ကြုံသည်ဟု မှတ်ယူဝမ်းမြောက်ရပါသည်။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ငွေရတုမှသည် ရွှေရတု၊ ရာပြည့်စသည် ကာလကိုလွန်၍ သာသနာတည်သ၍ တည်ပါစေသောဟု ဆုမွန်ချွေလိုက်ရပါသည်။



# သံဃာ့အဖွဲ့အစည်းများနှင့် ဥပတ္ထမ္ဘကများ၏ အခန်းကဏ္ဍ

မခင်နွဲ့ဟန်ကြည်

ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးသည် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ထွန်းကားတိုးတက်ဆုံးသော ဦးဆောင်နိုင်ငံတော်ကြီးအဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာ ရပ်တည်လာခဲ့သည်မှာ မြတ်စွာဘုရားရှင်၏ တပည့်သား သုပ္ပဋိပန်အကျင့်မှန်သည့် သံဃာထေရ်ရှင်များနှင့် ရတနာသုံးပါးကို ကြည်ညိုလေးစား အားထားကြသော ဒါယကာ ဒါယိကာမများနှင့် ပြည်သူဗိုလ်လူတို့ကြောင့်ပင် ဖြစ်ပါသည်။

သာသနာတော်သုံးရပ် သန့်ရှင်းတည်တံ့ပြန့်ပွားစေရန်အတွက် ရှေးရှေးက အရှင်မဟာကဿပ၊ အရှင်မဟာယသ၊ အရှင်မဟာမောဂ္ဂလိပုတ္တတိဿ ရဟန္တာမထေရ်မြတ်ကြီးများကအစ အဆက်ဆက် ယခုခေတ် ဂိုဏ်းကြီးကိုးဂိုဏ်းဝင် သံဃာထေရ်ရှင်တို့သည် သဗ္ဗညုမြတ်စွာဘုရားရှင် ဟောညွှန်ကြားထားတော်မူခဲ့သည့် ပိဋကတ်တော်များကို သင်ယူပို့ချ ဟောပြဆောင်ထားခြင်းဟူသော ဂန္ထဓုရ၊ သမထ ဝိပဿနာတရား ပွားများအားထုတ်ခြင်းဟူသော ဝိပဿနာဓုရဟူသော သာသနာ့တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်တော် မူခဲ့ကြပါသည်။ အလားတူပင်လျှင် ဒါယကာ၊ ဒါယိကာမများဘက်ကလည်း ရှေးရှေးမင်းများ၊ အဇာတသတ်မင်း၊ သီရိဓမ္မာသောကမင်းမှစ၍ အဆက်ဆက် သာသနာ့ဒါယကာ မင်းကောင်းမင်းမြတ်များ အစိုးရမင်းများသည် ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးနှင့် အပ်စပ်ရာရာ လိုအပ်သည်များအတွက် နဝကမ္မဝတ္ထုတို့ကို သဒ္ဓါကြည်ဖြူ ထောက်ပံ့

လှူဒါန်းတော်မူခဲ့ကြပါသည်။ သံဃာတော်များ သာသနာ့တာဝန်ကို ပင်ပန်းနွမ်းနယ် ညှိုငယ်ခြင်း မရှိ၊ ထက်သန်အားတိုး ကြိုးစားဆောင်ရွက်နိုင်ကြ စေရန် ပစ္စယာနုဂ္ဂဟ၊ ဓမ္မာနုဂ္ဂဟတို့ဖြင့် ထက်သန် သော သဒ္ဓါတရား၊ ပြင်းပြသော စေ့ဆော်မှု စေတနာ ကံ တို့ဖြင့် ထောက်ကူပူဇော်ကြပေသည်။ ထို့ကြောင့် ပင်လျှင် သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီး သည် နေနှယ်လပမာ ထွန်းတောက် ဝေစည်နေခြင်း ဖြစ်ပါသည်။ ထေရဝါဒ ဗုဒ္ဓသာသနာတော်မြတ်ကြီး သန့် ရှင်းတည်တံ့ပြန့်ပွားစေရန်အတွက် ကိုင်းကျွန်း မှီ၊ ကျွန်းကိုင်းမှီ ဆရာဒကာ ညီညာလက်တွဲ ဆောင် ရွက်ခဲ့ကြသည်။ ပထမသင်္ဂါယနာတင်သည်မှ ဆဋ္ဌ သင်္ဂါယနာတင်သည်အထိ စုဝေးညီညာ၊ ခါခါစိစစ်၊ ဟလှစ်ရွတ်ဆို ထိုထိုသော သင်္ဂါယနာတင်ပွဲများ သည် လုပ်ငန်းရပ်တိုင်း သမိုင်းမှတ်တိုင်များ ဖြစ် လာကြသည့်နည်းတူ သာသနာတော်မြတ်ကြီး သန့် ရှင်းရေး၊ တည်တံ့ရေး၊ ပြန့်ပွားရေးဟူသော ဦးတည် ချက်များဖြင့် ဖြစ်မြောက်အောင်မြင် မှတ်တမ်းတင် ခဲ့ရသော ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အ စည်းအဝေးပွဲကြီးသည်လည်း သာသနာတော် သမိုင်းတွင် ကြုံတောင့်ကြုံခဲ ကြုံခဲ့ရသည့် ဒုလ္လဘ တစ်ခုပင်ဖြစ်ပါသည်။

သာသနာ့သမိုင်းတွင် ဒုလ္လဘဟူ၍ ဆိုရ လောက်အောင် ဓမ္မစက်နှင့် အာဏာစက် အချင်း ချင်း အားပြုကာမှုနှင့် လူ သို့မဟုတ် သာသနာတော် နှင့် သာသနာ့ဝန်ထမ်းများကို အန္တရာယ်အသွယ် သွယ်မှ ကာကွယ်လျက် သန့်ရှင်းတည်တံ့ပြန့်ပွားစေ ခဲ့သည်မှာ ထင်ထင်ရှားရှား (၄)ကြိမ်ရှိကြောင်း၊ ရှင်မဟာကဿပနှင့် ရာဇဂြိုဟ်ပြည့်ရှင် ဘုရင် အဇာတသတ်တို့သည် ဆရာဒကာ ညှိနှိုင်း၍ အယူ ဝါဒမတူကြသော ရဟန်းသံဃာတော်များကို ဝေးရာ သို့ ကြွစေခဲ့ပြီး ပထမသင်္ဂါယနာ ဒုလ္လဘတစ်ခုကို ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ဒုတိယအကြိမ် ဒုလ္လဘ တစ်ခုကို တတိယသင်္ဂါယနာခေတ်၌ တွေ့ရကြောင်း၊ ရှင်မဟာမောဂ္ဂလိပုတ္တတိဿနှင့် သီရိဓမ္မာသောက မင်းတရားကြီးတို့သည် တတိယသင်္ဂါယနာကို တင်ခဲ့ကြပြီး ရဟန်းတုရဟန်းယောင်ခြောက်သောင်း တို့ကို သာသနာတော်မှ လွင့်စင်စေခဲ့ကြောင်း၊ တတိယမြောက် ဒုလ္လဘကိုကား မြန်မာနိုင်ငံတွင် ပုဂံခေတ်ကာလ၌ တွေ့ရှိခဲ့ရကြောင်း၊ ရှင်အရဟံနှင့် ပုဂံပြည့်ရှင် ဘုရင်အနော်ရထာမင်းစောတို့သည် ဆရာဒကာညှိနှိုင်း၍ အရည်းကြီးများကို ဖယ်ရှား ခဲ့ပြီး သာသနာတော်ကို ထွန်းလင်း တောက်ပစေခဲ့ ကြောင်း။ သင်္ဂါယနာတင်ခြင်း မမည်သော်လည်း သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအ တွက် တတိယဒုလ္လဘတစ်ခုပင် ဖြစ်ပါကြောင်း၊ စတုတ္ထဒုလ္လဘမှာ ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့ အစည်းအဝေးပွဲကြီး ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ သံဃာတော်ပေါင်း တစ်သိန်းကျော် တို့၏ ဆန္ဒနှင့်အညီ သမ္မုတိပေး၍ ရွေးချယ်ဖွဲ့စည်း ခဲ့သည့် သံဃာ့ဝန်ဆောင် ဆရာတော်များအဖွဲ့၏ ကြီးမားသော ဉာဏ်အမြော်အမြင်နှင့် နိုင်ငံတော် အစိုးရတို့၏ မတုန်လှုပ်သော သဒ္ဓါ၊ ခိုင်မာသော ဇွဲ လုံ့လ ဝီရိယတို့ကြောင့် ဂိုဏ်းပေါင်းစုံ သံဃာ့ အစည်းအဝေးပွဲကြီးသည် သင်္ဂါယနာမဟုတ်ငြား သော်လည်း သာသနာတော် သန့်ရှင်းတည်တံ့ ပြန့် ပွားရေးအတွက် ဆရာဒကာ ညှိနှိုင်းလျက် ဆောင် ရွက်ခဲ့ကြသဖြင့် သာသနာတော်သမိုင်း၌ ကြုံတောင့် ကြုံခဲ ကြုံခဲ့ရသည့် စတုတ္ထအကြိမ် ဒုလ္လဘဟုဆို ထိုက်ပါကြောင်း စသည်ဖြင့် ဂိုဏ်းပေါင်းစုံ သံဃာ့အ စည်းအဝေးပွဲကြီးမှတ်တမ်း၊ နိဒါန်းပိုင်းတွင် မှတ် တမ်းတင် ဖော်ပြထားပါသည်။

ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးကို ၁၃၄၂-ခုနှစ်၊ နယုန်လဆန်း (၁၁) ရက်နေ့မှ နယုန်လဆန်း (၁၄)ရက်နေ့ (၁၉၈၀-ပြည့်နှစ်၊ မေလ (၂၄)ရက်နေ့ အထိ (၄)ရက်တိုင်တိုင် ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ၊ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ အောင်မြင်စွာ ကျင်းပခဲ့ပါသည်။ ၂၀၀၅-ခုနှစ်၊ မေလ (၂၄)ရက်နေ့ဆိုလျှင် (၂၅)နှစ်ပြည့်၍ ငွေရတုကာလဖြစ်ပါသည်။

မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ ဂိုဏ်းပေါင်းစုံ ရဟန်းသံဃာတော်ပေါင်း တစ်သိန်းကျော်တို့က သမ္မုတိပေး၍ ရွေးချယ်ခဲ့သည့် သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်တော်ပေါင်း (၁၂၁၈)ပါးတို့ တက်ရောက် စည်းဝေးခဲ့ပြီး ဂိုဏ်းအလိုက်နှင့် ပြည်နယ်/တိုင်းအလိုက် ဩဝါဒါစရိယ ဆရာတော်ကြီး (၂၉)ပါးတို့က မော်ကွန်းတင်လက်မှတ် ရေးထိုးခဲ့သည့် အစည်းအဝေးကြီးက တညီတညွတ်တည်း ချမှတ်ခဲ့သော ပြဋ္ဌာန်းချက်များ၊ အတည်ပြုချက်များ၊ ဆုံးဖြတ်ချက်များ၊ မှတ်တမ်းတင်ချက်များအရ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၊ နိုင်ငံတော် ဩဝါဒါစရိယအဖွဲ့၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ ပြည်နယ်/တိုင်းသံဃနာယကအဖွဲ့၊ မြို့နယ် သံဃနာယကအဖွဲ့၊ ရပ်ကွက်/ကျေးရွာ အုပ်စု သံဃနာယကအဖွဲ့များသည် သံဃာတော်များ ဝိနည်းသိက္ခာပုဒ်တော်နှင့်အညီ ကျင့်ကြံနေထိုင် သီတင်းသုံးကြရေးအတွက် အချင်းချင်း ကြပ်မတ်ကွပ်ကဲမည့် သံဃာ့ အဖွဲ့အစည်းများပင် ဖြစ်ပါသည်။ အလားတူပင်လျှင် သာသနာတော်နှင့် ပတ်သက်သည့် အငြင်းပွားမှုများကို ဒေသနာတော်နှင့်အညီ ဖြေရှင်းပြေလည်အောင် ဆောင်ရွက်ပေးသည့် ဝိနည်းဓိုရ်များ၊ ဝိနိစ္ဆယအဖွဲ့များ စသည်လည်း တာဝန်အသီးသီးကို ဆောင်ရွက်ပေးနေကြပြီ ဖြစ်ပါသည်။ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်နှင့် ဝိနည်းဓမ္မကံမှုခင်း ဆုံးဖြတ်ရေးအဖွဲ့များသည် ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးက ၂၅-၅-၁၉၈၀ နေ့တွင် အတည်ပြုပြဋ္ဌာန်းပေးခဲ့သော "ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း" အတိုင်း ဆောင်ရွက်ခဲ့ပါသည်။

ထို "သံဃာ့အဖွဲ့အစည်း အခြေခံ စည်းမျဉ်း ပထမအကြိမ် ပြင်ဆင်ဖြည့်စွက်ချက်" ကို ၂၉-၅-၁၉၈၅ နေ့ ဒုတိယအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးတွင် လည်းကောင်း၊ "ပြည်ထောင်စု မြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ဖြည့်စွက်ချက်" ကို ၁၁-၃-၁၉၉၅ တွင် စတုတ္ထအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးက လည်းကောင်း အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။

ထိုသံဃာ့အဖွဲ့စည်း အခြေခံ စည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများအပြင် ဝိနည်းဓမ္မကံ အဓိကရုဏ်း မှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ သံဃနာယကလက်စွဲ၊ ဝိနိစ္ဆယလက်စွဲစသည် သာသနာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မှီငြမ်းပြုရန် ကျမ်းစာအုပ်စာတမ်းများကို ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အစည်းအဝေးများ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ အစည်းအဝေးများက အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က အခါအားလျော်စွာ အကြောင်းကိစ္စအလိုက် ညွှန်ကြားလွှာများ ထုတ်ပြန်ခဲ့ရာ၊ ရည်ညွှန်းချက်အနေဖြင့် လိုက်နာဆောင်ရွက်နိုင်ရန် ညွှန်ကြားလွှာများ [ညွှန်ကြားလွှာအမှတ် (၁) မှ (၉၂)အထိ] စာအုပ်ကိုလည်း ထုတ်

ဝေခဲ့ပါသည်။

နိုင်ငံတော် တစ်ဝန်းလုံးတွင် သာသနာဝင် မှတ်တမ်းများ ကိုင်ဆောင်ထားကြသော သံဃာ ထေရ်ရှင် အပေါင်းတို့သည် တစ်ခုတည်းသော သံဃာ့အဖွဲ့အစည်းကြီးအောက်တွင် စုစည်းညီညာ ပါရှိကြပြီး ဂန္ထဓုရ၊ ဝိပဿနာဓုရ သာသနာ့တာဝန် များကို ထမ်းဆောင်ကြသကဲ့သို့ သာသနာ့နွယ်ဝင် သီလရှင်အပေါင်းတို့သည်လည်း ဦးရီးတော် အစ်ကို တော်များ နည်းတူပင် သံဃာ့အဖွဲ့အစည်းကြီးအောက် ၌ စည်းမျဉ်းစည်းကမ်းများနှင့်တကွ သီလရှင်အဖွဲ့ အစည်းတစ်ရပ်အနေဖြင့် ခဲ့ခဲ့ထည်ထည် ရပ်တည် နိုင်ခဲ့ပါသည်။

သာသနာနွယ်ဝင် သီလရှင် မှတ်တမ်းကို ကိုင်ဆောင်ကြသော သီလရှင်တို့သည် သာသနာ့ တာဝန်ကို ညီညာလက်တွဲ လက်ဝဲလက်ယာ အားဖြည့်ပေးနိုင်ကြစေရန် "ဗုဒ္ဓဘာသာသီလရှင် အဖွဲ့အစည်း အခြေခံစည်းမျဉ်း (၁၉၈၁)" ကို လည်း ကောင်း၊ "သီလရှင် ကျင့်ဝတ်နှင့် ညွှန်ကြားလွှာ အမှတ် (၈၄) (၁၉၉၄)"၊ "ပြည်ထောင်စု မြန်မာ နိုင်ငံတော် ထေရဝါဒဗုဒ္ဓဘာသာ သီလရှင်အဖွဲ့ အစည်း အခြေခံစည်းမျဉ်း ဒုတိယအကြိမ် ပြင်ဆင် ဖြည့်စွက်ချက်နှင့် လုပ်ထုံးလုပ်နည်းများ (၁၉၉၆)" ကို လည်းကောင်း၊ "ပြည်ထောင်စု မြန်မာနိုင်ငံတော်၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က ထုတ်ပြန် သော ယခုကာလဝယ် ထေရဝါဒဗုဒ္ဓသာသနာတော် ၌ ဘိက္ခုနီရှိသင့် /မရှိသင့်ပြဆိုရာဖြစ်သော ဘိက္ခုနီ ဝိနိစ္ဆယစာတမ်း (၂၀၀၃)" ကိုလည်း အတည်ပြု ပြဋ္ဌာန်းထုတ်ပြန်ခဲ့ပါသည်။

အလားတူပင်လျှင် နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်ဆိုင်ရာ စည်းမျဉ်းများ၊ ဘုန်း တော်ကြီးကျောင်း ပညာသင်ကြားမှုဆိုင်ရာ စည်း မျဉ်းများ စသည်ဖြင့် သာသနာ့လုပ်ငန်းရပ်များ အတွက် ပြဋ္ဌာန်းစာအုပ်၊ ရည်ညွှန်းစာအုပ်များကို ထုတ်ဝေနိုင်ခဲ့ပါသည်။

ထိုကဲ့သို့သော ပြဋ္ဌာန်းချက်များ၊ စည်းမျဉ်း စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်သည် ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ အထူးသဖြင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ သည် ငွေရတုပွဲဆင်နွှဲနိုင်သည်အထိ သက်တမ်း ၂၅-နှစ်ကာလအတွင်း အောက်ဖော်ပြပါ လုပ်ငန်း ကြီးများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။

**ဝိနိစ္ဆယရေးရာကိစ္စရပ်များ**

- နိုင်ငံတော် သံဃဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်း ဆောင်ရွက်ခြင်း၊ ဆုံးဖြတ်ခြင်း၊
- နိုင်ငံတော် သီးခြား ဝိနည်းဓိုရ်အဖွဲ့ဖြင့် ဖွဲ့စည်းဆုံးဖြတ်ခြင်း၊
- ဂိုဏ်းပေါင်းစုံ ပြည်နယ် / တိုင်း သံဃ ဝိနိစ္ဆယအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခြင်း၊
- ဝိနိစ္ဆယဆိုင်ရာ အထွေထွေမှုခင်းများ၊ စုံစမ်းရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခြင်း၊
- နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇- ပါးစုံညီ အစည်းအဝေးများသို့ တင်ပြ၍ အဆုံးအဖြတ် ခံယူခြင်း၊

**သာသနာရေးရာကိစ္စရပ်များ**

- နိုင်ငံတော်သံဃဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်း ဆောင်ရွက်ခြင်း၊ ဆုံးဖြတ်ခြင်း၊
- အစည်းအဝေးများ ကျင်းပရေးဆိုင်ရာများ ဆောင်ရွက်ခြင်း၊

- သံဃာ့အဖွဲ့အစည်း အဆင့်ဆင့် ရွေးချယ်ဖွဲ့စည်းခြင်း၊ အစားထိုးခြင်း ရွေးချယ်ဖွဲ့စည်းခြင်း၊ ယင်းတို့နှင့်ဆိုင်ရာ ပြဿနာရပ်များနှင့်ပတ်သက်၍စိစစ်ညွှန်ကြား ခြင်း၊
- အစည်းအဝေးများ ကျင်းပရေးဆိုင်ရာများ ဆောင်ရွက်ခြင်း၊
- ဓမ္မ၊ အဓမ္မစသော အငြင်းပွားမှုများကို စိစစ်ဆောင်ရွက်ခြင်း၊
- ဝါဆိုသံဃာစာရင်းနှင့် ဗုဒ္ဓဘာသာသီလရှင်စာရင်းကောက်ယူပြုစုခြင်း၊ ယင်းတို့နှင့်သက်ဆိုင်ရာ ပြဿနာများကို စိစစ်ညွှန်ကြားခြင်း၊
- ဗုဒ္ဓသိမ်သမုတ်ရန်၊ သာသနာ့မြေဖြစ်ရန်လျှောက်ထားခြင်းကို စိစစ်ဆောင်ရွက် ခြင်း၊
- ဘုန်းတော်ကြီးကျောင်းများ ဆောက်လုပ်ခြင်း၊ ကျောင်းထိုင်ဘုန်းကြီးတင်မြှောက်ခြင်း၊ စေတီသစ်တည်ခြင်း၊ စေတီဟောင်းပြုပြင်မွမ်းမံခြင်းကိစ္စရပ်များနှင့် ပတ်သက်၍ စိစစ်ဆောင်ရွက်ခြင်း၊
- စက်တပ်ယဉ်ကြောင့် ပျံလွန်တော်မူခြင်းအတွက် အာမခံကြေးငွေကိစ္စ၊ သံဝေဂဉာဏ်ပွားတော်မူရန် မှတ်တမ်းတင်ခြင်းကိစ္စ ဆောင်ရွက်ခြင်း၊
- ညွှန်ကြားလွှာများ စိစစ်ထုတ်ပြန်ခြင်း၊

**ပညာရေးဆိုင်ရာကိစ္စရပ်များ**

- ပရိယတ္တိစာမေးပွဲဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ခြင်း၊
- စာပေစိစစ်ရေး ထေရဝါဒ ပိဋကတ်တော်စာပေစိစစ်ရေးမူနှင့် ကိုက်ညီမှုရှိ/မရှိ ဗုဒ္ဓဘာသာစာမူများကို စိစစ်ပေးခြင်း၊
- တိပိဋကပါဠိ-မြန်မာအဘိဓာန်ကျမ်းကြီးပြုစုဆောင်ရွက်ခြင်း၊
- အင်္ဂလိပ်ဘာသာ ပြန်ဆိုရေးသားခြင်း၊

**သာသနာတော် ထွန်းကားပြန့်ပွားရေး ဆိုင်ရာလုပ်ငန်းများ**

- ထေရဝါဒ ဗုဒ္ဓသာသနာပြု ဩဝါဒါစရိယအဖွဲ့၏ ဆောင်ရွက်ချက်များ၊
- နယ်စပ်နှင့်တောင်တန်းဒေသ သာသနာပြုလုပ်ငန်းရပ်များ၊
- ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲများ၊
- ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းဆိုင်ရာ လုပ်ငန်းရပ်များ၊
- ပြည်တွင်း သာသနာရေးလုပ်ငန်းရပ်များ၊
- ပြည်ပ သာသနာရေးဆောင်ရွက်ချက် များ၊
- ဗုဒ္ဓဘာသာ အဆုံးအမခံယူပွဲများ စသည့်လုပ်ငန်းရပ်များကို ချောမောစွာ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

သံဃာ့ အဖွဲ့အစည်း အဆင့်ဆင့်တို့သည် သာသနာတော် သန့်ရှင်းရေး၊ တည်တံ့ရေး၊ ပြန့်ပွားရေးလုပ်ငန်းရပ်များကို ဆောင်ရွက်ရာ၌ အဆင်ပြေချောမွေ့စေရန် လူပုဂ္ဂိုလ်ဥပတ္ထမ္ဘကများက အကူအညီပြုကြရပါသည်။ ဥပတ္ထမ္ဘကဟူသည် အနီးကပ်လျက် အထောက်အကူပြုပေးသူ ဟု အဓိပ္ပါယ်ယူဆနိုင်ပါသည်။ ဥပ + ထမ္ဘက - အနီးကပ်လျက်+ ထောက်ကူပေးခြင်း၊ ခိုင်ခံ့စေခြင်း၊ အနီးကပ်လျက် ထောက်ကူပေးသူ၊ ပြီးစီးအောင်မြင်အောင် ခိုင်ခိုင်ခံ့ခံ့ ကျကျနန လုပ်ငန်းပြီးစီးစေရေး ထောက်ပံ့ကူညီပေးသူဟု အဓိပ္ပါယ်ယူနိုင်ပါသည်။ ဥပတ္ထမ္ဘကများသည် ရဟန်းတော်များအတွက် ဝိနည်းသိက္ခာပုဒ်နှင့် အပ်စပ်အောင် ရုံးဌာနလုပ်ငန်းများနှင့် ဆီလျော်ညီညွတ်အောင် ဆောင်ရွက်ပေးရသူများ ဖြစ်ပါ

သည်။ မြတ်စွာဘုရားရှင်၏ သာသနာတော် အတွက် သန့်ရှင်းတည်တံ့ပြန့်ပွားရေး လုပ်ငန်းရပ် များ ဆောင်ရွက်ရာတွင် အထောက်အကူ၊ အထောက် အပံ့ပြုပေးသူများကို ဥပတ္ထမ္ဘကများဟု ခေါ် ဆိုနိုင်သဖြင့် သာသနာ့ လုပ်ငန်းများကို ဦးဆောင်ဦးရွက်ပြုကာ ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီ လျက် ဆရာဒကာ ညီညာလက်တွဲ ဆောင်ရွက်နေ ကြသော နိုင်ငံတော်အစိုးရနှင့် ပြည့်ဝစေတနာ၊ သဒ္ဓါဖြိုးစည်၊ ပြည်သူအများ တို့သည်လည်း ဥပတ္ထမ္ဘက များပင်ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ဒါယကာ ဒါယိကာမများက ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးပစ္စည်းလေးပါးတို့ဖြင့် သာသနာတော်ကို ပစ္စယာနုဂ္ဂဟ၊ ဓမ္မာနုဂ္ဂဟချီးမြှင့်ထောက်ပံ့ပေးခြင်း တို့သည်လည်း အပါအဝင်ဖြစ်ပါသည်။

သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တွင် သာသနာ ရေးကိစ္စ အဝဝလုပ်ငန်းရပ်များကို ဆောင်ရွက်ရာ၌ အထောက်အကူ ပံ့ပိုးသူတို့သည်ကား သာသနာရေး ဝန်ကြီးဌာနပင် ဖြစ်ပါသည်။ ပထမအကြိမ် ဂိုဏ်း ပေါင်းစုံ သံဃာ့စည်းအဝေးပွဲကြီး ဆောင်ရွက်စဉ်က ပင် ထိုစဉ်က ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီး ဌာနသည် ဥပတ္ထမ္ဘကအဖြစ် ဆောင်ရွက်ရပေသည်။ ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေး ပွဲကြီးနှင့် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့် ဖြစ်ထွန်း ပေါ်ပေါက်ရေးအတွက် အကြိုကာလဆောင်ရွက် ချက်များကို နိုင်ငံတော်အစိုးရ၊ ဝန်ကြီးအဖွဲ့၊ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၊ ပြည်နယ်၊ တိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၊ သာသနာရေးဦးစီးဌာနစသည်တို့သည် မနေမနား တရစပ်ဆောင်ရွက်ခဲ့ရပါသည်။ သာသနာရေးဦးစီး ဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သော လုပ်ငန်း ဆောင်ရွက်ရေး ကော်မတီ၊ ယင်းလက်အောက်၌ စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးအဖွဲ့ငယ်၊ စီမံချက်များ ရေးဆွဲရေးအဖွဲ့ငယ်၊ မှတ်တမ်းပြုစုရေးအဖွဲ့ငယ်၊ လျှောက်ထားချက်များ ရေးသားပြုစုရေး အဖွဲ့ငယ် များသည် ဥပတ္ထမ္ဘကလုပ်ငန်းရပ်များကို စေ့စေ့ငှငှ စုစုစည်းစည်း ညီညီညွတ်ညွတ် သေသေသပ်သပ် ဆောင်ရွက်နိုင်ခဲ့ကြပါသည်။

သာသနာတော်နှင့် စပ်ဆိုင်သည့် ကိစ္စရပ်များ ကို သာသနာ့ဝန်ထမ်း ရဟန်းတော်မြတ်များက တညီတညွတ်တည်း အဆုံးအဖြတ်ပြု၍ ဓမ္မစက်ဖြင့် ပြဋ္ဌာန်းပေးပြီး၊ နိုင်ငံတော်က လိုအပ်သလို အာဏာ စက်ဖြင့် ကူညီဆောင်ရွက်ရာတွင် သာသနာရေး ဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ဥပတ္ထမ္ဘက များအဖြစ် ဆောင်ရွက်ပေးရန် "သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ (၁၉၉၆)" တွင် ထည့်သွင်းပြဋ္ဌာန်းထားပေသည်။

ထိုစာအုပ်ပါ အခန်း (၁၀) အပိုဒ် (၇၀) (၇၁) (၇၂)တို့တွင် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တို့သည် အရေးပေါ် အစည်းအဝေးများ ကျင်းပလိုပါက သာသနာရေးဝန်ကြီးဌာနနှင့် လည်းကောင်း၊ ပြည် နယ်၊ တိုင်း၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု အာဏာပိုင်အဖွဲ့အစည်းများနှင့် လည်းကောင်း၊ ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ဖော်ပြထားပါ သည်။ အခန်း (၁၄)၊ အခန်း (၁၅)တို့တွင်လည်း သာသနာရေး ကိစ္စရပ်များကို ဆောင်ရွက်ရာ၌ အာဏာပိုင်အဖွဲ့အစည်းများနှင့် သက်ဆိုင်သည့် ကိစ္စများကို လိုအပ်ပါက ပြည်နယ်၊ တိုင်း၊ မြို့နယ် အာဏာပိုင်အဖွဲ့အစည်းများနှင့် လည်းကောင်း၊ သာသနာရေးဝန်ကြီးဌာနနှင့် လည်းကောင်း ညှိနှိုင်း ဆောင်ရွက်ရမည်ဟု ဖော်ပြထားပါသည်။ အခန်း (၁၉) အထွေထွေခန်းအပိုဒ် (၁၀၆)တွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ လုပ်ငန်းများကို သာသနာ

ရေးဦးစီးဌာနက ဆောင်ရွက်ပေးမည်ဟု ဖော်ပြထားပါသည်။ ထို့အပြင် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့် ဖွဲ့စည်းဆက်သွယ်ပုံပြဇယားတွင်လည်း အောက်ဖော်ပြလတ္တံ့ပါအတိုင်း ဆက်သွယ်မှု အနေအထားကို ပြထားပါသည်။

| | | |
|---|---|---|
| နိုင်ငံတော် ဩဝါဒါစရိယ အဖွဲ့ | နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ | သာသနာရေး ဝန်ကြီးဌာန |

ထို့ကြောင့်ပင်လျှင် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တို့ သာသနာတော်ဆိုင်ရာ လုပ်ငန်းအဝဝကို ဆောင်ရွက်ကြရာ၌ သာသနာရေးဝန်ကြီးဌာနမှ အနီးကပ် ထောက်ကူစီစဉ် ဆောင်ရွက်ပေးသူ ဥပတ္ထမ္ဘကများ၏ တာဝန်ကိုယ်စီ အညီကြိုးပမ်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးမှုသည် ၂၅-နှစ်တာကာလ အတွင်း သာသနာရေးလုပ်ငန်းများ ချောချောမောမော အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်း၏ အကြောင်း အထောက်အပံ့ တစ်ရပ်ဖြစ်သည်ဟု ဆိုရမည်ဖြစ်ပါသည်။

လူ့ဘောင်လောကတွင် လူဖြစ်လာရသည်မှာ ဒေသနာတော်အရ ဒုလ္လဘတရား ဖြစ်တောင့်ဖြစ်ခဲ ဖြစ်ရသကဲ့သို့ သာသနာတော်ကို ချီးမြှင့်ထောက်ပံ့ ထောက်ကူပေးထောက်မပေးရသည့် ဥပတ္ထမ္ဘက အဖြစ် ဆောင်ရွက်ခွင့်ရသည်မှာလည်း ခက်ခဲလှသော ဘဝအဖြစ်ဟု ဆိုရမည်ပင် ဖြစ်ပါသည်။ သုတ္တန်ပိဋက၊ သံယုတ္တနိကာယ်၊ မဟာဝဂ္ဂပါဠိတော် ပပါတဝဂ်၊ ဒုတိယဆိဂ္ဂဠယုဂသုတ်တော်၌ လိပ်ကန်း သည် ထမ်းပိုး၌ လည်ပင်းစွပ်နိုင်မှုနှင့် လူ့အဖြစ်ကို ရခြင်းသဘောကို ဥပမာပြု ဟောကြားထားတော်မူပါသည်။

အနှစ်တစ်ရာကုန်လွန်သောအခါမှ တစ် ကြိမ်သာ ပေါ်သော လိပ်ကန်းသည် ရေတစ်ပြင်တည်းပေါ်တွင် ပစ်ချထားသော အရှေ့ အနောက် တောင် မြောက် လေတိုက်ရာသို့ မျောပါနေသည့် အပေါက်တစ်ခုသာရှိသော ထမ်းပိုး၌ လည်ပင်းစွပ်နိုင်မှုသည် အကြောင်းညီညွတ်မှ ဖြစ်သကဲ့သို့ လူအဖြစ်ကို ရခြင်း၊ မြတ်စွာဘုရားရှင် ပွင့်တော်မူလာခြင်း၊ ဘုရားရှင်၏ ဓမ္မဝိနယ တရားတော်များ ထွန်းတောက်ပခြင်းတို့သည်လည်း အကြောင်းညီညွတ်မှ ဖြစ်ရသဖြင့် သစ္စာလေးပါး အမှန်တရားကို သိမြင်အောင် ကြိုးပမ်းအားထုတ်ရမည်ဟု ဟောမိန့်ထုတ်ကြားထားကြောင်း တွေ့ရှိရပါသည်။ ထိုဥပမာကိုပင် ထပ်ဆင့်ချဲ့လျက် မဟာဝဂ္ဂ အဋ္ဌကထာလာ မဟာသီဝမထေရ်မြတ်ကြီး၏ အဓိပ္ပါယ်ဖွင့်ဆိုချက်အရ သာသနာတော်ကို အထောက်အပံ့ အလုပ်အကျွေးပြုသူ ဥပတ္ထမ္ဘကများသည်လည်း ဖြစ်တောင့်ဖြစ်ခဲသော ဘဝကို ရရှိကြပေသည်ဟု ဖော်ပြထားပါသည်။ ယူဇနာ (၁)သန်း (၂)သိန်းကျယ်သော စကြဝဠာတစ်ခုလုံးသည် ရေပြင်ကျယ်ကြီး ဖြစ်လျက် အနှစ်တစ်ရာကြာမှ ထွက်လာသော လိပ်ကန်းကြီးတစ်ကောင်ရှိကြောင်း၊ အပေါက်တစ်ပေါက်သာရှိသော ထမ်းပိုးတစ်လုံးကို အရှေ့စကြဝဠာကလည်းကောင်း၊ တစ်လုံးကို အနောက်စကြဝဠာကလည်းကောင်း၊ တစ်လုံးကို တောင်စကြဝဠာက လည်းကောင်း ပစ်ချရာ အပေါက်တစ်ပေါက်သာရှိ ထမ်းပိုး (၃)လုံးသည် အထက်အောက်ဆင့်နေခိုက် လိပ်ကန်းကလည်း ပေါ်လာခိုက်နှင့် ကြုံကြိုက်သဖြင့် လိပ်၏ လည်ပင်းသည် ထမ်းပိုးပေါက်၌ စွပ်မိကြောင်း၊ မျောချင်သလို မျောနေသော ထမ်းပိုးလုံးနှင့် အနှစ်တစ်ရာကြာမှ ပေါ်လာသော လိပ်ကန်းတို့ အကြောင်းကြုံကြိုက်၍ ထမ်းပိုးပေါက်တွင် လိပ်ကန်း စွပ်မိသည်မှာ ခက်ခဲလှကြောင်း စသည်ဖြင့်

လူဖြစ်ခွင့်ရခြင်း၊ ဗုဒ္ဓပွင့်ထွန်းခြင်း၊ ဗုဒ္ဓဘုရားရှင်၏ အဆုံးအမဥ္ဇ တည်ခြင်းတို့သည်လည်း ခက်ခဲလှကြောင်း စသည်ဖြင့် ဖော်ပြထားပါသည်။ သာသနာတော်၏ အဆုံးအမဥ္ဇတည်သော ဘုရားရှင်၏ အဆုံးအမကို လိုက်နာသော ဗုဒ္ဓဘာသာဝင်သူတော်စင်များ၊ သာသနာတော်ကြီး အရှည်တည်တံ့ပြန့်ပွားအောင် ကူညီထောက်မချီးမြှင့်ကြသော ဥပတ္ထမ္ဘကများသည်လည်း ခက်ခဲဖြစ်ရသည့် ဘဝအလှကို ဖြစ်ခွင့်ကြုံခွင့်ရရှိကြပေသည်ဟု ဆိုရမည် ဖြစ်ပါသည်။ ကံကောင်းထောက်မကြသူများ၊ အရတော်ကြသူများ ဖြစ်ပါသည်။

သာသနာတော်မြတ်ကြီး အရှည်တည်တံ့ပြန့်ပွားရေးကိုသာ ဦးတည်ထားကြသော ဥပတ္ထမ္ဘကများသည် မြင့်မြတ်ထူးခြားလှသော ဂုဏ်ရည်အပေါင်းနှင့် ပြည့်စုံရပေသည်။ ဥပတ္ထမ္ဘက မြတ်ဂုဏ်ရည်တို့တွင် အဓိကအချက်များမှာကား ကြည်ညိုမှုသဒ္ဓါတရား၊ စေ့ဆော်အားတက် ထက်မြက်သော စေတနာထားရှိသူဖြစ်ရပါမည်။ ရတနာသုံးပါးကို ကြည်ညိုဆည်းကပ် အားထားသူလည်း ဖြစ်ရပါမည်။ ဘုရားရှင်၏ အဆုံးအမ တရားတော်များကို လေးစားလိုက်နာ နိုင်သူဖြစ်သကဲ့သို့ ဆရာသမားတို့၏ ဂုဏ်ကျေးဇူးကို အထူးသိတတ်သူဖြစ်ရပါမည်။ ကိုယ် နှုတ် နှလုံး သုံးပါးလုံးကို စောင့်ထိန်းနိုင်သူဖြစ်၍ သင့် မသင့် တော် မတော်ကို ချင့်ချိန်နိုင်စွမ်းရှိရပါမည်။

သာသနာတော်အတွက် ကူညီထောက်ပံ့ဆောင်ရွက်ပေးကြသူများဖြစ်၍ ရိုသေလေးစားထိုက်သူကို ရိုသေလေးစား၍ မာန်မာနထောင်လွှားမှု ကင်းရပါမည်။ အရာရာကို သည်းခံနိုင်မှုရှိခြင်းသည်လည်း မြတ်ဂုဏ်ရည်တစ်ပါးပင် ဖြစ်ပါသည်။ သာသနာတော်အတွက် ဆောင်ရွက်ပေးသည်ဖြစ်၍ သာသနာတော်ကို ထိခိုက်စေမည့် ပြုမူပြောဆိုမှုများကို ရှောင်ကြဉ်ရပါမည်။ လူတို့၏ ဂရုစမ္ပသီလ ငါးပါးသီလကို လုံခြုံအောင် စောင့်ထိန်းရမည် ဖြစ်ပါသည်။

ဥပတ္ထမ္ဘကများတွင် ပါရှိသော ဌာနဆိုင်ရာဝန်ထမ်းများသည် ဌာနဆိုင်ရာစည်းကမ်းများ၊ ဝန်ထမ်းစည်းကမ်းများကို စောင့်ထိန်းလိုက်နာရပါမည်။ အပြစ်ရှိ၍ မကောင်းကျိုးကို ပေးနိုင်သော အကုသိုလ်တရားမှန်း၊ အပြစ်ကင်း၍ ကောင်းကျိုးကို ပေးနိုင်သော ကုသိုလ်တရားမှန်းသိ၍ အကုသိုလ်အမှုများကို ရှောင်ကြဉ်နိုင်သူ ဖြစ်ရပါမည်။ အထူးအားဖြင့် အကုသိုလ်များစေမည့် အယောနိသောမနသိကာရ မသင့်မတင့်သော နှလုံးထားမှု နည်းပါး၍ ကုသိုလ်ပွားစေမည့် ယောနိသောမနသိကာရ အသင့်အတင့်နှလုံးသွင်းထားမှုထားရှိနိုင်ပေမည်။

ဆန္ဒာ ဒေါသာ၊ ဘယာ မောဟာ၊ လေးဖြာ အဂတိ၊ အသိမိုက်မဲ လိုက်လွဲမှားယွင်း၊ ပြုမူခြင်း သည် သာသနာမှုကောင်းစွာပြုလိုသူများအတွက် အနှောင့်အယှက်ပင် ဖြစ်ပါသည်။ အဂတိတရား လိုက်စားပါက ပျက်စီးရမည်သာ ဖြစ်ရာ၊ ရှေ့ဟ ပမာ တစ်သက်လျှာ တစ်ခဏတာရရှိမှုကို မကြည့်ဘဲ လောကီလောကုတ္တရာ ရေရှည်အကျိုး သက်ရောက် မှုကို ချင့်တွက်နိုင်ရပါမည်။ သာသနာတော်ကို ထောက်ကူပေးနေကြသူတို့သည် ဆရာသမားများ၊ လုပ်ငန်းကျွမ်းကျင်သူများ၊ ဆရာတော်သံဃာတော် များနှင့် သာ ဆက်ဆံနေရသည်ဖြစ်ရာ သင့် မသင့်၊ တော် မတော် ပြောဆိုဆုံးမသည်ကို နာခံလွယ်သူ ဖြစ်ရပါမည်။ စိတ်နှလုံးထား နူးညံ့ပျော့ပျောင်းသူ ဖြစ်ရပါမည်။ စိတ်ရှည်သည်းခံခြင်းဖြင့် သာသနာ့ တာဝန်များကို မှန်မှန်ကန်ကန် ပြေပြေပြစ်ပြစ် အောင်မြင်အောင် ဆောင်ရွက်နိုင်ရပါမည်။

ဥပဋ္ဌာမ္ဘကများသည် သာသနာရေးဆိုင်ရာ လုပ်ငန်းရပ်များကို ဆောင်ရွက်ရာတွင် ချောချော မောမော အောင်မြင်ရေးကို အဓိကထားကြရသည် ဖြစ်၍ လုပ်ငန်းကျွမ်းကျင်မှုရှိရန် လိုအပ်လှပါသည်။ အတွေးအခေါ်ပိုင်းတွင် ထက်မြက်ရှင်သန်သည့် အလျောက် အပြောအဆို အရေးအသား စာပေ ပိုင်းတွင်လည်း နားလည်တတ်ကျွမ်းထားရန် လိုပါ သည်။ ဗဟုသုတ ရှာဖွေမှု၊ လေ့လာဆည်းပူးမှု၊ ကျက်မှတ်သင်ယူမှုတို့ဖြင့် အားဖြည့်လျက် မိမိ၏ ဉာဏ်ရည်အရှိန်ကို မြှင့်တင်နိုင်ရပါမည်။ မြန်မာ စာပေအရေးအသား၊ သတ်ပုံသတ်ညွှန်း မှန်ကန်စွာ သိနိုင်ရပါမည်။ အသုံးများသော ပါဠိစာသားများကို လည်း အဓိပ္ပါယ်နှင့်တကွ သဘောပေါက် နားလည် ထားပါက အခက်အခဲများ လျော့ပါးနိုင်ပါသည်။ ဝိနိစ္ဆယ၊ သာသနာ့ရေးရာကိစ္စရပ်များတွင် ရက္ခက ဂေါပက၊ အန္တေဝါသိမဏ္ဍက၊ သမာနဂုဏိက၊ ဓုဝဝါသ အနုဋ္ဌာပနီယ၊ စောဒက၊ စုဒိတကစသည် စာသား များသည် အသုံးများလှသဖြင့် နားလည်ထားသင့် ပါသည်။ သို့ဖြစ်ရာ ဥပဋ္ဌာမ္ဘကသည် မိမိဆောင်ရွက် မည့် သာသနာလုပ်ငန်းရပ်များနှင့် စပ်လျဉ်း၍ စိတ် ပါဝင်စားမှုရှိထားရပါမည်။ ပင်ကိုယ်ဉာဏ်စွမ်းရည် ထက်မြတ်၍ ဉာဏ်ပညာ အရည်အသွေး တိုးမြှင့် စေရန်လည်း အခါမလပ် ကြိုးစားနေပြီး တည်ကြည် ဖြောင့်မတ် ရိုးသားသူများသည် မွန်မြတ်ကောင်းလှ သော အထောက်အထားများပင် ဖြစ်ပါသည်။

ဗုဒ္ဓဘုရားရှင်၏ သာသနာတော်မြတ်ကြီး သန့်ရှင်းရေး၊ အရှည်တည်တံ့ရေး၊ ပြန့်ပွားထွန်းကား ရေးကို ရည်မျှော်လျက် သာသနာရေးလုပ်ငန်းကိစ္စ အဝဝကို ထောက်ကူပံ့ပိုး၊ နိုးကြားတက်ကြွ၊ ဆောင် ရွက်ပေးကြသော ဥပဋ္ဌာမ္ဘကများသည် စိတ်အကြံ၊ နှုတ်အပြော၊ ကိုယ်အမူအလုပ်တို့ဖြင့် ဆောင်ရွက် တိုင်း ကုသိုလ်ကံများချည်းသာ ဖြစ်နေသဖြင့် ကုသိုလ်ကံ ကုသလကမ္မပထသည်လည်း အမှန် ပင် ကောင်းသော အကျိုးကိုပေးမည်သာ ဖြစ်ပါ သည်။ "အတ္တာဟိ အတ္တနော နာထော" မိမိကိုယ် သည်သာ အားကိုးရာ ဖြစ်သဖြင့် ကိုယ်ကိုယ်တိုင် အတွက် ကုသိုလ်တရားများ စုဆောင်းနေခြင်း ဖြစ်ပေသည်။

ထို့ကြောင့်ပင်လျှင် သာသနာ့အရေး၊ မနှေး အလျင်၊ စွမ်းအင်စိုက်မြုပ် အားထုတ်ကြသော ဦးသျှောင်သာသနာမထေရ်ဆရာများနှင့် နောက်ပါ ဒကာ ဗိုလ်လူ ထိုထိုပြုကြ ဥပဋ္ဌာမ္ဘကတို့သည် ဆရာ ဒကာ ညီညာလက်တွဲ အားခဲလှုံ့လ၊ သာသနာ့ တာ ဝန်၊ တို့တာဝန်ဟု၊ ကျေပြွန်စေချင်၊ ယခင်ယခု၊ နောင်လည်းပြုမည်၊ ရာစုများစွာ ထွန်းကားပြန့်ပွား ပါစေဟု ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်း အဝေးပွဲကြီးမှ စ၍ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့် နှင့် သာသနာ့အရေးကိစ္စများကို ကူညီထောက်ပံ့ကြ သူများ၏ လုံ့လကြိုးကုတ် အားထုတ်ပူဇော်ကုသိုလ် တော်များကြောင့် သာသနာတော်မြတ်ကြီးသည် နှစ်ပေါင်းငါးထောင်မက ကြာအောင် တည်တံ့ ထွန်းကားပြန့်ပွားပါစေသတည်းဟူ၍ အဓိဋ္ဌာန်ပြု တောင်းဆုခါခါ ဆိုရပါတော့သည်။

# ငွေရတုလွန် ခေတ်သစ်မွန်ဝယ်

အရှင်သုန္ဒရ (တိပိဋကဓရ)

* ခေတ်အဆက်ဆက်၊ ယက်မြက်ဝီရိယ
ကြိုးလုံ့လဖြင့်၊ သာသနာ့တာဝန်
ငါ့တာဝန်ဟု၊ အားသွန်ကြိုးပမ်း
မြတ်ရဟန်းတို့၊ ရွှင်လန်းပီတိ
ရင်ဝယ်ငြိလျက်၊ အမိမြန်မာ
သာသနာကို၊ ကျရာစခန်း
ကိုယ်စီထမ်းလျက်၊ ခြေလှမ်းသွက်သွက်
ခရီးဆက်သော်၊ နေ့ရက်ရာသီ
အလီလီတို့ပြောင်းခဲ့ပြီ။

* ဗုဒ္ဓသားတော်၊ မထေရ်ကျော်တို့
ရည်ရော်မှန်းဆ၊ အမတကို
နေ့ညမဟူ၊ လုံ့လကူရင်း
ဗိုလ်လူအများ၊ ချမ်းသာပွါးဖို့
ဘုရားမြတ်စွာ၊ သာသနာကို
သေချာစောင့်ကြပ်၊ အုပ်ထိန်းကွပ်လျက်
ဆုံးဖြတ်စီရင်၊ ဉာဏ်နှင့်ယှဉ်၍
ဆင်ခြင်တွေးတော၊ သဘောတူညီ
သာမဂ္ဂီဖြင့်၊ နှစ်ရှည်လများ
စောင့်ရှောက်ငြားကြောင့်၊
ပြန့်ပွါးစည်ပင်ခဲ့လေပြီ။

* ဗုဒ္ဓသာသနာ၊ ပြည်မြန်မာနှင့်
ကမ္ဘာ့အနှံ့၊ မြဲတည်တံ့အောင်
ရဲဝံ့စွန့်စား၊ ညီညွတ်အားဖြင့်
ထေရ်များတည်ထောင်၊ သံဃာ့ဘောင်သည်
မြင့်ခေါင်ရှည်မှူ၊ ကျေးဇူးပြုလျက်

* ငွေရတုသို့တိုင်ခဲ့ပြီ။
ငွေရတုခေတ်၊ ပြန်၍စစ်သော်
ရင်ချစ်မြတ်စွာ၊ သာသနာသည်
ကောင်းစွာတည်တံ့၊ အရှည်ခံ၍
သန့်ရှင်းပြန့်ပွား၊ ဒီရေလားသို့
ထွန်းကားစည်ပင်ခဲ့လေပြီ။

* ငွေရတုလွန်၊ ခေတ်သစ်မွန်ဝယ်
ဒို့သာသနာ၊ ဒို့ဘာသာနှင့်
ဂိုဏ်းပေါင်းစုံညီ၊ ဖွဲ့စည်းတည်ထောင်
သံဃာ့ဘောင်သည်၊ မြားမြောင်အစွန့်
အရှည်ခံ၍၊ တည်တံ့တော့မည်
သန့်ရှင်းပြန့်ပွါး၊ ထွန်းကားတော့မည်
မှန်ပေသည်တည့်။ ။

# သိက္ခာ

## အရှင်ဉာဏဝံသ (စလင်း)

"သိက္ခိတဗ္ဗာတိသိက္ခာ" ဟူသော ဝစနတ္ထအရ "သိက္ခာ" ဟူသည် ကျင့်အပ်သော တရားဖြစ်၏။ အဘယ်အကျင့်ကို ကျင့်အပ်သနည်းဟူမူ သီလ ဝိပဿနာ, ဈာန်, မဂ်တရားတို့ကို ကျင့်အပ်၏။ ကျင့်အပ်သော တရားတို့ကို ကျင့်သောသူကို "သိက္ခာရှိသည်" ဟုခေါ်၏။ ကျင့်အပ်သော တရားတို့ကို မကျင့်သောသူကို "သိက္ခာမဲ့သည်" ဟုခေါ်၏။

အမှန်အားဖြင့် လူဖြစ်စေ၊ ရဟန်းဖြစ်စေ သိက္ခာရှိသူသာဖြစ်သင့်၏။ သိက္ခာရှိသော သူကို လောကသည် ရိုသေလေးစား၏၊ တန်ဖိုးထား၏။ "သုစရိုက်မျိုး၊ ကောင်းကျင့်ရိုးကို၊ မြတ်နိုးသိပ်သည်း၊ ကျင့်စောင့်စည်းက၊ လူလည်းကြည်ညို၊ နတ်လည်း လို၏" ဟူသော ( မဃဒေဝလင်္ကာသစ် ပုဒ်ရေ-၂၈၂ ) စကားသည် ထိုသဘောပင်ဖြစ်၏။ နတ်နှင့် လူတို့၏ ကြည်ညိုလေးစားမှုကို ရဖို့ရာသည် အလွန် ခက်၏။ ထိုထက် မိမိကိုယ်ကို ကြည်ညို လေးစား ဖို့ရာသည် ပို၍ခက်၏။ လူသားသည် မိမိလုပ်ထား သည်ကို မိမိကိုယ်တိုင်သိ၏။ အကောင်းကိုလည်း သိ၏၊ အဆိုးကိုလည်းသိ၏။ မိမိမှတစ်ပါး အခြား သူတို့တွင်ကား သူတစ်ပါး၏ စိတ်အကြံကို သိကုန် သောသူတို့ကိုသာ သိကုန်၏။ ထို့ကြောင့် နတ်နှင့် လူတို့၏ ကြည်ညိုလေးစားမှုကို ရဖို့ရာထက် မိမိ ကိုယ်ကို ကြည်ညိုလေးစား ရဖို့ရာက ပို၍ခက်သည် ဟု ဆိုခဲ့ခြင်းဖြစ်၏။

မြတ်ဗုဒ္ဓသည်“ အဏုမတ္တေသု ဝဇ္ဇေသု ဘယ ဒဿာဝီ - အဏုမြူမျှလောက်သော အပြစ်ကို လည်း ဘေးဟု ရှုမြင်ရမည်” ဟု ဟောတော်မူခဲ့၏။ “ဘေး” ဟူသည် နတ်ရွာ၊ နိဗ္ဗာန် ချာန် မဂ်ဖိုလ်၏ အန္တရာယ်ကို ဆိုခြင်းဖြစ်၏။ ထို့ကြောင့် သိက္ခာမဲ့ စေတတ်သော အပြစ်တို့ကို အနည်းငယ်မျှသာပဲဟု မထေမဲ့မြင် မပြုအပ်၊ ရိုသေလေးစားစွာဖြင့် လိုက်နာ ကျင့်သုံးအပ်၏။ သိက္ခာပုဒ်ကို တန်ဖိုးထား လိုက်နာ ကျင့်သုံးမှုလည်း မိမိကိုယ်ကို ကြည်ညိုနိုင်မည် ဖြစ်၏။ မိမိကိုယ်ကို ကြည်ညိုနိုင်မှုလည်း သူတစ်ပါး တို့၏ ကြည်ညိုလေးစား မှုကို ရနိုင်မည်ဖြစ်၏။

သိက္ခာရှိခြင်းသည် မကြည်ညိုသေးသော သူ တို့ကို ကြည်ညိုလေးစားစေ၏။ ကြည်ညိုပြီးသော သူတို့ကိုလည်း ပို၍ ကြည်ညိုလေးစားစေ၏။ သိက္ခာ မဲ့ခြင်းသည်မကြည်ညိုသေးသောသူတို့ကို မကြည်ညို စေနိုင်။ ကြည်ညိုပြီးသော သူတို့ကိုလည်း အကြည် ညို ပျက်စေ၏။ အမှန်အားဖြင့် သိက္ခာပုဒ်တို့ကို ပညတ်တော်မူခဲ့ခြင်းသည် မကြည်ညိုသေးသော သူတို့ကို ကြည်ညိုစေခြင်း၊ ကြည်ညိုပြီးသော သူတို့ ကို ပို၍ ကြည်ညိုစေခြင်းငှာဖြစ်၏။

သိက္ခာရှိခြင်း၊ သိက္ခာမဲ့ခြင်းသည် မိမိကိုယ် သာ မဟုတ်၊ မိမိနှင့်သက်ဆိုင်သော ပတ်ဝန်းကျင် အသိုင်းအဝိုင်းကိုလည်း အနည်းအများ သက်ရောက် မှု ရှိ၏။ ‘‘ငါးခုံးမ တစ်ကောင်ကြောင့် တစ်လှေလုံး ပုပ်ရသည်’’ဟူသော မြန်မာစကားသည် လှေ အတွင်း၌ရှိသော ငါးအားလုံး အမှန်တကယ် ပုပ် သွားသည်ကို ဆိုလိုသည်မဟုတ်။ အပုပ်နံ့ကူးစက် ခံရသောကြောင့် မကောင်းသော အနံ့ထွက်လာရ ခြင်းကိုသာ ဆိုလို၏။ ထို့အတူ သိက္ခာရှိခြင်း၊ သိက္ခာမဲ့ခြင်းသည်လည်း ပြုလုပ်သူ မိမိနှင့်သက်ဆိုင် သော အသိုင်းအဝိုင်းကို ဂုဏ် တက်စေခြင်း၊ ဂုဏ်မဲ့ စေခြင်းများ ဖြစ်စေနိုင်၏။

ထိုစကားမှန်၏။ ဗိန္ဒုသာရမင်းကြီးသည် ဗြာဟ္မဏဘာသာဝင်ဖြစ်၏။ထို့ကြောင့် ဗြာဟ္မဏ အယူရှိကုန်သော အဝတ်ဖြူဝတ်သော တက္ကတွန်း၊ ရဟန်းယောင်သက်န်းဝတ်သော တက္ကတွန်း စသူ တို့ကို ပြုစုလုပ်ကျွေး၏။ နေ့စဉ်မင်းနန်းတော်သို့ အလှူခံကြွသူတို့သည် ခြောက်သောင်းအတိုင်း အရှည်ရှိ၏၊ အသောကမင်းကြီးသည် ဗိန္ဒုသာရ မင်းကြီး၏ သားတော်ဖြစ်၏။ သားသမီးတို့မည် သည် မိဘသို့သာ အစဉ်လိုက်မြဲဖြစ်၏။ ထို့ဓမ္မတာ အားလျော်စွာပင် အသောကသည်လည်း မင်းကြီး ဖြစ်လာသောခါ၌ ဗြာဟ္မဏတို့အား ပေးလှူမြဲဖြစ် သော အလှူဝတ်ကို အဘိသိတ် သွန်းပြီး၍ သုံးနှစ် တိုင်အောင် ပြုလုပ်ခဲ့၏။

အမှန်အားဖြင့် မင်းကြီးသည် “ စောင့်လေ မျိုးနွယ်ဟူသော ကျင့်ဝတ်ကို လွဲမှားစွာ အဓိပ္ပါယ် ကောက်ယူမိခဲ့ခြင်း ဖြစ်၏။ စောင့်လေမျိုးနွယ်၏ ဆိုလိုရင်း အဓိပ္ပါယ်သည် မိဘတို့၏ ကောင်း၊ မကောင်းသော ကျင့်ဝတ်နှင့် အမျိုးအနွယ်ကို ထိန်းသိမ်းစောင့်ရှောက် ခိုင်းခြင်း မဟုတ်၊ ကောင်း မြတ်သော ကျင့်ဝတ်နှင့် အမျိုးအနွယ်ကိုသာ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ခိုင်း ခြင်း ဖြစ်၏။

အသောကမင်းကြီး၏ သိက္ခာမရှိသော တိတ္ထိ တက္ကတွန်းတို့အား အလှူကြီးပေးလှူရခြင်းသည် စောင့်လေမျိုးနွယ်ကို လွဲမှားစွာ အဓိပ္ပါယ်ကောက် ယူမိခြင်းကြောင့် ဖြစ်နိုင်သကဲ့သို့ ဉာဏ်အမြင် မရင့် ကျက်သေးခြင်းကြောင့်လည်း ဖြစ်နိုင်၏။ မည်သို့ ဆိုစေ အဘိသိက်သွန်းပြီး၍ သုံးနှစ်ပြည့်သောအခါ မင်းကြီး၏ အတွေးအခေါ် အယူအဆတို့သည် ပြောင်းလဲလာသည်သာ ဖြစ်၏။ ထိုသို့ ပြောင်းလဲ

အောင် ဖန်တီးခဲ့သူတို့သည်လည်း အလှူခံဖြစ်သော တိတ္ထိတက္ကတွန်းတို့ ကိုယ်တိုင်ပင် ဖြစ်၏။

ချဲ့ဦးအံ့။ တိတ္ထိတက္ကတွန်းတို့မည်သည် သင်အပ်ပြီးသော ကျင့်ဝတ်ရှိသူများ မဟုတ်။ ဆရာကိုလည်း "ဆရာ"ဟူ၍ ရိုသေလေးစားခြင်း ရှိကြသူများ မဟုတ်။ ထို့ကြောင့် မင်း၏ အလှူမဏ္ဍပ်သို့ ဆွမ်းစားကြွသောအခါ၌ တည်ကြည်ငြိမ်သက်မှု မရှိ။ ကလေးများ အလှူထမင်းမဏ္ဍပ်သို့ တိုးဝှေ့၍ ဝင်သကဲ့သို့ တစ်ဦးနှင့်တစ်ဦး တိုးဝှေ့၍ သွားလာကြ၏။ တသောသောနှင့် စကားပြောဆိုကြ၏။ ဖွန်းသံ၊ ပန်းကန်သံ တို့သည်လည်း စည်းဝါးလိုက်နေသကဲ့သို့ ဆူညံ၏။ ထမင်းစားသော လက်ကို လျှာဖြင့် လျှက်သူက လျှက်၏။ ကိုယ်ဝတ်ဖြင့် သုတ်သူက သုတ်၏။ ထမင်းစားပွဲခုံတွင်လည်း ထမင်းလုံးများ ဟင်းစများဖြင့် ပြန့်ကျဲပေကျံနေ၏။

တစ်နေ့သောအခါ အသောကမင်းကြီးသည် ခြသေ့်ခံသော လေသာပြတင်းမှရပ်လျက် တိတ္ထိတက္ကတွန်းတို့၏ နေထိုင်စားသောက်ပုံကို ကြည့်၏။ ထိုအခါ ဣန္ဒြေမရှိသည်ဖြစ်၍ လျှပ်ပေါ်သော ဣရိယာပုထ်ဖြင့် စားသောက်ကုန်သော တိတ္ထိတက္ကတွန်းတို့ကို မြင်၏။ မြင်လျှင် နှလုံးမသာယာ ဖြစ်၏။ နှလုံးမသာယာဖြစ်ခြင်းသည် အလှူခံ ပုဂ္ဂိုလ်တို့၏ သိက္ခာမရှိမှုကြောင့် ဖြစ်၏။ သိက္ခာ မရှိသော အလှူခံတို့ကို ကြည့်၍ မင်းကြီးသည် "ဤသို့သော အလှူကို စူးစမ်းဆင်ခြင်၍ သင့်လျော်ရာ၌ ပေးလှူခြင်းငှာ သင့်၏" ဟု ကြံစည်စဉ်းစား မိ၏။ စဉ်းစားပြီးလျှင် အမတ်တို့ကို ခေါ်၍ "သင်တို့၏ ဆရာဖြစ်သော သမဏဗြာဟ္မဏတို့ကို ပင့်ခဲ့ကြ ကုန်လော့။ အလှူပေးပေအံ့" ဟု ပြော၏။ အမတ်တို့သည်လည်း ဝမ်းမြောက်ဝမ်းသာဖြင့် ဆရာဖြစ်သော တိတ္ထိ တက္ကတွန်းတို့ကို ပင့်၍ "အရှင်မင်းကြီး၊ ဤသူသည် အကျွန်ုပ်၏ အရဟန္တတည်း" ဟု လျှောက်ထားကြ၏။

မင်းကြီးသည် ညီလာခံရာ မင်းနန်းတော်သို့ ကြွ၍ ကြီးကြီးငယ်ငယ်ကုန်သော နေရာထိုင်ခင်းတို့ကို ခင်းထားစေ၏။ ပြီးလျှင် တိတ္ထိတက္ကတွန်းတို့ကို ကြွလာစေ၍ "အချို့သည် မိမိအား သင့်လျော်သော နေရာ၌ မြင့်သောနေရာ၊ မြတ်သော နေရာတို့၌ မထိုင်ရဲ ကြကုန်။ အချို့သည် ကြိမ်ဖြင့်ပြီးသော အင်းပျဉ်၌ ထိုင်ကုန်၏။ အချို့သည် ပျဉ်ဖြင့်ပြီးသော အင်းပျဉ်၌ ထိုင်ကုန်၏။ ထိုသည်ကို ကြည့်၍ မင်းကြီးသည် "ဤသူတို့၏ သန္တာန်၌ သီလအစရှိသော အနှစ်သာရသည် မရှိ" ဟု တပ်အပ်သေချာဆုံးဖြတ်၏။ ဆုံးဖြတ်ပြီးလျှင် လျှောက်ပတ်သော ခဲဖွယ်ဘောဇဉ်ကို ပေး၍ ပြန်လွှတ်လိုက်၏။ ဤမှနောက်၌ တိတ္ထိတက္ကတွန်းတို့အား ပေးလှူခြင်း မပြုတော့။

တိတ္ထိတက္ကတွန်းတို့၏ လာဘ်လာဘမှ ယုတ်လျော့ခြင်းသည် အခြေခံအားဖြင့် သိက္ခာမရှိမှုကြောင့် ဖြစ်၏။ သိက္ခာမရှိသူတို့အတွက် သိက္ခာမရှိသူဖြစ်မှန်း ပတ်ဝန်းကျင်က မသိသေးခင်သာ ကြည်ညိုချင် ကြည်ညိုမည်ဖြစ်၏။ သိသောအခါ၌ကား မည်သူမှ ကြည်ညိုချင်ကြလိမ့်မည် မဟုတ်။ ကြည်ညိုသူ မရှိသောကြောင့် လာဘ်လာဘသည်လည်း ယုတ်လျော့တော့သည်သာ ဖြစ်၏။

မင်းကြီးသည် တိတ္ထိတက္ကတွန်းတို့အား လှူမြဲဝတ်ကို ဖြတ်ပြီးသည်မှ နောက်၌ မည်သူ့အားမျှ ပေးလှူမှုကို မပြုရသေး။ စူးစမ်းဆင်ခြင်လျက်သာ နေ၏။ ဤသို့ ကာလကြာမြင့်စွာ စူးစမ်းဆင်ခြင်၍ နေခြင်းသည် တွေဝေနေခြင်း မဟုတ်။ နောက်တစ်ကြိမ် ဤကဲ့သို့သော သိက္ခာမရှိသူတို့အား ပေးလှူဖြစ်မည်ကို စိုးရိမ်သောကြောင့် ဖြစ်၏။ အမှန်အား

ဖြင့် အလှူကြီးပေးလှူသူတို့သည် ပညာရှိနှင့် တိုင်ပင်ပြီးမှ ပေးလှူသင့်၏။ ထိုသို့ဖြစ်လျက် အသောက မင်းကြီးသည် အဘယ့်ကြောင့် ပညာရှိနှင့် မတိုင်ပင်သနည်းဟု မေးဖွယ်ရှိ၏။ စင်စစ်သော်ကား နန်းတော်တွင်း၌ရှိသော အမတ်တို့သည် သိက္ခာမရှိသူများကိုချည်း ကိုးကွယ်ဆည်းကပ်နေသောကြောင့် ဖြစ်၏။

ဤသို့ဖြင့် မင်းကြီးသည် သိက္ခာရှိသော အလှူခံကိုသာ ရှာဖွေလျက်ရှိ၏။ တစ်နေ့သောအခါ မင်းကြီးသည် အရှေ့အရပ်သို့ မျက်နှာပြုလျက် ခြသေ့ခံသော လေသာ ပြတင်းဝ နား၌ စင်္ကြံသွား၏။ အမှတ်မထင် လူသွားလမ်းမသို့ ကြည့်လိုက်သော အခါ နိဂြောဓ သာမဏေကို မြင်၏။ နိဂြောဓ သာမဏေသည် ငြိမ်သက်သော ဣန္ဒြေရှိသည်ဖြစ်၍ လေးတောင်ခန့်မျှသာ ကြည့်လျက် မင်းရင်ပြင်ဝယ် ကြွ၏။ မင်းကြီးသည် သာမဏေကိုမြင်လျှင် "အလုံးစုံသော လူအပေါင်းသည် တုန်လှုပ်သော သားသမင်ကဲ့သို့ မတည်ကြည်သော စိတ်ရှိ၏။ ဤသူငယ်သည်ကား တည်ကြည်သော စိတ်ရှိ၏။ ဤသူငယ်၏ တူရူကြည့်ခြင်း၊ အထောင့်ကြည့်ခြင်းသည်လည်းကောင်း၊ လက်ခြေတို့ကို ကွေးခြင်း၊ ဆန့်ခြင်းသည် လည်းကောင်း၊ အလွန်တင့်တယ်၏။ စင်စစ် ဤသူငယ်၏ ကိုယ်တွင်း၌ လောကမှ ထွက်မြောက်ကြောင်း တရားသည်ရှိသည်ဖြစ်လတ္တံ့" ဟု စဉ်းစားဆင်ခြင်မိ၏။

ဆင်ခြင်ပြီးလျှင် အမတ် တစ်ယောက်အား ခေါ်၍ နိဂြောဓသာမဏေကို အပင့်ခိုင်း၏။ နိဂြောဓသာမဏေသည် မင်းကြီးက ပင့်ဖိတ်သည်ဟု ဆိုသော်လည်း ကြောက်ရွံ့ထိတ်လန့်မှု မဖြစ်။ ဝမ်းမြောက်ဝမ်းသာလည်း မဖြစ်၊ ပကတိ ကြွမြဲတိုင်းသာ ကြွ၏။ နန်းတော်သို့ ရောက်လျှင် အခြားသော ရဟန်းတို့ ရှိ မရှိကို ကြည့်၏။ မရှိမှန်း သိလျှင် ထီးဖြူဖြင့် စိုက်ဆောင်းအပ်သော ရာဇပလ္လင်သို့ ကပ်၍ သပိတ်ကို ယူစေလိုသော အခြင်းအရာကို မင်းကြီးအား ပြ၏။ မင်းကြီးသည်လည်း သာမဏေ၏ အမူအရာကို မြင်လျှင် "ယနေ့ပင် ဤသာမဏေသည် ငါ့အိမ် ၏ အရှင်သခင် ဖြစ်တော့လတ္တံ့" ဟု ဝမ်းမြောက် ဝမ်းသာဖြစ်၏။ နိဂြောဓ သာမဏေသည် မင်းကြီးအား သပိတ်ကို ပေးပြီးလျှင် ပလ္လင်ပေါ်သို့ တက်၍ ထိုင်၏။

ထိုသို့ မြင့်သောနေရာ၊ မြတ်သောနေရာ၌ ထိုင်ရဲခြင်းသည် သိက္ခာရှိသော သူဖြစ်သောကြောင့် ဖြစ်၏။ သိက္ခာရှိသော နိဂြောဓသာမဏေကို ကြည့်၍ မင်းကြီး၏ ရင်၌ ကြည်ညိုသော သဒ္ဓါတရားသည် ဖြစ်ပေါ်လာ၏။ သဒ္ဓါတရားသည် ဒါန၊ သီလ၊ ဘာဝနာတို့၏ အခြေခံတရားဖြစ်၏။ ထို့ကြောင့် ကာလကြာမြင့်စွာ မလှူဒါန်းဘဲ ထားခဲ့သော အလှူဒါနဝတ်ကို သာမဏေအား ပေးလှူလိုသော စိတ်ဖြစ်ပေါ်လာခြင်း ဖြစ်၏။ သာမဏေကိုသာ မဟုတ်၊ သိက္ခာရှိသော နိဂြောဓသာမဏေကို အကြောင်းပြု၍ ဗုဒ္ဓမြတ်စွာ သာသနာတော်၌လည်း ကြည်ညိုခဲ့၏။ ကြီးစွာသော အလှူကိုလည်း ပေးလှူခဲ့၏။

မြတ်ဘုရား၏သားတော် ရဟန်းတော်တို့သည် သင်အပ်ပြီးသော ကျင့်ဝတ်ရှိသူများ ဖြစ်၏။ မြို့တွင်း၊ ရွာတွင်းသို့ သွားရာထိုင်ရာ၌လည်းကောင်း၊ ခဲဖွယ်ဘောဇဉ်ကို ဘုဉ်းပေးသုံးဆောင်ရာ၌ လည်းကောင်း မည်သို့ သွားရထိုင်ရမည်၊ ဘုဉ်းပေး သုံးဆောင်ရမည်ကို သင်ယူသိရှိထားပြီးသူများ ဖြစ်၏။ သင်ယူသိရှိထားသည့်အတိုင်း လိုက်နာကျင့်ကြံ ကြသူများလည်း ဖြစ်၏။ ထို့ကြောင့် မင်းကြီး၏ စိတ်အစဉ်၌ ရဟန်းတော်တို့ကို ကြည့်ရှုဖူးမျှော် တိုင်း သဒ္ဓါတရား

ယုတ်လျော့သည်ဟူ၍ မရှိ။ တိုး ၍ တိုး၍သာ လာ၏။

အမှန်အားဖြင့် သိက္ခာနည်းနည်းရှိလျှင် နည်းနည်းကြည်ညိုခံရ၏။ သိက္ခာများများရှိလျှင် များများကြည်ညိုခံရ၏။ ဤသည်မှာ ဓမ္မသဘာဝဖြစ်၏။ ထို့ကြောင့် လာဘ်လာဘပေါများလိုသူတို့သည် လည်းကောင်း၊ နာမည်ဂုဏ်သတင်းကျော်စောလိုသူတို့သည် လည်းကောင်း သိက္ခာရှိအောင်သာ ကျင့်ကြံအားထုတ်သင့်၏။

အချို့သောသူတို့သည် လာဘ်လာဘပေါများလိုခြင်း၊ နာမည်ဂုဏ်သတင်း ကျော်စောလိုခြင်းတို့ကြောင့် မအပ်သောနည်းတို့ဖြင့် ပြုလုပ်ဖန်တီးကြ၏။ ရှေးအခါက ပိယဂါမိမည်သော မထေရ်တစ်ပါးသည် ဓုတင်ဆောက်တည်သော ရဟန်းများ လာဘ်လာဘပေါများသည်ကို မြင်လျှင် "ငါသည်လည်း ဓုတင်ကျင့်ပြီး လာဘ်ရှာမည်"ဟု နှလုံးသွင်းပြီး သုသာန်သို့ သွား၍ သုသာနဓုတင်ဆောက်တည်၏။ ထိုမထေရ်ဓုတင် ဆောက်တည်သော သုသာန်၌ လူတို့ အသုံးမလိုတော့၍ စွန့်လွှတ်ထားသော နွားအိုကြီး တစ်ကောင်ရှိ၏။ နွားအိုကြီးသည် နေ့အခါ၌ နွားစားကျက်များသို့ လှည့်လည်ရှာဖွေစားသောက်ပြီး ညအခါတွင် ချုံကြီးအတွင်း၌ အိပ်၏။ နွားသဘာဝအတိုင်း တကျွိကျွိနှင့် တစ်ညလုံး စားမြုံ့ပြန်၏။

လာဘ်ပေါများလိုသော ပိယဂါမိမထေရ်သည် စင်္ကြံလျှောက်ရင်း နွားစားမြုံ့ပြန်သံကို ကြား၏။ အသံကြားလျှင် ထိတ်လန့်ကြောက်ရွံ့၏။ "အင်း ငါ့အကြံကို သိကြားမင်းကြီး သိသွားပြီနဲ့ တူ တယ်။ ယခု ငါ့ကို နှိပ်စက်ဖို့လာတာဖြစ်မှာပဲ" ဟု အတွေးဝင်၏။ မဆိုင်းမတွပင် နွားအိုကြီးရှိရာသို့ သွား၍ လက်အုပ်ချီပြီးလျှင် "အို သိကြားမင်း သူတော်ကောင်းကြီး ကျွန်ုပ်ကို ချမ်းသာပေးပါ။ နောက်နောင် ဤအမှုမျိုးကို မလုပ်တော့ပါဘူး" ဟု မိုးလင်းသည်အထိ ရှိခိုး လိုက်၊ တောင်းပန်လိုက် လုပ်နေ၏။ မိုးလင်းသည့် အခါတွင်မှ နွားအိုကြီးမှန်း သိပြီးလျှင် "ငါ့ကို တစ်ညလုံး နှိပ်စက်နေတဲ့အကောင် သေပေတော့" ဟု ရေရွတ်၍ တောင်ဝှေးနှင့် လိုက်ရိုက်လေသည် ဟူ၏။

ထိုသို့ အများပြက်ရယ်ပြုစရာဖြစ်ရခြင်းသည် လာဘ်ပေါများလိုမှုကို အကြောင်းပြု၍ သိက္ခာမဲ့သော လုပ်ရပ်ကို လုပ်မိသောကြောင့် ဖြစ်၏။ မည်သူ မဆို သိက္ခာမဲ့သော လုပ်ရပ်ကို လုပ်မိလျှင် ထိုသို့ပင် ထိတ်လန့်ကြောက်ရွံ့စိတ်များတတ်၏။ ကုက္ကုစ္စလည်း ဖြစ်တတ်၏။ ထို့ကြောင့် သိက္ခာမဲ့သော အနေသနအမှုတို့ကို မပြုလုပ်သင့်သည်သာ ဖြစ်၏။

သိက္ခာရှိသော သူကို လူလည်းကြည်ညို၍ နတ်လည်းလိုကြောင်း ဆိုခဲ့၏။ လူလည်းကြည်ညို နတ်လည်းလို၍ လာဘ်လာဘသည်လည်း ပေါများ၏။ နာမည်ဂုဏ်သတင်းသည်လည်း ကျော်စောထင်ရှား၏။ သို့သော် အမှန်တကယ် သိက္ခာရှိသွားသော သူတော်မြတ်တို့သည်ကား လာဘ်လာဘပေါများလိုခြင်း၊ နာမည်ဂုဏ်သတင်း ကျော်စောလိုခြင်းများ မရှိတော့သည်သာဖြစ်၏။ သာယာခြင်းသည်လည်း မရှိတော့သည်သာ ဖြစ်၏။ အဘယ့်ကြောင့်ဆိုသော လာဘ်လာဘပေါများခြင်း၊ နာမည် ဂုဏ်သတင်းကျော်စောခြင်းသည် ရဟန်းဘဝ ချမ်းသာ၏ အနှောင့်အယှက်များ ဖြစ်လာနိုင်သောကြောင့် ဖြစ်ပေ၏။

အရှင်ဉာဏဝံသ(စလင်း)

# အေးရိပ်ဆောင်ရာ
## (အချိုးတွဲ-လေးချိုး)

ကန့်ဘလူ-ဖြူစင်ဝင်း

* ထုတိမဟာအလှ
အတုမရှိသာစွ
မုနိသာသနာ့ ပွားပြန့်တည်စေ။

* ကြံစည်ကာတွေး
ရန်မသီဘယာဝေး
မြန်ပြည်သာရေး ကမ္ဘာအဝှမ်းသို့
ငြိမ်းချမ်းပါစေ။

* ဆရာ-ဒကာကောင်း
ခါခါသဒ္ဒါဆောင်း ပေါင်းစုကာလေ
ကောင်းမှုဖြာဝေ အဖွဲ့တည်ထား။

* ဂုဏာဘိတ္ထဝ
ရှုစရာဣန္ဒ စာအလှစုံညီ
သာစွဂုဏ်ရည် တင်မော်ကွန်း
ညွန်းမဂ်လာပွား။

* ဆွေသမုန္ဒြာ
ဇေယျတုကဲအလှ
ငွေရတုပွဲမှ ရတုများမြောင်။

* ရောင်လျှမ်းသာဘိ
အောင်ပန်းဖြာအတိ
ဆောင်စွန်းပါမည့် ပုံနိမိတ်
အေးရိပ်မြဲဆောင်။

* ဂုဏ်သတင်း
ထုံသင်းမွှေးပျံ့ သမိုင်းပြောင်
တိုင်းဘောင်မက ကမ္ဘာချဉ်း။

* ဘုန်းဝေသဒ္ဒါမွှေး
ကုန်းမြေကမ္ဘာအေး နေရာမြတ်၌
သေချာမှတ်ကာ ရုံးတော်စိုက်တယ်
သိုက်မြိုက်ထိန်လင်း။ ။

သံဃသန္နိပါတ သာသနာဝင်သမိုင်းကို ဖော်ညွှန်းနေသော


# ကမ္ဘာအေးကုန်းမြေရှိ သာသနိကအဆောက်အအုံများ

**တင်အောင်ထွန်း ၊ သုတေသန ၊**

### သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ

သီရိမင်္ဂလာကမ္ဘာအေးစေတီတော်နှင့် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေတို့သည် တစ်ချိန်တည်းဆိုသလို ခေါ်ဝေါ်သုံးစွဲခဲ့ကြသော စေတီတော်ဘွဲ့နှင့် ကုန်းမြေအမည်နာမတို့ ဖြစ်ကြ၏။ မြန်မာတို့သည် အစဉ်အလာအရ စေတီတော်တစ်ဆူတည်ထားကိုးကွယ်ပြီဆိုလျှင် စေတီတော်တည်ထားသောကုန်းမြေကိုလည်း သာသနာနှင့်သက်ဆိုင်သည့် အမည်နာမတစ်ခု မှည့်ခေါ်မြဲ ဖြစ်ပါသည်။ ဥပမာ- ရွှေတိဂုံစေတီတော်တည်ထားရာ ကုန်းမြေကို သိင်္ဂုတ္တရကုန်းတော်ဟူ၍ လည်းကောင်း၊ မဟာဝိဇယစေတီတော်တည်ထားရာကုန်းမြေကို ဓမ္မရက္ခိတကုန်းတော်ဟူ၍လည်းကောင်း၊ စွယ်တော်မြတ်စေတီတော်တည်ထားရာ ကုန်းမြေကို ဓမ္မပါလကုန်းတော် ဟူ၍လည်းကောင်း အမည်နာမသတ်မှတ်ခေါ်ဝေါ်ခဲ့ကြပါသည်။

သီရိမင်္ဂလာကမ္ဘာအေးစေတီတော် နှင့် သီရိ မင်္ဂလာကမ္ဘာအေးကုန်းမြေမှာမူ စေတီတော်ဘွဲ့အမည်နှင့် ကုန်းတော်အမည်နာမတို့ တစ်ဆက်



တည်း တူညီနေသည်မှာ ထူးခြား၏။ ကမ္ဘာအေးစေတီနှင့် ကုန်းမြေတို့ တစ်ချိန်တည်းဆိုသလို ဘွဲ့နာမည်သတ်မှတ်ခဲ့ပုံရ၏။ ၁၉၅၀ပြည့်နှစ်တွင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်ကို တည်ထားခဲ့ရာ ယင်းကာလမှစ၍လည်း မရမ်းကုန်းမြို့နယ်၊ ရှစ်မိုင်လမ်းဆုံမှ ကမ္ဘာအေးကုန်းမြေကို ဖြတ်သန်းကာ ရန်ကင်းမြို့နယ်၊ ဗဟန်းမြို့နယ်အထိ သုံးမြို့နယ် ရှည်လျားသော လမ်းမကြီးသည် ကမ္ဘာအေးစေတီလမ်း ဖြစ်လာခဲ့သည်။

ရှေးယခင်က ကမ္ဘာအေး ကုန်းမြေနေရာသည် ရာဘာခြံကြီးဖြစ်သဖြင့် ကော်ပတ်ခြံဟူ၍ အမည်တွင်ခဲ့သည်။ မြန်မာနိုင်ငံ ကိုလိုနီဘဝမှ လွတ်မြောက်၍ ကိုယ့်မင်းကိုယ်ချင်းဖြင့် အမျိုး ဘာသာ သာသနာ ဇာတိမာန်များ တဖွားဖွား ပေါ် ပေါက်လျက်ရှိသည့်ကာလ ဆဋ္ဌသံဂါယနာစီမံကိန်းကြီး လမ်းပွင့်လာချိန် မြေဧက ၁၃၀. ၁၆၀ ရှိ ရာဘာခြံ (ကော်ပတ်ခြံ)ကြီးကို နိုင်ငံတော်အစိုးရမှ လျော်ကြေးပေးသိမ်းယူပြီး ရာဘာပင်များကို ခုတ်ထွင်ရှင်းလင်းပြီးနောက် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေဟူ၍ ဖြစ်ပေါ်လာကြောင်း သိရှိရ၏။ ထိုအချိန်မှစ၍ သီရိမင်္ဂလာကမ္ဘာအေးစေတီ၊ ညောင်ရမ်းစေတီ၊ ကပ်ကျော်စေတီ၊ ဆဋ္ဌသံဂါယနာ မဟာပါသာဏ လိုဏ်ဂူတော်ကြီး၊ မဟာသိမ်တော်ကြီး၊ ဘောမဲ့ကန်တော်ကြီး၊ သံဂါယနာတင် သံဃာတော်များ သီတင်းသုံးရန် ကျောင်းဆောင်ကြီး လေးဆောင်နှင့် သုံးထပ်ဆွမ်းစားဆောင်၊ သံဃာ့ဆေးရုံ၊ ဗုဒ္ဓပိဋကတ်ပြတိုက်၊ စာကြည့်တိုက်နှင့် ဗုဒ္ဓသာသနအဖွဲ့ ပုံနှိပ်တိုက်စသည် ပေါ်ပေါက်လာပြီး ယနေ့အခြေအနေတွင်သာသနာရေးဝန်ကြီးဌာန၊နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ မဟာနာယကကျောင်းတော်ကြီး၊ ဝိဇယမင်္ဂလာဓမ္မသဘင်ခန်းမနှင့် ဆဋ္ဌသံဂါယနာမော်ကွန်းပြတိုက် စသည်တို့ တိုးပွားလာပါသည်။ ဤသို့ဖြင့် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေသည် အဓိကသာသနာ့နယ်မြေကြီး တစ်ခုဖြစ်လာပြီး သာသနာရေးဝန်ကြီးဌာန ရုံးစိုက်ရာဖြစ်သလို ပြည်ထောင်စု မြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၏ ဗဟိုဌာနဖြစ်သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တည်ရှိရာဒေသလည်း ဖြစ်ပါသည်။

**ဆဋ္ဌသံဂါယနာ မဟာသန္နိပါတ သံဃာ့အစည်းအဝေးကြီး**

ပြည်ထောင်စု မြန်မာနိုင်ငံတွင် ရှေးယခင်က သံဃာ့အဖွဲ့အစည်း အသီးသီးပေါ်ပေါက်ခဲ့ဖူးပါ၏။ ယင်းသံဃာ့အဖွဲ့အစည်းများသည် ဒေသဆိုင်ရာအဖွဲ့အစည်းများ ၊ ဂိုဏ်းဂဏဆိုင်ရာ အဖွဲ့အစည်းများ၊ သာသနာသန့်ရှင်းရေး ယာယီအဖွဲ့အစည်းများဖြစ်ကြပြီး စနစ်တကျ ကျယ်ပြန့်မှုမရှိခဲ့ပါ။ သို့သော်လည်း ၁၉၅၄-ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော ဆဋ္ဌသံဂါယနာပွဲကြီးတွင် သံဃာတော် ၂၅၀၀တို့ စုဝေးသည့် မဟာသံဃသန္နိပါတပွဲကြီးကား အောင်မြင်သော သံဃာ့အစည်းအဝေးကြီး ဖြစ်ပါသည်။ ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းကြီးအဖြစ် စနစ်တကျ ကျယ်ကျယ်ပြန့်ပြန့် စနစ်တကျ မဖွဲ့စည်းနိုင်လင့်ကစား သံဃာ့ညီညွတ်မှုအင်အားကို ပြသနိုင်ခဲ့သော သာသနာ့သမိုင်းဝင် သံဃာ့အဖွဲ့အစည်းကြီး ဖြစ်ခဲ့ပါသည်။ ဆဋ္ဌသံဂါယနာတင်ပွဲကြီးကို သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသံဂါယနာ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ၁၇-၅-၁၉၅၄ မှ ၁၉-၅-၁၉၅၆ ထိ ပထမသန္နိပါတမှ ပဉ္စမသန္နိပါတအထိ သံဃာ့အစည်းအဝေးကြီး (၅)ကြိမ်ကျင်းပပြုလုပ်ခဲ့ပြီး သာသနာနှစ် ၂၅၀၀ပြည့် ဆဋ္ဌသံဂါယနာ အောင်

ပွဲကြီးကို ခြိမ့်ခြိမ့်သဲ ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။ ယင်းဆဋ္ဌသံဂါယနာတင်ပွဲကြီးသို့ ထေရဝါဒငါးနိုင်ငံ အပါအဝင် ကမ္ဘာ့ဗုဒ္ဓဘာသာ ခေါင်းဆောင်များ တက်ရောက်ခဲ့ကြသဖြင့် မြန်မာနိုင်ငံ၏ အောင်မြင်မှုကို ကမ္ဘာ့အလယ် ပြသနိုင်ခဲ့ပါသည်။

**ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး**

မြန်မာနိုင်ငံတွင် ဆဋ္ဌသံဂါယနာတင်ပွဲကြီးပြီးလျှင် အနှစ်သာရပြည့်ဝ၍ သမိုင်းဝင် ထင်ရှားသော သံဃာ့အစည်းအဝေးပွဲကြီးကို ပြပါဆိုလျှင် ၁၉၈၀-ပြည့်နှစ်၊ မေလတွင် ကျင်းပပြုလုပ်ခဲ့သည့် ပထမအကြိမ် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီး ဖြစ်ပါသည်။ ယင်းသံဃာ့အစည်းအဝေးပွဲကြီးကို သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသံဂါယနာမဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ မြန်မာနိုင်ငံတွင် မကြုံစဖူး ဂိုဏ်းပေါင်းစုံသံဃာ့ညီညွတ်မှုမှတ်တိုင်ကြီးကို သမိုင်းဝင် စိုက်ထူနိုင်ခဲ့ခြင်းအထိမ်းအမှတ်အဖြစ် ရွှေတိဂုံ စေတီတော်အနီး ဓမ္မရက္ခိတကုန်းတော်၌ မဟာဝိဇယစေတီတော်မြတ်ကြီးကို တည်ထားကိုးကွယ်ခဲ့ပါသည်။

ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး အောင်မြင်ထမြောက်ခဲ့ပြီးနောက် ပေါ်ပေါက်လာသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော် သံဃာ့ အဖွဲ့ အစည်းအဆင့်ဆင့် ဗဟိုဌာနချုပ်သည် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေတွင် တည်ရှိနေရာ သံဃာ့အဖွဲ့ အစည်းနှင့်သက်ဆိုင်သော ပုံမှန်အစည်းအဝေးများ၊ အထူးအစည်းအဝေးများကို သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေတွင်ဗဟိုပြု၍ ကျင်းပပြုလုပ်ကြ၏။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်များသည် အဖွဲ့ခွဲ(၃)ဖွဲ့ဖြင့် တစ်နှစ်ပတ်လုံး သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေတွင် ရုံးထိုင်၍ သာသနာ့တာဝန်ကို ထမ်းဆောင်တော်မူကြပါသည်။ အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အလှည့်ကျအဖွဲ့ခွဲ အစည်းအဝေးရှိပြီး အလှည့်ကျ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ ပါဝင်သည့် နိုင်ငံတော်ဝိနည်းဓိုရ်ဆရာတော်များသည်လည်း အပတ်စဉ်ဆိုသလို ဝိနိစ္ဆယမှုခင်းများကို သုံးသပ် ဆုံးဖြတ်လျက် ရှိကြပါသည်။ ၄-လတစ်ကြိမ် ကျင်းပပြုလုပ်သည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇-ပါးစုံညီ အစည်းအဝေးများကို နှစ်စဉ် မတ်လ၊ ဇူလိုင်လ၊ နိုဝင်ဘာလတို့၌ ကျင်းပပြုလုပ်မြဲ ပြုလုပ်ပါသည်။

မြန်မာနိုင်ငံတစ်ဝန်းလုံး ပြည်နယ်/တိုင်းအသီးသီး အခြေခံဒေသအသီးသီးမှ ရွေးကောက်တင်မြှောက်ထားသော နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင်ဆရာတော်၃၀၀-တက်ရောက်သည့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အစည်းအဝေးကြီးကိုလည်း နှစ်စဉ် မတ်လအတွင်း ကျင်းပပြုလုပ်သည်။ ငါးနှစ်တစ်ကြိမ်(ယခုအခါ) လိုအပ်သည့်အခါ ခေါ်ယူကျင်းပပြုလုပ်သည့် သမ္မုတိရ သံဃာ့ ကိုယ်စားလှယ်တစ်ထောင်ကျော် ပါဝင် တက်ရောက်တော်မူကြသည့် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးကိုလည်း သီရိမင်္ဂလာ ကမ္ဘာအေး ကုန်းမြေ၌ ကျင်းပပြုလုပ်ပါသည်။


ဤသို့လျှင် သံဃာ့ အဖွဲ့အစည်း ဆိုင်ရာ အစည်းအဝေးများနှင့် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေတို့သည် ခွဲခြားမရတော့သကဲ့သို့ ရှိလာပြီး သံဃာ့အဖွဲ့အစည်းအဝေးများကျင်းပပြုလုပ်ရာ ကမ္ဘာအေးကုန်းမြေရှိ သာသနိက အဆောက်အအုံ

များမှာလည်း သာသနာဝင် သမိုင်းဝင် ထင်ကျန်နေမည့် အဆောက်အုံများသာ ဖြစ်ပါတော့သည်။

**ဆဋ္ဌသံဂါယန မဟာပါသာဏလိုဏ်ဂူတော်ကြီး**

ပထမသံဂါယနာတင်စဉ်အခါက အိန္ဒိယနိုင်ငံ၊ ရာဇဂြိုဟ်မြို့အနီး သတ္တပဏ္ဏိလိုဏ်ဂူတော်ကြီး၌ အရှင်မဟာကဿပ မထေရ်မြတ်ကြီး ဦးဆောင်၍ ပထမသံဂါယနာတင်ခဲ့သည့် ထုံးကို နည်းယူလျက် ရန်ကုန်မြို့၊ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ၌ ကျောက်တောင်လိုဏ်ဂူကြီးပမာ ဖန်တီးပြုလုပ်တည်ဆောက်ခဲ့ကြပြီး ယင်းကျောက်လိုဏ်ဂူတော်ကြီးအတွင်း၌ ဆဋ္ဌသံဂါယနာတင်ပွဲသဘင်ကြီးကို ကျင်းပ ပြုလုပ်ခဲ့ကြပါသည်။

ဆဋ္ဌသံဂါယနာတင်အကြိုကာလဖြစ်သော ၁၉၅၃-ခုနှစ် ဇန်နဝါရီလ(၁၅)ရက်နေ့တွင် ပန္နက် တင်ပြီး ၁၉၅၃-ခုနှစ်၊ဖေဖော်ဝါရီလ ၄-ရက်နေ့တွင် အုတ်မြစ်တော်စီ စတင်တည်ဆောက်ခဲ့ရာ ၁၉၅၄-ခုနှစ်၊ မေလ ၁၀-ရက်နေ့ထိ ရက်ပေါင်း (၃၉၆)ရက်အတွင်း ပြည့်စုံပြီးမြောက်ခဲ့ပါသည်။ လိုဏ်ဂူတော်အပြင်ဖက် အလျား ၄၅၅-ပေ၊အနံ ၃၇၀-ပေ ကျယ်ဝန်းပြီး လိုဏ်ဂူအတွင်းဘက် အလျား ၂၂၀-ပေ၊ အနံ ၁၄၀-ပေ ကျယ်ဝန်းပါသည်။ လိုဏ်ဂူ အတွင်းအလယ်နှင့် ဘေးနှစ်ဘက်သံဃာစင်တွင် သံဃာတော်၂၅၀၀ နေရာဆန့်၍ အလယ်ကြမ်းပြင်ရှိ လူပရိသတ် ၃၀၀၀ခန့် နေရာယူနိုင်သည်။ ၆-ကြိမ်မြောက် ဆဋ္ဌသံဂါယနာအထိမ်းအမှတ်အဖြစ်




**မဟာပါသာဏလိုဏ်ဂူတော်ကြီး**


အလယ်တိုင်ကြီး ၆-တိုင်နှင့် ပြင်ပထွက်ပေါက် ၆-ပေါက် ပြုလုပ်ထားသည်။ လိုဏ်ဂူတော် အတွင်းလမ်း အပြင်လမ်းတို့မှ ကျောက်တောင် မြောက်ဖက်ထိပ် တောင်စောင်းများတွင် ကမ္ဘဋ္ဌာန်းတရားအားထုတ်ရန် ဂူငယ်များ ပြုလုပ်ဖန်တီးထားပြီး တကယ့်ကျောက်တောင်ကြီးသဖွယ် ရှုမောနိုင်ကြသည်။

လိုဏ်ဂူတော်ကြီး စတင်တည်ဆောက်သည် မှ ပြီးဆုံးသည်အထိ အရာရှိ၊ အရာခံ၊ အရပ်သား၊အလုပ်သမားနှင့် အနယ်နယ်အရပ်ရပ်မှ လုပ်အား စေတနာရှင်ပေါင်း ၃၃-သိန်းကျော်တို့က လုပ်အား အလှူမြတ်ဒါနပြုကြပြီး စုစုပေါင်း ငွေကျပ် ၉၁-သိန်းကျော် ကုန်ကျခဲ့သည်။

ဆဋ္ဌသံဂါယနာမဟာပါသာဏ လိုဏ်ဂူတော်ကြီး အတွင်း၌ နှစ်စဉ် ပုံမှန် သံဃာ့ အစည်းအဝေးပွဲများအထူးအစည်းအဝေးများ၊ သံဃာ၅၀၀၀ ပူဇော်ပွဲများအပြင် တိပိဋကဓရချီးကျူးပူဇော်ပွဲ၊ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် ဆက်ကပ်ပွဲကဲ့သို့ နိုင်ငံတော်အခမ်းအနားများကို လည်းကောင်း၊ ဗုဒ္ဓမြတ်စွယ်တော်ပူဇော်ပွဲကဲ့သို့ အများပြည်သူဆိုင်ရာ ဗုဒ္ဓပူဇော်ပွဲများကို လည်းကောင်း ကျင်းပပြုလုပ်ပါသည်။ ၂၀၀၄-ခုနှစ်၊ ဒီဇင်ဘာ ၉၊၁၀၊၁၁ ရက်နေ့များတွင် ကျင်းပပြုလုပ်ခဲ့သော ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးဆိုလျှင် နိုင်ငံတကာ အခမ်းအနား ဖြစ်သည့်နှင့်အညီ လိုဏ်ဂူတော် အတွင်း

ဓမ္မဒူတပကျောင်းဆောင်






အပရဂေါယာန ကျောင်းဆောင်

အပြင် ပြုပြင်မွမ်းမံမှုများကြောင့် မဟာပါသာဏ လိုဏ်ဂူတော်ကြီးအား ပိုမိုခမ်းနား ထည်ဝါစေခဲ့ပါသည်။

### ကျောင်းဆောင်ကြီး ၄-ဆောင်၊ သုံးထပ် ဆွမ်းစားကျောင်းဆောင်ကြီး

ဆဋ္ဌသံဂါယနာတင် သင်္ဂီတိကာရက သံဃာတော် ၂၅၀၀တို့ သီတင်းသုံးရန်အတွက် ကျောင်းဆောင်ကြီး၄ဆောင်လိုအပ်ခဲ့ရာ မဟာပါသာဏ လိုဏ်ဂူတော်ကြီးအနောက်ဖက် မနီးမဝေးတွင် ကျောင်းဆောင်ကြီး၄-ဆောင်ကို ဆောက်လုပ်ခဲ့ကြသည်။ ကျောင်းဆောင်ကြီး ၄ဆောင်အမည်ကို ကျွန်းကြီး ၄ ကျွန်းအမည်ယူလျက် ဇမ္ဗူဒီပကျောင်းဆောင်၊ အပရဂေါယာန ကျောင်းဆောင်၊ ပုဗ္ဗဝိဒေဟကျောင်းဆောင်နှင့် ဥတ္တရကုရုကျောင်းဆောင်ဟူ၍ အမည်ပေးထားသည်။


ဇမ္ဗူဒီပကျောင်းဆောင်နှင့် အပရဂေါယာန ကျောင်းဆောင်တို့သည် ထောင့်ချိုးပါဝင်သော ပုံစံတူ သုံးထပ်အဆောက်အအုံများဖြစ်သည်။ အလျား ၂၈၀ ပေ၊ အနံ ၄၈ ပေရှိ၍ အပေါ်ဆုံးထပ် ခန်းမကြီး ၂-ခုစီ၊ ဒေါင့်ချိုးခန်း ၂-ခု၊ အလယ်ထပ် အခန်း ၅၀-နှင့် အောက်ထပ်တွင် ခန်းမကြီး ၆-ခု၊ ဒေါင့်ချိုးခန်း၂-ခုပါရှိသည်။ (၇-၂-၁၉၅၃)နေ့တွင်



ပုဗ္ဗဝိဒေဟ ကျောင်းဆောင်

အုတ်မြစ်စီတည်ဆောက်ခဲ့၍ (၁၀-၄-၁၉၅၄) နေ့တွင် ပြီးစီးသည်။

ပုဗ္ဗဝိဒေဟကျောင်းဆောင်နှင့်ဥတ္တရကုရုကျောင်းဆောင်တို့သည်လည်း တောင်မြောက် ထမ်းပိုးတန်းနေသော ပုံစံတူ သုံးထပ်အဆောက်အုံများ ဖြစ်ပါသည်။ အလျား၂၀၈ပေ၊ အနံ၄၈ပေ ကျယ်ဝန်းပြီး အပေါ်ဆုံးထပ်တွင် အခန်းပေါင်း၅၀၊ အလယ်ထပ်တွင် အခန်းပေါင်း၅၀၊ အောက်ဆုံးထပ်



ဥက္ကာရာမ ကျောင်းဆောင်

တွင် ခန်းမကြီး၆-ခန်း၊ ခန်းမငယ်၂-ခန်း ပါဝင်ဖွဲ့စည်းထားသည်။ ကျောင်းဆောင်ကြီး၂-ခုစလုံး (၁၅-၁-၁၉၅၃)နေ့တွင် ပန္နက်တင်၍ (၄-၂-၁၉၅၃) နေ့တွင် အုတ်မြစ်စီထားဆောက်လုပ်ခဲ့ပြီး (၃၀-၄-၁၉၅၄)တွင် ပြီးစီးသည်။ ကျောင်း ဆောင် ကြီး ၄ ဆောင် ကုန်ကျငွေ စုစုပေါင်းမှာ ၃၆၂၅၆၃၀/-ဖြစ်သည်ဟု သိရပါသည်။

ဇမ္ဗူဒီပကျောင်းဆောင်နှင့် အပရဂေါယာနကျောင်းဆောင်ကြီး ၂-ခုကြား နတ်လမ်းတစ်ခုရှိပြီး ထိုနတ်လမ်းထိပ်၌ သုံးထပ်ဆွမ်းစားကျောင်းဆောင်ကြီး ရှိပါသည်။ ယင်း ဆွမ်းစားကျောင်းတော်ကြီးကိုလည်း ကျောင်းဆောင်ကြီး၄-ဆောင်နှင့် တစ်ချိန်တည်းဆိုသလို ပန္နက်တင်အုတ်မြစ်စီ ဆောက်လုပ်ခဲ့သည်။ တစ်ထပ်တစ်ထပ်လျှင် ဆွမ်းပွဲပြင်ဧရိယာ အလျား၁၃၀ပေ၊ အနံ၈၀ပေ အကျယ် အဝန်းရှိ ဆွမ်းစားကျောင်းဆောင်ကြီးအတွက် ထိုစဉ်က ငွေကျပ်၆၄၁၄၇၅/၀၇ပြား ကုန်ကျခဲ့သည်။ ယခု နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်နှင့် ဘေးမဲ့ကန်တော်ကြီးအနီးရှိ မဟာသိမ်တော်ကြီးကိုလည်း ပြုပြင်တည်ဆောက်ခဲ့ရာ ၅၀၄၅၆ဝိ/ကုန်ကျခဲ့သည်။ ဆွမ်းစားကျောင်း ဆောင်ကြီး အနောက်ဖက်ယွန်းယွန်း၌ ယပက်လက်ပုံ သံဃာ့ဆေးရုံ အတွက်လည်း ၄၂၂၇၁၅/-ကုန်ကျခဲ့သည်။


သာသနာနှစ်၂၅၀၀ပြည့်နှင့် ဆဋ္ဌသံဂါယနာတင်ပွဲကြီးနောက်ပိုင်း ၁၉၈၀ပြည့်နှစ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးမှစ၍ယင်း ကျောင်းဆောင်ကြီးများသည် ပြန်လည်သက်ဝင် လှုပ်ရှားလာကြ၏။သံဃာ့ကိစ္စနှင့် သံဃာ့အဖွဲ့အစည်း

ဆိုင်ရာ အစည်းအဝေးများရှိတိုင်း ယင်းကျောင်းဆောင်ကြီးများသည် အာဂန္တုတည်းခိုဆောင်များဖြစ်လာကြသည်။ ဇမ္ဗူဒီပကျောင်းဆောင်ကြီးဆိုလျှင် မဟာနာယက ကျောင်းတော်ကြီးမဆောက်လုပ်မီအထိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ဗဟိုဌာနချုပ်တည်ရာ ဖြစ်ခဲ့သည်။ အပရဂေါယာနကျောင်းဆောင်ကြီးတွင်လည်း နိုင်ငံတော်ဝိနိစ္ဆယအဖွဲ့တည်ရာဌာန ဖြစ်သဖြင့် အလှည့်ကျ နိုင်ငံတော်ဝိနည်းဓိုရ် ဆရာတော်တို့ သီတင်းသုံးရုံးထိုင်တော်မူကြပါ သည်။ မဟာသိမ်တော်ကြီးမှာမူ ကုန်းမြေရှိရဟန်းသံဃာတော်များ၏ လပြည့် လကွယ်ဥပုသ်ပြုရာနှင့် သံဃာ့ကံကြီးကံငယ်ကိစ္စများဆောင်ရွက်ရာဌာန ဖြစ်ခဲ့ပါသည်။

**မဟာနာယကကျောင်းတော်ကြီး**

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများသည် မူလသီတင်းသုံးတော်မူရာပရိယတ္တိစာသင်တိုက်ကြီးများ၏ ပညာသင်ကြားမှု၊ အုပ်ချုပ်မှုများကို တပည့်ကြီးများနှင့် တာဝန်လွှဲအပ်ခဲ့ကာ မိမိတို့တာဝန်ကျ၄-လအတွင်း သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေတွင် လာရောက်သီတင်းသုံးနေထိုင်ကြရ၏။ အချို့ဆရာတော်ကြီးများမှာ သက်ရွယ်တော်နှင့်မမျှ ကြွရောက်၍ သာသနာ့တာဝန်ကို ထမ်းဆောင်ကြရ၏။ ဆရာတော်ကြီးများ ကိုယ်ပင်ပန်းမှု စိတ်ပင်ပန်းမှု မရှိကြစေရန်ရည်သန်လျက် နိုင်ငံတော်အစိုးရ၏ စေတနာဖြင့် မဟာနာယကကျောင်းတော်ကြီး(နှစ်ထပ်ဆောင်)ကို မဟာပါသာဏ လိုဏ်ဂူတော်ကြီး အနောက်ဖက်

သုံးထပ်ဆွမ်းစားကျောင်းဆောင်ကြီး





ဝိဇယမင်္ဂလာ ဓမ္မသဘင်ခန်းမကြီး

ပတ်လမ်းဘေးကွက်လပ်၌ ဆောက်လုပ်လှူဒါန်းခဲ့သည်။

မဟာနာယကကျောင်းတော်ကြီးကို (၇-၂-၁၉၉၈) နေ့တွင် အုတ်မြစ်စီ၍ စတင်ဆောက်လုပ်ခဲ့ပြီး ၁၉၉၉-ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဆောက်လုပ်ပြီးစီးခဲ့၍ (၂၀-၂-၁၉၉၉)နေ့တွင် ရေစက်သွန်းချ လှူဒါန်းပွဲ ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။ ကျောင်းတော်ကြီး ကုန်ကျငွေစုစုပေါင်းမှာ ငွေကျပ် ၁၄၃၆သိန်းကျော်ဖြစ်ပါသည်။ မဟာနာယကကျောင်းတော်ကြီးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီး ၄၇ပါးတို့အခန်းစေ့ တစ်ပြိုင်တည်း တည်းခိုသီတင်းသုံးတော်မူနိုင်ကြပြီး အခန်းတိုင်းတွင် ရေပူရေအေး ရေချိုးခန်း သန့်စင်ခန်းများ ပါဝင်စေလျက် ဆောက်လုပ်ထားသည်။ မဟာနာယကကျောင်းတော်ကြီးနှင့် တစ်ဆက်တည်း ဘုရားဝတ်တက်ဆောင်၊ ဆွမ်းစားဆောင်၊ အစည်းအဝေးခန်းမနှင့် စာကြည့်ပိဋကတိုက်တို့လည်း ဆက်တွဲ ဆောက်လုပ်ထားသဖြင့် နိုင်ငံတော်သံဃ မဟာနာယကဆရာတော်ကြီးများ မိမိကျောင်းကန်တွင် သီတင်းသုံးရသည့်အလား မွေ့လျော်တော်မူ ကြပါသည်။

**ဝိဇယမင်္ဂလာ ဓမ္မသဘင်ခန်းမကြီး**

သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေတွင် ကမ္ဘာအေး စေတီတော်၊ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူတော်ကြီး၊ နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်၊ ဗုဒ္ဓပိဋကတ်တိုက်၊ ပြတိုက် စသည်တို့အပြင် ခန့်ညားထည်ဝါသည့် ဓမ္မာရုံကြီး

တစ်ခု လိုအပ်နေသဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြင့် ဝိဇယမင်္ဂလာ ဓမ္မသဘင်ခန်းမကြီးကို ၁၉၉၁-ခုနှစ်၊ မေလ ၂-ရက်မှစ၍ စတင်တည်ဆောက်ခဲ့ပြီး၊ ၁၉၉၂-ခုနှစ် ဇွန်လတွင် ဆောက်လုပ်ပြီးစီးခဲ့သည်။ (၁၃-၆-၁၉၉၂)နေ့တွင် ကျင်းပပြုလုပ်သော ဝိဇယမင်္ဂလာဓမ္မသဘင် ဖွင့်လှစ်ပွဲနှင့် ရေစက်သွန်းချလှူဒါန်းပွဲသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်ဘုရားကြီး ဦးဆောင်သော သံဃာတော်များ ကြွရောက်၍ နိုင်ငံတော်အကြီးအကဲနှင့်တကွ အစိုးရအဖွဲ့ ဝန်ကြီးများ၊ အရာရှိများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြပါသည်။


ဝိဇယမင်္ဂလာဓမ္မသဘင်ကြီးသည် အလျား ၁၄၅-ပေ၊ အနံ ၉၀-ပေ ကျယ်ဝန်း၍ နိုင်ငံတော်မှ မတည်ငွေ၂၆၅-သိန်း၊ စေတနာရှင် အလှူရှင်တို့မှ လှူဒါန်းငွေ ကျပ် ၇၀-သိန်းကျော်တို့ဖြင့် ဆောက်လုပ်လှူဒါန်းနိုင်ခဲ့သည်။ နှစ်ထပ်အဆောက်အအုံဖြစ်ပြီး အပေါ်ထပ်ခန်းမကြီးသို့ မော်တော်ယာဉ်ဖြင့် တိုက်ရိုက်တက်ရောက်နိုင်ရန် စီစဉ်ဆောက်လုပ်ထားသည်။ အဝင်လမ်း အထွက်လမ်းမှစ၍ အတွင်းအပြင် မြန်မာမှုလက်ရာများ ထည့်သွင်းမွမ်းမံထားရာ ခေတ်တစ်ခေတ်၏ ဗိသုကာသမိုင်းကို ဖော်ညွှန်းနိုင်လောက်ပါသည်။

ဝိဇယမင်္ဂလာဓမ္မသဘင်ခန်းမကြီး၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇-ပါးစုံညီ အစည်းအဝေးပွဲများ၊ တိပိဋကဓရ ရွေးချယ်ရေးဖွင့်ပွဲ အခမ်းအနား၊ သာသနာရေးဝန်ကြီးဌာနဆိုင်ရာ အစည်းအဝေးများနှင့် ငွေလှူဒါန်းပွဲများ ကျင်းပပြုလုပ်လေ့ရှိပါသည်။

## ကုန်းမြေသာစွ သာသနိကနယ်မြေ

သစ်ပင်ကြီးငယ်တို့ အုံ့ဆိုင်းနေသော သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေကြီးတွင် လူမွှဲနီဥယျာဉ်သဖွယ် သစ်ပင်မျိုးစုံကိုလည်း ထိန်းသိမ်းထား၏။ အထူးသဖြင့် နှစ်ကျိပ်ရှစ်ဆူဘုရားများပွင့်တော်မူရာ နံ့သာဖြူပင်၊ ကံ့ကော်ပင်၊ အင်ကြင်းပင်၊ ဇီးဖြူပင်၊ သနပ်ပင်စသည့် ဗောဓိပင်များ စုံအောင်တွေ့နိုင်၏။ လိုဏ်ဂူ တော်ကြီးပတ်ဝန်းကျင်နှင့် အဝင်လမ်း အထွက်လမ်း တစ်ဝိုက်တွင် အရွက်လှပင်၊ ပန်းအလှပင် တို့ကို မြက်ခင်း စိမ်းစိမ်း ကုန်းမို့မို့တို့ဖြင့် ဖန်တီးပြုပြင်ထားရာ သာယာကြည်နူးဖွယ် ဥယျာဉ်ကြီးဖြစ်နေပါပြီ။

သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဥယျာဉ်ကြီးသည် သာယာကြည်နူးဖွယ်နှင့် လိုက်ဖက်ညီစွာတည်ရှိနေသော မြန်မာမှုလက်ရာများ ပြည့်နှက်နေသည်။ သမိုင်းဝင် သာသနိက အဆောက်အအုံကြီး များ၏ ခန့်ထည်မှုနှင့် ပေါင်းစပ်ပါသော် သံဃာ့အစည်းအဝေးကြီးများ ကျင်းပပြုလုပ်ရာ ဤသီရိမင်္ဂလာကမ္ဘာအေးကုန်းတော် သာသနာ့နယ်မြေကြီးသည် ထေရဝါဒ သာသနာ့ဂုဏ်ရောင်ကို ထွန်းထိန်ရှန်းလက်နေစေဦးမည် ဖြစ်ပါသတည်း။



# သာသနာပြုလုပ်ငန်းအစ မိဂဒါဝုန်က

**သီဟဆွေ(သဒ္ဓမ္မဇောတိကဓဇ)**

ဗုဒ္ဓရှင်တော်ဘုရားသည် မဟာသက္ကရာဇ် (၁၀၃) ခုနှစ်၊ ကဆုန်လပြည့်နေ့မှာ ဘုရားဖြစ်တော်မူလာခဲ့ပါသည်။ ယင်းသို့ ဘုရားဖြစ်တော်မူပြီးနောက် မဟာဗောဓိပင်နှင့် ရွှေပလ္လင်အနီးအနား ပတ်ဝန်းကျင်မှာ သတ္တသတ္တာဟ (၄၉)ရက် နေတော်မူခဲ့ပါသည်။

ထို့နောက် ဝါဆိုလပြည့်နေ့ နံနက်စောစော ကပင် သပိတ် သင်္ကန်းကို ယူတော်မူလျက် ပဉ္စဝဂ္ဂီတို့အား တရားဦးဟောရန် (သာသနာတော်ပြန့်ပွားရေးလုပ်ငန်းကို စတင်ဆောင်ရွက်တော်မူရန်) မဟာဗောဓိမဏ္ဍိုင်မှ (၁၈)ယူဇနာဝေးကွာသော ဗာရာဏသီမြို့အနီး ဣသိပတနခေါ် မိဂဒါဝုန်တောသို့ ထွက်ကြွလာခဲ့သည်။

ထိုနေ့ ညနေချမ်း အချိန်မှာပင် မိဂဒါဝုန်တောသို့ ရောက်ရှိတော်မူပြီး ပဉ္စဝဂ္ဂီတို့အား မိမိတို့ဘုရား ဖြစ်တော်မူလာကြောင်းကို ရှင်းလင်းပြောပြတော်မူကာ ပဉ္စဝဂ္ဂီတို့ကို ယုံကြည်မှု ရစေပြီး နေဝင်ခါနီး လထွက်ချိန်မှာ ဓမ္မစကြာဒေသနာတော်ကို ဟော ကြားတော်မူသည်။

တရားတော်အဆုံးမှာ အရှင်ကောဏ္ဍညက သောတာပတ္တိဖိုလ်မှာတည်သည့် (သောတာပန် ဖြစ်လာခဲ့သည်။) ရဟန်းပြုပေးပါမည့် အကြောင်း ဘုရားရှင်ကို လျှောက်ထားတောင်းပန်၍ ဘုရားရှင်က 'ဧဟိဘိက္ခု' ခေါ်တော်မူ၍ ရဟန်းပြုပေးလိုက်သည်။ ဤအရှင် ကောဏ္ဍညကား ဘုရားရှင် သာသနာတော်မှာ အစဦးဆုံး ရဟန်းအဖြစ်ကို ရရှိလာသူ ဖြစ်ပေသည်။

ဘုရားရှင်ကား နောက်နေ့များမှာလည်း ဆက် လက်ဆုံးမတော်မူရာ လပြည့်ကျော် (၁)ရက်နေ့မှာ အရှင်ဝပ္ပ သောတာပန်ဖြစ်သည်၊ (၂)ရက်နေ့မှာ အရှင်ဘဒ္ဒိယ သောတာပန်ဖြစ်သည်။ (၃)ရက်နေ့မှာအရှင်မဟာနာမ် သောတာပန်ဖြစ်သည်။ (၄)ရက်နေ့ မှာ အရှင်အဿဇိ သောတာပန်ဖြစ်သည်။ ထိုပုဂ္ဂိုလ် များက ဘုရားရှင်ထံ ရဟန်းအဖြစ်ကို တောင်းသည့် အခါမှာလည်း'ဧဟိဘိက္ခု'ခေါ်တော်မူ၍ပင် ရဟန်းပြုပေးတော်မူလိုက်သည်။

ဝါဆိုလပြည့်ကျော် (၅)ရက်နေ့မှာ ဘုရားရှင် က ပဉ္စဝဂ္ဂီ(၅)ဦးတို့ကို စည်းဝေးစေလျက် အနတ္တ လက္ခဏ သုတ္တန်ကို ဟောကြားတော်မူရာ (၅)ဦး စလုံး ရဟန္တာဖြစ်ကြသည်။ ဤအချိန်မှာ ဘုရားရှင် နှင့်တကွ လူသားရဟန္တာ (၆)ပါး ပေါ်ပေါက်လာခဲ့ သည်။

ဘုရားရှင်သည် ထိုနှစ် ဝါအတွင်းမှာပင် ယသသူတို့သား နှင့် သူ၏သူငယ်ချင်း (၅၄)ယောက်တို့ကို လည်း တရားဟောတော်မူကာ ရဟန္တာဖြစ်စေသည်၊ သူတို့ကိုလည်း ဧဟိဘိက္ခု ဥပသမ္ပဒါဖြင့်ပင် ရဟန်း ဖြစ်စေတော်မူပါသည်။

သာသနာတော်ပြန့်ပွားရေးကို စတင်လုပ်ဆောင်တော်မူသည့် ဝါတွင်းကာလမှာပင် ဘုရားရှင်နှင့်တကွ လောက မှာ လူသားရဟန္တာ(၆)ပါး ဖြစ်ထွန်းပေါ်ပေါက်လာ ခဲ့ပါသည်။

(၁) ပရိယတ္တိသဒ္ဓမ္မ - ပရိယတ္တိသာသနာ

(၂) ပဋိပတ္တိသဒ္ဓမ္မ - ပဋိပတ္တိသာသနာ

(၃) ပဋိဝေဓသဒ္ဓမ္မ - ပဋိဝေဓ သာသနာ

ဟူသော သဒ္ဓမ္မ(၃)ဖြာ သာသနာတော်သည် ရှင်သန်ကြီးပွားစပြုလာသည်။

ဘုရားရှင်သည် သတ္တဝါများ ချမ်းသာရေးကိုမျှော်တွေးတော်မူကာ သာသနာတော် ပြန့်ပွားရေးလုပ်ငန်းကို ရဟန်းတော်များအား ဓမ္မဒူတယျသာသနာပြုလုပ်ငန်းကို ဆောင်ရွက်ကြရန် အရပ်တကာ သို့ ဒေသစာရီ ကြွချီစေတော်မူသည်။ နည်းနည်းနှင့် ကျဲကျဲဝိုင်း၍ ခရီးလမ်းကြောင်း တစ်ခုကိုတစ်ပါး စီသာ ကြွစေတော်မူသည်။

ရဟန်းတော်များ၏တာဝန် ဒါယကာ ဒါယိကာမများရဲ့တာဝန်များကိုလည်း ခွဲဝေသတ်မှတ်တော်မူသည်။ သာသနာပြုစည်းမျဉ်း (သာသနာတော် ပြန့်ပွားရေး စည်းမျဉ်း)ကိုလည်း ဟောပြောသင်ကြားပေးသနားတော်မူသည်။

- ရဟန်းတို့ သင်တို့ဟာ သူတစ်ပါးရဲ့ အကျိုးကိုရော မိမိရဲ့အကျိုးကိုပါ ပြုလုပ်ကြရ မယ်၊ ဆောင်ရွက်ကြရမယ်၊ ဒီတရားတော်ကို မြေပြင်မှာနေကြသူ လူအများအား ဟောကြားရင်း လှည့်လည်ကြရမယ်။
- ငါဘုရား၏ သဒ္ဓမ္မ(၃)ဖြာ သာသနာကို လူအများအား အမြဲဟောပြော ပြသရင်း (အေးချမ်းဆိတ်ငြိမ်တဲ့) တောတောင်များမှာ နေကြရမယ်၊ (ထိုအချိန်မှာ ကျောင်းကို ခွင့်ပြုတော်မမူသေးပါ။)
- ရဟန်းတို့. . ကောင်းသော အကျင့်နှင့် ပြည့်စုံကြတဲ့ သင်တို့ဟာ ဓမ္မဒူတယျ သာသနာပြု လုပ်ငန်း (သာသနာတော် ပြန့်ပွားရေးလုပ်ငန်း) ပြုလုပ်ကြလျက် အေးငြိမ်းတဲ့ နိဗ္ဗာန် မင်္ဂဖိုလ် အလို့ငှာ လူအများအား ငါ ဘုရား၏ တရားတော်ကို ဟောပြောကြရမယ်။
- ရဟန်းတို့. . . အာသဝကင်းစင်ပြီးဖြစ်တဲ့ သင်တို့က အပါယ်ဘုံများရဲ့ တံခါး အကုန်လုံးကို ပိတ်ပေးကြရမယ်၊ နတ်ရွာ မင်္ဂဖိုလ် လမ်းခရီးကို နိဗ္ဗာန်တိုင်အောင် ဖွင့်ပေးကြရမယ်။
- ရဟန်းတို့. . . သင်တို့က သနားကြင်နာမှုစတဲ့ ဂုဏ်တော်ကို ကိုယ်ကမကွာစေဘဲ တရား ဟောပြောခြင်း အကျင့်နဲ့ လူတွေရဲ့ အသိဉာဏ်ကိုရော သဒ္ဓါတရား ကိုရော အပြည့်အဝ တိုးပွားစေကြရမယ်၊ (တိုးပွားအောင်လုပ်ပေးကြရမယ်။)
- လူအများက သင်တို့ကို အာမိသဒါနနဲ့အမြဲ ကျေးဇူးပြုနေကြတယ်၊ (ပစ္စည်းဝတ္ထုများကို လှူဒါန်းနေကြတယ်)၊ အဲဒီလူတွေကို

သင်တို့က ဓမ္မဒါနနဲ့ ကျေးဇူးတုံ့ပြန်ကြရမယ်။ (တရားဟောပြခြင်းနှင့် ကျေးဇူး တုံ့ပြန်ကြကြရမယ်။)

- ရဟန်းတို့ သဒ္ဓမ္မ(၃)ဖြာ သာသနာတော်ကို ဟောပြောပြသပြီး အရိယာတို့၏ အလံကို စိုက်ထူကြလော့ (သက်န်းဝတ်ပြီး ရှင်ရဟန်း ပြုပေးကြလော့) ကိုယ်လုပ်ရမယ့် အလုပ်ကို လုပ်ပြီး ကိုင်ပြီး ဖြစ်ကြတဲ့ သင်တို့က သူများရဲ့ အကျိုးကို ပြုကျင့်ကြပေတော့ (ဆောင်ရွက်ကြပေတော့) ဤသို့လျှင် ဘုရားရှင်က ရဟန္တာခြောက်ကျိပ်တို့ကို သာသနာတော်ပြန့်ပွားရေးအတွက် တာဝန် ကိုယ်စီ ပေးဝေအပ်နှင်းလိုက်သည်။

ဘုရားရှင် ကိုယ်တော်တိုင်မူကား မိဂဒါဝုန် တောမှာပင် တန်ဆောင်မုန်းလပြည့်နေ့ထိ သီတင်း သုံးတော်မူသည်။

ဤသည်တို့ကို ထောက်ဆပါက "သာသနာ ပြုလုပ်ငန်းအစ မိဂဒါဝုန်က"ဟု ဆိုရမှာ ဖြစ်ပေသည်။

**ဗုဒ္ဓသာသနာကို လက်ဆင့်ကမ်း သယ်ဆောင် လာသည်မှာ သံဃာတော်များသာ**

(၁) ဇိနသက်ဝေ၊ ငါးမာရ်ခွေသား၊ မြတ်ဘုရား၏၊ သုံးပါးသာသနာ၊ ရှည်မြင့်ကြာဖို့၊ သဒ္ဓါခွန်အား၊ စွမ်းပကားဖြင့်၊ ဘုရားဟောမြွက်၊ ဓမ္မစက်ကို၊ မပျက်စဉ်လာ၊ ဆောင်ကျဉ်းလာငြား၍၊ အားထားမှီရာ၊ သာသနာကား၊ ခုအခါတိုင်၊ မယိမ်းယိုင်ဘဲ၊ ခိုင်မြဲလျက်သာ၊ တည်ရှိပါသည်--သံဃာတော်များ ကျေးဇူးပေကို. . .။

(၂) သိကခက်ပေ၊ များဝေနေတို့၊ လေးထွေဩဃ၊ သံသာရမှာ၊ ဖြစ်ရပျက်ကာ၊ စဉ်အလာဖြင့်၊ စုံကာဆန်တက်၊ အဆက်ဆက်လျှင်၊ ရတက်မအေး၊ လှိုက်ကြွေးပူဆာ၊ တစာစာဖြင့်၊ မျှောလာတုံငြား၊ သုံးဘုံသားတို့၊ အားထားဖို့ရာ၊ စင်စစ်မှာကား၊ ဘုရား၊ တရား၊ သံဃာ၊ ရတနာဟု၊ အာရုံပြုကာ၊ ဆည်းကပ်ရာသည်၊ မှန်ရာတရား၊ ရှေ့ရှုစေလို. . .။

(၃) ဟိနဖျက်ခွေ၊ သံသာဗွေမှ၊ လွတ်စေဖို့ရာ၊ ကရုဏာဖြင့်၊ ဘဂဝါဇိန၊ ဟောညွှန်ပြသည့်၊ ဓမ္မက္ခန္ဓာ၊ ဒေသနာကို၊ စဉ်လာဆက်ဆက်၊ မပျောက်ပျက်အောင်၊ ရွက်ဆောင်သောအား၊ တပည့်များကို၊ သင်ကြားပို့ချ၊ သိဿစဉ်လာ၊ ဆောင်ခဲ့ပါ၍၊ သံဃာတော်များ၊ ကျေးဇူးအားကြောင့်၊ ဘုရားသာသနာ၊ တည်တံ့လာသည်၊ ခုအခါထိ၊ တိုင်ပေကိုး. . .။

ဘုရားရှင် တပည့်သာဝက သံဃာတော်များမှာ ဘုရားရှင်၏သာသနာ့အမွေကို ခံယူရရှိသည့်

သာသနာ့အမွေခံ ဖြစ်သည့်အပြင် ဘုရားရှင်၏ သာသနာ့အမွေကို ထိန်းသိမ်းစောင့်ရှောက်ရသည့် သာသနာ့အမွေထိန်းလည်း ဖြစ်တော်မူပါသည်။

ယင်းကြောင့်လည်း ယခုလက်ရှိ အများသူငါ ဗုဒ္ဓဘာသာဝင်များ ကြုံတွေ့ကြည်ညိုနေကြရသည့် ဗုဒ္ဓသာသနာတော်ကား ဘုရားရှင်၏ တပည့်သာဝက သံဃာတော်များ အစဉ်အဆက်ထိန်းသိမ်း စောင့်ရှောက်လာကြသည့် ကျေးဇူးကြောင့်ပင်ဖြစ်ပါသည်။

လက်တွေ့သာဓကကို တင်ပြရသော် ဘုရားရှင် ပရိနိဗ္ဗာန် ဝင်စံပြီးနောက် သာသနာတော်နှစ် (၂၃၅) ခုနှစ်မှာ သီရိဓမ္မာသောကဘုရင်၏ အထောက်အပံ့ဖြင့် အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်က ကိုးတိုင်း ကိုးဌာနသို့ သာသနာပြု ရဟန်းတော်များကို စေလွှတ်ရာတွင် ဤမြန်မာနိုင်ငံ သုဝဏ္ဏဘူမိသို့ အရှင်သောဏ၊ အရှင်ဥတ္တရတို့မှ ဆင်းသက်လာသည့် အနွယ်တော် သီလဗုဒ္ဓိအမည်ရှိသည့် ရဟန္တာ အရှင်မြတ်၏တပည့် ရှင်အရဟံမထေရ်သည် ပုဂံပြည်သို့ ကြွရောက်လာပြီး အနော်ရထာဘုရင်အား အပ္ပမာဒ တရားတော်ကို ဟောကြားတော်မူကာ ထေရဝါဒ မကွဲမပြားဘဲ သာသနာတော်ကို တည်စေသည်။

ယင်းအချိန်မှစ၍ ပဒေသရာဇ် ခေတ်အဆက်ဆက်မှာ သာသနာပိုင်ဆရာတော်များကို သတ်မှတ်တင်မြှောက်ကာ ဘုရားရှင်၏ သဒ္ဓမ္မသုံးဖြာသာသနာတော်ကို သန့်ရှင်းတည်တံ့ ပြန့်ပွားအောင် ဆောင်ရွက်ကာ သာသနာပြုလာခဲ့ကြပေသည်။ စာရေးသူကား နောက်ဆုံး သာသနာပိုင်ဖြစ်တော်မူသည့် တောင်ခွင်သာသနာပိုင်ကိုသာ မီလိုက်ပေသည်။

နယ်ချဲ့အင်္ဂလိပ်ခေတ်မှာ အစိုးရအနေဖြင့် သာသနာတော်ကို အထူးချီးမြှင့်ထောက်ပံ့မှု မရှိသော်လည်း သာသနာ့အမွေထိန်းဖြစ်ကြသည့် သံဃာတော် အရှင်မြတ်များက သဒ္ဓမ္မသုံးဖြာ သာသနာတော်ကို တည်တံ့အောင် ဆောင်ရွက်လာခဲ့သည့်အတွက် တည်တံ့လာခဲ့ပေသည်။

လွတ်လပ်ရေးရခါနီး (၁၉၄၇)ခုနှစ်ကျမှ ရှေး သာသနာ့ဒါယကာ ပဒေသရာဇ် ဘုရင်များလက် ထက်ကပင် သာသနာတော်ပြန့်ပွားရေးကို သတိ မထားမိဘဲ လစ်ဟင်းခဲ့ကြသည့် တောင်တန်းသာသနာ ပြုလုပ်ငန်းကို စတင်လုပ်ဆောင်လာခဲ့ရာ ယခုအခါထေရဝါဒသာသနာတော်မှာနယ်စပ်ဒေသပါ မကျန် ကျယ်ပြန့်နှံ့လျက်ရှိနေပါသည်။

ဘုရားရှင်၏ သဒ္ဓမ္မသုံးဖြာ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို သာသနာ့အမွေခံနှင့် သာသနာ့အမွေထိန်းများဖြစ်တော်မူကြသည့် သာသနာ့အာဇာနည် ဆရာတော်ကြီးများက မျက်ခြေမပြတ်စေဘဲ ဆက်လက်ဆောင်ရွက်လာကြရာ (၁၉၆၅)ခုနှစ် ဂိုဏ်းပေါင်းစုံမှ သံဃာတော်များပါဝင်သည့် မော်ဘီ သာသနာ့ အစည်းအဝေးကြီးက ချမှတ်လိုက်သည့် ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်သည့်အနေဖြင့် (၁၉၈၀)ပြည့်နှစ်မှစ၍ သာသနာပြု (သာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွားရေး) လုပ်ငန်းများအတွက် သံဃာ့အဖွဲ့အစည်း

အဆင့်ဆင့်ကို အောက်ပါအတိုင်း ဖွဲ့စည်းလာခဲ့ပေသည်။

( ၁ ) နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ (၂၀၀) မှ (၃၀၀)အထိ
( ၂ ) တိုင်း နှင့် ပြည်နယ်သံဃာ့ဝန်ဆောင်အဖွဲ့
( ၃ ) မြို့နယ်သံဃာ့ဝန်ဆောင်အဖွဲ့
( ၄ ) ရပ်ကွက်/ကျေးရွာ သံဃာ့ဝန်ဆောင်အဖွဲ့

တို့ဖြစ်သည်။

ထို့နောက် အထက်ဖော်ပြပါ သံဃာ့ဝန်ဆောင်အဖွဲ့အဆင့်ဆင့်က မိမိနှင့်အဆင့်တူ သံဃနာယကအဖွဲ့များ၏ တင်ပြချက်များရာ သံဃာ့ဆန္ဒဖြင့် အောက်ဖော်ပြပါအတိုင်း ဩဝါဒါစရိယအဖွဲ့များကို ဖော်ပြထားပါသည်။

၁။ နိုင်ငံတော် ဩဝါဒါစရိယအဖွဲ့ (၅၅)ပါးမှ (၁၁၁)ပါးထိ
၂။ ပြည်နယ် နှင့် တိုင်းဩဝါဒါစရိယအဖွဲ့ အများဆုံး (၉)ပါး
၃။ မြို့နယ်ဩဝါဒါစရိယအဖွဲ့ အများဆုံး (၅)ပါး ဖြစ်သည်။

**ရွေးချယ်ပုံ**

ဖော်ပြပါ အဖွဲ့အစည်းများကို ရွေးချယ်ပုံမှာ-

(၁) နိုင်ငံတော် သံဃမဟာနာယကအဖွဲ့အတွက် ဥက္ကဋ္ဌဆရာတော်တစ်ပါးကို နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များက မိမိတို့အထဲမှ ရွေးချယ်ရသည်။

“ရှင်အရဟံမထေရ်သည် ပုဂံ ပြည်သို့ ကြွရောက်လာပြီး အနော်ရထာဘုရင်အား အပ္ပမာဒ တရားတော်ကို ဟောကြားတော်မူကာ ထေရဝါဒ သာသနာတော်ကို မကွဲမပြားဘဲ တည်စေသည်။”

ရွေးချယ်ခံရသည့် ဥက္ကဋ္ဌဆရာတော်က ဒု-ဥက္ကဋ္ဌ (၆)ပါး၊ အကျိုးတော်ဆောင် (၁)ပါး၊ တွဲဖက်အကျိုးတော်ဆောင် (၆)ပါး၊ ပေါင်း (၁၃)ပါးကို မိမိတို့သဘောကျ ရွေးချယ်ပြီး နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၏များရာ သံဃာ့ဆန္ဒဖြင့် အတည်ပြုချက်ရယူရမည်။ (မိမိနှင့်တကွ (၁၄)ပါးဖြစ်သည်)

နိုင်ငံတော်သံဃမဟာနာယက ဥက္ကဋ္ဌဆရာတော်က တိုင်းနှင့်ပြည်နယ်များမှ အချိုးကျပါဝင်သည့် သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော် (၃၃)ပါး အမည်စာရင်းများကို နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဖွဲ့သို့ တင်ပြပြီး များရာသံဃာ့ဆန္ဒဖြင့် အတည်ပြုချက်ရယူပြီးရွေးချယ်ထားပါသည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ, ဒုဥက္ကဋ္ဌ, အကျိုးတော်ဆောင်၊ တွဲဘက်အကျိုးတော်-ဆောင်များသည် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဖွဲ့၏ ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ၊ အကျိုးတော်ဆောင်၊ တွဲဘက်အကျိုးတော်ဆောင်များလည်း ဖြစ်တော်မူကြပါသည်။

## ဓမ္မပဒေသာ ကြာရုံ လင်းစွာ

မှတ်မိပါသေးသည်၊ စာရေးသူကား (၁၉၈၉) ခုနှစ်က ဓမ္မပဒေသာအမည်ရှိ ဘာသာရေး မဂ္ဂဇင်း တစ်စောင်ကို အချိန်မှန် လစဉ်ထုတ်ဝေခွင့်ရရှိလို့ စတင်ထုတ်ဝေရန် စီစဉ်လျက်ရှိနေရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ဩဝါဒကို ခံယူရန် ဆန္ဒ ဖြစ်ပေါ်လာသည်။

ထိုအချိန်မှာ နိုင်ငံတော်သံဃမဟာနာယကဆရာတော်များကား (၄၇)ပါးစုံညီ အစည်းအဝေးပြုလုပ်ရန်အတွက် ကမ္ဘာအေး ဇမ္ဗူဒီပ ကျောင်းဆောင်မှာ ရောက်ရှိ သီတင်းသုံးနေထိုင်တော်မူလျက်ရှိနေကြပါသည်။

စာရေးသူလည်း ထိုအချိန်က နိုင်ငံတော်သံဃမဟာနာယက ပထမအကြိမ်ဥက္ကဋ္ဌ၊ ပဲခူးမြို့မဆရာတော်၏တူမ စာရေးဆရာမ ဒေါ်ကြွယ်ကြွယ်ကို အမှီပြုပြီး (၁၉၈၉)ခု တပေါင်းလဆန်း (၁၄)ရက် တနင်္လာနေ့၊ နေ့လည် (၂)နာရီအချိန်သွားရောက်ပြီး နိုင်ငံတော်သံဃမဟာနာယကဥက္ကဋ္ဌ ပဲခူးမြို့မဆရာတော်ထံ ချဉ်းကပ်လျက် လျှောက်ထားသည်မှာ

" တပည့်တော်မှာ ဓမ္မပဒေသာ အမည်ရှိဘာသာရေးမဂ္ဂဇင်တစ်စောင်ကို လစဉ်ထုတ်ဝေရန် စီစဉ်လျက်ရှိနေပါကြောင်း ဘုရား၊ တပည့်တော်၏ သာသနာပြု လုပ်ငန်းဖြစ်သည့် ဓမ္မပဒေသာ မဂ္ဂဇင်း ထုတ်ဝေရေးအတွက် ဩဝါဒပေးပါရန် တောင်းပန်ကြောင်းပါဘုရား. . ။

"သာသနာပြုလုပ်ငန်း၊ ဓမ္မပဒေသာမဂ္ဂဇင်းထုတ်ဝေရေးအတွက် ဩဝါဒပေးရမှာဆိုတော့-ပဋိပတ်လိုင်းမှာ ဉာဏ်(၁၀)ပါးရှိသလို ပရိယတ်လိုင်းမှာလည်း ဉာဏ် (၄)ပါးရှိတယ်ကွ၊ အဲဒီဉာဏ်(၄)ပါးက-

( ၁ ) အက္ခရာကောသလ္လဉာဏ်

( ၂ ) ပဒကောသလ္လဉာဏ်

**ပဋိပတ်လိုင်းမှာ**

**ဉာဏ်(၁၀)ပါးရှိသလို**

**ပရိယတ်လိုင်းမှာလည်း**

**ဉာဏ် (၄)ပါးရှိတယ်**

( ၃ ) ဝါကျကောသလ္လဉာဏ်

( ၄ ) ဝိနိစ္ဆယကောသလ္လဉာဏ်

အက္ခရာကောသလ္လံ သုတ္တန္တေသု ဗဟုပကာရံ၊

ပဒကောသလ္လံ သုတ္တန္တေသု ဗဟုပကာရံ၊

ဝါကျကောသလ္လံ သုတ္တန္တေသု ဗဟုပကာရံ၊

ဝိနိစ္ဆယကောသလ္လံ သုတ္တန္တေသု ဗဟုပကာရံ၊

လို့မိန့်တော်မူပါတယ်။

ဆရာတော်က ဩဝါဒပေးလိုသည်မှာ "ဘာသာရေး စာပေတွေကို ရေးသားတဲ့အခါ အက္ခရာ-ပုဒ်-ဝါကျ-အဆုံးအဖြတ်-အယူအဆဆိုတဲ့ ဝိနိစ္ဆယ မမှားဖို့ အထူးသတိထားရမယ်"လို့ ဩဝါဒပေးလို ခြင်းဖြစ်ပါတယ်။

နောက်တစ်နေ့ (၁၉၈၉) တပေါင်းလပြည့် အင်္ဂါနေ့ ရခိုင်ပြည်နယ်၊ သံဃမဟာနာယက ဆရာတော် ဦးခန္တီနှင့်အတူ သံဃမဟာနာယကဒုတိယ ဥက္ကဋ္ဌ မြင်းခြံဆရာတော် ဦးသောဘိတထံ ချဉ်းကပ်လျက် အကျိုးအကြောင်းကို လျှောက်ထားပြီး ဩဝါဒ ပေးပါရန် တောင်းပန်းလျှောက်ထားသည့်အခါ ဒုတိယ ဥက္ကဋ္ဌ မြင်းခြံဆရာတော် ဦးသောဘိတက အမိန့်ရှိသည်မှာ-

"အပ္ပမာဒေန သမ္ပာဒေထ

အပ္ပမတ္တာ န မီယန္တိ

ပမတ္တာ ယေ မတာယထာ" ဟူ၍ ဖြစ်ပေသည်။

သာသနာပြုလုပ်ငန်းအတွက် ထုတ်ဝေမည့် "ဓမ္မပဒေသာ"မဂ္ဂဇင်းကို ထုတ်ဝေတဲ့နေရာမှာ အမြဲတန်း သတိရှိဖို့၊ အမှားအယွင်းများ မပါရအောင် သတိထားဖို့ လိုအပ်ကြောင်း ဩဝါဒပေးလိုခြင်း ဖြစ်ပါတယ်။

ရှေးက ပုဂံခေတ်မှာ ထေရဝါဒ ဗုဒ္ဓသာသနာကို စတင်သာသနာပြုခဲ့တဲ့ ရှင်အရဟံလည်း ပုဂံပြည်ရောက်စမှာ အနော်ရထာဘုရင်အား အပ္ပမာဒတရားကိုပင် ဟောတော်မူခဲ့ပါတယ်။

ခြုံငုံသုံးသပ်လိုက်ရင် ပထမနေ့ ဥက္ကဋ္ဌ ဆရာ-တော် ဩဝါဒပေး ကထာက "ဂန္ထဓုရ"ခေါ်တဲ့ ပရိယတ္တိ နှင့်ပတ်သက်လို့ ဩဝါဒပေးတော်မူတာ

ဖြစ်ပါတယ်။

ဒုတိယနေ့မှာ ဒုတိယဥက္ကဋ္ဌ ဆရာတော်က "ဝိပဿနာဓုရ"ခေါ်တဲ့ ပဋိပတ္တိနဲ့ပတ်သက်လို့ ဩဝါဒ ပေးတော်မူတာဖြစ်ပါတယ်။

မှန်၏။ သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေး၊ သာသနာပြုရေးအတွက် သံဃမဟာနာယက အဖွဲ့အစည်းအဆင့်ဆင့်က "သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေးနှင့် သံဃာစည်းလုံး ညီညွတ်ရေးကို ဆောင်ရွက်ရမည့်တာဝန်-

- နိုင်ငံတော်အတွင်းရှိ ထေရဝါဒ သံဃာတော်များ ဝိနည်းတရားတော်နှင့်အညီ ကျင့်ကြံ သီတင်းသုံးနေထိုင်နိုင်ရေးအတွက် လိုအပ်သလို ကြပ်မတ်ညွှန်ကြားရန်တာဝန်၊
- ပိဋကတ်တော်နှင့်မညီသော ဟောပြောခြင်း၊ ရေးသားခြင်း၊ သင်ကြားပေးခြင်း၊ ပြသခြင်းများကို စိစစ်ရမည့်တာဝန်၊
- ပိဋကတ်တော်နှင့်မညီသော ပဋိပတ်အကျင့်များကို စိစစ်ခြင်းအားဖြင့် တားမြစ်ခြင်း၊ အဆုံးအဖြတ်ပေးခြင်းတို့ကို ပြုလုပ်ရမည့် တာဝန်၊

ဤသို့ စသည့်တာဝန်များကို ဆောင်ရွက်ရန် တာဝန်ကို ဆောင်တော်မူကြသည် မဟုတ်ပါလော-

**သာသနာတော်သန့်ရှင်း တည်တံ့ ပြန့်ပွားရေးအတွက် ဂန္ထဓုရ ဝိပဿနာဓုရ ဆိုတဲ့ ဓုရ နှစ်ဖြာစုံလင်စွာကို အမြဲ လက်ကိုင် ထားကာ ဆောင် ရွက်တော်မူကြသည်မှာ ယခုဆိုရင် (၂၅)နှစ်ပြည့် မြောက်ပြီ၊**

ယင်းကြောင့်လည်း သံဃနာယက အဖွဲ့အဆင့်ဆင့်မှာ သာသနာတော်သန့်ရှင်း တည်တံ့ ပြန့်ပွားရေးအတွက် ဂန္ထဓုရ ဝိပဿနာဓုရ ဆိုတဲ့ ဓုရ နှစ်ဖြာစုံလင်စွာကို အမြဲလက်ကိုင်ထားကာ ဆောင်ရွက်တော်မူကြသည်မှာ ယခုဆိုရင် (၂၅)နှစ်ပြည့်မြောက်ပြီ၊ ငွေရတုသဘင်ဆင်ယင်ကျင်းပနိုင်ပြီဖြစ်ရကား "ဤငွေရတုမှသည် ပတ္တမြားရတု၊ ရွှေရတု၊ စိန်ရတု စတဲ့ ရတုအဆင့်ဆင့်ကို ကျော်ဖြတ်လွန်ကာ သာသနာငါးထောင်ရှည်မြင့်ကြာအောင် သာသနာပြုလုပ်ငန်း (သာသနာတော်သန့်ရှင်း တည်တံ့ ပြန့်ပွားရေး)ကို ဆထက်ထမ်းပိုးတိုးကာဆောင်ရွက်တော်မူနိုင်ကြပါစေ"ဟု အာရုံပြုကာ သဒ္ဓါတရားလက်ကိုင်ထားလျက် အားကိုးသမှု ပတ္ထနာပြုရပါကြောင်း တင်ပြလိုက်ရပေသတည်း။

သီဟဆွေ(သဒ္ဓမ္မဇောတိကဓဇ)

# ဘိုကလေးအရှင်ပဏ္ဍိတ

ဓမ္မာစရိယ, M.A, Dip in Eng သီရိလင်္ကာ

၁၃၄၂-ခုနှစ်၊ နယုန်လ (၁၉၈၀-ပြည့်နှစ်၊ မေလ)တွင် မြန်မာနိုင်ငံ သာသနာသမိုင်းဝယ် ဂိုဏ်းပေါင်းစုံ သံဃာတော်များ ညီညွတ်မှုရရှိသဖြင့် ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ၊ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ် (၁၂၀၀)ကျော် တက်ရောက်သည့် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။

ယင်းအစည်းအဝေးကြီးက သမ္မုတိရသံဃာ့ကိုယ်စားလှယ် (၁၂၀၀) ကျော်မှ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်အပါး (၃၀၀)ကို ရွေးချယ်ခဲ့ပါသည်။ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်အပါး (၃၀၀)မှ နိုင်ငံတော် သံဃမဟာနာယက (၃၃)ပါးကို ရွေးချယ်ဖွဲ့စည်းနိုင်ခဲ့ပါသည်။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကို (၁၉၈၀) ပြည့်နှစ်တွင် (၃၃)ပါးဖြင့် စတင်ဖွဲ့စည်းခဲ့သော်လည်း နောက်ပိုင်းတွင် ပြင်ဆင်၍ (၄၅)ပါး၊ (၄၇)ပါးတိုးချဲ့ဖွဲ့စည်းခဲ့ရာ ယခုအခါ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့မှာ (၄၇)ပါးအဖွဲ့ ဖြစ်နေပါပြီ။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကို ၁၃၄၂-ခုနှစ်၊ နယုန်လ (၁၉၈၀-ပြည့်နှစ်၊ မေလ) က စတင်ဖွဲ့စည်းခဲ့သဖြင့် ယခု ၁၃၆၇-ခုနှစ်၊ နယုန်လ (၂၀၀၅-ခုနှစ်၊ ဇွန်လ) တွင် (၂၅)နှစ်ပြည့်မြောက် ငွေရတုခေတ်သို့ ရောက်ခဲ့ပေပြီ။ ထို့ကြောင့် ယခု နယုန်လဆန်း (၁၃)ရက် (ဇွန်လ ၁၉-ရက်)တွင် "နိုင်ငံတော် သံဃမဟာနာယကအဖွဲ့- ငွေရတုသဘင်" အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပပူဇော်မည်ဖြစ်ပေ၏။

ဤကဲ့သို့ နိုင်ငံတော်အတွင်း၌ ဂိုဏ်းပေါင်းစုံ သံဃာတော်များ၏ အမြင့်ဆုံး သံဃာ့အဖွဲ့အစည်း ဖြစ်သော "နိုင်ငံတော် သံဃမဟာနာယကအဖွဲ့" ကြီး ပေါ်ပေါက်လာခဲ့သဖြင့် သာသနာတော်၌ အလွန်အဖိုးတန်သည့် ရလဒ်ကောင်းများ ဖြစ်ထွန်းခဲ့ရပါသည်။ ယင်းတို့အနက်မှ တစ်ခုကို ဖော်ပြရလျှင် သာသနာတော်အတွင်း၌ ရှေးနှစ်ပေါင်းများစွာကတည်းက အမြစ်တွယ်လျက် ဓမ္မ အဓမ္မအငြင်းပွားနေရသော ဝိဝါဒါဓိကရဏ်းမှုကြီးများကို ပြတ်စဲအောင် ဖြေရှင်းနိုင်ခဲ့ခြင်းပင် ဖြစ်၏။ တစ်နည်းအားဖြင့် "အဓမ္မကို ဓမ္မဖြင့် ထင်ထင်ရှားရှားခွဲခြားပြနိုင်ခဲ့ခြင်း" ပေတည်း။

လောက၌ရှိကြသော အရာဝတ္ထုတို့တွင် အကောင်းဟူသမျှသည် မကြာခဏ ပြုပြင်ပေးသူ ရှိမှသာ အကောင်းဘဝ၌ အတော်ကြာကြာနေနိုင်၏။ ပြုပြင်ပေးမည့်သူ မရှိလျှင် သို့မဟုတ် ပြုပြင်လိုကြသူများအား နည်းနေလျှင် မကောင်းသော အတုအပတွေ ပေါ်ပေါက်လာကြမြဲပင် ဖြစ်လေရာ ကောင်းသော အရာဝတ္ထုသည် တိမ်မြုပ်ကွယ်ပျောက်သွားတတ်၏။ ယခုလည်း အလွန်စင်ကြယ်သန့်ရှင်းလှသော ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီးကို အရှင်မဟာကဿပစသော သာသနာ့ထိပ်ခေါင်တင် ထေရ်အရှင်မြတ်ကြီးတို့သည် ညစ်ကြေးမတင် သန့်ရှင်းစင်ကြယ်စေရန် ပြုပြင်, ပြုပြင်ပေး

ခဲ့ကြပါ၏။ သို့သော်လည်း နှစ်တွေ အတော်ကြာလာသောအခါ အညစ်အပေတွေ တွေ့ရပြန်လေသည်။ ယင်းအညစ်အကြေးတို့ကား အဓမ္မကို ဓမ္မဟု ဟောပြောနေကြသော လူသေလူဖြစ်ဝါဒ၊ ကျောက်သဘော်ဝါဒစသည်တို့တည်း။ ထိုဝါဒရှင်တို့သည် "နိုင်ငံတော် သံဃမဟာနာယက" စသော သံဃာ့အဖွဲ့အစည်းများ မပေါ်ပေါက်သေး၍ ပြုပြင်လိုကြသူများ အားနည်းနေမှုကို အခွင့်ကောင်းယူကာ အဓမ္မဝါဒ ထွန်းကားရေးကို တွန်းအားပေးလျက် ဓမ္မအစစ်အမှန်ကို တိမ်မြုပ်ပျောက်ကွယ်စေရန် ဖန်တီးနေကြလေသည်။

ထိုအချက်ကို ကွက်ကွက်ကွင်းကွင်း သိမြင်တော်မူကြသော "နိုင်ငံတော်သံဃမဟာနာယကအဖွဲ့" ဆရာတော်ကြီးများသည် အောက်ပါ သံဂါယနာဦးစီးမဟာထေရ်မြတ်ကြီးတို့ စဉ်းစားဆင်ခြင်ပုံကို မိမိတို့ စိတ်ဝယ် မြင်လာကြပေကုန်၏။

> "အဓမ္မဝါဒီအလဇ္ဇီတို့၏ (ဘုရားဟောမဟုတ်သော တရားတွေကို ထည့်သွင်း၍ ဘုရားဟောအစစ် တရားတွေကို တချို့တလေ နုတ်ပယ်ပြီးလျှင် သူတို့ထင်သလို ပြုလုပ်ခြင်းဟူသော) လေမုန်တိုင်း တိုက်လွှင့်သောကြောင့် မကြာခင် တရားတော်များ ဟောတော်မူရင်းအတိုင်း မဟုတ်တော့ဘဲ တမျိုးတမည် ပြောင်းလဲကာ အစစ်အမှန် တရားတော်များ ကွယ်စရာရှိသည်။
>
> (အနာဂတ် သာသနာရေး)။

ငါသို့စင် ဘုရားရှင်သား ရဟန်းတစ်ပါးထင်ရှားရှိနေစဉ်၌ (သုဘဒ်တောထွက်ရဟန်း) သူယုတ်မာသည် သာသနာ၌ ကြီးပွားခြင်းကို မရစေလင့်။ အဓမ္မ-မတရားမထွန်းကားသေးမီ, တရား-ဓမ္မကို မတားမြစ်အပ်သေးမီ၊ အဝိနယ- ဘုရားရှင် အဆုံးအမမဟုတ်သောအရာများ မထွန်းကားသေးမီ, ဝိနယ- ဘုရားရှင် အဆုံးအမတရားတော်များ မတားမြစ်အပ်သေးမီ၊ အဓမ္မဝါဒီ-မတရား ပြောကြားသူတို့အား မရှိသေးမီ, ဓမ္မဝါဒီ- တရားသည်ကို ပြောကြားသူတို့အား မနွဲ့ကြသေးမီ၊ အဝိနယဝါဒီ-ဘုရားရှင် အဆုံးအမ မဟုတ်သောအ ရာများ ပြောကြားသူတို့အား မရှိကြသေးမီ, ဝိနယဝါဒီ-ဘုရားရှင် အဆုံးအမတရားတော်ကို ပြောဆိုဟောကြား လေ့ရှိသူတို့အား မနွဲ့ကြသေးမီ ငါသည် သုတ်,အဘိဓမ္မာ, ဝိနည်းတရားတော်များကို သံဂါယနာတင်ပေအံ့" (မဟာဗုဒ္ဓဝင်)

ဟု ပထမသံဂါယနာဦးစီး အရှင်မဟာကဿပမထေရ်မြတ်ကြီးသည် သံဂါယနာတင်ရန် စိတ်အကြံဖြစ်ခဲ့၏။ (ဒီ၊ ၂၊ ၁၃၃။ ဝိ၊ ၄၊ ၄၈၁။)

> "ဗုဒ္ဓသာသနာတော် ပျက်စီးနေကြောင်းကို ကြားရပါလျက် ကြောင့်ကြမစိုက်ဘဲနေလို့ မလျော်ချေ။ ယခုပင်ငါသွား၍ အဓမ္မဝါဒီများကို နှိမ်နင်းကာ ဓမ္မအစစ်အမှန်ကိုပြမည်။"
>
> (အနာဂတ်သာသနာရေး)

ဟု ဒုတိယသံဂါယနာဦးစီး အရှင်မဟာယသမထေရ်မြတ်ကြီးသည်လည်း ဝဇ္ဇီတိုင်းသား အဓမ္မဝါဒီများ ပေါ်ပေါက်လာစဉ်က ဆုံးဖြတ်ချက်ချကြံစည်တော်မူခဲ့၏။ (ဝိ၊ ၄၊ ၁၊ ၂၆)

> **"ငါသည် မူလကလည်းက သာသနာတော်ကို ချီးမြှောက်မည်ဟု ရဟန်းပြုခဲ့၏၊ ယခု ဤအခွင့်ကာလရောက်လတ်ပြီ"**

ဟု တတိယသံဂါယနာဦးစီး အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်မြတ်ကြီးသည်လည်း သံဂါယနာတင်ရန် အရေးအခင်းပေါ်ပေါက်စဉ်က ဤသို့လျှင် ကြံစည်တော်မူခဲ့၏။

အထက်ပါ သံဂါယနာ ဦးစီး ရဟန္တာ မထေရ်မြတ်ကြီးတို့ သာသနပစ္စတ္တိက, အဓမ္မဝါဒီများ ပေါ်ပေါက်လာသည့်အခါ စဉ်းစားဆင်ခြင်မိပုံကို မိမိတို့ စိတ်သန္တာန်၌ ထင်လာကြကုန်ရကား "အဓမ္မကို ဓမ္မဖြင့် ထင်ထင်ရှားရှား ခွဲခြားပြလိုက် မည်"ဟု အညီအညွတ် စည်းဝေးတိုင်ပင်ကြလျက် ၁၃၄၂-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁၃)ရက် (၂၀-၁၁-၈၀) နိုင်ငံတော် သံဃမဟာနာယက (၃၃)ပါး စုံညီအစည်းအဝေးတွင် ထိုအဓမ္မဝါဒီ (၇) မျိုးတို့ကို ဓမ္မ အဓမ္မဝါဒီအဖြစ် စိစစ်ရန် ပိဋကတ် ကျမ်းတတ် ထိပ်သီးပညာရှင် ဆရာတော်များချည်း ပါဝင်သော "နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့" (၇) ဖွဲ့ကို ဖွဲ့စည်းလိုက်ပါသည်။

ထို့နောက် ရှေးဦးစွာ အဖွဲ့အမှတ် (၁)ဖြစ်သော ခရမ်းမြို့, ကိုင်းကုန်းဆရာတော် (ဘဒ္ဒန္တသုဒဿနထေရ်) ဦးဆောင်သည့် (၇)ပါး ပါအဖွဲ့က "ကျောက်သဘော်ဝါဒ" ကို စိစစ်ပြီး အဓမ္မဝါဒအဖြစ် ဝိနိစ္ဆယချမှတ်ခဲ့ပါသည်။ ထို့နောက် အဖွဲ့အမှတ် (၂)ဖြစ်သော ထားဝယ်မြို့, ယောသိတာရုံဆရာတော် (ဘဒ္ဒန္တယောသိတာဘိဝံသထေရ်) ဦးဆောင်သည့် (၇)ပါး ပါအဖွဲ့က (၁၃၂၅)ခုနှစ်လောက်ကတည်းက မြန်မာနိုင်ငံအတွင်း၌ ဓမ္မဟုတ်သည် မဟုတ်သည် အငြင်းပွားကာ လူသိများ ထင်ရှားလှသော "လူသေလူဖြစ်ဝါ၊ သမ္မာဒိဋ္ဌိသုတေသနဝါ၊ ရွှေအဘိဓမ္မာဝါဒ"တို့ကို-

"ဦးဥက္ကဋ္ဌ၏ လူသေလူဖြစ်ဝါဒနှင့် ၎င်းကို ပံ့ပိုးထားသော အချက်အလက်ဟူသမျှသည် နိကာယ်ငါးရပ်, ပိဋကတ်သုံးပုံထေရဝါဒ ဗုဒ္ဓဝါဒနှင့် လုံးဝဆန့်ကျင်သော အဓမ္မဝါဒစစ်စစ်သာဖြစ်သည်ဟု လူသေ လူဖြစ်ဝါဒကို ဝိနိစ္ဆယချမှတ်တော်မူ ကြသည်" စောဒနာ သောဓနာ (၂၁) ချက်ကို ပြည့်စုံစွာ သုံး သပ်စိစစ်၍ အဓမ္မဝါဒအဖြစ် ဝိနိစ္ဆယချမှတ်ခဲ့ပါသည်။

ထို့နောက် အဖွဲ့အမှတ် (၃) ဖြစ်သော ပုဇွန်တောင်, ရွှေကျင်ကျောင်းတိုက်ဆရာတော်(ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသထေရ်) ဦးဆောင်သည့် (၅) ပါးပါ အဖွဲ့က " ကျောက်ပုံတောရဝါဒ" ကိုစိစစ်ပြီး အဓမ္မဝါဒအဖြစ် ဝိနိစ္ဆယ ချမှတ်ခဲ့ပါသည်။

ထို့နောက် အဖွဲ့အမှတ် (၄) ဖြစ်သော ကျောက်မဲဆရာတော် (ဘဒ္ဒန္တ ဩဘာသထေရ်) ဦးဆောင်သည့် (၅) ပါး ပါအဖွဲ့က ရှေးယခင်နှစ်ပေါင်း (၈၀) ကျော်ကတည်းက သာသနိကဆူပြောင့်ကြီးအဖြစ် အမြစ်တွယ်ထင်ရှား လာခဲ့သော " ကြောင်ပန်းတောရဝါဒ" ကို-

" ကြောင်ပန်းတောရဝါဒသည် သက္ကာယဒိဋ္ဌိရှိလျှင် ဗုဒ္ဓဘာသာမဖြစ်၊ သရဏဂုံမတည်ဟု ယူဆ ဟောပြော ရေးသားသော အဓမ္မဝါဒသာ ဖြစ်ကြောင်း" စသည်ဖြင့် စိစစ်၍ အဓမ္မဝါဒသာဖြစ်ကြောင်း ဝိနိစ္ဆယချမှတ်ခဲ့ပါသည်။

ထိုနည်း အတူပင် အဖွဲ့အမှတ် (၅) ညောင်ရွှေ ဆရာတော် (ဘဒ္ဒန္တဝိမလာဘိဝံသထေရ်) ဦးဆောင်သည့် (၅) ပါးအဖွဲ့က "ဓမ္မနီတိဝါဒ" ကိုလည်းကောင်း၊ အဖွဲ့အမှတ် (၆) မန္တလေး ဆရာတော် (ဘဒ္ဒန္တဝေပုလ္လာဘိဝံသထေရ်) ဦးဆောင်သည့် (၅) ပါးအဖွဲ့က " မိုးညှိုဆရာတော် (မြောက်ဥက္ကလာပ) ဝါဒ" ကိုလည်းကောင်း၊ အဖွဲ့အမှတ် (၇) ပါးအဖွဲ့က " ဦးမာလာဝရ (ရေတာရှည်) ဝါဒ" ကိုလည်းကောင်း စိစစ်၍ အဓမ္မဝါဒများအဖြစ် ဝိနိစ္ဆယချမှတ်တော်မူခဲ့ကြပါသည်။

ထို့နောက်ပိုင်းတွင်လည်း " ဉာဏစာရီဆရာ

တော်ဝါဒ၊ဆူးလေးဦးမြင့်သိန်းဝါဒ၊ ဦးမြတ်သိန်းထွန်းဝါဒ ထွန်တုံး လက်ကျန် ဦးထင်ဝါဒ၊ တွံတေး ဦးပုညာစာရဝါဒ၊ မော်လမြိုင်, ရွှေဝါမြိုင် ဦးကေသရဝါဒ " စသည်တို့ကို နိုင်ငံတော်သီးခြား ဝိနည်းဓိုရ်" အဖွဲ့များ ဖွဲ့လျက် စိစစ်ပြီး အဓမ္မဝါဒ များအဖြစ် ဝိနိစ္ဆယချမှတ်ခဲ့ကြပါသည်။

ဤအဓမ္မဝါဒအဖြစ် ဝိနိစ္ဆယချမှတ်ခံရပြီးသော အဓမ္မဝါဒီများသည် အလှည့်ကျ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ ရှေ့မှောက်၌-

(၁) ထိုအဓမ္မဝါဒများ ကိုစွန့်လွှတ်ပါကြောင်း၊

(၂) ယခုအချိန်မှစ၍ ရှေ့သို့ဆက်လက်ပြီး ထိုအဓမ္မဝါဒများကို ဟောပြောခြင်း၊ ရေးသားခြင်း၊ဆွေးနွေးခြင်း၊ တိတ်ခွေဖွင့်ခြင်း၊ သင်တန်းပေးခြင်းစသည့် အမှုတို့ကို မိမိတို့ကိုယ်တိုင်လည်း ပြုလုပ်ကြမည် မဟုတ်သည့်အပြင် တပည့် ဒါယကာ၊ ဒါယိကာမတို့အားလည်း မပြုလုပ်ကြစေရန် တားမြစ်ဆုံးမသြဝါဒပေးမည် ဖြစ်ပါကြောင်း။

(၃) ထိုဝါဒဆိုင်ရာ စာအုပ်စာတမ်းများ၊ တိတ်ခွေများ၊အထိမ်းအမှတ်စသည်တို့ကို ဖျက်ဆီးခြင်း၊ သက်ဆိုင်ရာမြို့နယ်သံဃနာယကအဖွဲ့သို့ အပ်နှံခြင်းများကို ပြုလုပ်မည်ဖြစ်ပါကြောင်း စသည်ဖြင့် ကိုယ်တိုင် ပဋိညာဉ်ပြုလက်မှတ်ရေးထိုးကြရပါသည်။

ဤသို့ နှစ်ပေါင်းများစွာကတည်းက ဓမ္မဟုတ်သည် မဟုတ်သည်ကို အငြင်းပွားကာ ဝိဝါဒါဓိကရုဏ်းကြီးများ အဖြစ်တည်ရှိနေခဲ့သော အဓမ္မဝါဒများကို ရှေးယခင်က ဓမ္မအစစ်အမှန်ကို တိကျမှန်ကန်စွာ သိမြင်တော်မူကြသော ပညာရှိသူတော်စင် ဆရာတော်အရှင်မြတ်ကြီးများ အများအပြားရှိခဲ့သော်လည်း ယခု "နိုင်ငံတော် သံဃမဟာနာယက"ကဲ့သို့သော အဖွဲ့အစည်းကြီး မရှိသေးသဖြင့် သိလျက်ပင် မမြင်ချင်ဟန်နေခဲ့ကြရပါသည်။

ယခုအခါ၌ကား နိုင်ငံတော်တွင်းရှိ ဂိုဏ်းပေါင်းစုံ သံဃာတော်များ အားလုံး၏ အမြင့်ဆုံးအဖွဲ့အစည်းဖြစ်သည့် "နိုင်ငံတော်သံဃမဟာနာယက" အဖွဲ့ကြီး ပေါ်ပေါက်လာခဲ့သဖြင့် ထိုအဓမ္မဝါဒများကို ဓမ္မဖြင့် ထင်ထင်ရှားရှား ခွဲခြားပြသနိုင်ခွင့်ရခဲ့ပါပေသည်။ ထို့ကြောင့် ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ သာသနာတော်သည်လည်း အဓမ္မဝါဒတည်းဟူသော ဆီးနှင်း, မြူ, တိမ်, သူရိန်, မီးခိုးညစ်မျိုး ငါးဝ ကင်းစင်ပသဖြင့် တက်သစစနေဝန်း, ထွန်းသစ်စလဝန်းကဲ့သို့ သန့်ရှင်းစင်ကြယ်ခဲ့ရပါပေသည်။ ဤသို့ သာသနာတော် သန့်ရှင်းလာခဲ့ရခြင်းမှာ "နိုင်ငံတော် သံဃမဟာနာယက" အဖွဲ့ကြီး ပေါ်ပေါက်လာခဲ့ရသောကြောင့် ပါပေတည်း။ ထို့ကြောင့် သာသနာတော်အတွက် အလွန်ကျေးဇူးတင်ထိုက်ပူဇော်ထိုက်သော "နိုင်ငံတော် သံဃမဟာနာယက" အဖွဲ့ ဆရာတော်ကြီးများနှင့် "ဝိနည်းဓိုရ်" ဆရာတော်ကြီးများအား "သံဃမဟာနာယကငွေရတုသဘင်" အခါ၌ ထိုကျေးဇူးတော်တို့ကို အောက်မေ့ကော်ရော်ပူဇော်အပ်ပါသတည်း။ (သို့သော် နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးအချို့နှင့် ဝိနည်းဓိုရ်ဆရာတော်ကြီးအချို့တို့ကား ဘဝနတ်နန်းစံမြန်းတော်မူခဲ့ကြပြီး လေပြီတကား။)

# သာသနာရေးဆောင်းပါးဟောင်းမှတ်တမ်းများ

**ထွန်းနိုင်(သာသနာရေး)**



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌပဲခူးမြို့မဆရာတော်ကြီးနှင့်အကျိုးတော်ဆောင်
မင်းကွန်းဆရာတော်ကြီးတို့သာသနာရေးကိစ္စများ ဆွေးနွေးညှိနှိုင်းတိုင်ပင်တော်မူကြစဉ်

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူသည့် အချိန်မှစ၍ ရေတွက်ခဲ့သော သာသနာတော်နှစ်သည် ၂၅၄၉ သို့ ရောက်ရှိခဲ့ပြီးဖြစ်သည်။ ထိုနှစ်ပေါင်း ၂၅၄၉ အတွင်း၌ မြတ်စွာဘုရားရှင် သာသနာတော်သည် အားပေးချီးမြှောက်ထောက်ပံ့သော သာသနာပြုမင်းကောင်းမင်းမြတ်များလက်ထက်တွင် ထွန်းလင်းတောက်ပ၍ မင်းအစိုးရတို့ အားပေးချီးမြှောက်ထောက်ပံ့မှုမရသော အခါ ညှိုးမှိန်ခဲ့ရသည်။ သာသနာပအယူရှိသောမင်းများလက်ထက်တွင် ပိဋကတ်တော်များကို မီးရှို့ခြင်း၊ ရဟန်းတော်များကို သတ်ဖြတ်ခြင်းစသော အဖြစ်မျိုးနှင့်ကြုံရသည့်အခါလည်းရှိသည်။ မည်သို့သောအဖြစ်မျိုးနှင့်ကြုံသည်

ဖြစ်စေ သာသနာ့ဦးသျှောင်မဟာထေရ်တို့သည် ဗုဒ္ဓမြတ်စွာ၏ အဆုံးအမ သာသနာတော်မြတ်ကြီး မကွယ်မပျောက်အောင် အားကြိုးမာန်တက်ဆောင်ရွက်တော်မူခဲ့ကြသည်။

မြတ်စွာဘုရားရှင်၏ သာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ ပြန့်ပွားရေးကိုဆောင်ရွက်ရာ၌ သာသနာ့ဝန်ထမ်း ရဟန်းတော်များချည်း သက်သက်ဓမ္မစက်တစ်ခုတည်းဖြင့် ဆောင်ရွက်၍ မရပေ။ ယင်း အစိုးရတို့၏ အာဏာစက်ဖြင့် အကူအညီအထောက်အပံ့ကို ပြည့်ပြည့်ဝဝရရှိမှသာ ဆောင်ရွက် နိုင်ကြမည်ဖြစ်သည်။

ထို့ကြောင့်ပင် မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးနောက် သုံးလနှင့် လေးရက်မြောက်ရောက်သည့်အချိန်မှာ အရှင်မဟာကဿပအမှူးပြုသော ရဟန္တာငါးရာတို့သည် အဇာတသတ်မင်း၏ ပစ္စည်းလေးပါးထောက်ပံ့မှု၊ အာဏာစက်ဖြင့် ပံ့ပိုးကူညီမှုကိုယူတော်မူကာ မြတ်စွာဘုရားရှင်၏သုတ်၊ အဘိဓမ္မာ၊ ဝိနည်း၊ တရားတော်များကို သင်္ဂါယနာတင်တော်မူကြပြီး သာသနာတော်သန့်ရှင်းစင်ကြယ် စည်ပင်ပြန့်ပွားအောင် ဆောင်ရွက်တော်မူခဲ့ကြသည်။

သာသနာတော်၏ ဘေးရန်အန္တရာယ်သည် တစ်ခါတစ်ရံ ဝါဒမတူညီကြသော သာသနာပ ပုဂ္ဂိုလ်တို့ကြောင့် ဖြစ်ပေါ်လာတတ်ပြီး တစ်ခါတစ်ရံ သာသနာအတွင်းသားပုဂ္ဂိုလ်များကြောင့်လည်း ဖြစ်ပေါ်လာတတ်သည်။

သာသနာတော်နှစ် (၁၀၀) မြောက်အရောက်ဝယ် သာသနာအတွင်းနေ ဝဇ္ဇီတိုင်းသားရဟန်းများ၏ အဓမ္မဝါဒတရား ဆယ်ပါး ဟောကြားမှုကို အကြောင်းပြု၍ သာသနာတော်၌ ဘေးရန်အန္တရာယ်ပေါ်ပေါက်လာခဲ့ရာ အရှင်မဟာယသ အမှူးပြုသော ရဟန္တာခုနစ်ရာတို့သည် ကာလာသောကမင်း၏ အာဏာစက်အကူအညီဖြင့် သာသနာ့ဘေးရန်ကိုဖယ်ရှားတော်မူကြသော ဒုတိယသင်္ဂါယနာတင်တော်မူကြ၍ သာသနာတော်ကို သန့်ရှင်းစင်ကြယ်စည်ပင်ပြန့်ပွားအောင် ဆောင်ရွက်တော်မူခဲ့ကြသည်။

သာသနာတော်၌ ရဟန်းဆိုး ရဟန်းယုတ်တို့ များပြားလာသောအခါ ရဟန်းကောင်း ရဟန်းမြတ်တို့သည် ဆိတ်ဆိတ်နေတော်မူကြ၍ လည်းကောင်း၊ထိုရဟန်းဆိုး ရဟန်းယုတ်တို့နှင့် ဝေးကွာသောနေရာဒေသသို့ကြွသွားတော်မူကြ၍ လည်းကောင်း၊ သီတင်းသုံးနေထိုင်တော်မူကြသည်။

သာသနာတော်၌ ရဟန်းကောင်းရဟန်းမြတ်တို့များပြား၍ အားရှိလာသောအခါ ရဟန်းဆိုးများ ရဟန်းယုတ်တို့သည် သံဃာ့အလယ်၌ ဆိတ်ဆိတ်နေကြ၍လည်းကောင်း၊ အစွန်အဖျားနေရာဒေသများသို့ သွားရောက်၍ လည်းကောင်း နေထိုင်ကြသည်။

သာသနာတော်နှစ် (၂၃၅) နှစ်မြောက်ရောက်သောအခါ သာသနာပအယူဝါဒရှိကြသော ပုဂ္ဂိုလ်တို့သည် လာဘ်ပူဇော်သက္ကာရကင်းပ၍ စားသောက်ဖွယ်ရာမျှ မရရှိကြသဖြင့် သာသနာတော် အတွင်းသို့ နည်းမျိုးစုံဖြင့် ဝင်ရောက်လာကာ မိမိတို့၏ အယူဝါဒကို ဟောပြောပြသကြသောကြောင့်သာသနာတော်၌ ကြီးစွာသောဘေးရန်အန္တရာယ်ကြီးပေါ်ပေါက်လာရသည့်ဓမ္မာသောကမင်းကြီးသည် ထိုဘေးရန်အန္တရာယ်တို့ကို တားဆီးနှိမ်နင်းရန် အဟောဂင်္ဂါတွင် သီတင်းသုံးတော်မူသောအရှင်မောဂ္ဂလိပုတ္တတိဿမထေရ်ကို ပင့်ဆောင်ကာ အရှင်မြတ်ထံ မှ ဗုဒ္ဓဓမ္မကိုယ်တိုင်ကိုယ်ကျ သင်ယူပြီး ရဟန်းစစ် ရဟန်းတုတို့ကို ကိုယ်တော်တိုင်

စစ်ဆေးဖေါ်ထုတ်၍လူဝတ်လဲစေပြီး သာသနာတော်ကို သန့်ရှင်းစင်ကြယ်အောင် ဆောင်ရွက်ခဲ့သည်။

ထို့နောက် အရှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ်အမှူးပြုသော ရဟန္တာ (၁၀၀၀) တို့သည် ဓမ္မာသောကမင်းကြီး၏ အထောက်အပံ့ကို ရယူတော်မူကြကာ တတိယသင်္ဂါယနာတင်တော်မူကြသည်။ သင်္ဂါယနာတင်ပွဲအပြီးတွင် ဗုဒ္ဓသာသနာတော်ထွန်းကားပြန့်ပွားရေးအတွက် ကိုးတိုင်း ကိုးဌာနသို့ သာသနာပြုရဟန်းတော်များကို စေလွှတ်တော်မူသည်။

သာသနာနှစ် (၄၅၀) မြောက်အရောက်တွင် သီဟိုဠ်ကျွန်း၌ ပြဟ္မဏတိဿ သူပုန်ဘေးကြီးပေါ်ပေါက်ခဲ့သဖြင့် ရဟန်းတော်များဘေးကင်းရာအရပ်သို့ တကွဲတပြား တိမ်းရှောင်သီတင်းသုံးတော်မူကြရသည်။ ဆယ့်နှစ်နှစ်ကြာသောအခါ သူပုန်ဘေးကြီးကင်းဝေးသဖြင့် ရဟန်းတော်များ ပြန်လည်ကြွရောက်တော်မူလာကြပြီး ဗုဒ္ဓ၏ ဓမ္မ ဝိနယ ဒေသနာတော်များ မပျောက်ပျက်စေရန်ဝဋ္ဋဂါမဏိမင်း၏ ပစ္စည်းလေးပါးအထောက်အပံ့နှင့်အာဏာစက်အကူအညီကိုရယူတော်မူကြကာ အရှင်မဟာဓမ္မရက္ခိတမထေရ် အမှူးပြုသော ရဟန်းတော်ငါးရာတို့သည် ပေထက်အက္ခရာ တင်တော်မူကြ၍ စတုတ္ထသင်္ဂါယနာတင်တော်မူကြသည်။ စတုတ္ထသင်္ဂါယနာတင်သည့်အချိန်အထိရဟန်းတော်များသည် ဗုဒ္ဓ၏ ဓမ္မ ဝိနယတို့ကို နှုတ်တက်အာဂုံဆောင်၍ ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသည်။

သာသနာနှစ် ၂၄၁၅ (၁၂၃၃-ခုနှစ်) အရောက်တွင် ရတနာပုံ နေပြည်တော်၌ အရှင် ဇာဂရာဘိဝံသ ဘုရားကြီးဆရာတော်အမှူးပြုသော ရဟန်းတော် ၂၄၀၀ တို့သည် မင်းတုန်းမင်းကြီး၏ အထောက်အပံ့ကို ရယူတော်မူ၍ ဗုဒ္ဓ၏ဓမ္မ ဝိနယတို့ကို ကျောက်ထက်အက္ခရာတင်တော်မူကြပြီး ပဉ္စမသင်္ဂါယနာတင်တော်မူခဲ့ကြသည်။

သာသနာနှစ် ၂၄၉၈ (၁၃၁၆ - ခုနှစ်) အရောက်တွင် မြန်မာနိုင်ငံရန်ကုန်မြို့၌ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ၊ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ညောင်ရမ်းဆရာတော်ဘုရားကြီးအမှူးပြုသော ရဟန်းတော်များနှင့်ထေရဝါဒဗုဒ္ဓဘာသာနိုင်ငံများမှ ရဟန်းတော်များ စုစုပေါင်း ရဟန်းတော် ၂၅၀၀ ကျော်တို့သည် သန့်ရှင်းစင်ကြယ်သော ပိဋကတ်တော်များ ကမ္ဘာအရပ်ရပ်သို့ ပြန့်နှံ့စေရေးအတွက် စက်တင်ပုံနှိပ်၍ ဆဋ္ဌသင်္ဂါယနာတင်တော်မူကြကာ ဗုဒ္ဓသာသနာတော်ထွန်းကားပြန့်ပွားရေးကို ဆောင်ရွက်တော်မူခဲ့ကြသည်။ ဆဋ္ဌသင်္ဂါယနာ၏ သာသနာ့ဒါယကာအဖြစ် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် ဗုဒ္ဓဘာသာဝင်ဒါယကာ ဒါယိကာမတို့က တာဝန်ယူကြ၏။

ရှေးယခင် မြန်မာဘုရင်များလက်ထက်တော်အခါက သာသနာတော်၌ သာသနာပိုင်ဆရာတော်ခန့်အပ်၍ သာသနာပိုင်ဆရာတော်က ဂိုဏ်းချုပ်, ဂိုဏ်းအုပ်, ဂိုဏ်းထောက် စသည့် ဆရာတော်များခန့်ထားကာ သာသနာ့ဝန်ထမ်းရှင်ရဟန်းများကို ထိန်းသိမ်းအုပ်ချုပ်ခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ စစ်ဘေးစစ်ဒဏ်ခံခြင်း၊ တိုင်းတစ်ပါး လက်အောက်ကျရောက်ခဲ့ရခြင်း စသည်တို့ကြောင့် သံဃာ့ဖွဲ့စည်းအုပ်ချုပ်ပုံစနစ်ပျက်ပြားခဲ့ရသည်။ ထိုအခါ သံဃာ့ထေရ်ကြီးများ၏ ဓမ္မ ဝိနယနှင့် အညီဆုံးမှုကို မနာခံသော ဒုဗ္ဗစပုဂ္ဂိုလ်များ များပြားလာသလို ဝိနည်းသိက္ခာပုဒ်တော်များကို လွန်ကျူး၍ နေထိုင်ကြသော ပုဂ္ဂိုလ်များလည်းများပြားလာသည်။ ထို့ပြင် သိက္ခာမတင်

သိမ်မဝင်ဘဲ သာသနာတော်အတွင်းဝင်ရောက်လာသည့် ပုဂ္ဂိုလ်များရှိလာသလို ဓမ္မ ဝိနယနှင့်မညီသော ရေးသား ဟောပြောမှုများလည်းရှိလာသည်။ ဓမ္မ ဝိနယနှင့် မညီသော ဟောပြောမှုများကြောင့် နေရာဒေသတော်တော်များများတွင် အဓိကရုဏ်းမှုများပေါ်ပေါက်လာရသည်။

ထိုကဲ့သို့သောအခြေအနေနှင့် အချိန်အခါသို့ရောက်ရှိလာသည့်အခါ-

- **သံဃာတော်များ ဝိနည်းသိက္ခာပုဒ်တော်နှင့်အညီ ကျင့်ကြံနေထိုင် သီတင်းသုံးရေးအတွက် အချင်းချင်း ကြပ်မတ်ကွပ်ကဲရေး၊**
- ဝိနည်းဓမ္မကံ မှုခင်းများကို ဒေသနာတော်နှင့် အညီပြေငြိမ်းစေရေး၊
- ရဟန်းတု ရဟန်းယောင်များ ကွယ်ပျောက်ရေး၊
- ပိဋကတ်တော်နှင့် မညီသည့် ဟောပြောချက်များ၊ ရေးသားချက်များ ပပျောက်ရေး၊
- ပိဋကတ်တော်နှင့် မညီသည့် ကျင့်ကြံအားထုတ်မှုများ ပျောက်ကွယ်စေရေး၊

တို့အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းရှိ သာသနာ့ဦးသျှောင်ဆရာတော်ကြီးများနှင့် နိုင်ငံတော်အစိုးရမင်းတို့ညှိနှိုင်းကာ ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးကျင်းပရန် စီမံ ဆောင်ရွက်တော်မူခဲ့ကြသည်။

ထိုအချိန်တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း၌ သံဃာ့ဂိုဏ်း (၉) ဂိုဏ်း၊ ဘုန်းတော်ကြီးကျောင်းပေါင်း (၄၃၆၇၇) ကျောင်း၊ ရဟန်းတော်ပေါင်း (၁၀၉၀၁၂) ပါးရှိသည်။

သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ပထမအကြိမ်ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးကို သာသနာ ၂၅၂၄၊ ကောဇာ ၁၃၄၂-ခုနှစ်၊ နယုန်လဆန်း (၁၁) ရက်မှ (၁၄) ရက်(၂၄-၅-၈၀မှ ၂၇-၅-၈၀) အထိ ရန်ကုန်မြို့၊ သီရိမင်္ဂလာ၊ ကမ္ဘာအေးကုန်းမြေ၊ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပသည်။ ယင်းအစည်းအဝေးပွဲကြီးသို့ ရဟန်းသံဃာတော်တစ်သိန်းကျော်တို့က သမ္မုတိ ပေး၍ ရွေးချယ်သော သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ် (၁၂၁၈) ပါး တက်ရောက်တော်မူကြသည်။

ပထမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီး သံဃာ့အဖွဲ့အစည်းအခြေခံ စည်းမျဉ်းကိုအတည်ပြု၍ ယင်းသံဃာ့အဖွဲ့အစည်းအခြေခံ စည်းမျဉ်းအရ သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်ဆရာတော် (၁၂၁၈) ပါးထဲမှ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် (၂၉၉) ပါး ကိုရွေးချယ်ဖွဲ့စည်းခဲ့ပါသည်။

နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌဆရာတော်အဖြစ် ပဲခူးမြို့၊ မြို့မကျောင်းတိုက်ဆရာတော်ဘုရားကြီး အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုဏ္ဍလာဘိဝံသအရှင်ကို၊ ဒုတိယဥက္ကဋ္ဌဆရာတော်များအဖြစ် ညောင်တုန်းမြို့၊ ရွှေဟင်္သာတောရကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိမလ၊ မန္တလေးမြို့ တောင်သမန်တိုက် ပုသိမ်ကျောင်းဆရာတော်ဘဒ္ဒန္တရေဝတ တို့ကိုလည်းကောင်း၊ အကျိုးတော်ဆောင် ဆရာတော်အဖြစ် မင်းကွန်း ဓမ္မနာဒကျောင်းတိုက်ဆရာတော် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသအားလည်းကောင်း၊ တွဲဖက်အကျိုးတော်ဆောင် ဆရာတော်များ အဖြစ် ဟင်္သာတမြို့၊ လယ်တီကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တခမာဝုဓ၊ သံလျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက် ဆရာတော် ဘဒ္ဒန္တဝဏ္ဏသိရီတို့ကို

လည်းကောင်း၊ ရွေးချယ်တင် မြှောက်ခဲ့ကြပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော် (၂၇)ပါးတို့ကိုလည်း ရွေးချယ်ဖွဲ့စည်းပေးခဲ့ ပါသည်။

ပထမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီးကဖော်ပြပါဆုံးဖြတ်ချက်များကို ချမှတ်တော်မူခဲ့ကြပါသည်-

အတည်ပြုချက်အမှတ် ၁/၈၀

သံဃာ့အဖွဲ့ အစည်းအခြေခံ စည်းမျဉ်း ကို အတည်ပြုခြင်း။

အတည်ပြုချက်အမှတ် ၂/၈၀

ဝိနည်းဓမ္မကံ အဓိကရုဏ်း မှုခင်းများ ဖြေရှင်း ဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို အတည်ပြုခြင်း။

အတည်ပြုချက်အမှတ် ၃/၈၀

သံဃာတော်များ၏ သာသနာဝင်မှတ်တမ်းကို အတည်ပြုခြင်း။

ရွေးချယ်တင်မြှောက်ခြင်း ၄/၈၀

ပထမအကြိမ်ဂိုဏ်း ပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီး၏ ဩဝါဒါစရိယ ဆရာတော်ကြီးများ ရွေးချယ် တင်မြှောက်ခြင်း။

ရွေးချယ်တင်မြှောက်ခြင်း ၅/၈၀

နိုင်ငံတော် ဗဟိုသံဃာ့ဝန် ဆောင် အဖွဲ့ဝင် ဆရာတော်များ ရွေးချယ်တင်မြှောက်ခြင်း။

ရွေးချယ်တင်မြှောက်ခြင်း

ရွေးချယ်တင်မြှောက်ခြင်း ၆/၈၀

နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ ရွေးချယ်တင်မြှောက်ခြင်း။

ရွေးချယ်တင်မြှောက်ခြင်း ၇/၈၀

နိုင်ငံတော် ဩဝါဒါစရိယဆရာတော်များ ရွေးချယ် တင်မြှောက်ခြင်း။

ရွေးချယ်တင်မြှောက်ခြင်း ၈/၈၀

ပရိယတ္တိစာမေးပွဲများပြုပြင် ကျင်းပသွားရန် ဆုံးဖြတ်ခြင်း။

ဆုံးဖြတ်ချက် ၉/၈၀

မြတ်စွာဘုရား၏ ရုပ်ပွါးတော်ပုံ စေတီတော်ပုံတို့ကို ပြက္ခဒိန်စာအုပ် တိတ်ခွေများတွင် မျက်နှာဖုံးအဖြစ် ဒေသုံးပြုခြင်းနှင့် ပိဋကတ်တော်များနှင့် မညီညွတ်သော ရတနာသုံးပါးနှင့် စပ်လျဉ်းသည့်ပုံတော်များကို ထုတ်ဝေခြင်းတို့မှ တားမြစ်ပေးရန်၊ သက်ဆိုင်ရာများထံ မေတ္တာရပ်ခံရန် ဆုံးဖြတ်ခြင်း။

ဆုံးဖြတ်ချက် ၁၀/၈၀

ရဟန်းတော်များ နေထိုင်ရာကျောင်း/ကျောင်း တိုက် အတွင်းမှ အမြဲနေလူပုဂ္ဂိုလ်များဖယ်ရှားပေးသင့် ကြောင်းဆုံးဖြတ်ခြင်း။

ဆုံးဖြတ်ချက် ၁၁/၈၀

ရဟန်းတု ရဟန်းယောင်များကို ဖယ်ရှားပေးရန် ဆုံးဖြတ်ခြင်း။

မှတ်တမ်းတင်ခြင်း၁၂/၈၀

သံဃာ့ဝန်ဆောင် အဖွဲ့၏ဆောင်ရွက်ချက်တို့ကို မှတ်တမ်းတင်ခြင်း။

မှတ်တမ်းတင်ခြင်း၁၃/၈၀

အဘိဓဇမဟာရဋ္ဌဂုရု ပြည်မြို့ ပွင့်လှသိမ်ကုန်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တတိက္ခပျံလွန်တော်မူသည့်အတွက် သံဝေဂဉာဏ်ပွားများရန် မှတ်တမ်း တင်ခြင်း။

မှတ်တမ်းတင်ခြင်း၁၄/၈၀

စစ်ကိုင်းမြို့ တောတောင် ဘီလူးချောင် ဆရာတော် ဘဒ္ဒန္တ ပုညာနန္ဒ ပျံလွန်တော်မူသည့်အတွက် သံဝေဂဉာဏ် ပွားများရန် မှတ်တမ်းတင်ခြင်း။

ပထမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးက အတည်ပြုခဲ့သည့် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းအရ ဂိုဏ်းပေါင်းစုံပြည်နယ်/တိုင်းသံဃနာယက အဖွဲ့ (၁၀) ဖွဲ့၊ ဂိုဏ်းပေါင်းစုံ မြို့နယ်သံဃနာယကအဖွဲ့ (၁၄၅) ဖွဲ့၊ ရပ်ကွက်ကျေးရွာအုပ်စု သံဃနာယကအဖွဲ့ (၁၅၀၈) ဖွဲ့တို့ကို ဖွဲ့စည်းနိုင်ခဲ့ပြီး သာသနာရေးဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့သည်။

ပထမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးက အတည်ပြုပြဋ္ဌာန်းခဲ့သည့် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများအရ ပြည်ထောင်စုမြန်မာနိုင်ငံတော် တစ်ဝန်းလုံး၌ ဝိနည်းဓိုရ် ဆရာတော်ပေါင်း (၄၈၀၆)ပါးကို မြို့နယ်အလိုက် ရွေးချယ်ခဲ့ပြီး ရဟန်းတော် အချင်းချင်း ဖြစ်ပွားသည့် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ၊ ဂိုဏ်းတစ်ပါးနှင့် ဂိုဏ်းတစ်ပါး ဖြစ်ပွားသော ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ၊ ဂိုဏ်းတစ်ပါးနှင့် ဂိုဏ်းတစ်ပါး ဖြစ်ပွားသော ဝိနည်းဓမ္မကံ မှုခင်းများ၊ ရဟန်းသာမဏေနှင့် အခြားပုဂ္ဂိုလ်တို့ ဖြစ်ပွားသော ဝိနည်းဓမ္မကံမှုခင်းများကို ဝိနည်းတရားတော်နှင့်အညီ စစ်ဆေးဆုံးဖြတ်နိုင်ခဲ့ပြီး ဓမ္မ အဓမ္မ အငြင်းပွားမှုခင်းများကိုလည်း ဆုံးဖြတ်နိုင်ခဲ့သည်။

ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး ဆုံးဖြတ်ချက်အရ နိုင်ငံတော်အစိုးရက ကျောင်းတိုက်အတွင်းနေ လူပုဂ္ဂိုလ်များကို ဖယ်ရှားပေးခဲ့ပြီး ရဟန်းတု ရဟန်းယောင်များကိုလည်း ဖယ်ရှားပေးခဲ့သည်။

ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးက ဆုံးဖြတ်ခဲ့သည့် ပရိယတ္တိပညာရေးဆိုင်ရာ ဆုံးဖြတ်ချက်နှင့်အညီ ပရိယတ္တိပညာရေးစီမံကိန်း ရေးဆွဲ၍ ပရိယတ္တိစာမေးပွဲများကို ကျင်းပနိုင်ခဲ့သလို နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ၊ ကျောင်းတိုက်ဘုန်းကြီးသင်တန်းကျောင်းများ၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများကို ဖွင့်လှစ်နိုင်ခဲ့သည်။

ပြည်ပနိုင်ငံများမှ ထေရဝါဒ ဗုဒ္ဓဘာသာကို လေ့လာသင်ယူလိုသူများအတွက် ကမ္ဘာ့အဆင့်မီ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်ကို ဖွင့်လှစ်၍ ထေရဝါဒဗုဒ္ဓဘာသာဆိုင်ရာ ပညာရပ်များကို သင်ကြားပို့ချပေးခဲ့သည်။

ဤသို့ဖြင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ဦးဆောင်မှုဖြင့် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တို့သည် သာသနာတော် သန့်ရှင်း၊ တည်တံ့၊ ပြန့်ပွားရေးကို စဉ်ဆက်မပြတ် ဆောင်ရွက်ခဲ့ရာ ကမ္ဘာပေါ်တွင် သန့်ရှင်းစင်ကြယ်သော ထေရဝါဒ ဗုဒ္ဓဘာသာ အထွန်းကား အတောက်ပဆုံး နိုင်ငံအဖြစ် ထင်ရှားခဲ့ပါသည်။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဦးဆောင်သော သံဃာ့အဖွဲ့အစည်းကြီး တည်ရှိနေသမျှကာလပတ်လုံး ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ ထေရဝါဒဗုဒ္ဓသာသနာတော်သည် သန့်ရှင်းစင်ကြယ်စွာ တည်တံ့ထွန်းကားပြန့်ပွားနေမည် ဖြစ်ပါကြောင်း နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ငွေရတုအချိန်အခါကို ဂုဏ်ပြုပူဇော်သောအားဖြင့် ရေးသားတင်ပြအပ်ပါသည်။

# ဦးသိန်းဦး

သုမေဓာရှင်ရသေ့သည် ဒီပင်္ကရာဘုရားရှင် ထံတော်၌ ဘုရားဆုကိုတောင်းခဲ့၍ နိယတဗျာဒိတ်တော်ကို ရရှိပြီးနောက် ပါရမီ (၁၀)ပါး၊ အပြား (၃၀)၊ စွန့်ခြင်းကြီး (၅)ပါး၊ စရိယ (၃)ပါးတို့ကို လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကြာအောင် ဖြည့်ကျင့်ပြီးမှ မဟာသက္ကရာဇ် (၁၀၃)ခု၊ ကဆုန်လပြည့်- အရုဏ်တက်ချိန်၌ ဘုရားစင်စစ် ဧကန်ဖြစ်ခဲ့လေ၏။ ဘုရားဖြစ်လိုခြင်း၏ အဓိကရည်ရွယ်ချက်မှာ မိမိနှင့်တကွ သတ္တဝါအပေါင်းတို့အား သံသရာဝဲဩဃမှ ကယ်တင်ပြီး မဂ်-ဖိုလ်-နိဗ္ဗာန် ရရှိစေရန် ရည်ရွယ်ခြင်း ဖြစ်လေ၏။ သတ္တဝါအပေါင်းတို့အား မဂ်ဖိုလ် နိဗ္ဗာန်ရရှိစေရေးအတွက် ဟောကြားတော်မူမည့် ဓမ္မဝိနယ အဆုံးအမသာသနာတော်သည် လည်း ဘုရား ဖြစ်ရေးအတွက်ဖြည့်ကျင့်ခဲ့ရသောကာလ ကြာအောင် စောင့်စားခဲ့ရသည်-ဟု ဆိုအပ်ပါ၏။ ထို့ကြောင့် ဘုရားဖြစ်တော်မူပြီးသောအခါ ဓမ္မဝိနယ သာသနာတော်မြတ်ကြီးသည် လောက သုံးပါး၌ ပေါ်ထွန်းခဲ့ပါသည်။

ဘုရားရှင်သည် ဓမ္မဝိနယ သာသနာတော် အရှည် တည်တံ့ရေးအတွက် "ရဟန်း ပရိသတ်၊ ရဟန်းမပရိသတ်၊ ဥပါသကာပရိသတ်၊ ဥပါသိကာ ပရိသတ်" (၄)မျိုးရရှိရေးကို အားထုတ်ဆောင်ရွက်တော်မူ၏။ ထိုပရိသတ် (၄)မျိုးကိုလည်း အခြေခံခိုင်မြဲရေးအတွက် ဓမ္မဝိနယဖြင့် ဖွဲ့စည်း တည်ဆောက်ထား၏။ ထိုသို့တည်ဆောက်ထားမှုကြောင့် ဘုရားရှင် ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက်၌ ဓမ္မဝိနယသာသနာတော်ကို အစဉ်အဆက် အဆင်သင့် စောင့်ရှောက်လေ၏။ အဓိကအားဖြင့် ရဟန်း ပရိသတ်သည် ဘုရားရှင်လက်ထက်တော်မှစ၍ နှစ်ပေါင်း ၂၅၀၀ကျော်ပြီး ယနေ့တိုင်အောင် အပိုအလိုမရှိ တစ်သွေမတိမ်း ထိန်းသိမ်း စောင့်ရှောက်ခဲ့လေ၏။

ဤသို့ ဓမ္မဝိနယသာသနာတော်ကို စောင့်ရှောက်ရာတွင် ဘုရားရှင်လက်ထက် တော်၌ပင် ရဟန်းအချို့သည် ဓမ္မဝိနယကို ကျော်လွန်ဆောင်ရွက်ကြ၍ 'ဘုရားရှင်-သိက္ခာပုဒ်များကို ပညတ်ခဲ့ရပါသည်။ ဘုရားရှင်ပရိနိဗ္ဗာန်ပြုပြီးနောက် (၇)ရက်မျှပင် ရှိသေးချိန်၌ သုဘဒ်ရဟန်းကြီးသည် သာသနာတော်ကို ဆန့်ကျင်သော စကားမျိုးပြောဆို လာသည့်အတွက် အရှင်မဟာကဿပအမှူးရှိသော သံဃာတော်များသည် ပထမသံဂါယနာ တင်ခဲ့ကြပါသည်။ ထို့အတူ သာသနာတော်နှင့် ဆန့်ကျင်သော စကားမျိုး ပြောဆိုလာသည့်အတွက် ရှင်မဟာကဿပ-အမှူးရှိသော သံဃာတော်များသည် ပထမသံဂါယနာတင်ခဲ့ရပါသည်။ ထို့အတူ သာသနာတော်နှင့်ဆန့်ကျင်သောကိစ္စများ ဖြစ်ပေါ်လာ၍ သံဂါယနာ တင်ခဲ့

ပြီးသည်မှာ သာသနာတော်သမိုင်းသက်တမ်း၌ (၆)ကြိမ် အထိပင် ရှိလေပြီ။ ထို့ကြောင့် သာသနာတော်ကို ထိန်းသိမ်းစောင့်ရှောက်ရာ၌ အနည်းငယ်မျှသော ဆန့်ကျင်မှုသည်ပင်- "အမှိုက်ကစ၍ ပြာသာဒ် မီးလောင်"ဆိုသကဲ့သို့ မဖြစ်ပေါ်စေရေးအတွက် သံဃာ့ဦးသျှောင်အရှင်မြတ်များသည် ကြိုတင်တားဆီးပြီး အစဉ်မပြတ် ကာကွယ်စောင့်ရှောက်တော်မူခဲ့သည်မှာ ယနေ့တိုင် ဖြစ်လေသည်။

## ရှေးဦးဆောင်ရွက်ချက်

ကောဇာသက္ကရာဇ် ၁၃၄၁-ခု၊ သာသနာတော်နှစ် ၂၅၂၃-ခု၊ ခရစ်နှစ်၊ ၁၉၇၉-ခု ဒီဇင်ဘာလ (၁၅)ရက်နေ့တွင် သာသနာရေးဝန်ကြီးဌာန၌ သံဃာ့ဦးသျှောင်ဆရာတော်ကြီးများနှင့် နိုင်ငံတော်အစိုးရ၊ ဝန်ကြီးဗိုလ်မှူးချုပ်စိန်လွင်၊ ဆရာနှင့်ဒကာများသည် 'သိက္ခာမတင်- သိမ်မဝင် ဘဲ၊ မိမိအလိုလိုရဟန်းပြုလုပ်ပြီး သာသနာတော်နှင့် ဆန့်ကျင်သောအမှုများကို ဆောင်ရွက်နေသောပုဂ္ဂိုလ် အတုအယောင်ကိစ္စများနှင့် ပတ်သက်၍ တိုင်ပင် ဆွေးနွေးဆောင်ရွက်ကြပါသည်။ ထိုသို့ ဆွေးနွေးကြသောအခါ "သံဃာကိစ္စ သံဃာဆောင်ရွက်ရေးမူ"ကို ချမှတ်နိုင်ခဲ့ပါသည်။ သာသနာတော် သန့်ရှင်း တည်တံ့ပြန့်ပွားရေးဦးတည်ချက် (၃)ရပ်ကိုလည်း သတ်မှတ်ခဲ့ကြပါသည်။

ဤသို့ကြိုတင်၍ ညှိနှိုင်းပြီးသောအခါ ဝန်ကြီးသည် ပြည်နယ်/တိုင်းများသို့ သွားရောက်ပြီး ဆရာတော် သံဃာတော်များအား သာသနာတော်နှင့်စပ်သော ဆောင်ရွက်ရမည့် ကိစ္စများကို လျှောက်ထားပြီး သံဃာတော်များ၏ သဘောထားဆန္ဒကိုတောင်းခံပါသည်။ ဆရာတော်သံဃာတော်များကလည်း ဝမ်းမြောက်ဝမ်းသာ လက်ခံတော်မူကြပါသည်။ ဝန်ကြီးကိုယ်တိုင်မသွားနိုင်သော ဌာနများသို့လည်း ဒုတိယဝန်ကြီးကလည်းကောင်း ပြည်နယ်/တိုင်း အာဏာပိုင်အဖွဲ့များက လည်းကောင်း လိုအပ်ရာရာ ဌာနအသီးသီးသို့ သွားရောက်ဝန်ကြီး၏လျှောက်ထားချက်နှင့်အညီ ဆရာတော်သံဃာတော်များအား တင်ပြလျှောက် ထားပြီးသံဃာတော်များ၏ သဘောထားဆန္ဒကို အသီးသီးတောင်းခံပါသည်။ ဆရာတော် သံဃာတော်များကလည်း ဝမ်းမြောက်ဝမ်းသာ လက်ခံတော်မူကြလေသည်။ ဆရာတော် သံဃာတော်များကလည်း ဩဝါဒကထာများကို ချီးမြှင့်တော်မူကြပါသည်။

သံဃာ့ဦးသျှောင်ဆရာတော်ကြီး (၆၆)ပါးသည်လည်း ဆိုင်ရာပြည်နယ်/တိုင်းများသို့ ကြွတော်မူပြီး "သံဃာကိစ္စ- သံဃာဆောင်ရွက်ရေးမူ"ကို ဆရာတော်သံဃာတော်များအား ရှင်းလင်းချပြတော်မူပြီး သံဃာတော်များ၏ ဆန္ဒကို ရယူတော်မူပါသည်။ သံဃာတော်များ၏ဆန္ဒကို ရယူပြီးသောအခါ ထိုဆရာတော်ကြီးများသည် ကမ္ဘာအေး

ကုန်းမြေ၊ ဇမ္ဗူဒီပကျောင်းဆောင်သို့ ကြွရောက်တော်မူကြပြီး သာသနာတော်သန့်ရှင်း တည်တံ့ ပြန့်ပွားရေး ဦးတည်ချက်များကို ညှိနှိုင်း ဆောင်ရွက်တော်မူကြပါသည်။ ထိုဦးတည်ချက် ကိစ္စနှင့်စပ်၍ သံဃာ့ဝန်ဆောင်ရွေးချယ် ရေးကိစ္စ၊ သံဃသမ္မုတိရသံဃာ့ကိုယ်စားလှယ် ရွေးချယ်ရေးကိစ္စ၊ သံဃာ့အဖွဲ့အစည်း ရွေးချယ်ရေး ကိစ္စ၊ ဝိနည်းဓိုရ်ရွေးချယ်ရေးကိစ္စ သာသနာဝင် မှတ်တမ်းရွေးချယ်ရေးကိစ္စ၊ သာသနာ့နွယ်ဝင် သီလရှင်များ ကိစ္စအသီးသီးကို ညှိနှိုင်းဆောင်ရွက် တော်မူကြပါသည်။

ထိုကိစ္စများကို ဆောင်ရွက်ရာ၌ ဓမ္မဝိနယနှင့်အညီ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် ယင်း၏ လုပ်ထုံးလုပ်နည်းများ၊ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ရေးဆွဲတော်မူကြပါသည်။ ထို့ပြင် သံဃာကိစ္စ-သံဃာဆောင်ရွက်ရေးမှုနှင့် ပတ်သက်၍လည်း တစ်ပြည်လုံး အတိုင်းအတာအရ သံဃာတော်များ၏ အကြံပြုချက်များကိုလည်း တောင်းခံ ဆောင်ရွက်တော်မူခဲ့ပါသည်။ ဤသို့ ရှေးဦး လုပ်ငန်းဆောင်ရွက်ချက်များကိုလည်း အချိန် ကာလသတ်မှတ်ချက်နှင့်အညီ ပြီးစီးအောင် ဆောင်ရွက်တော်မူကြပါသည်။

## လုပ်ငန်းဆောင်ရွက်ချက်

ဤသို့ ရှေးဦးလုပ်ငန်းဆောင်ရွက်ပြီးသော အခါ သံဃာ့ဦးသျှောင် ဆရာတော်ကြီးများသည် သံဃာ့ဝန်ဆောင်ရွေးချယ်ရေးကိစ္စ၊ သံဃာ့အဖွဲ့အစည်း ရွေးချယ်ရေးကိစ္စ-စသော ကိစ္စများနှင့် ပတ်သက်၍ ပြည်နယ်/တိုင်းများသို့ကြွရောက်တော်မူပြီး အာဏာပိုင် အဖွဲ့အစည်းများ၏ အကူအညီကို ရယူ၍ အချိန် ကာလသတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်တော်မူကြပါသည်။ထိုလုပ်ငန်း ဆောင် ရွက်ချိန်ကာလတွင် သာသနာရေးဦးစီးဌာနရှိ ညွှန်ကြားရေးမှူးချုပ်မှစ၍ အောက်ခြေဝန်ထမ်းများ အထိသည် ဂိုဏ်းပေါင်းစုံ သံဃာ့ အစည်းအဝေးပွဲကြီး အောင်မြင် ပြီးမြောက်ရေးအတွက် ဝန်ကြီး၏ ညွှန်ကြားချက်အတိုင်း နေ့ညမရွေး အားသွန်ခွန်စိုက် ဆောင်ရွက်ခဲ့ကြပါသည်။ ပြည်နယ်/တိုင်း သာသနာရေးဌာနများကလည်း မိမိတို့၏ ဆောင်ရွက်ရမည့်အကြောင်း အရပ်ရပ်ကို အထက်နှင့်အောက် ကွင်းဆက်မပြတ်အောင် အားသွန်ခွန်စိုက် ဆောင်ရွက်ခဲ့ကြပါသည်။ လိုအပ်ရာဖြစ်သော အခြားဦးစီးဌာနများ၏ အကူအညီကိုလည်း ရယူဆောင်ရွက်ခဲ့ပါသည်။ နိုင်ငံတော်အစိုးရသည်လည်း ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးဆိုင်ရာ သံဃာတော်များ ကိစ္စ၊ အစည်းအဝေးပွဲကြီးဆိုင်ရာကိစ္စ၊ ကျင်းပရေးဆိုင်ရာကိစ္စ၊ စီမံရေးဆိုင်ရာကိစ္စ၊ ဆွမ်းကွမ်းဝေယျာဝစ္စဆိုင်ရာ ကိစ္စစသော ဆောင်ရွက်ဖွယ်အမျိုးမျိုးတို့ကို အချိန်ကိုက်ဖြစ်အောင် စီမံ၍ ကြိုတင်ဆောင်ရွက်ပေးခဲ့ပါ

သည်။ ဤသို့အားဖြင့် ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးဆိုင်ရာကိစ္စများကို အဖက်ဖက်မှ ပြည့်စုံအောင် ဆောင်ရွက်ထားပါ သည်။

## အကောင်အထည်ဖော်ဆောင်ရွက်ချက်

ဤသို့လုပ်ငန်း ဆောင်ရွက်ချက်များ စီစဉ်ပြီး သောအခါ အကောင်အထည်ဖော်ဆောင်ရွက်ချက် နှင့်ပတ်သက်၍ ပထမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့ အစည်းအဝေးပွဲကြီး ကျင်းပရေးကိုဆောင်ရွက်ပါ သည်။ ၁၃၄၂-ခုနှစ်၊ နယုန်လဆန်း (၁၁)ရက်နေ့ တွင် ကမ္ဘာအေးကုန်းမြေ၊ မဟာပါသာဏလိုဏ်ဂူ တော်ကြီး၌ သံဃာ့ဦးသျှောင် ဆရာတော်ကြီးများ အမှူးပြုသော သံဃသမ္မုတိရသံဃာ့ကိုယ်စားလှယ် သံဃာတော် အပါး (၁၂၁၈)ပါးဖြင့် စတင်၍ မကြုံ စဖူး ကျင်းပတော်မူပါသည်။ ဤအစည်းအဝေးပွဲ တွင် တစ်ပြည်လုံးအတိုင်းအတာအရ ရွေးချယ်ထား သော သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်အပါး (၁၂၁၈)ပါးထဲမှ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်အပါး (၃၀၀)ကို ရွေးချယ်တော်မူပါ သည်။

ထို့နောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် အပါး (၃၀၀)ထဲမှ နိုင်ငံတော်သံဃ မဟာနာယက ဆရာတော် (၃၃)ပါးကို ရွေးချယ် တော်မူပါသည်။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ သည် (၃၃)ပါးဖြစ်သွားပါသည်။ ဤသို့အားဖြင့် သံဃ သမ္မုတိရ သံဃာ့ကိုယ်စားလှယ် သံဃာတော်အပါး (၁၂၁၈)ပါးထဲမှ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်အပါး (၃၀၀)နှင့် ထို နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင်ဆရာတော်အပါး (၃၀၀)ထဲမှ နိုင် ငံတော် သံဃမဟာနာယကဆရာတော် (၃၃)ပါး ရွေးချယ်ရေးကိစ္စများသည် ပြီးမြောက်သွားပါသည်။

ဤသို့ ရွေးချယ်တော်မူပြီးနောက် ဓမ္မဝိနယ နှင့်အညီ ရေးဆွဲထားသော "သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် ယင်း၏လုပ်ထုံးလုပ်နည်း (၃) မျိုးနှင့်ပတ်သက်၍ အတည်ပြုချက်ရယူရေးကိစ္စကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းကို ဂိုဏ်းပေါင်းစုံ သံဃာ့အစည်း အဝေးပွဲကြီးသို့တင်ပြပြီး အတည်ပြုချက်ရယူပါ သည်။ လုပ်ထုံးလုပ်နည်း (၂)မျိုးကိုမူ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အဖွဲ့အစည်းအဝေးပွဲကြီးသို့ တင်ပြပြီး အတည်ပြုချက်ရယူပါသည်။ ဤသို့အား ဖြင့် ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်း အဝေးကြီး၌ ဆောင်ရွက်ဖွယ်ကိစ္စများသည် ၁၃၄၂- ခုနှစ်၊ နယုန်လဆန်း (၁၄)ရက်နေ့တွင် အောင်မြင် စွာ ပြီးမြောက်ခဲ့ပါသည်။

## အရေးပေါ်အစည်းအဝေး

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

(၃၃)ပါး သည် တစ်ပြည်လုံးအတိုင်းအတာအရ သာသနာ တော်သန့်ရှင်း တည်တံ့ပြန့်ပွားရေး ဦးတည်ချက် ( ၃ )ရပ်နှင့်စပ်၍ လေ့လာသုံးသပ်သော အခါ လုပ်ငန်း ပမာဏကြီးမားလှသည်ဖြစ်၍ အဖွဲ့အင်အားနည်း နေကြောင်း သိရ၍ ဝန်ကြီးနှင့် တိုင်ပင်ဆွေးနွေး တော်မူပါသည်။ အဖွဲ့အင်အား (၄၅)ပါးအထိ တိုးချဲ့ ဆောင်ရွက်ရန် ဖြစ်ပေါ်လာပါသည်။ ထို့ကြောင့် ၁၃၄၂-ခုနှစ်၊ နယုန်လပြည့်နေ့၊ နံနက် (၈)နာရီ အချိန်တွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဖွဲ့အရေးပေါ်အစည်းအဝေးကို မဟာပါသာဏလိုဏ်ဂူ တော်ကြီး၌ ကျင်းပပြီး နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၏ ဆန္ဒကိုတောင်းခံပြီး၊ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့အင်အား (၄၅)ပါး ဖြည့် စွက်ရေးကို ဆောင်ရွက်ခဲ့ပါသည်။ ဤသို့ အားဖြင့် အဖွဲ့အင်အား (၃၃)ပါးမှ (၄၅)ပါးအထိ ဖြစ်ပေါ် လာခြင်း ဖြစ်သွားပါသည်။ ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် "ပထမအဖွဲ့ခွဲ၊ ဒုတိယ အဖွဲ့ခွဲ၊ တတိယအဖွဲ့ခွဲ" အားဖြင့် အဖွဲ့ခွဲ (၃)ဖွဲ့ကို သတ်မှတ်ပြီး၊ အဖွဲ့ခွဲတစ်ခုကို (၄)လလျှင် တစ်ကြိမ်ကျ အစဉ်အလိုက် သတ်မှတ်တော်မူကြပါသည်။ သာသနာတော် သန့်ရှင်း တည်တံ့ပြန့်ပွား ရေးကို ဦးတည်ချက်နှင့်အညီ၊ ဝိနိစ္ဆယရေးရာ၊ သာသနာ ရေးရာ၊ ပညာရေးရာကိစ္စများကို အဖွဲ့ခွဲ အလိုက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တစ်ဖွဲ့လုံး၏ ကိုယ်စား ဆောင်ရွက်တော်မူကြပါသည်။ ဤသို့ စသည်အားဖြင့် "သံဃာ့ကိစ္စ သံဃာဆောင်ရွက်ရေးမူ"ကို ဦးတည်ချက် (၃)ချက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်တော်မူသွားလေသည်။

## ပူဇော်ပွဲကျင်းပခြင်း

၁၃၄၂-ခုနှစ်၊ နယုန်လပြည့်နေ့တွင် မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်သံဃာတော်များနှင့် ဘွဲ့တံဆိပ်တော်ရ ဆရာတော် သံဃာတော်များအား မကြုံစဖူး ပူဇော်ပွဲကြီးကို အစိုးရနှင့်ပြည်သူကြည်ဖြူစွာ လက်တွဲ ဆောင်ရွက်ကြသည်မှာ အံ့သြဘွယ်ဖြစ်အောင် ရှိခဲ့ပါသည်။ ပူဇော်ပွဲသို့ ကြွရောက်တော်မူလာကြသော ပရိသတ်အပေါင်းတို့သည် နေရာတိုင်း၌ ကြက်ပျံမကျ စည်ကားနေပါသည်။ ဤပူဇော်ပွဲကြီး၌ ဆွမ်းဆန် စိမ်းလောင်းလှူပွဲကြီးသည် သန်းခေါင်ယံကျော်သွားသည်အထိ ဖြစ်ခဲ့ပါသည်။ ပရိသတ်များ စည်ကားနေမှုသည် ပူဇော်ပွဲနေ့ကြီး၌သာ မဟုတ်ပါဘဲ ပူဇော် ပွဲမတိုင်မီ (၁၅)ရက်လောက်ထဲက တဖွဲဖွဲ စည်ကားသော ပွဲတော်ကြီးဖြစ်နေပါသည်။

ပထမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာအစည်း

အဝေးကြီး ကျင်းပတော့မည့်ဖြစ်ရပ်နှင့်ပတ်သက်၍ ဤဆောင်းပါးရေးသူ သတိထားမိသည့် ဖြစ်ရပ်မှာ ၁၃၄၂-ခုနှစ် နယုန်လဆန်း (၈၉)ရက် နေ့များတွင် မိုးကောင်းကင်မှ မိုးကြီးသည့် အရှိန်အဟုန်ကြီးစွာဖြင့် သည်းထန်စွာ ထူးထူးကဲကဲ ရွာပါသည်။ လမ်းရထားလမ်းများပေါ်၌ အနိမ့် အမြင့်အားလျော်စွာ ဒူး၊ ခြေမျက်စိ မြုပ်သည်အထိ ရွာ၏။ ကမ္ဘာအေးကုန်းမြေနှင့်ပတ်ဝန်းကျင်များ၌ အညစ်အကြေး မရှိသွားအောင် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဦးတည်ချက်သုံးရပ်နှင့် ပတ်သက်၍ သိကြားမင်းက ဂုဏ်ပြုသောအားဖြင့် ဆောင်ရွက်နေသည်ဟုလည်းကောင်း၊ သာသနာတော်မြတ်ကြီး၏ ဂုဏ်ကျေးဇူးကြီးမားမှုကို နတ် သိကြားမင်းများက အလေးအမြတ်ထားသည်ဟု လည်းကောင်း ထင်မှတ်မိပါသည်။

## မျှော်လင့်သောသဘော

ဤဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းကြီးသည် ဂိုဏ်း(၉)ဂိုဏ်း၏ စိတ်တူ ကိုယ်မျှ ညီညွတ်သော ပွဲကြီးဖြစ်တော်မူပါသည်။ သာသနာ့သမိုင်းတွင် သံဂါယနာ(၆)ကြိမ်တင်ခဲ့သည့် "သာသနာ့သဘင်ပွဲကြီး" ဖြစ်တော်မူပါသည်။ ဤညီညွတ်မှု သာသနာ့သဘင်ပွဲကြီးနှင့် ဆက်စပ်၍ ဝန်ကြီး ဗိုလ်မှူးချုပ် စိန်လွင်သည် ဝမ်းမြောက်ဝမ်းသာ ဖြစ်ပေါ်လာ၍ လား မသိ၊ နောင်အနှစ် (၄၀)ကြာလျှင် ဂိုဏ်း (၉) ဂိုဏ်းသည် တစ်ဂိုဏ်းတည်း ဖြစ်သွားလျှင် ပို၍ ညီညွတ်သွားမည်ဟု မျှော်လင့်တောင့်တသော ပြောကြားချက်ကို တစ်ဆင့်မှတ်သား ခဲ့ရပါသည်။

ဤနေရာ၌ ဆက်စပ်၍ ဖော်ပြရပါလျှင် ရှေးဦးဆောင်ရွက်ချက်ကာလကိစ္စနှင့်ပတ်သက်၍ (၁၇-၁၂-၇၉)နေ့တွင် မန္တလေးမြို့ မဟာနန္ဒိသေနာရာမကျောင်းတိုက်၊ အဂ္ဂမဟာပဏ္ဍိတ၊ ဆရာတော်ဘုရားကြီး ဘဒ္ဒန္တနန္ဒိသေနမထေရ်မြတ်၏ ဩဝါဒစကားအရ ဖော်ပြလျှင် "သုဓမ္မာမှာလည်း မြတ်စွာဘုရားဟောတဲ့ ဝိနည်းတော်ပဲ၊ ရွှေကျင်မှာတစ်မျိုး၊ ဒွါရမှာ တစ်မျိုး၊ ဒီလိုမလာဘူး၊ ဝိနည်းမှန်က ဒီလို အတူတူချည်းပဲ" ဟုမိန့်တော်မူပါသည်။

၁၃၄၂-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၃)ရက်၊ (၂၃-၃-၈၁)နေ့တွင် ကျင်းပသော ပထမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ တတိယ အစည်းအဝေး၌ စစ်ကိုင်းတောင်ရိုး၊ ရွှေဟသာ တိုက်၊ နိုင်ငံတော်ဩဝါဒစရိယ၊ ဆရာတော်ကြီး၏ ဩဝါဒကထာအရဖော်ပြလျှင် "သုဓမ္မာဟူသော အမည်၊ ရွှေကျင်ဟူသော အမည်၊ ဒွါရဟူသော အမည်သည် ခေါ်ဝေါ်ပညတ်သော သဘောမျှသာဖြစ်၏။ သုဓမ္မာသံဃာလည်း ဤဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာ များလည်းမကွဲပြား၊ အတူတူပင် ဖြစ်ကြသည်။ အမည်နာမပညတ်ကို အစွဲပြု၍ သုဓမ္မာဂိုဏ်း၊ ရွှေကျင်ဂိုဏ်း၊ ဒွါရဂိုဏ်းဟု

ခေါ် ဆိုကြသော်လည်း အမှန်စင်စစ် ကွဲပြားကြသည် မဟုတ်ကြောင်းကို ပြောလိုပါသည်။ သို့ကြောင့်လည်း သဘောမပေါက်မီက၊ သူ့ဂိုဏ်း၊ ငါ့ဂိုဏ်းဟု စွဲလမ်းထင်မြင် ယူဆခဲ့ကြစေကာမူ ယခုလက်တွေ့ ပူပေါင်းဆောင်ရွက်လာကြသောအခါ ဂိုဏ်းကွဲ မရှိကြောင်း၊ အယူအဆ မကွဲပြားကြောင်းကို လက်ငင်း မျက်မြင်တွေ့ရှိတော်မူပြီး ဖြစ်၏”ဟု မိန့်တော်မူထားပါသည်။

အထက်ပါ ဆရာတော်ကြီး (၂) ပါး၏ မိန့်ကြားတော်မူချက်များသည် ဂိုဏ်းဂဏဆိုင်ရာ ကိစ္စနှင့်ပတ်သက်၍ ဓမ္မဝိနယနှင့်အညီ ဖေါ်ပြထားတော်မူကြပါသည်။ ဂိုဏ်းပေါင်းစုံ ဆရာတော်သံဃာတော်များသည် ဓမ္မဝိနယအားဖြင့် မကွဲမူ၍ အမည်နာမ ပညတ်သဘောမျှသာ ကွဲပြားတော်မူကြပါသည်။ ဤဆရာတော်များ၏ ဖေါ်ပြချက်အရ ဆိုလျှင် ရွှေရတုသဘင်ပွဲရောက်လျှင် ဂိုဏ်းကြီး (၉)ဂိုဏ်းသည် ဆရာတော်ကြီး (၂)ပါး၏စကားနှင့်အညီ “သုဓမ္မာ၊ ရွှေကျင်၊ ဒွါရ (၃)ဂိုဏ်းသို့ ရောက်သွားမည်ဟု ထင်မြင်မိပါသည်။ သာသနာတော်နှစ် (၂၆၀၀)ပြည့်သောအခါတွင် ထိုဂိုဏ်းကြီး (၃)ဂိုဏ်း ညီညွတ်တော်မူကြပြီး ဘုရားရှင်လက်ထက်တော်အခါ၌ကဲ့သို့ “ထေရဝါဒဂိုဏ်း” တစ်ဂိုဏ်းတည်း ဖြစ်သွားလိမ့်မည်ဟု မဝံ့မစား ထင်မြင်ယူဆ မိပါသည်။

## ငွေရတုချီခဲ့ပြီ

သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်သည် ပထမ (၅)နှစ် သက်တမ်းပြည့်ပြီးသောအခါ ၁၉၈၅-ခုနှစ်တွင် ဒုတိယ (၅)နှစ်သက်တမ်းသည် ပထမ (၅)နှစ်သက်တမ်းနှင့် နှိုင်းယှဉ်လျှင် အသားကျလာသော အခြေအနေသို့ ရောက်ရှိလာပါသည်။ ဤနေရာ၌ ဒုတိယ (၅)နှစ်သက်တမ်းမှ စ၍ ပဲခူးမြို့မ ဆရာတော်ဘုရားကြီးနှင့် မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး (၂)ပါးတို့သည် သာသနာ့ကိစ္စကို စွမ်းစွမ်းတမံ ဆောင်ရွက်တော်မူသဖြင့် သံဃာ့ဆန္ဒ အဦးအထူး အလေးထား ဂုဏ်ပြုဆောင်ရွက်သောအားဖြင့် ၄၅-ပါးအပြင်၊ ၄၇-ပါး မဟာနာယက ဆရာတော် အရေအတွက် ဖြစ်သွားပါသည်။

ဤသို့ ဒုတိယ (၅)နှစ်သက်တမ်းပြည့်ပြီးသောအခါ၌လည်း ၁၉၉၀-ပြည့်နှစ်တွင် တတိယ (၅)နှစ်သက်တမ်းကို ရှေးနည်းအတူ ဆောင်ရွက်သွားပါသည်။ ဤတတိယ (၅)နှစ် သက်တမ်းမှစ၍ ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီးကို ရာသီဥတုအရ နယုန်လ ကျင်းပပွဲကို တပေါင်းလသို့ ပြောင်းခဲ့ပါသည်။ ယခုအခါ စတုတ္ထ (၅)နှစ် သက်တမ်း၊ ပဉ္စမ(၅)နှစ်သက်တမ်းသို့ ရောက်ပြီးဖြစ်၍ သံဃာ့အဖွဲ့အစည်းများ၏ သက်တမ်းသည် (၂၅)နှစ် “ငွေရတုသဘင်”သို့ပင် ရောက်လာခဲ့ပါ သည်။

သာသနာတော်မြတ်ကြီး၏ဂုဏ်ကို

သံဃာတော်များဖက်က ငွေရတုသဘင် တိုင်အောင် ဆောင်ရွက်နိုင်ခြင်းမှာလည်း နိုင်ငံတော် အစိုးရနှင့် ပြည်သူပြည်သားများဖက်က ပစ္စည်းလေးပါးဖြင့် ထောက်ပံ့ကူညီကြသောကြောင့် ဖြစ်ပါသည်။ သာသနာတော်ကိစ္စကို ဆရာချည်းသက်သက်, ဒကာချည်းသက်သက်, ဆောင်ရွက်၍မရပါ။ ဆရာနှင့် ဒကာ လက်တွဲဆောင်ရွက်မှသာ ရနိုင်ပါသည်။ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးက သက်သေပြပါသည်။ ယခုအခါ နိုင်ငံတော်အစိုးရသည် သာသနာတော်ကို ထိုက်ထိုက်တန်တန် ချီးမြှောက်လျက်ရှိပါသည်။ ပြည်သူပြည်သားများကလည်း စွမ်းအားရှိသမျှ ချီးမြှောက်လျက်ရှိပါသည်။ ထို့ကြောင့် ဘုရားရှင်၏ သာသနာတော်မြတ်ကြီးသည် ဤကမ္ဘာမြေပြင်တွင် မြန်မာနိုင်ငံတော်၌ ထူးထူးခြားခြား ဂုဏ်ပြု လောက်အောင် ပွင့်ထွန်းနေ ပါသည်။

## အနာဂတ်ရတုဗျားသို့

ယခုအခါ "သံဃာကိစ္စ- သံဃာ ဆောင်ရွက်ရေး"မူအရ ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်သည် မြန်မာနိုင်ငံတော်၏ သာသနာ့သမိုင်း၌ ထူးထူးခြားခြား ပထမဆုံး ဖြစ်ပေါ်လာခြင်း ဖြစ်ပါသည်။ ရပ်ကွက်/ကျေးရွာအဆင့်၊ မြို့နယ်အဆင့်၊ ပြည်နယ်/တိုင်းအဆင့်၊ နိုင်ငံတော်အဆင့် (၄)မျိုးရှိရာ၌ အထက်နှင့်အောက်၊ အောက်နှင့် အထက် အပြန်အလှန် ညီညီညွတ်ညွတ် ဆောင်ရွက်တော်မူကြခြင်းသည် ရွှေရတု၊ စိန်ရတု၊ စသည်များကို ကျော်လွန်ပြီး သာသနာတော်နှစ် (၅၀၀၀)ကျော်အထိ ရောက်ရှိသွားနိုင်ပါသည်။

အဘယ့်ကြောင့် ဆိုသော် "သံဃာကိစ္စ သံဃာဆောင်ရွက်ရေးမူ"အရ ဖြစ်သောကြောင့် ဖြစ်ပါသည်။ သံဃာကိစ္စ သံဃာဆောင်ရွက်ရေးမူမှာလည်း ဓမ္မဝိနယနှင့်အညီ ဆောင်ရွက်သောမူ ဖြစ်သော ကြောင့် ဖြစ်ပါသည်။ ထိုဓမ္မဝိနယမူမှာလည်း ဘုရားရှင်၏ အဆုံးအမတော်ဖြစ်သောကြောင့် ဖြစ်ပါသည်။ တပည့်သားသံဃာတော်များ ဖြည့်ကျင့်နေသောကြောင့် ဖြစ်ပါသည်။ တပည့်ရင်း သံဃာတော်များ ဖြည့်ကျင့်တော်မူကြခြင်းမှာလည်း လူ့နတ်နိဗ္ဗာန် (၃)တန်သောချမ်းသာကို ဖြစ်စေသောကြောင့် ဖြစ်ပါသည်။ ဤသို့အားဖြင့် သံဃာတော်များ၏ ဂုဏ်ကျေးဇူးတော်သည် လောက,သာသနာ (၂)ဖြာသောအကျိုးများကို ဖြစ်ထွန်းစေသောကြောင့် "သံဃာ့အဖွဲ့အစည်း"များ၏ ငွေရတုချီခဲ့သော ဆောင်ရွက်ချက် ဂုဏ်ရည်အပေါင်းကို ဤဆောင်းပါးဖြင့် အလေးအမြတ် ပူဇော်အပ်ပါသည်။



# ဓမ္မဝိနယအလင်းတန်း ပေါ်ထွန်းလာသော

## မောင်ရဲသူ

အချိန်မှာ ၁၃၄၂-ခုနှစ်၊ နယုန်လဆန်း (၁၁) ရက်၊ (ခရစ်နှစ် ၁၉၈၀-ပြည့်နှစ်၊ မေလ-၂၈) ဖြစ်သည်။ ထိုနေ့ ထိုအချိန်သည် မြန်မာနိုင်ငံဗုဒ္ဓဘာသာ သမိုင်းတွင် နေ့ထူးနေ့မြတ် အဖြစ်သမိုင်း မှတ်တိုင် တစ်ခုစိုက်ထူရမည်။ ထိုနေ့တွင် မကြုံစဖူး ထူးကဲသော ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကို စတင်ကျင်းပခဲ့၏။ နေရာမှာ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး ဖြစ်သည်။ ဆဋ္ဌသံဂါယနာတင်ခဲ့သည့် နေရာလည်း ဖြစ်သည်။ ထိုအစည်းအဝေးကြီးသို့ မြန်မာနိုင်ငံတစ်ဝန်းမှ သံဃာ့ကိုယ်စားလှယ် မဟာထေရ်ကြီး (၁၂၁၈) ပါး တက်ရောက်ခဲ့ကြသည်။

ဤမထေရ်များသည် လေးရက်တိုင်တိုင် အညီအညွတ် စည်းဝေးကြသည်၊တိုင်ပင်ဆွေးနွေးညှိနှိုင်းကြသည်။ ဗုဒ္ဓမြတ်စွာ၏ ထေရဝါဒ သာသနာတော်အတွက် အရေးကြီးလှသော အရေးအရာ သုံးရပ်ကို အကောင်အထည်ဖော်ရန် သဘောတူတော်မူကြသည်။ ယင်းတို့မှာ-

(၁) သာသနာတော် သန့်ရှင်းစင်ကြယ်ရေး

(၂) သာသနာတော် တည်တံ့ခိုင်မြဲရေး

(၃) သာသနာတော် ဆက်လက်ပြန့်ပွားရေး

တို့ဖြစ်ကြသည်။

အကြောင်းရှာသော်

ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး အဘယ်ကြောင့် ကျင်းပသနည်း။ ဤမေးခွန်း၏ အဖြေကို တိုတိုကျဉ်းကျဉ်း ပေးရလျှင် ဓမ္မဝိနယ အလင်းတန်း ပေါ်ထွန်းလာရေးအတွက်ပင် ဖြစ်သည်ဟု ဆိုရပါမည်။

အမှန်အားဖြင့် သမိုင်းဘီးသည် တစ်ပတ်လှည့်တတ်သည်ဆိုပါမည်။ ဘီစီ သုံးရာစု အသောကခေတ်တွင် ဗုဒ္ဓသာသနာ့ဘောင်အတွင်းသို့ ရဟန်းတု ရဟန်းယောင်များ ဝင်ရောက်နေရာယူခဲ့ကြသည်။ သာသနာဆိုင်ရာ မည်းညစ်လှသည့်ဖြစ်ရပ်ဆိုးများပေါ်လာ၏။ ထိုအတူပင် မြန်မာနိုင်ငံတွင်လည်း သာသနာတော်နှင့်မလျော်သည့် အလားတူဖြစ်ရပ်ဆိုးများ ကြုံလာရပြန်၏။

သိက္ခာမတင် သိမ်မဝင်ဘဲ ရဟန်းအမည်ခံ နေကြသူများရှိ၏။ ဓါတ်ဘုန်းကြီး၊ ဆေးဘုန်းကြီး ဗေဒင်သမားဘုန်းကြီးတို့လည်း ရှိ၏။ ဓမ္မလမ်းကြောင်းသို့ မသက်ဝင်သော ဟောပြောမှုလည်းပြုကြ၏။ သာသနာတော်ကို အတွင်းလှိုက်စားနေခြင်းဖြစ်၏။ ဤသို့စသည်အလီလီသော အဓမ္မအဝိနယများလည်းများလာသည်။ အတုအယောင် အင်အားစုများ တဖြည်းဖြည်း အင်အားကြီးလာသည်။ ထိုအခါ

အတုကို အစစ်ထင်မှတ်၍ ကိုးကွယ်ဆည်းကပ်သူတို့ လည်းရှိလာကြပြန်သည်။ ရွှေတုတို့ပေါ်လာလျှင် ရွှေစစ်များ မှေးမှိန်ပျောက်ကွယ်ခြင်းသည် ဓမ္မတာပင် ဖြစ်၏။ ဤအရေးကို လေးလေးနက်နက် ဆင်ခြင် စဉ်းစားမိသော နိုင်ငံတော်နှင့် သံဃာ့မထေရ်ကြီးများ သည် အစည်းအဝေးကို ဤရည်ရွယ်ချက်များဖြင့် ကျင်းပခဲ့ကြသည်။ ယင်းတို့မှာ-

(၁) သံဃာတော်များ ဝိနည်းတရားတော်နှင့်အညီ ကျင့်ကြံနေထိုင် သီတင်းသုံးကြစေရန်၊

(၂) သံဃာတော်များ အချင်းချင်း ကြပ်မတ်ကွပ်ကဲနိုင်မည့် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့် ပေါ်ပေါက်လာရေးအတွက် ဖွဲ့စည်းဆောင်ရွက်ရန်၊

(၃) ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံး ဖြတ်နိုင်ရေးအတွက် နည်းလမ်းများ သတ်မှတ်ရန်၊

(၄) ရဟန်းသံဃာတိုင်း သာသနာဝင် လက်မှတ်ကိုင်ဆောင်ရန်၊

(၅) အစည်းအဝေးကြီးမှ ပေါ်ပေါက်လာသော သာသနာရေးဆိုင်ရာ လိုအပ်ချက်များကို ဆောင်ရွက်ရန်တို့ ဖြစ်ပါသည်။

တကယ်တမ်းအားဖြင့် သာသနာတော် သန့်ရှင်း တည်တံ့ပြန့်ပွားရေးအတွက် သံဃာ့ဂိုဏ်းပေါင်းစုံ အစည်းအဝေးကြီးကို ကျင်းပခဲ့ခြင်းဖြစ်သည်။

## သံဃာ့ဦးသျှောင်အဖွဲ့ကြီး

ကြီးမားမြင့်မားသော ရည်ရွယ်ချက်ဖြင့် ဂိုဏ်းပေါင်းစုံ အစည်းအဝေးကြီးကို ထမြောက် အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြသည်။ အောင်မြင်ပြီးမြောက်လျက်ပြီးစီးခဲ့ပါ၏။

ထိုအစည်းအဝေးကြီးက ကျေးရွာ၊ ရပ်ကွက် မြို့နယ်၊ ပြည်နယ်/တိုင်းနှင့်ဗဟို သံဃာအသီးသီးကို ဖွဲ့စည်းပေးလိုက်သည်။ ထိုအဖွဲ့အစည်းများအနက် ဗဟိုသံဃာ့ဝန်ဆောင် ၃၀၀-ပါး မှ ရွေးချယ်တင်မြှောက် အဖွဲ့အစည်းကြီးလည်းပါဝင်သည်။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးဖြစ်သည်။ အမြင့်ဆုံး သံဃာ့ဦးသျှောင်အဖွဲ့ကြီးဖြစ်သည်။

ထို့ပြင် ထိုအစည်းအဝေးတွင် သာသနာတော်အတွက် အရေးပါသော အတည်ပြုချက် သုံးရပ်လည်းပါဝင်၏။ ယင်းတို့မှာ-

(၁) ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း (မူကြမ်း) ကို အတည်ပြုခြင်း၊

(၂) ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (မူကြမ်း) ကို အတည်ပြုခြင်း၊

(၃) ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် သံဃာတော်များ၏ သာသနာဝင် မှတ်တမ်းကို အတည်ပြုခြင်းတို့ ဖြစ်သည်။

## ဒုဿီလ၊ အလဇ္ဇီ ဖြင့်ထောက်ကူခြင်း

ဂိုဏ်းပေါင်းစုံအစည်းအဝေးကြီးက ဓမ္မစက်ဖြင့် သာသနာတော်အကျိုးစီးပွါးကို ဆောင်ရွက်ရန် စည်းမျဉ်းဥပဒေ လုပ်ထုံးလုပ်နည်းများကို အတည်ပြုခဲ့သည်၊ ပြဋ္ဌာန်းခဲ့၏။ နိုင်ငံတော်အစိုးရကလည်း

အာဏာစက်ဖြင့်ထောက်ကူရန်ဆောင်ရွက်ပြန်သည်။ ဆရာဒကာလက်တွဲလျှက်ညီညွတ်စွာ သာသနာတော်အကျိုးကို ဦးထမ်းပဲ့ထမ်းသည်ပိုးဆောင်ရွက်ခြင်းဖြစ်သည်။ ထို့ကြောင့် ၁၃၄၂- ခုနှစ်၊ ပထမဝါဆိုလဆန်း(၁၄) ရက်(၂၆-၆-၈၀)နေ့တွင် ကျင်းပသော ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမအထူးအစည်းအဝေးကြီးက-

(၁) ၁၉၈၀ပြည့်နှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေ အမှတ် (၃) ဝိနည်းဓမ္မကံအဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ ဥပဒေ

(၂) ၁၉၈၃-ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေ အမှတ် (၃) ဝိနည်းဓမ္မကံအဓိကရုဏ်း မှုခင်းများ ဖြေရှင်းဆုံးဖြတ်ချက်များကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေများကို ပြဋ္ဌာန်းပေးခဲ့သည်။

ဓမ္မစက်လုပ်ငန်းများကို အာဏာစက်ဖြင့် ထောက်ကူပံ့ပိုးရန် ဆောင်ရွက်ခြင်းဖြစ်၏။ သာသနာတော်အတွက် အားတက်စရာပင်။

## ၂၅-နှစ်ခရီး

မည်သို့ပင်ဖြစ်စေ ၁၃၆၇-ခုနှစ်၊ နယုန်လဆန်း (၁)ရက်နေ့တွင် ဂိုဏ်းပေါင်းသံဃာ့ အစည်းအဝေးက မွေးဖွားပေးလိုက်သည့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့အပါအဝင် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့သည် ၂၅-နှစ်ပြည့်မြောက်ခဲ့ပါပြီ။ ဤနှစ်ငွေရတုကာလအတွင်း နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီးသည် စည်းမျဉ်း၊ ဥပဒေလုပ်ထုံးလုပ်ငန်းနည်းများနှင့်အညီ သာသနာအကျိုး၊ ဘာသာအကျိုးကို ပွားတိုးမြှင့်တင်ပေးနိုင်ခဲ့သည်။ ထေရဝါဒဗုဒ္ဓသာသနာအရောင်ကို ထွန်းလင်းပြောင်စေနိုင်ခဲ့သည်။ ဓမ္မဝိနယအလင်းတန်းများ ပေါ်ထွန်းစေခဲ့၏။ ဝမ်းမြောက်ဂုဏ်ယူစရာပင်ဖြစ်သည်။

သာသနာတော်တစ်ရပ်လုံးနှင့် သက်ဆိုင်သော ဓမ္မ အဓမ္မ အငြင်းပွားမှုများသည် ခေတ်အဆက်ဆက်ကပင်ရှိခဲ့သည်။ မင်းတုန်းဘုရင် လက်ထက်တော်အခါက ဓာတ်အရာတွင် တစ်ဖက်ကမ်းခပ် တတ်မြောက်သော ဓာတ်ဆရာကြီး ဦးပိုဆိုသူရှိခဲ့သည်။ သူသည် မည်သည့်ရောဂါမဆို ဓာတ်စာပေး၍ ကုသသည်။ ပျောက်ကင်းသည်ကများ၏။ ကျော်ကြားထင်ရှားသူဖြစ်သည်။ ဤဓါတ်ဆရာ ဦးပိုကားဇောတိဂိုဏ်းဝင်ဖြစ်သည်။ ဗုဒ္ဓဘာသာတရားတော်ကို အထင်အမြင်မှားအောင်ပြောဟော၏၊ နောက်ဆုံးတွင်ထိုအယူအဆ အပြောအဟောများကြောင့် နေပြည်တော် မြောက်ဘက် မတ္တရာသွားလမ်းပေါ်တွင် ကားကျက်၍ စီရင်ခံရဖူးသည်။

## စီရင်ဆုံးဖြတ်ခဲ့သဗျ

မျက်မှောက်ခေတ်တွင် ဓမ္မဝိနယ လမ်းကြောင်းကိုမလိုက်ဘဲလျှောက်လှမ်းနေသည့်သူများလည်းရှိ၏၊ သူတို့သည် ဓမ္မနှင့် ဆန့်ကျင်ဘက်အဓမ္မသို့လည်းကောင်း ဝိနယနှင့် ဆန့်ကျင်ဘက် အဝိနယသို့လည်းကောင်း သက်ဝင်သည့်အပြောအဆို အရေးအသား အမူအကျင့်များ ဖြင့် လွှမ်းခြုံနေသည်။ သူတို့သာမက သာမန်ဗုဒ္ဓ ဘာသာဝင်တို့အားလည်း အမြိုက်ရည်ကို တိုက်ကျွေးသယောင်ဖြင့် အဆိပ်ရေကို သောက်စေ၏။ သူတို့ အယူအဆ အဓမ္မ အဝိနယများကို သွတ်သွင်း

နေကြသည်။ ထိုအခါ အနည်မကျသေးသည့် ဗုဒ္ဓဘာသာဝင်တို့ကို တုံလှုပ်စေသည်၊ ယိမ်းယိုင်စေ၏။ ထိုအခါမဝိနယအလင်းတန်းများ မရှိတော့, မှောင်နှင့် မဲမဲဖြစ်ကြသည်။ ဘာသာအယူ ဝါဒရေးရာသည် စင်ကြယ်မှုမရှိဘဲ ဗုဒ္ဓဘာသာဝင်တို့ စမ်းတဝါးဝါး ဖြစ်နေကြသည်။

ထိုအဖြစ်သနစ်ကိုသိရှိတော်မူသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးသည် ၁၉၈၀-ပြည့် ဝိနည်း ဓမ္မကံအဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေး လုပ်ထုံးလုပ်နည်းကို စွဲကိုင်သည်၊ ထို့နောက် ဓမ္မ အဓမ္မ စီစစ်ဆုံးဖြတ်ရေး သီးခြား ဝိနည်းဓိုရ်အဖွဲ့ (၁၁) ဖြင့် အောက်ပါအဓမ္မမှုခင်းများကို စစ်ဆေး၍ အဆုံးအဖြတ်ပေးစေခဲ့သည်၊ ယင်းတို့မှာ-

(၁) ၁၉၈၁-ခုနှစ် ဖေဖော်ဝါရီလ(၂၃) ရက်နေ့တွင် နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ် (၁)က စစ်ဆေးကာ ကျောက်သဘော်ဝါဒကို အဓမ္မဝါဒအဖြစ် ဆုံးဖြတ်ခဲ့၏။

(၂) ၁၉၈၁-ခုနှစ်၊ အောက်တိုဘာလ (၂၉)ရက်နေ့တွင်နိုင်ငံတော်သီးခြားဝိနည်ဓိုရ်အမှတ် (၂)ကစစ်ဆေးကာ အရှင်ဥက္ကဋ္ဌ၏ လူသေလူဖြစ်ဝါဒ၊ သမ္မာဒိဋ္ဌိ သုတေသနအဖွဲ့၊ ရွှေအဘိဓမ္မာဝါဒတို့ကို အဓမ္မဝါဒအဖြစ် ဆုံးဖြတ်ခဲ့သည်။

(၃) ၁၉၈၂-ခုနှစ်၊ ဧပြီလ(၂၇) ရက်နေ့တွင် နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ် (၃)က စစ်ဆေးကာ ကြောင်ပန်းတောရ ဝါဒကို ဓမ္မဝါဒနှင် အဓမ္မဟူ၍ နှစ်ပိုင်း ခွဲခြားဆုံးဖြတ်ခဲ့သည်။

(၄) ၁၉၈၂- ခုနှစ်၊ နိုဝင်ဘာလ(၉)ရက်နေ့တွင် နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ် (၄)ကစစ်ဆေးကာ ကျောက်ပုံတောရဝါဒကို အဓမ္မဝါဒအဖြစ် ဆုံးဖြတ်ခဲ့သည်။

(၅) ၁၉၈၃- ခုနှစ်၊ ဧပြီလ(၁)ရက်နေ့တွင် နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ် (၅)က ရှင်မာလာဝရ (ရေတာရှည်) ဝါဒကို အဓမ္မဝါဒနှင့် တိတ္ထိယပက္ခက အဖြစ်ဆုံးဖြတ်ခဲ့သည်။

(၆) ၁၉၈၃-ခုနှစ်၊ ဇူလိုင်လ (၁၅) ရက်နေ့တွင် နိုင်ငံတော်သီးခြားဝိနည်းဓိုရ် အဖွဲ့အမှတ် (၆)က စစ်ဆေးကာ ဓမ္မနီတိဝါဒကို အဓမ္မဝါဒ၊ အဝိနယဝါဒ အဖြစ် ဆုံးဖြတ်ခဲ့သည်။

(၇) ၁၉၈၃-ခုနှစ်၊ ဇူလိုင်လ (၂၅) ရက်နေ့တွင် နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ် (၇) က စစ်ဆေးကာ မိုးညို (မြောက်ဥက္ကလာပ) ဝါဒကို အဓမ္မအဖြစ် ဆုံးဖြတ်ခဲ့သည်။

(၈) ၄၅- ပါးစုံညီ စုဒ္ဒသမ အစည်းအဝေး၏ဆုံးဖြတ်ချက်အရ ဖွဲ့စည်းပေးသည့် နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ် (၈)က စစ်ဆေးကာ စစ်ကိုင်းတိုင်း၊ မြောင်မြို့နယ် ကျောင်းဖြူကျေးရွာ၊ ထွန်တုံးလက်ကျန် ဦးထင်၏ ဝါဒနှင့် ပြောဟောချက်များကို အဓမ္မဝါဒအဖြစ် ဆုံးဖြတ်ခဲ့သည်။

(၉) ၁၉၈၈-ခုနှစ်၊ ဖေဖော်ဝါရီလ (၁၅) ရက်နေ့တွင် နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ် (၉) က စစ်ဆေးကာ ရန်ကုန်တိုင်း၊ တွံတေးမြို့နယ်၊ ရှမ်းစုကြီးကျေးရွာ

ရတနာမာန်အောင်၊ ရွာဦးကျောင်း ဘုန်းတော်ကြီး ဦးပုညာစာရ၏ သိမ်သမုတ်ခြင်းဆိုင်ရာ ဝါဒကို အဓမ္မ၊ အဝိနယဝါဒအဖြစ် ဆုံးဖြတ်ခဲ့သည်။

(၁၀) ၁၉၈၉-ခုနှစ်၊ ဇွန်လ (၂၇) ရက်နေ့တွင် နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အမှတ် (၁၀) က စစ်ဆေးကာ မွန်ပြည်နယ်၊ မော်လမြိုင်မြို့ ဈေးကြိုမြို့နယ်၊ ရတနာသီရိရပ်ကွက်၊ ရွှေဝါမြိုင်ကျောင်း၌ နယ်သိမ်း သိမ်သမုတ်ခြင်းကို သီမာသမ္မုတ္တိအင်္ဂါများနှင့်မညီညွတ်မပြည့်စုံသဖြင့် ဝိပတ္တိသိမ်ပျက်အဖြစ်ဆုံးဖြတ်ခဲ့သည်။

(၁၁) ၁၉၉၈-ခုနှစ်၊ မတ်လ (၁၉) ရက်နေ့တွင် နိုင်ငံတော်သီးခြားဝိနည်းဓိုရ် အမှတ် (၁၁) က စစ်ဆေးကာ ပဲခူးတိုင်း၊ ညောင်လေးပင်မြို့နယ်၊ စမ်းကလေးကျေးရွာ၊ စမ်းကလေးဆရာတော် ဦးနန္ဒောဘာသ ၏ အယူဝါဒများကို အဓမ္မဝါဒအဖြစ်ဆုံးဖြတ်ခဲ့သည်။

### အခြားဓမ္မများ

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် ၂၅-နှစ် အတွင်းတွင် သာသနာတော်ဆိုင်ရာ ဆောင်ရွက်ဖွယ်များ အများအပြား ဆောင်ရွက်ခဲ့သည်။ ယင်းအနက် ဓမ္မဝိနယအလင်းတန်းများ ပေါ်ထွန်းရေးအတွက် ထိရောက်လှသည်။ နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့ဖြင့် စိစစ်ဆုံးဖြတ်ခဲ့သည်လည်းရှိသည်။ အချို့သော ဓမ္မ အဓမ္မအငြင်းပွားမှုများကို ဝိနိစ္ဆယဥပဒေအရ အဓမ္မ၊ အဝိနယအဖြစ် ဆုံးဖြတ်ခဲ့သည်။ ယင်းတို့ကို အဓမ္မဝါဒ အဖြစ် အတည်ပြုပြန်သည်။ ယင်းတို့မှာ-

(၁) ၁၉၈၁-ခုနှစ်၊ အောက်တိုဘာလ (၁၇) ရက်နေ့တွင် ပထမအကြိမ် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့၊ ၄၅-ပါးစုံညီ ဆဋ္ဌအစည်းအဝေးက ၁၃၁၅-ခုနှစ်က ပင်ဝိနိစ္ဆယ အက်ဥပဒေအရ အဓမ္မဝါဒအဖြစ်ဆုံးဖြတ်ခဲ့ပြီးဖြစ်သော ဉာဏစာဂီဝါဒကို အဓမ္မဝါဒအဖြစ် အတည်ပြုသည်။

(၂) ၁၉၈၂-ခုနှစ်၊ ဒီဇင်ဘာလ (၃) ရက်နေ့တွင် ပထမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ ၄၅-ပါးစုံညီ ဒသမ အစည်းအဝေးက ဆွေးနွေး စိစစ်၍ ဆူးလေဦးမြင့်သိန်း၏ ထေရဝါဒအမည်ခံ တရားဓမ္မများကို အဓမ္မ၊ အဝိနယဝါဒအဖြစ် အတည်ပြုသည်။

(၃) ၁၉၈၃-ခုနှစ်၊ မတ်လတွင် ကျင်းပသော ပထမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ ၄၅-ပါးစုံညီ ဧကာဒသမ အစည်းအဝေးက ၁၃၂၄-ခုနှစ်၊ လက်ပံတန်းမြို့နယ်၊ သံဃဝိနိစ္ဆယအဖွဲ့ကပင် အဓမ္မအဝိနယအဖြစ် ဆုံးဖြတ်ခဲ့သော ဦးမြတ်သိန်းထွန်း၏ဝါဒကို အဓမ္မ အဝိနယဝါဒအဖြစ် အတည်ပြုသည်။

### ကြည်ညိုဖွယ်ရာ

ဘာသာအယူဝါဒ အစစ်အမှန်ဖြစ် ရေးသည်အရေးကြီးသည်။ ရောတိရောရာများဖြင့် တိမ်းစောင်းနေသော အယူဝါဒများသည် ကိုးကွယ် ဆည်းကပ်သူ

များအဖို့ အဆိပ်သီးကို စားရသည်နှင့် တူပေသည်။ ပစ္စုပ္ပန်တွင် အကျိုးမဲ့၍ သံသရာခရီးတွင်လည်း မကောင်းကျိုးများဖြင့် ရင်ဆိုင်ရမည်ဖြစ်ပါသည်။ ဤသို့ စဉ်းစားမိတိုင်း နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့၏ ဓမ္မဝိနယများဖြင့် အဆုံးအဖြတ်ဖြစ်အောင်, ဆောင်ရွက်မှုတို့ကို ကြည်နူးလည်း ကြည်နူးမိသည်။ တစိမ့်စိမ့်တွေး၍ တရေးရေးပေါ်ကာ ဝမ်းသာခြင်းလည်းဖြစ်ရသည်မှာ အမှန်ပင်ဖြစ်ပါသည်။

ဤသို့ ဓမ္မဝိနယအလင်းတန်းများပေါ်ထွန်းမလာသော် ကိုးကွယ်သူ ဗုဒ္ဓဘာသာဝင်တို့အဖို့ အကျိုးမဲ့များ တသီတတန်းကြီး ဖြစ်မည်မှာ ကိန်းသေ၏။ ယခုအခါ ထိုအဖြစ်ဆိုးကြီးမှ ကျော်လွှားနိုင်သည်မှာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ မှတ်တမ်းဝင်သော သမိုင်းကြီးပင်ဖြစ်သည်။ အားရဂုဏ်ယူမိပါသည်။

## လိုအပ်နေခြင်း

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် အဓမ္မဝိနယ ဖြစ်သော အယူဝါဒ၊ ပြောဟောချက်စသည်တို့ပါဝင်သော ဓမ္မ အဓမ္မ ဝိနယ အဝိနယ မှုခင်းပေါင်း ၁၄-ခုကို အမှန်ရောက်အောင်ဆုံးဖြတ်ချက်ပေးခဲ့ပါပြီ။ အချို့ဆုံးဖြတ်ချက်မှာ နောင်လူနောင်သားတို့ ကြည့်ရှုမှတ်သားနိုင်ရန် စာအုပ်စာတမ်းအဖြစ်ထုတ်ဝေဖြန့်ချိခဲ့၏။ အချို့သော မှုခင်းတို့ကို မူ စာအုပ်စာတမ်းအဖြစ် မထုတ်ဝေနိုင်ခဲ့ပါ။ ယင်းတို့ကိုလည်း ယခင်ဆုံးဖြတ်ချက်ကဲ့သို့ စာအုပ်စာတမ်းအဖြစ်ထုတ်ဝေဖြန့်ချီသင့်ပေသည်။ ဤအချက်သည် လိုအပ်နေသေးသည်ဟု ဆိုစရာဖြစ်သည်။

အကြောင်းကို ဆိုချေသော် အချို့သော အဓမ္မ အဝိနယအယူအဆများသည် ပြန်လည်ခေါင်းထောင်လာသည်။ ရပ်ကွက်၊ မြို့ရွာအချို့တွင် ပြောဟောခြင်း၊ ပို့ချခြင်းများရှိသည်ဟု ကြားသိနေရသည်။ အဓမ္မအဝိနယ ဖြစ်သည်ဟု ပြန်လည်ပြောဆိုရန်မှာ သာမန်ဗုဒ္ဓဘာသာဝင်တို့အတွက် ခက်ခဲလှသည်။ နက်နဲသိမ်မွေ့သောတရားတော်များ ဖြစ်သည် မဟုတ်ပါလား။

ဤကဲ့သို့ ဖြစ်ရပ်များကို ပြန်လည်ဖြေရှင်းနိုင်ရန် ဗုဒ္ဓဘာသာဝင်တို့သည် မိမိဘာသာ သာသနာဘက်မှ ရပ်တည်နိုင်ရေးအတွက် အလွယ်တကူဖတ်ရှုလေ့လာနိုင်ဖို့ ဓမ္မ အဓမ္မ ဆုံးဖြတ်ချက်ကို ပြန်လည်ထုတ်သင့်၏။ မူလကမထုတ်ဖူးသေးသော ဆုံးဖြတ်ချက်များကိုလည်း စာအုပ်စာတမ်း အဖြစ်ထုတ်သင့်ပါ၏။

မည်သို့ပင်ဆိုသော် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးက အရင်းတည်သော သမိုင်းမှတ်တိုင်ကြီးကား ခိုင်ခံ့လှ၏။ ၂၅-နှစ် ငွေရတုသဘင်မှ ဆက်ကာဆက်ကာ တည်တံ့၍ အမျိုးဘာသာ သာသနာ အကျိုးအတွက် ဆတက်တိုး၍ သည်ပိုး နိုင်ပါစေဟု ဆန္ဒ ပြုပါသတည်း။

မောင်ရဲသူ



# တွေးမိလျှင် တရေးရေးမြင်မိပါသည်

## ဦးအောင်မြင်(ဓမ္မာစရိယ-ဘီအေ)

ကျွန်တော်သည် နှစ်သုံးဆယ်ခန့် ဝန်ထမ်းဘဝဖြင့် နိုင်ငံတော်ကို အလုပ်အကျွေးပြုခဲ့ပါသည်။ ယခု ကျွန်တော့်အသက် ၇၅-နှစ်ပါ။ လွန်ခဲ့သော ၂၅-နှစ်ခန့်က ဝန်ထမ်းအတွေ့အကြုံကလေးများကို တရေးရေးတွေးမိနေပါ၏၊ ထိုများစွာတွင်းမှ အမှတ်ရှိရှိ သိနေဆဲဖြစ်သော အတွေ့အကြုံမှာ "ဖေဟိ ဘိက္ခုခေါ် သံသိပ္ပ ရသေ့ကြီး" ကိစ္စ ဖြစ်ပါ၏။

ထိုကိစ္စကို မတင်ပြမီ ကျွန်တော်၏ ဘဝတစေ့တစောင်းကို အကျဉ်းချုံးတင်ပြချင်ပါသည်။ ကျွန်တော် သည် ၁၉၅၉-ခုနှစ်တွင် ရန်ကုန်မြေကို နင်းစပြု သည်၊ ထိုနှစ်မှာပင် ဆယ်တန်း ဖြေသည်။ ကျောင်းထွက်လက်မှတ်ရ အဆင့်သာအောင်မြင်သည်။ ၆-ထပ်ရုံးရှိ သာသနာ့ညွှန်ကြားရေးဝန်ရုံးတွင် စာရေးအလုပ်ရပါသည်၊ ၁၉၆၄-ခုနှစ်မှ ဓမ္မ-ကထိက ဆရာကြီးဦးလှသိန်း ကျေးဇူးပြုမှုဖြင့် ၁၀-တန်းအောင်ပါ၏။ ထို့နောက် အထက်တန်းစာရေးဖြစ်ပါ၏၊ ဘဝမလှပါ၊ ရုံးဆင်းချိန်မှ ညအထိ ဆူးလေဘုရားလမ်း ပလက်ဖောင်းတွင် စာအုပ်ရောင်းပါသည်။ ထိုမှတစ်ဆင့် စာအုပ်ငှားဆိုင်ကလေး ဖွင့်ကြည့် သည်၊ ဘဝ အနည်းငယ်လှလာပါသည်။ ထိုအချိန်တွင်သာသနာရေးဦးစီးဌာန ထီးထီးပေါ်လာသည်၊ ပြည်နယ်တိုင်း သာသနာရေးမှူးရာထူးများလည်း ပေါ်လာ၏။ ကျွန်တော်သည် ရာထူးများကို မျှော် ခေါ်မက်မောပါသည်၊ သို့သော် ကျွန်တော့်ဘဝကိုလှပဖွံ့ဖြိုးစေသော စာအုပ်ဆိုင်ကလေးကို ချစ်မြတ် နိုးလျက်ရှိပြန်သည်။ ဘယ်အရာကိုစွန့်လွှတ်ရမည်ကို ဝေခွဲမရ ဖြစ်ရသည်။ ရာထူးယူရန် လျှောက်လွှာ တင်ပြီးနောက် စာအုပ်ဆိုင်ကလေးကို လက်လွှတ် ရန် ဆုံးဖြတ်လိုက်ရ၏။ မိမိစိုက်ပျိုးထားသည့် ဖူးငုံ ဝေဆာဆဲပန်းပင်ကလေးကိုနုတ်ပစ်လိုက်ရသလို ခံစားမိပါသည်။ ၁၉၇၈-ခုနှစ်တွင် လက်ထောက်တိုင်းသာသနာရေးမှူးရာထူးကို လက်ခံ၍ "ဇေယျ (၄၀)" ဖောင်ကြီးသင်တန်းသို့ တက်ရောက်ခဲ့ရသည်။

၁၉၇၈-ခုနှစ်သည် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး ဖြစ်ပေါ်လာမည့် အကြိုကာလဖြစ်သည်။ ထိုအချိန်က ထေရဝါဒ ဗုဒ္ဓသာသနာတော်ကို ညှိုးမှိန်သေးသိမ်အောင် ပြုမူနှောင့်ယှက် ဖျက်ဆီးလျက်ရှိသော ဂိုဏ်းမျိုးစုံ, အဖွဲ့မျိုးစုံ, မူဝါဒမျိုးစုံတို့ အတင့်ရဲနေချိန်လည်းဖြစ်သည်။ မြန်မာနိုင်ငံရှိ သီလဝန္တဖြစ်တော်မူကြကုန်သော ဆရာတော်ကြီးများနှင့် နိုင်ငံတော် အကြီးအကဲတို့သည် သာသနာတော်၏ အန္တရာယ် အဆွယ်အပွားတို့ကို ဓမ္မစက်, အာဏာ

စက် တက်ညီစွာ ရှင်းလင်းဖယ်ရှားရန် ကြိုးစားအား ထုတ်နေချိန်လည်းဖြစ်ပါသည်။

ကျွန်တော်သည် ဓမ္မ အဓမ္မစစ်၏ စစ်သည်တော်အဖြစ် ပါဝင်ရန် ဖောင်ကြီးဗေယျ (၄၀)တွင် လေ့ကျင့် သင်ကြားရပြီး၊ ၁၉၇၈-ခု ဇွန်လတွင် သင်တန်းဆင်းခဲ့ပြီး၊ ရန်ကုန်တိုင်းတွင် လုပ်ငန်းစတင်ရပါသည်။ ထိုအချိန်မှစတင်၍ သာမန်ဝန်ထမ်းစိတ်မှ အသိ အမြင်ကြည်လင် ရှင်းလင်းသော ဝန်ထမ်းအဖြစ် ပြောင်းလဲသွားပါသည်။ ကာယကံ, ဝစီကံ, မနောကံတို့သည် သိပ်သည်း ကျစ်လျစ်သွားပါသည်။ မျက်စိ, နား, နှာ, လျှာ, ကိုယ် စိတ်တို့သည် ထိမိစွာ တွေ့ထိ သိရှိလာခဲ့ပါသည်။

ကျွန်တော်၏ ရာထူးကား "လက်ထောက်တိုင်းသာသနာရေးမှူး"ဖြစ်၏၊ ရာထူးအမည်သည် ကြီးမားခန့်ထည်လှပါသည်။ အဆောင်အယောင်ကား စားပွဲနှင့် ကုလားထိုင်အဟောင်းများသာ ဖြစ်၏။ ရှေးရှေးက ခရိုင်သာသနာရေးအရာရှိများ သုံးစွဲခဲ့သော အဟောင်းလက်ကျန်များကို အမွေဆက်ခံရခြင်းဖြစ်၏။ အမှုတွဲများမှာ တောင်နှယ်ပုံကာ စောင့်စားကြိုဆိုလျက် ရှိပါသည်။ ကျွန်တော်နှင့်အတူ ရန်ကုန်တိုင်းရုံးသို့ ရောက်ရှိခဲ့သူများမှာ ယခု တာဝန်ထမ်းဆောင်ဆဲ ညွှန်ကြားရေးမှူး ဦးထွန်းလှနှင့် ပင်စင်သွားပြီးဖြစ်သော ဦးထွန်းရွှေတို့ ဖြစ်ပါသည်။ ဦးထွန်းရွှေသည် မဟာဝိဇယစေတီတွင် လုံးဝတာဝန်ယူသွားရာ ရန်ကုန်တိုင်း ၂၄-မြို့နယ်ကို ကျွန်တော်နှင့် ဦးထွန်းလှတို့ ခွဲဝေ တာဝန်ယူကြရလေသည်။

တနေ့သ၌ "အရေးကြီးသည်၊ ချက်ချင်းဆောင်ရွက်ပါ"ဟူသော ဦးစီးမှူး၏မှတ်ချက် ပါရှိသော အမှုတွဲတစ်ခု စားပွဲပေါ်သို့ ရောက်ရှိလာပါသည်။ တာဝန်မှာ အမြန်စုံစမ်း၍ ထင်မြင်ချက်နှင့်အတူ သဘောထားပါ တင်ပြရန်ဖြစ်သည်။ အမှုအမည်မှာ'ဖေဟိဘိက္ခုခေါ် သံသိပ္ပရသေ့ကြီး' ကိစ္စဖြစ်သည်။ အမှုတွဲကို ဖတ်ရှုပြီးသောအခါ အောက်ပါအတိုင်းသိရှိရပါသည်။ သံသိပ္ပရသေ့ကြီးသည် ဇေရာဝတီတိုင်း၊ ငါးသိုင်းချောင်း၊ ရေကြည်မြို့များ ပတ်ဝန်းကျင်တွင် ကျော်ကြားမင်းမူနေခဲ့ရာ နယ်သံဃာထုကလက်မခံသဖြင့် ရွှေတိဂုံစေတီတော် ဒုတိယပစ္စယာသို့ ရောက်ရှိလာခဲ့ပါသည်။

ရွှေတိဂုံစေတီတော်ကို မှီခိုနေထိုင်ကြသော ပရိသတ်တို့ကလည်း လက်မခံသဖြင့် သင်္ကန်းကျွန်းမြို့နယ် ငမိုးရိပ်တစ်နေရာတွင် ရောက်ရှိမင်းမူလျက်ရှိကြောင်း၊ သံသိပ္ပရသေ့ကြီး၏ အလုပ်မှာ သူ့ထံ တပည့်ခံလာကြသော ပရိသတ်အား ဖေဟိဘိက္ခုနည်းဖြင့် ရဟန်းပြုပေးပြီး တစ်ဂိုဏ်းတစ်ဝါဒထူထောင်နေသူ ဖြစ်သည်ဟု ဆိုပါသည်။ အမြန်ဆောင်ရွက်ပါဟု မှတ်ချက်ပြုစေကာ ကျွန်တော်သည် စစ်ဦးဘီလူးဖြစ်နေပါတော့သည်။ ထိုစဉ်က ကျွန်တော်တို့ရုံးတွင် ဖုန်းနှင့်စားပွဲ ကုလားထိုင်မှတစ်ပါး ဘာမှမရှိသေးပါ။ "ငမိုးရိပ်တစ်နေရာ"ဟူသော မရေရာသော သဲလွန်စကို အားကိုးပြု၍ "ဖေဟိဘိက္ခုခေါ် သံသိပ္ပရသေ့ကြီး"ကိုရှာဖွေရန် ဆုံးဖြတ်လိုက်ရပါသည်။ ကျွန်တော်သည် ဦးထွန်းလှ (ယခု ညွှန်ကြားရေး

မှုး)ကို အဖော်ပြု၍ ရှာပုံတော်ခရီး ထွက်ခဲ့ကြပါသည်။ ထိုစဉ်က တစ်နာရီတစ်စင်းထွက်သော ငါးမိုးရိပ်တံတား ကားရှိပါသည်။ ထိုကားကို စီးပြီး ငမိုးရိပ်တံတားကားဂိတ်သို့ ရောက်ခဲ့ပါသည်။ ကားဂိတ်မှ မျှော်ကြည့်သော် မျှော်မဆုံးသော လယ်ကွင်းပြင်ကြီးကို တွေ့ရ၏။ အဝေးသို့ စူးစူးစိုက်စိုက် ကြည့်မိသောအခါ ဟိုတစ်စု သည်တစ်စု လယ်တဲကလေးများ စေတီပုထိုးငယ်များ၊ သုသာန်ဟောင်းများကိုသာ တွေ့မြင်နေရပါသည်။ ထိုမှတစ်ဆင့် တစ်မိုင်ခန့်ဝေးကွာသောနေရာသို့ စူးစမ်းကြည့်ရာ ကိုးယို့ကားယား လူလွင့်နေသော ရောင်စုံအလံတို့ကို ကျွန်တော်လှမ်းမြင်မိပါသည်။

ကျွန်တော်တို့သည် တစ်မိုင်ခန့်ဝေးသော လယ်ကွင်းပြင်ခရီးကို နေပူကျဲကျဲတွင် အားခဲဖြတ်သန်းခဲ့ရပါသည်။ အလံမျိုးစုံတို့ လူလွင့်ရာသို့ မရောက်မီ သစ်ပင်ရိပ်ကလေးအောက်၌ ချွေးများ ကိုသုတ်ရင်း ကျွန်တော့်ကို စေ့စေ့ကြည့်၍ "သာသနာရေးမှုးရဲ့အလုပ်ဆိုတာ ဒါမျိုးပဲလားဗျာ"ဟု မေးနေသယောင် ရှိလေသည်။ ကျွန်တော်တို့သည် အမောပြေသည်နှင့်ဆက်လက်ထွက်ခွာခဲ့ရာ မကြာမီ ရောင်စုံအလံများ လူလွင့်ရာ ပရိဝုဏ်အတွင်းသို့ ရောက်ရှိပါတော့သည်။ အချိန်မှာ (၁၁)နာရီခွဲတိတိ ဖြစ်၏။ ကျွန်တော်တို့သည် တိတ်ဆိတ်ငြိမ်သက်နေသော နှစ်ထပ်ကျောင်းကြီးပေါ်သို့ တက်လာခဲ့ကြသည်။ ချွေးသုတ်၍ အပန်းဖြေရန် နေရာယူထိုင်ချလိုက်ကြစဉ် ကျောင်းဦးခန်းဆီမှ ချောင်းဟန့်သံတစ်ချက်ကြားလိုက်၍ အသံလာရာဆီသို့ လှမ်းကြည့်လိုက်သောအခါ တလှုပ်လှုပ်ဖြစ်နေသော ရသေ့ဒေါက်ချာကြီးကို တွေ့ရ၏။ ထို့နောက် ဆက်လက်ကြည့်ရှုလေ့လာရာတွင် ရသေ့ကြီး အာဟာရသုံးဆောင်နေသည်ကို တွေ့မြင်ရလေသည်။ "ဇဟိဘိက္ခုဓါ် သံသိပ္ပရသေ့ကြီး" ကျွန်တော်သည် အရကျက်ထားသလို ရသေ့ကြီး၏ဘွဲ့အမည်ကို ဝမ်းသာအားရ ရေရွတ်မိပါသည်။ ရှာဖွေရန် မလိုတော့၍ တာဝန်တစ်ခုပြီးဆုံးသွားသည်။ စစ်ဆေးမေးမြန်းရန်သာ လိုတော့သည်။

ကျွန်တော်တို့သည် ဇဟိဘိက္ခုဓါ် သံသိပ္ပရသေ့ကြီးကို စစ်ဆေးမေးမြန်းပြီးသောအခါ အောက်ပါအချက်အလက်များ ပေါ်ထွက်လာပါသည်။ သူ၏ဘဝဖြစ်စဉ်ကို အကျဉ်းချုပ်တင်ပြပါမည်။

သူသည် အညာသားတစ်ဦးဖြစ်ပြီး ငယ်စဉ်ကပင် ဧရာဝတီတိုင်း ရေကြည်နှင့် အသုတ်မြို့နယ်များတွင် ကျဘမ်းအလုပ်ကို လုပ်ကိုင်စားသောက်ခဲ့ပြီး၊ ရဟန်းဘဝသို့ ရောက်ရှိခဲ့သည်။ သုံးဝါအရတွင် ဆရာတစ်ဦး၏ တပည့်အဖြစ်ခံယူခဲ့ပြီးနောက် ရသေ့ဘဝသို့ကူးပြောင်းခဲ့သည်။ ဤသို့ရဟန်းဘဝမှ ရသေ့ဘဝသို့ ကူးပြောင်းခဲ့ခြင်းသည် ဂိုဏ်းဆရာ၏ အမိန့်အရဖြစ်ပြီး၊ စိတ်တွင်ပေါ်ပေါက်လာသမျှကို တရားအဖြစ် ဟောပြောခဲ့သည်ဟုဆိုပါသည်။ သူသည် ဓာတ်ကျလာမှသာ တရားဟောတတ်ပြီး ထိုတရားများသည် သူ၏ ကိုယ်ပိုင်တရားများမဟုတ်၊ အထက်ဆရာကြီးများက ဘုရားအလိုတော်အတိုင်း

ဓာတ်စီးဟောပြောစေသော တရားများသာဖြစ်သည်ဟု ဆိုပြန်၏။ အဖြေမရှိသော ပဟေဠိတရားမျိုးဖြစ်သည်။ ဓာတ်ကျ၍ သူတရားဟောလျှင် ပရိသတ်ထောင်ချီနာကြသည်ဟုလည်း ဆိုပြန်၏။ ပါဠိမဟုတ်သော်လည်း ပါဠိရွတ်သကဲ့သို့ တတောက်တောက်ဟောပြောနိုင်သည်လည်းဆို၏။ သူ၏ဟောပြောချက်များကို မည်သူမျှ အဓိပ္ပါယ်ကောက်မရကြစေကာမူ နားထောင်ကောင်းသဖြင့် ဝိုင်းဝန်းနားထောင်ကြသည်ဟု ဆိုပါ၏။

သံသိပ္ပရသေ့ကြီး၏ ဟောပြောချက်များသည် ထေရဝါဒပိဋကတ်ကျမ်းဂန်များနှင့် လုံးဝဆန့်ကျင်ဟောပြောနေကြောင်း ပတ်ဝန်းကျင် သံဃာများက အာဏာပိုင်အဖွဲ့အစည်းသို့ တိုင်ကြားချက်အရ အာဏာပိုင်အဖွဲ့အစည်းအမိန့်အရ ဇရာဝတီတိုင်းမှ ထွက်ခွာခဲ့ရပြီး နောက်ပါ သံဃာ ၅၀-ခန့်နှင့်အတူ ရွှေတိဂုံအလယ်ပစ္စယံသို့ ရောက်ရှိခဲ့ပြီး တရားပွဲများ ဆက်လက်ကျင်းပရာ "သံသိပ္ပရသေ့ကြီး"၏ အကြောင်းသိ သံဃာတို့က ကန့်ကွက်ကြသဖြင့် ငမိုးရိပ်ချောင်းဘေး အများနှင့်ဝေးရာ လယ်ကွင်းပြင်သို့ရောက်ရှိလာခဲ့ပါသည်။ သူသည် ရသေ့ဟုအမည်ခံ၍ ရသေ့အသွင်နေထိုင်သော်ငြားလည်း ရဟန်းဘဝကို သိက္ခာချခြင်းမရှိပါ။ အထက်ဂိုဏ်းဆရာကြီးများ၏အမိန့်ကို ရသေ့ဘဝဖြင့်ခံယူ၍ သူ့ထံရောက်ရှိလာသော လူရွယ်လူငယ်များကို ရဟန်းဘဝဖြင့် အုပ်ချုပ်လေ၏။ ဧဟိဘိက္ခုနည်းဖြင့် ရဟန်းပြုခြင်းကို ဘုရားရှင်ကိုယ်တိုင်မှတစ်ပါး အခြားမည်သည့်သာဝကမျှ အခွင့်မရစေကာမူ သံသိပ္ပရသေ့ကြီးကား ဘုရားရှင်နှင့် စင်ပြိုင်သဘော ကျင့်သုံးနေခြင်းကား သာသနာတော်အတွက် ကြောက်မက်ဖွယ် ဘေးအန္တရာယ်ကြီးဖြစ်နေ၏။ သူ၏နောက်ပါ ရဟန်း အမည်ခံ နှစ်ဆယ်ကျော်တို့သည် ဧဟိဘိက္ခုနည်းဖြင့် ရဟန်းဖြစ်လာသူများဖြစ်ပါသည်။ အသက်နှစ်ဆယ်မပြည့်သေး၍ ရဟန်းမပြုရသေးသော ကိုရင်ကြီးများလည်း နှစ်ဆယ်ကျော်ပင်။ ကိုယ်တိုင်တွေ့မြင်ခဲ့ပါသည်။

ကျွန်တော်တို့သည် သံသိပ္ပရသေ့ကြီးကို နည်းမျိုးစုံဖြင့် မေးခွန်းများနှိုက်နှိုက်ချွတ်ချွတ် မေးမြန်းသော်လည်း ရှင်းလင်းပြတ်သားသော အဖြေကို မပေးဘဲ ပြုံး၍သာနေလေ၏။ ရသေ့ကြီး၏လက်ရှိအနေအထားကို စာရင်းချုပ်သော် (၆)ခန်း (၇)ခန်းတိုက်ခံ နှစ်ထပ်ကျောင်းကြီး တစ်ဆောင်၊ ရဟန်းသာမဏေများနေထိုင်ရာ ကမ္ဗဋ္ဌာန်းကျောင်းပုံစံတစ်ထပ်တန်းလျားကျောင်း နှစ်လုံး၊ မီးစက်၊ ရေစက်၊ အဝီစိတွင်း၊ မီးတင်းကုတ်၊ ရေတွင်း ရေကန်များ၊ စုံစုံလင်လင်တွေ့မြင်မှတ်သားခဲ့ရလေသည်။

ကျွန်တော်တို့သည် သံထိတ်ရင်ဖိုစွာဖြင့် "ဧဟိဘိက္ခုခေါ် သံသိပ္ပရသေ့ကြီး"၏ပရိဝုဏ်မှ ခပ်သုတ်သုတ် ထွက်ခွာခဲ့ကြလသည်။ ငမိုးရိပ်ကားဂိတ်သို့ ခြေလှမ်းသွက်သွက်လှမ်းရင်းက "ဘုရားရှင်လက်ထက်တော်က ဘုရားအမည်ခံပြီး ပရိသတ်များစွာနှင့် တဆောင်တယောင်နေခဲ့ကြတဲ့ ပုရာဏကဿပ, မက္ခလိဂေါသာလစတဲ့ တိတ္ထိကြီးတွေရဲ့

နည်းကို သံသိပ္ပရသေ့ကြီး နည်းယူပုံရတယ်ဗျို့"ဟု ဦးထွန်းလှက အဆိုပြုပါသည်။ "ဟုတ်တာပေါ့ဗျာ၊ လောကမှာ လူလိမ္မာထက် လူမိုက်ကများလေတော့ လူမိုက်ကို အကြိုက်ပေးဟောပြောတတ်တဲ့ဆရာ ဆိုတာလဲ ပေါ်ပေါက်လာတဲ့ သဘောပါပဲ"ဟု ကျွန်တော်က ထောက်ခံလိုက်ပါသည်။

အထက်ဖော်ပြပါ တွေ့ရှိချက်များကို သာသနာရေးဦးစီးမှူးမှတစ်ဆင့် အထက်သို့ အစီရင်ခံတင်ပြခဲ့ပါသည်။ မများမကြာမီ ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးအကြို သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးဆိုင်ရာ ဂိုဏ်းပေါင်းစုံ ၆၆-ပါးစုံညီ အစည်းအဝေးကြီး ကျင်းပပြုလုပ်ရာ ထိုအစည်းအဝေးကြီး၌ ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာနဝန်ကြီးက လက်ရှိ မြန်မာနိုင်ငံ ထေရဝါဒဗုဒ္ဓသာသနာတော်၏ပကတိ အခြေအနေကို တင်ပြလျှောက်ထားရာတွင် "ကိုယ့်ကိုယ်ကိုသက်န်းကိုပတ်၍ ရဟန်းအဖြစ်ခံယူနေကြသော ပုဂ္ဂိုလ်များ ပေါ်ပေါက် နေပါပြီဘုရား"ဟူ၍ လျှောက်ထားခဲ့ရာ သီလကို တန်ဖိုးထားမြတ်နိုးတော်မူကြကုန်သော မထေရ်ကြီးများနှင့် သံဃာ့လောကတွင် တုန်လှုပ်သွားကြရကုန်သည်။ ထိုအကြောင်းနှင့်တကွ အခြားသောအကြောင်း များစွာတို့ကြောင့် ၁၉၈၀-ခုနှစ် ဂိုဏ်းပေါင်းစုံ သံဃာ့ အစည်းအဝေးကြီး ကျင်းပနိုင်ခဲ့ပြီး သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး ဦးတည်ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ရန် သံဃာ့အဖွဲ့အစည်းဆိုင်ရာ စည်းမျဉ်း စည်းကမ်းများနှင့် လုပ်ထုံး လုပ်နည်းများ၊ ဝိနည်းဓမ္မကံဆိုင်ရာ စည်းမျဉ်း စည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို ချမှတ်၍ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။

ထိုဆောင်ရွက်ချက်များတွင် ကျွန်တော်သည် အုတ်တစ်ချပ် သဲတစ်ပွင့်ပမာ ပါဝင်ဆောင်ရွက်ခဲ့သူဖြစ်ရာ ယနေ့အထိ "ဇော်ဂျီကျွဲခေါ် သံသိပ္ပရသေ့ကြီး"၏ပုံပြင်နှင့် လုပ်ဆောင်ချက်များကို သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးခေတ်ကြီး ၂၅-နှစ်ကြာ ငွေရတုတိုင်သော်လည်း ယနေ့တိုင် မမေ့နိုင်သောကြောင့် ပြန်ပြောင်းတင်ပြခြင်းဖြစ်ပါသည်။

("သာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွား ပါစေသတည်း")

ဦးအောင်မြင့်(ဓမ္မာစရိယ-ဘီအေ)



# သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ဆက်ကပ်ပူဇော်ပွဲ မှတ်တမ်းပုံရိပ်လွှာ



၁၉၇၃-ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပွဲအခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ပဲခူးမြို့မဆရာတော်ဘုရားကြီး အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော် ဆက်ကပ်ခံတော်မူစဉ်ပုံ




၁၉၇၄-ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပွဲတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ဘုရားကြီး အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံတော်မူစဉ်ပုံ



၁၉၉၅ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် ဆက်ကပ်ပွဲတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မြင်းခြံဆရာတော် ဘဒ္ဒန္တသောဘိတ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော် ဆပ်ကပ်ခံတော်မူစဉ်ပုံ



၁၉၉၈ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် ဆက်ကပ်ပွဲတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မကွေးဆရာတော်ဘဒ္ဒန္တကုမာရ အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော် ဆက်ကပ်ခံတော်မူစဉ်ပုံ



၂၀၀၅-ခုနှစ် ၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်ပွဲအခမ်းအနား
မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပပြုလုပ်နေစဉ်



၂၀၀၅-ခုနှစ် ၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်ပွဲအခမ်းအနားတွင်
သာသနာရေးဝန်ကြီးဌာန၊ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် သာသနာရေးဆိုင်ရာလျှောက်ထားနေစဉ်



၂၀၀၅-ခုနှစ် ၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်ပူဇော်ပွဲအခမ်းအနားတွင်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး
အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော် ဆက်ကပ်နေစဉ်



၂၀၀၅-ခုနှစ် ၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်ပွဲအခမ်းအနား၌
သာသနာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို အခမ်းအနားဖွင့်စာတမ်း ဖတ်ကြားနေစဉ်



၂၀၀၅-ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်ပွဲအခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော် ဆက်ကပ်နေစဉ်



၂၀၀၅-ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်ပွဲအခမ်းအနားတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော် ဆက်ကပ်နေစဉ်



၂၀၀၅ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်ပွဲအခမ်းအနားတွင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော် ဆက်ကပ်နေစဉ်



၂၀၀၄ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်ပွဲအခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင် သီလရှင်စာချဘွဲ့တံဆိပ်တော် ဆက်ကပ်နေစဉ်



၂၀၀၅-ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်ပွဲအခမ်းအနားတွင်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ
ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး သာသနာနုဂ္ဂဟဘွဲ့တံဆိပ်တော် အပ်နှင်းနေစဉ်



၂၀၀၅-ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်ပွဲအခမ်းအနားတွင်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ
ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်း သာသနာနုဂ္ဂဟဘွဲ့တံဆိပ်တော် အပ်နှင်းနေစဉ်



၂၀၀၅-ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားတွင်
ပြုပြုသမျှ ကုသိုလ်ကောင်းမှု အစုစုအတွက် ရေစက်သွန်းချ လှူဒါန်းနေပုံ



၂၀၀၅-ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားတွင်
ပြုပြုသမျှ ကုသိုလ်ကောင်းမှု အစုစုအတွက် ရေစက်သွန်းချ လှူဒါန်းနေပုံ



၂၀၀၅ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်ပွဲနှင့်ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်
ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းနေစဉ်



၂၀၀၅ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်း
လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းနေစဉ်



၂၀၀၅-ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်
လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းနေစဉ်



၂၀၀၅-ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင်
ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းနေစဉ်

# "ငွေရတုမွန်"

ရွှေညာမောင်ကြီး (မြစ်ငယ်)

* ထေရဝါဒ
ဗုဒ္ဓဘာသာ၊ တို့ပြည်ရှာဝယ်
သံဃာသင်းပင်း၊ ဖွဲ့စည်းခြင်းဖြင့်
ပွင့်လင်းသာသနာ ထေရ်သံဃာ။

* မြန်မာနိုင်ငံ
သံဃနာယက၊ ဖွဲ့စည်းကြ၏
ပြည်မပြည်နယ်၊ အသွယ်သွယ်။

* ထေရဝါဒ
ဗုဒ္ဓဘာသာ၊ တို့ပြည်ရှာဝယ်
သံဃာကိုးဂိုဏ်း၊ ခေတ်သမိုင်းတွင်
တိုင်းနှင့်မြို့ရွာ၊ ပေါင်းစည်းလာခဲ့
မဟာဝိဇယသမိုင်းတည်။

* နိုင်ငံ့အောင်လံ၊ သမိုင်းမှန်ခဲ့
သံဃမဟာ၊ တိုင်းပြည်ရှာတွက်
ဘာသာဂုဏ်ရောင်ထွန်းလင်းနေ။

* ငွေရတုနှစ်၊ ကျရောက်နှစ်သည်
တစ်ထောင့်သုံးရာ၊ မှတ်တမ်းခါဝယ်
ခြောက်ဆယ့်ခုနစ်ခု ငွေရတု။

* မြန်မာရက်လ၊ မှတ်တမ်းပြနေ
နယုန်လဆန်း၊ အံ့မခန်းစေ
လဆန်းဆယ့်သုံး ငွေရတုသဘင်။

* ခရစ်သက္ကရာဇ်၊ ကျရောက်နှစ်သည်
နှစ်ထောင်ငါးခု ငွေရတု။

* မေလရက်ချိုး၊ တစ်ဆယ့်ကိုးတွင်
အမျိုးဘာသာ၊ သာသနာကြောင့်
ပြည်ရွာအနှံ့ ငြိမ်းချမ်းစေ။

# အံ့မခန်းဖွယ်ရာ
# သံဃာ့အဖွဲ့ကြီး

စလင်းမောင်မွေးကြိုင်

တန်ဖိုးကြီးမားဘေးရန်များ

ဇမ္ဗူရာဇ်ရွှေစင်ရတနာသည် ရွှေတို့တွင် အမြတ်ဆုံးဖြစ်သည်။ ထိုရွှေစင်ကို ရရှိနိုင်ရန် အတွက် ကျွမ်းကျင်သော ရွှေပွတ်သမားသည် အကြိမ်ကြိမ်ဆေးကြောသန့်စင်ရလေသည်။ တန်ဖိုးရှိလှသော ရွှေစင်ရွှေနှစ်ကို ရရှိပြားလည်း မပျောက်ပျက်စေရန် လွန်စွာသတိထား၍ ထိန်းသိမ်းစောင့်ရှောက်ကြရလေသည်။ တန်ဖိုးမြင့်လေ အန္တရာယ်များလေဖြစ်ချေ၏။

ဇမ္ဗူရစ်ရွှေစင်ပမာ သန့်စင်လှသော မြတ်ဗုဒ္ဓ ၏ ထေရဝါဒ သာသနာတော်မြတ်ကြီး လည်း အကြိမ်ကြိမ် ဆေးကြော သန့်စင်ခဲ့ရလေ၏။ ထို့ကြောင့် မည်သည့်ပညာရှင်မဆို မှတ်ကျောက် တင်ခံနိုင်၏။ "အချိန်မရွေး လာလှည့်၊ ရှုလှည့်၊ စား သုံးလှည့်" ဟု ဖိတ်ခေါ်နိုင်စွမ်းရှိ၏။ ထိုသို့ တန်ဖိုး ကြီးလှသော ထေရဝါဒ သာသနာတော်မြတ်ကြီးကို လည်း အန္တရာယ် အသွယ်သွယ်တို့ကြားမှ မကွယ် ပျောက်ရအောင် ရှေးအဆက်ဆက် သူရဲကောင်း၊ လဇ္ဇီသူမွန်ဆရာဒါယကာတို့နှင့် ပရိသတ် လေးပါးတို့ သည် ခက်ခဲစွာပင် စောင့်ရှောက်ခဲ့ကြရလေသည်။

## သဒ္ဓမ္မသုံးဖြာ. မြတ်သာသနာ

သုံးလောကထွတ်ထား မြတ်စွာဘုရားသည် ဘဝါဘဝမှစ၍ ပါရမီတော် သုံးဆယ်၊ စွန့်ခြင်းကြီး ငါးပါး၊ စရိယသုံးပါးတို့ကို ဖြည့်ကျင့်တော်မူကာ ခက်ခဲစွာ ကျင့်ကြံပွားများအားထုတ်ပြီးနောက် မဟာ သက္ကရာဇ် ၁၀၃-ခုတွင် သဗ္ဗညု ဘုရားအဖြစ်သို့ ရောက်၍ လောကသုံးပါး၏ အားထားပူဇော်ရာ မဟာဆရာတစ်ဆူလည်းဖြစ်တော်မူခဲ့၏။

ဘုရားအဖြစ်သို့ရောက်တော်မူပြီး၍ အ,အား နေတော်မမူ၊ လောကသုံးပါးအတွက် မြို့ရွာနိဂုံး ဇနပုဒ်တို့ပါမကျန် ကြွချီတော်မူလျက် ဆည်းပူးအပ် ပြီးသော ပါရမီရှင်တို့အတွက် မဂ်ဖိုလ် နိဗ္ဗာန် အသီး အပွင့်တို့ကို တိုက်ကျွေးတော်မူ၏။ ပါရမီ မရင့်ကျက် သေးသူ များဖိုလ်လူတို့အတွက် လူ, နတ်, ဗြဟ္မာသမ္ပတ္တိကိုပေးတော်မူ၍ သက်တော် (၈၀)၊ ဝါတော် (၄၅)ဝါတွင် ခန္ဓပရိနိဗ္ဗာန် ဝင်စံ တော်မူလေသည်။

ပရိနိဗ္ဗာန်ဝင်စံပြီးသော်လည်း နောင်လာ ပစ္ဆိမဝေနေယျတို့အတွက် ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဓ ဟူသော သဒ္ဓမ္မသုံးဖြာသာသနာတော် သုံးရပ်ကို ကိုယ်တော်စားအားဖြင့် ထားရစ်တော်မူလေသည်။

ထိုသုံးဖြာသော သာသနာတော်သည် မဇ္ဈိမ ဒေသအပါအဝင် ပစ္စန္တရစ်များပါမကျန် ယနေ့တိုင် တည်တံ့၍ ပြန့်ပွားတော်မူခဲ့သည်။

## ကျင့်ကြံလိုက်နာ, စည်ပင်ဖြာ

အချို့သော အရပ်တို့တွင် သင်အံပို့ချ၊ ကျင့်ကြံ ပွားများအားထုတ်သူများ၍ သီလ, ပညာ ဟူသော တရားထူးတရားမြတ်များ ထွန်းပခဲ့သည်။ သဒ္ဓါ စသော သူတော်ကောင်းတရား အားကောင်း သည့် မင်း၊ မူးမတ်တို့က ချီးမြှောက်အားပေးသည့် သာသနာတော်မြတ်ကြီးသည် နေလအသွင် ထွန်းလင်း တောက်ပခဲ့ လေသည်။တစ်ရံတစ်ခါလည်း ကျင့်ကြံ အားထုတ် သူရှားပါး၊ ချီးမြှောက်သူနည်းပါးကာ ဖျက်ဆီးသူများ ပေါ်ပေါက် အလင်းရောင်ကွယ်ပ အမှောင်ထုသို့ ကျရောက်ခဲ့ရလေသည်။

ထိုတွင် မြန်မာနိုင်ငံသည်လည်း ပါဝင်ခဲ့ရ လေသည်။ မြန်မာ့ထေရဝါဒ သာသနာတော်မြတ် သည် ရံခါ ပန်းမွေ့ရာရွှေကော်ဇောတွင် လျှောက်လှမ်း ခဲ့ရ၍၊ ရံခါလည်း အန္တရာယ်ပြွမ်းသော ဆူးခင်းသော

လမ်းမှ လျှောက်လှမ်းခဲ့ရလေသည်။

မြန်မာနိုင်ငံသို့ မြတ်ဗုဒ္ဓ၏ သာသနာတော်မြတ်သည် သမိုင်းမတင်မီ (သို့မဟုတ်) အနော်ရထာမင်းမတိုင်မီ (သို့မဟုတ်) အတည်တကျ အခြေကျစွာ မခိုင်ခံ့မီက လေးကြိမ် ကြွရောက်တော်မူခဲ့သည်ဟု သမိုင်းပညာရှင်အများစုက လက်ခံကြသည်။

## လေးကြိမ်သာသနာ, ကြွရောက်လာ

ဗုဒ္ဓမြတ်စွာ သဗ္ဗညုတဉာဏ်တော်ကို ရရှိတော်မူ၍ သတ္တဌာနတွင် စံတော်မူခိုက် ဥက္ကလာပသား ညီနောင်တို့သည် ဖူးမြင်ခွင့်ရကာ ဒွေဝါစိကသရဏဂုံတည်၍ ဆံတော်ရှစ်ဆူ ချီးမြှင့်လိုက်သည့်အခါက တစ်ကြိမ်-

ဗုဒ္ဓမြတ်စွာ ရှစ်ဝါအရတွင် သထုံပြည်သားဂဝံပတိမထေရ်၏ ပင့်လျှောက်ချက်အရ ကြွချီတော်မူ၍ ဆံတော် ၆-ဆူ ပေးစွန့်တော်မူသည့်တစ်ကြိမ်-

ဝါတော် ၂၀-တွင် သုနာပရန္တတိုင်းသားအရှင်ပုဏ္ဏမထေရ်ပင့်ဆောင်၍ ဝါဏိဇ္ဇဂါမသို့ ကြွချီတော်မူကာ ခြေတော်ရာ၂-ဆူ ချီးမြှင့်တော်မူသည့်တစ်ကြိမ်နှင့် မြတ်ဗုဒ္ဓနိဗ္ဗာန်ဝင်စံ၍ သာသနာနှစ်(၂၃၅)တွင် သောဏမထေရ်နှင့် ဥတ္တရ မထေရ်တို့ သုဝဏ္ဏဘူမိ (သထုံပြည်)သို့ ကြွရောက် သာသနာပြုချိန်အားဖြင့် လေးကြိမ်ဟုဆိုကြသည်။

ထိုမထေရ်မြတ်တို့၏ စွမ်းဆောင်မှုကြောင့် မြန်မာထေရဝါဒ သာသနာတော် အုတ်မြစ်ခိုင်ခန့်၍ သာသနာ့အနွယ် မထေရ်များ အဆက်ဆက် တည်ခဲ့ကြောင်းကို သမိုင်းအရ ဆက်စပ်၍ သိနိုင်သည်။

သီရိခေတ္တရာ၊ ပျူစသည့် မြန်မာတိုင်းနိုင်ငံတို့တွင်လည်း ဗုဒ္ဓသာသနာတော်သည် တစ်စွန်းတစ်စ ရောက်ရှိခဲ့သည်ကို လေ့လာတွေ့ရှိရလေသည်။ သို့သော် ထိုအချိန်ကာလများတွင် သာသနာတော်၏ အခြေခံအုတ်မြစ်ဖြစ်သည့် စာပေပရိယတ်ကျမ်းဂန်များ မထင်ရှား၊ မဖော်ထုတ်နိုင်ခဲ့၍ ကျယ်ပြန့်မှုမရှိခြင်းတို့ကြောင့် ကြာရှည်စွာ ရပ်တည်နိုင်ခွင့်မရဘဲ ရှိခဲ့သည်ကို လေ့လာရသည်။

တစ်နည်းသော် ထိုခေတ်သာသနာသည် အုတ်အရောရော၊ ကျောက်အရောရော ဖြစ်၍ အမှားအမှန်, အဆိုးအကောင်း ခွဲခြမ်း ဝေဖန်နိုင်သည့် ပရိယတ္တိစာပေ ရွေချိန်ခွင် မရှိသေး၍ သာသနာ မတည်တံ့နိုင်ခဲ့ကြောင်းကို လေ့လာတွေ့ရှိရပါသည်။

## ထေရဝါဒသာသနာ, ရှင်အရဟံနဲ့ အနော်ရထာ

သာသနာတော်နှစ် (၁၅၈၈)ခု- (အေဒီ-၁၀၄၄၊ (၁၁-ရာစုခေတ်ဦး)တွင် ပုဂံတွင်နန်းတက်သော အနော်ရထာမင်း လက်ထက်တွင် ထေရဝါဒသာသနာတော်မြတ်သည် စည်ပင် ပြန့်ပြောဖို့ တစ်ဆစ်ချိုးသို့ ရောက်ခဲ့ရပေပြီ။

ပုဂံတွင် အနော်ရထာမင်း နန်းသက်(၉)နှစ် သို့အရောက် သုဝဏ္ဏဘူမိ (သထုံပြည်)မှ အရှင် အရဟံ (ဓမ္မဒဿီ) ရဟန္တာမထေရ်မြတ် ပုဂံသို့ ကြွရောက်တော်မူလာသည်။

ထိုအချိန်ကာလတွင် ပုဂံတွင် (ပေါက္ကံပြည်ကို စတင်၍ တည်ခဲ့သော သမုဒ္ဒရာဇ် မင်းလက်ထက်မှစ၍) အနော်ရထာမင်းအထိ နှစ်ပေါင်း ၈၅၉-တိုင်၊ အရည်းကြီးခေါ် ရှင်ယောင်တို့ ကြီးထွားလျက် ရှိကြသည်။ အရည်းကြီးတို့သည် သိက္ခာမတင်၊ သိမ်မဝင်ကြ၊ (တစ်နည်း) ဝိနည်းမပါ၊ အကျင့်ဗလာဖြင့်၊ ရွံစရာဖြစ်၍ ရှင်မမည်၊ ရဟန်းမဟုတ်၊ မသူတော်သူယုတ်တို့၏ အမူအရာတို့ကို ဆောင်လျက်ရှိကြသည်။ (သူတို့၏ အကျင့်ပျက်ပုံများကား သိကြပြီး ဖြစ်၏)။ အရည်း (ခေါ်) ရှင်ယောင်တို့သည် လွန်စွာများကြ၍၊ သမထီးအရပ်မှာ နေကြသည်ဟုဆို၏။ အကြီးအမှူး ခေါင်းဆောင်(၆၀)ကျော်နှင့် နောက်လိုက် တပည့်ပေါင်း(၆၀၀၀၀)ကျော်ရှိ၏။ ထိုအရည်းတို့သည် မူလအစက ထေရဝါဒ (ရဟန်းကောင်း) များ မဟုတ်ကြသော်လည်း မင်းညီမင်းသားများ ပြည်သူတို့အား ပညာသင်ကြားပေးသည့် သင့်တင့်သော ကျင့်စဉ်ကောင်းများ ရှိကြသည်၊ နောက်မှ တန္တရ၊ မန္တရစသည့် အကျင့်ပျက်များ ဝင်ရောက်လာခြင်း၊ အချို့သော ပုဂံပြည့်ရှင်တို့သည် အရည်းလူထွက်များဖြစ်၍ လာခြင်းတို့ကြောင့် 'အတ္တ'တွေ ရှေ့တန်းရောက်ကာ ပျက်စီးချင်တိုင်း၊ ပျက်စီးသောင်းကျန်းကြသည်ဟု ဆိုသည်။

အနော်ရထာမင်းနှင့် ရှင်အရဟံမထေရ်မြတ်တို့ တွေ့ဆုံပြီးနောက်မှသာ ရှင်အရဟံမထေရ်မြတ်၏ ဩဝါဒကိုခံယူ၍ ရှင်ယောင်တို့ကို သန့်စင်ရှင်းလင်းကာ၊ စင်ကြယ်သန့်ရှင်းသော "ထေရဝါဒ" သာသနာတော် အုတ်မြစ်ကို တည်ဆောက်နိုင်ခဲ့သည်။

သထုံပြည်မှ ပိဋကတ်ကျမ်းစာများကို ယူဆောင်၍လည်း သာသနာတော်၏ အမှောင်ကို အလင်းသို့ ပို့ဆောင်နိုင်ခဲ့သည်။ အရည်းတို့နှင့် အဆက်အနွယ်အားလုံး မြေလှန်နိုင်ခဲ့သည်။ အချို့သော အရည်းတို့သည် ဘုရင့်အာဏာစက်နှင့် ဝေးရာသို့ လွင့်မြောခဲ့ကြသည်။

ရွှေစစ်တို့ပေါ်လာချိန်တွင် ရွှေတုများကွယ်ပကြသလို၊ အတုအယောင်တို့သည် အဝေးသို့ လွင့်ကြသော်လည်း ရွှေစစ်တို့အားနည်းချိန်တွင် ရွှေတုတို့ ပေါ်လာတတ်ကြသည်ကို သတိထားရမည်။ ထိုရှင်ယောင် အရည်းနွယ် တို့သည် မြန်မာ့ရာဇဝင်တွင် (ပုဂံပျက်ပြီးနောက်) အနည်းငယ်ပေါ်ပေါက်ခဲ့ကြသည်။ အချို့ဆရာတို့က အရည်းနွယ်များ (အချို့သော နယ်ခွန်တို့တွင်) ယနေ့တိုင် ရှင်သန်နေသည်ဟုဆိုသည်။

**အန္တရာယ်ကြားက. သယ်ဆောင်ကြ**

ပုဂံမင်းဆက် ၅၅-ကြိမ်မြောက် နောက်ဆုံးမင်း ကျော်စွာလက်ထက်တွင် (ကောဇာ-၆၇၄) သာသနာတော်နှစ် (၁၈၅၆)အရောက် မြင်းစိုင်းညီနောင်သုံးဦးက ပုဂံမင်းကျော်စွာကို နန်းချ၍ ပင်းယကိုတည်ထောင်လိုက်ကြသည်။

ထိုခေတ်တွင်လည်း သာသနာတော် အဆိုးအကောင်း ဒွန်တွဲလျက်ရှိခဲ့သည်။ ထေရဝါဒ

သာသနာတော် စည်ပင်ထွန်းအားကောင်း၍ 'ရဟန္တာ' အရှင်မြတ်များ ပေါ်ထွက်ခဲ့ကြသည်။ တစ်ဖက်ကလည်း ပုဂံခေတ် အကြွင်းအကျန် အရည်းရှင်ယောင်များ ပေါ်ထွက်ခဲ့ကြသည်။ ပင်းယခေတ် ပွဲကျောင်းဂိုဏ်းများ ပေါ်ထွက်၍ လက်ဒေ့ သတ်သံဃရာဇာ (ပထူးကြီး သံဃရာဇာ) စသည်တို့ ပေါ်ထွက် ရှင်သန်ခဲ့ကြသည်။

သို့သော်လည်း သီလ, သမာဓိ, ပညာ အားကောင်းထက်သန်တော်မူကြသည့် အရှင်ကောင်း လဇ္ဇီသူမွန်တို့နှင့် သူတော်စင် ဒါယကာ၊ ဒါယိကာမ အပေါင်းတို့က ညီညွတ်စွာဖြင့် အန္တရာယ်ကြားမှပင် သာသနာတော်မြတ် ဖြစ်သည့် သူတော်ကောင်းတရား (ဘုရားအဆုံးအမ)တို့ကို လက်ဆင့်ကမ်း သယ်ဆောင်ခဲ့ကြသည်။

**ဘုရင်လူမိုက်, သာသနာတော်ကို မီးနဲ့တိုက်**

သက္ကရာဇ် (၈၈၅)ခုတွင်၊ အင်းဝတွင် သိုဟန်ဘွား နန်းတက်၍ (၈၈၈)ခုတွင် (မူကွဲ ၉၀၁ခု) နေပြည်တော်ဝန်းကျင်မှာ သီတင်းသုံးကြသည့် ရဟန်းတော်ပေါင်း (၁၃၀၀)ကျော်တို့အား ဆွမ်းကျွေးဟန်ပြု၍ သတ်ပစ်ခဲ့သည်။ ပိဋကတ်တော်များနှင့် ကျောင်းတန်ဆောင်းတို့ကိုပါ မီးရှို့ပစ်သည်။

ထိုအထဲတွင် သီလသိက္ခာပြည့်ဝ၍ ကျမ်းတတ်အကျော် လဇ္ဇီသူမွန် မထေရ်မြတ်အပါး (၃၀) ကျော် ပါဝင်ခဲ့သည်။ အချို့ ကျမ်းဂန်အကျော် ဆရာတော်တို့သည် တပည့်တို့နှင့်အတူ တောင်ငူသို့ ထွက်ပြေး လွတ်မြောက်တော်မူခဲ့ကြသည်။

ထိုစဉ်ကလည်း လဇ္ဇီသူမွန်တို့သည် အန္တရာယ်ကြားမှ အသက်ကိုစွန့်၍ ပိဋကတ်စာပေများကိုမပျောက်ပျက်ရအောင် သာသနာတော်မြတ်ကို စောင့်ရှောက်တော်မူခဲ့ကြသည်။ မထေရ်မြတ်တို့ ကျေးဇူးကြီးမားလှပေသည်။

**ပရိယတ္တိအားနည်း, မှား,မှန်မကွဲ**

သာသနာတော်နှစ် ၂၂၄၃-ခု၊ (ကောဇာ ၁၀၆၀-ခုတွင် အင်းဝတွင် နန်းတက်သော ရန်အောင်ရတနာမင်းထက် အတင်ဂိုဏ်းနှင့်အရုံ ဂိုဏ်းကွဲပြားကြသည်။ ဆရာစဉ်ဆက်လိုက်၍ တပည့်စဉ်ဆက် ကွဲကြသည်ဟုဆိုသည်။ ဆရာတော်တစ်ပါးကလည်း ဂါမဝါသီရဟန်းများကို စုဆောင်း၍ ဦးထုပ်၊ ဒေါက်ချာဆောင်းအဖွဲ့တစ်ဖွဲ့ကို တိုးလိုက်ပြန်သည်။

ထိုသို့ကွဲရသည်မှာ အချို့သောရဟန်းတို့၏ ပရိယတ်အားနည်းခြင်း ပရိယတ်ကျွမ်းကျင် လိမ္မာသော်လည်း "အဂတိ" လိုက်စားခြင်း၊ ဘုရင်တို့ကိုယ်တိုင်ကလည်း ဆန္ဒ ဒေါသ မောဟစသည့် "အဂတိ"တရားလိုက်စား၍ မိုက်မှားခြင်းတို့ကြောင့်ဖြစ်သည်။

ထိုပြဿနာကို သီလ,သမာ,ပညာ အားကောင်းသည့် ဆရာတော်တို့သည် ဘကြီးတော်စစ်ကိုင်းမင်းလက်ထက်တွင် ဖြေရှင်းပြေလည်နိုင်ခဲ့သည်။ ထို ပြဿနာအကွဲသည် မပြေပလောက်

သော်လည်း မင်း (၉)ဆက်တိုင် နှစ်ပေါင်း (၁၂၀) ကျော်ကြာခဲ့သည်ဟု ဆိုသည်။ သာသနာမျိုးဆက်တို့ သည် သတိထား၍ သံဝေဂပွားစရာပင်ဖြစ်သည်။

ကုန်ဘောင်မင်းဆက် အလယ်နှင့်နောက်ပိုင်း တွင်ကား လင်္ကာသူမွန်မထေရ်မြတ်များ သာသနာ တော် လွန်စွာစည်ပင်၍ ကျမ်းတတ်အကျော်များ၊ ဂန္ထဓုရ, ဝိပဿနာဓုရဆောင်အရှင်မြတ်များ ပေါ်များ ခဲ့၍ 'ရဟန္တာ' အရှင်များပင် ပေါ်ထွက်ခဲ့သည်။

လူ့ဥပဒေနဲ့စီမံ, ရဟန်းတို့လက်မခံ

ကောဇာသက္ကရာဇ် (၁၂၄၇)သို့ အရောက် တွင် ကုန်းဘောင်နောက်ဆုံးမင်းဆက် ပါတော်မူ၍ သာသနာတော်အရှိန်အားသေး၍ မှိန်ခဲ့ရသည်ဟု ဆိုသည်။ သို့သော် သမိုင်းဆရာတို့က "အင်္ဂလိပ် အစိုးရ၏ အုပ်ချုပ်ရေးပရိယာယ်ပါးနပ်မှုကြောင့် (ဗုဒ္ဓ သာသနာတော်)အခြေသိပ်မဆိုးလှ"ဟုဆိုကြသည်။ အချို့က လက်မခံကြပေ။

မဇ္ဈိမဒေသ (ဗုဒ္ဓပွင့်တော်မူရာ၊ ဗုဒ္ဓသာသနာ စတင်ရာ)စသည်တို့ကဲ့သို့ (အာဏာရ) ဘာသာခြား မင်းတွေသည် ဗုဒ္ဓသာသနာတော်ကို မြေလှန်၍ပစ် သကဲ့သို့ မပြုလုပ်သည့်အတွက်ဟု ဆိုကြသည်။ ထို အမြင်သည် မှန်သည်ဟု ယူမိပေသည်။

ဗုဒ္ဓသာသနာဝင် ဆရာ,ဒါယကာတို့ ညီ ညွတ်ကြခြင်း သီလ, သမာဓိ, ပညာတို့ အားကောင်း ကြသည့်အတွက်လည်း ပါဝင်ပေမည်။

အိန္ဒိယဘုရင်ခံချုပ် (လော့ဒပ်ဖရင်) ကိုယ် တိုင်ကလည်း မြန်မာနိုင်ငံသို့ လာရောက်၍ "သာသနာရေးကိစ္စကို (သူတို့) အင်္ဂလိပ်အစိုးရက တစ်စုံတစ်ရာ ပါဝင်စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်း ပြုမည်မဟုတ်၊ ဆရာတော်များက ဆက်လက်၍ တာဝန်ယူကြပါရန် နှင့် ဘေးရန်ပေါ်လာပါကသူတို့ (အင်္ဂလိပ်အစိုးရ)က အကူအညီပေးမည့် အ ကြောင်း"တို့ကို ဆရာတော်များအား လျှောက်ထား ခဲ့သည်။ သီပေါမင်းပါတော်မူပြီး (၄)လမြောက်တွင် လျှောက်ထားချက်ကို ထောက်ဆသော် အထက်ပါ ဆရာတို့အမြင် မှန်ကန်သည်ကို တွေ့ရပေသည်။

ထိုစဉ်ကလည်း ဗုဒ္ဓ သာသနာတော်မြတ် သည် ခြေရာ, လက်ရာ မပျက်တည်ရှိခဲ့၍ စွယ်စုံ ပညာရှင် ရဟန်းပညာတတ်များ ပေါ်ထွက်ခဲ့၍ ဓုရနှစ် ဖြာ ရှင်သန်အားကောင်းခဲ့သည်ဟု ဆိုရပေမည်။

သီလသမာ, ညီညွတ်ပါက
လူမိုက် နောက်ဆုတ်ရ

သာသနာတော်နှစ် ၂၄၇၂-ခုတွင်၊ (ကော ဇာ ၁၂၉၀-ခုတွင်)သူကျွန်ဘဝဖြင့် နှစ်ပေါင်း ငါး ဆယ်ခန့်အရောက် အင်္ဂလိပ်လက်ကိုင်တုတ်၊ မြန်မာ အလိုတော်ရိ လက်ပါးစေအချို့ဖြစ်သည့် (မောင်မြို့၊ မောင်ရွှေနှင့် မောင်ပန်းမောင်တို့က) သံဃာတော် တို့အား (လူ့ဥပဒေ) အက်ဥပဒေချမှတ်၍ပေးရန် အင်္ဂလိပ်အစိုးရအား တောင်းဆိုကြသည်။

ထိုဥပဒေကို မြန်မာဗုဒ္ဓဘာသာဝင် ရဟန်း, ရှင်, လူ တစ်သောင်းခန့်တို့၏ မျက်မှောက်စုံညီတွင်

တားမြစ်, ကန့်ကွက်, ပယ်ဖျက်ခြင်းနှင့်တကွ သာသနာတော်နှင့် စပ်လျဉ်းသည့် ဥပဒေဟူသမျှ မည်သည့်ဥပဒေမျိုးကိုမျှ မပြုလုပ်ရ"ဟူ၍ တစ်ခဲနက် တောင်းဆိုဆုံးဖြတ်ကြသည်။

ထိုအချိန်မှစ၍ လူထုရှေ့မှောက်တွင် ပြန်လည်၍ ရုပ်သိမ်းသွားသည်။ ထိုသည်လည်း သာသနာတော်အတွက် အန္တရာယ် ဆူးငြောင့်တစ်ခု ဖြစ်၍၊ သီလ, သမာစသည့် သူတော်ကောင်းတရားတို့ဖြင့် ပြန်လည် အနိုင်ယူခဲ့ကြခြင်းဖြစ်သည်။ ဆရာနှင့်ဒကာ တို့၏ ညီညွတ်မှုကို ပြသနိုင်ခဲ့သည်။

ထိုမှ နောက်၌ မြန်မာတို့၏ သဒ္ဓါတရားစစ်၊ စေတနာမှန်တို့ကြောင့် ထေရဝါဒ သာသနာတော်မြတ်သည် အားကောင်းစည်ပင်ခဲ့ရသည်။ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓဟူသော၊ သာသနာ သုံးရပ်တောက်ပြောင် ထိန်ညီးခဲ့ရသည်။ လွပ်လပ်ရေး ခေတ်ဦး၊ ခေတ်လယ်၊ ခေတ်နှောင်း အထိဟု ဆိုရပေမည်။ (အနည်းငယ်သော သာသနာ့ အန္တရာယ် များကို ချန်လှပ်၍ ထားခဲ့သည်)။

သာသနာရောင်, ထွန်းလင်းပြောင်ပြီ

သာသနာတော်မြတ်ကြီးကို အားတက်သရော အားထုတ်ကျင့်ကြံသူ၊ အားပေးထောက်ပံ့သူတို့ဖြင့် စည်ပင်ဝပြော၍ လာခဲ့သည်။ လွပ်လပ်ရေးရပြီး နှစ်ပေါင်း (၃၀)ကျော်ခန့်အကြာတွင် သာသနာဝန်ထမ်းတို့ အထူးများပြားလာသည်။ ထိုအခါ သဒ္ဓါပဗ္ဗဇိတတို့အလယ်တွင် ဘယာပဗ္ဗဇိတများ ရောနှော၍ လာကြသည်။ ရွှေစစ်တို့ ဈေးကောင်းချိန်တွင် ရွှေရတုများ ပေါ်ပေါက်လာကြသကဲ့သို့ပင် ဖြစ်သည်။

ထိုအခါ မိသားစုများဖြစ်သော အိမ်ထောင်တွင် ဆုံးမရန် မလွယ်ကူသည့်အလားဖြစ်လာသည်။ မိသားစုထဲမှ အယူအဆ, အတွေးအခေါ် ခံယူချက်တို့ အမျိုးစုံ ပေါ်လာရသည်။ အချို့သော သာသနာ့ဝန်ထမ်းတို့သည် အလွယ်လမ်းလိုက်၍ ဓမ္မနှင့်မလျော်ညီသော အဖွဲ့အစည်း, အတွေး အယူများကို တည်ထောင်လာကြ၍ သာသနာတော်အတွက် အန္တရာယ်များ ပေါ်ပေါက်လာခဲ့ပေသည်။

ထိုထိုသော အကြောင်းတို့ကြောင့် သားကောင်း သမီးများအတွက် စိတ်ချမ်းသာကြစေရန်၊ အန္တရာယ်ကင်းဝေးကြစေရန်၊ သားဆိုးသမီးဆိုးများကို လိမ္မာကြစေရန် တရားနည်းလမ်းကျဆုံးမ သွန်သင်ဘို့ရန်အတွက် နည်းလမ်းကောင်းကို ရှာကြံကြရသည်။ ဗုဒ္ဓမြတ်စွာသည် 'ရှင်ရဟန်းကောင်းတို့အတွက် အကာအကွယ်ပေး၍ ချမ်းသာမှုရှိစေရန် ဝိနည်းသိက္ခာပုဒ်များ ပညတ်တော်မူရသကဲ့သို့' လဇ္ဇီသူမွန် ရှင်ရဟန်းကောင်းတို့ အေးချမ်းစွာ ဓုရနှစ်ဖြာ ဆောက်တည် နိုင်ကြစေရန် "အားကိုးရသည့် မိကောင်းဖကောင်းတို့" အထူးလိုလာသည်။

နိုင်ငံတော်၏ အကူအညီဖြင့် သာသနာ့ဖခင်ကောင်းသဖွယ်ဖြစ်သည့် တည်ငြိမ်လေးနက်ခိုင်ခံ့သော သာသနာ့ဦးသျှောင်မထေရ်မြတ် (၆၆)ပါးကို ဦးစွာ ပထမရွေးချယ်ခဲ့ကြသည်။ ပြည်နယ်နှင့်တိုင်း (၁၄)ခုတို့မှ မြန်မာနိုင်ငံအတွင်း မှီတင်း နေထိုင်ကြ

သော (တရားဝင်) သံဃာ့ဂိုဏ်းကြီး (၉)ဂိုဏ်းတို့၏ ရှေ့ဆောင်ဖြစ်သည်-

"သာသနာတော် သန့်ရှင်း တည်တံ့ပြန့်ပွား ရေး ဂိုဏ်းပေါင်းစုံ" အဖွဲ့ကြီးသည် ၁၃၄၂-ခု (၁၉၈၀-ခု)တွင် နေအသွင် လပမာ ပေါ်ထွန်း၍ လာခဲ့ရပေပြီ။


### လဒ္ဓိသူတော်ကောင်း ချမ်းသာကြောင်း

ထိုအဖွဲ့ကြီးသည် မြန်မာ့ထေရဝါဒ သာသနာ ရှင်ရဟန်းကောင်း လဒ္ဓိသူမွန်တို့၏ အားထားရာ တစ်ခုအဖြစ် ရှေ့ဆက်၍ ရာသက်ပန် ရပ်တည်နေ ပေဦးမည်။

အဆိုပါ အဖွဲ့ကြီးပေါ်ပေါက်ခဲ့သည်မှာ ယနေ့ ဆိုလျှင် နှစ်ပေါင်း (၂၅)နှစ် ငွေရတုသို့ပင် တိုင်ခဲ့ပေပြီ။ ၂၅နှစ်အတွင်း မသန့်ရှင်းသော၊ အယူ လွဲနေသော အဖွဲ့များ၊ သာသနာ့အညစ်အကြေး များကို ဓမ္မ, ဝိနယနှင့်အညီ စိစစ်၍ သန့်စင် လမ်းမှန်သို့ ရောက်နိုင်ခဲ့သည်။ မသန့်ရှင်းသော ဘာသာရေး ကို ဘမ်းပြ၍ မစင်ကြယ်သော အမှုကို ပြုနေသူများ၊ လမ်းမှားသို့ ရောက်နေကြသူ လက်ကျန်များ၊ ဘာသာသာသနာကို ဂုဏ်ယုတ်စေသူ လက်ကျန် များကိုလည်း "မသူတော်တို့အား မကောင်းမီ တရား လမ်းပြကြရပေဦးမည်။ အဖွဲ့ကြီးသည် သာသနာ၀င် ရှင်ရဟန်းလူပြည်သူတို့ အား အမှားအမှန်ကို သိမြင် လာကြအောင် မီးရှူး တန်ဆောင်ပမာ အလင်းရောင် ကို ဆက်လက်၍ ထွန်းပြောင်ကြရပေဦးမည်။

ဤမျှဖြင့် ရှင်အရဟံမထေရ်မြတ်နှင့် အနော်ရထာမင်းတို့မှစတင်ခဲ့သော မြန်မာ့ထေရဝါဒ သာသနာတော်၏ နှစ်တစ်ထောင် ခရီးလမ်းမှ ဆူးညှောင့်အန္တရာယ်များနှင့် အုံမခန်းဖွယ်ရာ ဖြစ် သော သံဃာ့အဖွဲ့အစည်းကြီး၏ အကြောင်းကို တစ်စိတ်တစ်ဒေသ ရေးသားမှတ်တမ်းပြု၍ဂုဏ်ပြု ပူဇော်လိုက်ရပေသည်။

စလင်းမောင်မွေးကြိုင်



# ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းဝေးကြီး အောင်မြင်မှု၏ အကျိုးကျေးဇူးများ

ဦးသိန်းအောင်(ဗာရာဏသီ)

သာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးကို ၁၃၄၂-ခုနှစ်၊ နယုန်လဆန်း ၁၁-၁၂-၁၃-၁၄ ရက် (၁၉၈၀-ပြည့်နှစ်၊ မေလ ၂၄-၂၅-၂၆-၂၇-ရက်) နေ့များတွင် ဆဋ္ဌသံဂါယနာ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ၄-ရက်တိုင်တိုင် အောင်မြင်စွာကျင်းပခဲ့ပါသည်။ မြန်မာနိုင်ငံ သာသနာ့သမိုင်းတွင် မကြုံစဖူး ထူးကဲလှစွာ သာသနာ့ဂိုဏ်းကြီး ၉-ဂိုဏ်း၏ ညီညွတ်မှုကို ရရှိခဲ့ပါသည်။ "သုခါ သံဃဿ သာမဂ္ဂီ" ဆိုသည့်အတိုင်း သံဃာတော်များ၏ စည်းလုံးညီညွတ်ခြင်းသည် ချမ်းသာခြင်း၊ ချမ်းသာခြင်း၏ အကြောင်းဖြစ်ပါသည်။

သာသနာတော်သန့်ရှင်း တည်တံ့ ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး အောင်မြင်စွာ ပြီးစီးခြင်း အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ တောင်ဘက်ရှိ ဓမ္မရက္ခိတ ကုန်းတော်မြတ်၌ မဟာဝိဇယ ဘွဲ့တော်ရှိသော ဘုရားပုထိုးတော်ကြီးကို တည်ထားကိုးကွယ်တော်မူသည်။

ဂိုဏ်းပေါင်းစုံ သံဃာ့ အစည်းအဝေးကြီး အောင်မြင်စွာ ပြီးစီးသောအခါ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းကို ၁၃၄၂-ခုနှစ်၊ နယုန်လဆန်း ၁၂-ရက် (၁၉၈၀-ပြည့်နှစ်၊ မေလ ၂၅-ရက်)နေ့တွင် ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးက အတည်ပြု ပြဋ္ဌာန်းခဲ့ပါသည်။

သံဃာ့အဖွဲ့အစည်းလုပ်ထုံးလုပ်နည်းများကို ၁၃၄၂-ခုနှစ်၊ နယုန်လဆန်း ၁၃-ရက် (၁၉၈၀-ပြည့် နှစ်၊ မေလ ၂၆-ရက်) နေ့တွင် ပထမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေးကြီးက အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။ထိုသံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့်သံဃာ့အဖွဲ့အစည်း လုပ်ထုံး လုပ်နည်းများ အရ သံဃာ့အဖွဲ့အစည်းအသီးသီးကို ဖွဲ့စည်းခဲ့လေသည်။

ဋ္ဌင်းအပြင် အမှုအခင်းများနှင့်ပတ်သက်၍ အဆုံးအဖြတ် ပေးနိုင်ရန်အတွက် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်း ဆုံးဖြတ်ရေးဆိုင်ရာ

သာသနာတော်သန့်ရှင်း တည်တံ့ ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး အောင်မြင်စွာ ပြီးစီးခြင်း အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ တောင်ဘက်ရှိ ဓမ္မရက္ခိတ ကုန်းတော်မြတ်၌ မဟာဝိဇယ ဘွဲ့တော်ရှိသော ဘုရားပုထိုးတော်ကြီးကို တည်ထားကိုးကွယ်တော်မူသည်။

လုပ်ထုံးလုပ်နည်းများကို ၁၃၄၂-ခုနှစ်၊ နယုန်လဆန်း ၁၄-ရက် (၁၉၈၀-ပြည့်နှစ်၊ မေလ ၂၇-ရက်)နေ့တွင် ပထမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးက အတည်ပြုပြဋ္ဌာန်းပေးခဲ့ပါသည်။

ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးက မြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။ ယင်းအတည်ပြုပြဋ္ဌာန်းချက်များအနက်မှ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဆုံးဖြတ်ရေးနှင့်ပတ်သက်၍

ပြည်သူ့လွှတ်တော်သည် ဝိနည်းဓမ္မကံအဓိကရဏ်း မှုခင်းများဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ ဥပဒေ (၁၉၈၀-ပြည့်နှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေ အမှတ် ( ၃ )ကို ပြဋ္ဌာန်းလိုက်လေသည်။

ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး အောင်မြင်စွာ ပြီးမြောက်၍ သံဃာ့အဖွဲ့အစည်းများ ဖွဲ့စည်းပြီးသောအခါ လုပ်ငန်းများစတင်ဆောင် ရွက်ကြပါသည်။

ရှေးအခါက ဗုဒ္ဓဘာသာကို အစွဲကြီးသော လူအများနှင့် ဆရာတော်ကြီးများသည် ဘာသာခြား စာပေကို သင်ယူသူကို မိစ္ဆာဒိဋ္ဌိဟု ပြောဆိုခဲ့ကြ၏။ အထူးသဖြင့် အင်္ဂလိပ်စာကို သင်ကြားသော ရဟန်း ပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်များကို မိစ္ဆာဒိဋ္ဌိအယူဝါဒရှိသူဟု သမုတ်ခဲ့ကြ၏။

ရှေးအခါက ဗုဒ္ဓဘာသာကို အစွဲကြီးသော လူအများနှင့် ဆရာတော်ကြီးများသည် ဘာသာခြား စာပေကို သင်ယူသူကို မိစ္ဆာဒိဋ္ဌိဟု ပြောဆိုခဲ့ကြ၏။ အထူးသဖြင့် အင်္ဂလိပ်စာကို သင်ကြားသော ရဟန်း ပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်များကို မိစ္ဆာဒိဋ္ဌိ အယူဝါဒရှိသူဟု သမုတ်ခဲ့ကြ၏။

ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး အောင်မြင်စွာပြီးမြောက်၍ သံဃာ့အဖွဲ့အစည်း အသီးသီးပေါ်ပေါက်လာသောအခါ သံဃာ့ဦးသျှောင် ဆရာတော်ကြီးများသည် အယူဝါဒရေးရာနှင့် ဘာသာ စာပေစကားတို့ကို ခွဲခြားလာ၏။ အခြားသော ဘာသာ စကားသင်ကြားမှု အထူးသဖြင့် အင်္ဂလိပ်စာသင်ကြား မှုသည် အယူဝါဒရေးရာမဟုတ်၊ ဘာသာစာပေစကား သာ ဖြစ်သည်ဟု အတိအလင်း ဖော်ထုတ်ခဲ့၏။ ဖော်ထုတ်ရုံသာမက နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီးများကို မန္တလေးနှင့်ရန်ကုန် တွင် တည်ထောင်၍ ပိဋကဆိုင်ရာ အင်္ဂလိပ်စာပေဌာနဟူ၍ သီးသန့်ဌာနတစ်ခုထားပြီးလျှင် အင်္ဂလိပ်စာ သင်ကြား ခွင့်ကို ပြုခဲ့ပေသည်။

ၾ၎င်းအပြင် အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်ကြီးကို တည်ထောင်၍လည်း ဘာသာရပ်အားလုံးကို အင်္ဂလိပ်လို သင်ကြားပို့ချ၍ စာသင်သားအားလုံးကိုလည်း အင်္ဂလိပ်လို သင်ယူ လေ့လာစေခဲ့ပါသည်။ ဤသည်မှာ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး အောင်မြင်မှု၏အကျိုး များသာဖြစ်ပါသည်။

မျက်မှောက်ခေတ် သာသနာတော်၏ အခြေအနေကိုကြည့်ရှုသုံးသပ်လျှင် သာသနာတော်မြတ်ကြီး၏ဂုဏ်သိက္ခာနိမ့်ကျ ညှိုးနွမ်းဆုတ်ယုတ်သွားစေရန်လည်းကောင်း၊ သာသနာတော်မြတ်ကြီး ကွယ် ပျောက်သွားစေရန်လည်းကောင်း၊ ကျင့်ကြံလုပ်ဆောင်နေကြသူ, ပြောဆိုဟောပြောနေကြသူ, ရေးသားထုတ်ဝေနေကြသူ ရှင် လူ အချို့ပေါ်ထွက်ရှိသည်ကို မျက်ဝါးထင်ထင် တွေ့မြင်ကြားသိဖတ်ရှုနေကြရပေသည်။

ယင်းသို့ သာသနပစ္စတ္ထိက သာသနာ့ရန်သူ သာသနာ့အန္တရာယ်တို့ကို မတားဆီး မပိတ်ပင်ဘဲ လျစ်လျူရှု နေကြပါလျှင် တစတစ ကြီးထွား၍ သာသနာတော်မြတ်ကြီးသည်ပင် တိမ်းပါးပျက်စီးသွားနိုင်ပေသည်။ သုဘဒ်ရဟန်းကြီး၏ ပြောကြားချက်ကို သံဝေဂယူတော်မူပြီး အရှင်မဟာကဿပမထေရ်မြတ်ကြီးသည် သံဂါယနာတင်ရန် နှိုးဆော်ခဲ့ပါသည်။

ငါ့ရှင်တို့-

"မတရား အဓမ္မဝါဒီ မထွန်းပမီ၊

တရားဓမ္မတားမြစ်ပိတ်ပင်ခြင်း မခံရမီ၊

မဟုတ်မမှန်သော ဝိနည်းစည်းကမ်း မထွန်းပမီ၊

ဟုတ်မှန်သော ဝိနည်းတရား တားမြစ်ပိတ်ပင်ခြင်း မခံရမီ၊

အဓမ္မဝါဒီပုဂ္ဂိုလ်များ အင်အား မတောင့်တင်းမီ၊

ဓမ္မဝါဒီ ပုဂ္ဂိုလ်များ အင်အားမနည်းမီ၊

ဝိနည်း မလေးစား မလိုက်နာသူများ အင်အား မကောင်းမီ၊

ဝိနည်းလေးစားလိုက်နာသူများ အင်အား မနည်းမီ၊ ဓမ္မဝိနယကို ယခု ငါတို့ သံဂါယနာတင် ကြပါစို့"ဟူ၍ မိန့်ကြားတော်မူပြီး သံဂါယနာတင် တော်မူခဲ့ပါသည်။ သံဂါယနာ ၆-တန်အထိ တင်ခဲ့ပြီး နောက် သာသနာတော်ကြီး ဂုဏ်သိက္ခာ ညှိုးနွမ်း ဆုတ်ယုတ်သွားစေရန်လည်းကောင်း၊ သာသနာတော်မြတ်ကြီး ပျက်စီးကွယ်ပျောက်သွားရန်လည်းကောင်း၊ ကျင့်ကြံလုပ်ဆောင်ပြသူ၊ ပြောဆိုဟောပြောနေသူ၊ ရေးသားထုတ်ဝေနေသူ၊ ရဟန်း ရှင် လူ အချို့ပေါ်ပေါက်လာ၍ နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့ ဖွဲ့စည်း၍ စိစစ်ဆုံးဖြတ်ခဲ့ပါသည်။ ဥပမာ-ကျောက်သဘော်ဝါဒ, လူသေလူဖြစ်ဝါဒ, သမ္မာဒိဋ္ဌိသုတေသနဝါဒ, မိုးညိုဝါဒ, စသော ဝါဒများသည် ထေရဝါဒ ဗုဒ္ဓဘာသာနှင့် မညီညွတ်၍ ပိတ်နိုင်ခဲ့ပါသည်။

ဂိုဏ်းအပြင် သံဃာ့အဖွဲ့အစည်းမပေါ်မီက ကျောင်းကန်များ ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ အငြင်းပွားကာ မဆုံးဖြတ်နိုင်ဘဲ ရှိခဲ့ပါသည်။ အချို့ကျောင်းတိုက်များမှာ ချိပ်ပိတ်ထားရသော အဆင့်သို့ပင်

ရောက်ခဲ့၏၊ ထိုကျောင်း၊ ကျောင်းတိုက်များကိုလည်း ဝိနိစ္ဆယအသီးသီးဖြင့် စစ်ဆေးပြီး အဆုံးအဖြတ်ပေး နိုင်ခဲ့ပါသည်။ ထိုသို့ အဆုံးအဖြတ်ပေးနိုင်ခဲ့သဖြင့် လည်း ရဟန်းတော် သံဃာတော်များ ကိုယ်စိတ် နှစ်ဖြာ အေးချမ်းစွာ သီတင်းသုံးတော်မူနိုင်ခဲ့ပါသည်။

မိမိကိုယ်ကို တရားထူး တရားမြတ်ရသော ပုဂ္ဂိုလ်မဟုတ်ပါဘဲလျက် တရားထူး တရားမြတ်ရ သောပုဂ္ဂိုလ်များယောင်ဆောင်၍ ဟောပြောခဲ့သော ပုဂ္ဂိုလ်များကိုလည်း အရေးယူနိုင်ခဲ့ပါသည်။ ဥပမာ- စမ်းကလေးတောရဆရာတော်ကဲ့သို့သော ပုဂ္ဂိုလ် များကို အရေးယူနိုင်ခဲ့ပါသည်။

အထူးသဖြင့် အတွင်းပုပ်နေသော ပုဂ္ဂိုလ်များ ကိုလည်း ဖော်ထုတ်အရေးယူနိုင်ခဲ့ပါသည်။ အာယု- ဝဍ္ဎဒ ဆေးသိပ္ပံ သိမ်ဖြူဆရာတော်၊ စိန်ရောင်ခြည် ကျောင်းတိုက်ဆရာတော်များကဲ့သို့သော ပုဂ္ဂိုလ်များ ကို သာသနာ့ဘောင်မှ ဖယ်ရှားနိုင်ခဲ့ပါသည်။ သံဃာ့ အဖွဲ့အစည်းကြီး မပေါ်မီက ထိုကိစ္စများကို သိပင် သိငြားသော်လည်း အရေးမယူနိုင်ခဲ့ပါ။ ယခု ဂိုဏ်း ပေါင်းစုံအစည်းအဝေးကြီး အောင်မြင်စွာ ကျင်းပနိုင် ခဲ့သောကြောင့်သာ အရေးယူနိုင်ခဲ့ခြင်းဖြစ်ပါသည်။

သံဃာ့အဖွဲ့အစည်းများ ပေါ်ပေါက်လာ သောအခါ ကျောင်းထိုင်ဘုန်းတော်ကြီးများသည် ဝိနည်းတော်နှင့်အညီ ကိုယ်တိုင်လည်းကျင့်၊ တပည့် တပန်း များအားလည်း နည်းပေးလမ်းပြ၊ ဒကာ, ဒကာမ များအားလည်း သာသနာတော် ကြည်ညို တတ်အောင် နည်းပေးနိုင်ရေးအတွက် ကျောင်းထိုင် ဘုန်းကြီးသင်တန်းကျောင်းများကို ပြည်နယ်/တိုင်း အလိုက် တစ်ကျောင်းစီ တည်ထားလေသည်။

နယ်စပ်ဒေသ သာသနာပြု လုပ်ငန်းများကို အားသွန်ခွန်စိုက်ပြုလုပ်နိုင်အောင် သံဃာ့အဖွဲ့အစည်း များ၊ နိုင်ငံတော်အစိုးရနှင့် ပြည်သူများက ရှေးကနှင့် မတူ တမူထူးခြားစွာ ပစ္စည်းလေးပါး ထောက်ပံ့ပေး လေသည်။

၁၃၅၃-ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁-ရက်၊ (၁၉၉၁-ခုနှစ်၊ အောက်တိုဘာလ ၂၄-ရက်) နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် ငြိမ်ဝပ်ပိ- ပြားမှု တည်ဆောက်ရေးအဖွဲ့ အမိန့်ကြော်ငြာစာ

**မိမိကိုယ်ကို တရားထူး တရားမြတ်ရသော ပုဂ္ဂိုလ်မဟုတ်ပါဘဲလျက် တရားထူး တရားမြတ်ရ သောပုဂ္ဂိုလ်များယောင် ဆောင်၍ ဟောပြောခဲ့ သော ပုဂ္ဂိုလ်များ ကိုလည်း အရေးယူနိုင်ခဲ့ပါသည်။**

သံဃာ့ အဖွဲ့အစည်းများ ပေါ်ပေါက်လာ သောအခါ ကျောင်းထိုင် ဘုန်းတော်ကြီးများသည် ဝိနည်းတော်နှင့်အညီ ကိုယ်တိုင်လည်းကျင့်၊ တပည့် တပန်း များအားလည်း နည်းပေးလမ်းပြ၊ ဒကာ၊ ဒကာမ များအားလည်း သာသနာတော် ကြည်ညို တတ်အောင် နည်းပေးနိုင်ရေးအတွက် ကျောင်းထိုင် ဘုန်းကြီးသင်တန်းကျောင်းများကို ပြည်နယ်/ တိုင်း အလိုက် တစ်ကျောင်းစီ တည်ထားလေသည်

အမှတ် (၄၂/၉၀)ဖြင့် သာသနာတော်ဆိုင်ရာဘွဲ့ တံဆိပ်တော်များ ပြဋ္ဌာန်းပေးခြင်းမှာလည်း ဂိုဏ်း ပေါင်းစုံ သံဃာ့အစည်းအဝေးကြီး၏ အောင်မြင်မှု ကြောင့်ပင် ဖြစ်သည်ဟုဆိုနိုင်ပေသည်။

ယခင်က အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ် တော်နှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်၂-ရပ် သာ သံဃာတော်များအား ဆက်ကပ်ခဲ့လေသည်။ ၎င်းအပြင် ယခုမူ ပရိယတ္တိသာသနာ၊ ပဋိပတ္တိ သာ-သနာ၊ ပဋိဝေဓ သာသနာဟူသော သာသနာတော် သုံးရပ် တိုးတက် ပြန့်ပွား စည်ပင်စေရန် ဂန္ထဓုရ ပရိယတ္တိ ဝန်ဆောင် စာချဆရာတော်များ၊ ဝိပဿနာ ဓုရ ပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြ ဆရာတော် များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်တွင်း ပြည်ပ သာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်အား ပစ္စည်း လေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့ လှူဒါန်း နေကြသည့် ပုဂ္ဂိုလ်များအား ဆက်ကပ်လှူဒါန်းခြင်း၊ ချီးမြှင့်ခြင်းပြုနိုင်ရန် သာသနာတော်ဆိုင်ရာ ဘွဲ့ တံဆိပ်တော်များကို ပြဋ္ဌာန်းလိုက်လေသည်။

| | | |
|---|---|---|
| စာချဆရာတော်ဘွဲ့တံဆိပ်တော် | - | ၃-မျိုး |
| ကမ္မဋ္ဌာန်းနည်းပြဘွဲ့တံဆိပ်တော် | - | ၃-မျိုး |
| ဓမ္မကထိကဘွဲ့တံဆိပ်တော် | - | ၂-မျိုး |
| သာသနာပြုဘွဲ့တံဆိပ်တော် | - | ၂-မျိုး |
| အမျိုးသားသာသနာ့ဒါယက ဘွဲ့တံဆိပ် | - | ၄-မျိုး |
| အမျိုးသမီး သာသနာ့ဒါယိကာ ဘွဲ့တံဆိပ် | - | ၄-မျိုး |

အားဖြင့် ဘွဲ့တံဆိပ် ၂၀-တို့၏ ချီးမြှောက်ထောက်ပံ့ ခြင်းများလည်း ဂိုဏ်းပေါင်းစုံ သံဃာ့ အစည်းအဝေး ကြီးအောင်မြင်မှု၏ အကျိုးပင်ဖြစ်ပေသည်။

အထူးသဖြင့် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်း အဝေးကြီး၏ ထမြောက်အောင်မြင်မှုကြောင့် ပြည်ထဲ ရေးဝန်ကြီး လက်အောက်တွင် သာသနာရေး ဦးစီး ဌာနတစ်ခုအနေဖြင့် ရှိခဲ့ရာမှ သာသနာရေးဝန်ကြီး ဌာနဟူ၍ ဝန်ကြီးဌာနတစ်ခုအနေဖြင့် တိုးချဲ့ဖွဲ့စည်း


> "ကမ္ဘာ့ဗုဒ္ဓဘာသာညီလာခံကြီးကြောင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်အားဗုဒ္ဓဘုရားရှင်၏ အဆုံးအမ အောက်တွင်သူတော်ကောင်းဓာတ် တရားတော်မြတ်များ ထွန်းတောက် ပွားများလျက်ရှိသော နိုင်ငံ တစ်နိုင်ငံ ဖြစ် ကြောင်း ကမ္ဘာ့အလယ်တွင် ပေါ်လွင် ထင်ရှား စေခဲ့ပါကြောင်း"

ခဲ့ပေသည်။ ပြည်ပသို့ ဘုရားဖူးအဖွဲ့များ စေလွှတ်ခြင်း၊ သာသနာပြုပုဂ္ဂိုလ်များ၊ ရဟန်းတော်များ စေလွှတ်ခြင်းမှာလည်း ဤဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး၏ အောင်မြင်ခြင်းအကျိုးပင်ဖြစ်ပေသည်။

သာသနာရေးဝန်ကြီးဌာန၊ ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်၏ ဘွဲ့တံဆိပ်တော် လှူဒါန်းဆက်ကပ်ပွဲတွင်ထည့်သွင်းလျှောက်ထားသည်မှာ-

"တပည့်တော်တို့ မြန်မာနိုင်ငံတွင် ၂၀၀၄-ခုနှစ်၊ ဒီဇင်ဘာလအတွင်းက ကျင်းပပြုလုပ်ခဲ့သော ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးဆိုလျှင် မြန်မာနိုင်ငံ၏ ထေရဝါဒမီးရှူးတန်ဆောင်ကို ထွန်းညှိပြသနိုင်ခဲ့ပြီး၊ ပြည်တွင်းပြည်ပ သာသနာပြုရဟန်းတော်များ၏ သာသနာပြုစွမ်းရည်ကို ကမ္ဘာ့ဗုဒ္ဓဘာသာအင်အားများနှင့် ဆက်စပ်ပေးနိုင်ခဲ့ကြောင်း၊ ထို့ပြင် ကမ္ဘာ့ဗုဒ္ဓဘာသာညီလာခံကြီးကြောင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်အား ဗုဒ္ဓဘုရားရှင်၏ အဆုံးအမအောက်တွင် သူတော်ကောင်းဓာတ် တရားတော်မြတ်များ ထွန်းတောက်ပွားများလျက်ရှိသော နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း ကမ္ဘာ့အလယ်တွင် ပေါ်လွင်ထင်ရှားစေခဲ့ပါကြောင်း" စသည်ဖြင့် လျှောက်ထားခဲ့ပါသည်။ ဤသို့ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး ကျင်းပနိုင်ခြင်းမှာလည်း ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး၏ အောင်မြင်မှုကြောင့် ယခုကဲ့သို့ ကျင်းပနိုင်ခဲ့ခြင်း ဖြစ်ပေသည်။

ဤသို့အားဖြင့်ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးထမြောက်အောင်မြင်မှုကြောင့် သာသနာရေးကိစ္စအရပ်ရပ်တွင် လွယ်ကူစွာ အဆုံးအဖြတ်ပေးနိုင်ခြင်းစသော အကျိုးကျေးဇူးများရရှိပေသည်။ ယခုအခါ နှစ်ပေါင်း ၂၅-နှစ်ရှိပြီဖြစ်၍ သာသနာတော်အကျိုး ဆထက်တန်ဖိုးတိုး၍ ရှေ့ဆက်လျှောက်လှမ်းနိုင်ပါစေဟု ဆုမွန်ကောင်းတောင်းလျက် ရှိခိုးပူဇော်အပ်ပါသည်။



# သုခလေးဖြာ သာသနာ

မောင်လင်းဟန် (သံတွဲ)

ဘုရားရှင်တို့ ပွင့်ပေါ်တော်မူလာခြင်းဖြင့် လူများအပေါင်းကို ရာဂ, ဒေါသ စသည်များစွာ ကိလေသာခရီးခဲမှ ထုတ်ဆွဲကယ်တင် နိဗ္ဗာန်မြင်အောင် ပို့ဆောင်နိုင်၏။ ထို့ကြောင့် ဘုရားရှင်တို့ ပွင့်ပေါ်တော်မူခြင်း (ဗုဒ္ဓုပ္ပါဒ) သည် မြင့်မြတ်သော ချမ်းသာတစ်မျိုးဖြစ်၏။ ဘုရားရှင်တို့ ဟောကြားအပ်သော တရားတော် (သဒ္ဓမ္မ)ကို ကြားနာကျင့်ဆောင်ခြင်းဖြင့် ပဋိသန္ဓေမကင်းသေးသော သတ္တဝါတို့မှာ ပဋိသန္ဓေနေခြင်းစသည်မှ ကင်းလွတ်ကြရ၏။ ထို့ကြောင့် တရားတော်ကို ဟောကြားတော်မူခြင်း (သဒ္ဓမ္မဒေသနာ) သည် ချမ်းသာတစ်မျိုးဖြစ်၏။ သဘောတူမျှသော စိတ်ထားရှိကုန်သော သံဃာတော်၏ ညီညွတ်ခြင်းဖြင့် ရဟန်းကိစ္စ ဓုရနှစ်ဖြာကို အေးချမ်းစွာ ဆောင်ရွက်နိုင်ခြင်းကြောင့် သံဃာတော်၏ ညီညွတ်ခြင်း (သံဃသာမဂ္ဂီ)နှင့် ညီညွတ်သူတို့၏ အကျင့် (သမဂ္ဂါနံ တပေါ) သည် ချမ်းသာတစ်မျိုးဖြစ်၏။ (ဓမ္မ-ဌ။ ၂။ ၁၆၂။)

မြန်မာနိုင်ငံသည် ညီညွတ်သော သံဃာတော်များ သီတင်းသုံးရာ ထေရဝါဒ ဗုဒ္ဓနိုင်ငံတော်ဖြစ်၏။ မြန်မာနိုင်ငံ၌ ထေရဝါဒ ဗုဒ္ဓသာသနာတော်သည် ပုဂံခေတ်မှ စတင်ထွန်းကားလာသည်ဟု အကြမ်းဖျင်းအားဖြင့် ဆိုနိုင်ပါသည်။ တိုင်းပြည်အုပ်ချုပ်သော ဘုရင်မင်းအဆက်ဆက်သည် ပရိယတ်, ပဋိပတ်၌ ထူးချွန်ကြကုန်သော ဆရာတော်များကို သီးသန့်မြောက်စားတော်မူပြီး သာသနာ့ကိစ္စများကို ဖြေရှင်းစေတော်မူသည်။ သာသနာသက်တမ်းကြာလာသည်နှင့်အမျှ သာသနာ့ဝင်ပုဂ္ဂိုလ်တို့၏ ပြဿနာမျိုးစုံ ပေါ်ပေါက်လာသည်မှာ ဓမ္မတာဖြစ်ပါသည်။ ဤသို့ ဖြစ်သည်မှာ သဘာဝတရားဖြစ်၍ မည်သူ့အပြစ်မျှ မဟုတ်ချေ။ ဖြစ်ပေါ်လာသော ပြဿနာများကို ဓမ္မဝိနယနှင့်အညီ မှန်ကန်စွာ ဖြေရှင်းခြင်းသည်သာ ပဓာနဖြစ်ပါသည်။

ဤသို့ သာသနာ့အမှုကိစ္စများကို စည်းလုံးညီညွတ်စွာ နည်းမှန်လမ်းကျ ဖြေရှင်းနိုင်ဖို့မှာ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ကို တပြေးညီ သတ်မှတ်ပြီး သာသနာ့ကိစ္စများကို ဗုဒ္ဓအလိုတော်ကျ ဖြေရှင်းဆောင်ရွက်ဖို့ရန် ဖြစ်၏။ သို့အတွက် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ကို ဖွဲ့စည်းရန် လိုအပ်ကြောင်း နိုင်ငံတော် အစိုးရနှင့် ဂိုဏ်းအသီးသီးမှ သံဃာ့ဦးသျှောင်ဆရာတော်များ သဘောတူညီခြင်းဖြင့် ၁၃၄၂-ခုနှစ်က ပေါ်ပေါက်လာခဲ့သော သံဃနာယက အဆင့်ဆင့်သည် နှစ်ဆယ့် ငါးနှစ်ကာလ ငွေရတုအခါသမယသို့ပင် တိုင်ခဲ့လေပြီ။

သံဃနာယကအဖွဲ့ အဆင့်ဆင့် ပေါ်ပေါက်လာပြီးနောက် သာသနာတော် သန့်ရှင်း, တည်တံ့, ပြန့်ပွားရေးဟူသော ဦးတည်ချက် သုံးရပ်ဖြင့် သာသနာ့ကိစ္စများကို ဖြေရှင်းဆောင်ရွက်ခဲ့ရာ အထူးအဆင်ပြေအောင်မြင်ခဲ့ပါသည်။ အထူးသဖြင့် ရှေးယခင်က သူတလူ ငါတမင်း ခေါင်းထောင်ကာ ထေရဝါဒနှင့်ဆန့်ကျင်ဟောကြား ရေးသားနေကြသော အယူဝါဒများကို ဓမ္မဝိနယနှင့်အညီ ဖြေရှင်းဆုံးဖြတ်နိုင်ခြင်းတစ်မျိုးတည်းသည်ပင် ကြီးမားသော အကျိုးကျေးဇူးဖြစ်ပါ၏။ နိုင်ငံတော်အစိုးရကလည်း ဥပဒေပြဋ္ဌာန်းပြီး အာဏာစက်ဖြင့် ကူညီခြင်းကြောင့် များစွာ ခရီးရောက်လျက်ရှိပါသည်။

လူတို့သည် ဒုက္ခကို ကိုယ်တိုင်တွေ့မှ ပိုပြင်စွာ သိကြ၏။ သာသနာ့ကိစ္စကို ဓမ္မဝိနယနှင့်အညီ ဖြေရှင်းဆုံးဖြတ်မည့်သံဃာ့အဖွဲ့အစည်း မပေါ်ပေါက်မီက စာရေးသူကိုယ်တိုင် တွေ့ကြုံခဲ့ရသော ဖြစ်စဉ်မှန်ကို အနည်းငယ် တင်ပြလိုပါသည်။

စာရေးသူတို့ ရွာကလေးမှာ ရခိုင်ပြည်နယ်၊ သံတွဲမြို့မှ အတန်ငယ်ဝေးသော တောရွာလေး ဖြစ်ပါ၏။ အိမ်ခြေ (၆၀)ခန့်ရှိပြီး အများစုမှာ လယ်ယာလုပ်ငန်းဖြင့် အသက်မွေးကြ၏။ ကျောင်းထိုင်ဆရာတော်ကြီး ပျံတော်မူသောအခါ ဘုန်းကြီး မရှိ၍ အင်တိုင်းကြီးရွာ ဆရာတော် ဦးပုညသည် အခါအား လျော်စွာ ကြွရောက်ပြီး စောင့်ရှောက်နေရ၏။ ထို ဆရာတော်မှာ ကျွန်တော်တို့ရွာ ဇာတိဖြစ်ပြီး ပျံတော်မူသောဆရာတော်ကြီး၏ တပည့်လည်း ဖြစ်ပါ သည်။ ဤသို့ဖြင့် ကျွန်တော်တို့ရွာအတွက် ကျောင်း ထိုင်ဘုန်းကြီးတစ်ပါး လိုနေသည်ဖြစ်ရာ ရန်ကုန်မှ ပြန်ဆင်းလာသော ဦးပဥ္စင်းတစ်ပါးကို ကျောင်းထိုင်အဖြစ် ပင့်ကြပါသည်။ ၎င်းဦးပဥ္စင်းမှာ ငယ်စဉ် ကျောင်းသားဘဝကပင် ကျောင်းသားချင်း ခိုက်ရန် ဖြစ်ပွားလျှင်မတရားသည့်ဘက်က အမြဲပါတတ်ပြီး ရန်ကုန်တွင် နေစဉ်လည်း ဦးဥက္ကဋ္ဌ၏ လူသေလူဖြစ် ဝါဒကို လက်ခံသူဖြစ်သည့်အပြင် လူသေလူဖြစ် ဝါဒီ ဦးဝါသဝ၏ တပည့်ဖြစ်သည်ကို ရိုးအ, သော ရွာသားများ၊ ပဝါရဏာဂိုဏ်း သံဃာတော်များ မသိ ကြပေ။

ထိုဦးပဥ္စင်းမှာ အဟောအပြောကောင်းပြီး သာယာနာပျော်ဖွယ်အသံရှိသဖြင့် ဥပုသ်နေ့များတွင် ပတ်ဝန်းကျင်ရွာများမှပင် လာရောက် ဥပုသ်စောင့်တရားနာကြ၏။ ရပ်ရွာမှလည်း ၎င်းအပေါ် အထူးကြည်ညို၏။ ဤသို့ဖြင့် နှစ်နှစ် သုံးနှစ် အကြာတွင် ၎င်းဦးပဥ္စင်းသည် လူတို့ လေးစားကြည်ညိုသော အတိုင်းအတာကို ချိန်ဆပြီး သူ၏ လူသေလူဖြစ်ဝါဒကို စတင်ဟောပါတော့သည်။ ၎င်း၏ ငယ်ဆရာများ ဆုံးမသည်ကိုလည်း မနာခံ၊ မည်သူ့ကိုမျှလည်း ဂရုမစိုက်၊ ဖျောင်းဖျပြောဆိုဖို့လာသော ဆရာတော်များကို သံပုံးတီး၍ နှင်ထုတ်စေ၏။ ဘာသာရေး၌ အလွန်တက်ကြွ၍ ညီညွတ်ကြသော ကျွန်တော်တို့ ရွာကလေးမှာ နှစ်ခြမ်းကွဲလေတော့၏။ ပို၍ဆိုးသည်မှာ လင်ကတစ်ဘက်၊ မယားကတစ်ဘက်၊ သားကတစ်ဘက်၊ အဖေကတစ်ဘက် မိသားစု အချင်းချင်း ကစဉ့်ကရဲဖြစ်ပြီး အချို့လင်မယားမှာ အချင်းချင်း ကြင်နာခဲ့ကြသော်လည်း လူသေလူဖြစ်ဝါဒ၏ ဆိုးရွားသော ဒဏ်ချက်ကြောင့် သေသည်အထိ တစ်ဦးကိုတစ်ဦး စကားမပြောတော့ဘဲ နေကြသည်အထိ ဖြစ်သွားပါသည်။

ထိုသို့ တစ်ဘက်နှင့်တစ်ဘက် အမိကရုဏ်းကြီးထွားနေချိန်တွင် ညအချိန်များ၌ အိမ်ပြင်သို့ ထွက်ဝံ့သူပင် မရှိလောက်အောင် ဖြစ်ရ၏။ ထိုအခြေအနေတွင် လူသေလူဖြစ်ဘက်က အားကိုးသော လူမိုက်တစ်ယောက်မှာ ယနေ့ထိ လက်သည်မပေါ်ဘဲ အသက်ဆုံးခဲ့ရ၏။ လူသေလူဖြစ်ဝါဒီ ဦးပဥ္စင်းအား လူပုဂ္ဂိုလ်နှင့် ပရိယတ္တိအားနည်းသော ရဟန်းများကပါအားပေး ထောက်ခံသဖြင့် ထိုလူသေလူဖြစ်ဝါဒီဦးပဥ္စင်းမှာ အဓမ္မဝါဒကို မည်သို့ပင် ဟောစေ၊ နဘယ် ဘေးမရှိ၊ မည်သူ သေသေ ငတေမာလျက် ရှိတော့၏။

ထို့ထက်တစ်ဆင့်တက်၍ ဆိုးလာသည်မှာ ထိုဦးပဥ္စင်းနှင့် စာရေးသူတို့ ပဝါရဏာဂိုဏ်းမှာ သမဂ္ဂမဖြစ်တော့သောကြောင့် ကျောင်းပိုင်ဆိုင်ခွင့် ပြဿနာ ကြုံလာတော့၏။ အိမ်ခြေ (၆၀)မျှရှိသော ရွာကလေးမှာ နှစ်ကျောင်းကွဲတော့မလို ဖြစ်နေ၏။ ပျံလွန်တော်မူသော ဆရာတော်ကြီး လွှဲအပ်ခဲ့သော တပည့်ရင်းဆရာတော်ဦးပုညနှင့် လက်ရှိကျောင်းထိုင် လူသေလူဖြစ်ဝါဒီ ဦးပဥ္စင်းတို့၏ ကျောင်းပိုင်ဆိုင်မှု ဝိဝါဒါဓိကရုဏ်းကိုအဆုံးအဖြတ်ပေးမည့် ဝိနည်းဓိုရ် ဥက္ကဋ္ဌဆရာတော်မှာ ထိုအခါကလူသေလူဖြစ်ဝါဒကို လက်ခံအားပေးသည့် ဆရာတော်ပင်ဖြစ်နေတော့၏။

ဆရာတော် ဦးပုညမှာ ပရိယတ်ဖက်က ထက်မြက်သူ မဟုတ်သည့်အပြင် ရိုးလည်းရိုးလှသဖြင့် သူတို့၏ဥက္ကဋ္ဌအားကိုးနှင့် လူသေလူဖြစ်ဝါဒီများ ဝမ်းသာပျော်မြူးနေချိန်တွင် "ဘုရားရှင်၏ မျက်နှာတော်ကို ထောက်ထားပြီး အမှန်အတိုင်း အဆုံးအဖြတ်ပေးတော်မူပါဘုရား"ဟူသော စကားကို ညှိုးငယ်သော မျက်နှာဖြင့် လျှောက်ထားရုံမှအပ မည်သို့မျှ မတတ်နိုင် မှိုင်တွေ၍သာ နေရတော့သည်။

သို့သော် ကံတရားသည် ဆန်းကျယ်လှ၏။ "သူတော်ကောင်း နတ်ကောင်းမ"ဟူသော စကားအတိုင်း ၎င်းတို့ဥက္ကဋ္ဌဆရာတော် အဆုံးအဖြတ် ဝိနိစ္ဆယစာတမ်းကို ဖတ်ကြားကြေညာမည့် အချိန် မရောက်မီလေး မိနစ်အနည်းငယ်အလိုမှာ ဝိနိစ္ဆယ အက်ဥပဒေကို ဖျက်သိမ်းကြောင်း မြန်မာ့အသံ ရေဒီယိုမှ ကြေညာသဖြင့် သူတော်ကောင်းများ ဝမ်းသာကြရတော့၏။ သို့သော်လည်း လူသေလူဖြစ် ဝါဒီများသည် အိမ်ခြေ (၃၀)မျှဖြင့် လူသေလူဖြစ်ဝါဒီ ဦးပဥ္စင်းအား ကျောင်းဆောက် ကိုးကွယ်ကြပြန်၏။

သံဃနာယကအဖွဲ့ အဆင့်ဆင့် ပေါ်ပေါက်လာပြီး အဓမ္မဝါဒီများကို စစ်ဆေးဆုံးဖြတ်သည့် အထဲတွင် လူသေလူဖြစ်ဝါဒမှာ အကြီးမားဆုံး ဝါဒဖြစ်၏။ ထိုဝါဒကို ဆုံးဖြတ်သော ဝိနိစ္ဆယစာတမ်းသည်ပင် စာမျက်နှာ ၁၀၀၀-ကျော်ပြီး "ထေရဝါဒစွယ်စုံကျမ်း"ဟု အမည်တပ်ရသည်အထိ ထက်မြက်ပြောင်မြောက်လှပါ၏။

ဦးပဥ္စင်းသည်လည်း ဓမ္မစက်၊ အာဏာစက်၏ အရှိန်အဝါကို ရင်မဆိုင်ဝံ့သည့်အတွက် စာရေးသူတို့ဒေသမှ ထွက်ခွါပြီး အခြားတစ်နေရာတွင် အမည်တစ်မျိုးဖြင့် ကျောင်းထိုင်နေကြောင်း သိရှိရသည်။ စာရေးသူတို့ရွာကလေး၏ ယခုတိုင် စည်းလုံးညီညွတ်မှု မရသေးဘဲ ရှိပါသည်။ သို့သော် လူသေလူဖြစ်ဝါဒသည် အဓမ္မဝါဒ ဖြစ်သည်ကို အားလုံး သိရှိကြလေပြီ ဖြစ်သည်။

ဤဆောင်းပါးဖြင့် သံဃနာယကအဆင့်ဆင့် ဆရာတော်များအားလည်းကောင်း၊ လူသေလူဖြစ် ဝါဒကို ဓမ္မဝိနယနှင့်အညီ ဆုံးဖြတ်ခဲ့သော နိုင်ငံတော် သီးခြားဝိနည်းဓိုရ်ဖွဲ့ (အမှတ်-၂) ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့ဝင် ဆရာတော်များ၊ စောဒကဆရာတော်များ၊ အထူးသဖြင့် လူသေလူဖြစ် ဝိနိစ္ဆယ၌ ဘာသန္တရနှင့် ဝါဒန္တရဆိုင်ရာတို့ကို ပိုင်နိုင်စွာ ရေးသား ဆုံးဖြတ်တော်မူသော ကျေးဇူးရှင် ဆရာတော်အား ဦးညွှတ်လျက်။

မောင်လင်းဟန်(သံတွဲ)

# ကြုံရာနေရာ ကျရာတာဝန်

## အရှင်စန္ဒဝံသာဘိဝံသ

၁၃၄၉-၁၉၈၇

ဤနှစ်သည် ရဟန်းတော် အရှင်ဓမ္မရေအဖို့ ထူးခြားသော နှစ်ဖြစ်သည်။ ဆုံးဖြတ်ချက်တစ်ခုခု ကို ပိုင်ပိုင်နိုင်နိုင် ချမှတ်ရတော့မည်။ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်သို့ တက်ရောက်မည် လော(သို့) စာသင်တိုက်ကြီး တစ်တိုက်တိုက်သို့ ပြောင်းရွှေ့၍ စာချတန်း စာဝါများကိုပင် ဆက်လက် သင်ယူရမည်လော။ မှန်ပေသည်။ ဤနှစ်၌ အရှင် ဓမ္မရေသည် တောမြို့ စာသင်တိုက်လေးတစ်တိုက် မှနေ၍ ပထမကြီးတန်းကို အောင်မြင်ခဲ့သည်မဟုတ် ပါလား။

အရှင်ဓမ္မရေမှာ ဉာဏ်ပညာထူးချွန်သူ မဟုတ် သဖြင့် ငယ်၊ လတ်၊ ကြီး စာမေးပွဲများကို လွယ်လွယ်ကူကူ အောင်မြင်ခဲ့သည်ကား မဟုတ်ပါပေတစ်တန်းတစ်တန်းကို တစ်နှစ် တန်သည် နှစ်နှစ် တန်သည် နား နေဖြေဆိုခဲ့ရသည်။ ပထမကြီးတန်း ကိုမူ (၃)နှစ်ခန့် အချိန်ယူပြီးမှ ဖြေဆိုအောင်မြင် ခဲ့ပါသည်။

အရှင်ဓမ္မဓရအဖို့ ကံကောင်းသည်မှာ ဆရာသမားကောင်းတို့နှင့် တွေ့ကြုံ၍ အဆုံးအမကောင်းများကို ရရှိခဲ့ခြင်းပင်ဖြစ်၏။ ဆရာသမားများက စာမေးပွဲများကို အဆောတလျင် မဝင်စေဘဲ အတန်းအလိုက်သက်ဆိုင်ရာကျမ်းစာများကို ကျေကျေပွန်ပွန်ဖြစ်အောင် လေ့လာသင်ယူရန် တိုက်တွန်းကြသည်။ "မိမိ၏အောင်လက်မှတ်သည် မိမိ၏အစစ်အမှန် အရည်အချင်းကို မှန်မှန်ကန်ကန် ဖော်ပြနိုင်ရမည်"ဟူသော အချက်မှာ အရှင်ဓမ္မဓရ၏ ဦးထိပ်ထက်တွင် စွဲမြဲနေသော ဆရာသမားတို့၏ အဆုံးအမတစ်ခုဖြစ်သည်။

အသက်(၁၇)နှစ်အရွယ် ကိုရင်ကြီးဘဝဖြင့် စာသင်တိုက်သို့ ရောက်လာသော အရှင်ဓမ္မဓရအဖို့ ပထမကြီးတန်းအောင်သည့်နှစ်၌ ရဟန်း(၅)ဝါရခဲ့ပြီ။ညအခါစာအံစာပြန်ရသဖြင့် သူ့မှာလေနာရောဂါရှိသော်လည်း ငယ်ရွယ်သူဖြစ်သည့်အလျောက် အနားယူ ဆေးစားဆေးသောက်လျှင် သက်သာပျောက်ကင်းမည်ပင်ဖြစ်ပါ၏။မိမိ၏ ဉာဏ်စွမ်းဉာဏ်စမှာ အကောင်းကြီး မဟုတ်သော်လည်း ဝီရိယအားဖြင့် တွန်းလျှင် အထက်တန်းစာမေးပွဲများ၌ အများနည်းတူ အောင်မြင်လိမ့်မည်ဟုပင် ယုံကြည်ပါသည်။ သို့သော် ခက်နေသည်က အမေတစ်ခု၊ သားတစ်ခုဟု ဆိုရမည့်မယ်တော်ကြီးပင်ဖြစ်သည်။ အသက်(၇၀)အတွင်းသို့ ချဉ်းနင်းဝင်ရောက်ရှိလာပြီဖြစ်သော မယ်တော်ကြီးသည် သားပဉ္စင်းကို စိတ်မချနိုင်။ ရန်ကုန်၊ မန္တလေးမြို့ကြီးများသို့ သွားရောက်သင်ယူရမည့် ပညာရေးခရီးရှည်ကို ဆက်လက်မလျှောက်လှမ်းစေချင်။

၁၃၅၃-ခုနှစ်၊ ကဆုန်လပြည့်ကျော် (၈)ရက်
(၅-၅-၉၁) တနင်္ဂနွေနေ့

"အရှင်ဓမ္မဓရသည် သင်တန်းအစမှ အဆုံးတိုင် တက်ရောက်သင်ကြားပြီး ပထမနှစ်နှင့်နောက်ဆုံးနှစ် စာမေးပွဲများကို ဖြေဆိုအောင်မြင်တော်မူသည်။ ဤအရှင်မြတ်သည် ကျောင်းထိုင်ပုဂ္ဂိုလ်တို့တွင်ရှိထိုက်သော ဂုဏ်အင်္ဂါပညာအရည်အချင်းတို့နှင့် ပြည့်စုံကုံလုံပြီးဖြစ်ပါသဖြင့် ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းများဆိုင်ရာ စည်းမျဉ်းအခန်း(၂)၊ အပိုဒ် (၇၉)အရ ဤအောင်လက်မှတ်ကို ချီးမြှင့်တော်မူသည်"။ဤစာသားတို့ဖြင့် မှတ်တမ်းတင်ထားသော သင်တန်းဆင်း အသိအမှတ်ပြုလက်မှတ်သည် အရှင်၏အရည်အသွေးကို ဖော်ပြနေသည်။

မယ်တော်ကြီးအပေါ် ငဲ့ညှာမှုဖြင့် အရှင်ဓမ္မဓရသည် ရန်ကုန်၊ မန္တလေးသို့ ပြောင်းရွှေ့၍ လေ့လာသင်ယူရမည့် သာသနဇောတိကမ္မာစရိယ၊ တက္ကသိလဓမ္မာစရိယ ပညာရေးခရီးရှည်ကို ဆက်လက် မလျှောက်လှမ်းဖြစ်ခဲ့ပါ။ မိမိနေထိုင်ရာ စစ်ကိုင်းတိုင်းအတွင်း ရွှေဘိုမြို့၌ ဖွင့်လှစ်ထားသော မဟာအောင်မြေကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းသို့တက်ရောက်ခဲ့ရာ (၂)နှစ်တာကာလအတွင်း အခြေခံမူလတန်းပညာနှင့်တကွ ဘာသာရပ်(၁၀)မျိုးကို ကြိုးစားသင်ယူခဲ့သည်။

အရှင်ဓမ္မဓရပညာသင်ယူခဲ့ရာမဟာအောင်မြေ

ထိုအဆိုကို အကောင်အထည် ဖော်သောအားဖြင့် ရန်ကုန်နှင့်မန္တလေးတွင် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများ ပေါ်ပေါက်လာသလို အရည်အချင်းပြည့် ကျောင်းထိုင်ဘုန်းကြီးများ ထွက်ပေါ်နိုင်ရန်ဟူသော ရည်ရွယ်ချက်ဖြင့် ပထမကြီးတန်း အောင်မြင်ပြီးနောက် (အခြေအနေအရ) ပညာဆက်လက်မသင်ယူနိုင်သော ရဟန်းများအတွက် တိုင်းနှင့်ပြည်နယ်အသီးသီးတို့တွင် ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းများ ဖွင့်လှစ်ခဲ့ရာ ၁၃၄၅-ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော် (၃)ရက်၊ (၃၀-၄-၈၃) နေ့တွင် ရန်ကုန်တိုင်း၌ ပထမဆုံးကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းကို ဖွင့်လှစ်ခဲ့၍ ဒုတိယဖြစ်သော စစ်ကိုင်းတိုင်း၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းကိုမူ ရွှေဘိုမြို့၌ ၁၃၄၇-ခုနှစ်၊ ကဆုန်လပြည့်ကျော် (၁၅)ရက်၊ (၁၈-၅-၈၅)တွင် ဖွင့်လှစ်နိုင်ခဲ့သည်။ ထိုအချိန်က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု၊ တိပိဋကရေ၊ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်း ဆရာတော်ဘုရားကြီးကိုယ်တော်တိုင် ကြွရောက်ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည်။

၁၃၆၆-ခုနှစ်၊ ပြာသိုလဆန်း (၇)ရက်၊ (၁၆-၁-၀၅)

ဘုန်းကြီး ဦးဓမ္မရေသည် မင်္ဂလာဆွမ်းကျွေးဖိတ်စာလေးကိုကိုင်လျက် အဝေးသို့ ငေးနေမိသည်။ အတွေးကလည်း အတိတ်သို့ပြေးသွားလိုက်၊ ပစ္စုပ္ပန်တွင် ခိုနားလိုက်။

ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းသည် ဤနိုင်ငံတွင် ရှေးအထက်ကျော်ကာရီကပင် ကွဲပြားလာခဲ့သော သံဃာ့ဂိုဏ်းကြီးများကို ညီညွတ်စွာ စုစည်းနိုင်သဖြင့် ဖြစ်တည်လာသည့် "နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အစည်း"ပင်စည်ပင်မကြီးမှ သီးပွင့်လာသည့် အသီးအပွင့်တစ်ခုပင်ဖြစ်သည်။

၁၃၄၂-ခုနှစ်၊ နယုန်လဆန်း (၁၁)ရက်၊ (၂၄-၅-၈၀)စနေနေ့တွင် နိုင်ငံတော်တစ်ဝန်းမှ သံဃာတော်ပေါင်း (၁၂၁၈)ပါးတက်ရောက်၍ ပထမအကြိမ်ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးကို ရန်ကုန်မြို့ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ အောင်မြင်စွာ ကျင်းပနိုင်ခဲ့သဖြင့် ဂိုဏ်းပေါင်းစုံပါဝင်သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးပေါ်ပေါက်လာခဲ့သည်။ ထိုသံဃာ့အစည်းအဝေးကြီးကပင် သာသနာတော် သန့်ရှင်း တည်တံ့ပြန့်ပွားရေးအတွက်-

၁။ အကျင့်သိက္ခာမြင့်မားစေခြင်း

၂။ ပိဋကတ်ကျမ်းဂန် နှံ့စပ်စေခြင်း

၃။ ပါဠိဘာသာ တတ်မြောက်ကျွမ်းကျင်စေခြင်း

၄။ မြန်မာစာ အရေးအသားတော်စေခြင်း

ဟူသော မူ (၄)ချက်ပါဝင်သည့် ပရိယတ္တိ ပညာသင်ကြားမှု ပြုပြင်ပြောင်းလဲရေး အဆိုတစ်ရပ်ကိုလည်း တင်သွင်းချမှတ်ခဲ့ကြသည်။

ဦးဓမ္မရေသည်ဤရွာကလေး၌ ယခုဆိုလျှင် ဆယ်နှစ်ခန့်ရှိပေပြီ။ ကျောင်းထိုင်သင်တန်းကျောင်း ဆင်းသောအခါ ကျောင်းအုပ်ဆရာတော်က သင်တန်း ဆင်း ရဟန်းတော်များ၏ နေရပ်လိပ်စာ ယူထား လိုက်သည်။ ကျောင်းထိုင်ဘုန်းကြီး လစ်လပ်၍ သင်တန်းကျောင်းသို့ လာရောက်ဆက်သွယ်ပါက သင့်တော်သော သင်တန်းဆင်း ရဟန်းတော်များနှင့် ဆက်သွယ်ရန်ဖြစ်သည်။ သင်တန်းဆင်းပြီး နောင် နှစ်တွင် ဤရွာမှ ဒကာများက ကျောင်းထိုင်သင်တန်း ကျောင်းသို့ ဆက်သွယ်လာသဖြင့် သင်တန်းတွင် အနေကောင်း၍ စာတော်သော ဦးဓမ္မရေကို ကျောင်း အုပ်ဆရာတော်က အကြောင်းကြားခေါ်ယူခဲ့ခြင်း ဖြစ်၏။

ရွာကလေးမှာ အိမ်လေးငါးဆယ်ခန့်သာ ရှိ သည်။ အနီးအနားရှိ ရွာကြီးများမှ လယ်စောင့်တဲ အဖြစ် ယာယီနေထိုင်ကြရာမှ အခြေကျသွားခြင်း ဖြစ်သည်။ ရှေးဦးစွာ အခြေကျလာသူတို့က တစ်ရွာ တည်း၊ တစ်မိသားစုတည်းမဟုတ်ဘဲ၊ နှစ်ရွာ၊ သုံးရွာ မှပြောင်းရွှေ့လာပြီး ထိုသူတို့ကို အမှီပြု၍ အိမ်ခြေ များတိုး၍ တိုး၍လာကြရာ စည်းလုံးညီညွတ်မှုက တော့ ခနော်ခနဲ့။ အကြောင်းကိစ္စမရှိက ညီညွတ် ဟန်ရှိသော်လည်း အကြောင်းကိစ္စပေါ်ပေါက်ပါက သူ့အုပ်စု၊ ကိုယ့်အုပ်စု ညီမရ၊ နှိုင်းမရ ဝိဝါဒကွဲပြား ကြသည်။ သို့သော် မကွဲပြားသည်က ဘုန်းကြီးကျောင်း တည်ဆောက်ရေးနှင့် ကျောင်းဘုန်းကြီးတင်မြှောက် ရေး၊ အခြားရွာမှ လူကြီးများ၏ မထိတထိ ကလိ

**မိမိ၏ ဉာဏ်စွမ်းဉာဏ်စမှာ အကောင်းကြီး မဟုတ်သော်လည်း ဝီရိယအားဖြင့် တွန်းလျှင် အထက်တန်းစာမေးပွဲများ၌ အများနည်းတူ အောင်မြင်လိမ့်မည်ဟုပင် ယုံကြည်ပါသည်**

သလိုလို၊ လှောင်ပြောင်သံနှင့် ကလေးများ၏ "ပုဆိုး လုံး ခေါင်းမရှိ၊ ရေတွင်းကုန်းကျောင်းမရှိ"ဟူသည့် သံချပ်သံကို ဆက်လက်သည်းမခံနိုင်တော့။

ဤသို့ဖြင့် အနီးရှိ ရွာကြီးတစ်ရွာမှ ဘုန်းကြီး ဉတ်(ဦးဥတ္တရ)ကို သွားလျှောက်ထားကြရာ ဘုန်းကြီးက "ဒကာတို့ ကျောင်းသာ ပြီးအောင် စီမံကြပါ။ ကျောင်းဘုန်းကြီးတော့ တို့တာဝန် ထား"ဟု အမိန့်ရှိသည်။ သို့သော် ကျောင်းပြီးသော အခါ၌မူ သူ့ကျောင်းမှ တောထွက်ကိုယ်တော်ကြီး တစ်ပါးကိုသာ ထည့်လိုက်သည်။ ကျောင်းပေါ်မှာ တောထွက်ကိုယ်တော်ကြီးက ငုတ်တုတ်။ တစ် ကျောင်းလုံး ကျီးနဲ့ဖုတ်ဖုတ် ဖြစ်ပါလေရော။ နောက်ဆုံးမှာတော့ ဘုန်းကြီးဉတ်ကပဲ သူ့ ကိုယ် တော်ကြီးကို ပြန်ခေါ်သွားရသည်။

ဘုန်းကြီး ဦးဓမ္မဓရသည် မင်္ဂလာဆွမ်းကျွေး ပိတ်စာလေးကိုကိုင်လျက် အဝေးသို့ ငေးနေမိသည်။ အတွေးကလည်း အတိတ်သို့ပြေးသွားလိုက်၊ ပစ္စုပ္ပန်တွင် ခိုနားလိုက်။

ဦးဓမ္မဓရအလှည့်မှာတော့ ရွာမှလူငယ် များက ဦးဆောင်သည်။ လူငယ်များထဲတွင် ကိုအောင်တင့်မှာ ရွှေဘိုမှ ဘုန်းကြီးများနှင့် ရင်းနှီးသည်။ ဤအခြေအနေကို အသိဘုန်းကြီးများအား လျှောက်ထားရာ သင်တန်းကျောင်းသို့ သွားရောက်လျှောက်ထားရန် အကြံပေးကြသည်။ ဤသို့ဖြင့် ဦးဓမ္မဓရ ရေတွင်းကုန်းမှာ ကျောင်းထိုင်ဖြစ်သည်။

ရေတွင်းကုန်းရောက်ပြီး နောက်နေ့မနက် စောစော ဇာတိရွာမှ ပါလာသော ကိုရင်လေးပါး၊ ကျောင်းသား တစ်ယောက်နှင့်အတူ ဆွမ်းခံထွက်သည်။ ကြေးစည်သံပေး၍ ရွာလယ်လမ်း အတိုင်း မည်သည့်အိမ်မှ မဝင်ဘဲ ဆွမ်းခံထွက်ကြရာ ပထမနေ့တွင် အထူးအဆန်းဖြစ်နေကြသည်။

ရွာမူလတန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီးနှင့်တိုင်ပင်၍ ဘုရားရှိခိုး၊ သီလတောင်း၊ ဆွမ်းကပ်၊ ပန်းကပ်၊ ဘာသာရေးစာပေများ သင်သည်။ ဘာသာရေးသင်ရင်း ကလေးများနှင့် ရင်းနှီးရာမှ ကျောင်းပြင်ပချိန်တွင် စာကျက်တန်းခေါ်သည်။ အိမ်တွင် မျက်စေ့နောက်သော မိဘတို့က အပ်နှံရာမှ တစ်ရွာလုံးလိုလို ဖြစ်လာသည်။ ကလေးများ ကျောင်းရောက်တော့ စောစောက ရွာစွဲ ဘုန်းကြီးစွဲဖြင့် ခပ်စိမ်းစိမ်းနေကြသူတို့လည်း ဝင်ထွက်လာကြသည်။

ရွာသူ ရွာသားတို့သည်ဘုန်းကြီး ဦးဓမ္မဓရ၏ ဘာသာရေး၊ ရပ်ရေးရွာရေး ဆောင်ရွက်ချက်တို့ကို တစတစ သိရှိနားလည်ပြီး ပါဝင်ပူးပေါင်းဆောင်ရွက်လာကြရာ ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းများ နှစ်စဉ် ဖွင့်ဖြစ်သည်။ ဓမ္မစကြာဝတ်အသင်းများ ဖွဲ့သည်။ သကြံန်တွင်း တရားစခန်းနှင့်ဝါတွင်း ဉပုသ်နေ့ တရားစခန်းများလည်း ဖွင့်သည်။ ကျောင်းကန် အဆောက်အအုံများလည်း တိုးတက်လာရာ မူလရှိနှင့်ပြီးသော ကျောင်းအပြင် သိမ်ကျောင်းတစ်ဆောင် အပြင် ရွာနှင့်မလိုက်အောင် ခန့်ညားထည်ဝါသော (၄×၇)ခန်းဓမ္မာရုံကြီးကလည်း ကျေးရွာ၏ ဘာသာရေး လုပ်ငန်းအတွက်သာမက ရပ်ရေးရွာရေး စုဝေးတိုင်ပင်ရာ ဌာနေဖြစ်နေသည်။

ဘုန်းကြီးဦးဓမ္မဓရသည် ရွာ၏ဘာသာရေး ကိစ္စကိုသာ ဦးစီးဦးဆောင်ပြုသည်မဟုတ်။ ကျေးရွာ၏ပညာရေး၊ ကျန်းမာရေးကိစ္စတို့ကိုလည်း သက်ဆိုင်

သူတို့နှင့် တိုင်ပင်ပြောဆို၍ အားပေးဆောင်ရွက်သည်။ သို့ဖြစ်ရာ ယခင်က မူလတန်းအောင်ပြီးနောက် ကျောင်းထုတ်လေ့ရှိသော မိဘတို့မှာ သားသမီးများကို အလယ်တန်း၊ အထက်တန်းသို့ ဆက်လက်ထားလာကြသည်။ တက္ကသိုလ်ကောလိပ်များမှ ဘွဲ့ရများပင်ပေါ်ထွက်လာခဲ့ပေသည်။

ယခုမင်္ဂလာဆွမ်းကပ်မည့် မောင်အောင်မြတ်က (၄)တန်းကျောင်းသား၊ မခင်မျိုးမြင့်က (၃)တန်းကျောင်းသူ၊ ယခုတော့ နှစ်ယောက်စလုံး စာပေးစာယူဖြင့် ဘွဲ့ရပြီဖြစ်၍ မခင်မျိုးမြင့်မှာ ရွာကျောင်းတွင် ဆရာမလေးပင်ဖြစ်နေပြီး မောင်အောင်မြတ်ကမူ မိဘရိုးရာ တောင်သူလယ်ယာ လုပ်ငန်းကို ဆက်လက်လုပ်ကိုင်သည်။

ဘုန်းကြီး ဦးဓမ္မဓရသည် တသီတတန်းကြီး တွေးနေမိရာက တပည့်များ လာရောက်လျှောက်ထားရင်း ဆက်ကပ်သွားခဲ့သော မင်္ဂလာဆွမ်းကျွေး ဖိတ်စာလေးကို စားပွဲပေါ် တင်လိုက်သည်။

"ဩော် သူတို့လေးတွေတောင်မှ အချိန်တန် အရွယ်ရောက်လို့ သီးကြ၊ ပွင့်ကြတော့မှာပါလား"


ဘုန်းကြီး ဦးဓမ္မဓရသည် တပည့်များ အကြောင်း တွေးနေရာက မင်္ဂလာ ဆွမ်းကပ်ဟော ရမည့် တရားကို စဉ်းစားနေပြန်သည်။

တပည့်များအား တရားဟောရန် ဟောကွက် ပြောကွက် ပြင်ဆင်နေခိုက် ဓမ္မာရုံပေါ်မှာ ကိုရင် တစ်ပါး၏ ရှင်ကျင့်ဝတ်၊ ကျက်မှတ်သံကြားလိုက်ရ သည်တွင် လေးနက်တည်ငြိမ်သော ဘုန်းကြီး ဦးဓမ္မ-

ဓမ္မာရုံပေါ်မှာ ကိုရင်
တစ်ပါး၏ ရှင်ကျင့်ဝတ်၊
ကျက်မှတ်သံကြားလိုက်ရ
သည်တွင်

ဓရ၏ မျက်နှာပြင်၌ ပီတိလှိုင်းတစ်ခု သိမ့်သိမ့် လှုပ်ခတ်သွားလေသည်။

ဝတ္တံ၊ ဝတ်ကြီး ဝတ်ငယ်ကို။ အပရိပူရေန္တော၊ မဖြည့်ကျင့်သော ရဟန်း၊, သာမဏေသည်။ သီလံ၊ သီလကို။ နပရိပူရတိ၊ ဖြည့်ကျင့်သည်မမည်။ အသုဒ္ဓသီလော၊ မစင်ကြယ်သော သီလရှိသော။ ဒုပ္ပညော၊ ပညာနည်းသော ရဟန်း၊, သာမဏေသည်။ စိတ္တေကဂ္ဂံ၊ စိတ်၏ ငြိမ်သက်တည်ကြည်ခြင်းကို။ နဝိန္ဒတိ၊ မရနိုင်။



# ပင်မထေရဝါဒ မဏ္ဍိုင်ကြီး

စိတြ

ကမ္ဘာကြီး တိုးတက်ဖွံ့ဖြိုးလာသည်နှင့်အမျှ လူတို့ ၏အကျင့်စရိုက်၊ စည်းကမ်း နည်းလမ်းများ စနစ်ကျဖို့ လိုလာ၏။ တစ်ဖက်က ဖိအားများလာလျှင် ယိမ်းယိုင်ပြိုလဲတတ်၏။ တစ်ဖက်က မြင့်မောက်လာလျှင် အခြားတစ်ဖက်က နိမ့်ကျ သွား၏။ နိယာမ သဘောပင်တည်း။

အရာရာတိုင်းတွင် သက်ရောက်မှုအား ရှိနေမြဲ ဖြစ်၏။ နိယာမဆိုသည်မှာ ထိုသက်ရောက်မှုအားကို ဆိုလိုခြင်းဖြစ်သည်။

ကမ္ဘာ့ရွာဟု တင်စား နေကြရသော ဤကမ္ဘာကြီးသည် တဖြည်းဖြည်း ကျဉ်းမြောင်း လာ၏၊ နည်းပညာကို အခြေပြုထားသဖြင့် ကမ္ဘာ တစ်ဝန်း တိုးလျှိုပေါက်ဖြစ်လာ၏။ စက္ကန့်ပိုင်းလေး အတွင်းမှာပင် ကမ္ဘာတစ်ဝန်း ဆက်သွယ်ရေး ကွန်ရက်စနစ် ဖြစ်ထွန်းခဲ့၏။

သူ့နိုင်ငံ-ငါ့နိုင်ငံ၊ သူ့လူမျိုး-ငါ့လူမျိုးစသည့် ကျဉ်းမြောင်းသည့် အတ္တဗဟိုပြုဝါဒများ တဖြည်းဖြည်း လျော့ပါးလာ၏။ လူစွမ်းကောင်း ဝါဒများ တိမ်ကောသွား၏။ ငါသာအရှင်၊ ငါသာဘုရင် ဟူသော ဧကရာဇ်ဝါဒတို့လည်း ငုံ့လျှိုးသွား၏။ အရင်က ဧကရာဇ်-ယခု လူသားခေါ်ရုံမျှ ပညတ္တိဝါဒဖြစ်မှန်း သိလာကြ၏။ ဝိညာဏဝါဒ, သုညတဝါဒတို့မှာလည်း တစ်ဖက် စွန်းရောက် အယူဝါဒဖြစ်ကြောင်း ဘယ်သူမှ တရားမဟောရဘဲ အလိုလို သဘောပေါက်လာကြ၏။ နိယာမပင်တည်း။

မြန်မာနိုင်ငံသည် ဆဋ္ဌသင်္ဂါယနာတင်၍ ကမ္ဘာကြီးကို ဦးဆောင်မှု ပြုလိုက်နိုင်၏။ မူမှန် ဆဋ္ဌသင်္ဂါယနာတင် ပိဋကတ်တော်အစုံ ဖန်တီး နိုင်ခဲ့သည်၊ ကမ္ဘာအရပ်ရပ်ရှိ အယူကွဲ ဝါဒကွဲ၊ ဂိုဏ်းကွဲ တို့ကိုလည်း ဆဋ္ဌသင်္ဂါယနာစံပေတံဖြင့် တိုင်းတာ တွက်ချက်ကာ အဖြေမှန် ထုတ်ပေး နိုင်ခဲ့၏။

မြန်မာနိုင်ငံတွင် ဝါဒစုံ၊ ဂိုဏ်းစုံ၊ အဖွဲ့စုံ တို့ကို ဆဋ္ဌသင်္ဂါယနာ ထေရဝါဒစံပေတံဖြင့်ပင် တိုင်းတာသတ်မှတ်၍ အဖြူ အမည်း ခွဲခြား ပေးနိုင်ခဲ့၏၊ အမှား-အမှန်၊ အကောင်း- အဆိုးသတ်မှတ်နိုင်ခဲ့၏၊ အင်ပါယာမည်မျှ ကြီးမားသော်လည်း ထေရဝါဒစံပေတံကို ကျော်လွန်၍မရ။ တပ်လန်၍ သွားကြ၏။ မည်မျှ ပြင်းထန်သော မုန်တိုင်းကြီး လာစေကာမူ အုတ်တံတိုင်းသဖွယ် အခိုင်အမာ ကာကွယ်ထားသည်မှာ ထေရဝါဒလျှင် ဖြစ်၏၊ အခြားမရှိ။

အရေအတွက်ကား နည်း၏၊ သို့သော် အင်အားကောင်း၏။ စွမ်းရည်ပြည့်ဝ၏၊ ကမ္ဘာသို့တိုင် သက်ရောက်မှုအား အရှိန်မြင့်လျက်ရှိ၏။ အရေအတွက်က သာမည၊ အရည်အချင်းက အဓိက ဖြစ်၏။

"မြန်မာနိုင်ငံတွင် နိုင်ငံတော် သံဃမဟာ

ယခုထိ ပရိယတ္တိတက္ကသိုလ်ကြီးများ၊ ထေရဝါဒတက္ကသိုလ်ကြီးများ၊ စာသင်တိုက်၊ ကမ္မဋ္ဌာန်းတိုက်ကြီးများ၊ ပြည်တွင်းပြည်ပသာသနာပြုဌာနများ၊ ဘာသာရေးအဖွဲ့အစည်းများ စသည်တို့ကို ဦးဆောင်မှုပေးနေ၏။ ပြည်ပသာသနာပြုလုပ်ငန်းကိုလည်း အရှိန်မြင့် ဆောင်ရွက်လျက်ရှိ၏။ ထေရဝါဒ မဏ္ဍိုင်တော်ကြီးအဖြစ် မားမားမတ်မတ် ရပ်တည်လျက်ရှိ၏။

၂၅-နှစ်တာကာလဟူသည် အခြေခိုင်ရုံမျှသာဟု ထင်ဖွယ်ရှိ၏။ သို့သော် ဗုဒ္ဓရှင်တော်မြတ် ပရိနိဗ္ဗာန်ပြုသည့်ကာလမှစ၍ ယနေ့တိုင် အနွယ်အဆက်မပြတ်လပ်ဘဲ ရပ်တည်နိုင်ခဲ့သော ပင်မ ထေရဝါဒ ဓမ္မမဏ္ဍိုင်ကြီး ဖြစ်၏။

ယခုဆိုလျှင် ကမ္ဘာ့ရွာဖြစ်လာသည်နှင့်အမျှ ထေရဝါဒဓမ္မမဏ္ဍိုင်ကြီး အင်အားကောင်းကောင်းဖြင့် "ကမ္ဘာလုံးဆိုင်ရာ သံဃာ့အဖွဲ့အစည်းကြီးဖြစ်လာနိုင်၏။ ကမ္ဘာ့ရွာရှိ လူသားအားလုံးတို့ အယူဝါဒစည်းကမ်းနည်းလမ်းများ ယိမ်းယိုင်ပြိုလဲမသွားအောင် မြန်မာနိုင်ငံရှိ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီးက ဆက်လက်၍ ဦးဆောင်မှုပေးနိုင်လိမ့်မည်ဟု ကမ္ဘာ့ရွာသားတို့ ကိုယ်စားအာသီသဖြစ်နေမိပါ၏။

နာယကအဖွဲ့"ဟူ၍ အမြင့်ဆုံး သံဃာ့ဦးသျှောင်အဖွဲ့အစည်းကြီးရှိ၏။ အဖွဲ့ကြီး၏ သက်တမ်းကား ငွေရတုကာလရောက်နေ၏။ ထိုအဖွဲ့ကြီးသည် မြန်မာနိုင်ငံအဓိပတိ သံဃာ့ဦးသျှောင်ဆရာတော်ဘုရားကြီးများ၏ ဦးဆောင်မှုဖြင့် ဆောင်ရွက်လျက်ရှိ၏။

ဗုဒ္ဓရှင်တော်မြတ် ပရိနိဗ္ဗာန်ပြုသည့်ကာလမှစ၍ ယနေ့တိုင် အနွယ် အဆက်မပြတ်လပ်ဘဲ ရပ်တည်နိုင်ခဲ့သော ပင်မ ထေရဝါဒ ဓမ္မမဏ္ဍိုင်ကြီး ဖြစ်၏။



စိတြ

# ညီညွတ်ခြင်းသည် အင်အား

လှမြင့်(ရွှေတောင်) ဓမ္မာစရိယ၊LL.B

သံဃာ့အဖွဲ့အစည်း၏ အဓိကအချက်ဖြစ်သည့် ညီညီညွတ်ညွတ် နေထိုင်ခြင်းသည် ချမ်းသာ၏ဟု ဘုရားရှင် ကိုယ်တော်တိုင် ဝိနည်းဒေသနာတော်၌ ဟောကြားဆုံးမခဲ့သည်။ အပြန်အားဖြင့် မညီမညွတ် တစ်ပါးနှင့်တစ်ပါး, တစ်ဖွဲ့နှင့်တစ်ဖွဲ့ ငြင်းခုံ အငြင်းပွားနေလျှင် ချမ်းသာခြင်းမဟုတ်ဘဲ ဆင်းရဲခြင်းအကြောင်းသာ ဖြစ်သည်။ သာသနာတော် အရှည်ခံ၍ တည်တံ့အောင် ဆောင်ရွက်ဖို့တာဝန်သည် သာသနာ့ဝန်ထမ်းပုဂ္ဂိုလ်များ၏ တာဝန်ပင် ဖြစ်သည်။ ထိုပုဂ္ဂိုလ်များသည် သာသနာတော်ဝယ် ရှေ့ဆောင် လမ်းပြသူများ ဖြစ်သည်။ ရှေ့ဆောင် လမ်းပြသူများသည် အယူဝါဒ လမ်းလွဲလမ်းမှား လိုက်မိလျှင် နောက်လိုက်ပုဂ္ဂိုလ်များလည်း လမ်းမှား ရောက်သွားတတ်သည်။

ထို့ကြောင့် အယူသီလ တူမျှစေရန် အာဏာဒေသနာဟုဆိုအပ်သော ဝိနည်းတရားတော် (ကိုယ်ကျင့်တရား)ကို အထွဋ်အမြတ် ဟောကြားဆုံးမတော်မူခဲ့ပါသည်။ ထိုဥပဒေစည်းကမ်းများသည် သာသနာတော်၏ အသက်ပင်ဖြစ်သည်။ "ဝိနယော နာမ သာသနဿ အာယု" ဟု အဋ္ဌကထာဆရာ ဖွင့်ဆိုသည်။ ကုဋေကိုးထောင်ကျော်သော သိက္ခာပုဒ်များကို သာသနာတော်ကို ကြည်ညိုလေးစားခြင်း မရှိသောပုဂ္ဂိုလ်များ အထင်သေး၊ အမြင်သေး၊ အပြစ်တင်၊ ကဲ့ရဲ့ဖွယ်မရှိစေရန် ပညတ်တော်မူခဲ့သည်။ သာသနာတော်၏ ရှေးရေးကို မြော်တွေးသိမြင်တော်မူ၍ ကြီးမားမြင့်မြတ်သော မဟာကရုဏာတော်ဖြင့် အကြားအလပ်မရှိ (အသေးအဖွဲ့ဟူ၍မရှိ) ဆုံးမပေါကြားတော်မူခဲ့သည်။

ဝိနည်းဥပဒေတော်သည် တစ်ဦးတစ်ယောက် တစ်ပါးအတွက်သော်လည်းကောင်း၊ တစ်သင်း တစ်ဖွဲ့အတွက်သော်လည်းကောင်း မဟုတ်ဘဲ သာသနာ့ဝန်ထမ်း ပုဂ္ဂိုလ်အားလုံးအတွက် လိုက်နာကျင့်သုံးရန် စည်းကမ်းဖြစ်သည်။ လိုက်နာဆောင်ရွက်ခြင်းမရှိဘဲ အပြစ်ကို ကျူးလွန်မိပါက မဂ် ဖိုလ် နိဗ္ဗာန်ကိုပါ အန္တရာယ်ပြုနိုင်သည်။ အချို့ပညတ်ချက်သည် ပဏ္ဏတ္တိဝဇ္ဇမဖြစ်သော်လည်း လောကဝဇ္ဇ (ကဲ့ရဲ့ဖွယ်၊ ရှုချဖွယ်) ဖြစ်နိုင်သည်။ ဘုရားရှင်ကိုယ်တော်တိုင် သံသရာဘေး၊ လောကဘေးကို မြင်သိတော်မူသဖြင့် သာသနာတော် အကျိုးကို ရည်မြော်၍ ဝိနည်းဒေသနာတော်ကို ပညတ်တော်မူခြင်း ဖြစ်သည်။

မြန်မာနိုင်ငံသည် ထေရဝါဒ ဗုဒ္ဓဘာသာနိုင်ငံဖြစ်သည်။ အများစု (၉၅) ရာခိုင်နှုန်းသည် ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသည်။ သာသနာ့ဝန်ထမ်းရှင်၊ ရဟန်း (၄)သိန်းကျော် (၅)သိန်း နီးပါးရှိလာသည်။ သာသနာ့ဝန်ထမ်း များပြားလာသည့်အလျောက် အဖွဲ့အစည်းသည်လည်း လိုလာသည်။ ဝိနည်းသိက္ခာပုဒ်ကို ထားရှိရုံသာမျှနှင့် မလုံလောက်။ ဝိနည်းသိက္ခာပုဒ်ကို အလေးဂရု မပြုကြသော ပုဂ္ဂိုလ်များအား နိဂ္ဂဟပြုရန်လည်း လိုလာပါသည်။ သာသနာနောက်ပိုင်း ရောက်လာသည့်အခါ ဝိနည်းစည်းကမ်းကို အလေးမထားသောပုဂ္ဂိုလ် ပိုမိုလာမည်ကို မြင်တွေ့လာနိုင်သည်။

မြတ်စွာဘုရားရှင်သည် လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း ပါရမီတော်ကို ဖြည့်ဆည်းခဲ့ရာ ဘုရားဖြစ်တော်မူပြီးသောအခါ ချမ်းသာစွာ နေနိုင်ပါလျက် နေတော်မမူဘဲ စ, လယ်, အဆုံး, ပြည့်စုံသော (သီလ, သမာဓိ, ပညာ) တရားတော်များကို ဟောပြတော်မူ၏။ ထိုသီလ၊ သမာဓိ၊ ပညာ (၃)မျိုးကို ကျင့်သင့် ကျင့်ထိုက်သော "သိက္ခာ" ဟု ခေါ်၏။ ထိုသိက္ခာ (၃)ပါးကိုပင် "သာသနဗြဟ္မစရိယ" ဘုရားရှင်၏ အဆုံးအမဖြစ်သော အကျင့် ဟု ခေါ်၏။ ထိုသိက္ခာ (၃)ပါး သာသနာသည်လည်း ပေါ်ထွန်းလာပြီး ဖြစ်သည်။ တရားတော်ကို သဘောကျ၍ ကျင့်ကြံအားထုတ် လိုသောပုဂ္ဂိုလ်၊ တရားဟောတော်မူလိုက်ရုံဖြင့် ကျင့်မှုကိစ္စပြီးမြောက်၍ တရားပေါက်သောပုဂ္ဂိုလ်များ ရှိလာသည်။ ထိုတွင် ရဟန်း သံဃာတော်များလည်း ပါဝင်၏။ ထိုပုဂ္ဂိုလ်များကိုပင် "သာသနာ့ဝန်ထမ်း ရဟန်းသံဃာတော်များ" ဟု အသိအမှတ်ပြုကြရ၏။

ထိုသို့ ဘုရားရှင်သာသနာတော်တည်ထောင်စဉ် သာသနာ့တာဝန်ကို ထမ်းဆောင်ကြသော ရဟန်းတော်များသည် တရားပေါက်ပြီး ပုဂ္ဂိုလ်၊

သဒ္ဓါတရားဖြင့် တရားကျင့်လို၍ ဝင်ရောက်လာသော ပုဂ္ဂိုလ်တို့သာ များပြားလာရကား ချုပ်ချယ်တားမြစ်သော ဝိနည်းဥပဒေများ ထိုအချိန်တွင် မလိုအပ်သေးပေ။ ပြုလုပ်ရန် ခွင့်ပြုသော (စာရိတ္တ) ဥပဒေလောက်သာ ပညတ်တော်မူရသည်။ ထို့ကြောင့် မြတ်စွာဘုရားရှင် ပထမဝါ (၂၀)အတွင်း သာသနာတော်သည် အစွမ်းကုန် သန့်ရှင်းလျက် အတိုးတက်ဆုံး တိုးတက်ကာ ခတ္တိယ၊ ဗြာဟ္မဏ ဇာတ်ရှိကြသော အမျိုးသားတို့သည် သာသနာ့ဘောင်သို့ ဝင်ရောက်လာကြသည်။

"သာသနာ" ဟူသည် ဘုရားရှင်၏ အဆုံးအမ ဩဝါဒပင် ဖြစ်၏။ ထိုအဆုံးအမ၏ အရင်းအမြစ်သည် "ပရိယတ်" ခေါ်သော ပိဋကတ် တရားတော်များပင်ဖြစ်သည်။ ပရိယတ်က ညွှန်ပြသည့်အတိုင်း ကျင့်ခြင်းကို "ပဋိပတ္တိသာသနာ" ဟူ၍လည်းကောင်း၊ ထိုအကျင့်ဖြင့် ထိုးထွင်း၍ သိအပ်သော မဂ် ဖိုလ် နိဗ္ဗာန်ကို "ပဋိဝေဓသာသနာ" ဟူ၍လည်းကောင်း ခေါ်သည်။ ကျင့်နည်း ကြံနည်းကို ညွှန်ပြသော တရားတော်မရှိလျှင် မှန်ကန်အောင် မကျင့်နိုင်၊ မှန်ကန်အောင် မကျင့်နိုင်ပါက အမှားကို ကျင့်မိတော့မည်။ ထိုအကျင့်မှားဖြင့် မည်သည့် ထူးခြားသောတရားကိုမျှ ရနိုင်ကြမည် မဟုတ်ပါ။

သိက္ခာ (၃)ပါးတွင် သီလသည် အရင်းခံဖြစ်သည်။ လက်တွေ့အားဖြင့်လည်း သီလသိက္ခာ စင်ကြယ်သူမှသာ မှန်ကန်သော သမာဓိကိုရှိနိုင်သည်။ သမာဓိရှိသူမှသာ ထိုးထွင်းသော အသိဉာဏ်ပညာကို ရနိုင်သည်။ ထို့ကြောင့် "သမာဟိတော ယထာဘူတံ ပဇာနာတိ"ဟု ဟောခဲ့သည်။ ပရိယတ်တရားတော်တွင်လည်း ဝိနည်းတရားတော်သည် ရဟန်းတော်များ၏ သီလသိက္ခာကို အပြည့်အစုံ ညွှန်ပြသောတရားဖြစ်သည်။ ထိုမျှလောက်ကြီးကျယ်သော သီလသည် သာသနာပကာလ၌ မရှိနိုင်ပါ။ သာသနာပကာလတွင် ငါးပါး၊ ရှစ်ပါး၊ ဆယ်ပါးစသော ကိုယ်ကျင့်သီလများ ရှိနိုင်သော်လည်း သာသနာတွင် ဤကဲ့သို့ ကုဋေကိုးထောင်ကျော်သော သီလမျိုးကိုကား ကြားရမည် မဟုတ်ပါ။ ထိုသီလတော်များသည် သာသနာ့ဝန်ထမ်း ရဟန်းတော်များအတွက် ဘုရားရှင် ပညတ်ထားအပ်သော ဥပဒေတော်ကြီးဖြစ်သည်။

သီလသိက္ခာသည် သာသနာတော်၏ အရင်းအမြစ် အကျဆုံးဖြစ်၍ "သာသနာ့အသက်"ဟု အထက်က ဖော်ပြခဲ့ပြီ။ ရဟန်းတော်များသည် ထိုဝိနည်းတရားတော်အတိုင်း သီလသိက္ခာကို မထိန်းသိမ်း မစောင့်စည်းဘဲ ဆယ်ပါးသီလမျှကိုသာ စောင့်စည်းနေထိုင်ခဲ့ပါက ဘုရားရှင်၏ အဆုံးအမ ဩဝါဒကို ပြည့်စုံစွာ လိုက်နာကျင့်ကြံနိုင်ကြမည် မဟုတ်ပါ။ သာသနာပ ရသေ့ပရိဗိုဇ် အနေမျှသာ ဖြစ်ကြတော့မည်။ မြတ်စွာ ဘုရားရှင်သည် အကြောင်းဝတ္ထု အပြစ်တစ်စုံတစ်ရာ မပေါ်ခင် ဝိနည်း ဥပဒေတော်ကို ကြိုတင်၍ ပညတ်တော်မမူ။ အကြောင်းဝတ္ထု တစ်ခုပေါ် ပေါက်လာမှသာ ပညတ်တော်မူသည်။ ထိုသို့ ပညတ်တော်မူခါနီး၌လည်း သံဃာတော်များကို စည်းဝေးစေ၍ ထို အစည်းအဝေး၌ အပြစ်ရှိ ရဟန်းကို စစ်ဆေးမေးမြန်းတော်မူ၏။ ထိုသို့ မေးမြန်းတော်မူပြီးလျှင် အပြစ်တင်တန်လျှင် အပြစ်တင်တော်မူ၍ ဆုံးမဩဝါဒ တရားစကားကို မိန့်တော်မူ၏။ ထိုတရားစကားတော်ကို ကြားနာရသော သံဃာတော်များကပင် ဤအမှုမျိုး နောင်မဖြစ်ပေါ်အောင် "ဥပဒေပညတ်တော်" ထားထိုက်သည်ဟု အယူရှိကြသော အခါကျမှ ထိုက်သင့်ရာ ဥပဒေကို ပညတ်တော်မူသည်။ တစ်ချို့ဥပဒေသည် ဘေးဖြစ်အောင်ချုပ်ချယ်သော ဥပဒေ

မဟုတ်၊ ရဟန်းတော်များအတွက် အခွင့်အရေးပေးသော ဥပဒေဖြစ်သည်။ ဥပဒေ၏ အကြောင်းဝတ္ထုအမှုကိစ္စတွင်လည်း မလွဲမရှောင်သာသော အမှု (သို့) အလွန်အကြူးစောင့်စည်းထားသဖြင့် ဆင်းရဲပင်ပန်းခံရသော အမှုကိစ္စမျိုးသည်လည်း ထင်ရှားပါသည်။

မြတ်စွာဘုရားရှင်သည် ဝိနည်းဥပဒေတော်ကို တည်တော်မူခါနီး သာသနာတော်ကို ကိုးကွယ်ဆည်းကပ်နေကြသော လူဝတ်ကြောင်များကိုလည်း ငဲ့ညှာထောက်ထား သနားညှာတာသော မဟာကရုဏာ, ရဟန်းကောင်း ရဟန်းမြတ်ကို အနေအထိုင် မကျဉ်းကြပ်စေဘဲ အလေးအမြတ်ကို ခံလောက်စေလိုသော မဟာကရုဏာ၊ ရဟန်းတု, ရဟန်းယောင်များ အပြစ်တွေ့ ဗလဝဖြင့် လူဝတ်ကြောင်တို့၏ အကိုးအကွယ်, အဆည်းကပ် ပစ္စည်းလာဘ်ကို ခံယူနေခြင်းကြောင့် နောင်သံသရာဝယ် ကယ်တင်ရန် မဖြစ်နိုင်အောင် ဆင်းရဲတွင်းသို့ သက်ဆင်းကျရောက်မည့်အရေးကို တွေးတောထောက်ထားတော်မူသော ဤမဟာကရုဏာဉာဏ်တော်ကြီးဖြင့် ဝိနည်းဥပဒေကို ထားတော်မူခဲ့သည်။

အရှင်သာရိပုတ္တရာက မြတ်စွာဘုရားရှင်အား သိက္ခာပုဒ် ပညတ်တော်မူခြင်းသည် သာသနာတော်၏ ရေရှည်တည်တံ့ရန် အကြောင်းတစ်ရပ်ဖြစ်ပါသောကြောင့် သိက္ခာပုဒ် ပညတ်တော်မူရန် အချိန်တန်ပြီဟု လျှောက်ထားသည့်အခါ သာရိပုတ္တရာ စောင့်ဆိုင်းပါဦး၊ သာရိပုတ္တရာ စောင့်ဆိုင်းပါဦး။ သိက္ခာပုဒ် ပညတ်ခြင်း၌ သင့်တော်သော အချိန်အခါကို ငါဘုရား ကိုယ်တော်တိုင် သိတော်မူသည်။ သံဃာတော်မှာ အပြစ်ကျူးလွန်မှုဖြစ် ပေါ်သောအခါ ငါဘုရားသည် သိက္ခာပုဒ်တော် ပညတ်တော်မူမည်ဟု မိန့်ကြားခဲ့ပါသည်။

"ဝိနည်း" ဟူသည် ကိုယ် နှုတ် (၂)ပါးကို ထိန်းသိမ်းစောင့်ဆည်းရသော ကိုယ်ကျင့်တရားဖြစ်သည်။ ထိုကိုယ်ကျင့်တရားသည် သဘောအားဖြင့် ထင်ရှားရှိနေ၏။ သို့သော် ဘုရားရှင် ကိုယ်တော်မြတ်က ထုတ်ဖော် ပညတ်တော် မမူပါ။ လောက၌ အရည် အချင်းရှိလျက် တိမ်မြုပ်နေသူတစ်ယောက်ကို အထက်လူတစ်ယောက်ယောက်က ထင်ရှားအောင် ဖော်ထုတ်လိုက်လျှင် ထိုမြုပ်နေသူကို ချီးမြှောက်ရာ ရောက်သကဲ့သို့ ထို့အတူ မထင်မရှားသေးသော ဝိနည်း ကျင့်ဝတ်များကို ဥပဒေတော်အဖြစ်ဖြင့် ထုတ်ဖော်လိုက်ခြင်းသည် ထိုဝိနည်းကို ချီးမြှောက်ရာ ရောက်၏။ ရဟန်းကျင့်ဝတ် ဝိနည်း တရားတော်ကို မြှင့်တင်ရာ ရောက်ပါသည်။

သာသနာတော် နိမ့်တုံ မြင့် တုံ ဖြစ်ခြင်းသည် သာသနာတွင်း ဝင်ရောက်လာကြ သော ရဟန်းတု ရဟန်းယောင်များကြောင့် သာသနာတော် နိမ့်ကျရခြင်း ဖြစ်သည်။ သီလ သမာဓိ ပညာ ဖြည့်ကျင့်သော ရဟန်းသံဃာဖြင့် ပြည့်နှက်နေလျှင် သာသနာတော်စည်ပင်မည်။ ထို့ကြောင့် မထေရ်မြတ်ကြီးတို့သည် သာသနာ ပြုမင်းများနှင့် တိုင်ပင်ကာ ပထမသံဂါယနာမှ ဆဋ္ဌသံဂါယနာများ အထိ အကြိမ်ကြိမ် ကျင်းပပြုလုပ်ခဲ့ သည်။

ဝိနည်းသိက္ခာကို လေးစားလိုက်နာမှု နည်းပါးလာသော ခေတ်ကာလဝယ် အဆန်းထွင်သော အယူဝါဒများ, အယူစွဲများ, ဟောပြောချက်များ, ရေးသားချက်များ ပေါ်လာတတ်သည်မှာ ဓမ္မတာ ပင်ဖြစ်၏။ သာသနာတော် နိမ့်ကျလာသည့်အခါ အကျင့်သိက္ခာသည်ပင် မရှိသလောက် ဖြစ်တတ်သည်။ ဘုရားဟော ဓမ္မကိုပင် မိမိတို့ လိုရာဆွဲ၍ ဟောပြောခြင်း၊ ရေးသားခြင်း၊ နှိမ့်ချခြင်းများ ပြုလာ

ကြ၏။ အဓမ္မဝါဒီများ တဖြည်းဖြည်း ကြီးထွားခြင်းသို့ ရောက်လာတတ်သည်။

ဗုဒ္ဓဘာသာနှင့် ဆန့်ကျင်သော အယူဝါဒများ လွှမ်းမိုးလာခြင်းသည် သာသနာတော် မှေးမှိန်ကွယ်ပျောက်သည့် အခြေအနေပင် ဖြစ်သည်။ မြန်မာနိုင်ငံသည် ထေရဝါဒ ဗုဒ္ဓဘာသာ ထွန်းကားရာဒေသဖြစ်သည်။ သို့ပင်ငြား ထိုအခါက အဓမ္မဝါဒီ လူသေလူဖြစ်ဝါဒ, ကျောက်သဘော်ဝါဒ, ဓမ္မနီတိဝါဒ စသော ပိဋကနှင့်ဆန့်ကျင်သော အယူဝါဒများ တဖြည်းဖြည်း အင်အားကောင်းလာကြသည်။ ထိုအရေးကို ဗုဒ္ဓဘာသာဝင် ဆရာတော်ကြီးများနှင့် သာသနာပြု လူပုဂ္ဂိုလ်များ ကြားရ သိရသဖြင့် စိတ်မချမ်းမြေ့ဖွယ် ဖြစ်လာကြသည်။ ယင်းကိစ္စကို ဖြေရှင်းနိုင်ဘို့ရန် ဓမ္မစက်ကို ကျင့်သုံးနိုင်သော သံဃာ့အဖွဲ့အစည်းကား မပေါ်သေးပေ။ အဖွဲ့အစည်း လိုအပ်လာသည်။ ဓမ္မစက်နှင့် လက်တွဲရန် သာသနာပြု မင်းကောင်း မင်းမြတ်တို့၏ အာဏာစက်လည်း လိုအပ်လျက်ရှိပါသည်။

ထေရဝါဒဗုဒ္ဓသာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက် ဆရာဒကာ ညီညီညွတ်ညွတ် လက်တွဲဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် အခြေအနေနှင့် အချိန်အခါအရ နိုင်ငံတော် အစိုးရနှင့် သာသနာတော်ကို ကြီးပွားတိုးတက်လိုသော ဆရာတော်ကြီးများ ညှိနှိုင်းဆွေးနွေးတိုင်ပင်ကာ ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးကို ၁၃၄၂-ခုနှစ်၊ နယုန်လဆန်း (၁၁)ရက်နေ့မှ နယုန်လဆန်း (၁၄)ရက်နေ့ (၁၉၈၀-ပြည့်နှစ်၊ မေလ ၂၄-ရက်မှ မေလ ၂၇-ရက်နေ့အထိ) ၄-ရက်တိုင်တိုင် ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ၊ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ ဂိုဏ်းပေါင်းစုံ သံဃသမ္မုတိရသံဃာ့ကိုယ်စားလှယ်အပါး (၁၂၁၈)ပါး တက်ရောက်ပြီး ကျင်းပပြုလုပ်ခဲ့လေသည်။

ထိုအစည်းအဝေးပွဲကြီး၌ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ကို အတည်ပြုရွေးချယ်ခဲ့သည်။

နိုင်ငံတော်အဆင့်

(က) နိုင်ငံတော် ဩဝါဒါစရိယအဖွဲ့,
(ခ) နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့,
(ဂ) နိုင်ငံတော် သံဃမဟာနာယကအဖွဲ့.

အောက်ခြေအဖွဲ့အစည်း အဆင့်ဆင့်

(ဃ) ပြည်နယ်နှင့်တိုင်း သံဃနာယကအဖွဲ့,
(င) မြို့နယ်သံဃနာယကအဖွဲ့,
(စ) ရပ်ကွက်/ကျေးရွာစုပေါင်းသံဃနာယကအဖွဲ့ဟု တညီတညွတ်တည်း အတည်ပြုရွေးချယ်ခဲ့သည်။

သံဃာ့အဖွဲ့အစည်း အဆင့်ဆင့် လုပ်ငန်းများ အဆင်ပြေ ချောမွေ့စေရန် အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းသည် အရေးကြီးသည်။ အဘယ်ကြောင့်ဆိုသော် အဖွဲ့အစည်း၏ အသက်သည် လုပ်ထုံးလုပ်နည်းပင် ဖြစ်သည်။ ထို လုပ်ထုံးလုပ်နည်းသည် အဓိက အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ လုပ်ထုံးလုပ်နည်း မရှိပါက သူတလူငါတမင်း ကိုယ်ကြိုက်သည်ကို လိုသလို ဆုံးဖြတ်ကြမည် ဖြစ်သည်။


သံဃာ့အဖွဲ့အစည်းကြီး မပေါ်ခင်က မြန်မာနိုင်ငံတွင် ထေရဝါဒယောင်ယောင် လူသေလူဖြစ်ဝါဒ, ကျောက်သဘော်ဝါဒစသော ဝါဒများကို ကြားနာရသော မသိနားမလည်သော ပုဂ္ဂိုလ်များအတွက် ဓမ္မအစစ်ဟူ၍ ဟုတ်သယောင်ယောင် ထင်ယောင်ထင်မှား ရှိလာကြသည်။ ယင်းတို့၏ဝါဒသည် ပေါ့ပေါ့နေ ပေါ့ပေါ့စား ပုဂ္ဂိုလ်များအတွက် ကြိုက်စရာ ဝါဒ

ပင်ဖြစ်သည်။ မြတ်စွာဘုရားရှင်၏ တရားဓမ္မကို ပိဋကတ်တော်နှင့်မညီ မိမိတို့ လိုရာဆွဲ တီထွင်ကြံဆကြသော ဝါဒများပင်ဖြစ်သည်။ အဓမ္မဝါဒီ အစုအဖွဲ့များ တဖြည်းဖြည်း အင်အားများလာကြသည်။ ၄င်းတို့ဝါဒများကို အသက် ၆၀-ကျော်၊ ၇၀-ကျော်လူကြီးများပင် အယူဝါဒ ပြင်းထန်လာကြသည်။ ရဟန်းသံဃာတော်များကို အရိုအသေမပြုထိုက်ဟု ထင်မှတ်လာကြ၏။ လူသေရင် လူဖြစ်မည်၊ ခွေးသေရင် ခွေးဖြစ်မည်စသော တစ်ယူသန် မိစ္ဆာဒိဋ္ဌိ အမှားမျိုးကို ဝါးမျိုလာကြသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင် စင်စစ် သူတော်စင်များ စိတ်သည် မအေးချမ်းနိုင်၊ နိုင်ငံတော်အကြီးအကဲ ဗုဒ္ဓဘာသာဝင်များသည်လည်း ဆရာတော်များနည်းတူ စိတ်မချမ်းမသာ ဖြစ်လာကြသည်။

သံဃာ့ဂိုဏ်းများ အမျိုးမျိုး ကွဲပြားနေသဖြင့် ညီညွတ်မှု ပျက်ပြားနိုင်သောကြောင့် (၁-၂-၁၉၈၀) ရက် သောကြာနေ့တိုင်းမတိုင်မီ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနတွင် စာရင်းဝင်ပြီးသော သံဃာ့ဂိုဏ်းအသီးသီးကို ဆက်လက်တည်ရှိခွင့်ပြုခဲ့သည်။ (၂-၂-၁၉၈၀)ရက် စနေနေ့မှ စ၍ ဂိုဏ်းသစ်များ ခွဲခြားတည်ထောင်မှုကို တားမြစ်ခဲ့သည်။ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းပါ အခန်း(၂) အပိုဒ်(၉)အရ ဂိုဏ်းအချင်းချင်း ပူးပေါင်းနိုင်သလို၊ အပိုဒ်(၁၀)အရ ဂိုဏ်းစည်းကမ်းရ ကျင့်သုံးခွင့်ကိုလည်း ပြဋ္ဌာန်းထားသည်။ သံဃာ့ညီညွတ်ရေးအတွက် အခွင့်အလမ်း ဖွင့်ထားခြင်းဖြစ်သည်။

ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းကြီး ပီပီပြင်ပြင် ပေါ်ပေါက်လာသည်။ ယခင်က သာသနာတော်ကြီး ဂုဏ်သိက္ခာနိမ့်ကျညှိုးနွမ်းသွားစေရန်နှင့် သာသနာတော်ကြီး ပျက်စီးကွယ်ပျောက်သွားစေရန် ကျင့်ကြံလုပ်ဆောင် ဟောပြောရေးသား ထုတ်ဝေနေကြသူ ရဟန်းရှင် လူအချို့တို့အား နိုင်ငံတော်သီးခြားဝိနိစ္ဆယခုံရုံးများ ဖွဲ့စည်းကာ စောဒက၊ စုဒိတကများ စုံညီစွာဖြင့် အဓမ္မဝါဒဟူ၍ ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်တော်မူကြသည်။

ယင်းဝါဒများသည် နောင်အခါတွင် နာလံမထူနိုင်အောင် သံဃာညီညွတ်ခြင်း အင်အားဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သောကြောင့် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်နှင့်အတူ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ကြီးသည်လည်း ဦးသျှောင်အဖွဲ့ (စီမံခန့်ခွဲသောအဖွဲ့) ဖြစ်ရပါသည်။ ရှေ့ဆောင်အဖွဲ့ကြီး၏သက်တမ်းသည် ၂၅-နှစ်အတွင်း ညီညီညွတ်ညွတ် တိုင်တိုင်ပင်ပင် ဆွေးနွေးညှိနှိုင်းကြကာ တစ်နိုင်ငံလုံး လုပ်ငန်းတာဝန်များဖြစ်သော (ဝိနိစ္ဆယရေး၊ သာသနာရေး၊ ပညာရေး) တို့ကို တက်ညီလက်ညီ ကျရာတာဝန်များကို ဆောင်ရွက်ခြင်းဖြင့် ၂၅-နှစ် ငွေရတုသို့ ရောက်ရှိလာပြီဖြစ်သည်။ ထိုမှသည် ရွှေရတု၊ စိန်ရတုနှစ်များထက်မက နှစ်ငါးထောင် သာသနာတော်တည်ပါစေဟု ညီညွတ်မှု အင်အားဖြင့် ရရှိနိုင်ပါစေဟု ဆုမွန်ပြုပါသည်။



# ကြည်နူးဝမ်းသာနေမည်

[illegible]

၁၃၄၂-ခုနှစ်က ဖွဲ့စည်းတည်ထောင်ခဲ့သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးသည် ဂိုဏ်းပေါင်းစုံကိုယ်စားပြုသော တစ်ခုတည်းဖြစ်သည့် သံဃာ့အဖွဲ့အစည်းကြီး ဖြစ်သကဲ့သို့ အမြင့်ဆုံးသော အဖွဲ့ကြီးလည်းဖြစ်သည်။ စာရေးသူအနေဖြင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးနှင့် ပတ်သက်၍ ကိစ္စ၂-ရပ်ကို ဆောင်ရွက်ခဲ့ဖူးပါသည်။

(၁)

၁၃၈၆-ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သည့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) တွင် စာရေးသူသည် မဟာသင်တန်းသားအဖြစ် တက်ရောက် ခွင့်ရခဲ့ပါသည်။ ယင်းတက္ကသိုလ်ရောက်သောအခါ သင်တန်းဆရာများ၏ပို့ချမှုကြောင့် ရှေးကမသိခဲ့ ဖူးသေးသော အတွေးခေါ်များ၊ ဘာသာရေးခံယူ ချက်များ တိုးပွားရရှိနိုင်ခဲ့ပါသည်။

ထိုစဉ်ကကမ္ဘာအေးစေတီတော်၏ အရှေ့ဖက်မုခ်မှ ကားလမ်းအထိသည် တောက်လျှောက်လမ်းဖြစ်ပြီး လမ်းဘေးဝဲယာတွင် လူနေ အိမ်များ၊ ဆိုင်ခန်းများ၊ စားသောက်ဆိုင်များရှိပါသည်။ ထို့ကြောင့် အရက်သေစာ သောက်စားမူးယစ်သူများ၊ ခိုက်ရန်ဖြစ်ပွားမှုများ၊ အော်ဟစ်ဆဲဆိုမှုများမှာ ကမ္ဘာအေးကုန်းမြေနှင့် လားလားမျှ မထိုက်တန်အောင် အကျည်းတန် အရုပ်ဆိုးခဲ့ရပါသည်။

ထိုမြင်ကွင်းများကို ညနေလမ်းလျှောက်ထွက်တိုင်း တွေ့မြင်ရသဖြင့် စိတ်ထဲတွင် ဘဝင်မကျ ဖြစ်ရပါသည်။ ထိုဘဝင်မကျမှုထက် စိတ်ထိခိုက်စေသော အကြောင်းမှာ ဘာသာခြားများက ၎င်းတို့၏ သင်္ကေတ များကို ပြောင်ပြောင်တင်းတင်း ဆိုင်းဘုတ်တင်ရေးသားလျှက် အရောင်းဆိုင်များ ဖွင့်လှစ်ထားကြခြင်း ဖြစ်ပါသည်။ ဤကိစ္စနှင့်ပတ်သက်၍ မည်သူတို့က ဆောင်ရွက်ပေးနိုင်ပါသနည်း။ ထိုအခြေအနေများကို မကျေမနပ် ဖြစ်မိသည်မှာ အမှန်ပင်ဖြစ်ပါတော့ သည်။

ကမ္ဘာအေးကုန်းမြေသည် ဆဋ္ဌသင်္ဂါယနာတင်ခဲ့ရာ မြေဖြစ်၏။ ဗုဒ္ဓသာသနာတော်သက်သက်နှင့်သာ သက်ဆိုင်သောမြေအဖြစ် သတ်မှတ်ထားကြ၏။ စေတီပုထိုးများ၊ သိမ်၊ဓမ္မာရုံ များအပြင်၊ အမြင့်ဆုံး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး၏ ရုံးစိုက်ရာ မြေလည်းဖြစ်၏။ တစ်နည်းဆိုသော် ဗုဒ္ဓသာသနာတော်၏ ဗဟိုဌာနချုပ်ပင်ဖြစ်၏။ ထိုနယ်မြေများတွင် အရက်သေစာ သောက်စားမူးယစ်မှုများ၊ ဆဲရေးခိုက်ရန်ဖြစ်မှုများရှိသင့်ပါသလော၊ ထိုထက် နိုင်ငံခြားသား ဘာသာခြားတို့၏ ဘာသာရေး သင်္ကေတ လက္ခဏာများဖြင့် ထိုးဖောက်ဝင်ရောက်မှုများ ရှိသင့်ပါသလော့။

စာရေးသူ၏အသိစိတ်တွင် ဘာသာခြားများအနေဖြင့် ဗုဒ္ဓသာသနာတော်၏ ဗဟိုချက်မထဲအထိ ထိုးဖောက်ဝင်ရောက်လာခြင်း ဖြစ်သည်ဟု ခံစားမိပါသည်။ ထိုခံစားမှုများ၏ နောက်ကွယ်တွင်မူ အခြေအနေ အားလုံးကို ရေးသား၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး ထံပေးပို့ခဲ့ဖူးပါသည်။

(၂)

၁၃၈၈-ခုနှစ်တွင် စာရေးသူတို့သည် မဟာသင်တန်းများပြီးဆုံး၍ မဟာဘွဲ့အတွက် ကျမ်းပြုနေဆဲ ဖြစ်ပါသည်။ နိုင်ငံတော်တစ်ဝန်းလုံး အုပ်ချုပ်ရေးယန္တရားပြိုကွဲ၍ ကစင့်ကလျား ဖြစ်နေချိန်ပင်။

တစ်နေ့သော နံနက် ၉-နာရီအချိန်ခန့် ဖြစ်ပါသည်။ ရဟန်းသာမဏေများ အပြည့်တင်ဆောင်ထားသည့် ကား၂-စီးသည် အသံချဲ့စက်များဖြင့် ဆူညံစွာရောက်ရှိလာကြပြီး ကမ္ဘာအေးဘုရား အနောက်မုခ်ကျော်ကျော်တွင် ရပ်နားလိုက်သည်။ ကားပေါ်တွင် တပ်ဆင်ထားသည့်အသံချဲ့စက်မှနေ၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး ဖျက်သိမ်းရေး စသည့်ကြွေးကြော်သံများကို ကြွေးကြော်နေကြရာ စာရေးသူနေသည့်အဆောင်မှ အတိုင်းသား ကြားနေရ ပေသည်။

" သံကိုသံဖျက် သံချေးတက်"ဆိုသည့် အတိုင်း သံဃာ့အဖွဲ့အစည်းကြီးကို ဖျက်သိမ်းရန် သံဃာများက တောင်းဆိုနေကြခြင်းပင်။ မင်းမဲ့စရိုက်လွှမ်းသောကာလသည် အန္တရာယ်များလှ၏။ ၎င်းတို့၏ ဆောင်ရွက်ချက်သည် လုံးဝမသင့်လျော်သော ဆောင်ရွက်ချက်ဖြစ်ကြောင်းသိရှိသော်မှ တားမြစ်သူ၊ ဟန့်တားသူတစ်စုံတစ်ဦးမှ ထွက်မလာကြချေ။ စိတ်မထင်လျှင် မထင်သလိုပြုမူ ဆောင်ရွက်နိုင်သော ကာလဖြစ်သောကြောင့် ဖြစ်ပေမည်။

အဘယ့်ကြောင့်မှန်းမသိ၊ စာရေးသူသည် အော်ဟစ်နေကြသူများကို သွားရောက်မေတ္တာရပ်ခံလိုစိတ်ဖြစ်ပေါ်လာမိသည်၊ ထို့ကြောင့် ကားများရှိရာသွားရောက်ကာ ခေါင်းဆောင်ဟု ယူဆရသည့် ပုဂ္ဂိုလ်ကိုခေါ်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးသည် ခက်ခက်ခဲခဲ ဖွဲ့စည်းခဲ့ရသဖြင့် ဖျက်သိမ်းပေးရန် အလွယ်တကူ မတောင်းဆိုသင့်ကြောင်း၊ ဤအဖွဲ့ကြီးတည်ရှိနေသဖြင့် တပည့်တော်တို့သာသနာတော် တစ်ရပ်လုံးဂုဏ်ရှိပါကြောင်း၊ ကိုယ့်ကျောင်း ကိုယ်ပြန်ကြွကြစေလိုကြောင်းစသဖြင့် ရဲရဲဝံ့ဝံ့ မေတ္တာရပ်ခံလိုက်မိသည်။ ထိုအခါ ခေါင်းဆောင်ပုဂ္ဂိုလ်သည် စာရေးသူ၏မေတ္တာရပ်ခံမှုကို သဘောပေါက်၍လား၊ အဖက်လုပ်စကားမပြောချင်လို့လားမသိ၊ ကားများကို နောက်ဆုတ်စေကာ ကမ္ဘာအေးကုန်းမြေမှ ပြန်လည် ထွက်ခွာသွားပါတော့သည်။

စာရေးသူသည် တင်ပြပါ အချက် ၂-ချက်ကို ယနေ့တိုင်မကြာခဏ သတိရနေဆဲ ဖြစ်ပါ၏။ မိမိဆောင်ရွက်ချက်သည် မှန်ကန်သည်ဟုသာ ယုံကြည်ဆဲဖြစ်၏။ အောင်မြင်မှုရှိခဲ့သည်ဟုလည်း ဆိုနိုင်၏။ သို့သော် ထိုအောင်မြင်မှုများသည် စာရေးသူ၏ ဆောင်ရွက်ချက်ကြောင့် မဟုတ်နိုင်ချေ။ ထန်းသီးကြွေခိုက်၊ ကျီးနင်းခိုက် သဘောမျိုးသာ ဖြစ်မည်။ နိုင်ငံတော်အစိုးရ၏ အခြေအနေနှင့် အချိန်အခါ အလိုက်ဆောင်ရွက်ချက်များသာ ဖြစ်ပါလိမ့်မည်။

ယခုအခါ ကမ္ဘာအေးကုန်းမြေသည် လွန်စွာသန့်ရှင်းစင်ကြယ်သွားပေပြီ။ ဒုစရိုက်များ ကင်းဝေးပြီး အေးငြိမ်းသော သာသနာ့နယ်မြေကြီး ဖြစ်နေပေပြီ။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးသည်ပင် မပြိုမကွဲ တည်မြဲဖြစ်သောကြောင့် ယခုအခါ ၂၅-နှစ်သက်တမ်းသို့ ရောက်ရှိခဲ့ပြီဖြစ်ပေသည်။ စာရေးသူ၏ ဆောင်ရွက်ချက် ၂-ရပ်သည် မည်သူမှလည်း မသိ၊ သမိုင်းလည်းမဝင်စေကာမူ သာသနာတော်အကျိုး သည်ပိုးလိုက်ခြင်းဟု အများ လက်ခံလျှင် ကြည်နူးဝမ်းသာနေမည် ဖြစ်ပါသည်။

# ပြည်လုံးညီညာ
# သာသနာပြု နိုင်ကြပါစေ
## ခိုင်မြဝါ

လောကတွင် မည်သည့် အလုပ်ကိုမဆို ညီညွတ်စွာဖြင့် စုပေါင်း၍ လုပ်ကိုင်လျှင် အောင်မြင်ပါသည်။ ထို့ကြောင့် တိုးတက်ကြီးပွားလိုသော လုပ်ငန်းကိစ္စတို့ကို ဆောင်ရွက်လိုသူတို့သည် အဖွဲ့-အစည်းပြု၍ ညီညွတ်စွာ ဆောင်ရွက်လေ့ရှိကြသည်။ ထိုအဖွဲ့အစည်းတို့သည် တစ်ရံတစ်ခါ အကြောင်း အမျိုးမျိုးကြောင့် ပျက်ပြားသွားကြရသည်လည်းရှိပေသည်။ ထိုသို့ ပျက်ပြားသွားပါက မိမိတို့ မူလရည်ရွယ်ထားခဲ့သော လုပ်ငန်းကိစ္စတို့သည် အကောင်အထည် မပေါ်ဘဲ ပျောက်ကွယ်ဆိတ်သုဉ်း ကြရမည်ဖြစ်သည်။ ထာဝရ ညီညွတ်နေမည်ဆိုပါက အမြဲပင် အောင်မြင်တိုးတက်နေမည်ဖြစ်သည်။

ဗုဒ္ဓမြတ်စွာသည် မဟာသက္ကရာဇ် ၁၀၃-ခုနှစ် မှစ၍ အရှင်ယသအပါအဝင် ရဟန်းတော်၅၅-ပါး နှင့် ပဥ္စဝဂ္ဂီ ၅-ဦး၊ စုစုပေါင်း ၆၀-သော ရဟန်းတော်တို့ဖြင့် သာသနာတော်မြတ်ကြီးကို စတင်တည်ထောင်ခဲ့ပါသည်။ ထိုမှစ၍ သာသနာတော်တွင်းသို့ လူထုအလွှာပေါင်းစုံမှ ပုဂ္ဂိုလ် အသီးသီးတို့ တဖွဲဖွဲဝင်ရောက်လာရာ သာသနာတော်ကြီးသည် လွန်စွာစည်ကားခဲ့ပါသည်။ ဗုဒ္ဓမြတ်စွာ သက်တော်ထင်ရှားရှိစဉ်မှာပင် သာသနာတော်ကြီးသည် အလွန်တောင့်တင်းသော အဖွဲ့အစည်းကြီးတစ်ရပ်အဖြစ် ရပ်တည်လာခဲ့ပါသည်။ သို့သော်လည်း အချို့ရဟန်းတော်များမှာ သာသနာတော်နှင့် မလျော်သော အပြုအမူတို့ကို ပြုလုပ်ပြောဆိုခြင်းကြောင့် ဗုဒ္ဓမြတ်စွာသည် ဒုတိယဗောဓိဟုခေါ်သော ဝါတော် ၂၀-အလွန်တွင် ရဟန်းသံဃာတော်များ လိုက်နာကျင့်သုံးဖို့ရန် သက်ဆိုင်ရာ စည်းမျဉ်းဥပဒေ သိက္ခာပုဒ်တို့ကို ထုတ်ပြန်ခဲ့လေသည်။

ဗုဒ္ဓမြတ်စွာသည် သက်တော်-၈၀၊ ဝါတော် ၄၅-တွင် ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာဟူသော ဓမ္မတို့ကို အပြည့်အစုံ ဟောကြားခဲ့ပြီးဖြစ်လေသည်။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာက ပရိနိဗ္ဗာန်စံဝင်ခါနီးတွင် ညီတော်အာနန္ဒာအား ဤသို့ မိန့်ကြားခဲ့လေသည်။

"ညီတော် အာနန္ဒာ. . . . ငါ မြတ်စွာဘုရားသည် သင်တို့အတွက် သုတ်၊ အဘိဓမ္မာတို့ကို လည်းကောင်းစွာ ဟောထားခဲ့ပြီး၊ ဝိနည်း (စည်းကမ်း) ဒေသနာတော်ကိုလည်း ကောင်းစွာ ပညတ်ထားခဲ့ပြီး၊ ထိုဝိနည်း သုတ် အဘိဓမ္မာတို့သည် ငါဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးသော်လည်း သင်တို့၏ဆရာအဖြစ်ဖြင့် (သင်တို့ကို ထိုဓမ္မများက အဆုံးအမပေးသဖြင့်) ကျန်ရစ်နေခဲ့ကြပေလိမ့်မည်။ (ထိုဓမ္မတို့သည်ပင် ငါဘုရား၏ ကိုယ်စားတော် ဖြစ်ပေသည်)ဟု မိန့်ဆိုခဲ့ပါသည်။ (မဟာပရိနိဗ္ဗာနသုတ်)

ထို့ကြောင့် ဗုဒ္ဓမြတ်စွာ၏ သာသနာတော်ဟူသော အဖွဲ့အစည်းတွင် နေထိုင်တော်မူကြသော ရှင်ရဟန်းတို့သည် ထိုမြတ်ဗုဒ္ဓ၏ ဓမ္မဝိနယနှင့်အညီ ကျင့်သုံးနေထိုင်တော်မူကြရပါသည်။ သို့သော်လည်း မိဘတစ်ဦးတွင် သားကောင်း၊ သားလိမ္မာပါရှိသလို သားဆိုးသားမိုက်လည်းပါရှိတတ်ပါသည်။ ထို့အတူ ဗုဒ္ဓမြတ်စွာ၏ သာသနာတော်တွင်လည်း ဘာသာဝန်ထမ်း ရှင်ရဟန်းကောင်း၊ ရှင်ရဟန်းမြတ်များ ပါရှိသကဲ့သို့ ရဟန်းဆိုး ရဟန်းယုတ်တို့လည်း ပါရှိတတ်ပေသည်။ ထိုသူတို့ကြောင့်ပင် ဗုဒ္ဓမြတ်စွာ၏ သာသနာတော်မြတ်သည် အကျည်းတန်ရုပ်ဆိုးရသော အဖြစ်မျိုးသို့ ရောက်ရတတ်ပါသည်။

ထိုအကြောင်းကြောင့်ပင် ဗုဒ္ဓမြတ်စွာ၏ သာသနာတော်ကို ချစ်မြတ်နိုးကြကုန်သော မကောင်းမှုမှ အရှက်အကြောက်ရှိကြကုန်သော ရဟန်းတော်မြတ်တို့သည် သာသနာတော်တွင် ကျရောက်လာသော ဘေးအန္တရယ်တို့ကို အမြဲကာကွယ် စောင့်ရှောက်ခဲ့ကြလေသည်။

ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန် စံလွန်တော်မူပြီးနောက် များမကြာမီ သုဘဒ္ဒမည်သော ရဟန်းကြီး

သည် သာသနာတော်အပေါ် ထိပါးပုတ်ခတ်၍ ပြောဆိုလာသော အမနာပစကားကို သတိသံဝေဂ ရတော်မူသော အရှင်မဟာကဿပမထေရ်ကြီးသည် ပထမသင်္ဂါယနာတင်ဖို့ရန် ရဟန်းတော်များအား ဤသို့ အသိပေးတော်မူခဲ့လေသည်။

"ငါ့ရှင်တို့ .... မတရား အဓမ္မဝါဒ မထွန်းပမီ၊ တရားဓမ္မတို့ တားမြစ်ပိတ်ပင်ခြင်း မခံရမီ၊ မဟုတ်မမှန်သော ဝိနည်းစည်းကမ်းတို့ မထွန်းပမီ၊ ဟုတ်မှန်သော ဝိနည်းစည်းကမ်းတရားတို့ တားမြစ်ပိတ်ပင်ခြင်း မခံရမီ။

အဓမ္မဝါဒီ ပုဂ္ဂိုလ်များ အင်အားမကောင်းမီ၊ ဓမ္မဝါဒီပုဂ္ဂိုလ်များ အင်အား မနည်းမီ၊ ဝိနည်းကျင့်ဝတ်ကို လေးစားလိုက်နာသူများ အင်အားမနည်းမီ၊ ဓမ္မဝိနယကို ယခု ငါတို့သင်္ဂါယနာတင်ကြပါစို့ဟု အသိပေးခဲ့လေသည်။

ထို့အတူပင် ဒုတိယသင်္ဂါယနာ၊ တတိယသင်္ဂါယနာစသည်တို့ကိုလည်း သာသနာတော်မြတ်ကို ချစ်မြတ်နိုးကုန်သော ရဟန်းသံဃာတော်တို့သည် သံဃာ့အဖွဲ့အစည်း ဖွဲ့စည်း၍ ဗုဒ္ဓမြတ်စွာ၏ ဓမ္မဝိနယတို့ကို မပျောက်ပျက်အောင် ထိန်သိမ်းစောင့်ရှောက်လာခဲ့ကြသည်မှာ ပိဋကတ်သမိုင်းကြောင်းအရ ထင်ရှားလှပါသည်။

ထို့အတူပင် မြန်မာ့မြေပေါ်မှာလည်း ဗုဒ္ဓမြတ်စွာ၏ သာသနာတော်မြတ်ကြီးကို စည်ပင်ပြန့်ပွားထွန်းကားလာနိုင်စေရန် ရည်ရွယ်၍ ပဥ္စမသင်္ဂါယနာနှင့် ဆဋ္ဌသံဂါယနာကို တင်ခဲ့ကြပါသည်။ ထိုသည့်တိုင်အောင် မြန်မာနိုင်ငံတော်၌ လက်ညှိုးထိုးပြရလောက်အောင် ခိုင်မာသော သံဃာ့အဖွဲ့အစည်း မပေါ်ပေါက်မရှိခဲ့သေးပေ။

ဤသို့ဖြင့် မြန်မာနိုင်ငံတော်၌ ဗုဒ္ဓမြတ်စွာ၏ တရားဒေသနာတော်များကို လိုက်နာကျင့်သုံးလာခဲ့ရာ တစ်ကျောင်း တစ်ဂါထာ၊ တစ်ရွာ တစ်ပုဒ်ဆန်း ဆိုသကဲ့သို့ ကိုယ့်ဆရာနှင့် ကိုယ့်မူအဖြစ်ဖြင့် လည်းကောင်း (စာပေမတတ်သော ဆရာသမား တို့ကို ဆိုလိုပါသည်။) အချို့သူတို့မှာ ဗုဒ္ဓဘာသာကို အခြားအခြားသော ဘာသာအယူအဆတို့ဖြင့် ရောနှော၍လည်းကောင်း၊ အချို့သူတို့မှာ လောကီ ဆန်သော လုပ်ရပ်တို့ဖြင့်လည်းကောင်း၊ အချို့မှာ ဘာသာ, သာသနာကို စီးပွားရေးခုတုံးလုပ်၍လည်းကောင်း၊ အချို့မှာ ဆရာကြီးအဖြစ် တစ်စင်ထောင်လို၍လည်းကောင်း ဤသို့စသော အကြောင်းတို့ကြောင့် ဗုဒ္ဓမြတ်စွာ၏ သာသနာတော်အပေါ် ဂုဏ်, သိက္ခာ, နိမ့်ကျ ညှိုးနွမ်း ဆုတ်ယုတ်လာအောင် ပြုမူပြောဆိုလာကြသည်။ သာသနာတော် ပျက်စီးကွယ်ပျောက်သွားစေရန် အားထုတ်လာကြသည်။ ထိုကဲ့သို့ မသမာသူတို့သည် သာသနာတော်ကြီး အပေါ် အမျိုးမျိုး အမနာပ ပြောသူကပြော၊ ရောသူက ရောနှင့် အမျိုးမျိုးသော သာသနာ့အန္တရာယ် ရန်စွယ်တို့ အလျှိုလျှို ပေါ်ပေါက်လာခဲ့ လေသည်။

ထို့ကြောင့် ထေရဝါဒဗုဒ္ဓသာသနာတော်ကို

အဓမ္မဝါဒီပုဂ္ဂိုလ်များ အင်အားမကောင်းမီ၊

ဓမ္မဝါဒီပုဂ္ဂိုလ်များ အင်အားမနည်းမီ၊

ဝိနည်းကျင့်ဝတ်ကို လေးစားလိုက်နာသူများ အင်အားမနည်းမီ၊

ဓမ္မဝိနယကို

ယခု ငါတို့သင်္ဂါယနာတင်ကြပါစို့

ယုံကြည်လာသူ အချို့သူတို့သည် ထိုအပြုအမူတို့ကို မနှစ်မြို့ကြဘဲ ခါးသီးစွာ ခံစားနေကြရလေသည်။ ဘာသာအသိနုနယ်သူတို့မှာလည်း ဗုဒ္ဓသာသနာအပေါ် ယုံထင်ကြောင်ထင် ဖြစ်သွားရလေသည်။

ထို့ကြောင့် ဓမ္မကို အဓမ္မဖြစ်အောင်, အဓမ္မကို ဓမ္မဖြစ်အောင် ပြောဆိုရေးသားသူတို့ကလည်း ပြောင်ပြောင်တင်းတင်း ပြောဆိုရေးသားလာကြသည်။ ၎င်းတို့ကို သိရှိတော်မူကြသော ရဟန်းတော်များသည် မင်းအစိုးရ၏အာဏာစက်ကို ရယူပြီး သာသနာသက္ကရာဇ်၂၅၂၄-ခုနှစ် ကောဇာသက္ကရာဇ် ၁၃၄၂-ခုနှစ်တွင် တစ်ခုတည်းသော ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးကို ကျင်းပနိုင်ခဲ့ပါသည်။ ထို့ကြောင့် သာသနာတော်ကို ပြုပြင်ရာ၌ ဓမ္မစက် သက်သက်ဖြင့် မအောင်မြင်နိုင်ဘဲ အာဏာစက် ပါမှ အောင်မြင်နိုင်သည်ကို ထိုသံဃာ့အဖွဲ့အစည်းကြီးက သက်သေခံလျှက် ရှိပါသည်။

ထိုသံဃာ့အစည်းအဝေးကြီး၏ ဆုံးဖြတ်ချက်အရ ယခုအခါ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့် ပေါ်ပေါက်လာခဲ့ရပါသည်။

ထိုသံဃာ့အဖွဲ့အစည်း ဖွဲ့စည်းမှု၏ မူအရ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။-

(က) သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရန်

(ခ) သံဃာတော်များဝိနည်း တရားတော် နှင့်အညီ ကျင့်ကြံ သီတင်းသုံး နေထိုင်ရေး အတွက် သံဃာအချင်းချင်း ကြီးကြပ် ထိန်းသိမ်းသွားနိုင်ရန်

(ဂ) ပရိယတ္တိသာသနာတော်ကို တိုးတက်စည်ပင် ပြန့်ပွားစေရန်နှင့် ပိဋကတ်တော်နှင့် မညီသော ရေးသားခြင်း, ဟောပြောခြင်း, ပြသခြင်း၊ ပြုလုပ်ခြင်းများကို တားဆီး ကာကွယ်ရန်

(ဃ) ပရိယတ္တိနှင့် လျော်ညီသော ပဋိပတ္တိ သာသနာတော်ကို တိုးတက်စည်ပင်ပြန့်ပွားစေရန်

(င) သံဃာတော်များ ဂန္ထဓုရနှင့် ဝိပဿနာဓုရ နှစ်ပါးလုံးကိုသော်လည်းကောင်း၊ တစ်ပါးပါးကိုသော် လည်းကောင်း ဆောင်ရွက်နိုင်ကြစေရန်

(စ) သံဃာတော်များသည် ဓုရ ၂-ပါးလုံးကို အေးချမ်းသာယာစွာ ထမ်းဆောင်ခွင့်ရ

> နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ကြီးသည်
> သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက်
> ဝိနိစ္ဆယရေးရာကိစ္စ၊
> သာသနာရေးရာကိစ္စ၊
> ပညာရေးရာကိစ္စတို့ကို

သဖြင့် ပဋိဝေဒ သာသနာတော်ကို ရရှိခံစားနိုင်ကြစေရန်

(ဆ) သာသနာတော်အကျိုးကို သည်ပိုး ဆောင်ရွက်ရာ၌ သံဃာ့ဂိုဏ်းများသည် ကြီးသည်ငယ်သည်မဟူ စည်းလုံးညီညွတ်မှုကို ရှေးရှု၍ ဆောင်ရွက်ကြရန်ဖြစ်သည်။

(သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်းမှ)

ထိုသံဃာ့အဖွဲ့အစည်း ပေါ်ပေါက်လာခြင်းကြောင့် သာသနာ့အန္တရာယ် ဖြစ်သော အဓမ္မဝါဒတို့ကို နှိမ်နင်းနိုင်ခဲ့ပါသည်။ ထို သံဃာ့အဖွဲ့အစည်းကြီးသာ မပေါ်ပေါက်ခဲ့ပါက ယခုအချိန်လောက်ထိဆိုလျှင် ထိုအဓမ္မဝါဒပုဂ္ဂိုလ်တို့ကြောင့် သာသနာတော်ကြီးသည် အတော်အကျည်းတန် ရုပ်ဆိုးနေလောက်ပြီဖြစ်သည်။ ယခုသော်ကား ကျေးဇူးရှင် ရဟန်းပညာရှိ လူပညာရှိတို့၏ အမြော်အမြင်ကြောင့် ကျွန်ုပ်တို့ မြန်မာနိုင်ငံ၌ တစ်ခုတည်းသော ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်း၏ လုပ်ဆောင်မှုကြောင့် ပရိယတ္တိသာသနာ၊ ပဋိပတ္တိ သာသနာတော်မြတ်ကြီးသည် နေရောင်လရောင်ပမာ ထွန်းလင်းလျက် ရှိပါသည်။ သာသနာတော်ကြီးသည်လည်း ဂုဏ်ကျက်သရေနှင့် ပြည့်စုံလျက်ရှိပါသည်။ ထို့ကြောင့်ပင် ယခုအခါ မြန်မာနိုင်ငံတော်၌ ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာတို့သည် လွန်စွာစည်ကားပြန့်ပွားလျက်ရှိပါသည်။

မည်သူမဆို ထေရဝါဒ ပိဋကတ်စာပေကိုလေ့လာလိုလျှင်လည်း လေ့လာနိုင်ကြပြီဖြစ်သည်။ ပဋိပတ်အကျင့်ကို ကျင့်သုံးလိုသူတို့သည်လည်း မိမိတို့သဘောကျသော ထေရဝါဒ ပဋိပတ်ရိပ်သာတို့၌ ပဋိပတ်ကျင့်စဉ်တို့ကို ကျင့်ကြံနိုင်ပြီဖြစ်သည်။


ထို့ပြင် သာသနာတော် ပို၍ ပြန့်ပွားလာစေရန် တောင်တန်းသာသနာပြုသင်တန်း၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်း၊ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းစသော သာသနာပြုလုပ်ငန်းတို့ကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ခဲ့ကြပါသည်။ ယခုဆိုလျှင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်၊မန္တလေး)နှင့် ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်စသော ပရိယတ္တိလုပ်ငန်းရပ်ကြီးတို့လည်း တိုး၍ တိုး၍ ပေါ်ထွက်လာပါတော့သည်။

အချုပ်ဆိုရသော် ဤဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးမှ ပေါ်ပေါက်လာသော နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ကြီးသည် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် ဝိနိစ္ဆယရေးရာကိစ္စ၊ သာသနာရေးရာကိစ္စ၊ ပညာရေးရာကိစ္စတို့ကို စီစဉ်လမ်းညွှန်ပေးလျက် ရှိပါသည်။

ထိုသို့သော ဝိနိစ္ဆယရေးရာ၊ သာသနာ့ရေးရာ။ ပညာရေးရာတို့ကို ပြီးမြောက်စေရန် တိုင်း/ခရိုင်/ မြို့နယ်၊ ကျေးရွာ၊ သံဃနာယကအဆင့်ဆင့်သို့ အသီးသီး တာဝန်ခွဲဝေပေး၍ဆောင်ရွက်စေလေသည်။ ထို့ကြောင့် ယခုအခါ မြန်မာနိုင်ငံ၌ သံဃနာယကအဖွဲ့ကြီးသည် ညီညွတ်သာယာငြိမ်းချမ်းစွာဖြင့် သာသနာအကျိုးကို သည်ပိုးရွက်ဆောင်လျက်ရှိပါသည်။

သာသနာတော်ကြီး အဖက်ဖက်မှ တိုးတက် ပြန့်ပွားစည်ပင်အောင် ဆောင်ရွက်နိုင်ဖို့ရန် ဤသံဃာ့အဖွဲ့အစည်းကြီး အမြဲတည်ရှိနေရန် လိုပေသည်။ ဤသံဃာ့အဖွဲ့အစည်းကြီး ပျက်ပြားခဲ့သော်လည်းကောင်း၊ မညီမညွတ် ဖြစ်ခဲ့သော်လည်းကောင်း၊ သာသနာတော်အတွက် ဘေး အန္တရာယ်တို့ မြောက်မြားစွာ ပေါ်ပေါက်လာနိုင်ပါသည်။ ထို့ကြောင့် ဤသံဃာ့အဖွဲ့အစည်းကြီး ထာဝရတည်တံ့နိုင်ရန်အတွက် ဗုဒ္ဓဘာသာဝင်တိုင်းတွင် တာဝန်ရှိပါသည်။

ဤသံဃာ့အဖွဲ့အစည်းကြီးသည် သာသနာအကျိုးကို သယ်ပိုးဆောင်ရွက် လာသည်မှာ ယခုအခါ ၂၅-နှစ်ပြည့်မြောက် ငွေရတုခရီးသို့ပင် ရောက်ရှိလာပေပြီ။ ဆက်လက်၍ သံဃာ့အဖွဲ့အစည်းကြီး ရွှေရတုမှသည် စိန်ရတုတိုင်သည်သာမက သာသနာတော်ကြီး၏ အကျိုးကို စည်းလုံး ညီညွတ်စွာဖြင့် ထာဝရ သည်ပိုးရွက်ဆောင်နိုင်ပါစေဟု ဆုတောင်းပတ္ထနာ ပြုလိုက်ရပါသတည်း။



# မြန်မာပြည်ဘောင် သာသနာရောင် လွှမ်းခြုံကြောခဲ့ပြီ

ဦးသန်းဖေမောင်ရွှေ

[illegible]

မြန်မာနိုင်ငံ သာသနာတော်အစပျိုးရာဌာနများသည် ဥက္ကလာပ၊ ဓညဝတီ၊ ကျောင်းတော်ရာ၊ ရာမညမည် မွန်တို့ပြည်၊ သုဝဏ္ဏဘူမိတို့ ဖြစ်လေသည်။

အချိန်အခါအားဖြင့် မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ ဝါဆိုလဆန်း ၅-ရက်လောက်ဖြစ်၏။

မြတ်စွာဘုရား ဘုရားအဖြစ်သို့ ရောက်တော်မူပြီး ရက်သတ္တ (၇)ပတ်ပြည့်မြောက်သည့်နေ့။

သုဇာတာ သူဌေးသမီး ကပ်လှူဒါန်းသည့် ဃဏာနို့ဆွမ်း ၄၉-လုပ် ဘုဉ်းပေးပြီးနောက် မည်သည့်အာဟာရမျှ မဘုဉ်းပေးဘဲ ဌာန (၇)ခုတွင် ၇-ရက်စီ သီတင်းသုံးတော်မူခဲ့၏။ ယခုဝါဆိုလဆန်း (၅)ရက်နေ့ကား လင်းလွန်းပင်အောက်တွင် သီတင်းသုံးရက် (၇)ရက်ပြည့်သောနေ့ဖြစ်၏။ ထိုနေ့သည် မြတ်စွာဘုရား ဆွမ်းမဘုဉ်းပေးဘဲ နေခဲ့သည့် ၄၉-ရက် ပြည့်သောနေ့ဖြစ်၏။

ခဲခဲယဉ်းယဉ်း ဆင်း ဆင်းရဲရဲကြီး ကျင့်ကြံသော ဒုက္ကရစရိယာ အကျင့် ကြီးကို ၆-နှစ်ပတ်လုံး ကျင့်ကြံပြီးဆုံးခဲ့တာလည်း မကြာသေး၊ ယခု ဘုရားဖြစ်တော်မူပြီး ၄၉-ရက်တိုင် တိုင် ဘာမှ မဘုဉ်းပေးဘဲ နေခဲ့ပြန်၏။ အလွန် အံ့ဖွယ်ရှိသည့် ပုဂ္ဂိုလ်ထူးပါပေ။

ထိုနေ့က ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင် ဒဂုံဟုလည်းကောင်း၊ ရန်ကုန်ဟုလည်းကောင်း မတွင်ခဲ့သေးသော (ယခုရန်ကုန်ဖြစ်လာမည့်နေရာ) ဥက္ကလာဇနပုဒ်အရပ်ဆီမှ တပုဿနှင့်ဘလ္လိက နောင်ညီနှစ်ဦးတို့ လှည်းများစွာဖြင့် ရောင်းကုန်များ တင်လျက် မဇ္ဈိမဒေသသို့ သွားကြရာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူသော လင်းလွန်းပင်အနီးသို့ ရောက်လေ၏။

သူတို့သည် ဤလင်းလွန်းပင်ရင်း၌ လောကတွင် အမြတ်ဆုံး ပုဂ္ဂိုလ်တစ်ပါး သီတင်းသုံးနေတော်မူသည်ဟု မသိကြပေ။ မိမိတို့ သွားရမည့် ခရီးလမ်းကိုသာ မျှော်မှန်း၍ လှည်းများကို ဆောင်နှင်းလာကြ၏။

ထိုလင်းလွန်းပင်နှင့် နီးသထက် နီးလာသောအခါ သူတို့ နွားများသည် ရှေ့မတိုး နောက်မဆုတ် ရပ်နေကြ၏။ ဝေါက်ငန်းမန်မဲ မောင်းနှင်ကြသော်လည်း တုတ်တုတ်မျှ မလှုပ်။

ထိုအခါ တပုဿနှင့် ဘလ္လိကတို့က ဤသို့ဖြစ်နေခြင်းသည် လမ်းခရီးမှာ ရှိနေကြသည့် နတ်တွေ နှောင့်ယှက်တာဖြစ်မှာပဲဟု မှန်းဆကာ လမ်းစောင့်နတ်တို့အား ဗလိနတ်စာပေး၍ တောင်းပန်ကြကုန်၏။ ယင်းသို့ တောင်းပန်မှ ရှေးက သူတို့ဆွေမျိုးဖြစ်ခဲ့ဘူးသည့် နတ်များက ကိုယ်ထင်ရှားပြကာ----

ဟို လင်းလွန်းပင်ရိပ်မှာ မြတ်စွာဘုရား သီတင်းသုံးနေတယ်။ သင်တို့ မြတ်စွာဘုရားအား ဆွမ်းကပ်ချေကြ၊ အဲဒီဆွမ်းကပ်ရသည့် ကုသိုလ်ဟာ သင်တို့အတွက် အချိန်ကြာမြင့်စွာ စီးပွားချမ်းသာဖြစ်လိမ့်

မည်ဟု ပြောဆိုတိုက်တွန်းကြလေ၏။ တပုဿနှင့် ဘလ္လိကတို့လည်း လင်းလွန်းပင်ရိပ် ဘုရားထံ သွားရောက်ကာ ထောပတ်ပျားတင်လဲတို့ဖြင့် ရောနှော ဆုပ်လုံးထားသည့် မုန့်ကြွပ်ကျစ်ခေါ် ပျားဆုပ်မုန့်တို့ကို မြတ်စွာဘုရားအား ရိုသေစွာ ဆက်ကပ်ကြကုန်၏။


ထိုအခါ မြတ်စွာဘုရားအား ယဋိကာရဖြဟ္မာမင်း ဆက်ကပ်လှူဒါန်းထားသော သပိတ်တော် ပျောက်နေချိန်ဖြစ်၍ "ငါသည် အဘယ်အရာဖြင့် ဤမုန့်ဆွမ်းကို အလှူခံရအံ့နည်း"ဟု ကြံစည်စဉ်းစားတော်မူရာ စာတုမဟာရာဇ် နတ်မင်းကြီးလေးယောက်တို့သည် ပဲနောက်အဆင်းရှိ ဣန္ဒနီလာပတ္တမြားဖြင့် ပြီးသော သပိတ်လေးလုံးကို (တစ်ယောက်တစ်လုံးစီ) ဆက်ကပ်လှူဒါန်းကြလေ၏။ မြတ်စွာဘုရားသည် သပိတ်လေးလုံး အလှူခံတော်မူပြီး အထက်အောက်ဆင်းကာ တစ်လုံးတည်း ဖြစ်စေသတည်းဟု အဓိဋ္ဌာန်၍ နှိပ်တော်မူလျှင် တစ်လုံးတည်း ဖြစ်သွားလေ၏။ ထိုသပိတ်တော် အသစ်စက်စက်ဖြင့် တပုဿနှင့် ဘလ္လိကတို့၏ မုန့်ဆွမ်းကို အလှူခံတော်မူ၏။

မုန့်ဆွမ်းကို အလှူခံတော်မူပြီးနောက် တပုဿနှင့် ဘလ္လိကတို့အား သင့်လျော်သည့် တရားစကား ဟောကြားတော်မူရာ တပုဿနှင့် ဘလ္လိကတို့သည် "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ" ဟူသော ဒွေ ဝါစိက သရဏဂုံ (ဝါကျနှစ်ခုဖြင့် ရွတ်ဆိုရသည့် သရဏဂုံ) တည်ကြလေ၏။ ထိုအခါ၌ သံဃာတစ်ပါးမျှ မရှိသေးသောကြောင့် "သံဃံ သရဏံ ဂစ္ဆာမိ"

> **တပုဿနှင့် ဘလ္လိကတို့သည် ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ ဟူသော ဒွေ ဝါစိက သရဏဂုံ ဝါကျနှစ်ခုဖြင့် ရွတ်ဆိုရသည့် သရဏဂုံ တည်ကြလေ၏။**

ဟု မဆိုခြင်းဖြစ်၏။ သရဏဂုံတည်ပြီးသော တပုဿနှင့်ဘလ္လိကတို့သည် မိမိတို့နေရာအရပ်၌ ကိုးကွယ်ပူဇော်ရန် တစ်စုံတစ်ခုသော ဝတ္ထုကိုချီးမြှင့်ပေးသနားတော်မူပါမည့်အကြောင်း လျှောက်ထားလေ၏။

ထိုအခါ မြတ်စွာဘုရားက ဦးခေါင်းတော်ကို သုံးသပ်တော်မူရာ ကပ်ပါလာသော ဆံတော်များကို ပေးသနားတော်မူလိုက်၏။ တပုဿနှင့် ဘလ္လိကတို့သည် ထိုဆံတော်များကို ရိုသေစွာ ဆောင်ယူလာကြလျက် မိမိတို့ နေရာ ဥက္ကလာဇနပုဒ်သို့ ရောက်သောအခါ မင်းနှင့်တကွသော ပြည်သူအပေါင်းကို ပူဇော်ကြလေ၏။



မင်းနှင့်တကွသော ပြည်သူအပေါင်းတို့ ပူဇော်ကြပြီးသောအခါ ထိုဆံတော်တို့ကို ဌာပနာ၍ စေတီ တည်ကြလေ၏။ ထိုစေတီကား ယခု ရန်ကုန်မြို့တော်ရှိ ရွှေတိဂုံစေတီတော်ကြီးဖြစ်၏။ ထိုအချိန်ကစ၍ မြန်မာနိုင်ငံ အောက်ပိုင်းတွင် သာသနာ ရောက် ရှိခဲ့၏။

ထို့အပြင် မဟာသက္ကရာဇ် ၁၁၁-ခုနှစ်တွင် သုဝဏ္ဏဘူမိပြည်ကို စိုးအုပ်သော တိဿဓမ္မသီဟရာဇာမင်းလက်ထက်တွင် ရှေးအခါက သုဝဏ္ဏဘူမိပြည်သား ဖြစ်ခဲ့ဘူးသော အရှင်ဂဝံပတိမထေရ် ပင့်ဆောင်သဖြင့် မြတ်စွာဘုရား ကိုယ်တော်တိုင်ကြွတော်မူကာ တရားဓမ္မဟောပြတော်မူရာ တိဿ

ရသေ့ သီဟရသေ့ အစရှိသော ရသေ့များ မင်းနှင့်တကွသော တိုင်းသူပြည်သား လူအများတို့ သရဏဂုံ တည်ကြလေ၏။ ထိုအချိန်မှစ၍ သုဝဏ္ဏဘူမိခေါ် ဆိုသော မွန်တို့နယ်တွင် သာသနာစ၍ ထွန်းကားခဲ့၏။

ကျောင်းတော်ရာဌာန သာသနာရောက်ပုံကား--- ရှေးအခါ သုနာပရန္တတိုင်းဝါဏိဇရွာမှ မဟာပုဏ္ဏ၊ စူဠပုဏ္ဏဟူသော ညီနောင်တို့သည် လှည်းငါးရာတို့ဖြင့် ကုန်ရောင်းကုန်ဝယ် ပြုကြရာ တစ်ခါတစ်ရံ အစ်ကိုဖြစ်သည့် မဟာပုဏ္ဏ ဦးဆောင်၍ လှည်းငါးရာတို့ဖြင့် ကုန်ရောင်းသွားသည့်အခါ ညီစူဠပုဏ္ဏသည် အိမ်၌ ပြုဖွယ်ကိစ္စများ ပြုလုပ်ဆောင်ရွက်ရင်း အိမ်တွင်ကျန်ရစ်လေ၏။ တစ်ခါတစ်ရံ ညီဖြစ်သူ ကုန်ရောင်းသွားလျှင်အစ်ကို ဖြစ်သူ မဟာပုဏ္ဏ အိမ်မှာကျန်ရစ်လေ၏။

မြတ်စွာဘုရားဝါတော် (၂၀) ကျော်သော အခါ (မှန်နန်းရာဇဝင်တွင် ငါးဝါရ အချိန်ခါ) မဟာပုဏ္ဏသည် လှည်းငါးရာဖြင့် သာဝတ္ထိသို့ ကုန်ရောင်းထွက်ခဲ့၏။ သာဝတ္ထိ မြို့သို့ရောက်လျှင် မြတ်စွာဘုရားထံ တရားနာရာ ရဟန်းပြုလိုစိတ်ဖြစ်ရှိ၍ ဘဏ္ဍာစိုးကို “အမောင် ဒီဥစ္စာတွေကို ငါ့ညီထံ အပ်နှံလိုက်လေတော့၊ ငါကတော့ရဟန်းပြုတော့မည်”ဟုပြောဆိုပြန်လွှတ်လိုက်လေ၏။ မဟာပုဏ္ဏသည်လှည်းငါးရာတို့ကို သုနာပရန္တတိုင်းသို့ ပြန်လွှတ်ပြီးနောက် မြတ်စွာဘုရားထံ ရဟန်းပြုလေ၏။ ရဟန်းပြုပြီး ကျင့်ရမည့်တရား၊ နှလုံးသွင်း ရမည့်

တရား စသည်တို့ကို နာယူမှတ်သားပြီးလျှင် သုနာပရန္တတိုင်း ဝါဏိဇရွာသို့ ပြန်ကြခဲ့လေ၏။

နောင်အခါ ညီစူဠပုဏ္ဏသည် စန္ဒကူးသားတို့များစွာရလာရာ သုံးပုံတစ်ပုံကို နောင်တော်အားလှူဒါန်းသည်တွင် နောင်တော် မဟာပုဏ္ဏက ငါရဟန်းဖြစ်သည့်အတွက် ငါ့အဖို့အလိုမရှိ၊ သင်တို့မြတ်စွာဘုရား ကို မဖူးမြင်ရသေးဘူး၊ မြတ်စွာဘုရားကိုဖူးမြင်ရအောင် ငါပင့်ဆောင်ပေးမည်။ စန္ဒကူးသားများဖြင့် ကျောင်းဆောက်ကြဟု မိန့်တော်မူရာ ညီ စူဠပုဏ္ဏသည် စန္ဒကူးသားများဖြင့် ကျောင်းဆောက်လုပ်လေ၏။ စန္ဒကူးကျောင်းတော်ပြီးသောအခါ မဟာပုဏ္ဏအရှင်မြတ်သည် မြတ်စွာဘုရားရှိရာ သာဝတ္ထိပြည်သို့ သွားရောက်၍ ပင့်ဆောင်လေ၏။ မြတ်စွာဘုရားသခင်လည်း နောင်အခါ ဤမြန်မာပြည်ဒေသတွင် ငါ၏သာသနာတော်သည် အရှည်တည်တံ့လတ္တံ့ဟုမြင်တော်မူ၍ အဘိညာဉ်ရသည့် ရဟန္တာ (၄၉၉)ပါးတို့ဖြင့် ကောင်းကင်မှ ကြွတော်မူလာပြီး စန္ဒကူးကျောင်းတော်ကို အလှူခံတော် မူ၏။ (၇)ရက်ပတ်လုံး စျာန်ချမ်းသာဖြင့် သီတင်းသုံးတော်မူပြီး သုနာပရန္တတိုင်းသား လူအများအား တရားဟောတော်မူရာ ယောကျ်ား (၅၀၀) မိန်းမ(၅၀၀) ရဟန္တာ ဖြစ်ကုန်၏။ ရှစ်သောင်းလေးထောင်သောပရိသတ်တို့လည်း အကျွတ်တရား ရကုန်၏။

သစ္စဗန္ဓတောင်မှ ရသေ့ကိုလည်း တရားဟောတော်မူရာ ရဟန္တာ ဖြစ်လေ၏။ သစ္စဗန္ဓ



ရဟန္တာတောင်းပန်သဖြင့် သစ္စဗန္ဓတောင်ထိပ်၌ ခြေတော်ရာတစ်ဆူချတော်မူ၏။ နမ္မဒါမြစ်မှ နမ္မဒါနဂါးလည်း မြတ်စွာဘုရားကို ကိုးကွယ်ပူဇော်၍ ခြေတော်ရာချတော်မူရန် လျှောက်ထားသဖြင့် နမ္မဒါမြစ်ကမ်းမှာ ခြေတော်ရာတစ်ဆူ ချတော်မူခဲ့၏။ ဤသို့လျှင် သုနာပရန္တတိုင်း လယ်ကိုင်း ဝါဏိဇရွာအစရှိသော နေရာဒေသတွင်လည်း မြတ်စွာဘုရားသက်တော်ထင်ရှား ရှိစဉ်ကပင် သာသနာတော် စ၍ထွန်းကားခဲ့၏။

တတိယသင်္ဂါယနာ တင်ပြီးသောအခါ၌လည်း ကိုးတိုင်း ကိုးဌာန သာသနာပြုကြွကြရာတွင် အရှင်သောဏ၊ အရှင်ဥတ္တရတို့သည် သုဝဏ္ဏဘူမိပြည်သို့

ကြွရောက်၍ သာသနာပြုတော် မူကြ ပြန်ရာ သုဝဏ္ဏဘူမိပြည်တွင် သာသနာတော် ထွန်း ကားခဲ့ ပြန်၏။

ဤသို့လျှင် မြန်မာနိုင်ငံ၌ မြတ်စွာဘုရား သက်တော် ထင်ရှား ရှိစဉ်ကပင် မြတ်စွာဘုရား သာသနာတော် မြတ်ကြီးသည် နေရာအနှံ့အပြား ထွန်းလင်းတောက်ပခဲ့၏။ ပုဂံခေတ် သိုက်တိုင်မင်း လက်ထက်တော်မှစ၍ မဟာယာန ဂိုဏ်းမှ အရည်း ကြီးရဟန်းများ၏ မဟုတ်မမှန် ဟောပြောကြသော ကြောင့် သာသနာတော် ညစ်နွမ်းခဲ့၏။ ဗေဒင်ဟော ခြင်း၊ ဓါတ်ရိုက်ဓါတ်ဆင် ပြုလုပ်ကြခြင်း၊ ဘုရားပေ စာပါဠိများကို မိမိတို့ နှုတ်ဖြစ်မန္တာန်များဖြင့် ရော နှောကာ ဤမန္တာန်ကိုရွတ်လျှင် မကောင်းမှုမှန်သမျှ ပပျောက်၏ဟုပြောဆိုကာ မန္တာန်များကိုလည်း ရွတ် စေ၏။ အာဝါဟ,ဝိဝါဟ မင်္ဂလာပြုသောအခါတွင် လည်း သတို့သမီးကို အရည်းကြီးတို့၏ ကျောင်းတိုက် သို့ အစဦးဆုံး ညအိပ်ပို့စေကာ ပန်းဦးလွှတ်ခြင်းဟူ သော မကောင်းသည့်အကျင့်ကိုလည်း မင်းနှင့် ပြည်သူတို့ကို ပြုကျင့်စေ၏။ ဉာဏ်ပညာ အမြော်အ မြင်ရှိသော အနော်ရထာမင်းသည် ဤကဲ့သို့ ညစ်နွမ်း စေသော သာသနာတော်ကြီးကို သုတ်သင်ကာ စစ် မှန်သော ပရိယတ္တိကျမ်းဂန်များကို ပို့ချစေ၏။ ဤ သို့ဖြင့် မြန်မာနိုင်ငံ၌ စစ်မှန်သောထေရဝါဒ သာသနာ တော်မြတ်ကြီးထွန်းကားလာရာ မန္တလေးရတနာပုံခေတ် တွင် မင်းတုန်းမင်းတရားကြီးက ပဥ္စမသင်္ဂါယနာတင် ၍ သာသနာတော်ကို သုတ်သင်ချီးမြှောက်ခဲ့၏။

လွတ်လပ်ရေးရပြီးသောအခါ၌လည်း မြန်မာ အစိုးရနှင့် ပြည်သူပြည်သားများ၏ အထောက်အပံ့ ဖြင့် ဆဋ္ဌသင်္ဂါယနာတင်ပွဲ ကျင်းပကာ သာသနာ တော်မြတ်ကြီးကို သန့်ရှင်းတည်တံ့အောင် ဆောင်ရွက် ပြုလုပ်ခဲ့၏။ ၁၉၈၀-ခုနှစ် (၁၃၄၂)ခုနှစ် ရောက် သောအခါ မြန်မာနိုင်ငံတော်အစိုးရသည် သာသနာ တော်ကြီးကို အထူးသဖြင့် သန့်ရှင်း တည်တံ့စေရန် အတွက် သာသနာ့ဦးသျှောင် ထိပ်ခေါင်တင် ဆရာ တော်ကြီးများနှင့် ညှိနှိုင်းတိုင်ပင်၍ ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းကြီးကို ဖွဲ့စည်းကာ သာသနာ တော်အကျိုးကို ဆောင်ရွက်ခဲ့၏။

ဤသို့လျှင် ကျွန်ုပ်တို့ မြန်မာနိုင်ငံတော်၌ ထေရဝါဒ ဗုဒ္ဓသာသနာတော်ကြီး ထွန်းပြောင်ခဲ့ သည်မှာ မြတ်စွာဘုရား ပွင့်တော်မူသည်မှစ၍ အလွန်ကြာမြင့်ခဲ့ပြီဖြစ်၏။ သာသနာ၏ ဘူမိနက် သန် မှန်လှသော ဤမြန်မာပြည်တွင် ချမ်းသာရ ကြောင်း အဆုံးအမကောင်းဖြစ်သော သာသနာ တော်မြတ်ကြီးသည် နှောင်နှစ်ပေါင်း ငါးထောင်မက ကြာအောင် ထွန်းပြောင်တည်တံ့ပါစေသတည်းဟု ဆုတောင်းလိုက်ရပါသည်။



# နိုင်ငံတော်သံဃမဟာနာယက နှင့် ဥမ်းအားလေးရပ်

တက္ကသိုလ်ချင်သီရိ (ဓမ္မာစရိယ၊ ဘီအေ)
မဟာသဒ္ဓမ္မဇောတိကဓဇ

သာသနာနှစ် ၂၅ရာစုတွင် မြန်မာနိုင်ငံတော် မန္တလေးနေပြည်တော်၌ သာသနာတော်ကို အားပေး ချီးမြှင့်ပေးသော ကိုယ်မင်းကိုယ်ချင်း မင်းတုန်းမင်းသည် ပဥ္စမသံဂါယနာကို တင်ခဲ့ပါသည်။

သားတော် သီပေါမင်းလက်ထက်တွင် မြန်မာနိုင်ငံသည် သူ့ကျွန်လက်အောက် အင်္ဂလိပ် အုပ်စိုးမှုကို ခံခဲ့ရပြီး သာသနာကို ဖိနှိပ်ချုပ်ချယ်မှုတွေ အထွေထွေ လုပ်လာသဖြင့် ဗုဒ္ဓသာသနာသည် ညှိုးမှိန် ခဲ့ရပါသည်။ သာသနာအတွင်း သံဃာတော်များကို ဦးစီးပဲ့ကိုင်မည့်သူ ကင်းလာသဖြင့် ဂိုဏ်းကွဲများ ပေါ်ပေါက်လာခဲ့ရပါသည်။

လွတ်လပ်ရေးရပြီးနောက် မြန်မာနိုင်ငံတွင် မြန်မာ, ထိုင်း, သီရိလင်္ကာ, လော., ကမ္ဘောဒီးယား ဟူသော ထေရဝါဒငါးနိုင်ငံ ညီညွတ်စွာဖြင့် ဆဋ္ဌ သံဂါယနာကို တင်နိုင်ခဲ့ပါသည်။ သို့သော် တိုင်းပြည်၌ သူတစ်လူငါတမင်း ပြည်တွင်း မငြိမ်သက်မှုတို့ကို အကြောင်းပြု၍ သံဃာတော်အချို့သည် နိုင်ငံရေး တို့တွင် ပါဝင်ပတ်သက်ခဲ့သဖြင့် ဗုဒ္ဓသာသနာ တော်သည် ပို၍ ညစ်နွမ်းညှိုးမှိန်ခဲ့ရပါသည်။ သံဃာတော်များ၏ ဂိုဏ်းပေါင်းစုံညီညွတ်မှုက အားနည်းနေသဖြင့် ဗုဒ္ဓမြတ်စွာသာသနာတော် ကြီး၏ ဂုဏ်သိက္ခာနိမ့်ကျ ညှိုးနွမ်းဆုတ်ယုတ်သွားစေ ရန်လည်းကောင်း၊ ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး ပျောက်ကွယ်သွားစေရန် လည်းကောင်း၊ ကျင့်ကြံ လုပ်ဆောင်နေသူများ ဟောပြောနေကြသူများ ရေးသားထုတ်ဝေ နေကြသူများ ထောင့်အသီးသီး က ပေါ်ထွက်လာနေခဲ့ပါသည်။

ထိုသို့သော အခြေအနေတို့ကို သိမြင်တော် မူလာကြသော ဂိုဏ်းအသီးသီးမှ မထေရ်မြတ်ကြီး အသီးသီးတို့သည်-

> လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ပူဇော်အထူးကို ခံယူတော်မူထိုက် သော သုံးလောကထွဋ်ထား သဗ္ဗညု ဘုရားသခင်သည် ချမ်းသာစစ်၊ ချမ်းသာမှန်ကို ရရှိစေနိုင်သည့် နည်းကောင်းလမ်းမှန်ဖြစ်သော သဒ္ဓမ္မသုံးဖြာ သာသနာတော် သုံးရပ် ကို ဟောကြားထုတ်ဖော် တည် ထောင်ခဲ့ပါသည်။

ထိုသို့ သဒ္ဓမ္မသုံးဖြာ သာသနာတော် သုံးရပ်ကို ဟောကြားထုတ်ဖော်ရာ၌ လွယ်လွယ် ကူကူနှင့် ထုတ်ဖော်တည်ထောင်နိုင်ခဲ့သည် မဟုတ် ပါ။ လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းကာလပတ်လုံး ပါရမီများကို ဖြည့်ကျင့်ဆည်းပူးပြီးမှသာ ဟောကြား ထုတ်ဖော်တည်ထောင်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။

ဗုဒ္ဓဘုရားရှင်တည်ထောင်ထားခဲ့သော သဒ္ဓမ္မသုံးဖြာ သာသနာတော်သုံးရပ် တည်တံ့ပြန့်ပွား

နေသမျှကာလပတ်လုံး သတ္တဝါဝေနေယျတို့အတွက်ချမ်းသာစစ်၊ ချမ်းသာမှန် ရရှိစေနိုင်သော နည်း ကောင်း လမ်းမှန်များ တည်ရှိနေမည်သာ ဖြစ်ပါ သည်။

မြတ်ဗုဒ္ဓ၏ ယင်းသဒ္ဓမ္မသုံးဖြာသာသနာသုံးရပ်ကို သန့်ရှင်းတည်တံ့ပြန့်ပွားစေရန် စောင့်ရှောက်ထိန်းသိမ်းမှုတာဝန်ကို ထမ်းဆောင်တော်မူရန် အလို့ငှာ တပည့်သားသံဃာများအား ဝိနည်းစည်းမျဉ်း ဥပဒေများစွာကို ပညတ်တော်မူ၍ တာဝန်ပေးအပ်ခဲ့ပါသည်။

ဗုဒ္ဓရှင်တော်ဘုရားတာဝန်ပေးအပ်တော်မူထားသည့်အတိုင်း တပည့်သားသံဃာတော်များသည် သံဃာ့စည်းမျဉ်း ဥပဒေဟုဆိုအပ်သော ဓုရနှစ်ပါးကို သင်ကြားပို့ချ ကျင့်ကြံခြင်းအားဖြင့် ထိန်းသိမ်းစောင့်ရှောက်ကြရသည်။ လူဒါယကာ ဒါယိကာမတို့ဘက်ကလည်း မြတ်စွာဘုရား ခွင့်ပြုခဲ့သည့်အတိုင်း ပစ္စည်းလေးပါးဖြင့် ထောက်ပံ့ ချီးမြှင့် ထိန်းသိမ်း စောင့်ရှောက်ခဲ့ကြပါသည်။

ထိုသို့တာဝန်ကို ဆရာတော်မထေရ်မြတ်ကြီးများသည် အလေးအနက်ထား စိတ်ဝင်စားကြသလို မြတ်စွာဘုရားရှင်ပရိနိဗ္ဗာန်စံဝင်ပြီးစ, သုဘဒ်ရဟန်းကြီး ပြောကြားသောစကားကို ရှင်မဟာကဿပမထေရ်မြတ်ကြီးသည် သတိသံဝေဂယူပြီး-

"ငါရှင်တို့ အဓမ္မဝါဒမထွန်းပမီ၊ ဓမ္မဝါဒ ပိတ်ပင်ခြင်း မခံရမီ၊ မဟုတ်မမှန်သော ဝိနည်း စည်းကမ်းများ မထွန်းပမီ၊ ဟုတ်မှန်သော ဝိနည်းစည်းကမ်းများ ပိတ်ပင် ခြင်း မခံရမီ၊ အဓမ္မဝါဒီပုဂ္ဂိုလ်များ အင်အား မကောင်းမီ၊ ဓမ္မဝါဒီ လူ ပုဂ္ဂိုလ်များ အင်အား မနည်းမီ၊ ဝိနည်း မလေးစား မလိုက်နာသူများ အင်အား မကောင်းမီ ဝိနည်း လေးစားလိုက်နာ သူများ အင်အား မနည်းမီ၊ ဓမ္မဝိနယကို ငါတို့ သံဂါယနာ တင်ကြကုန်စို့"

ဟု သံဂါယနာတင်ရန် နှိုးဆော် မိန့်ကြား၍ သာသနာတော်ကို ဆန့်ကျင်သော ကျင့်ကြံပြုလုပ်မှု၊ ပြောဆိုမှု၊ ဟောပြောမှုစသော အန္တရာယ်များ ပေါ်ပေါက်စပြုလာသည်ကို တားဆီးပိတ်ပင်၍ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို ဆောင်ရွက်ခဲ့သည့်ကိုလည်း အာရုံပြုနှလုံးသွင်းခဲ့ကြပါသည်။

တစ်ဖန် ပါရာဇိကဏ်ပါဠိတော်၌ ဘုရားရှင်ကို ရှင်သာရိပုတ္တရာက လျှောက်ထားသဖြင့် ဘုရားရှင်က မိန့်ကြားခဲ့သော-

" ချစ်သားသာရိပုတ္တရာ--ဝိပဿီ၊ သီခိ၊ ဝေဿဘူ ဤသုံးဆူသော ဘုရားရှင်တို့၏ သာသနာတော်သည် တပည့်သာဝကတို့အား တရားအကျယ်မဟောသဖြင့်လည်းကောင်း၊ ဟောသောသုတ်များအနည်းငယ်မျှ ဖြစ်သောကြောင့်လည်းကောင်း၊ သိက္ခာပုဒ်များ များစွာမရှိသောကြောင့်လည်းကောင်း၊ ပါတိမောက်ကို မပြသောကြောင့်လည်းကောင်း သာသနာသည် အရှည် မတည်တံ့ဘဲ ပျက်ကွယ်ခဲ့ရသည်။

ဘုရားရှင်တို့၏ ဩဝါဒကို ခံယူကာ အတုလိုက်၍ ကျင့်ကြံသော တပည့်သားသာဝကတို့သည် ဘုရားရှင်တို့ ပရိနိဗ္ဗာန်စံဝင်ပြီးနောက် လေ့လာချိန်မှာ ပျဉ်ပြားပေါ်တွင် ကြိုးမသီဘဲထားသော ပန်းကဲ့သို့ တရားတော်များကို ဖရိုဖရဲ ပြိုကွဲစေခြင်းတို့ကြောင့် ထိုဘုရားရှင်တို့၏ သာသနာသည် အရှည်

ချစ်သားသာရိပုတ္တရာ ကကုသန်၊ ကောဏာဂုဏ်၊ ကဿပ ဤသုံးဆူသော ဘုရားရှင်တို့၏ သာသနာတော်များသည် တပည့်သား သာဝကတို့အား တရားအကျယ်ဟောသောကြောင့် လည်းကောင်း၊ ဟောထားသော သုတ်များ များသောကြောင့် လည်းကောင်း၊ သိက္ခာပုဒ်စည်းမျဉ်းများ ပညတ်ထားသောကြောင့် လည်းကောင်း၊ ပါတိမောက်လည်းပြသောကြောင့် လည်းကောင်း အရှည်တည်တံ့ခိုင်မြဲတည်ရှိသည်။

ဘုရားရှင်တို့၏ ဩဝါဒကို ခံယူကာ အတုလိုက်၍ ကျင့်ကြကုန်သော သာဝကတို့သည် ဘုရားရှင်တို့ ပရိနိဗ္ဗာန်စံဝင်ပြီးနောက် လေတိုက်သော်လည်း ပျဉ်ချပ်ပေါ်တွင် ကြိုးသီထားသော ပန်းကဲ့သို့ တရားတော်များ ဝိနည်းစည်းမျဉ်းများသည် ဖရိုဖရဲ မကျဲ စောင့်ထိန်းကြသောကြောင့် အရှည်ခံ၍ ကြာမြင့်စွာ တည်တံ့ခဲ့သည်။

ဤဒေသနာတော်ကိုလည်း ဂိုဏ်းပေါင်းစုံ ဆရာတော်မထေရ်မြတ်ကြီးများသည် အလေးအနက်ထား စဉ်းစားခံယူထားကြသည် ဖြစ်ပါမည်။

ထို့ကြောင့် သာသနာနှစ်(၂၆)ရာစု . . ၁၃၄၂-ခု၊ နယုန်လဆန်း(၁)ရက်(၂၄-၅-၁၉၈၀) နေ့တွင် သာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက် ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးကို နံနက်(၈)နာရီအချိန်၌ ရန်ကုန်မြို့ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော်ကြီးတွင် ဆင်ယင်ကျင်းပခဲ့ကြပါသည်။

ထိုအစည်းအဝေးကြီးသို့ ဩဝါဒါစရိယ ဆရာတော်ကြီးများ ဖြစ်ကြသော အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ဆရာတော်များ၊ သာသနာတော်သန့်ရှင်း တည်တံ့ ပြန့်ပွားရေးဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး ဖြစ်မြောက်ရေး၊ သံဃာဝန်ဆောင်အဖွဲ့ဝင် ဆရာတော်များ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်များ၊ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ် ၁၂၁၈ ပါးတို့ တက်ရောက်ခဲ့ကြပါသည်။

ဤအစည်းအဝေးကြီးမှ စတင်ခဲ့သော သာသနာ တော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးသည်-

သုခါယ သံဃဿ သမဂ္ဂီ၊
သမဂ္ဂါနဉ္စ အနုဂ္ဂဟော။
သမဂ္ဂရတော ဓမ္မဋ္ဌော၊
ယောဂက္ခေမာ န ဓံသတိ။
သံဃံ သမဂ္ဂံ ကတွာန၊
ကပ္ပံ သမဂ္ဂမှိ မောဒတိ။

ဟူသော စူဠဝါပါဠိတော်လာ အဆုံးအမလမ်းညွှန်ချက်နှင့်အညီ

- ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများ၏ ညီညွတ်စည်းလုံးသော စွမ်းအား ကြီးမားသော လုံ့လဥဿာဟဖြင့် ဆောင်ရွက်မှုပြုကြသဖြင့် လည်းကောင်း
- အစည်းအဝေးသို့ ကြွရောက်တော်မူကြသော ဂိုဏ်းပေါင်းစုံသံဃာတော်များ၏ ဆန္ဒသဘောထား၊ တူမျှကြသောကြောင့် လည်းကောင်း၊
- ထိုထိုဒေသနှင့်ဂိုဏ်းအသီးသီးရှိ ဆရာတော်မထေရ်မြတ်ကြီးတို့နှင့်တကွ သက်တော်ရှည်သံဃာ့ဦးသျှောင်ဆရာတော်မထေရ်

မြတ်ကြီးများ၏ ဩဝါဒစကား, အားပေး ကူညီမှုကြောင့်လည်းကောင်း၊

- နိုင်ငံတော်ကို စီမံ အုပ်ချုပ်ကြသော သမ္မတ၊ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ နိုင်ငံတော်တစ်ဝန်းရှိ ဗုဒ္ဓဘာသာဝင်များ၏ အားပေး ကူညီ စီမံ ဆောင်ရွက်ပေးမှုတို့ကြောင့် လည်းကောင်း၊ အဆင့်ဆင့်သော စည်းဝေးမှု ညှိနှိုင်းမှု ဆုံးဖြတ်မှုတို့၏ နောက်ဝယ် သဒ္ဓမ္မသုံးဖြာ သာသနာတော်သုံးရပ် သန့်ရှင်း၊ တည်တံ့၊ ပြန့်ပွားရေးတို့ကို ဆောင်ရွက်နိုင်စေရန် ဤမည်သော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီးသည် ပဒုမ္မာကြာပမာ ဤနိုင်ငံ ဤသာသနာတော် ဝယ် ငွါးငွါးစွင့်စွင့် ကြွားကြွားဝင့်ဝင့် ပေါ်ပေါက်လာခဲ့ရပါတော့သည်။

ထိုသို့ သံဃမဟာနာယကအဖွဲ့ကြီး ပေါ်ပေါက်လာပြီးနောက် သံဃာ့မဟာနာယကအဖွဲ့ဝင်ဆရာတော်အဆက်ဆက်တို့သည်-

သစ္စာ - ဂတိသစ္စာတည်ကြည်စွာဖြင့် ဆောင်ရွက်ကြခြင်း၊

ဓမ္မော - သတ်မှတ်ထားသော သံဃာ့ စည်းမျဉ်း လုပ်ထုံးလုပ်နည်း ဥပဒေ တရားများနှင့်အညီ ကျင့်သုံး ဆောင်ရွက်ကြခြင်း၊

ဓိတိ - ခြောက်သော်မကြောက်၊ မြှောက်သော်မမြှောက်၊ အဂတိ လေးပါးကင်းရှင်းလျက်၊ တုန်လှုပ် ချောက်ခြားမှုမရှိဟူ၍ တည်ငြိမ်စွာ လုပ်ဆောင်ခြင်း၊

စာဂေါ - ဆင်းရဲပင်ပန်းမှုနှင့် အသက်ကို ပဓာနမထားဘဲ ဆောင်ရွက်ခြင်း၊

ဟူသော စံပြသာသနာအာဇာနည်တို့ ကျင့်ရာကျင့်ဝတ်(၄)ဖြာနှင့်အညီ သတ္တိ၊ ဗျတ္တိ၊ ဇွဲ၊ ဝိရိယတို့ဖြင့် ဆောင်ရွက်ခဲ့ကြပေသည်။

ဤဇမ္ဗူဒိပ်ကျွန်းရှိ ဟိမဝန္တာ၌ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာတို့ သီတင်းသုံးနေထိုင်ရာ အနောတတ်အိုင်မြတ် တည်ရှိပါသည်။ ထိုရေအိုင် မြတ်သို့ သုဒဿန၊ စိတြ၊ ကာဠ၊ ကေလာသ၊ ဂန္ဓမာဒန ဟူသော တောင်ထွဋ်ကြီး(၅)ခုသည် ခြံရံပြီး ထိုတောင်ထွဋ်မှ ရေများစီးဝင်သလို ထိုအိုင်၌ ရေထွက်ပေါက် (၄)ခုသည်လည်း တည်ရှိပါသည်။

ထိုရေထွက်ပေါက်(၄)ခုတွင် မြင့်မြတ်သော နွားလားဥသဘ၊ ဥပေါသထဆင်၊ သိန္ဓောမြင်း၊ ကေသရာဇာခြင်္သေ့မင်းတို့သည် အသီးသီးနေထိုင်ကြပါသည်။ ထိုအာဇာနည်သား မြတ်(၄)ကောင်တွင်-

- နွားလားဥသဘသည်. . . သူတစ်ပါး၏ဝန်နှင့် အကျိုးစီးပွားကို အစဉ်ထာဝရ ဆောင်ရွက်တတ်သည်။ သည်းခံအားကောင်းသည်။ အများအကျိုးသည်ပိုး ဆောင်ရွက်ရာ၌ အကောင်းလည်း မတပ်မက်၊ အဆိုးကိုလည်း စိတ်မပျက်၊ တစ်စိတ် တစ်ဝမ်း တည်းသာရှိသည်။

- ဥပေါသထဆင်သည်. . . . တည်ငြိမ်သော က္ကန္ဓေရှိသည်။ ခွန်အားကောင်းသည်။ သူတစ်ပါး၏ တာဝန်နှင့်အကျိုးကို ခွန်အားဖြင့် ဆောင်ရွက်တတ်သည်။ စစ်မြေပြင်ဖြစ်လင့်ကစား ကြံ့ခိုင်စွာ တာဝန်ယူထမ်းဆောင်တတ်သည်။

- သိန္ဓောမြင်းသည် လျင်မြန် သွက်လက်စွာ

သူတစ်ပါးတို့ ဝန်ကိုဆောင်တတ်သည်၊ စစ်မြေပြင်မှာပင် အသက်စွန့်၍ တာဝန်ကို ငြင်းဆန်မှုမရှိဘဲ ထမ်းဆောင်တတ်သည်။

- ကေသရာဇာခြင်္သေ့မင်းသည် . . . ရဲရင့်သော သတ္တိရှိသည်။ စည်းကမ်းစံနစ်ကောင်းသည်။ လုံ့လ ရှိသည်။ ပျောင်မြန်သွက်လက်သည်။ အသိ, သတိရှိသည်။ သားကောင်းအားလုံးကို သူ၏သတ္တိ၊ သတိ၊ ဝိရိယတို့ဖြင့် လွှမ်းမိုးအုပ်စိုးသည်။ တောနေသတ္တဝါတို့၏ ဘုရင်ဖြစ်သည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးသည် ၁၃၄၂-ခုမှသည် ယနေ့ (၂၅)နှစ်ငွေရတုတိုင် အောင်သော ကာလသက်တမ်း တစ်လျှောက်လုံး နွားလားဥသဘအာဇာနည်ကဲ့သို့ သည်းခံအားကောင်းကောင်းဖြင့် အမျိုး ဘာသာ သာသနာအကျိုးကိုလည်း သည်ပိုးခဲ့သည်။

- ဥပေါသထဆင်အာဇာနည်ကဲ့သို့ ခိုင်မာသန်စွမ်းသော အကျင့်သိက္ခာခွန်အားဖြင့် အမျိုးဘာသာ သာသနာအကျိုး၊ ကမ္ဘာငြိမ်းချမ်း သာယာမှုအကျိုးတို့အတွက် တရားရေအေးများ တိုက်ကျွေးပေးခဲ့သည်။

- သိန္ဓောမြင်းအာဇာနည်ကဲ့သို့ လျင်မြန်သော လုံ့လတို့ဖြင့် ပြည်တွင်း ပြည်ပမကျန် သာသနာတော် ထွန်းကား ပြန့်ပွားရေးအတွက် ကြိုးပမ်း ဆောင်ရွက်ပေးခဲ့သည်။

- ကေသရာဇာခြင်္သေ့မင်းအာဇာနည်ကဲ့သို့ သတ္တိ၊ ဗျတ္တိထက်မြက်စွာဖြင့် လောကရေးရာ၊ ဓမ္မရေးရာတို့ကိုလည်းကောင်း၊ မိမိဘဝမြင့်မြတ်စွာ ကျင့်သလို အခြားသူများ မြင့်မြတ်သည့်ဘဝ ရောက်အောင် လမ်းညွှန်ဆုံးမ ဆုံးဖြတ် ဆောင်ရွက်ပေးခဲ့ကြသည်။

ဤကဲ့သို့ သည်းခံ၊ လျင်မြန်၊ ခိုင်မာ၊ သတ္တိ ဗျတ္တိတရားစွမ်းအား(၄)ပါးတို့ဖြင့် ဆောင်ရွက်ခဲ့ကြသောကြောင့် ဤမြတ်ဗုဒ္ဓ၏သာသနာတော်သည် ငွေရတုတိုင် သန့်ရှင်းတည်တံ့ပြန့်ပွားနေသလို လာမည့် ရွှေရတုတိုင်အောင်လည်း တည်တံ့ပြန့်ပွား လိမ့်မည်ဟု ယုံကြည်မိပါသည်။

> သုခေါ ဗုဒ္ဓါနမုပ္ပါဒေါ၊
> သုခါ သဒ္ဓမ္မဒေသနာ။
> သုခါ သံဃဿ သာမဂ္ဂီ၊
> သမဂ္ဂါနံ တပေါ သုခေါ။

-လောကတွင် မြတ်စွာဘုရားပွင့်ထွန်းပေါ်လာခြင်းသည် ချမ်းသာလှပါ၏။

- သူတော်ကောင်းတရားများ ထင်ရှားစွာ ပွင့်လင်းဟောပြောပြခြင်းသည် ချမ်းသာလှ၏။

- ဂိုဏ်းပေါင်းစုံ ဆ[illegible]တော်သံဃာတော် အပေါင်း၏ ကာယစိတ္တ နှစ်ဝနှစ်လီ စည်းလုံးညီညွတ်ခြင်းသည် ချမ်းသာလှ၏။

- ညီညွတ်တော်မူကြသော ဂိုဏ်းပေါင်းစုံ သံဃာတော် အရှင်မြတ်တို့၏ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို လေးလေးနက်နက် ဆောင်ရွက်တော်မူကြခြင်းသည် နှလုံးစိတ်ဝမ်းပီတိလွှမ်း၍ ချမ်းသာကြီး ချမ်းသာရပါသည်။

ဤသည့် ချမ်းသာမှုတို့သည် ဤကမ္ဘာ ဤသာသနာ တည်သရွေ့ နေလို လလို ထွန်းပ၍ တည်ပါစေသော် . . . . . . .

တက္ကသိုလ်သျှင်သီရိ(မွောစရိယ-ဘီအေ)
မဟာသဒ္ဓမ္မဇောတိကဓဇ

# သံဃာ့အဖွဲ့အစည်း ပေါ်ပေါက်လာခြင်း အကျိုးတရား

ကိုရွှေသောင်းဝင်း

သာသနာတော်သန့်ရှင်းရေး တည်တံ့ရေး ပြန့်ပွားရေး ဟူသော အရေးသုံးပါးကို အခြေခံပြု၍ ဂိုဏ်းပေါင်းစုံ သံဃာ့ အစည်းအဝေးကြီး၏ ရလဒ်အဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးဟူ၍ ဖွဲ့စည်းပေါ်ပေါက်ခဲ့သည်မှာ နှစ်ပေါင်း နှစ်ဆယ့်ငါးနှစ်တိုင် ခဲ့ပေပြီ။

" သံဃနာယက" ဟူ၍ မပေါ်ပေါက်မီ လွန်ခဲ့သည့်အနှစ်သုံးဆယ်ခန့်ကို ပြန်လည်မြင်ယောင်မိသည်။ စာရေးသူတို့နယ်တွင် ရှေးဟောင်းဘုန်းတော်ကြီးကျောင်းတစ်ကျောင်းရှိ၏။ ၁၃ပင်×၉ပင် ကျောင်းအိုကြီးဖြစ်၏။ ကျောင်းထိုင်ဘုန်းတော်ကြီးမှာ သက်တော် ၄၀-ကျော်ခန့်ရှိသည့်ခေတ်ဆန်ဆန် ဆရာတော်၊ ကျောင်းကြီးအိုသလောက် ဘုန်းတော်ကြီးမှာ သစ်လွင်လှသည်။ ကိုရင်မရှိ ကျောင်းသားမရှိ၊ ကိုယ်တော်တစ်ပါးတည်း။ သို့သော် သာသနာ့မယ်တော်ကြီးဟူသော အသက် (၅၀) ကျော် ၆၀ ခန့် ရဟန်းမယ်တော်ကြီးတစ်ဦးရှိသည်။ ထိုရွာက မဟုတ်၊ မြို့နေ၊ မြို့စား၊ မြို့စတိုင် ဒါယိကာမကြီး တစ်ဦးဖြစ်သည်။ မည်သည့် မြို့ကဟု မသိရ။ သားဦးပဥ္စင်းကလေးကို အတော်ဂရုစိုက် အလိုလိုက်ဟန်တူသည်။ သားမောင်ပဥ္စင်းကလည်း ခေတ်ကိုယ်တော်ဖြစ်သည့်အားလျော်စွာ နေကာမျက်မှန်နှင့် ထိုစဉ်က ခေတ်စားခဲ့သည့် တက်ထရွန်၊ လေယာဉ်မောင်၊ ဖော့ခရစ်သင်္ကန်းထည်လဲဖြင့် ကြွကြွလေး၊ ဆိုင်ရာ ပုဂ္ဂိုလ်များနှင့် ပြေလည်အောင် ဆက်ဆံထားသည်။ သို့သော် လူဒါယကာ ဒါယိကာမများနှင့် ဆက်ဆံရာတွင် တက်ကြွမှုရှိသလောက် အနီးဝန်းကျင် ဘုန်းတော်ကြီးများနှင့်ကား ဆက်ဆံရေး အတော်ကြဲသည်၊ လက်ပွန်းတတီး မရှိလှပေ။ မည်သည့် ဆရာတော်ကိုမျှ ဂရုစိုက်ဟန် မတူ၊ ကိုယ်ပိုင်ဂျစ် ကားလေး တဝီဝီဖြင့် မြို့နှင့်ရွာ လူးလာတုံ့ခေါက် ကူးချည်သန်းချည် နေ၏။

စာရေးသူတို့ ကလေးတစ်သိုက်ကား သူ့ကို အထင်ကြီးသည်၊ အထင်ကြီးမယ်ဆိုလည်း ကြီးလောက်ပါသည်၊ ခေတ်ပေါ်သင်္ကန်းကို မညီတမ်း ထည်လဲဝတ်နိုင်သည်၊ (ထိုခေတ်က) တစ်ထောင်တန် နေကာမျက်မှန်၊ အိပ်ဆောင်နာရီ၊ ထို့နောက် ဂျစ်ကားရှိသည်၊ စာရေးသူ၏ဆရာဘုန်းကြီးများလို ဒုမင်္ဂလ၊ သုမင်္ဂလ ရှိတိုင်း၊ လှည်းဆင့်စရာမလို၊ အတော်စမတ်ကျကျနေနိုင်သူဖြစ်၍ စာရေးသူတို့ အထင်မကြီးဘဲ မနေနိုင်ပါ။

သို့သော် စာရေးသူတို့ ဆရာတော်အပါအဝင် ရွာနီးချုပ်စပ် ဘုန်းတော်ကြီးတိုင်းလိုလိုကမူ သူ့ကို အထင်မကြီး၊ ဟက်ဟက်ပက်ပက် မရှိလှ၊ မေးထူး ခေါ်ပြော သဘောမျှသာ၊ ဘာကြောင့် အထင်မကြီးကြသလဲ စာရေးသူတို့ ဉာဏ်မမီ ဆရာတော်ပြောသည်ကား-

" ဘုန်းကြီးဆိုတာ ကားရှိလို့ အထင်ကြီးစရာ မဟုတ်၊ သီလသိက္ခာရှိမှ အထင်ကြီးစရာကွဲ့" တဲ့ " အင်း. . ကားရှိတော့ ကားဒုက္ခ၊ နားရှိတော့ နားဒုက္ခ ပေါ့လကွယ်" တဲ့။

ဆရာတော်က သည်သို့ပြောသော်လည်း စာရေးသူတို့သဘော မပေါက်နိုင်၊ " ကားရှိတော့ လှည်းဆင့်ရတဲ့ဒုက္ခ ငြိမ်းတာပေါ့" ဟု စောဒကတက်

လိုသည်။ သို့သော် မတက်ရဲ ဆရာတော်၏ ကြိမ်လုံးကား အကြောင်းသုံးပါး မရွေးပါ။

မည်သို့ဆိုစေ စာရေးသူတို့ အထင်ကြီးမှုကား တစ်ချင်ရွေးမျှ လျော့ပါးမသွားပါပေ။ သို့ရာတွင် ရွာနီးချုပ်စပ် ဆရာတော်ကြီးများကမူ ထိုခေတ် ဆန်သည့် ကိုယ်တော်လေးကို " နေဝသုဒ္ဓ နာသုဒ္ဓ"တဲ့၊ မည်သို့မျှ နားမလည်နိုင်သည့် စကားလုံးကြီး၊ ဆရာတော်ကို မေးသည့်အခါလည်း " နင့်-- ကြီးတော့ သိလိမ့်မယ်" တဲ့။

ဒီနောက်တော့ စာရေးသူတို့လည်း အရွယ်လေးရောက်လို့ မြို့စာသင်တိုက်တွေ ဘာတွေတက်။ ထိုနေဝသုဒ္ဓ နာသုဒ္ဓ ဆိုတာကြီးလည်း တောမှာ ကျန်ခဲ့သည်။ စာသင်တိုက် ရောက်၍ လူရည် လည်လာသည်နှင့် ပုဂံ-ညောင်ဦး၊ ပုပ္ပါး ဘုရားဖူးသွားကြသည်။ ပုဂံညောင်ဦးကား ဘုရားပုထိုးစေတီများ စီရီရီဖြင့် တကယ့်သာသနာ့မြေအဖြစ် ကြည်နူးခံစားရသလောက် ပုပ္ပါးရောက်မှ ထိုကြည်နူးမှုများ ခဝါကျဆင်းသွားတော့သည်။

ပုဂံခေတ်ဦးလောက်မှပင် အမြစ်တွယ်လာခဲ့သည့် မဟာဂီရိ၊ ပုပ္ပါးမယ်တော်စသည်များ၊ ဓါတ်ဆရာ၊ နတ်ဆရာများ လက်အောက်တွင် ပုပ္ပါးတောင်ကြီးမှာ ပြားပြား မှောက်လျှက်ပင် ရှိသေးသည်။ ထိုစဉ်က ဘုန်းကြီးတစ်ပါးမှာ ပရိယတ်, ပဋိပတ်နှင်လုံးဝ မအပ်စပ်သည့် လုပ်ငန်းများဖြင့် နိုင်ငံတစ်လွှားတွင် ဟိုးလေးတကျော်နာမည်ကြီးနေသည်။ ‘‘သာသနာပြုဆရာတော်’’ဟူသော ဆိုင်းဘုတ်အောက်တွင် လူတွေ အတော်လာကြသည်။ ပရိယတ်, ပဋိပတ်ကို အမှန်တကယ်ဆောင်ရွက်နေသည့် ပရိယတ္တိစာသင်တိုက်ကြီးများ ပဋိပတ္တိရိပ်သာကြီးများကမူ ‘‘သာသနာပြု’’ဟူသော ဆိုင်းဘုတ်ကို မတင်အားရှာကြ။ အဆိုပါ ဓာတ်လိုလို နတ်လိုလိုပုဂ္ဂိုလ်ကပင် သာသနာပြု ဆိုင်းဘုတ်ယူထားသည်မှာ အံ့ဘွယ်သုတပင်ဖြစ်ချေသည်။ ထိုပြင် လူလည်းမဟုတ်၊ ရသေ့ရဟန်းလည်း မမည် ယောဂီရောင် ခေါင်းပေါင်း ယောဂီရောင် အဝတ်အဆင်း၊ မုတ်ဆိတ်ကျင်စွယ်ဗရပြစ်နှင့် အရှုးလိုလို ပုဂ္ဂိုလ်များကလည်း သူတို့ကိုယ်သူတို့ သာသနာပြုပုဂ္ဂိုလ်ဟုပင် ကြွေးကြော်ကာ ဧည့်သည်များထံမှ နည်းများမဆို အလှူငွေများ ကောက်ခံနေကြ၏။

သာသနာပြု မင်းကောင်း မင်းမြတ်တို့က ခေတ်အဆက်ဆက် အခါအားလျော်စွာ သုတ်သင်ရှင်းလင်းကြသော်လည်း ကြွသွားသည်၊ ပါးသွားသည်ဟူ၍မရှိလှ။"သာသနာ" ဟူသော စကားလုံးကို ဗန်းပြ၍ ဘာသာခြားများကလည်း ဆွယ်တရားဟောရန် ဝန်မလေး၊ ကိုယ့်ဘာသာထဲတွင် ပူးဝင်၍ လုပ်စားကြသူများလည်း ဒုနဲ့ဒေးပင်။ အနီပုဂ္ဂိုလ်များ၏ ရှေ့မှောက်တွင် မရှက်မကြောက် ဒူးထောက်သည့် ပုဂ္ဂိုလ်များလည်းမရှား။ ဗုဒ္ဓဘာသာကို ခေတ်သိပ္ပံပညာနှင့် တိုင်းတာယုံကြည်ပါသည်ဆိုသော ခေတ်ပညာတတ်များကလည်း အဆိုပါပုဂ္ဂိုလ်များထံတွင် ဒူးထောက်ရမှာ ဝန်မလေးကြ။ ဓမ္မကထိက ဆရာတော်တစ်ပါးကမူ "ကျုပ်တို့မြန်မာနိုင်ငံက အညာခံမယ့် သူနဲ့စာရင် ညာတဲ့သူကနည်းနေသေးသတဲ့"။

ရှိပါသေးသည်။ လူတို့အခြေခံ စောင့်ထိန်းရမည့် ၅-ပါးသီလကိုပင် လျှော့ဈေး ပေါ့ဈေးဖြင့် သိက္ခာပုဒ်တစ်းပါး၊ နှစ်ပါးထိန်းဂိုဏ်းများ၊ အမဲသားရှောင်၍ ကြက်ကြော်နှင့် ယမကာကို ဆေးဝါးဖြစ်ဆိုကာ အမြဲမှီဝဲနေကြသည့် ဂိုဏ်းဆရာများ၊ ထိုမှ

ဤမှ စီကနဲညံကနဲ ထွက်ပေါ်လာသည့် ရဟန္တာဆိုသူများ၊ မီးလွတ်ရေလွတ်ပုဂ္ဂိုလ်ထူးများ၊ သူတစ်ပါးမယားတို့ဖြင့်ခြံရံအပ်သော(သူတို့အခေါ်) သတ်သတ်လွတ်"အဖေကြီး"များဖြင့် သာသနာ့မြေကား ခြေမချဝံ့လောက်အောင် ဗွက်ပေါက် နေတော့၏။

ဤသို့သော အခြေအနေများကို သာသနာချစ်ပုဂ္ဂိုလ် တစ်ဦးချင်းအနေဖြင့်သော်လည်းကောင်း၊ ဘာသာ သာသနာရေး အသင်းအဖွဲ့များက သော်လည်းကောင်း ဆန့်ကျင်တိုက်ဖျက်ဖို့ရာ ခဲယဉ်းလှသည်။ ဤအတိုင်းသာ ချီတက်နေပါက အရှင်အရဟံနှင့် အနော်ရထာမင်းမြတ်တို့ ချခဲ့သည့် ထေရဝါဒ အုတ်မြစ်ကြီး ပြိုလဲပေတော့မည်။

သို့သော် ကံကောင်းပါသည်။ "ကျွန်းတုံး ကြောင်လျှောက်၊ လွှမ်းတုံး မောင်ရောက်" ဆိုသလိုပင် အဆိုပါ ဓာတ်ဂိုဏ်းနတ်ဂိုဏ်းစသည်တို့ဖြင့် ဗွက်ပေါက်နေသည်တို့ကို ပြုပြင်ဖာထေးရန် သာသနာတော် သန့်ရှင်းရေး ဂိုဏ်းပေါင်းစုံအစည်းအဝေးကြီး ပေါ်ပေါက်လာသည်။ ထို အစည်းအဝေး၏ ရလဒ်ကား နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဟူ၍ သာသနာ့ ထိပ်ခေါင်တင်မထေရ်ကြီးများ အဖွဲ့အနေဖြင့် (၅-သိန်း)ကျော်မျှသော သံဃာထုရှေ့ဝယ် မားမားမတ်မတ် ရပ်တည် နေခဲ့ပေပြီ။

သံဃာ့အဖွဲ့အစည်းကြီးပေါ်ပေါက်လာခဲ့သည့် ဤမျှသော ၂၅-နှစ်တာကာလအတွင်း သံဃာ့ဦးသျှောင်ဆရာတော်ဘုရားကြီးများ၏ဓမ္မစက်၊ နိုင်ငံတော် အစိုးရမင်းများ၏ အာဏာစက်ဖြင့် အဓမ္မဝါဒ၊ အဓမ္မဝါဒီများကိုလည်း ဖြိုဖျက်နိုင်ခဲ့ပြီ။ ငယ်စဉ်က နားမလည်ခဲ့သည့် " နေဝသုဒ္ဓ နာသုဒ္ဓ"များကိုလည်း နားလည်ခဲ့ပါပြီ။ စင်စစ် " နေဝသုဒ္ဓ နာသုဒ္ဓ" ဟူသည် " စင်ကြယ်သည်လည်းမဟုတ်၊ မစင်ကြယ်သည်လည်းမဟုတ်" ဟု ယတိပြတ် ဆုံးဖြတ်၍ မရသည့် ကိစ္စ ဖြစ်သည်။ လိပ်ခဲတင်းလင်း၊ သောင် မတင် ရေမကျ၊ ဟိုမရောက်ဒီမရောက်ဟူသော မြန်မာဝေါဟာရများနှင့်ထပ်တူ မကျနိုင်သည့်တိုင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီးအနေဖြင့် ထိုထိုသော လိပ်ခဲတင်းလင်းကိစ္စများ၊ သောင်မတင် ရေမကျ ပြဿနာများ၊ ဟိုမရောက် ဒီမရောက် ကိစ္စများကို ယတိပြတ် ဆုံးဖြတ်နိုင်ခဲ့ပါသည်။

ယခင်က အဆိုရှိခဲ့သည့် ''မြန်မာတွေက တောင်ပေါ်တက် ဘုရားတည်နေတုန်းမှာ အခြားဘာသာတွေက တောင်ခြေမှာ သာသနာပြုသွားပြီ။ ဆိုသည့်စကားရပ်ကို တောင်တန်းသာသနာပြုများ စေလွှတ်ခြင်းဖြင့် ချေဖျက်နိုင်ခဲ့ပြီ'' ကိုလိုနီခေတ်မှစ၍ဘုန်းတော်ကြီးများနှင့် အလှမ်းကွာ မျက်ခြေပြတ်ခဲ့သည့် မြန်မာကလေးသူငယ်များအတွက်လည်း ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ၊ နွေရာသီယဉ်ကျေးမှုသင်တန်းများ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီ။

နှစ်ဆယ့်ငါးနှစ်ဟူသည် နိုင်ငံတစ်ခု၏ သက်တမ်းနှင့်စာလျှင် အလွန်တိုတောင်းသည့်ကာလတာလေးအတွင်းဝယ် အခြေခံအဆင့်မှသည် အထင်ကရ လုပ်ငန်းကြီးများအထိ ဆောင်ရွက်တော်မူနိုင်ခဲ့ကြသည်။

အကယ်၍သာ "နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး"ဟူ၍ ပေါ်ပေါက်မလာပါက သာသနာတော်နှင့် ဆန့်ကျင်သော ဆောင်ရွက်မှုများကို အပြည့်အဝ ထိန်းသိမ်းနိုင်မည့် ဆောင်ရွက်ချက်မျိုး မဖြစ်ပေါ်လာနိုင်ဟု ထင်မြင်မိပါသည်။

**နောက်ဆက်တွဲ "က" အစ**

## သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး ဖြစ်မြောက်ရေးအတွက် ရွေးချယ်ပြီးစဲ့သော သံဃာ့ဝန်ဆောင် ဆရာတော်ကြီး (၆၆)ပါး စာရင်း

| စဉ် | ဘွဲ့တော် | အသက် | သိက္ခာ | ကျောင်းတိုက်နှင့်မြို့ | မှတ်ချက် |
|---|---|---|---|---|---|
| | ကချင်ပြည်နယ် | | | | |
| ၁။ | ဦးသီလဝံသ | ၇၇ | ၃၇ | ဝန်းသိုကျောင်း၊မြစ်ကြီးနားမြို့ | ရှိ |
| ၂။ | ဦးဇဝန | ၆၉ | ၅၀ | မြို့မကျောင်း၊ ရွှေကူမြို့ | ရှိ |
| | ကယားပြည်နယ် | | | | |
| ၃။ | ဦးနာဂသေန | ၇၂ | ၅၇ | မင်းကျောင်းတိုက်၊လွိုင်ကော်မြို့ | ပျံလွန် |
| | ကရင်ပြည်နယ် | | | | |
| ၄။ | ဦးဣန္ဒိယ | ၆၉ | ၄၉ | မဲဘောင်ကျောင်း၊ဘားအံမြို့ | ရှိ |
| ၅။ | ဦးစန္ဒောဘာသ | ၅၄ | ၃၄ | ဖားကျကျောင်း၊ကော့ကရိတ်မြို့ | ပျံလွန် |
| | ချင်းပြည်နယ် | | | | |
| ၆။ | ဦးပညာသာမိ | ၅၆ | ၃၆ | တောင်းတန်းသာသနာပြုကျောင်း ပလက်ဝမြို့ | ရှိ |
| | စစ်ကိုင်းတိုင်း | | | | |
| ၇။ | ဦးပုညာဘိနန္ဒ | ၇၅ | ၅၅ | တောတောင်ဘီလူးချောင် စစ်ကိုင်းမြို့ | ပျံလွန် |
| ၈။ | ဦးပဏ္ဍိတ | ၇၅ | ၅၅ | အနန္တသူရိယချောင်၊စစ်ကိုင်းမြို့ | ပျံလွန် |
| ၉။ | ဦးဉာဏိန္ဒ | ၆၅ | ၄၅ | ဝေဠုဝန်ကျောင်းတိုက်၊ရွှေဘိုမြို့ | ပျံလွန် |
| ၁၀။ | ဦးဝိမလာဘိဝံသ | ၅၂ | ၃၂ | ပုခန်းကျောင်းတိုက်၊ရွှေဘိုမြို့ | ရှိ |
| ၁၁။ | ဦးနန္ဒဝံသ | ၆၆ | ၄၆ | မြို့မကျောင်း၊ အင်းတော်မြို့ | ပျံလွန် |
| ၁၂။ | ဦးမာနိတ | ၇၉ | ၆၀ | မဟာဓမ္မာရုံကျောင်း၊ချောင်းဦးမြို့ | ပျံလွန် |
| ၁၃။ | ဦးပညာဝံသ | ၅၀ | ၃၀ | သထုံဝံသကျောင်းတိုက်၊မုံရွာမြို့ | ပျံလွန် |
| ၁၄။ | ဦးပညိန္ဒ | ၄၆ | ၂၇ | ဂဏပါမောက္ခကျောင်းတိုက်၊တမူးမြို့ | ရှိ |
| | တနင်္သာရီတိုင်း | | | | |
| ၁၅။ | ဦးအာစိဏ္ဏာဘိဝံသ | ၅၇ | ၃၈ | ရွှေဂူကျောင်း၊ထားဝယ်မြို့ | ရှိ |
| ၁၆။ | ဦးကုသလ | ၇၇ | ၅၇ | ရွှေကျောင်းတိုက်၊မြိတ်မြို့ | ပျံလွန် |

နောက်ဆက်တွဲ "က" အဆက်

| စဉ် | ဘွဲ့တော် | အသက် | သိက္ခာ | ကျောင်းတိုက်နှင့်မြို့ | မှတ်ချက် |
|---|---|---|---|---|---|
| | ပဲခူးတိုင်း | | | | |
| ၁၇။ | ဦးဣန္ဒာစာရ | ၈၃ | ၆၃ | မြို့မစာသင်တိုက်၊ ပဲခူးမြို့ | ပျံလွန် |
| ၁၈။ | ဦးဥတ္တရာဘိဇ | ၇၂ | ၅၂ | တိုက်ကျောင်းပါဠိတက္ကသိုလ်၊ ကြို့ပင်ကောက်မြို့ | ပျံလွန် |
| ၁၉။ | ဦးတေဇောဘာသာဘိဝံသ | ၅၇ | ၃၇ | ရွှေကျောင်းကြီးတိုက်၊သဒ္ဓမ္မ-ဇောတိကာရုံကျောင်း၊ပေါင်းတည်မြို့ | ပျံလွန် |
| ၂၀။ | ဦးတိက္ခသာရ | ၅၆ | ၃၆ | မြစည်းခုံစာသင်တိုက်၊တောင်ငူမြို့ | ပျံလွန် |
| | မကွေးတိုင်း | | | | |
| ၂၁။ | ဦးစိန္တာသာရ | ၄၃ | ၂၃ | ရတနာရာမတိုက်၊မကွေးမြို့ | ရှိ |
| ၂၂။ | ဦးဝေပုလ္လသာမိ | ၆၃ | ၄၃ | ရွှေပေါက်ပင်ကျောင်းတိုက်၊ပခုက္ကူမြို့ | ရှိ |
| ၂၃။ | ဦးကုသလ | ၅၉ | ၃၉ | မဟာဝိသုတာရာမကျောင်းတိုက် ပခုက္ကူမြို့ | ပျံလွန် |
| ၂၄။ | ဦးနေမိန္ဒ | ၅၈ | ၃၈ | မဟာဝိဇယာရာမတိုက်၊ပခုက္ကူမြို့ | ရှိ |
| ၂၅။ | ဦးကိတ္တိ | ၆၈ | ၄၈ | မဟာဝိသုတာရာမတိုက်၊စလင်းမြို့ | ပျံလွန် |
| ၂၆။ | ဦးကုဏ္ဍလ | ၅၇ | ၃၇ | တာဝတိံသာကျောင်းတိုက်၊အောင်လံမြို့ | ရှိ |
| | မန္တလေးတိုင်း | | | | |
| ၂၇။ | ဦးရေဝတ | ၇၉ | ၅၉ | ပုသိမ်ကျောင်း၊ တောင်သမန်တိုက် | ပျံလွန် |
| ၂၈။ | ဦးဉာဏာဘိဝံသ | ၆၂ | ၄၂ | ဝါးတန်းစာချကျောင်း၊မိုးကောင်းတိုက် မန္တလေးမြို့ | ပျံလွန် |
| ၂၉။ | ဦးကုမာရာဘိဝံသ | ၅၁ | ၃၁ | ဗန်းမော်တိုက်၊ မန္တလေးမြို့ | ရှိ |
| ၃၀။ | ဦးသိရိန္ဒာဘိဝံသ | ၅၆ | ၃၇ | ဓမ္မဝိနယရုံသီကျောင်း၊မစိုးရိမ် တိုက်သစ်၊မန္တလေးမြို့ | ပျံလွန် |
| ၃၁။ | ဦးဝရသမ္ဘောဓိ | ၇၃ | ၅၃ | ဧရာဝတီတိုက်ကျောင်း၊ကျောက်ဆည်မြို့ | ပျံလွန် |
| ၃၂။ | ဦးကေလာသာဘိဝံသ | ၅၀ | ၃၀ | သာသနဝေပုလ္လကျောင်းတိုက်၊မိတ္ထီလာမြို့ | ပျံလွန် |
| ၃၃။ | ဦးသောဘိတ | ၇၀ | ၅၀ | ပခုက္ကူကျောင်းသစ်၊ကိုးဆောင်တိုက်၊ မြင်းခြံမြို့ | ပျံလွန် |
| ၃၄။ | ဦးကောသလ္လ | ၆၂ | ၄၂ | ဆင်ကျုံးတောရတိုက်၊ရမည်းသင်းမြို့ | ရှိ |
| | မွန်ပြည်နယ် | | | | |
| ၃၅။ | ဦးနာဂသေနာဘိဝံသ | ၇၈ | ၅၂ | တောင်လေးလုံးကျောင်းတိုက်၊ မော်လမြိုင်မြို့ | ပျံလွန် |
| ၃၆။ | ဦးဥတ္တရ | ၆၂ | ၄၂ | ဟိတကာရီကျောင်းတိုက်၊သထုံမြို့ | ပျံလွန် |

နောက်ဆက်တွဲ "က" အဆက်

| စဉ် | ဘွဲ့တော် | အသက် | သိက္ခာ | ကျောင်းတိုက်နှင့်မြို့ | မှတ်ချက် |
|---|---|---|---|---|---|
| | ရခိုင်ပြည်နယ် | | | | |
| ၃၇။ | ဦးနရသီဟ | ၇၃ | ၅၃ | ဘုရားကြီးကျောင်းတိုက်၊စစ်တွေမြို့ | ပျံလွန် |
| ၃၈။ | ဦးဝဏ္ဏ | ၆၃ | ၄၄ | နဂါးကျောင်း၊ကျောက်ဖြူမြို့ | ပျံလွန် |
| ၃၉။ | ဦးက္ကန္ဒာစာရ | ၆၂ | ၄၂ | ဝေဠုဝန်ကျောင်း၊သံတွဲမြို့ | ပျံလွန် |
| | ရန်ကုန်တိုင်း | | | | |
| ၄၀။ | ဦးပညာသာမိ | ၇၅ | ၅၅ | ဘုံပျံကျောင်း၊ကျောင်းကြီးတိုက်၊ ရန်ကုန်မြို့ | ပျံလွန် |
| ၄၁။ | ဦးတိလောက | ၇၅ | ၅၅ | တိလောကာရုံကျောင်း၊ဗားကရာ ကျောင်းတိုက် | ပျံလွန် |
| ၄၂။ | ဦးဩဘာသ | ၇၄ | ၅၄ | ဖျာပုံကျောင်း၊သရက်တောတိုက် | ပျံလွန် |
| ၄၃။ | ဦးအာဒိစ္စရံသီ | ၆၉ | ၄၉ | ခြောက်ထပ်ကြီးကျောင်းတိုက် | ပျံလွန် |
| ၄၄။ | ဦးကောသလ္လ | ၅၃ | ၃၃ | ပဋ္ဌာနိကာယသာသနာ့ဗိမာန်ကျောင်း တိုက်၊ရန်ကင်း | ပျံလွန် |
| ၄၅။ | ဦးဉာဏဝံသ | ၅၈ | ၃၇ | ပြည်ဇောတိကာရုံကျောင်းတိုက်၊ တိုက်ကြီး | ရှိ |
| ၄၆။ | ဦးဝဏ္ဏသိရီ | ၅၉ | ၄၀ | မင်းကျောင်းစာသင်တိုက်၊ သံလျင် | ပျံလွန် |
| ၄၇။ | ဦးနန္ဒဝံသ | ၅၆ | ၃၆ | ညောင်ဝိုင်းကျောင်းတိုက်၊ တွံတေး | ပျံလွန် |
| | ရှမ်းပြည်နယ် | | | | |
| ၄၈။ | ဦးဆန္ဒာဓိက | ၆၆ | ၄၆ | သိမ်တောင်ကျောင်းတိုက်၊ တောင်ကြီး | ရှိ |
| ၄၉။ | ဦးဝိလာသာဘိဝံသ | ၅၄ | ၃၅ | သာသနဝေပုလ္လ ရွှေဂူစာသင်တိုက်၊ ညောင်ရွှေမြို့ | ရှိ |
| ၅၀။ | ဦးပဏ္ဍိတ | ၆၈ | ၄၈ | ကမ္ဘောဇ္ဇာန်ကျောင်းတိုက်၊ မိုင်းနောင်မြို့ | ပျံလွန် |
| ၅၁။ | ဦးခေမာစာရ | ၅၄ | ၃၄ | ကျိုင်းယင်းကျောင်း၊ ကျိုင်းတုံမြို့ | ရှိ |
| ၅၂။ | ဦးကဝိန္ဒာစာရ | ၅၉ | ၃၉ | မြို့လယ်ကျောင်း၊ လားရှိုးမြို့ | ပျံလွန် |
| ၅၃။ | ဦးဓမ္မာနန္ဒ | ၆၉ | ၄၇ | ရွှေကျောင်း၊ မိုးမိတ်မြို့ | ပျံလွန် |
| | ဧရာဝတီတိုင်း | | | | |
| ၅၄။ | ဦးက္ကန္ဒောဘာသ | ၇၃ | ၅၄ | ရေကြည်မင်္ဂလာကျောင်း၊ ပုသိမ်မြို့ | ပျံလွန် |
| ၅၅။ | ဦးတိက္ခဓမ္မာလင်္ကာရ | ၆၃ | ၄၄ | ပိုးစားတောကျောင်းတိုက်၊ ဟင်္သာတမြို့ | ပျံလွန် |
| ၅၆။ | ဦးဝိသုဒ္ဓ | ၇၄ | ၅၄ | ခါတော်မှီကျောင်းတိုက်၊ မြောင်းမြမြို့ | ပျံလွန် |
| ၅၇။ | ဦးတေဇနိယ | ၇၀ | ၅၀ | မြို့လယ်ကျောင်းတိုက်၊ မအူပင်မြို့ | ပျံလွန် |

**နောက်ဆက်တွဲ "က" အဆုံး**

| စဉ် | ဘွဲ့တော် | အသက် | သိက္ခာ | ကျောင်းတိုက်နှင့်မြို့ | မှတ်ချက် |
|---|---|---|---|---|---|
| ၅၈။ | ဦးဓမ္မစက္က မဟာဒွါရဂိုဏ်း | ၈၃ | ၆၃ | တိုက်သစ်ကျောင်းတိုက်၊ ဖျာပုံမြို့ | ပျံလွန် |
| ၅၉။ | ဦးခမာဝုဓ | ၆၈ | ၄၉ | လယ်တီကျောင်းတိုက်၊ ဟင်္သာတမြို့ | ပျံလွန် |
| ၆၀။ | ဦးဝိဇ္ဇောဒယာဘိဝံသ မူလဒွါရဂိုဏ်း | ၅၃ | ၃၃ | မင်္ဂလာဇေယျကျောင်း၊ ဗားကရာ ကျောင်းတိုက်၊ ရန်ကုန် | ပျံလွန် |
| ၆၁။ | ဦးဓမ္မာဘိဝရ ရွှေကျင်ဂိုဏ်း | ၆၄ | ၄၄ | ကံတွင်းဆုတောင်းပြည့်ကျောင်း၊ပြည်မြို့ | ရှိ |
| ၆၂။ | ဦးဇာနေယျဗုဒ္ဓိ | ၇၈ | ၅၈ | မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ မန္တလေးမြို့ | ပျံလွန် |
| ၆၃။ | ဦးဝိမလ | ၇၆ | ၅၆ | ရွှေဟင်္သာတောရတိုက်၊ညောင်တုန်းမြို့ | ပျံလွန် |
| ၆၄။ | ဦးအာနန္ဒပဏ္ဍိတ | ၇၈ | ၅၈ | ဝိသုဒ္ဓါရုံတိုက်သစ်၊ ပြည်မြို့ | ပျံလွန် |
| ၆၅။ | ဦးဝိမလာဘိဝံသ | ၆၈ | ၄၈ | ကံကြီးပရိယတ္တိကျောင်းတိုက်၊ညောင်ရွှေ | ပျံလွန် |
| ၆၆။ | ဦးသုပညိန္ဒာဘိဝံသ | ၆၆ | ၄၃ | ပဌမဂန္ဓာရုံကျောင်း၊ စစ်ကိုင်းတောင်ရိုး | ပျံလွန် |

**သံဃာ့ဝန်ဆောင် ဩဝါဒါစရိယအဖွဲ့**
**အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ**

| စဉ် | ဘွဲ့တော် | အသက် | သိက္ခာ | ကျောင်းတိုက် | ဂိုဏ်း | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁။ | ဘဒ္ဒန္တတိက္ခ | ၉၃ | ၇၃ | ပွင့်လှသိမ်ကုန်းကျောင်းတိုက်၊ပြည်မြို့ | ဝေဠုဝန် | ပျံလွန် |
| ၂။ | ဘဒ္ဒန္တကောသလ္လ | ၉၃ | ၇၄ | ပိဋကတ်တိုက်ကျောင်း၊ မုဒွန်းရွာ၊ ချောင်းဆုံမြို့နယ် | သုဓမ္မာ | ။ |
| ၃။ | ဘဒ္ဒန္တပဏ္ဍိတသိရီ | ၈၆ | ၆၆ | ရွှေဟင်္သာတိုက်သစ်၊ စစ်ကိုင်းတောင်ရိုး | ရွှေကျင် | ။ |
| ၄။ | ဘဒ္ဒန္တသုဇန | ၈၅ | ၆၆ | ခန္တီးစာသင်တိုက်၊ ဝန်းသိုမြို့ | သုဓမ္မာ | ။ |
| ၅။ | ဘဒ္ဒန္တဝိသုဒ္ဓ | ၈၁ | ၆၂ | မစိုးရိမ်တိုက်၊ မန္တလေးမြို့ | ။ | ။ |

**သံဃာ့ဝန်ဆောင် အကြံပေးအဖွဲ့**
**တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်များ**

| စဉ် | ဘွဲ့တော် | အသက် | သိက္ခာ | ကျောင်းတိုက် | မှတ်ချက် |
|---|---|---|---|---|---|
| ၁။ | ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ | ၆၉ | ၄၉ | ဓမ္မနာဒတိုက်၊ မင်းကွန်း၊ စစ်ကိုင်းမြို့နယ် | ပျံလွန် |
| ၂။ | ဘဒ္ဒန္တနေမိန္ဒ | ၅၃ | ၃၃ | မဟာဝိသုတာရာမတိုက်၊ ပခုက္ကူမြို့ | ။ |
| ၃။ | ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရ | ၃၄ | ၁၄ | မဟာဂန္ဓာရုံကျောင်းတိုက်၊မရမ်းကုန်းမြို့နယ် | ရှိ |

## သံဃာ့ဝန်ဆောင် ၆၆-ပါးအဖွဲ့၏ နောက်ဆက်တွဲ "က"-၁

### နာယကဆရာတော်များ ၆-ပါး

| စဉ် | ဘွဲ့တော် | ဝါတော် | မှတ်ချက် |
|---|---|---|---|
| ၁။ | ဦးမာနိတ | ၅၉-ဝါ | ချောင်းဦးမြို့ |
| ၂။ | ဦးကုသလ | ၅၇-ဝါ | မြိတ်မြို့ |
| ၃။ | ဦးအာနန္ဒပဏ္ဍိတ | ၅၇-ဝါ | ဗာရာဏသီတိုက် |
| ၄။ | ဦးတိလောက | ၅၅-ဝါ | ဗားကရာတိုက် |
| ၅။ | ဦးနာဂသေန | ၅၅-ဝါ | လှိုင်ကော်မြို့ |
| ၆။ | ဦးနရသီဟ | ၅၂-ဝါ | စစ်တွေမြို့ |

### သံဃာ့ဝန်ဆောင် ၆၆-ပါးအဖွဲ့၏ဥက္ကဋ္ဌနှင့် အကျိုးတော်ဆောင်များ

| စဉ် | ဘွဲ့တော် | ဝါတော် | ကျောင်းတိုက် | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဦးဣန္ဒာစာရ | ၈၃-ဝါ | ပဲခူးမြို့ | ဥက္ကဋ္ဌ |
| ၂။ | ဦးဓမ္မစက္က | ၈၃-ဝါ | ဖျာပုံမြို့ | ဒုတိယဥက္ကဋ္ဌ |
| ၃။ | ဦးဇာနေယျဗုဒ္ဓိ | ၅၈-ဝါ | ရွှေကျင် | ။ |
| ၄။ | ဦးရေဝတ | ၅၉-ဝါ | တောင်သမန်တိုက် | အကျိုးတော်ဆောင် |
| ၅။ | ဦးပညာသာမိ | ၅၅-ဝါ | ကျောင်းကြီးတိုက် | တွဲဖက်အကျိုးတော်ဆောင် |
| ၆။ | ဦးခမာဝုစ | ၄၀-ဝါ | ဟင်္သာတမြို့ | ။ |

### သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ် ရွေးချယ်ရေးနည်းလမ်းစာတမ်း ပြုစုရေးအဖွဲ့ငယ်

| စဉ် | ဘွဲ့တော် | ဂိုဏ်း | ကျောင်းတိုက် | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဦးကိတ္တိ | သုဓမ္မာ | မဟာဝိသုတာရာမတိုက်၊စလင်းမြို့ | အဖွဲ့ငယ်ခေါင်းဆောင် |
| ၂။ | ဦးဆန္ဒာဓိက | သုဓမ္မာ | သိမ်တောင်ကျောင်းတိုက်၊တောင်ကြီးမြို့ | အဖွဲ့ဝင် |
| ၃။ | ဦးဓမ္မာဘိဝရ | မူလဒွါရ | ကံတွင်းဆုတောင်းပြည့်ကျောင်း၊ပြည်မြို့ | ။ |
| ၄။ | ဦးကုဏ္ဍလ | သုဓမ္မာ | တာဝတိံသာကျောင်းတိုက်၊အောင်လံမြို့ | ။ |
| ၅။ | ဦးတေဇောဘာသ ဘိဝံသ | ။ | ရွှေကျောင်းကြီးတိုက်၊ ပေါင်းတည်မြို့ | ။ |
| ၆။ | ဦးဝိလာသာဘိဝံသ | ။ | သာသနဝေပုလ္လရွှေဂူတိုက်၊ညောင်ရွှေမြို့ | ။ |
| ၇။ | ဦးစန္ဒောဘာသ | ။ | ဖားကျကျောင်း၊ကော့ကရိတ်မြို့ | ။ |

နောက်ဆက်တွဲ "က"-၂

## သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ဖွဲ့စည်းရန် အခြေခံစည်းမျဉ်းရေးဆွဲရေး အဖွဲ့ငယ်

| စဉ် | ဘွဲ့တော် | ဂိုဏ်း | ကျောင်းတိုက် | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဦးဝိမလ | ရွှေကျင် | ရွှေဟင်္သာတောရတိုက်၊ညောင်တုန်း | အဖွဲ့ငယ်ခေါင်းဆောင် |
| ၂။ | ဦးသြဘာသ | သုဓမ္မာ | ဖျာပုံကျောင်း၊သရက်တောတိုက် | အဖွဲ့ဝင် |
| ၃။ | ဦးဝရသမ္ဘောဓိ | ॥ | ဧရာဝတီတိုက်ကျောင်း၊ကျောက်ဆည်မြို့ | ॥ |
| ၄။ | ဦးသောဘိတ | ॥ | ပခုက္ကူကျောင်းသစ်၊ကိုးဆောင်တိုက် မြင်းခြံမြို့ | ॥ |
| ၅။ | ဦးဇဝန | ॥ | မြို့မကျောင်း၊ရွှေဂူမြို့ | ॥ |
| ၆။ | ဦးကဏ္ဍိယ | ॥ | မဲဘောင်ကျောင်း၊ဘားအံမြို့ | ॥ |
| ၇။ | ဦးဝိမလ | ရွှေကျင် | ကံကြီးပရိယတ္တိတိုက်၊ညောင်ရွှေမြို့ | ॥ |
| ၈။ | ဦးဉာဏိန္ဒ | သုဓမ္မာ | ဝေဠုဝန်ကျောင်း၊ရွှေဘိုမြို့ | ॥ |
| ၉။ | ဦးတိက္ခဓမ္မာလင်္ကာရ | ॥ | ပိုးစာတောကျောင်းတိုက်၊ဟင်္သာတမြို့ | ॥ |
| ၁၀။ | ဦးကောသလ္လ | ॥ | ဆင်ကျုံးတောရတိုက်၊ရမည်းသင်းမြို့ | ॥ |
| ၁၁။ | ဦးဥတ္တရ | ॥ | ဟိတကာရီကျောင်း၊သထုံမြို့ | ॥ |
| ၁၂။ | ဦးဝဏ္ဏသိရီ | ॥ | မင်းကျောင်းစာသင်တိုက်၊သန်လျင်မြို့ | ॥ |
| ၁၃။ | ဦးကုသလ | ॥ | မဟာဝိသုတာရာမတိုက်၊ပခုက္ကူမြို့ | ॥ |
| ၁၄။ | ဦးဝိဇ္ဇောဒယ | မဟာဒွါရ | မင်္ဂလာဗေယျကျောင်း၊ဗားကရာတိုက်၊ ရန်ကုန်မြို့ | ॥ |
| ၁၅။ | ဦးသီလဝံသ | သုဓမ္မာ | ဝန်းသိုကျောင်း၊မြစ်ကြီးနားမြို့ | ॥ |
| ၁၆။ | ဦးသိရိန္ဒာဘိဝံသ | ॥ | ဓမ္မဝိနယရံသီကျောင်း၊မစိုးရိမ်တိုက်သစ် | ॥ |
| ၁၇။ | ဦးတိက္ခသာရ | ॥ | မြစည်းခုံစာသင်တိုက်၊တောင်ငူမြို့ | ॥ |
| ၁၈။ | ဦးဝိမလာဘိဝံသ | ॥ | ပုခန်းကျောင်းတိုက်၊ရွှေဘိုမြို့ | ॥ |
| ၁၉။ | ဦးကေလာသာဘိဝံသ | ॥ | သာသနဝေပုလ္လကျောင်းတိုက်၊ မိတ္ထီလာမြို့ | ॥ |
| ၂၀။ | ဦးစိန္တာသာရ | ॥ | ရတနာရာမတိုက်၊မကွေးမြို့ | ॥ |

**နောက်ဆက်တွဲ "က"-၃**

## ဝိနည်းဓမ္မကံဆိုင်ရာ သံဃာ့အခိကရဏ်းများ ဖြေရှင်းဆုံးဖြတ်ရေး နည်းလမ်းများ ရေးဆွဲရေး အဖွဲ့ဝင်

| စဉ် | ဘွဲ့တော် | ဂိုဏ်း | ကျောင်းတိုက် | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဦးပုညာဘိနန္ဒ | သုဓမ္မာ | တောတောင်ဘီလူးချောင်၊ စစ်ကိုင်းမြို့ | အဖွဲ့ငယ်ခေါင်းဆောင် |
| ၂။ | ဦးဝိသုဒ္ဓ | ။ | ခါတော်မှိကျောင်းတိုက်၊မြောင်းမြမြို့ | အဖွဲ့ဝင် |
| ၃။ | ဦးက္ကန္ဒောဘာသ | ။ | ရေကြည်မင်္ဂလာကျောင်း၊ပုသိမ်မြို့ | ။ |
| ၄။ | ဦးနာဂသေနာဘိဝံသ | ။ | တောင်လေးလုံးကျောင်းတိုက်၊ မော်လမြိုင်မြို့ | ။ |
| ၅။ | ဦးဥတ္တရာဘိဓဇ | ။ | တိုက်ကျောင်းပါဠိတက္ကသိုလ်၊ ကြို့ပင်ကောက်မြို့ | ။ |
| ၆။ | ဦးတေဇနိယ | ။ | မြို့လယ်ကျောင်းတိုက်၊မအူပင်မြို့ | ။ |
| ၇။ | ဦးအာဒိစ္စရံသီ | ။ | ခြောက်ထပ်ကြီးကျောင်းတိုက်၊ရန်ကုန်မြို့ | ။ |
| ၈။ | ဦးနန္ဒဝံသ | ။ | မြို့မကျောင်း၊အင်းတော်မြို့ | ။ |
| ၉။ | ဦးဓမ္မာနန္ဒ | ။ | ရွှေကျောင်း၊မိုးမိတ်မြို့ | ။ |
| ၁၀။ | ဦးဝဏ္ဏ | ။ | နဂါးကျောင်း၊ကျောက်ဖြူမြို့ | ။ |
| ၁၁။ | ဦးဝေပုလ္လာသာမိ | ။ | ရွှေပေါက်ပင်ကျောင်းတိုက်၊ ပခုက္ကူမြို့ | ။ |
| ၁၂။ | ဦးကဝိန္ဒာစာရ | ။ | မြို့လယ်ကျောင်း၊လားရှိုးမြို့ | ။ |
| ၁၃။ | ဦးနေမိန္ဒ | ။ | မဟာဝိဇယာရာမတိုက်၊ပခုက္ကူမြို့ | ။ |
| ၁၄။ | ဦးဉာဏဝံသ | ။ | ပြည်ဖောတိကာရုံကျောင်းတိုက် တိုက်ကြီးမြို့ | ။ |
| ၁၅။ | ဦးပညာသာမိ | ။ | တောင်တန်းသာသနာပြုကျောင်း၊ ပလက်ဝမြို့ | ။ |
| ၁၆။ | ဦးနန္ဒဝံသ | ။ | ညောင်ဝိုင်းကျောင်းတိုက်၊တွံတေးမြို့ | ။ |
| ၁၇။ | ဦးကောသလ္လ | ။ | ပဠနိကာယသာသနာ့ဗိမာန်ကျောင်းတိုက် ရန်ကင်း | ။ |
| ၁၈။ | ဦးကုမာရာဘိဝံသ | ။ | ဗန်းမော်တိုက်၊မန္တလေးမြို့ | ။ |
| ၁၉။ | ဦးပညာဝံသ | ။ | သထုံဝံသကျောင်းတိုက်၊မုံရွာမြို့ | ။ |
| ၂၀။ | ဦးပညိန္ဒ | ။ | ဂဏပါမောက္ခကျောင်းတိုက်၊တမူးမြို့ | ။ |

နောက်ဆက်တွဲ "က"-၄

သာသနာဝင်လက်မှတ် စိစဉ်ရေးဆွဲရေး အဖွဲ့ဝင်

| စဉ် | ဘွဲ့တော် | ဂိုဏ်း | ကျောင်းတိုက် | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဦးပဏ္ဍိတ | သုဓမ္မာ | အနန္တသူရိယချောင်၊စစ်ကိုင်းမြို့ | အဖွဲ့ငယ်ခေါင်းဆောင် |
| ၂။ | ဦးသုပညိန္ဒာဘိဝံသ | ရွှေကျင် | ပဋ္ဌမဂန္ဓာရုံချောင်၊စစ်ကိုင်းတောင်ရိုး | အဖွဲ့ဝင် |
| ၃။ | ဦးပဏ္ဍိတ | သုဓမ္မာ | ကမ္မဋ္ဌာန်းကျောင်းတိုက်၊မိုင်းနောင်မြို့ | ။ |
| ၄။ | ဦးအာစိဏ္ဏာဘိဝံသ | ။ | ရွှေဂူကျောင်းတိုက်၊ထားဝယ်မြို့ | ။ |
| ၅။ | ဦးကုန္ဒာစာရ | ။ | ဝေဠုဝန်ကျောင်းတိုက်၊သံတွဲမြို့ | ။ |
| ၆။ | ဦးဉာဏာဘိဝံသ | ။ | ဝါးတန်းစာချကျောင်း၊မိုးကောင်းတိုက် မန္တလေးမြို့ | ။ |
| ၇။ | ဦးခေမာစာရ | ။ | ကျိုင်းယင်းကျောင်း၊ကျိုင်းတုံမြို့ | ။ |

**နောက်ဆက်တွဲ "ခ"**

## ပထမအကြိမ် (၁၉၈၀ မှ ၁၉၈၁) နိုင်ငံတော်သံဃမဟာနာယက (၃၃) ပါးစာရင်း

ပထမအဖွဲ့ခွဲ

| | | | |
|---|---|---|---|
| ၁။ | ဦးဣန္ဒာစာရ | (ပဲခူးမြို့မ) | ဥက္ကဋ္ဌ |
| ၂။ | ဦးဝိစိတ္တသာရာဘိဝံသ | (မင်းကွန်း) | အကျိုးတော်ဆောင် |
| ၃။ | ဦးသောဘိတ | (မြင်းခြံ) | အဖွဲ့ဝင် |
| ၄။ | ဦးတေဇောဘာသာဘိဝံသ | (ပေါင်းတည်) | ॥ |
| ၅။ | ဦးကိတ္တိ | (စလင်း) | ॥ |
| ၆။ | ဦးအာဒိစ္စရံသီ | (ခြောက်ထပ်ကြီး) | ॥ |
| ၇။ | ဦးနရသီဟ | (စစ်တွေ) | ॥ |
| ၈။ | ဦးကုမာရာဘိဝံသ | (မကွေး၊ဓမ္မိကာရာမ) | ॥ |
| ၉။ | ဦးဓမ္မာနန္ဒ | (မိုးမိတ်) | ॥ |
| ၁၀။ | ဦးဉာဏဝံသ | (တိုက်ကြီး) | ॥ |
| ၁၁။ | ဦးဝေပုလ္လသာမိ | (ပခုက္ကူ၊ရွှေပေါက်ပင်) | ॥ |

ဒုတိယအဖွဲ့ခွဲ

| | | | |
|---|---|---|---|
| ၁။ | ဦးဝိမလ | (ရွှေဟင်္သာတောရရွှေကျင်) | ဒုတိယဥက္ကဋ္ဌ |
| ၂။ | ဦးခမာဝုဓ | (မဟာဒွါရ ) | တွဲဖက်အကျိုးတော်ဆောင် |
| ၃။ | ဦးဝိလာသာဘိဝံသ | (ညောင်ရွှေ) | အဖွဲ့ဝင် |
| ၄။ | ဦးရဝိန္ဒ | (ကဒုံစီး) | ॥ |
| ၅။ | ဦးဝါယာမ | (အရှေ့ကံ့ကော်) | ॥ |
| ၆။ | ဦးစန္ဒောဘာသ | (ဖားကျ) | ॥ |
| ၇။ | ဦးသဟမ္ပတိ | (မူလဒွါရ) | ॥ |
| ၈။ | ဦးဇဝန | (ရွှေကူ) | ॥ |
| ၉။ | ဦးဉာဏိန္ဒ | (ရွှေဘို) | ॥ |

**နောက်ဆက်တွဲ "ခ" အဆက်**

| | | | |
|---|---|---|---|
| ၁၀။ | ဦးပညာဝံသ | (သထုံဝံသ) | အဖွဲ့ဝင် |
| ၁၁။ | ဦးအာနန္ဒပဏ္ဍိတ | (ဗာရာဏသီ၊ရွှေကျင်) | ။ |

တတိယအဖွဲ့ခွဲ

| | | | |
|---|---|---|---|
| ၁။ | ဦးရေဝတ | (ပုသိမ်) (တောင်သမန်) | ဒုတိယဥက္ကဋ္ဌ |
| ၂။ | ဦးဝဏ္ဏသိရီ | (သံလျင်) | တွဲဖက်အကျိုးတော်ဆောင် |
| ၃။ | ဦးဓမ္မစက္က | (ဖျာပုံမြို့) | အဖွဲ့ဝင် |
| ၄။ | ဦးသြဘာသာဘိဝံသ | (သရက်တော၊ဖျာပုံကျောင်း) | ။ |
| ၅။ | ဦးဉာဏာဘိဝံသ | (ဝါးတန်းစာချကျောင်း) | ။ |
| ၆။ | ဦးကုမုဒ | (ကြံခင်း၊ဝေဠုဝန်) | ။ |
| ၇။ | ဦးဥတ္တရာဘိဓဇ | (ကြို့ပင်ကောက်၊တိုက်ကျောင်း) | ။ |
| ၈။ | ဦးတိက္ခဓမ္မာလင်္ကာရ | (ဟင်္သာတ)(၂-လခန့်အကြာတွင် ပျံလွန်၍ ညောင်တုန်း ဆရာတော် ဦးသြသဓာဘိဝံသကို အစားထိုးသည်။) | ။ |
| ၉။ | ဦးအာစိဏ္ဏာဘိဝံသ | (ထားဝယ်) | ။ |
| ၁၀။ | ဦးသိရိန္ဒာဘိဝံသ | (မစိုးရိမ်တိုက်သစ်) | ။ |
| ၁၁။ | ဦးကောသလ္လ | (ရမည်းသင်း) (ဆင်ကျုံး) | ။ |

**နောက်ဆက်တွဲ "ဂ"**

## ပထမအကြိမ် (၁၉၈၁ မှ ၁၉၈၅) ထိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၅) ပါးစာရင်း
## [ အဖွဲ့ခွဲတစ်ခုစီ၌ ၄–ပါးစီ ဖြည့်သည် ]

ပထမအဖွဲ့ခွဲ

| | | | |
|---|---|---|---|
| ၁။ | ဦးဣန္ဒာစာရ | (ပဲခူးမြို့မ) | ဥက္ကဋ္ဌ |
| ၂။ | ဦးဝိစိတ္တသာရာဘိဝံသ | (မင်းကွန်း) | အကျိုးတော်ဆောင် |
| ၃။ | ဦးသောဘိတ | (မြင်းခြံ) | ဒုတိယဥက္ကဋ္ဌ |
| ၄။ | ဦးတေဇောဘာသာဘိဝံသ | (ပေါင်းတည်) | တွဲဖက်အကျိုးတော်ဆောင် |
| ၅။ | ဦးအာဒိစ္စရံသီ | (ခြောက်ထပ်ကြီး) | အဖွဲ့ဝင် |
| ၆။ | ဦးကေလာသာဘိဝံသ | (မိတ္ထီလာ) (ဖြည့်) | ။ |
| ၇။ | ဦးကိတ္တိ | (စလင်း) | ။ |
| ၈။ | ဦးတိက္ခသာရ | (တောင်ငူ) (ဖြည့်) | ။ |
| ၉။ | ဦးကဝိန္ဒာစာရ | (လားရှိုး)(ဖြည့်) | ။ |
| ၁၀။ | ဦးနရသီဟ | (စစ်တွေ) | ။ |
| ၁၁။ | ဦးကုမာရာဘိဝံသ | (မကွေး၊မဃ္ဃိကာရာမ) | ။ |
| ၁၂။ | ဦးဓမ္မာနန္ဒ | (မိုးမိတ်) | ။ |
| ၁၃။ | ဦးဉာဏဝံသ | (တိုက်ကြီး) | ။ |
| ၁၄။ | ဦးဝေပုလ္လသာမိ | (ပခုက္ကူ၊ရွှေပေါက်ပင်) | ။ |
| ၁၅။ | ဦးဂုဏ | (နှီးပဒေါ၊မုဒုံ) (ဖြည့်) | ။ |

ဒုတိယအဖွဲ့ခွဲ

| | | | |
|---|---|---|---|
| ၁။ | ဦးဝိမလ | (ရွှေဟင်္သာတောရရွှေကျင်) | ဒုတိယဥက္ကဋ္ဌ |
| ၂။ | ဦးအာနန္ဒပဏ္ဍိတ | (ဗာရာဏသီ/ရွှေကျင်) | ဒုတိယဥက္ကဋ္ဌ |
| ၃။ | ဦးခမာဝုဓ | (မဟာဒွါရ ) (ဟင်္သာတ) | တွဲဖက်အကျိုးတော်ဆောင် |
| ၄။ | ဦးပညာဝံသ | (သထုံဝံသ) | တွဲဖက်အကျိုးတော်ဆောင် |
| ၅။ | ဦးဝိမလာဘိဝံသ | (ညောင်ရွှေ၊ရွှေကျင်) (ဖြည့်) | အဖွဲ့ဝင် |
| ၆။ | ဦးဝိလာသာဘိဝံသ | (ညောင်ရွှေ) | ။ |

**နောက်ဆက်တွဲ "ဂ" အဆက်**

| | | | |
|---|---|---|---|
| ၇။ | ဦးရဝိန္ဒ | (ကဒုံစီး) | အဖွဲ့ဝင် |
| ၈။ | ဦးဝါယာမ | (အရှေ့ကံ့ကော်) | ။ |
| ၉။ | ဦးစန္ဒောဘာသ | (ဖားကျ) | ။ |
| ၁၀။ | ဦးသဟမ္ပတိ | (မူလဒွါရ) | ။ |
| ၁၁။ | ဦးဇဝန | (ရွှေကူ) | ။ |
| ၁၂။ | ဦးဉာဏိန္ဒ | (ရွှေဘို) | ။ |
| ၁၃။ | ဦးကေသရ | (ဖြည့်) (သရက်) | ။ |
| ၁၄။ | ဦးဥက္ကံသာဘိဝံသ | (ဖြည့်) (အမရပူရ) | ။ |
| ၁၅။ | ဦးအာစာရ | (ဖြည့်) (မကျီးကုန်း) | ။ |

တတိယအဖွဲ့ခွဲ

| | | | |
|---|---|---|---|
| ၁။ | ဦးရေဝတ | (ပုသိမ်တောင်သမန်) ၈၂-ခုနှစ်တွင် ပျံလွန်၍ ဦးဥတ္တရာဘိဇေ ဒုတိယဥက္ကဋ္ဌဖြစ်လာသည်။ | ဒုတိယဥက္ကဋ္ဌ |
| ၂။ | ဦးသြဘာသာဘိဝံသ | (သရက်တောတိုက်၊ဖျာပုံကျောင်း) | ဒုတိယဥက္ကဋ္ဌ |
| ၃။ | ဦးဝဏ္ဏသိရီ | (သံလျင်) | တွဲဖက်အကျိုးတော်ဆောင် |
| ၄။ | ဦးဉာဏာဘိဝံသ | (ဝါးတန်းကျောင်း၊မိုးကောင်းကျောင်း) | တွဲဖက်အကျိုးတော်ဆောင် |
| ၅။ | ဦးလာဘသာမိ | (ဟင်္သာတ) (ဖြည့်) | အဖွဲ့ဝင် |
| ၆။ | ဦးဥတ္တရာဘိဇေ | (ကြို့ပင်ကောက်၊တိုက်ကျောင်း) | ။ |
| ၇။ | ဦးသိရိန္ဒာဘိဝံသ | (မစိုးရိမ်တိုက်သစ်) | ။ |
| ၈။ | ဦးအာစိဏ္ဏာဘိဝံသ | (ထားဝယ်) | ။ |
| ၉။ | ဦးဓမ္မစက္က | (ဖျာပုံမြို့) | ။ |
| ၁၀။ | ဦးကုမုဒ | (ကြံခင်း၊ဝေဠုဝန်) | ။ |
| ၁၁။ | ဦးသြသဓာဘိဝံသ | (ဦးတိက္ခာဓမ္မာနန္ဒအစား) | ။ |
| ၁၂။ | ဦးကောသလ္လ | (ရမည်းသင်း) (ဆင်ကျုံး) | ။ |
| ၁၃။ | ဦးဣန္ဒောဘာသ | (ဖြည့်) (ရေကြည်၊ပုသိမ်) | ။ |
| ၁၄။ | ဦးနန္ဒဝံသ | (ဖြည့်) (တွံတေး၊ ညောင်ဝိုင်းကျောင်း) | ။ |
| ၁၅။ | ဦးသာဂရ | (ဖြည့်) (စစ်ကိုင်း၊ လေးကျွန်းမြေအုတ်ကျောင်း) | ။ |

(ပုသိမ်ဆရာတော် ပျံလွန်မှုရာ၌ ဓမ္မိကာရာမ ရွှေသင်းစာချကျောင်း ဆရာတော် ဦးဝိစာရကို အဖွဲ့ဝင်အဖြစ်အစားထိုးသည်။)

**နောက်ဆက်တွဲ "ယ"**

## ဒုတိယအကြိမ် (၁၉၈၆ မှ ၁၉၉၀) အထိ၊ နိုင်ငံတော်သံဃမဟာနာယက (၄၇)ပါး စာရင်း

| | | | |
|---|---|---|---|
| ၁။ | ဦးကုဏ္ဍာစာရ | (ပဲခူးမြို့မဆရာတော်) | ဥက္ကဋ္ဌ |
| ၂။ | ဦးဝိစိတ္တသာရာဘိဝံသ | (မင်းကွန်း၊ တိပိဋကရေ) | အကျိုးတော်ဆောင် |

ပထမအဖွဲ့ခွဲ

| | | | |
|---|---|---|---|
| ၁။ | ဦးသောဘိတ | (မြင်းခြံ ဆရာတော်) | ဒုတိယဥက္ကဋ္ဌ |
| ၂။ | ဦးအာဒိစ္စရံသီ | (ခြောက်ထပ်ကြီး) | ဒုတိယဥက္ကဋ္ဌ |
| ၃။ | ဦးတေဇောဘာသာဘိဝံသ | (ပေါင်းတည်) | တွဲဖက်အကျိုးတော်ဆောင် |
| ၄။ | ဦးကေလာသာဘိဝံသ | (မိတ္ထီလာ)(၁၉၈၇-ခုနှစ်တွင်ပျံလွန်၍ ဦးစန္ဒိမာကို အဖွဲ့ဝင်အဖြစ်အစားထိုးသည်။) | တွဲဖက်အကျိုးတော်ဆောင် |
| ၅။ | ဦးကိတ္တိ | (စလင်း) | အဖွဲ့ဝင် |
| ၆။ | ဦးတိက္ခသာရ | (မြစည်းခုံ၊ တောင်ငူ) | ။ |
| ၇။ | ဦးကဝိန္ဒာစာရ | (လားရှိုး) | ။ |
| ၈။ | ဦးကဝိန္ဒ | (လရောင်ဝင်း၊စစ်တွေ) (ဦးနရသီဟ-အစား) | ။ |
| ၉။ | ဦးကုမာရ | (မကွေး၊ မဟာဝိသုတာရာမ)(၁၉၈၇-၌ တွဲဖက်အကျိုးတော်ဆောင်ဖြစ်သည်။ | ။ |
| ၁၀။ | ဦးပဏ္ဍိတ | (မိုင်းနောင်) (မိုးမိတ် ဦးဓမ္မာနန္ဒအစား) | ။ |
| ၁၁။ | ဦးဉာဏဝံသ | (တိုက်ကြီး) | ။ |
| ၁၂။ | ဦးဝေပုလ္လသာမိ | (ပခုက္ကူ၊ ရွှေပေါက်ပင်) | ။ |
| ၁၃။ | ဦးဂုဏ | (နှီးပဒေါ) (မုဒုံမြို့) | ။ |
| ၁၄။ | ဦးဇာနုတ္တရ | (ပြွန်တန်ဆာ) (ဥက္ကဋ္ဌ၊ ပဲခူးမြို့မနေရာ) | ။ |
| ၁၅။ | ဦးပညိန္ဒ | (တမူး၊ အကျိုးတော်ဆောင်၊ ဦးဝိစိတ္တသာရာဘိဝံသနေရာ)။ | |

**နောက်ဆက်တွဲ "ဃ" အဆက်**

ဒုတိယအဖွဲ့ခွဲ

| | | | |
|---|---|---|---|
| ၁။ | ဦးခေမာစာရ | (မဟာဒွါရ၊ ဟင်္သာတ) (ရွှေဟင်္သာတောရနေရာ) | ဒုတိယဥက္ကဋ္ဌ |
| ၂။ | ဦးဇဝန | (ရွှေကူ) (ဗာရာဏသီဆရာတော်နေရာ) | ဒုတိယဥက္ကဋ္ဌ |
| ၃။ | ဦးဝိမလာဘိဝံသ | (ညောင်ရွှေ၊ ရွှေကျင်) (ဦးခေမာစာရ နေရာ) | တွဲဖက်အကျိုးတော်ဆောင် |
| ၄။ | ဦးပညာဝံသ | (သထုံ- ဝံသ) | တွဲဖက်အကျိုးတော်ဆောင် |
| ၅။ | ဦးအဂ္ဂိယ | (ရွှေကျင်) | အဖွဲ့ဝင် |
| ၆။ | ဦးကောဏ္ဍည | (ရွှေကျင်) | ။ |
| ၇။ | ဦးဝိလာသာဘိဝံသ | (ညောင်ရွှေ) | ။ |
| ၈။ | ရွှေဦးကုမာရ | (ဦးဝါယာမအစား၊ မော်လမြိုင်) | ။ |
| ၉။ | ဝိဇ္ဇာဘာဂီ ဦးဇောတိက | (ဦးရဝိန္ဒအစား) | ။ |
| ၁၀။ | ဦးစန္ဒောဘာသ | (ဖားကျ) | ။ |
| ၁၁။ | ဦးသဟမ္ပတိ | (မူလဒွါရ) | ။ |
| ၁၂။ | ဦးဝိမလာဘိဝံသ | (ပုခန်း) (ဦးဉာဏိန္ဒအစား) | ။ |
| ၁၃။ | ဦးကေသရ | (သရက်) | ။ |
| ၁၄။ | ဦးမေဓိယာဘိဝံသ | (နယားကျောင်း) (အမရပူရဦးဥက္ကံသအစား) | ။ |
| ၁၅။ | ဦးအာစာရ | (မကျီးကုန်း) (ဝန်းသိုမြို့) | ။ |

တတိယအဖွဲ့ခွဲ

| | | | |
|---|---|---|---|
| ၁။ | ဦးဥတ္တရာဘိဓဇ | (ကြို့ပင်ကောက်) | ဒုတိယဥက္ကဋ္ဌ |
| ၂။ | ဦးဉာဏာဘိဝံသ | (ဝါးတန်းစာချကျောင်း) (ဖျာပုံဦးသြဘာသနေရာ) | ဒုတိယဥက္ကဋ္ဌ |
| ၃။ | ဦးဝဏ္ဏသိရီ | (သန်လျင်မင်းကျောင်း) | တွဲဖက်အကျိုးတော်ဆောင် |
| ၄။ | ဦးလာဘသာမိ | (ဟင်္သာတ) (ဝါးတန်းဦးဥ ၁ဏ နေရာ) | တွဲဖက်အကျိုးတော်ဆောင် |

နောက်ဆက်တွဲ "ယ"အဆက်

| | | |
|---|---|---|
| ၅။ ဦးသိရိန္ဒာဘိဝံသ | (မစိုးရိမ်တိုက်သစ်) | အဖွဲ့ဝင် |
| ၆။ ဦးအာစိဏ္ဏာဘိဝံသ | (ထားဝယ်) | ။ |
| ၇။ ဦးအရိယာဘိဝံသ | (ဖျာပုံမြို့) (ဦးဓမ္မစက္ကအစား) | ။ |
| ၈။ ဦးကုမုဒ | (ဝေဠုဝန်) | ။ |
| ၉။ ဦးဩဘာသာဘိဝံသ | (ညောင်တုန်း) | ။ |
| ၁၀။ ဦးသုမန | (တပ်ကုန်း)( ဆင်ကျုံးအစား) | အဖွဲ့ဝင် |
| ၁၁။ ဦးကန္တောဘာသ | (ပုသိမ်၊ ရေကြည်မင်္ဂလာ) | ။ |
| ၁၂။ ဦးနန္ဒဝံသ | (တွံတေး၊ ညောင်ဝိုင်း) | ။ |
| ၁၃။ ဦးသာဂရ | (စစ်ကိုင်း၊ လေးကျွန်းမြေအုတ်ကျောင်း) | ။ |
| ၁၄။ ဦးဥတ္တမောဘာသာဘိဝံသ | ပျော်ဘွယ်ကျောင်း၊ ကမာရွတ် (ဖျာပုံ၊ ဦးဩဘာသာဘိဝံသအစား) ၁၉၈၇-ခုနှစ်တွင် ပျံလွန်တော်မူ၍ ကလေးဝတောရဆရာတော် ရွေးချယ်ခံရသည်။ | ။ |
| ၁၅။ ဦးဝိစာရ | (ဓမ္မိကာရာမ ရွှေသင်း) (ပုသိမ်၊ ဦးရေဝတအစား) | ။ |

တတိယအကြိမ်၊ ၁၉၉၀ မှ ၁၉၉၅ အထိ နိုင်ငံတော်သံဃမဟာနာယက(၄၇)ပါးစာရင်း

၁။ ဥက္ကဋ္ဌ၊ ပဲခူးမြို့မဆရာတော် ၁၉၉၃-ခုနှစ် ဧပြီလ ပျံလွန်၍ ၁၉၉၄-ခုနှစ် တပေါင်းလ (မတ်လ) မြင်းခြံဆရာတော် ဥက္ကဋ္ဌဖြစ်သည်။

၂။ အကျိုးတော်ဆောင်ဆရာတော်၊ မင်းကွန်းတိပိဋကရေ ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ ၁၉၉၂-ခုနှစ်၊ ဒီဇင်ဘာလ ပျံလွန်သည်။

၁၉၉၄-ခုနှစ်၊ တပေါင်း (မတ်လ) သန်လျင် ဦးဝဏ္ဏသိရီ အကျိုးတော်ဆောင် ဖြစ်သည်။

၁၉၉၄-ခုနှစ်၊ (မေလ)တွင် ဦးဝဏ္ဏသိရီ ပျံလွန်တော်မူသည်။

၁၉၉၅-ခုနှစ်၊ တပေါင်း (မတ်လ)တွင် မကွေးဆရာတော် အကျိုးတော်ဆောင် ဖြစ်၏။

နောက်ဆက်တွဲ "င"

## တတိယအကြိမ်

ပထမအဖွဲ့ခွဲ

| | | | |
|---|---|---|---|
| ၁။ | ဦးသောဘိတ | (မြင်းခြံ)ဆရာတော် | ဒုတိယဥက္ကဋ္ဌ |
| | ၁၉၉၄-ခုနှစ်တွင် မြင်းခြံဆရာတော် ဥက္ကဋ္ဌဖြစ်သွား၍<br>ဦးပညိန္ဒာဘိဝံသ (အောင်မြေဘုံစံ) ဒုတိယဥက္ကဋ္ဌ ဖြစ်လာသည်။ | | |
| ၂။ | ဦးကိတ္တိ | (စလင်း) | ဒုတိယဥက္ကဋ္ဌ |
| ၃။ | ဦးကုမာရ | (မကွေး) ဆရာတော် | တွဲဖက်အကျိုးတော်ဆောင် |
| | ၁၉၉၅-ခုနှစ်၊ သံလျင်ဦးဝဏ္ဏသိရီအစား အကျိုးတော်ဆောင် ဖြစ်လာသည်။ | | |
| ၄။ | ဦးတေဇောဘာသာဘိဝံသ | | တွဲဖက်အကျိုးတော်ဆောင် |
| | ၁၉၉၂-ခုနှစ်တွင် ကျန်းမာရေးအတွက်နားသည်။ ဦးကုဏ္ဍလဇောတိကို<br>အဖွဲ့ဝင်အဖြစ် ရွေးချယ်သည်။ | | |
| ၅။ | ဦးစန္ဒိမာ (မိတ္ထီလာ) | | တွဲဖက်အကျိုးတော်ဆောင် |
| | ၁၉၉၂-ခုနှစ်၊ ဦးတေဇောဘာသာဘိဝံသအစား တွဲဖက်အကျိုးတော်ဆောင်ဖြစ်လာသည်။ | | |
| ၆။ | ဦးပညာသီဟ | | တွဲဖက်အကျိုးတော်ဆောင် |
| | ၁၉၉၄-ခုနှစ်တွင် မြင်းခြံဆရာတော် ဥက္ကဋ္ဌဖြစ်၍ ယင်းနေရာ၌<br>ဦးပညာသီဟကိုအဖွဲ့ဝင်အဖြစ် အစားထိုးရွေးချယ်သည်။<br>၁၉၉၅-ခုနှစ်တွင် အကျိုးတော်ဆောင်ဖြစ်သွားသော မကွေးဆရာတော်၏<br>တွဲဖက်အကျိုးတော်ဆောင်နေရာ၌ အစားထိုးသည်။ | | |
| ၇။ | ဦးတိက္ခသာရ | (တောင်ငူ) | အဖွဲ့ဝင် |
| ၈။ | ဦးခန္တီ | (စစ်တွေ)(မြို့မကျောင်း) | ။ |
| ၉။ | ဦးကဝိန္ဒာစာရ | (လားရှိုး) | ။ |
| ၁၀။ | ဦးသောဘိတ | (ပင်လုံ) | ။ |
| ၁၁။ | ဦးဉာဏဝံသ | (တိုက်ကြီး) | ။ |
| ၁၂။ | ဦးသူရိယ | (ပခုက္ကူ၊ အလယ်တိုက်) | |
| ၁၃။ | ဦးဂုဏ | (နှီးပဒေါ်မုဒုံမြို့) | ။ |
| ၁၄။ | ဦးစန္ဒောဘာသ | (ရွှေတောင်ကျောင်း။ ပဲခူးမြို့) | ။ |
| ၁၅။ | ဦးပညိန္ဒ | (တမူး) | ။ |

**နောက်ဆက်တွဲ "င"အဆက်**

တတိယအကြိမ်

ဒုတိယအဖွဲ့ခွဲ

| | | | |
|---|---|---|---|
| ၁။ | ဦးခမာဝုစ | (မဟာဒွါရ) | ဒုတိယဥက္ကဋ္ဌ |
| ၂။ | ဦးသုပညိန္ဒာဘိဝံသ | (ရွှေကျင်) (ရွှေကူ ၊ဦးဇဝန နေရာ) | ဒုတိယဥက္ကဋ္ဌ |
| ၃။ | ဦးပညာဝံသ | (သထုံဝံသ) | တွဲဖက်အကျိုးတော်ဆောင် |
| ၄။ | ရွှေဦးကုမာရ | (၁၉၉၂-ခုနှစ်၊ ပျံလွန်၍ စိန်မမ ဦးသူရိယဘိဝံသ အဖွဲ့ဝင်ဖြစ်လာသည်။) | တွဲဖက်အကျိုးတော်ဆောင် |
| ၅။ | ဦးကေသရ | (သရက်) (ရွှေဦးကုမာရနေရာ၌ ၁၉၉၃-တွဲဖက်အကျိုးတော်ဆောင်ဖြစ်လာသည်)။ | အဖွဲ့ဝင် |
| ၆။ | ဦးတိလောက | (ရွှေကျင်၊ဗဟို) | ။ |
| ၇။ | ဦးစန္ဒိမာ | (ပုဗ္ဗာရုံကျောင်း၊ရွှေကျင်) | ။ |
| ၈။ | ဦးဝိလာသာဘိဝံသ | (ညောင်ရွှေ) | ။ |
| ၉။ | ဦးကုသလ | (ပေါင်မြို့) | ။ |
| ၁၀။ | ဦးစန္ဒောဘာသ | (ဖားကျ) | ။ |
| ၁၁။ | ဦးသုစိတ္တိက | (မူလဒွါရ) | ။ |
| ၁၂။ | ဦးဝိမလာဘိဝံသ | (ပခန်း)(ရွှေဘို) | ။ |
| ၁၃။ | ဦးအာစာရ | (ဝန်းသို၊ မန်ကျိုးကုန်းကျောင်း) | ။ |
| ၁၄။ | ဦးသီလဝံသ | (မြစ်ကြီးနား)(ရွှေကူ ဦးဇဝနအစား) | ။ |
| ၁၅။ | ဦးမေဓိယာဘိဝံသ | ( နယားကျောင်း ) | ။ |

တတိယအကြိမ်

(•)တိယအဖွဲ့ခွဲ

| | | | |
|---|---|---|---|
| ၁။ | ဦးဉာဏာဘိဝံသ | (ဝါးတန်းစာချကျောင်း) | ဒုတိယဥက္ကဋ္ဌ |
| ၂။ | ဦးကုသလသာမိ | (မော်ကျွန်း)(ဖျာပုံဦးအရိယာဘိဝံသအစား) | ဒုတိယဥက္ကဋ္ဌ |
| ၃။ | ဦးဝဏ္ဏသိရီ | (သန်လျင်) | တွဲဖက်အကျိုးတော်ဆောင် |

၁၉၉၄-ခုနှစ်၊ အကျိုးတော်ဆောင်ဖြစ်သွား၍ ဦးဥေ ယျ (တွံတေး) အဖွဲ့ဝင်ဖြစ်လာသည်။

\- ဦးဩသဓာဘိဝံသ (ညောင်တုန်း) (တွဲဖက်အကျိုးတော်ဆောင်)ဖြစ်လာသည်။)

| | | | |
|---|---|---|---|
| ၄။ | ဦးလာဘသာမိ | (ဟသ်ာတ) | တွဲဖက်အကျိုးတော်ဆောင် |
| ၅။ | ဦးသိရိန္ဒာဘိဝံသ | (မစိုးရိမ်တိုက်သစ်) | အဖွဲ့ဝင် |
| ၆။ | ဦးအာစိဏ္ဏာဘိဝံသ | (ထားဝယ်) | ။ |

| | | | |
|---|---|---|---|
| ၇။ | ဦးဩဘာသာဘိဝံသ | (ညောင်တုန်း) | အဖွဲ့ဝင် |
| ၈။ | ဦးသာဂရ | (စစ်ကိုင်း) | ״ |
| ၉။ | ဦးက္ကန္ဒောဘာသ | (ရေကြည်မင်္ဂလာ) | ״ |
| ၁၀။ | ဦးသုန္ဒရ | (စမ်းချောင်း ဝေဠုဝန်) | ״ |
| ၁၁။ | ဦးနရိန္ဒာစာရ | (ကြို့ပင်ကောက်)(ဦးဥတ္တရာဘိဝံသအစား) | ״ |
| ၁၂။ | ဦးအရိယာဘိဝံသ | (နန္ဒိသေန)(ရွှေသင်း ဦးဝိစာရအစား) | ״ |
| ၁၃။ | ဦးကောဝိဒ | (ပျော်ဘွယ်)(တပ်ကုန်းဦးသုမနအစား) | ״ |
| ၁၄။ | ဦးကောသလ္လ | (ပဋ္ဌနိကာယ)(တွံတေး ဦးနန္ဒဝံသအစား) | ״ |
| ၁၅။ | ဦးဇာဂရာဘိဝံသ | (ကလေးဝ) (ဦးဥဇ္ဇောတအစား) | ״ |

**ပူးတွဲ "စ"**

## စတုတ္ထအကြိမ်
## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
## (၁၉၉၅–ခုနှစ်မှ ၂၀၀၁–ခုနှစ်ထိ)

| | | |
|---|---|---|
| ၁။ | ဦးသောဘိတ | ဥက္ကဋ္ဌ |
| ၂။ | ဦးကုမာရ | အကျိုးတော်ဆောင် |

ပထမအဖွဲ့ခွဲ

| | | | |
|---|---|---|---|
| ၁။ | ဦးကိတ္တိ | (စလင်း) (၁၉၉၇-ခုနှစ်၊ပျံလွန်) | ဒုတိယဥက္ကဋ္ဌ |
| ၂။ | ဦးပညိန္ဒာဘိဝံသ | (အောင်မြေဘုံစံ) | ဒုတိယဥက္ကဋ္ဌ |
| ၃။ | ဦးစန္ဒိမာ | (မိတ္ထီလာ) | တွဲဖက်အကျိုးတော်ဆောင် |
| ၄။ | ဦးပညာသီဟ | (ပြင်ဦးလွင်)(၁၉၉၉-ခုနှစ်၊ပျံလွန်) | တွဲဖက်အကျိုးတော်ဆောင် |
| ၅။ | ဦးတိက္ခသာရ | (တောင်ငူ) | အဖွဲ့ဝင် |

(၁၉၉၇-ခုနှစ်၌ စလင်းဆရာတော် ပျံလွန်၍ တောင်ငူဦးတိက္ခသာရ ဒုတိယဥက္ကဋ္ဌဖြစ်လာသည်။)

| | | | |
|---|---|---|---|
| ၆။ | ဦးကုဏ္ဍလဇောတိ | (ပြည်/ဇောတိကာရုံ) | ״ |

(၁၉၉၉-ခုနှစ်၌ ဦးပညာသီဟ ပျံလွန်၍ တွဲဖက်အကျိုးတော်ဆောင်ဖြစ်လာသည်။)

| | | | |
|---|---|---|---|
| ၇။ | ဦးကဝိန္ဒာစာရ | (လားရှိုး) | ״ |
| ၈။ | ဦးသာသန | (ပန်းလှိုင်/ပဲခူး) | ״ |
| ၉။ | ဦးဝိစာရ | (ပခုက္ကူ/အလယ်တိုက်)(ဦးသူရိယ နေရာ) | ״ |
| ၁၀။ | ဦးကိတ္တိ | (ဇေယျာလင်္ကာရ/မြင်းခြံ) | ״ |

**နောက်ဆက်တွဲ "စ" အဆက်**

| | | |
|---|---|---|
| ၁၁။ ဦးဂုဏ | (နှီးပဒေါ)(မုဒုံ) | အဖွဲ့ဝင် |
| ၁၂။ ဦးခန္တီ | (စစ်တွေ/မြို့မ) | ။ |

(ဦးခန္တီပျံလွန်၍ ၂၀၀၁-ခုနှစ်တွင် ဦးရေဝတကိုရွေးချယ်သည်။)

| | | |
|---|---|---|
| ၁၃။ ဦးသိရိန္ဒာဘိဝံသ | (လှည်းကူး)(တိုက်ကြီး ဦးဉာဏဝံသအစား) | ။ |
| ၁၄။ ဦးသောဘိတ | (ပင်လုံ) | ။ |
| ၁၅။ ဦးပညိန္ဒ | (တမူး) | ။ |

( ၁၉၉၇-ခုနှစ်တွင် စလင်းဦးကိတ္တိပျံလွန်တော်မူရာ၌ အဖွဲ့ဝင်အဖြစ် ဆင်ဖြူကျွန်း ဦးကဝိဓဇကို အစားထိုးရွေးချယ်သည်။)

(၁၉၉၉-ခုနှစ်၊ ပြင်ဦးလွင် ဦးပညာသီဟ ပျံလွန်တော်မူရာ၌ မိုးကုတ် ဦးသုနန္ဒကို အဖွဲ့ဝင်အဖြစ် အစားထိုးရွေးချယ်ခဲ့ပါသည်။)

ဒုတိယအဖွဲ့ခွဲ

| | | |
|---|---|---|
| ၁။ ဦးခမာဝုဓ | (ဟင်္သာတ) | ဒုတိယဥက္ကဋ္ဌ |
| ၂။ ဦးသူရိယာဘိဝံသ | (စိန်မမ) | ဒုတိယဥက္ကဋ္ဌ |
| ၃။ ဦးကေသရ | (သရက်) | တွဲဖက်အကျိုးတော်ဆောင် |
| ၄။ ဦးကောဏ္ဍည | (ရွှေကျင်) | တွဲဖက်အကျိုးတော်ဆောင် |
| ၅။ ဦးအဂ္ဂဉာဏာဘိဝံသ | (ရွှေကျင်) (၁၉၉၆-ခုနှစ်၌ ဦးကောဏ္ဍည | အဖွဲ့ဝင် |

ပျံလွန်၍ ဦးအဂ္ဂဉာဏာဘိဝံသ တွဲဖက်အကျိုးတော်ဆောင် ဖြစ်လာသည်။)

| | | |
|---|---|---|
| ၆။ ဦးသီလဝံသ | (မြစ်ကြီးနား) | ။ |
| ၇။ ဦးစန္ဒောဘာသ | (ဖားကျ/ကော့ကရိတ်) | ။ |
| ၈။ ဦးဝိမလာဘိဝံသ | (ရွှေဘို/ပခန်း) | ။ |
| ၉။ ဦးအာစာရ | (ဝန်းသို၊ မန်ကျီးကုန်းကျောင်း) | ။ |
| ၁၀။ ဦးအာဒိစ္စဝံသ | (ဆားလင်းကြီး-ရွှေကျင်) | ။ |
| ၁၁။ ဦးဂါရဝ | (မုံရွာ) | ။ |
| ၁၂။ ဦးတေဇနိယ | (ရေနံချောင်း) | ။ |

(မကွေးဆရာတော် အကျိုးတော်ဆောင်ဖြစ်သွား၍ ဦးတေဇနိယ ကိုအဖွဲ့ဝင်အဖြစ် အစားထိုးသည်။)

| | | |
|---|---|---|
| ၁၃။ ဦးခန္တီစာရ | (သထုံ) | ။ |

**နောက်ဆက်တွဲ "စ" အဆုံး**

| | | | |
|---|---|---|---|
| ၁၄။ | ဦးဝိလာသာဘိဝံသ | (ညောင်ရွှေ) | အဖွဲ့ဝင် |
| ၁၅။ | ဦးသုစိတ္တိက | (အင်ပူ/မူလဒ္ဒါရ) | ။ |

(၁၉၉၆-ခုနှစ်တွင် ဦးကောဏ္ဍည ပျံလွန်တော်မူရာ၌ ပဲခူးသာသနာ့မဏ္ဍိုင် ဦးပညာသီဟကို အဖွဲ့ဝင်ဖြစ် တင်မြှောက်သည်။)

တတိယအဖွဲ့ခွဲ

| | | | |
|---|---|---|---|
| ၁။ | ဦးကုသလသာမိ | (မော်ကျွန်း) | ဒုတိယဥက္ကဋ္ဌ |
| ၂။ | ဦးဉာဏာဘိဝံသ | (ဝါးတန်း) | ဒုတိယဥက္ကဋ္ဌ |
| ၃။ | ဦးလာဘသာမိ | (ဟသ်ာတ) | တွဲဖက်အကျိုးတော်ဆောင် |
| ၄။ | ဦးဩဘာသဘိဝံသ | (ညောင်တုန်း) | တွဲဖက်အကျိုးတော်ဆောင် |
| ၅။ | ဦးသိရိန္ဒာဘိဝံသ | (မစိုးရိမ်တိုက်သစ်) | အဖွဲ့ဝင် |

(၁၉၉၆-ခုနှစ်၌ဝါးတန်းစာချကျောင်း ဦးဉာဏဝံသ ပျံလွန်ရာ၌ ဒုတိယဥက္ကဋ္ဌဖြစ်လာသည်။)

| | | | |
|---|---|---|---|
| ၆။ | ဦးအာစိဏ္ဏာဘိဝံသ | (ထားဝယ်) | အဖွဲ့ဝင် |

(၁၉၉၇-ခုနှစ်၌ မော်ကျွန်း ဦးကုသလသာမိ ပျံလွန်ရာတွင် ဒုတိယဥက္ကဋ္ဌဖြစ်လာသည်။)

| | | | |
|---|---|---|---|
| ၇။ | ဦးသာဂရ | (စစ်ကိုင်း) | ။ |
| ၈။ | ဦးနရိန္ဒာစာရ | (ကြို့ပင်ကောက်) | ။ |
| ၉။ | ဦးအရိယာဘိဝံသ | (နန္ဒိသေန) | ။ |
| ၁၀။ | ဦးစန္ဒသိရီ | (တပ်ကုန်း)(ပျော်ဘွယ်ဦးကောဝိဒအစား) | ။ |
| ၁၁။ | ဦးရေဝတ | (ငွေကြာရံ)(ပဥ္စနိကာယအစား) | ။ |
| ၁၂။ | ဦးဇာဂရာဘိဝံသ | (ကလေးဝ) | ။ |
| ၁၃။ | ဦးဥ ယျမွေ | (တွံတေး) | ။ |
| ၁၄။ | ဦးဝိသုတ | (ပုသိမ်)(ရေကြည်မင်္ဂလာအစား) | ။ |
| ၁၅။ | ဦးဣန္ဒဝံသာဘိဝံသ | (ဝဥ္ဇုဝန်) | ။ |

(ဦးဉာဏာဘိဝံသ ပျံလွန်တော်မူသောအခါ (မဟာန) အဖွဲ့ဝင် တစ်နေရာလစ်လပ်၍ ချမ်းသာကြီး ဦးဇောတိကာဘိဝံသ ရွေးချယ်ခံရသည်။ မော်ကျွန်း ဦးကုသလသာမိ ပျံလွန်၍ အဖွဲ့ဝင် တစ်နေရာ လစ်လပ်သည့်အတွက် ဝါးခယ်မ ဦးပဏ္ဍာဝံသ ရွေးချယ်ခံ ရသည်။)

နောက်ဆက်တွဲ"ဆ"

ပဥ္စမအကြိမ်

၂၀၀၁-ခုနှစ်တွင် စတုတ္ထအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ သက်တမ်း (၆) နှစ်ပြည့်၍ သုဓမ္မာဂိုဏ်းဆိုင်ရာ နိုင်ငံတော် သံဃမဟာနာယကဆရာတော် (၄၁) ပါးရှိသည့်အနက် လေးပုံတစ်ပုံ (သို့မဟုတ်) ၂၅-% လျှော့ပေါ့ရမည်ဖြစ်သဖြင့် ပျံလွန်တော်မူသော ဆရာတော်များနှင့် မိမိဆန္ဒအလျောက် အနားယူသည့် ဆရာတော်များ (၁၁)ပါးရှိသဖြင့် လျှို့ဝှက်ဆန္ဒမဲ ခံယူရန် မလိုတော့ဘဲ အစားထိုးရွေးချယ် တင်မြှောက်မှု ပြုလုပ်ခဲ့ကြပါသည်။

(၁) မော်လမြိုင် စိန်မမဆရာတော် ဦးသူရိယ အနားယူ၍ နတ်မှော်ကျောင်း ဦးသုမနကို ရွေးချယ်သည်။
(၂) ဟင်္သာတဦးလာဘသာမိ အနားယူ၍ အဂ်ပူဦးရေဝတကို ရွေးချယ်သည်။
(၃) တောင်ငူ ဦးတိက္ခသာရ (ဒုတိယဥက္ကဋ္ဌ) ပျံလွန်၍ တောင်ငူဦးခန္တီသာရ အဖွဲ့ဝင်ဖြစ်သည်။ (ဒုတိယဥက္ကဋ္ဌနေရာ၌ လားရှိုး ဦးကဝိန္ဒဖြစ်လာသည်။)
(၄) နှီးပဒေါ ဦးဂုဏ ပျံလွန်တော်မူ၍ ရေး ဦးဣန္ဒသိရီကို ရွေးချယ်သည်။
(၅) တမူး ဦးပညိန္ဒ အနားယူ၍ မင်းကင်းဦးတိလောကကို ရွေးချယ်သည်။
(၆) သထုံ ဦးခန္တီစာရ အနားယူ၍ လယ်ဝန်ဆရာတော်ဦးသိရိန္ဒကို ရွေးချယ်သည်။
(၇) ဝန်းသို ဦးအာစာရ အနားယူ၍ ဒွိပိဋကရေ ကသာ ဦးနိမလကို ရွေးချယ်သည်။
(၈) ဖားကျ ဦးစန္ဒောဘာသ အနားယူ၍ ဘားအံ ဦးဇာနေယျကို ရွေးချယ်သည်။
(၉) တွံတေး ဦးဥေ ယျအနားယူ၍ ခရမ်းကိုင်းကုန်း ဦးဇောတိကကို ရွေးချယ်သည်။
(၁၀) ညောင်ရွှေ ဦးဝိလာသ အနားယူ၍ ရွှေဘုံသာ ဦးဝေပုလ္လကို ရွေးချယ်သည်။
(၁၁) စစ်တွေ ဦးခန္တီအစား ကျောက်တော် ဦးရေဝတကို ရွေးချယ်သည်။

သီးခြားဂိုဏ်းများမှ ဦးခမာဝုဓအစား ကျိုက်ပိ ဦးဂုဏောသန၊ မူလ ဒွါရဂိုဏ်းမှ ဦးသုစိတ္တိက အစား မင်းပြား ဦးသုဇာတ၊ ရွှေကျင်ဂိုဏ်းမှ ဦးဝိစာရိန္ဒာဘိဝံသ၊ ဦးမာနိတာဘိဝံသနှင့် ဦးသုမင်္ဂလတို့ကို တင်မြှောက်သည်။ ဝေဠုဝန်ဂိုဏ်းမှ မဲဇလီကုန်း ဦးဇောတိဿရ ဦးအဂ္ဂဝံသကို ရွေးချယ်သည်။ သရက်ဦးကေသရသည် အနားယူသွားသော စိန်မမဆရာတော်နေရာ၌ ဒုတိယဥက္ကဋ္ဌဖြစ်လာသည်။ သရက်ဆရာတော်၏ တွဲဖက်အကျိုးတော်ဆောင်နေရာ၌ ရေနံချောင်း ဦးတေဇနိယဖြစ်လာသည်။ ဒုတိယဥက္ကဋ္ဌ ဦးခမာဝုဓ နေရာ၌ မဟာဒွါရဂိုဏ်းမှ ဦးဂုဏောသနကို ဒုတိယဥက္ကဋ္ဌ တင်ရန်ဖြစ်သော်လည်း မြစ်ကြီးနား ဆရာတော် ဦးသီလဝံသ၏ မေတ္တာရပ်ခံချက်အရ ယင်းဦးသီလဝံသအား ဒုတိယဥက္ကဋ္ဌအဖြစ် (၃) နှစ် ရွေးချယ်တင်မြှောက်ကြသည်။ ထို့ကြောင့် စတုတ္ထအကြိမ် နိုင်ငံတော် သံဃမဟာနာယက သက်တမ်းကုန်ဆုံး၍ ပဥ္စမအကြိမ် ပထမ(၃)နှစ် သံဃမဟာနာယကဆရာတော်များ၏ ဘွဲ့အမည်နှင့် တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

နောက်ဆက်တွဲ "ဆ" အဆက်

ပဉ္စမအကြိမ်၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့
(၂၀၀၁-ခုနှစ်မှ ၂၀၀၄-ခုနှစ်အထိ)
ပထမ (၃)နှစ်

| | | |
|---|---|---|
| ၁။ | ဘဒ္ဒန္တသောဘိတ | ဥက္ကဋ္ဌဆရာတော် |
| ၂။ | ဘဒ္ဒန္တကုမာရ (မကွေး) | အကျိုးတော်ဆောင် |

ပထမအဖွဲ့ခွဲ

| | | | |
|---|---|---|---|
| ၁။ | ဦးပညိန္ဒာဘိဝံသ | (အောင်မြေဘုံစံ) | ဒုတိယဥက္ကဋ္ဌ |
| ၂။ | ဦးကဝိန္ဒာစာရ | (လားရှိုး)(ဒုတိယဥက္ကဋ္ဌ ဦးတိက္ခသာရနေရာ) | ဒုတိယဥက္ကဋ္ဌ |
| ၃။ | ဦးစန္ဒိမာ | (မိတ္ထီလာ) | တွဲဖက်အကျိုးတော်ဆောင် |
| ၄။ | ဦးကုဏ္ဍလဇောတိ | (ပြည်) | တွဲဖက်အကျိုးတော်ဆောင် |
| ၅။ | ဦးဝိစာရ | (ပခုက္ကူ၊အလယ်တိုက်) | အဖွဲ့ဝင် |
| ၆။ | ဦးကိတ္တိ | (မြင်းခြံ) | ။ |
| ၇။ | ဦးကဝိဓဇ | (ဆင်ဖြူကျွန်း) | ။ |
| ၈။ | ဦးခန္တီစာရ | (တောင်ငူ)(ဦးတိက္ခသာရနေရာ) | ။ |
| ၉။ | ဦးသုနန္ဒ | (မိုးကုတ်) | ။ |
| ၁၀။ | ဦးသာသန | (ပန်းလှိုင်) | ။ |
| ၁၁။ | ဦးဣန္ဒသိရီ | (ရေး)(နှီးပဒေါ်နေရာ) | ။ |
| ၁၂။ | ဦးရေဝတ | (ကျောက်တော်)(မြို့မ၊ ဦးခန္တီနေရာ) | ။ |
| ၁၃။ | ဦးသိရိန္ဒာဘိဝံသ | (လှည်းကူး) | ။ |
| ၁၄။ | ဦးသောဘိတ | (ပင်လုံ) | ။ |
| ၁၅။ | ဦးတိလောက | (မင်းကင်း)(တမူး- ဦးပညိန္ဒနေရာ) | ။ |

၂၀၀၂-ခုနှစ်တွင် လားရှိုး ဦးကဝိန္ဒပျံလွန်တော်မူ၍ မိတ္ထီလာ ဦးစန္ဒိမာ ဒုတိယဥက္ကဋ္ဌ ဖြစ်လာသည်။ အဖွဲ့ဝင် တစ်နေရာ၌ မိုးမိတ် ဦးတေဇဝန္တကို ရွေးချယ်သည်။ မြင်းခြံ ဦးကိတ္တိ (တွဲဖက်အကျိုးတော်ဆောင်) ဖြစ်လာသည်။

ဒုတိယအဖွဲ့ခွဲ

| | | | |
|---|---|---|---|
| ၁။ | ဦးသီလဝံသ | (မြစ်ကြီးနား)(ဒုတိယဥက္ကဋ္ဌ ဦးခမာဝုဓနေရာ) | ဒုတိယဥက္ကဋ္ဌ |
| ၂။ | ဦးကေသရ | (သရက်)(ဒုတိယဥက္ကဋ္ဌ စိန်မမနေရာ) | ဒုတိယဥက္ကဋ္ဌ |

**နောက်ဆက်တွဲ "ဆ" အဆုံး**

| | | | |
|---|---|---|---|
| ၃။ | ဦးတေဇနိယ | (ရေနံချောင်း)(သရက်ဦးကေသရနေရာ) | တွဲဖက်အကျိုးတော်ဆောင် |
| ၄။ | ဦးဝိစာရိန္ဒ | (ရွှေကျင်) | တွဲဖက်အကျိုးတော်ဆောင် |
| ၅။ | ဦးမာနိတသိရီဘိဝံသ | (ရွှေကျင်) | အဖွဲ့ဝင် |
| ၆။ | ဦးသုမင်္ဂလ | (တိပိဋကရေ) (ရွှေကျင်) | ။ |
| ၇။ | ဦးသုဇာတ | (မင်းပြား/မူလဒွါရ) | ။ |
| ၈။ | ဦးဂုဏောသန | (မဟာဒွါရ) | ။ |
| ၉။ | ဦးဝိမလာဘိဝံသ | (ပခန်း/ရွှေဘို) | ။ |
| ၁၀။ | ဦးဂါရဝ | (မုံရွာ) | ။ |
| ၁၁။ | ဦးဝေပုလ္လာဘိဝံသ | (ညောင်ရွှေ)(ဦးဝိလာသာဘိဝံသအစား) | ။ |
| ၁၂။ | ဦးသိရိန္ဒ | (လယ်ဝန်)(သထုံ ဦးခန္တီအစား) | ။ |
| ၁၃။ | ဦးနိမလ | (ဒွိပိဋကရေ ကသာ) (ဦးအာစာရ အစား) | ။ |
| ၁၄။ | ဦးဇာနေယျ | (ဘားအံ)(ဦးစန္ဒောဘာသအစား) | ။ |
| ၁၅။ | ဦးသုမန | (နတ်မှော်/မော်လမြိုင်) (စိန်မမအစား) | ။ |

တတိယအဖွဲ့ခွဲ

| | | | |
|---|---|---|---|
| ၁။ | ဦးသိရိန္ဒာဘိဝံသ | (မစိုးရိမ်တိုက်သစ်)(ဒုတိယဥက္ကဋ္ဌဦးဉာဏာဘိဝံသနေရာ) | ဒုတိယဥက္ကဋ္ဌ |
| ၂။ | ဦးအာစိဏ္ဏာဘိဝံသ | (ထားဝယ်)(ဒုတိယဥက္ကဋ္ဌဦးကုသလသာမိနေရာ) | ဒုတိယဥက္ကဋ္ဌ |
| ၃။ | ဦးဩသဓာဘိဝံသ | (ညောင်တုန်း) | တွဲဖက်အကျိုးတော်ဆောင် |
| ၄။ | ဦးဇာဂရာဘိဝံသ | (ကလေးဝ)(ဦးလာဘသာမိနေရာ) | တွဲဖက်အကျိုးတော်ဆောင် |
| ၅။ | ဦးအရိယာဘိဝံသ | (နန္ဒီသေန) | အဖွဲ့ဝင် |
| ၆။ | ဦးစန္ဒသိရီ | (တပ်ကုန်း) | ။ |
| ၇။ | ဦးပဏ္ဏာဝံသ | (ဝါးခယ်မ)(ဦးကုသလသာမိအစား) | ။ |
| ၈။ | ဦးဇောတိက | (ချမ်းသာကြီး)(ဦးဉာဏာဘိဝံသအစား) | ။ |
| ၉။ | ဦးဇောတိက | (ကိုင်းကုန်း)(တွဲတေဦးဥေ ယျအစား) | ။ |
| ၁၀။ | ဦးဝိသုတ | (ပုသိမ်) | ။ |
| ၁၁။ | ဦးဇောတိဿရ | (ဝေဠုဝန်)(မဲဇလီကုန်း) | ။ |
| ၁၂။ | ဦးရေဝတ | (ငွေကြာရံ) | ။ |
| ၁၃။ | ဦးရေဝတ | (အင်္ဂပူ)(ဦးလာဘသာမိအစား) | ။ |
| ၁၄။ | ဦးသာဂရ | (စစ်ကိုင်း) | ။ |
| ၁၅။ | ဦးနရိန္ဒာစာရ | (ကြို့ပင်ကောက်) | ။ |

**နောက်ဆက်တွဲ "င"**

ပဥ္စမအကြိမ်၊ ဒုတိယ (၃)နှစ်

ထို့နောက် ၂၀၀၄-ခုနှစ်၌ ပဥ္စမအကြိမ် သံဃာ့အဖွဲ့အစည်း သက်တမ်းအတွင်း၌ ဒုတိယအကြိမ် (၃) နှစ်ပြည့်သဖြင့် (၁၀) ပါး လျှော့ရန်ရှိသော်လည်း ဥက္ကဋ္ဌဆရာတော်ကြီးအား ခြွင်းချက်ပြုခြင်းကြောင့် (၉)ပါးသာ လျှော့ပေါ့ရန် ရှိပါသည်။ အောက်ဖော်ပြပါ ဆရာတော်များ ပျံလွန်တော်မူခြင်း၊ အနားယူခြင်းဖြင့် (၁၀)ပါး ပြည့်မြောက်ခဲ့ရာ လျှို့ဝှက်ဆန္ဒရယူရန် မလိုဘဲ၊ အစားထိုးရွေးချယ်တင်မြှောက်ခြင်းများ ပြုလုပ်ခဲ့ပါသည်။

၁။ လားရှိုးဆရာတော် ပျံလွန်တော်မူ၍ ၂၀၀၃-ခုနှစ်တွင် မိုးမိတ် ဦးတေဇဝန္တကို အဖွဲ့ဝင်အဖြစ် အစားထိုး ခဲ့ပါသည်။ လားရှိုး ဆရာတော် ပျံလွန်တော်မူသည့်အတွက် ယင်း၏ ဒုတိယဥက္ကဋ္ဌနေရာ၌ မိတ္ထီလာ ဦးစန္ဒိမာကို တင်မြှောက်ခဲ့ပါသည်။ မိတ္ထီလာဆရာတော် ဦးစန္ဒိမာ၏ တွဲဖက် အကျိုးတော်ဆောင်နေရာ၌ မြင်းခြံဦးကိတ္တိကို တင်မြှောက်ခဲ့ပါသည်။ တဖန် မိတ္ထီလာ ဦးစန္ဒိမာသည် (၃) နှစ် သက်တမ်းမပြည့်မီ ပျံလွန်ခဲ့သဖြင့် ယင်း၏ ဒုတိယဥက္ကဋ္ဌနေရာ၌ ပြည် ဦးကုဏ္ဍလဇောတိကို တင်မြှောက်ခဲ့ပါသည်။
ဦးကုဏ္ဍလဇောတိ၏ တွဲဖက်အကျိုးဆောင်နေရာ၌ ပခုက္ကူ ဦးဝိစာရကို တင်မြှောက်ခဲ့ပါသည်။

၂။ မိတ္ထီလာ ဦးစန္ဒိမာပျံလွန်၍ အဖွဲ့ဝင်တစ်နေရာ၌ မိတ္ထီလာ/ရွှေဘုံသာ ဦးဝိဇ္ဇောဒယကို တင်မြှောက်ခဲ့ပါသည်။

၃။ ပဲခူး ပန်းလှိုင်ဦးသာသန အနားယူရာ၌ မြို့မ ဦးဂန္ဓမာကို ရွေးချယ်တင်မြှောက်ခဲ့ပါသည်။

၄။ ဦးသုနန္ဒအနားယူရာ၌ တံတားဦး ဦးဝိလာသဂ္ဂကို ရွေးချယ်တင်မြှောက်ခဲ့ပါသည်။

၅။ လှည်းကူး ဦးသိရိန္ဒာဘိဝံသ အနားယူရာ၌ အင်းစိန် ရွာမ ဦးတိလောကာဘိဝံသကို ရွေးချယ်ခဲ့ပါသည်။

၆။ ဆင်ဖြူကျွန်း ဦးကဝိဓဇ အနားယူရာ၌ ငဖဲ ဦးသုမင်္ဂလကို ရွေးချယ်ခဲ့ပါသည်။

၇။ စစ်ကိုင်း ဦးသာဂရ ပျံလွန်တော်မူသည့်အတွက် စစ်ကိုင်း ဇေယျသိန် ဦးပညာသိရီကို ရွေးချယ်ခဲ့ပါသည်။

၈။ မြစ်ကြီးနား ဦးသီလဝံသ အနားယူရာ၌ မိုးညှင်း ဦးစန္ဒိမာကို ရွေးချယ်တင်မြှောက်ခဲ့ပါသည်။ ဦးသီလဝံသ အနားယူသွား၍ ယင်း၏ ဒုတိယဥက္ကဋ္ဌနေရာ၌ မဟာဒွါရ ဦးဂုဏောသနကို ဒုတိယဥက္ကဋ္ဌအဖြစ် တင်မြှောက်ခဲ့ပါသည်။

မှတ်ချက်။ ။ ကျောက်တော် ဦးရေဝတသည် ကတိကဝတ်အရ အနားယူသွားရာ ကျောက်ဖြူ ဦးပညာဝံသကို ရွေးချယ်ခဲ့ပါသည်။

၉။ မစိုးရိမ်တိုက်သစ် ဦးသိရိန္ဒာဘိဝံသပျံလွန်၍ မစိုးရိမ်တိုက် ဦးတေဇောဘာသာဘိဝံသကို ရွေးချယ်သည်။ ဦးသိရိန္ဒာဘိဝံသ၏ ဒုတိယဥက္ကဋ္ဌနေရာ၌ နန္ဒီသေနဆရာတော် ဦးအရိယာဘိဝံသကို တင်မြှောက်ခဲ့ပါသည်။

**နောက်ဆက်တွဲ"ဇ"အဆက်**

## ပဥ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
## (၂၀၀၄-ခုနှစ်မှ ၂၀၀၇-ခုနှစ်အထိ) (ဒုတိယ ၃-နှစ်)

| | | | |
|---|---|---|---|
| ၁။ | ဦးသောဘိတ | (မြင်းခြံ) | ဥက္ကဋ္ဌဆရာတော် |
| | ဦးကုမာရ | (မကွေး) | ဥက္ကဋ္ဌဆရာတော် |
| | (၂၀၀၄-ခုနှစ်ဥက္ကဋ္ဌဆရာတော် ဦးသောဘိတပျံလွန်တော်မူသဖြင့် မကွေးဆရာတော် ဦးကုမာရကို ဥက္ကဋ္ဌအဖြစ်တင်မြှောက်သည်) | | |
| ၂။ | ဦးဩဘာသာဘိဝံသ | (ညောင်တုန်း) | အကျိုးတော်ဆောင် |

ပထမအဖွဲ့ခွဲ

| | | | |
|---|---|---|---|
| ၁။ | ဦးပညိန္ဒာဘိဝံသ | (အောင်မြေဘုံစံ) | ဒုတိယဥက္ကဋ္ဌ |
| ၂။ | ဦးကုဏ္ဍလဇောတိ | (ပြည်/ဇောတိကာရုံ) | ဒုတိယဥက္ကဋ္ဌ |
| ၃။ | ဦးကိတ္တိ | (မြင်းခြံ) | တွဲဖက်အကျိုးတော်ဆောင် |
| ၄။ | ဦးဝိစာရ | (ပခုက္ကူ/မဟာဝိသုတာရာမ) | တွဲဖက်အကျိုးတော်ဆောင် |
| ၅။ | ဦးသောဘိတ | (ပင်လုံ) | အဖွဲ့ဝင် |
| ၆။ | ဦးတေဇဝန္တ | (မိုးမိတ်) (ဦးကဝိန္ဒာစာရနေရာ) | ။ |
| ၇။ | ဦးခန္တီသာရ | (တောင်ငူ) | ။ |
| ၈။ | ဦးဂန္ဓမာ | (ပဲခူး/မြို့မ)(ပန်းလှိုင်ဦးသာသနနေရာ) | ။ |
| ၉။ | ဦးတိလောက | (မင်းကင်း) | ။ |
| ၁၀။ | ဦးဝိလာသဂ္ဂ | (တံတားဦး) (ဦးသုနန္ဒနေရာ) | ။ |
| ၁၁။ | ဦးတိလောကာဘိဝံသ | (အင်းစိန်၊ ရွာမ)(လှည်းကူး ဦးသိရိန္ဒာဘိဝံသနေရာ) | ။ |
| ၁၂။ | ဦးသုမင်္ဂလ | (ငဖဲ) (ဦးကဝိဓဇနေရာ) | ။ |
| ၁၃။ | ဦးဝိဇ္ဇောဒယ | (မိတ္ထီလာ) (ဦးစန္ဒိမာနေရာ) | ။ |
| ၁၄။ | ဦးပညာဝံသ | (ကျောက်ဖြူ) (ဦးရေဝတနေရာ) | ။ |
| ၁၅။ | ဦးကုန္ဒသိရီ | (ရေး) | ။ |

ဒုတိယအဖွဲ့ခွဲ

| | | | |
|---|---|---|---|
| ၁။ | ဦးကေသရ | (သရက်) | ဒုတိယဥက္ကဋ္ဌ |
| ၂။ | ဦးဂုဏောသန | (ကျိုက်ပိ)(မဟာဒွါရ) | ဒုတိယဥက္ကဋ္ဌ |
| ၃။ | ဦးတေဇနိယ | (ရေနံချောင်း) | တွဲဖက်အကျိုးတော်ဆောင် |
| ၄။ | ဦးဝိစာရိန္ဒာဘိဝံသ | (ဝိဇိတာရုံ)(ရွှေကျင်) | တွဲဖက်အကျိုးတော်ဆောင် |
| ၅။ | ဦးဝိမလာဘိဝံသ | (ပခန်း) | အဖွဲ့ဝင် |
| ၆။ | ဦးသိရိန္ဒ | (သထုံ/လယ်ဝန်) | ။ |

**နောက်ဆက်တွဲ "ဇ" အဆက်**

| | | | |
|---|---|---|---|
| ၇။ | ဦးဂါရဝ | (မုံရွာ) | ॥ |
| ၈။ | ဦးဝေပုလ္လာဘိဝံသ | (ညောင်ရွှေ) | ॥ |
| ၉။ | ဦးမာနိတသိရီဘိဝံသ | (ဝိသုဒ္ဓါရုံ) (ရွှေကျင်) | ॥ |
| ၁၀။ | ဦးသုမန | (နတ်မှော်) | ॥ |
| ၁၁။ | ဦးစန္ဒိမာ | (မိုးညှင်း)(ဦးသီလဝံသနေရာ) | ॥ |
| ၁၂။ | ဦးနိမလ | (ကသာ) (ဒွိပိဋကစရ) | ॥ |
| ၁၃။ | ဦးသုဓမ္မိဿရ | (ရေကြည်)(မူလဒွါရ) | ॥ |
| ၁၄။ | ဦးပဏ္ဍိတာဘိဝံသ | (မဟာဗောဓိ)(ရွှေကျင်) | ॥ |
| ၁၅။ | ဦးဇာနေယျ | (ဘားအံ) | ॥ |

တတိယအဖွဲ့ခွဲ

| | | | |
|---|---|---|---|
| ၁။ | ဦးအာစိဏ္ဏာဘိဝံသ | (ထားဝယ်) | ဒုတိယဥက္ကဋ္ဌ |
| ၂။ | ဦးအရိယာဘိဝံသ | (နန္ဒိသေန) | ဒုတိယဥက္ကဋ္ဌ |
| ၃။ | ဦးဇာဂရာဘိဝံသ | (ကလေးဝတောရ) | တွဲဖက်အကျိုးတော်ဆောင် |
| ၄။ | ဦးစန္ဒသိရီ | (တပ်ကုန်း) | တွဲဖက်အကျိုးတော်ဆောင် |
| ၅။ | ဦးနရိန္ဒာစာရ | (ကြို့ပင်ကောက်) | အဖွဲ့ဝင် |
| ၆။ | ဦးတေဇောဘာသာဘိဝံသ | (မစိုးရိမ်)(ဦးသိရိန္ဒာဘိဝံသနေရာ) | ॥ |
| ၇။ | ဦးပဏ္ဏဝံသ | (ဝါးခယ်မ) | ॥ |
| ၈။ | ဦးရေဝတ | (ငွေကြာရံ) | ॥ |
| ၉။ | ဦးအဂ္ဂဝံသ | (ဝေဠုဝန်) | ॥ |
| ၁၀။ | ဦးရေဝတ | (အင်ပူ) | ॥ |
| ၁၁။ | ဦးပညာသိရီ | (ဇေယျသိန်/စစ်ကိုင်း)(ဦးသာဂရနေရာ) | ॥ |
| ၁၂။ | ဦးဇောတိကာဘိဝံသ | (ချမ်းသာကြီး/အောင်မြေသာစံ) | ॥ |
| ၁၃။ | ဦးဝိဿုတ | (ပုသိမ်) | ॥ |
| ၁၄။ | ဦးဇောတိက | (ကိုင်းကုန်း/ခရမ်း) | ॥ |
| ၁၅။ | ဦးဝေပုလ္လ | (ဖျာပုံ)(ညောင်တုန်းဦးဩဿဓာဘိဝံသနေရာ) | ॥ |

မှတ်ချက်။ ။ တွဲဖက်အကျိုးတော်ဆောင် ဦးဩဿဓာဘိဝံသသည် အကျိုးတော်ဆောင်တင်မြှောက်ခြင်း ခံရသည်။ ယင်းနေရာအတွက် တပ်ကုန်းဆရာတော် ဦးစန္ဒသိရီ တွဲဖက်အကျိုးတော်ဆောင်အဖြစ် တင်မြှောက်သည်။

၁၀။ ညောင်တုန်းဆရာတော်၏ မဟာနာယကတစ်နေရာအတွက် ဖျာပုံ ဦးဝေပုလ္လကို အဖွဲ့ဝင်အဖြစ် ရွေးချယ်သည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏

# ငွေရတုသဘင်

မောင်မောင်တင်အေး (ပခုက္ကူ)

* နိုင် – အောင်ပြိုင်မှ နိုင်ရအစဉ်
ငံ – တာဖယ်ရှား ချိုပြားခုံမင်
တော် – ဝင်အမတ မြန်းကြွလိုလျှင်
သံ – သာရ ဝင်မှ လွတ်အောင်ပြင်။

* ဃာ – တ- ရန်ငြိုး ရိုက်ချိုးပါလျှင်
မ – နောကြည်မြ ရွှင်ပြရုပ်သွင်
ဟာ – ဟင် အံ့သြ သာမောဘွယ်ပင်
နာ – ခံမှတ် ဖြတ်ကြ သံယောဇဉ်။

* ယ – သော်အလှ ဖြည့်ရပါရမီ
က – လျာမိတ္တ ပြည့်ဝဂုဏ်ရည်
အ – လောင်းသိဒ္ဓိ ဗုဒ္ဓဖြစ်ပြီ
ဖွဲ့ – နှောင်ဝဋ် ကင်းလွတ်သွားပေသည်။

* ငွေ – ရောင်ပဝင်း လမင်းသာပြီ
ရ – လာဘဝ ဖြည့်ကြပါရမီ
တု – မဲ့ဗုဒ္ဓ ပုတ္တ စုံညီ
သဘင် - ပွဲ ဆင်နွှဲ ခြိမ့်ခြိမ့်စည်။ ။

မှတ်ချက်။ ။ (ငံ) - မကောင်းမှု (ချို) - ကောင်းမှု

# သမိုင်းတင်ဖွေရတုပွဲ (တျာချင်း)

မှုပွါးဦးဇေလွင်

၁။ ပရိယတ္တိ တတ်သိမှ သာသနာတော်ဝင်
ဗုဒ္ဓသာသနာ အရှည်ခံ့ တည်တံ့နိုင်ကြောင်းပင်
ပရိယတ္တိတည်လျှင် သီးပွင့်သွင် ဘယ်မခြား
ပဋိပတ်, ပဋိဝေ ကျင့်သုံးစေ ဟောခွေမိန့်ကြားသည်တည့်လေး၊

၂။ ပရိယတ္တိအပြား သိထားကြ ခုနောက်နောင်
နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ အာဂုံဆောင်
ကျမ်းတတ်အခေါင် ထွန်းပေါက်အောင် သင်ယူမှုကောင်း
ထိန်းသိမ်းနိုင်ရန် သိရှိရန် ကျမ်းဂန်တတ်သိ ရဟန်းသာမဏေ အပေါင်းတည့်လေး၊

၃။ ပရိယတ်တည်ကြောင်း အပေါင်းငဲ့သံဃာ
သံဂါယနာတည့် ခြောက်ကြိမ်ထိ တင်ပြီးကာ
သာသနာ့ဝန်တာ ဆင့်ဆင့်သာ ထမ်းဆောင်ရွက်
သီလသိက္ခာ စင်ကြယ်စွာ စိတ်မှာ ဦးထိပ်ပန်လျက်တည့်လေး၊

၄။ ဗုဒ္ဓလက်ထက် ဆုံးမခက်ရဟန်းတွေ
ကိုယ်တိုင်ကြပ်မတ် နှိပ်ကွပ်ဆုံးမခဲ့ပလေ
ရှင်ဒေဝဒတ်ထေရ် တစ်ပါးမသွေ သုနက္ခတ်
အရိဋ္ဌမျိုး ရဟန်းဆိုး နှိမ်ချိုး ဗုဒ္ဓရှင်တော်မြတ်တည့်လေး၊

၅။ ရှင်မဟာကဿပ မြတ်ထေရ တံခွန်လူ
မင်းအဇာတသတ် သဒ္ဓါမိတ်ဆင့်ကူ
အာဏာစက် တလူလူ ရှိန်ဝါထူကျင့်သုံး
ပထမသံဂါယနာ အစစ္စာ တင်ကာ ရောင်ဝါ လွှမ်းဖုံးသည်တည့်လေး၊

၆။ မြင့်မြတ်သည့်ဘုန်း ထိပ်ခေါင်ဆုံးအာဏာ
သီရိဓမ္မာအသောက ဗျာဒိတ်ရမင်းလက်ထက်မှာ
မောဂ္ဂလိပုတ္တာ မထေရ်သာဦးဆောင်မှု
ရဟန်းတုပေါင်း ကျော်ခြောက်သောင်း လူပြောင်းသာသနာပြုခဲ့သည်တည့်လေး၊

၇။ အနော်ရထာတိ ပုဂံပြည့်အရှင်မှာ
အရဟံမထေရ်၏ မိန့်တော်တိနာခံကာ
မြတ်သာသနာ ခွန့်ရှည်စွာတည်စေမှု
အရည်းကြီးမျိုး ရဟန်းဆိုး နှိမ်ချိုးသာသနာပြုခဲ့သည်တည့်လေး၊

၈။ လူနှင့်ရောပြွမ်း ရဟန်းများစွာလျှင်
ပိုင်ဆိုင်ခွင့်ငြင်းကြ ကျင့်သီလကင်းစင်
သိက္ခာလဲမတင် သိမ်မှာလျှင်မဝင်ဘဲ
သာသနာ့ဘောင် ရဟန်းယောင် ဆောင်ကာသားမယားတွဲသည်တည့်လေး။

၉။ ဤအချက်ပဲ စွဲမြဲဆင်ခြင်
သာသနာသန့်ရှင်း စေချင်ရင်းစိတ်မှာထင်
ဂိုဏ်းပေါင်းစုံလင် ထေရ်များလျှင်ခြောက်ဆယ့်ခြောက်
သံဃာ့ဝန်ဆောင် ရွေးချယ်ဆောင် ထိပ်ခေါင်မထေရ်တင်မြှောက်သည်တည့်လေး၊

၁၀။ ထိပ်ခေါင်တင်မြှောက် စောင့်ရှောက်သာသနာ
(၂၅)နှစ် ရောက်လှစ်သည့်ချိန်ခုခါ
ထေရ်များစွာ ပေါင်းစုကာငြိမ့်ငြိမ့်သဲ
ဂိုဏ်းပေါင်းစုံလင် ထေရ်ဘုန်းရှင် သမိုင်းတင် ငွေရတုပွဲတည့်လေး၊

- ဆင်နွဲနှစ်မှာ နှစ်ထောင့်ငါး ဇူလိုင်ဖြစ်တော့သည်
- နှစ်မြတ်သာသနာ နှစ်ထောင့်ငါးရာလေးဆယ့်ကိုး အတည်။ ။

ပုပ္ပါးဦးဝေလွင်

# ငွေရတု ဇေယျမင်္ဂလာ အောင်ဩဘာ

ဦးသူရ (ကျော်လေးကျော်)

ဇေယျမင်္ဂလာ၊ အောင်ဩဘာတည့် . . .။ သိက္ခာသုံးခန်း၊ မကိုင်ရှုလွှမ်းလျက်၊ ဂုဏ်ပန်းကိုးလွှာ၊ ပွင့်ချပ်ဖြာသား၊ ဇေယျာကိန်းဖန့်၊ ငါးသိန်းခန့်ရှင့်၊ သင်းပျံ့ဝေဆာ၊ ထောင့်သုံးရာနှင့်၊ ဂဇာဗျူဂ္ဂါ၊ နှစ်ကာလတွင်၊ ဇေ့ဌစန်းယှဉ်၊ သမိုင်းတင်ခဲ့၊ ရွှေကျင်- သုဓမ္မာ၊ ဂိုဏ်းနှစ်ဖြာနှင့်၊ မဟာဒွါရ- နိကာယပြင်၊ မူလဒွါဂိုဏ်း၊ အနောက်ချောင်းဂိုဏ်းတည့်၊ ဂိုဏ်းဝေဠုဝန်၊ သတိပဌာန်နှင့်၊ ဂဏံဝိမုတ်၊ ဓမ္မယုတ်ဟု၊ ခေါင်ချုပ်ကိုးဖြာ၊ ဖွဲ့စည်းလာသား၊ ဓမ္မာဓမ္မ၊ ဝိဝါဒနှင့်၊ အနုဝါဒ အဖြာဖြာ၊ မှုခင်းလွှာ၌၊ ဒေသနာဂမ၊ ဝိနိစ္ဆယနှင့်၊ ဝိနယဓမ္မာ-နုလောမာဟု၊ သာသနာကျင့်ထုံး၊ ဆင့်ဆင့် သုံးလျက်၊ လုပ်ထုံးညီစွာ၊ ညွှန်ကြားလွှာဖြင့်-

-သာသနာသန့်ရှင်းရေး၊ ဒို့အရေးတည့်၊

-သာသနာတည်ရေး၊ ဒို့အရေးတည့်၊

-သာသနာပြန့်ရေး၊ ဒို့အရေးတည့်၊

မျှော်တွေးရည်ခေါင်၊ ဂိုဏ်းညီဆောင်ခဲ့၊ ပြည်ဘောင်မြှင့်ပေး၊ သာသနာရေးနှင့်၊ ပညာရေးအလီလီ၊ ဆန္ဒညီ၍၊ ခိုင်ကြည်အားတက်၊ ဓမ္မစက်ဖြင့်၊ ဆောင်ရွက်သံဃာ၊ မော်ကွန်းသာခဲ့၊ မဟာနာယက၊ ဦးဆောင်ကြသည့်၊ ဥက္ကဋ္ဌ ဂုဏ်ဝေ၊ မြို့မ-ထေရ်နှင့်၊ မြတ်ထေရ်မြင်းခြံ၊ အောင်ဟိတ်ဖန်၍၊ အောင်သံဆင့်ပေး၊ ထေရ်မကွေးတည်း၊ ယှဉ်တွေး ရွက်ဆောင်၊ အကျိုးတော်ဆောင်ဟု၊ ဂုဏ်ရောင်တင့်ရွှန်း၊ ထေရ်မင်းကွန်းရှင့်၊ အားသွန်းဆင့်ခြေ၊ မင်းကျောင်းထေရ်နှင့်၊ မကွေးထေရ် ညောင်တုန်း၊ မြင့်ခေါင်ဘုန်းတို့၊ စည်းလုံးကျေပွန်၊ လေးဆယ့်ခွန်ဟု၊ တာဝန်ညီညာ၊ ထေရ်သံဃာတို့၊ ဇေယျာခြေပြု၊ ငွေရတုတွင်၊ အောင်ဆုတေဇာ၊ မြိုက်နန်းဖြာသည် -

-ထေရ်ဆရာ သံဃာ့ အောင်စည်ဘုရား။

-ဇေယျာ ဓမ္မ ဆောင်ရည်ဘုရား။

-ရွှေမြန်မာ စံပြ ခေါင်သည်ဘုရား။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ
အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
ဘဒ္ဒန္တကုမာရ ဆရာတော်ဘုရားကြီး၏
ဥယျောဇနကထာ

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီး
အရှည်ခံ၍ တည်တံ့ရန် အရှိန်အဝါ တိုးတက်ရန်
အထူးလိုအပ်ပေသည်။ အဖွဲ့အစည်းတစ်ခု၏
တည်တံ့မှု အရှိန်အဝါတိုးတက်မှုသည် အဖွဲ့ဝင် ပုဂ္ဂိုလ်များ၏
အရည်အချင်း အရှိန်အဝါအပေါ်မှာ တည်ပေသည်။
အဖွဲ့ဝင်ပုဂ္ဂိုလ်များ အရည်အချင်း အရှိန်အဝါရှိနေလျှင်
ထိုပုဂ္ဂိုလ်များ၏အဖွဲ့အစည်းလည်း အရှည်တည်တံ့၍
အရှိန်အဝါရှိနေမည်ပင် ဖြစ်ပေသည်။
အဖွဲ့ဝင်ပုဂ္ဂိုလ်များ အရည်အချင်း အရှိန်အဝါမရှိလျှင်
ထိုပုဂ္ဂိုလ်များ၏ အဖွဲ့အစည်းလည်း အရှည်မတည်တံ့ဘဲ
အရှိန်အဝါ ကျဆင်းသွားမည်မှာ
ဓမ္မတာသာဖြစ်ပေသည်။